မိထွေးတော် မဟာပဇာပတိဂေါတမီ ထေရီမသည် ရဟန်းမိန်းမ ဖြစ်ပြီးနောက် (အံ ၃၊ ၁၀၆-လာ) သံခိတ္တသုတ်ဒေသနာကို ကြားနာရသဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။ သာကီဝင်မင်းသမီး ရဟန်းမ ငါးရာတို့သည်ကား နောက်အခါ၌ (မ ၃၊ ၃၁၄-လာ) နန္ဒကောဝါဒသုတ္တန်ကို ကြားနာရသဖြင့် မိမိတို့ အလိုဆန္ဒအတိုင်း အချို့ သောတာပန်, အချို့ သကဒါဂါမ်, အချို့ အနာဂါမ်, အချို့ ရဟန္တာ ဖြစ်ကြလေကုန်၏။

(ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

နောက်တချိန်၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးနေတော်မူလျက် ဘိက္ခုနီမတို့ကို ရာထူး=ဌာနန္တရ၌ ထားတော်မူသည်ရှိသော် မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီထေရီကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ရတ္တညူနံ ယဒိဒံ မဟာပဇာပတိဂေါတမီ=ရဟန်းတို့...ညဉ့်အပိုင်းအခြားကို သိကြသည့် ငါဘုရား၏ တပည့်မ=သာဝိကာ ဘိက္ခုနီမတို့တွင် မဟာပဇာပတိ ဂေါတမီထေရီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

WWW.DHAMMARANSI.COM



ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ရတ္တညူ = ရှည်စွာသော ညဉ့်အပိုင်းအခြားကို သိသော အရာ = ဘိက္ခုနီမဝါကြီးသော အရာ" ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤ၌။ ။ထေရီမကြီး၏ အနွယ်အားဖြင့် မှည့်ခေါ်ရင်းအမည်မှာ "ဂေါတမီ" ဖြစ်လေသည်၊ ဂေါတမအနွယ်ရှိသော မင်းသမီးဟု ဆိုလိုသည်။ အမည်မှည့်သောနေ့ဝယ် ဗေဒင်ကျမ်းတတ် လက္ခဏာဖတ်ပုဏ္ဏားပညာရှိတို့သည် ထိုမင်းသမီး၏ လက္ခဏာနှင့် ပြည့်စုံပုံကို ကြည့်ရှုကြ၍ "ဤမင်းသမီးမှ သမီးတော်ဖွားမြင်လျှင်လည်း ထိုသမီးတော်သည် စကြဝတေးမင်း၏ မိဖုရားခေါင်ကြီး ဖြစ်လိမ့်မည်၊ သားတော်ဖွားမြင်လျှင်လည်း ထိုသားတော်သည် စကြဝတေးမင်း ဖြစ်လိမ့်မည်၊ ဤသို့လျှင် သမီးတော်ပင် ဖွားဖွား၊ သားတော်ပင် ဖွားဖွား=နှစ်ပါးစုံသော အခြင်းအရာအားဖြင့်ပင် ဤမင်းသမီး၏ သား၊ သမီးသည် အထက်တန်းကျ မြင့်မြတ်သူချည်း ဖြစ်ပေလိမ့်မည်" ဟု နိမိတ်ဖတ်ကြလေသည်။ ထိုအခါ မင်းသမီး၏ အနွတ္ထအမည်=အနက်သဘောသို့ အစဉ်လိုက်သောအမည်ကို "မဟာပဇာပတီ" ဟု မှည့်ကြလေသည်။ အထက်တန်းကျ မြင့်မြတ်သော သား၊ သမီးတို့၏ အရှင်မင်းသမီး-ဟု ဆိုလိုသည်။ ဂေါတ္တအမည်၊ အနွတ္ထအမည် နှစ်ရပ်ပေါင်းစပ်၍ ဤထေရီမကြီး၏ အမည်ကို "မဟာပဇာပတီ ဂေါတမီထေရီ" ဟု ကျမ်းဂန်တို့၌ ခေါ်ဆိုသုံးစွဲလေသည်။ ။မ ဋ္ဌ ၄၊ စာမျက်နှာ ၂၁၉-မှ)။

## ဂေါတမီထေရီ ပရိနိဗ္ဗာန် စံယူခြင်း

ထို့နောက် တနေ့သ၌ မိထွေးတော် မဟာပဇာပတီဂေါတမီထေရီမကြီးသည် မြတ်စွာဘုရားရှင် ဝေသာလီပြည် မဟာဝုန်တောရကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် မိမိကိုယ်တိုင်ကလည်း ဝေသာလီပြည်အတွင်း ဘိက္ခုနီမကျောင်းတိုက်၌ နေထိုင်စဉ် (ထိုအချိန်၌ မိထွေးတော်ဂေါတမီထေရီမကြီး၏ အသက်ကား နှစ်ပေါင်း-၁၂၀ ရှိလေပြီ။ ဘုရားလက်ထက်တော်က ဘိက္ခုနီမကျောင်းတိုက်ကို မြို့တွင်း ရွာတွင်း၌ တည်ဆောက်ရသည်) တနေ့သ၌ မိထွေးတော်ဂေါတမီထေရီမကြီးသည် နံနက်အခါ ဝေသာလီပြည်တွင်း၌ ဆွမ်းခံလှည့်လည်ကာ ဆွမ်းဘုဉ်းပေးပြီးနောက် မိမိ၏ နေ့သန့်နေကျဌာန၌ အချိန်ပိုင်းဖြင့် ဖလသမာပတ်ကို ဝင်စားပြီးလျှင် ထိုဖလသမာပတ်မှ ထ၍ မိမိအကျင့်စဉ်ကို ဆင်ခြင်

WWW.DHAMMARANSI.COM



အောက်မေ့ကာ လွန်စွာဝမ်းမြောက်လျက် မိမိ၏ အာယုသင်္ခါရနှင့် ဇီဝိတသန္တာန်အစဉ်ကို ဆင်ခြင်ကြည့်ရှုလတ်သော် ထိုအာယုသင်္ခါရတို့ ကုန်နေပြီကို သိ၍ "ငါသည် မဟာဝုန်တောရကျောင်း တိုက်သို့ သွားရောက်ကာ မြတ်စွာဘုရားရှင်ကို ပရိနိဗ္ဗာန်စံဖို့ရန် ခွင့်ပြု = သိစေပြီး, မနောဘာဝနီယ ဖြစ်တော်မူကြသည့် အဂ္ဂသာဝကနှစ်ပါး စသော မထေရ်မြတ်များ တည်းဟူသော သီတင်းသုံးဖော် အရိယာသံဃာတော်တို့ကို ပန်ကြားပြီးမှ ဤဘိက္ခုနီမကျောင်းသို့ တဖန်ပြန်လာ၍ ပရိနိဗ္ဗာန်စံရမူ ကောင်းလေစွ"ဟု ကြံစည်ဆင်ခြင်မိလေ၏။ မိထွေးတော်ဂေါတမီထေရီမကြီး၏ သန္တာန်မှာကဲ့သို့ ဤအတူပင် သာကီဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့၏ စိတ်သန္တာန်မှာလည်း အကြံအစည် ဖြစ်ရှိလာလေသည်။

(ဤ၌။ ။မိထွေးတော် ဂေါတမီထေရီမကြီး ပရိနိဗ္ဗာန်စံယူခဏ်း အကြောင်းအရာအကျယ် ကြည့်ညိုဖွယ်ကို (၁) မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူအပ်သည့် "ဆိဒ္ဓပိဋကနှိ ကျမ်း" ပဌမတွဲ မာတိကာ ခေါင်းစဉ်အမှတ် ၁၂-၌ရှုင်း၊ (၂) အပဒါန ပါဠိတော် ခု ၄၊ ၂၆၀ စာမျက်နှာမှစ၍ ပါဠိတော်နှင့်တကွ ပိဋကတ် မြန်မာပြန် မဟာပဇာပတိဂေါတမီထေရီအပဒါန်၌ရှုင်း ကြည့်ရှုရာ ကုန်၏။ ဤကျမ်း၌မူ အကျဉ်းဆုံးမျှ ဖော်ပြပေတော့အံ့)—

မိထွေးတော်ဂေါတမီထေရီမကြီး၏ စိတ်သန္တာန်၌ "ငါသည် သားတော်ဘုရား, အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါး, မြေးတော် ရာဟုလမထေရ်, တူတော်အာနန္ဒာမထေရ်,သားတော်နန္ဒမထေရ် တို့၏ ပရိနိဗ္ဗာန်ဝင်စံခြင်းကို ဖူးမြင်ခွင့်ရတော့မည် မဟုတ်၊ သားတော်ဘုရား, အဂ္ဂသာဝက မထေရ်မြတ်နှစ်ပါး, မဟာကဿပမထေရ်, တူတော် အာနန္ဒာမထေရ်, သားတော်နန္ဒ မထေရ်,မြေးတော် ရာဟုလမထေရ်တို့ ပရိနိဗ္ဗာန်စံတော်မမူကြမီ အာယုသင်္ခါရကိုလွှတ်၍ စောစောစီးစီး သားတော်ဘုရား ခွင့်ပြု ချက်ရယူပြီး ပရိနိဗ္ဗာန်စံယူတော့အံ့"ဟု အကြံဖြစ်သကဲ့သို့ ထိုအတူပင် သာကီဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့၏ စိတ်သန္တာန်မှာလည်း အကြံအစည် ဖြစ်လေသည်။

WWW.DHAMMARANSI.COM



ထိုအခါ မြေငလျင် ပြင်းစွာတုန်လှုပ်၏၊ ကောင်းကင်မှ အခါ မဟုတ် မိုးထစ်ချုန်း၏၊ ကျောင်းစောင့်နတ်တို့ ငိုကြွေးကြလေ၏။ ဘိက္ခုနီမငါးရာတို့ မိထွေးတော်ဂေါတမီထေရီမကြီးထံ သွား ရောက်၍ ထိုအကြောင်းကို ပြောကြားကြသည်တွင် မိထွေးတော် ထေရီမကြီးက မိမိအကြံအစည်ဖြစ်ရှိသည်ကို ပြန်ကြားပြောဆို လေ၏။ ဘိက္ခုနီမငါးရာတို့ကလည်း မိမိတို့လည်း ထိုနည်းပင် အကြံအစည်ဖြစ်ရှိသည်ကိုပြန်ကြားပြောဆိုကြပြီးနောက် ဘိက္ခုနီမ အားလုံးတို့ပင် ကျောင်းစောင့်နတ်တို့ကို အပြစ်ရှိခဲ့က သည်းခံ ကြရန် တောင်းပန်ပြီး ဘိက္ခုနီမကျောင်းတိုက်ကို နောက်ဆုံး ကြည့်ရှုကာ မိထွေးတော်ထေရီမကြီးက—

"န ဇရာ မစ္စု ဝါ ယတ္ထ၊ အပ္ပိယေဟိ သမာဂမော။
ပိယေဟိ န ဝိယောဂေါတ္ထိ၊ တံ ဝဇိဿံ အသင်္ခတံ။

= ငါသည် အိုခြင်းကင်းရာ, သေခြင်းကင်းရာ, မနှစ် သက်အပ်သည့် သတ္တဝါ, သင်္ခါရတို့နှင့်တွေ့ဆုံရခြင်းဆင်းရဲ ကင်းရာ, နှစ်သက်အပ်သည့် သတ္တဝါ, သင်္ခါရတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲကင်းရာ အသင်္ခတဓာတ် နိဗ္ဗာန် ရွှေပြည်မြတ်သို့ သွားရောက်တော့အံ့"—

ဟူသော ဤဂါထာကို ရွတ်ဆိုလိုက်လျှင် ကြားကြားသမျှ ရာဂ မကင်းကြသူ နတ်လူအားလုံးတို့ပင် သည်းစွာငိုကြွေးကြလေသည် (ဖွဲ့နွဲ့ငိုကြွေးပုံကို ပါဠိတော်၌ ကြည့်ရာ၏)။

မြို့လယ်လမ်းမကြီးအတိုင်း ဘိက္ခုနီမများ ထွက်လာကြသော အခါမှာလည်း သဒ္ဓါတရား အားကြီးကြသူ ဥပါသိကာတို့ အိမ်မှ ထွက်၍ ဂေါတမီထေရီမကြီး၏ ခြေရင်း၌ တုပ်ဝပ်ကြကာ ဖွဲ့နွဲ့ ငိုကြွေးကြလေသည် (ဖွဲ့ဖွဲ့နွဲ့နွဲ့ငိုကြွေးပုံကို ပါဠိတော်၌ကြည့်ရာ၏)။ မိထွေးတော်ထေရီမကြီးသည် ထိုဥပါသိကာတို့၏ သောကကို ပယ်ဖျောက်နိုင်ရန်လည်း တရားဟောတော်မူခဲ့ရသေး၏ (တရား ဟောပုံကို ပါဠိတော်မှ ထုတ်ယူရာကုန်၏၊ နောက်၌လည်း ဤ နည်းတည်း)။

WWW.DHAMMARANSI.COM



မိထွေးတော် ဂေါတမီထေရီမကြီးသည် ဝေသာလီပြည်သူ ဥပါသိကာတို့ကို ၉-ဂါထာခွဲတို့ဖြင့် တရားဟောပြ နှစ်သိမ့်စေပြီး နောက် မြတ်စွာဘုရားထံတော်သို့ ရောက်သောအခါ "အဟံ သုဂတ တေ မာတာ၊ တွံ စ ဝီရ ပိတာ မမ"—အစရှိသော ဂါထာ များစွာ (၁၆-ဂါထာ)တို့ဖြင့် ဖွဲ့ဆိုလျှောက်ထားကာ ပရိနိဗ္ဗာန် စံလိုကြောင်း ခွင့်တောင်း, ကန်တော့ပြီးနောက် မြတ်စွာဘုရားက ခွင့်ပြုဂါထာမိန့်ဆိုတော်မူပြီးလတ်သော် ၅-ဂါထာတို့ဖြင့် ဘုရား ရှင်ကို ချီးကျူးပြန်လေသည်။

ထို့နောက် ရဟန်းသံဃာ, အရှင်ရာဟုလာ, အရှင်အာနန္ဒာ, အရှင်နန္ဒတို့ကိုလည်း ရှိသေစွာရှိခိုး၍ "အာသီဝိသာလယသမေ"- စသော ၂-ဂါထာတို့ဖြင့် ခန္ဓာ၏ အပြစ်ကို ဖော်ပြကာ မိမိ ပရိနိဗ္ဗာန်ဝင်စံလိုကြောင်း ခွင့်တောင်းပြန်လေသည်။ အရှင်နန္ဒ မထေရ်, အရှင်ရာဟုလ မထေရ်တို့မှာ ရဟန္တာ ဖြစ်ကြ၍ ဓမ္မ သံဝေဂဖြစ်ရှိကြသော်လည်း အရှင်အာနန္ဒာသည်ကား သေက္ခ အရိယာဖြစ်၍ "ဟာ သန္တိံ ဂေါတမီ ယာတိ"-စသော ဂါထာကို ရွတ်ဆိုကာ သည်းစွာ ငိုကြွေးလေသည်။ ထေရီမကြီးသည် တူတော် အရှင်အာနန္ဒာမထေရ်ကိုလည်း မျက်ရည်သိမ်းတရား များ ဟောကြားပြီးမှ မြတ်စွာဘုရားရှင်က—

"ထီနံ ဓမ္မာဘိသမယေ၊ ယေ ဗာလာ ဝိမတိံ ဂတာ။
တေသံ ဒိဋ္ဌိပ္ပဟာနတ္ထံ၊ ဣဒ္ဓိံ ဒဿေဟိ ဂေါတမိ။

= ဂေါတမီခေါ် မိထွေးတော်...မာတုဂါမ မင်းမိန်းမ တို့ ၌ပါဘုရားသာသနာဝယ် သစ္စာလေးပါး တရား သိမြင် ကျွတ်တမ်းဝင်ခြင်းနှင့် သိုလောသိုလော တွေးတော ယုံမှားကြသည့် ဉာဏ်ပညာနည်းပါးသော သူတို့၏ အယူ မှားကို ပယ်ရှားဖို့ရန် တန်ခိုးဣဒ္ဓိကို ပြဦးလော့"—

ဟု တိုက်တွန်းတော်မူသဖြင့် အသက်-၁၂၀ ရှိပြီဖြစ်သော ထေရီမ ကြီးသည် ဣဒ္ဓိဝိဓအဘိညာဏ်ခဏ်းနှင့် လာရှိသည့် တပါးတည်းက အများဖြစ်ခြင်း, အများကြီးမှ တပါးတည်းဖြစ်ခြင်း, ပေါ်ခြင်း, ပျောက်ကွယ်ခြင်း, နံရံတဖက် တောင်တဖက်သို့ မငြိ မကပ်

WWW.DHAMMARANSI.COM



သွားခြင်း-စသော တန်ခိုးတို့ကို ပြသသည့်ပြင် မြင်းမိုရ်တောင်ကို ထီးရိုး, မဟာပထဝီမြေကြီးကို ထီးရွက်ပြု၍ အထက်အောက် ပြန်လှန်ကာ ကောင်းကင်၌ ထီးသဖွယ်ဆောင်း၍ စင်္ကြံလျှောက်ကာ ပြသလေသည်။ နေ ၆-စင်းထွက်သောအခါကဲ့သို့ သြကာသလောကတခုလုံး အခိုးတွေဖုံးနေပုံကိုလည်း ဖန်ဆင်းပြသလေသည်။ ဤသို့စသည် များစွာသော တန်ခိုးဣဒ္ဓိတို့ကို ပြပြီးနောက် ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရားကို ရှိခိုးပြီးကာ လျှောက်ပတ်ရာ၌ ထိုင်နေလျက် "သားတော်ဘုရား....တပည့်တော်မ=မိထွေးတော်ကြီးသည် အသက်နှစ်ပေါင်း ၁၂၀-ရှိပါပြီ၊ အိုမင်းလှပါပြီ။ ဤမျှဖြင့် သင့်တော်လောက်ပါပြီ။ သားတော်ဘုရား....ပရိနိဗ္ဗာန် ဝင်စံပါရစေတော့"ဟု လျှောက်ထားလေ၏။

ထိုအခါ စည်းဝေးရောက်ရှိနေသော ပရိသတ်က အလွန်အံ့သြ၍ "ဂေါတမီထေရီ အရှင်မကြီးဘုရား....ဘယ်ပုံကောင်းမှု အမိကာရကုသိုလ်ကိုပြုခဲ့၍ ဤမျှလောက်တုမရသည့် တန်ခိုးလုံ့လနှင့် ပြည့်စုံရပါသနည်း"ဟု မေးလျှောက်ပြန်သဖြင့် ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်က စခဲ့သည့် မိမိ၏ ကျင့်စဉ်=အပဒါန်ကို ယခုနောက်ဆုံး ပစ္ဆိမဘဝတိုင်အောင် ဂါထာများစွာတို့ဖြင့် အကျယ်ဟောပြရပြန်လေသည်။

ထို့နောက် ဘိက္ခုနီမ ငါးရာတို့သည်လည်း ကောင်းကင်သို့ ပျံတက်ကြကာ ကြယ်တာရာတို့ကို စုရုံးသိကုံး၍ ထားသကဲ့သို့ အလွန်တင့်တယ်လှစွာ တန်ခိုးဣဒ္ဓိအမျိုးမျိုးတို့ကို ပြကြ၍ ကောင်းကင်မှ ဆင်းသက်ကြကာ မြတ်စွာဘုရားရှင်ခွင့်ပြုချက်အရ ဘုရားကို ရှိခိုးကြပြီးလျှင် သင့်လျှောက်ပတ်ရာအရပ်၌ ထိုင်နေကြပြီးလျှင် မိထွေးတော် ဂေါတမီထေရီမကြီး၏ ကျေးဇူး မိမိတို့ အပေါ်၌ အလွန်များလှကြောင်း ဖွဲ့ဆိုလျှောက်ထားကြ၍ မြတ်စွာဘုရားကို မိမိတို့ ပရိနိဗ္ဗာန်စံဝင်ရန် ခွင့်တောင်း လျှောက်ထားကြလေသည်။

မြတ်စွာဘုရားက "ယဿ ဒါနိ ကာလံ ဝေါ မညထ=ဘိက္ခုနီမ-တို့....သင်တို့၏ ပရိနိဗ္ဗာန်စံရာအချိန်ကို သင်တို့ပင် သိကုန်၏"ဟု မိန့်တော်မူလေလျှင် ထိုဘိက္ခုနီမအားလုံးတို့သည် မြတ်စွာဘုရား

WWW.DHAMMARANSI.COM



ကို ရှိခိုး၍ နေရာမှထကာ ပြန်လာကြလေကုန်၏။ မြတ်စွာဘုရားသည် ပရိသတ်များစွာဖြင့် မိထွေးတော်ကြီးကို တောရကျောင်းတိုက်တံခါးမုခ်အရောက် လိုက်၍ပို့တော်မူလေသည်။ တံခါးမုခ်သို့ ရောက်သောအခါ မိထွေးတော်ကြီးသည် မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်း၍ ဘိက္ခုနီမငါးရာတို့နှင့် အတူတကွ နောက်ဆုံးရှိခိုးခြင်းဖြင့် ရှိခိုးပြီးလျှင် ဝေသာလီပြည်အတွင်း ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်၍ ဘိက္ခုနီမအားလုံးပင် မိမိတို့၏ ကျောင်းအသီးအသီး၌ တင်ပလ္လင် ထက်ဝက်ဖွဲ့ခွေ ထိုင်နေကြလေသည်။ (တင်ပလ္လင်ထက်ဝက်ဖွဲ့ခွေဟူသည်မှာ—ဝဲဖက်ခြေကို တင်ပလ္လင်ခွေသည့်အတိုင်းထား၍ ယာဖက်ခြေကို ပုဆစ်တုပ်သည့် အတိုင်း ထားကာ ထိုင်နေခြင်းတည်း၊ ထိုင်၍စမ်းလေ)။

ထိုအခါ သာသနာတော်ကို ကြည်ညိုကြသည့် ဥပါသိကာမတို့သည် ပရိနိဗ္ဗာန် စံကြတော့မည်ကို သိကြ၍ ရှိခိုးပူဇော်ရန် ဆည်းကပ် ရင်ဘတ်ကိုတီးခတ်ကြလျက် အမြစ်ပြတ်သော နွယ်သစ်ပင်ကဲ့သို့ မြေတွင် ဗုန်းဗုန်းပစ်လဲ့ကာ ငိုကြွေးကြကုန်၏။ မိထွေးတော်ထေရီမကြီးသည် အကြီးဆုံးပဓာနဖြစ်သည့် ဥပါသိကာမ၏ ဦးခေါင်းကို ယုယကိုင်သပ်လျက်—

“အလံ ပုတ္တာ ဝိသာဒေန၊ မာရပါသာနုဝတ္တိနာ။
အနိစ္စံ သင်္ခတံ သဗ္ဗံ၊ ဝိယောဂန္တံ စလာစလံ။

သမီးတို့....မာရ်မင်းကျော့ကွင်းသို့ လိုက်ပါခြင်းဖြစ်သည့် ငိုယိုမြည်တမ်း ပင်ပန်းခြင်းဖြင့် အကျိုးမရှိ၊ အကြောင်းမြှမှ ဖြစ်ခွင့်ရသည့် သင်္ခါရဥဿုံ အလုံးစုံသည် အမြဲမရှိ၊ ကွေကွင်းရခြင်းအဆုံးရှိ၏၊ တလှုပ်လှုပ်တုန်လှုပ် ဖောက်ပြန်တတ်၏”—

ဟု ဟောပြောဆုံးမ၍ အိမ်သို့ပြန်ကြရန် စေလွှတ်ပြီးလျှင် ရူပါဝစရ ပဌမဈာန်မှ နေဝသညာနာသညာယတနဈာန် တိုင်အောင် (တဖန်) ထို နေဝသညာနာသညာယတနဈာန်မှ ပဌမဈာန် တိုင်အောင် လောကီဈာန်သမာပတ် ရှစ်ရပ်တို့ကို အနုလုံ, ပဋိလုံ=အစုံ, အဆန် ဝင်စား၍ (တဖန်) ပဌမဈာန်မှသည်

WWW.DHAMMARANSI.COM



စတုတ္ထဈာန်တိုင်အောင် ဝင်စားပြန်၍ စတုတ္ထဈာန်မှ ထပြီးသော် ဆီနှင့်ဆီမီးစာ ကုန်၍ ဆီမီးတောက်မီးငြိမ်းသကဲ့သို့ အနုပါဒိ-သေသ နိဗ္ဗာနဓာတ်ကိုယူသိမ်း အငြိမ်းကြီး ငြိမ်းလေ၏။ ကြွင်းသော အနွယ်သာကီ ဘိက္ခုနီမငါးရာတို့သည်လည်း ထိုအတူ နိဗ္ဗာန်ယူသိမ်း ငြိမ်းကြလေကုန်၏။

ထိုအခါ ပြင်းစွာမြေလှုပ်ခြင်း, ကောင်းကင်မှ ဥက္ကာကျခြင်း, နတ်မိုးနတ်စည် ချုန်းမြည်ခြင်း, နတ်တို့ငိုယိုမြည်တမ်းခြင်း, ပန်းမိုးရွာခြင်း, ပွဲသဘင်အလယ် ကချေသည်ကဲ့သို့ မြင်းမိုရ်မဏ္ဍိုင် ယိမ်းယိုင်တုန်လှုပ်ခြင်း, စိုးရိမ်သည့်ပမာ သမုဒ္ဒရာအော်မြည်ခြင်း, နဂါး အသုရာ နတ် ဗြဟ္မာတို့ ထိတ်လန့်သံဝေဂ ရရှိကြ၍ "အနိစ္စာ ဝတ သင်္ခါရာ၊ ယထာယံ ဝိလယံ ဂတာ" ဟု သံဝေဂစကား မြွက်ဆိုခြင်း စသည့် အထူးထူး အလည်လည် အံ့ဩဖွယ်တို့သည် ဖြစ်ကုန်၏။

ထိုအခါ နတ်, ဗြဟ္မာ တို့သည် မိထွေးတော်ဂေါတမီ ထေရီမကြီးနှင့်တကွ သာကီဝင်မင်းသမီး ဘိက္ခုနီမငါးရာတို့ ပရိနိဗ္ဗာန် စံကြပြီဖြစ်ကြောင်း မြတ်စွာဘုရားရှင်သို့ ဆည်းကပ်၍ လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် "ရဟန်းတို့အား အကြောင်း ပြောကြားချေ" ဟု အရှင်အာနန္ဒာကို စေလွှတ်၍ ရဟန်းသံဃာ အများနှင့်တကွ ဘုရားရှင်ကိုယ်တော်တိုင် ကြွတော်မူပြီးလျှင် (၁) ရှေ့ဆုံးမှ လူ, နတ်, နဂါး, အသုရာ, ဗြဟ္မာများ၊ (၂) ထို့နောက်မှ ဝိသုကြုံနတ်ဆင်းအပ်သည့် ရွှေသား အလောင်းစင် ပြာသာဒ် ငါးရာထက်သို့ ညောင်စောင်းနှင့်တကွ တင်စေ၍ ဘိက္ခုနီမငါးရာတို့၏ အလောင်းစင်ပြာသာဒ်တို့ကို နတ်တို့က ထမ်းလျက်ငှင်း၊ (၃) ထို့နောက်မှ မိထွေးတော်ဂေါတမီထေရီ၏ အလောင်းစင်ပြာသာဒ်ကို လောကပါလနတ်မင်းကြီး လေးယောက်တို့က ထမ်းလျက်ငှင်း၊ (၄) ထို့နောက်မှ သံဃာတော်များနှင့် မြတ်စွာဘုရားရှင် လိုက်ပါတော်မူလျက်ငှင်း ဤဖော်ပြရာပါ အစီအစဉ်အတိုင်း လမ်းတလျှောက် ကောင်းကင်အပြည့် မိတာန်မျက်နှာကြက်မိုးကာ, ကြက်လျှာ အလံ = တံခွန်ထူစိုက်,

WWW.DHAMMARANSI.COM



မြေဦးပန်းမွေ့ရာကြမြွောက်, အောက်သို့ တွဲလျားကျသည့် ကောင်းကင်ပဒုမာ, အမျိုးမျိုးသောပန်းနံ့သာ, သာယာချိုအေးသော တူရိယာ, သီချင်း, ကခြင်းအမျိုးမျိုးတို့ဖြင့်ပူဇော်ချီးမြှောက်ကြ၍ သုသာန်သင်းချိုင်း မြေလုပ်တိုင်းသို့ အရောက် ပို့ဆောင်ကြလေကုန်၏။

ထိုသို့ ပို့ဆောင်သောအခါ လ, နေတို့ကို လူအများမြင်နေကြရ၏။ ကြယ်နက္ခတ်တို့လည်း တောက်ပလျက်ရှိကုန်၏။နေသည် မွန်းတည့်ချိန်ဖြစ်သော်လည်း လ-ကဲ့သို့ အေးမြ၍ နေ၏။ မိထွေးတော်၏ နိဗ္ဗာန်စံမြန်း သင်္ဂြိုဟ်ခဏ်းလောက် မြတ်စွာဘုရား၏ နိဗ္ဗာန်စံမြန်း သင်္ဂြိုဟ်ခဏ်းမှာ အံ့ဖွယ်သရဲ မများလှချေ။ မြတ်စွာဘုရား နိဗ္ဗာန်လားတော်မူရာ၌ ကိုယ်တော်တိုင်လည်းမကြွပ်မတ် မစီရင်၊ အရှင်သာရိပုတ္တရာ-စသည်တို့လည်း မကြွပ်မတ် မစီရင်ကြကုန်။ မိထွေးတော်ဂေါတမီ နိဗ္ဗာန်လားရာ၌ကား မြတ်စွာဘုရားရော အရှင်သာရိပုတ္တရာ-စသည်တို့ပါ ကြွပ်မတ်စီရင်ကြကုန်၏။

သုသာန်သင်းချိုင်းသို့ ရောက်သောအခါ နံ့သာထင်းပုံထက်သို့ တင်၍ မီးသင်္ဂြိုဟ်ပြီးလျှင် အရှင်အာနန္ဒာသည် ဂေါတမီထေရီ၏ ဓာတ်တော်တို့ကို ယူကိုင်လျက်—

ဂေါတမီ နိဓနံ ယာတာ၊ ဍယှဋ္ဌဿာ သရီရကံ။
သင်္ကေတံ ဗုဒ္ဓနိဗ္ဗာနံ၊ န စိရေန ဘဝိဿတိ။

ဂေါတမီ = ဂေါတမီခေါ် မိထွေးတော်သည်။ နိဓနံ = ပျက်ဆုံးကွယ်စဉ် နိဗ္ဗာန်ဝင်ခြင်းသို့။ ယာတာ = ရောက်ရှာလေပြီ။ အဿာ = ထိုမိထွေးတော် ဂေါတမီ၏။ သရီရကဋ္ဌ = ဥတုဇခေါ် ဆို ရုပ်ကိုယ်အစုကိုလည်း။ ဍယှံ = မီးဖြင့်လောင်အပ် ကျွမ်းပြတ်ခဲ့လေပြီ။ သင်္ကေတံ = ယုံမှားမကင်း တွေးတောခြင်းဖြင့် မှတ်အပ်သော။ ဗုဒ္ဓနိဗ္ဗာနံ = ငါတို့ဆရာ မြတ်စွာဘုရား နိဗ္ဗာန်လားခြင်းသည်။ န စိရေန = မကြာမြင့်မီ။ ဘဝိဿတိ = ကေန်စင်စစ် ဖြစ်လိမ့်တကား—

WWW.DHAMMARANSI.COM



ဟု သံဝေဂစကား ညည်းတွားပြောဆိုပြီးလျှင် မိထွေးတော်၏ သပိတ်၌ အရိုးဓာတ်တို့ကိုထည့်ကာ မြတ်စွာဘုရားအား ဆက်ကပ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် မိထွေးတော်၏ အရိုးဓာတ်တို့ကို လက်တော်ဖြင့် ကိုင်ယူပြသတော်မူကာ စည်းဝေးရောက်ရှိလာသော လူ နတ် ဗြဟ္မာ ပရိသတ်အား—

မဟတော သာရဝန္တဿ၊ ယထာ ရုက္ခဿ တိဋ္ဌတော။
ယော သော မဟတ္တရော ခန္ဓော၊ ပလုဇ္ဇေယျ အနိစ္စတာ။
တထာ ဘိက္ခုနိသံဃဿ၊ ဂေါတမီ ပရိနိဗ္ဗုတာ။

သာရဝန္တဿ = အနှစ်သာရ ပြည့်ဝသော။ တိဋ္ဌတော = မြဲမြံနိုင်ခံ့ တည်တံ့သော။ မဟတော ရုက္ခဿ = သစ်ပင်ကြီး၏။ ယော ခန္ဓော = အကြင် ပင်စည်သည်။ မဟတ္တရော = အလွန်မြင့်မွှားစွာ စည်ကားကြီးကျယ်၏။ သော ခန္ဓော = ထိုကြီးကျယ်စည်ကား မြင့်မွှားသော ပင်စည်သည်။ အနိစ္စတာ— အနိစ္စတာယ = ပင်ကိုယ်သူ့သဘော မမြဲလေသောကြောင့်။ ပလုဇ္ဇေယျ ယထာ = ယိမ်းယိုင်တိမ်းပါး ပျက်ပြား လဲပြိုသကဲ့သို့။ တထာ = ထို့အတူ။ ဘိက္ခုနိသံဃဿ = သစ်ပင်ကြီးပမာ ဘိက္ခုနီသံဃာ၏။ ခန္ဓသဒိသာ = ပင်စည်နှင့်မူ အလားတူသော။ ဂေါတမီ = ဂေါတမီခေါ် မိထွေးတော်သည်။ ပရိနိဗ္ဗုတာ = နိဗ္ဗာန်ယူသိမ်း ငြိမ်းလေပြီတကား—

ဤသို့ အစရှိသော ၁၀-ဂါထာတို့ဖြင့် တရားဟောပြဆုံးမတော်မူလေ၏။ (ထိုဂါထာများ ပါဠိ, အနက်ကို ဆိဒ္ဓပိဓာနနိကျမ်း၌ ကြည့်ညိုဖွယ်ရာ ဖတ်ရှုကုန်ရာ၏)။

ဤကား မဟာပဇာပတိဂေါတမီထေရီ အကြောင်းတည်း။

---

## (၂) ခေမာထေရီအကြောင်း

(ဤ ခေမာထေရီမ၏ အကြောင်းအရာကို အင်္ဂုတ္တရအဋ္ဌကထာ, ထေရီဂါထာ အဋ္ဌကထာနှင့် ဓမ္မပဒ အဋ္ဌကထာတို့၌ အကျဉ်းမျှ ဖွင့်ပြအပ်၏၊ အပဒါန်ပါဠိတော်၌ကား ခေမာထေရီကိုယ်တိုင်ပင် အကျယ်

WWW.DHAMMARANSI.COM



ဟောပြအပ်၏၊ ထို့ကြောင့် ဤ ခေမာထေရီအကြောင်းကို အဋ္ဌကထာ သုံးကျမ်းတို့နှင့်လည်း ညှိနှိုင်း၍ အပဒါနပါဠိတော်ကို အဦးတည်ကာ ရေးသားပြဆိုပေအံ့)—

## (က) ထေရီမ၏ ရှေးဆုတောင်း

ဤ ခေမာထေရီအလောင်း အမျိုးကောင်းသမီးသည် လွန်ခဲ့သော ကမ္ဘာတသိန်းထက်က ပဒုမုတ္တရမြတ်စွာ လက်ထက်တော် အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ သူဌေးသမီး ဖြစ်လတ်၍ တနေ့သ၌ မြတ်စွာဘုရား ဟောကြားသည့်တရားကို ကြားနာရ၍ သဒ္ဓါတရားဖြစ်ရှိကာ သရဏဂုံတည်သူ ဥပါသိကာ ဖြစ်လာလေသည်။

ထို့နောက် မိ, ဖတို့ထံ ခွင့်ပန်၍ ဘုရားအမှူးရှိသော သံဃာကို ခုနစ်ရက်ပတ်လုံး ဆွမ်းပြုစုလုပ်ကျွေး ဆက်ကပ်၍ ခုနစ်ရက် လွန်မြောက်သောအခါ ပဒုမုတ္တရ မြတ်စွာဘုရားရှင်က သုဇာတာ ထေရီမကို ပညာတေဒဂ်ရာထူး=ဌာနန္တရ၌ ထားတော်မူသည်ကို ကြားသိ, တွေ့မြင်, ဝမ်းမြောက်, အားကျကာ တဖန် အဓိကာရ ကောင်းမှု ကုသိုလ်ကို ပြု၍ ထိုပညာတေဒဂ်ရာထူး = ဌာနန္တရကို ဆုတောင်းလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားကလည်း ကမ္ဘာ တသိန်းလွန်သောအခါ ဤ မြတ်စွာဘုရား သာသနာ၌ ပညာ ဧတဒဂ်ရ ခေမာထေရီ ဖြစ်မည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

### ဘဝများစွာ နတ်မိဖုရား လူမိဖုရား ဖြစ်ခြင်း

ထိုသူဌေးသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှ စုတေလတ်သော် တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ကြီး ၅-ထပ်တို့၌ အစဉ်အတိုင်း နတ်မိဖုရားကြီးချည်း ဖြစ်ရသည့်ပြင် နတ်ပြည်မှ စုတေ၍ လူ့ပြည်၌ တဖန်ဖြစ်ပြန်သောအခါလည်း စကြဝတေးမင်း, ဧကရာဇ်မင်းတို့၏ မိဖုရားကြီးချည်း ဖြစ်ရလေသည်။ ဤသို့လျှင် နတ်ပြည်,လူ့ပြည်တို့၌ ဖြစ်လေတိုင်းသော ဘဝမှာပင် နတ်မိဖုရား

WWW.DHAMMARANSI.COM



ကြီး, လူမိဖုရားကြီး ဖြစ်ကာ ကမ္ဘာပေါင်းများစွာ နတ်စည်းစိမ်, လူ့စည်းစိမ်ကို အလှည့်အလည်ခံစားသုံးဆောင်၍ ကျင်လည်ခဲ့ရလေသည်။

### ဖြုဟ္မစာရိနီ ဘိက္ခုနီဘဝ

ယင်းသို့ ကမ္ဘာပေါင်းများစွာ နတ်စည်းစိမ်, လူ့စည်းစိမ်ကို အလှည့်အလည် ခံစားသုံးဆောင်၍ ကျင်လည်ခဲ့လေရာ ဤကမ္ဘာမှ လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာဝယ် ဝိပဿီမြတ်စွာဘုရား ပွင့်ထွန်းတော်မူသောအခါ အမျိုးကောင်းသမီး ဖြစ်လတ်၍ မြတ်စွာဘုရားထံ ဆည်းကပ်၍ တရားကို နာလတ်သည်ရှိသော် သဒ္ဓါတရား ကြီးမားစွာဖြစ်ရှိကာ ဘိက္ခုနီမ-ပြုလုပ်၍ နှစ်ပေါင်းတသောင်းကြာ မြတ်သောအကျင့်ကို ကျင့်သုံးသဖြင့် ကမ္မဋ္ဌာန်းအလုပ် အားထုတ်သူ, ဗဟုသုတပြည့်ဝသူ, ပဋိစ္စသမုပ္ပါဒ်တရားနှင့် ကျွမ်းကျင်လိမ္မာသူ, သစ္စာလေးပါးတို့၌ ရဲရင့်သူ, သိမ်မွေ့စွာသော တရား အဟောကောင်း = ဓမ္မကထိကာဘိက္ခုနီမ-ဖြစ်၍ သုံးပါးသိက္ခာ သာသနာကို လိုက်နာကျင့်သုံးခဲ့လေသည်။

ထိုဘဝမှ စုတေလတ်သော် တုသိတာနတ်ပြည်သို့ တက်ရ၍ ဖြစ်လေရာရာဘဝတို့၌ ဝိပဿီမြတ်စွာ သာသနာဝယ် ကောင်းစွာ အားထုတ်ခဲ့ခြင်း ကောင်းမှုရင်းကြောင့် သူ့ထက်ကဲသာ ပညာ, သီလ, ဘောဂ, ဥစ္စာ လိမ္မာသောအခြေအရံပရိသတ် ရှိသူဖြစ်ကာ နှစ်သက်ဖွယ်ရာ များစွာသော လူနတ်စည်းစိမ်တို့ကို အလွယ်တကူ ရယူသုံးဆောင်ခံစားရသည့်ပြင် ထိုပဋိပတ်ကောင်းမှုအစွမ်းကြောင့်ပင် ဖြစ်တိုင်းသော လူ့ဘဝ, နတ်ဘဝတို့၌ အရှင်သခင်စိုးပိုင်သူများက အလေးထားမြတ်နိုးရသူ နတ်မိဖုရား, လူမိဖုရား ဖြစ်ရလေသည်။

### ကျောင်းတိုက်ဒါယိကာမ ဘဝ

ထိုအမျိုးသမီးသည် ဤဘဒ္ဒကမ္ဘာ ကောဏာဂုံမြတ်စွာဘုရား လက်ထက်တော်အခါ ဗာရာဏသီပြည်ဝယ် ကြွယ်ဝသောအမျိုးသမီးဖြစ်၍ (အမည်နာမ-မပါ၊ ခေမာဟူ၍သာ လွယ်လွယ်မှတ်

WWW.DHAMMARANSI.COM



ထားရာ၏။) ခနဉ္စာနီအမျိုးသမီး, သုမေဓာအမျိုးသမီးတို့နှင့်အတူ တကွ ဒါနပြုဖော် သူငယ်ချင်းမ-တို့ ဖြစ်ကြကာ သုံးယောက်သား ဒါယိကာခံ၍ သံဃာ့အရာမ် ကျောင်းတိုက်ကြီးနှင့်တကွ သံဃိက ကျောင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့ကြလေသည်။ ထိုဘဝမှ စုတေကြသော် သုံးယောက်သားလုံးပင် တာဝတိံသာ နတ်ပြည်နှင့် လူ့ပြည်တို့၌ နတ်စည်းစိမ်, လူ့စည်းစိမ်တို့ကို အထက်တန်းကျကျ သုံးဆောင်ခံစားကြရလေသည်။

**ကိကီမင်းကြီး၏ သမီးတော်ကြီးဘဝ**

ဤဘဒ္ဒကမ္ဘာမှာပင် ကဿပမြတ်စွာ ပွင့်ထွန်းတော်မူသော အခါဝယ် ကာသိတိုင်းရှင် ဗာရာဏသီပြည် ကိကီမင်းကြီးသည် မြတ်စွာဘုရား၏ အလုပ်အကျွေး ဒါယကာအရင်း ဖြစ်လေသည်။ ထိုကိကီမင်းကြီးမှာ—

ခေမာ, ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရာ စ ကုဏ္ဍလာ။
ကိသာဂေါတမီ, ဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိ သတ္တမီ—

ဟူသော ဂါထာအတိုင်း ဤအကျွန်ုပ်တို့မြတ်စွာဘုရားသာသနာ၌ အစဉ်အတိုင်း (၁) ခေမာထေရီ၊ (၂) ဥပ္ပလဝဏ္ဏာထေရီ၊ (၃) ပဋာစာရာထေရီ၊ (၄) ကုဏ္ဍလကေသီထေရီ၊ (၅) ကိသာဂေါတမီထေရီ၊ (၆) ဓမ္မဒိန္နာထေရီ၊ (၇) ဝိသာခါကျောင်းအမကြီး တို့ဖြစ်ကြမည့်—

သမဏီ, သမဏဂုတ္တာ စ၊ ဘိက္ခုနီ, ဘိက္ခုဒါယိကာ။
ဓမ္မာ စေဝ, သုဓမ္မာ စ၊ သတ္တမီ သံဃဒါယိကာ—

ဟူသော ဂါထာအတိုင်း (၁) သမဏီမင်းသမီး၊ (၂) သမဏဂုတ္တာမင်းသမီး၊ (၃) ဘိက္ခုနီမင်းသမီး၊ (၄) ဘိက္ခုဒါယိကာမင်းသမီး၊ (၅) ဓမ္မာမင်းသမီး၊ (၆) သုဓမ္မာမင်းသမီး၊ (၇) သံဃဒါယိကာမင်းသမီး ဟူ၍ သမီးတော်ခုနစ်ယောက်တို့ ရှိကြလေသည်။

ထို သမီးတော် ခုနစ်ယောက်တို့အနက် ဤ ခေမာ ထေရီ အလောင်း အမျိုးကောင်းသမီးသည် အကြီးဆုံး သမဏီမင်းသမီး

WWW.DHAMMARANSI.COM



ဖြစ်လာလေသည်။ ထိုသမဏီမင်းသမီးသည် ကဿပမြတ်စွာဘုရား၏ တရားတော်ကိုနာရ၍ ရဟန်းမ=ဘိက္ခုနီမ-ပြုရန် အလွန်ပင် စိတ်သန်လျက် ခမည်းတော်မင်းကြီးထံ ခွင့်ပန်ပါသော်လည်း ရဟန်းမ=ဘိက္ခုနီမ-ပြုလုပ်ရန် အခွင့်မရခဲ့ချေ။ ထိုအခါ သမီးတော် ခုနစ်ယောက်လုံးတို့ပင် အနှစ်နှစ်သောင်းကြာ ခင်ပွန်းမရှာ ကောမာရိဗြဟ္မစရိယ = သတို့သမီး (အပျို) ဘဝဖြင့်ပင် တသက်လုံး ဥပုသ်သီတင်း ကျင့်သုံးခြင်းကို ကျင့်ကြ၍ ကဿပမြတ်စွာဘုရားကို အသက်ထက်ဆုံး ပဉ္စည်းလေးပါးတို့ဖြင့် ပြုစုလုပ်ကျွေးဆည်းကပ်ကြလေသည်။

အခါတပါး၌ ကဿပမြတ်စွာဘုရားသည် အလွန်အံ့ဩဖွယ်ကောင်းသော မဟာနိဒါနသုတ္တန်တရားကို ဟောကြားတော်မူလေသည်။ (မဟာနိဒါနသုတ်မှာ ဒီဃနိကာယ်ခေါ် သုတ်သုံးကျမ်း အဝင်အပါ နှစ်ခုမြောက် မဟာဝဂ္ဂပါဠိ၌ နှစ်ခုမြောက် သုတ္တန် ဖြစ်သည်၊ ထိုသုတ်ကို ကြည့်ရှုကုန်ရာ၏)။ သမဏီ မင်းသမီးသည် ထိုမဟာနိဒါနသုတ္တန်ကို နာရ၍ သဒ္ဒါတရားကြီးမားစွာဖြစ်ရှိကာ လေ့လာသင်ကြား နှုတ်ရဆောင် ရွတ်အံသရဇ္ဈာယ်ခဲ့လေသည်။

ထိုကောင်းမှု ကုသိုလ်ကံများကြောင့် သမဏီမင်းသမီးဘဝမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်၌ နတ်မိဖုရားကြီး ဖြစ်လေ၏။

## (၈) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ထိုအမျိုးကောင်း သမီးသည် နောက်ဆုံးပဋိမ ဤဘဝဝယ် သာဂလမြို့၌ မဒ္ဒရာဇ်မင်း၏ သမီးတော်ဖြစ်၍ ပြည့်သူခပ်သိမ်းကို ချမ်းမြေ့ တေးကင်းစေလျက် မွေးဖွားလာသူ ဖြစ်သောကြောင့် "ခေမာ" မင်းသမီးဟု အမည်တွင်လေသည်။ ခေမာ မင်းသမီး အရွယ်သို့ ရောက်သောအခါ ဗိမ္ဗိသာရမင်းကြီး၏ အလွန်ချစ်မြတ်နိုးအပ်သည့် မိဖုရားကြီး ဖြစ်လာ၍ ကိုယ်အဆင်း၌ အလွန်မာန်ယစ်သူ ဖြစ်လေသည်။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသောအခါ ခေမာမိဖုရားသည် "မြတ်စွာဘုရားကား ရုပ်၌ အပြစ်ကိုပြ၍ တရားဟောတော်မူသတဲ့"ဟု အဆင့်စကားကြားသိရ၍ အဆင်းမာနယစ်သူဖြစ်ရကား "ငါ့သွားလျှင်လည်း မြတ်စွာဘုရားသည် အဆင်းရုပ်၌ အပြစ်ကိုပင် ပြတော်မူလေရာ၏"ဟု ကြံစည်မိကာ ကြောက်သဖြင့် မြတ်စွာဘုရားရှင့် အထံတော်သို့ အဖူးအမြော် မသွားရောက်ပဲ နေလေ၏။

## ဗိမ္ဗိသာရမင်းကြီး၏ ဥပါယကောသလ္လဉာဏ်

ဗိမ္ဗိသာရမင်းတရားကြီးသည် "ငါကား မြတ်စွာဘုရား၏ အမြတ်ဆုံး အလုပ်အကျွေး ဒါယကာ ဖြစ်လေသည်၊ ငါ့သို့စဉ် အရိယာသူတော်ကောင်းကြီး တယောက်၏ မိဖုရားကြီး မြတ်စွာဘုရားရှင့်ထံတော်သို့ အဖူးအမြော်မသွားရောက်ခြင်းကို ငါသည် အဘယ်နည်းဖြင့်မျှ မနှစ်သက်နိုင်＝လက်မခံနိုင်"ဟု ကြံစည်ဆင်ခြင်ကာ စာဆိုကဝိ (＝စာရေးဆရာ)တို့အား "ဝေဠုဝန်ကျောင်းတော်ဖွဲ့ ဂီတိဂါထာ"တို့ကို ဖွဲ့နွဲ့သီကုံးစေပြီးလျှင် ထိုဂီတိဂါထာများကို "ခေမာမိဖုရား ကြားလောက်သည့် ဥပစာ၌ တစာစာ သီဆိုကြရမည်"ဟု အဆိုကျော်များကို အမိန့်ပေး၍ သီဆိုစေလေသည်။

## ဝေဠုဝန်ဥယျာဉ်တော်ဖွဲ့ ဂီတိ ၄-ဂါထာ

(၁) ရမ္မံ ဝေဠုဝနံ ယေန၊ န ဒိဋ္ဌံ သုဂတာလယံ။
　　န တေန နန္ဒနံ ဒိဋ္ဌံ၊ ဣတိ မညာမသေ မယံ။

ယေန＝အမှတ်မထင် အကြင်သူသည်။ ရမ္မံ＝နှလုံးမွေ့လျော် ပျော်ဖွယ်ကောင်းသော။ သုဂတာလယံ＝သုံးလူ့မှန်ကင်း တရားမင်း၏သီတင်းသုံးနေထိုင်ရာလည်းဖြစ်သော။ ဝေဠုဝနံ＝ဝါးတောတွင်ခေါ်ဥယျာဉ်တော်ကို။ န ဒိဋ္ဌံ＝ကုသိုလ်ကံ မထောက်မ-သဖြင့် မမြင်ရ＝မရှုရချေ။ တေန＝ထိုသူသည်။ နန္ဒနံ＝နတ်တို့ပျော်ရာ ကဲသာမြတ်မွန် နန္ဒဝန်ခေါ် နတ်ဥယျာဉ်တော်ကို။ န ဒိဋ္ဌံ＝မမြင်ရ

WWW.DHAMMARANSI.COM



သည်မည်၏။ ဇှတိ = ဤသို့။ မယံ = ငါတို့သည်။ မညာ- မသေ = အောက်မေ့ဆင်ခြင် မှတ်ထင်ကြကုန်၏။

(၂) ယေန ဝေဠုဝနံ ဒိဋ္ဌံ၊ နရ-နန္ဒန-နန္ဒနံ။
သုဒိဋ္ဌံ နန္ဒနံ တေန၊ အမရိန္ဒသုနန္ဒနံ။

ယေန = အမှတ်မထင် အကြင်သူသည်။ နရ-နန္ဒန- နန္ဒနံ=လူတိုင်းကြည်ညို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ နှစ်သက် အားရအပ်သော။ (ဝါ) နရ-နန္ဒန-နန္ဒနံ = ဟလောကလုံး ညွှတ်ရိုးချစ်ခင် ဘုရားရှင်သည် ပျော်ရွှင် နှစ်သက်တော်မူအပ်သော။ ဝေဠုဝနံ = ဆိတ်ငြိမ်သာမော ကျယ်ပြန့်ပြောသည့် ဝါးတောမြတ်မွန် တုဖက်လွန်သော ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ ဒိဋ္ဌံ = မျက်ဝါးထင်ထင် ရှုမြင့်ရ၏။ တေန = ထိုသူသည်။ အမရိန္ဒသုနန္ဒနံ = နတ် တို့သနင်း သိကြားမင်းသည် လွန်မင်းစွာ နှစ်သက်အပ် သော။နန္ဒနံ = နတ်တို့ပျော်ရာ ကဲသာမြတ်မွန် နန္ဒဝန်ခေါ် နတ်ဥယျာဉ်တော်ကို။ သုဒိဋ္ဌံ = ကောင်းစွာလှလှ တွေ့မြင် ရသည် မည်၏။

(၃) ဝိဟာယ နန္ဒနံ ဒေဝါ၊ ဩတရိတွာ မဟီတလံ။
ရမ္မံ ဝေဠုဝနံ ဒိသွာ၊ န တပ္ပန္တိ သုဝိမှိတာ။

ဒေဝါ = တာဝတိံသာ နတ်များစွာတို့သည်။နန္ဒနံ = နန္ဒဝန်ခေါ် နတ်ဥယျာဉ်တော်ကို။ ဝိဟာယ = ပယ်ခွါ ရှောင်ရှား စွန့်ပစ်ထားခဲ့ကြ၍။ မဟီတလံ = ဇမ္ဗူဒီပါ လက်ျာဦးကင် မြေအပြင်သို့။ ဩတရိတွာ = သက်ဆင်း ခဲ့ကုန်၍။ ရမ္မံ = နှလုံးမွေ့လျော် ပျော်ဖွယ် ကောင်းသော။ ဝေဠုဝနံ = ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ ဒိသွာ = မျက်ဝါးထင်ထင် တွေ့မြင်ကြရကုန်သည် ရှိသော်။ သုဝိမှိ- တာ = အလွန်အကဲ အံ့အဲကြကုန်လျက်။ န တပ္ပန္တိ = ပူပန်ကင်းလွေ့ စည်းစိမ်မွေ့၍ မငြီးငွေ့ မရောင့်ရဲနိုင် ကြကုန်။

(၄) ရာဇပုညေန နိဗ္ဗတ္တံ၊ ဗုဒ္ဓပုညေန ဘူသိတံ။
ကော ဝတ္တာ တဿ နိဿေသံ၊ ဝနဿ ဂုဏသဉ္စယံ။

ယံ ဝနံ = အကြင် ဝေဠုဝန်ခေါ် ဥယျာဉ်တော်သည်။ ရာဇပုညေန = မင်းဘုန်းလှုံ့ဖန် ကုသိုလ် ကံကြောင့်။ နိဗ္ဗတ္တံ = ဖြစ်ပေါ်ပေါက်ရောက်လာ၏။ ယံ ဝနံ=အကြင် ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို။ ဗုဒ္ဓပုညေန = ဘုရားဘုန်းတော် အာနုဘော်ဖြင့်။ ဘူသိတံ = တန်ဆာဆင်အပ်၏။ တဿ ဝနဿ = ထိုဝါးတောမြတ်မွန် ဝေဠုဝန်၏။ ဂုဏသဉ္စယံ = များလှဘိတောင်း ဂုဏ်အပေါင်းကို။ ကော = စာဆိုကဝိ အဘယ်ပညာရှိသည်။ နိဿေသံ= အကြွင်းမရှိအောင်။ ဝတ္တာ = သိကုံးဖွဲ့နိုင် ဆိုစွမ်းနိုင်အံ့နည်း။

ခေမာမိဖုရား ထိုသီချင်းသံကို ကြားရလျှင် ရှေးအခါက ထိုဝေဠုဝန်ဥယျာဉ်တော်သို့သွား၍ မင်းတရားနှင့်မွေ့လျော်ပျော်ပါးကစားဘူးသော်လည်း မသွားရဘူးသကဲ့သို့ အထူးတလည် အဆန်းတကြယ် အံ့သြဖွယ်ကြီးထင်၍ သွားရောက် ကြည့်ရှုချင်သော အာသာဆန္ဒ ဖြင်းပြလျက် ဗိမ္ဗိသာရမင်းတရားကို တင်ကြားခွင့်ပန်ပြီးလျှင် ကြီးစွာသောအခမ်းအနားဖြင့် မြတ်ဘုရားနှင့် မတွေ့ရအောင်ကြံ၍ ဆွမ်းခံဝင်ချိန်တွင် ဥယျာဉ်တော်သို့ ဝင်ပြီး အပွင့်, အသီး, အကင်းအငုံ ပန်းမျိုးစုံထွေးယှက်, ပန်းဝတ်ရက်ယှုသုံး ပျားပိတုန်းတသောသော,ဥသြတွန်ကျူး,ဒေါင်းမြူးကခုန်, လူစုံမရောပြွမ်း, ဆိတ်ချမ်းလှုသံ, စင်္ကြံ,မဏ္ဍပ် ကျောင်း, စရပ်တို့ဖြင့် ယောဂီသူမြတ်တို့ မွေ့လျော်ရာ ဝေဠုဝန် ဥယျာဉ်တော်ကို ရှုမြော်လှည့်လည်လေ၏။

ထိုသို့ လှည့်လည်စဉ်အတွင်း ခေမာမိဖုရားသည် တခုသော သစ်ပင်ရင်း၌ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ထိုင်နေသည့် ယောဂီရဟန်းပျိုတပါးကို မြင်၍ “ရှုချင်စဖွယ် ဤအရွယ်မှာ မွေ့လျော်ဖွယ်အာရုံ ကာမဂုဏ်ကိုခံစားပြီး သက်ကြီးယိုယွင်း အိုမင်းမှသာ ရဟန်းတရားကို အားထုတ်သင့်ဘိတကား” ဟု

WWW.DHAMMARANSI.COM



အမှားကြီးဆင်ခြင်၍ ဘုရားရှင် မရှိဟူသော အမှတ်ဖြင့် ဂန္ဓကုဋီ ကျောင်းသို့လှည့်ပတ် ချဉ်းကပ်လေသော် ခေမာမိဖုရား လာလိမ့်မည်ကို သိတော်မူနှင့်၍ ဆွမ်းခံမကြွပဲ' ဂန္ဓကုဋီကျောင်းတော်၌ပင် တန်ခိုးတော်ဖြင့် ခေမာမိဖုရားထက် အဆဆသာလွန် လှပတင့်တယ်သော မိန်းမငယ် = ဇာတိရှင်ကို ဖန်ဆင်းတော်မူလျက် လေညှင်းယပ်ခပ်စေ၍ နေတော်မူလင့်သော မြတ်စွာဘုရားရှင်ကို ပက်ပင်းပါ ဖူးမြင်ရလေ၏။

ခေမာမိဖုရားသည် မိမိအဆင်း၌ တပ်မက်ခြင်းကို ပယ်စွန့်၍ ထို ဇာတိရုပ် သူငယ်မအဆင်း၌ ပြင်းစွာတပ်မှိန်း တစိန်းစိန်း ကြည့်ရှုဆဲ၌ပင် မြတ်စွာဘုရားရှင်၏ ဖန်ဆင်းချက်ကြောင့် ထို သူငယ်မ ရွတ်တွအိုမင်း အဆင်းဖောက်ပြန် ဆံဖြူသွားကျိုး ညှင်းဆိုး, မှည့်စွဲလျက် တွဲရွဲကျသော သားမြတ်, တွန့်ကပ်ပိန်ခြောက်သော အရေအသား, ကိုးရိုးကားရား ခြေလက်အင်္ဂါ, ကြီးစွာသော အဆစ်အပိုင်း, အကြောပြိုင်းရရိုင်းနှင့် ကုပ်ကိုင်းသော ကိုယ်ရှိလျက် ပင့်သက်ရှူရှိုက် တုန်တုန်ခိုက်ခိုက် မျက်ဖြူဆိုက်၍ ဗိုက်ခနဲ လဲသေသည်ကို မြင်ရလေလျှင် ခေမာမိဖုရား၏ စိတ်သန္တာန်၌—

"မိရဏ္ဍ ရူပံ အသုစိ၊ ရမန္တေ ယတ္ထ ဗာလိယာ။

ရူပံ = ခေတ်လေးပါးဆောင် ၍ ရုပ်ကောင်သည်။ အသုစိ=ပင်ကိုယ်သူ့သဘောဝယ် မစင်ကြယ်ပါတကား။ မိ = စက်ဆုပ်ရွံရှာဖွယ်သည်။ အဏ္ဍ = ဖြစ်စွတကား။ ယတ္ထ = ယင်းသို့ မစင်မကြယ် ထိုဖွယ်ဖြစ်သော ရုပ်ကောင်၌။ ဗာလိယာ = ပညာအန္ဓ အမိုက်မတို့သည်။ ရမန္တေ =၊ မွေလျော်ပျော်ပိုက် နှစ်ခြိုက်၍ နေကုန်၏တကား"—

ဟု သံဝေဂဉာဏ် ထက်သန်စွာ ဖြစ်ရှိလာလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ခေမာမိဖုရားအား ၌ ဆိုလတ္တံ့သော တရားဂါထာတို့ကို ဟောကြားတော်မူလေ၏—

WWW.DHAMMARANSI.COM



(၁) အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိနန္ဒိတံ။

ခေမေ = ခေမာမိဖုရား....။ အာတုရံ = ကျင်နာခံခက်နှိပ်စက်ထသော။ အသုစိံ = မစင်မကြယ် ထွေ့ဖွယ်ရာဖြစ်ထသော။ ပူတိံ = ပုပ်ဟောင်ညှီလှောင်း မကောင်းသော အနံ့ရှိထသော။ ဥဂ္ဃရန္တံ = အထက်သို့လည်း တစက်စက် ယိုထွက်ထသော။ ပဂ္ဃရန္တံ = အောက်သို့လည်း တစက်စက် ယိုထွက်ထသော။ ဗာလာနံ = မလိမ်မာသူ လူမိုက်တို့သည်။ အဘိနန္ဒိတံ = လွန်စွာစုံမက်နှစ်သက်မြတ်နိုးအပ်သော။ သမုဿယံ = ခန္ဓာကိုယ်အတ္တဘောကို။ ပဿ = စေ့စေ့ငုငု ကြည့်ရှုလော့။

(၂) အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။
သတိ ကာယဂတာ တျတ္ထု၊ နိဗ္ဗိဒါဗဟုလာ ဘဝ။

အသုဘာယ = မတင့်မတယ် စက်ဆုပ်ဖွယ်ဟု စိတ်ဝယ်ထင်မြင်ခြင်းအကျိုးငှါ။ ဧကဂ္ဂံ = တခုတည်းသော အာရုံရှိသော။ သုသမာဟိတံ = ကောင်းစွာ တည်ကြည်သော။ စိတ္တံ = ဘာဝနာစိတ်ကို။ ဘာဝေဟိ = ပွါးစေလော့။ ကာယဂတာ = ကာယကောဋ္ဌာသ၌ဖြစ်သော။ သတိ = အောက်မေ့ခြင်းသတိသည်။ တေ = သင့်အား။ အတ္ထု = ဖြစ်စေလော့။ နိဗ္ဗိဒါဗဟုလာ = ငြီးငွေ့ခြင်းများသည်။ ဘဝ = ဖြစ်လော့။

(၃) ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယ။

ခေမေ = ခေမာမိဖုရား....။ ဣဒံ = ဤ ငါ့ထံကပ်ဝိုမိန်းမ၏ ကိုယ်သည်။ ဘိဇ္ဇတိ ယထာ = အိုမင်းရွတ်တွ ပျက်စီးရသကဲ့သို့။ တထာ = ထိုအတူ။ ဧတံ = ထို သင်၏ ကိုယ်သည်။ ဘိဇ္ဇိဿတိ = အိုမင်းရွတ်တွ ပျက်စီးရလတ္တံ့။

WWW.DHAMMARANSI.COM



ဓတံ = ထို သင်္ကန်းကိုယ်သည်။ သောဘတိ ယထာ = မသေခင်ခေတ္တမျှ တင့်တယ်လှပသည်ဟု ထင်ရသကဲ့သို့။ တထာ = ထို့အတူ။ ဣဒံ = ဤ ငါ့ထံကပ်ခို မိန်းမ၏ ကိုယ်သည်။ သောဘတိ = မသေခင် ခေတ္တမျှ တင့်တယ် လှပသည်ဟု ထင်ရ၏။ အဇ္ဈတ္တဉ္စ = အတွင်းလည်း ဖြစ်သော။ ဗဟိဒ္ဓါ စ = အပလည်းဖြစ်သော။ ကာယေ = ကိုယ်၌။ ဆန္ဒံ = တပ်မက်သော ဆန္ဒရာဂကို။ ဝိရာဇယ = ပယ်စွန့်ဖြတ်တောက်လော့။

(၄) အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တော စရိဿသိ။

အနိမိတ္တဉ္စ = လုံးလုံးလျောင်းလျောင်း ပေါင်း၍ တည်ဟန် သဏ္ဌာန်အကောင်အထည် မရှိဟု ခွဲထုစပ်ဖန် အဖြစ်အပျက်ကိုရှုသော ဝိပဿနာဉာဏ်ကိုလည်း။ ဘာဝေဟိ = ပွါးစေလော့။ မာနာနုသယံ = မိမိကိုယ်၌ ပုန်းလျှိုးခိုအောင်း မကောင်းဆိုးရွား ထောင်လွှားသော မာနာနုသယကို။ ဥဇ္ဇဟ = စွန့်ပယ်လော့။ တတော မာနာဘိသမယာ = ထိုသို့ မာနကို စွန့်ပယ်ခြင်းကြောင့်။ ဥပသန္တော = ဆယ့်တမီးဟူ အပူခပ်သိမ်း အကုန်ငြိမ်းသည် ဖြစ်၍။ စရိဿသိ = နိဗ္ဗာန်ထုတ်ချောက် ရောက်ရလတ္တံ့။

(၅) ယေ ရာဂရတ္တာနုပတန္တိ သောတံ၊
သယံ ကတံ မက္ကဋကောဝ ဇာလံ။
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ၊
အနပေက္ခိနော ကာမသုခံ ပဟာယ။

မက္ကဋကော = ပင့်ကူကောင်သည်။ သယံ ကတံ = မိမိပြုအပ်သော။ ဇာလံ = ကွန်ရက်အသွင် ပင့်ကူချည် မျှင်သို့။ အနုပတတိ ယထာ = အစဉ်လျှောက်၍ နေသကဲ့ သို့။ ယေ = အကြင်သတ္တဝါတို့သည်။ ရာဂရတ္တာ = ရာဂ ဖြင့် တပ်မက်မောကုန်၏။ တေ = ထိုသတ္တဝါတို့သည်။ သယံ ကတံ = မိမိသည်ပြုအပ်သော။ သောတံ = ကိလေ

WWW.DHAMMARANSI.COM



သာအဃည် ခန္ဓာအစဉ်သို့။ အနုပတန္တိ=အစဉ်လိုက်၍နေရှကုန်၏။ ဓီရာ = ပညာရှိတို့သည်။ ကာမသုခံ=ကာမဂုဏ်ချမ်းသာကို။ အနပေက္ခိနော = ငဲ့ကွက်တွယ်တာခြင်း မရှိကုန်ပဲ။ ပဟာယ = ပယ်စွန့်ကုန်၍။ ဧတမ္ပိ = ထိုကိလေသာအဃည် ခန္ဓာအစဉ်ကိုလည်း။ ဆေတွာန=တစမကျန်တွန်းလှန်ဖြတ်တောက်ကုန်၍။ ပရိဗ္ဗဇန္တိ = နိဗ္ဗာန်ထုတ်ချောတ် သွားရောက်ကြကုန်၏။

ဤတရားဒေသနာကို ကြားနာရ၍ ခေမာမိဖုရား၏စိတ် ကြည်သာ ရွှင်လန်း ခံ့ကျန်း၍နေသည်ကို သိမြင်တော်မူကာ မြတ်စွာဘုရားသည် (ခေမာမိဖုရားအလောင်း သမဏီမင်းသမီးဘဝ ကဿပ ဘုရားရှင့်လက်ထက်တော်က လေ့လာနှုတ်တက် ဆောင်ခဲ့ဘူးသော)မဟာနိဒါနသုတ်ကို ဟောတော်မူလေ၏။ ထိုမဟာနိဒါနသုတ်ကို ကြားနာရသောအခါ ခေမာမိဖုယားသည် ရှေးက မိမိလေ့ကျက်ခဲ့ဘူးသည်ကို အမှတ်ရကာ ထိုနေရာ၌ပင် သောတာ-ပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏ = သောတာပန်အရိယာမ-ဖြစ်လေ၏။

သောတာပန်အရိယာမ-ဖြစ်ပြီးသောအခါ ခေမာမိဖုရားသည် မိမိ ရှေးက ရုပ်မာနဖြင့် အထင်မှား အမြင်မှားခဲ့သည့်အပြစ်ကို တောင်းပန်ကန်တော့လိုရကား မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းလျက် ဤဆိုလတ္တံ့သော ငါးဂါထာတို့ကို လျှောက်ဆို တောင်းပန်လေ၏—

(၁) နမော တေ သဗ္ဗဒဿာဝိ၊ နမော တေ ကရုဏာကရ။
နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံ ဒဒ။

သဗ္ဗဒဿာဝိ = ခပ်သိမ်းသောတရားတို့ကိုကြွင်းထား မရှိ မြင်သိတော်မူပေသော မြတ်စွာဘုရား....။ တေ = ရှင်ပင်ဘုရားအား။ နမော = ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။ ကရုဏာကရ = မဟာကရုဏာ၏ တည်ရာ ဖြစ်တော်မူပေသော မြတ်စွာဘုရား....။ တေ = ရှင်ပင် ဘုရားအား။ နမော = ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။

WWW.DHAMMARANSI.COM



တိဏ္ဏသံသာရ = သံသရာဝဲဂယက်မှ ကူးတတ်တော်မူပြီးသော မြတ်စွာဘုရား....။ တေ = ရှင်ပင်ဘုရားအား။ နမော = ရှိသေမြတ်နိုး ရှိခိုးပါ၏ဘုရား။ အမတံဒဒ = ဘယ်အခါမှမသေ အမြိုက်မွေကို ပေးဝေတော်မူပေသော မြတ်စွာဘုရား....။ တေ = ရှင်ပင်ဘုရားအား။ နမော = ရှိသေမြတ်နိုး ရှိခိုးပါ၏ ဘုရား။

(၂) ဒိဋ္ဌိဂဟနပက္ခန္ဒာ၊ ကာမရာဂဝိမောဟိတာ။
တယာ သမ္မာ ဥပါယေန၊ ဝိနီတာ ဝိနယေ ရတာ။

ဒိဋ္ဌိဂဟနပက္ခန္ဒာ = မိစ္ဆာအယူ ဒိဋ္ဌိဂဟနပက္ခန္ဒာ = မိစ္ဆာဉာဉ်စ်ထေးချုံပျစ်စေးသို့ ပြေးဝင်သော။ ကာမရာဂဝိမောဟိတာ = ကာမဂုဏ်ကို ခင်စုံတပ်မက် နှစ်သက်လိုက်စား၍ မျက်စိလည်လမ်းမှားသော အကျွန်ုပ်သည်။ သမ္မာ ဥပါယေန = လှပတင့်တယ် ရွှချင်ဖွယ်သော မိန်းမငယ်အဆင်းကို ဖန်ဆင်းတုံ့ရှောင်း နည်းကောင်း ဥပါယ်တမျဉ်ဖြင့်။ တယာ=ရှင်ပင်ဘုရားသည်။ ဝိနီတာ = လိမ္မာယဉ်ကျေးအောင် နည်းပေးဆုံးမအပ်သည်ဖြစ်၍။ ဝိနယေ=ကိုယ်နှုတ်နှလုံးကို ဆုံးမယဉ်ကျေးခြင်း၌။ ရတာ = နှစ်ခြိုက်ရှင်ပျော် မွေ့လျော်ရပါပြီဘုရား။

(၃) အဒဿနေန ဝိယောဂါ၊ တာဒိသာနံ မဟေသိနံ။
အနုဘောန္တိ မဟာဒုက္ခံ၊ သတ္တာ သံသာရသာဂရေ။

တာဒိသာနံ = ရှင်ပင်ဘုရားကဲ့သို့ သဘောရှိကုန်သော။ မဟေသိနံ = သီလ,သမာဓိ အစရှိသော ဂုဏ်ကြီးသခင် ဘုရားရှင်တို့ကို။ အဒဿနေန = မဖူးမြင်ရသဖြင့်။ ဝိယောဂါ = ကွေကွင်းကင်းကွာခြင်းကြောင့်။ သတ္တာ = သတ္တဝါတို့သည်။ သံသာရသာဂရေ = သံသရာပြင်ကျယ်မြစ်ပင်လယ်၌။ မဟာဒုက္ခံ = ကြီးကျယ်သောဆင်းရဲကို။ အနုဘောန္တိ = ခံစားကြရကုန်၏။

(၄) ယဒယံ လောကသရဏံ၊ အရဏံ အရဏန္တဂုံ။
နာဒ္ဒသာမိ အဒ္ဒူရဋ္ဌံ၊ ဒေသယာမိ တမစ္စယံ။

WWW.DHAMMARANSI.COM



အဟံ = ခေမာသမုတ် အကျွန်ုပ်သည်။ လောကသ-ရဏံ = လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်သော။ အရဏံ = ကိလေသာရန်သူ ကင်းဝေးတော်မူသော။ အရဏာနဂံ = ကိလေသာရန်သူပုန် ကုန်ရာနိဗ္ဗာန်သို့ရောက်တော်မူသော ရှင်ပင်ဘုရားကို။ အဒ္ဒရက္ခံ = ရာဇဂြိုဟ်မြို့နီး ဝါးတောကြီး၌ နေတော်မူသည်ကိုလျက်။ ယံ န အဒ္ဒသာမိ = အကြင် လာရောက်ဦးတင် မဖူးမြင်မိပါ။ တံ အစ္စယံ = ထိုနီးလျက် ဦးတင် ဖူးမြင်မလာ မလိမ္မာသော အပြစ်ဒေါသ အာဒီ-နဝကို။ ဒေသယာမိ = ဖော်ပြတင်ကြား လျှောက်ထား တောင်းပန်ပါ၏ ဘုရား။

(၅) မဟာဟိတံ ဝရဒံ၊ အဟိတောတိ ဝိသင်္ကိတာ။
　　နောပေသိံ ရူပနိရတာ၊ ဒေသယာမိ တမစ္စယံ။

မဟာဟိတံ = သတ္တဝါအများ သုံးတုံသားတို့၏ များစွာသော စီးပွါးကို ဆောင်တော်မူတတ်သော။ ဝရဒံ = မြတ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို ပေးတော်မူတတ်သော ရှင်ပင်ဘုရားကို။ အဟိတောတိ = စီးပွါးမဲ့အောင် ကဲ့ရဲ့ ရှုတ်ချတတ်သည်ဟူ၍။ ဝိသင်္ကိတာ = ချွတ်ချော်တိမ်းပါး ယုံမှားတွေးတောလျက်။ ရူပနိရတာ = အရောင်အဆင်း၌ လွန်မင်းစွာ မွေ့လျော် ပျော်ပိုက်သည်ဖြစ်၍။ ယံ န ဥပေ-သိံ = အကြင်မဆည်းကပ် မလာရောက်မိပါ။ တံ အစ္စယံ = ထိုဆင်းရောင်ယစ်လတ် အလွဲမှတ်၍ မဆည်းကပ် မလာ ရောက် မှားမှောက်မိသမျှ အပြစ်ဒေါသ အာဒီနဝကို။ ဒေသယာမိ = ဖော်ပြတင်ကြား လျှောက်ထားတောင်းပန် ပါ၏ဘုရား။ ။(ဂါထာအနက်တို့မှာ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ အနက်များဖြစ်သည်။ ဆိဒ္ဓပိဓာ-နနီကျမ်းမှ ထုတ်နုတ်ဖော်ပြအပ်သည်)။

ခေမာမိဖုရားသည် ဤ "ကန်တော့လွှာ ၅-ဂါထာတို့ဖြင့် မြတ်စွာဘုရားကို တောင်းပန်ကန်တော့ လျှောက်ထားလေသော် မြတ်စွာဘုရားရှင်သည် အမြိုက်ရေချမ်းဖြင့် သွန်းဖျန်းတော်မူလိုက်

WWW.DHAMMARANSI.COM



သကဲ့သို့ ခေမာမိဖုရားကို "တိဋ္ဌခေမေ=ရှိပစေ ချစ်သမီးခေမာ..." ဟု သည်းခံစကား မိန့်ကြားတော်မူလေ၏။ ထိုအခါ ခေမာ မိဖုရားသည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး လက်ျာရစ်လှည့်လည်ပြီး၍ ရွှေနန်းတော်သို့ ပြန်လာကာ မိဗ္ဗိသာရမင်းတရားကို—

(၁), အဟော သမ္ဗာ ဥပါယော တေ၊
စိန္တိတော ယမရိန္ဒမ။
ဝနဒဿနကာမာယ၊
ဒိဋ္ဌော နိဗ္ဗုနတော မုနိ။

အရိန္ဒမ = ရွှေရောင်ကိုယ်ဆင်း ဝါဝင်းမှည့်ထိန် စော ရန်နှိမ်....။ တေ = အရှင်မင်းမြတ်သည်။ အယံ ဥပါယော = ဝေဠုဝန်ခေါ် ဥယျာဉ်တော်ကို ရှုမြော်စေကြောင်း ဤနည်းလမ်းဥပါယ်ကောင်းကို။ သမ္ဗာ = ကောင်းစွာ။ စိန္တိတော = ကြံစည်ရှုမြော် ပြုတော်မူအပ်ပေပြီ။ အဟော = လက်ဖျစ်တီး၍ အံ့ချီး ထိုက်ပါပေစွ။ ဝနဒဿနကာမာယ = ဥယျာဉ်တော်ကို ရှုမြော်လိုသည့် ဆန္ဒပြင်းပြသော ဘုရားကျွန်တော်မသည်။ နိဗ္ဗုနတော = တဏှာတည်းဟူသော တောမှ ထွက်မြောက်တော်မူပြီးသော။ မုနိ = မဟာမုနိ အတုမရှိ မြတ်စွာဘုရားကို။ ဒိဋ္ဌော = မိသ, ပညာ = နှစ်ဖြာသော စက္ခုဖြင့် စေ့ငုထင်ထင် ဖူးမြင်အပ်ခဲ့ပါပြီ။

(၂) ယဒိ တေ ရုစ္စတေ ရာဇ၊
သာသနေ တဿ တာဒိနော။
ပဗ္ဗဇိဿာမိ ရူပေဟံ၊
နိဗ္ဗိန္နာ မုနိဝါဏိနာ။

ရာဇ = သမ္မုတိနတ် ဒိုမင်းမြတ်....။ တေ = အရှင်မင်းမြတ်သည်။ ယဒိရုစ္စတေ=အကယ်၍ နှစ်သက်ကြည်ဖြူ ခွင့်ပြုတော်မူပါငြားအံ့။ အဟံ = ခေမာတွင်ခေါ် ဘုရားနှမတော်သည်။ တာဒိနော = တာဒိဂုဏ်ရှင် ဖြစ်တော်မူပေသော။ တဿ မုနိနော = ထို မဟာမုနိ အတုမရှိ

WWW.DHAMMARANSI.COM



မြတ်စွာဘုရား၏။ သာသနေ=အံ့ဖွယ်ရှစ်ဖြာ သာသနာ၌။ ပဗ္ဗဇိဿာမိ = ရှင်ရဟန်းမ ပြုပါရစေဘုရား။ အဟံ = ခေမာတွင်ခေါ် ဘုရား့နှမတော်သည်။ မုနိဝါကျံနာ = မြတ်စွာဟောကြား တရားစကားကြောင့်။ ရူပေ = ဖောက်ပြန်လွှင်းယို ဤရုပ်ကိုယ်၌။ နိဗ္ဗိန္နာ = နိဗ္ဗိဒါဉာဏ်ကို ရသဖြင့် ငြီးငွေ့စက်ဆုပ်လှပါပြီ ဘုရား။

ဤဂါထာတို့ဖြင့် ရဟန်းပြုရန် ခွင့်ပန်စကား လျှောက်ထား ပြောကြားလေ၏။ ထိုအခါ မိဗ္ဗိသာရမင်းတရားသည် အမှုအရာ ဖြင့်ပင်လျှင် မခေမာမိဖုရား အရိယမဂ်ဖိုလ်သို့ ရောက်ဆိုက်လာ ကြောင်းကို ရိပ်မိသိရှိသဖြင့် လက်အုပ်ကို ချီမြှောက်ကာ "အနုဇာနာမိ တေ ဘဒ္ဒေ၊ ပဗ္ဗဇ္ဇာ တဝ သိဇ္ဈတု = ဘဒ္ဒေ = ခေမာ မည်ပြား အိုမိဖုရား....။ တေ = သင်မိဖုရားအား။ အနုဇာနာမိ = အနုအညွတ် ရဟန်းပြုရန် ငါခွင့်လွှတ်၏။ တဝ = သင်မိဖုရား၏။ ပဗ္ဗဇ္ဇာ = လူ့ရပ်လူ့ဘောင် စွန့်ရှောင်ခွါမြန်း ရှင်ရဟန်းအဖြစ် သည်။ သိဇ္ဈတု = အရဟတ္တဖိုလ်ပေါက် ပြီးမြောက်အောင်မြင် ပါစေသတည်း" ဟူသော ဂါထာဝက်ဖြင့် ခွင့်လွှတ်ဆုတောင်း စကား မိန့်ကြားပြီးလျှင် ခေမာမိဖုရားကို ရွှေထမ်းစင်ထက် တင် ဆောင်ကာ ကြီးစွာသောအခမ်းအနားဖြင့် ဘိက္ခုနီမကျောင်း တိုက်သို့ ဆောင်၍ ရှင်ရဟန်းမ ပြုစေလေ၏။

## ခေမာထေရီ ရဟန္တာမဖြစ်ခြင်း

ထိုသို့ ဘိက္ခုနီ = ရဟန်းမ-အဖြစ်ကို ရရှိပြီးနောက် တဆယ့် ငါးရက်မြောက်သောနေ့ဝယ် ခေမာထေရီမသည် ဥပုသ်ပြုရာ၌ ဝတ်ပြုရင်း ဆီမီးတောက်လွှန်းခြင်း, ဆီမီးငြိမ်းသေခြင်းများကို မြင်၍ ထိတ်လန့်သံဝေဂဉာဏ်ကို ရသဖြင့် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အဖြစ်, အပျက်ကို ဆက်၍တဖန် သုံးသပ်ဆင်ခြင်ပြန်လေလျှင် ပဋိ-သမ္ဘိဒါဉာဏ်လေးပါး, အဘိညာဏ်ခြောက်ပါးတို့ဖြင့် တန်ဆာ ဆင်အပ်သော အရဟတ္တ မဂ်,ဖိုလ်သို့ ရောက်ရှိကာ ရဟန္တာ ထေရီမ ဖြစ်လေ၏။ ။(ဤ ခေမာထေရီ ရဟန္တာမ ဖြစ်သော အကြောင်းကို ခေမာထေရီအပဒါန်အတိုင်း ရေးသားဖော်ပြအပ်

WWW.DHAMMARANSI.COM



သည်၊ အင်္ဂုတ္တရအဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာတို့၌မူ တမျိုးဖွင့်ပြ အပ်လေသည်၊ ညာဏ်ရှုပ်ထွေးမည်စိုး၍ ဤကျမ်း၌ မဖော်ပြတော့ပြီ)။

ခေမာထေရီမသည် ပရိယတ်, ပဋိပတ် နှစ်ရပ်စွယ်စုံ လေ့လာသူဖြစ်သဖြင့် ဝိသုဒ္ဓိ ခုနစ်ပါးတို့၌ အထူးကျွမ်းကျင်လိမ္မာသည့်ပြင် ကထာဝတ္ထုဆယ်ပါးတို့၌လည်း သူမတူတန်အောင် ရဲရင့်သူဖြစ်လျက် အဘိဓမ္မာနည်း၌လည်း အထူးတတ်သိလိမ္မာသူ = ပရိယတ်ရော ပဋိပတ်ပါ နှစ်ရပ်စွယ်စုံတတ်ကျွမ်းသူ ပညာရည့်ထူးချွန်သူ ဖြစ်လေသည်။ ဤအကြောင်းအရာကို အကျဉ်းဖော်ပြလတ္တံ့သော (သဠာယတနဝဂ္ဂသံယုတ်ပါဠိ၊ ၁၀-အဗျာကတသံယုတ်၊ သံ ၂၊ စာမျက်နှာ ၅၄၄-လာ) ၁-ခေမာသုတ်ကို ယောက်ဆ၍ သိရာ၏။

ခေမာသုတ်အကျဉ်းချုပ်မှာ—

**ခေမာထေရီက ကောသလမင်းကြီးအား**
**သိမ်မွေ့သောတရား ဟောခြင်း**

အခါတပါး မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ခေမာထေရီမသည် ကောသလတိုင်းအတွင်း ဒေသစာရီ လှည့်လည်လတ်သော် သာဝတ္ထိပြည်နှင့် သာကေတမြို့အကြား တောရဏမည်သောအရပ်၌ နေဆဲဖြစ်၏။ ထိုအခါ ပသေနဒိကောသလမင်းကြီးသည် သာကေတမြို့မှ သာဝတ္ထိပြည်သို့အသွား ထိုတောရဏ-မည်သော အရပ်၌ တညဉ့်မျှ နားနေ၏၊ ထိုအခါ ပသေနဒိကောသလမင်းကြီးသည် မင်းချင်းယောကျ်ား တယောက်ကို "အမောင် ယောကျ်ား.... သွားပါချေ၊ သင်သည် ဤတောရဏအရပ်၌ ယနေ့ ငါဆည်းကပ်သင့်သော သမဏခေါ်ဆိုပုဂ္ဂိုလ်ကိုဖြစ်စေ, ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်ကိုဖြစ်စေ သိအောင် စုံစမ်းလော့" ဟု မိန့်ဆိုလေ၏။ ထိုမင်းချင်းယောကျ်ားသည် မင်းကြီးအမိန့်အရ ထိုတောရဏအရပ်အားလုံး နှံ့စပ်အောင် စုံစမ်းလှည့်လည်သော်လည်း မင်းကြီး ဆည်းကပ်သင့်သည့် သမဏပုဂ္ဂိုလ်, ဗြာဟ္မဏပုဂ္ဂိုလ် တဦးတယောက်ကိုမျှ မတွေ့ရပဲ ထိုတောရဏအရပ်၌ နေထိုင်ဆဲဖြစ်

WWW.DHAMMARANSI.COM



သည့် ခေမာထေရီမကို တွေ့မြင်ရ၍ မင်းကြီးထံသို့ တဖန် ပြန်လာ ပြီးလျှင် ကောသလမင်းကြီးကို—

"မင်းမြတ်....ဤ တောရဏအရပ်၌ မင်းမြတ်ဆည်းကပ် သင့်သော သမဏပုဂ္ဂိုလ်, ဗြာဟ္မဏပုဂ္ဂိုလ် မရှိပါ၊ သို့ရာ တွင် မြတ်စွာဘုရား၏ တပည့်မ ခေမာမည်သော ဘိက္ခု-နီမ-သည်ကား ရှိပါ၏၊ ထို ခေမာမည်သော ဘိက္ခုနီ အရှင်မ၏ 'ပညာရှိ၏, လိမ္မာ၏, အကြားအမြင်များ၏, ဆန်းကြယ်သော တရားစကား ဟောကြားတတ်၏, ကောင်းသော ထိုးထွင်းဉာဏ်ရှိ၏' ဟူသော ကောင်း သောသတင်း ကျော်စောခြင်းအသံသည် ပြန့်နှံ့လွှမ်းတက် ပါ၏၊ မင်းမြတ်သည် ထို ခေမာဘိက္ခုနီ အရှင်မကို ဆည်း ကပ်တော်မူစေချင်ပါ၏"—

ဟု လျှောက်ထားလေ၏။ ကောသလမင်းကြီးသည် ထို မင်းချင်း ယောကျ်ား လျှောက်ထားချက်အရ ခေမာထေရီ ဘိက္ခုနီမထံသို့ သွားရောက်, ရှိခိုးလျက် အပြစ်လွတ်ရာအရပ်၌ ထိုင်မနေလေ၏။ ထို့နောက် မင်းကြီးနှင့် ခေမာထေရီ ဘိက္ခုနီမတို့ အပြန်အလှန် မေး,ဖြေကြပုံမှာ—

(မင်း) အရှင်မ....သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်ပါ သလော။

(ထေရီ) မင်းမြတ်...."သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏" ဟူသော ဤစကား = ဤအချက်ကို မြတ်စွာ ဘုရား မဟောကြားအပ်။

(မင်း) အရှင်မ....ထိုသို့ ဖြစ်လျှင် သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဘူးလော။

(ထေရီ) မင်းမြတ်...."သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်" ဟူသော ဤစကား = ဤအချက်ကိုလည်း မြတ်စွာဘုရား မဟောကြားအပ်။

WWW.DHAMMARANSI.COM



(မင်း) အရှင်မ....သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းရှိ, မဖြစ်သည်လည်း ရှိသလော။

(ထေရီ) မင်းမြတ်.... "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း ရှိ,မဖြစ်သည်လည်း ရှိ" ဟူသော ဤစကား = ဤ အချက်ကိုလည်း မြတ်စွာဘုရား မဟော ကြားအပ်။

(မင်း) အရှင်မ....ထိုသို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်,မဖြစ်သည်လည်း မဟုတ်သလော။

(ထေရီ) မင်းမြတ်.... "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်,မဖြစ်သည်လည်းမဟုတ်" ဟူသော ဤစကား = ဤအချက်ကိုလည်း မြတ်စွာဘုရား မဟောကြားအပ်——

ဤကား ကောသလမင်းကြီးနှင့် ခေမာထေရီတို့ ပဌမအဆင့် မေး, ဖြေကြပုံတည်း။ ထိုနောက် တဆင့်တက်၍ မင်းကြီးနှင့် ခေမာထေရီတို့ မေး, ဖြေကြပုံမှာ——

(မင်း) အရှင်မ....အရှင်မသည် "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်ပါသလော" ဟု ဤသို့ မေးအပ်သည် ရှိသော် "မင်းမြတ်....'သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏' ဟူသော ဤစကား = ဤအချက်ကို မြတ်စွာဘုရား မဟောကြားအပ်' ဟု ဖြေဆို၏ (၁)။ "အရှင်မ....ထိုသို့ ဖြစ်လျှင် သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်ဘူးလော" ဟု ဤသို့ မေးအပ်သည်ရှိသော် "မင်းမြတ်.... 'သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်' ဟူသော ဤစကား = ဤ အချက်ကိုလည်း မြတ်စွာဘုရား မဟော ကြားအပ်" ဟု ဖြေဆို၏ (၂)။ "အရှင်မ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း ရှိ, မဖြစ်သည်လည်း ရှိသလော" ဟု ဤသို့ မေးအပ်သည်ရှိသော် "မင်းမြတ်....

WWW.DHAMMARANSI.COM



'သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းရှိ, မဖြစ်သည်လည်းရှိ' ဟူသော ဤစကား = ဤအချက်ကိုလည်း မြတ်စွာဘုရား မဟောကြားအပ်" ဟု အရှင်မ ဖြေဆို၏ (၃)။ "အရှင်မ....ထိုသို့ဖြစ်လျှင် သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်သလော" ဟု ထိုသို့ မေးအပ်သည် ရှိသော် အရှင်မသည် "မင်းမြတ်....'သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်'ဟူသော ဤစကား = ဤအချက်ကိုလည်း မြတ်စွာဘုရား မဟောကြားအပ်" ဟု ဖြေဆို၏ (၄)။ အရှင်မ.... ဤစကား = ဤအချက် (၄-ရပ်လုံး)ကို မြတ်စွာဘုရား ဟောတော်မမူခြင်း၏ အကြောင်း အထောက်အပံ့ကား အဘယ်နည်း = အဘယ် အကြောင်းကြောင့် ဤစကား = ဤအချက် (၄-ရပ်လုံးကို) ကို မြတ်စွာဘုရား မဟောကြားအပ်သနည်း။

(ထေရီ) မင်းမြတ်....ထိုသို့ဖြစ်လျှင် ဤအရာ၌ သင့်ကို ပင် ပြန်၍ မေးဦးအံ့၊ သင်နှစ်သက်သလို ဖြေဆိုပါလော့။ မင်းမြတ်.... ယခု ငါမေးမည့်စကားကို သင် အဘယ်သို့ သဘောကျသနည်း—ဂင်္ဂါမြစ်၌ သဲမှုန်များ "ဤမျှလောက်ရှိ၏"ဟူ၍၎င်း, "သဲမှုန့် ရာပေါင်း ဤမျှ, ထောင်ပေါင်း ဤမျှ, သိန်းပေါင်း ဤမျှရှိ၏"ဟူ၍၎င်း သဲမှုန့်များကို ရေတွက်ခြင်းငှါစွမ်းနိုင်သော တစုံတယောက် ဂဏန်းသမား ဖြစ်စေ, လက်ချိုးရေသမား ဖြစ်စေ, အပေါင်းလိုက် ရေသမားဖြစ်စေ သင်မင်းမြတ်မှာ ရှိပါသလော။

(မင်း) မရှိပါ အရှင်မ....။

(ထေရီ) မင်းမြတ်.... မဟာသမုဒ္ဒါ၌ ရေပေါက်များ "ကွမ်းစား = ပြည် ဤမျှပမာဏရှိ၏" ဟူ၍၎င်း, "ရေပေါက် ကွမ်းစားပမာဏအားဖြင့် ရာပေါင်းဤမျှ, ထောင်

WWW.DHAMMARANSI.COM



ပေါင်း ဤမျှ, သိန်းပေါင်း ဤမျှရှိ၏" ဟူ၍ဂုဏ်း ရေပေါက်များကို ရေတွက်ခြင်းငှါ စွမ်းနိုင်သော တစုံတယောက်ဂဏန်းသမား ဖြစ်စေ, လက်ချိုးရေသမား ဖြစ်စေ, အပေါင်းလိုက် ရေသမား ဖြစ်စေ သင်မင်းမြတ်မှာ ရှိပါသလော။

(မင်း) မရှိပါအရှင်မ....၊ အဘယ့်ကြောင့်နည်းဆိုလျှင် မဟာသမုဒ္ဒြာသည် နက်လှပါ၏, မနိုင်းယှဉ်နိုင်ပါ, သက်ဝင်ရန် ခဲယဉ်းပါ၏။

(ထေရီ) မင်းမြတ်.... ဤ အတူပင်လျှင် သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသောရုပ်ကို မြတ်စွာဘုရားသည် ပယ်အပ်ပြီးပြီ, အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်ပြီးပြီ, နုတ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုပြီးပြီ, နောက်ထပ်မဖြစ်အောင် ပြုပြီးပြီ, နောက်တဖန်ဖြစ်ခြင်းသဘော မရှိ။ ရုပ်အစု, ရုပ်ဟူသော ခေါ်ဝေါ်ပညတ်ခြင်းမှ လွတ်တော်မူပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒြာကဲ့သို့ ဂုဏ်တော်နှင့် အဗ္ဗျာသယ နက်နဲလှ၏, မနိုင်းယှဉ်နိုင်, သက်ဝင်ရန် ခဲယဉ်းလှ၏။ ထိုမြတ်စွာဘုရား၏အဖို့ရာ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏" ဟူသော စကား = အချက်သည်လည်း မသင့်တော့ချေ။ "သတ္တဝါသည် သေသည်မှ နောက်၌ မဖြစ်" ဟူသော စကား = အချက်သည်လည်း မသင့်တော့ချေ၊ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း ရှိ၏, မဖြစ်သည်လည်း ရှိ၏" ဟူသော စကား = အချက်သည်လည်း မသင့်တော့ချေ၊ "သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်" ဟူသော စကား = အချက်သည်လည်း မသင့်တော့ချေ။ (မြတ်စွာဘုရား၏ အဖို့ရာ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏ဟူ၍လည်း မဆိုသင့်၊ မဖြစ်ဟူ၍လည်း မဆိုသင့်။ ဖြစ်သည်လည်း ရှိ၏, မဖြစ်သည်လည်း ရှိ၏ ဟူ၍လည်း မဆိုသင့်၊

WWW.DHAMMARANSI.COM



ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်-ဟူ၍လည်း မဆိုသင့်တော့ပြီ”ဟု ဆိုလိုသည်။ နက်နဲလှ၏)။

သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသော ဝေဒနာကို (ပ)၊ သညာကို (ပ)၊ သင်္ခါရတို့ကို (ပ)၊ ဝိညာဏ်ကို မြတ်စွာဘုရားသည် ပယ်အပ်ပြီးပြီ၊ အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်ပြီးပြီ, နုတ်ပြီးသောထန်းပင်ရာကဲ့သို့ ပြုပြီးပြီ, နောက်ထပ်မဖြစ်အောင် ပြုပြီးပြီ, နောက်တဖန်ဖြစ်ခြင်း သဘော မရှိ၊ ဝိညာဏ်အစု, ဝိညာဏ်ဟူသော ခေါ်ဝေါ်ပညတ်ခြင်းမှ လွတ်တော်မူပြီးသော မြတ်စွာဘုရားသည် မဟာသမုဒ္ဒရာကဲ့သို့ ဂုဏ်တော်နှင့် အဗ္ဗာသယ နက်နဲလှ၏, မနှိုင်းယှဉ်နိုင်, သက်ဝင်ရန် ခဲယဉ်းလှ၏။ ထိုမြတ်စွာဘုရား၏အဖို့ရာ “သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်၏”ဟူသော စကား=အချက်သည်လည်း မသင့်တော့ချေ။ (ပ)။ “သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်း မဟုတ်, မဖြစ်သည်လည်း မဟုတ်”ဟူသော စကား = အချက်သည်လည်း မသင့်တော့ချေ။

(ဤကား ကောသလမင်းကြီးနှင့် ခေမာထေရီတို့ ဒုတိယအဆင့် မေး,ဖြေကြပုံတည်း၊ ရှင်းလင်းချက်ကို နောက်၌ ဖော်ပြပေအံ့)။

ထို့နောက် ပသေနဒီကောသလမင်းကြီးသည် ခေမာဘိက္ခုနီမ၏ စကားကို နှစ်သက်ဝမ်းမြောက်၍ နေရာမှထကာ ရှိခိုးပြီးလျှင် အရိုအသေပြု၍ ဖဲသွား လေ၏။ ထို့နောက် ပသေနဒီကောသလမင်းသည် အခါတပါး၌ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် ခေမာထေရီမကို မေးသကဲ့သို့ပင် မြတ်စွာဘုရားရှင်ကို မေးမြန်းပြန်လေသည်၊ မြတ်စွာဘုရားရှင်ကလည်း ခေမာထေရီမ ဖြေဆိုသကဲ့သို့ပင် ဖြေဆိုတော်မူလေသည် (မေး, ဖြေပုံကို ဝိဋကာတ်မြန်မာပြန်၌ ကြည့်ရှုရာ၏)။

ထိုသို့ မြတ်စွာဘုရား၏ ဖြေဆိုတော်မူပုံနှင့် ခေမာထေရီမ၏ ဖြေဆိုပုံတို့ (သဒ္ဒ, ဝိဒ်မ-မျှ မကွဲ) တထပ်တည်း တူညီနေသောအခါ ပသေနဒီကောသလမင်းကြီးသည် အံ့လွန်းအံ့ဩ

WWW.DHAMMARANSI.COM



ပြီးလျှင် "မြတ်စွာဘုရား····အံ့ဖွယ်ရှိပါပေစွ၊ မြတ်စွာဘုရား···· မဖြစ်စဖူး အထူးဖြစ်ပါပေစွ၊ မြတ်စွာဘုရားနှင့် တပည့်မ၏ တရားဟောရာ၌ အနက်အနက်ချင်း သဒ္ဒါသဒ္ဒါချင်း တထပ်တည်း ကျလှပါ၏, ညီညွတ်လှပါ၏, မဆန့်ကျင်ပါ။ မြတ်စွာဘုရား....တချိန်က အကျွန်ုပ်သည် ခေမာဘိက္ခုနီမထံသို့ ချဉ်းကပ်ပြီးလျှင် ဤအကြောင်းကို မေးဖူးပါသည်၊ ထိုအရှင်မသည်လည်း ဤပုဒ်, ဤသဒ္ဒါတို့ဖြင့်ပင် ယခုမြတ်စွာဘုရား ဖြေကြားတော်မူသကဲ့သို့ ဖြေကြားခဲ့ပါပြီ၊ မြတ်စွာဘုရား.... အံ့ဖွယ်ရှိပါပေစွ၊ မြတ်စွာဘုရား....မဖြစ်စဖူးအထူးဖြစ်ပါပေစွ၊ မြတ်စွာဘုရားနှင့် တပည့်မ၏ တရားဟောရာ၌ အနက်အနက်ချင်း သဒ္ဒါသဒ္ဒါချင်း တထပ်တည်းကျလှပါ၏, ညီညွတ်လှပါ၏, မဆန့်ကျင်ပါ" ဟု လျှောက်ထားပြီးလျှင် မိမိပြန်ဖို့ရန် ခွင့်ပန်လျှောက်ထား၍ မြတ်စွာဘုရား၏ ဖြေကြားချက်စကားတော်ကို အလွန်နှစ်သက်ဝမ်းမြောက်ကာ နေရာမှထ၍ မြတ်စွာဘုရားကို ရှိခိုး, အရိုအသေပြုပြီးလျှင် ဖဲသွား = ပြန်သွားလေ၏။ ။ဤကား ခေမာသုတ္တန် အကျဉ်းချုပ်တည်း။

(ဤ၌။ ။သေသည်မှနောက် သတ္တဝါဖြစ်၏ဟူ၍၎င်း, မဖြစ်ဟူ၍၎င်း, ဖြစ်သည်လည်းရှိ မဖြစ်သည်လည်းရှိ ဟူ၍၎င်း, ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်းမဟုတ်ဟူ၍၎င်း မြတ်စွာဘုရား မဟောကြားခြင်း၏ အကြောင်းကို မေးသော (ဒုတိယအဆင့်) အမေးကို ဖြေဆိုရာဝယ်—

(၁) ပရမတ္ထအားဖြင့် ခန္ဓာငါးပါးသာရှိ၍ (ခန္ဓာငါးပါးကိုလွှတ်၍) သတ္တဝါဟူသည် မရှိသောကြောင့် သတ္တဝါဖြစ်, မဖြစ်-ဟူသောအချက်ကို မြတ်စွာဘုရား မဟောကြားအပ်ဟူ၍ (ထိုအဗျာကတသံယုတ် တတိယသုတ်အတိုင်း) ဖြေလျှင်လည်း ပြေလည်၏။

(၂) သို့မဟုတ် ထိုအဗျာကတသံယုတ် စတုတ္ထသုတ်အတိုင်း) ခန္ဓာငါးပါးနှင့်စပ်၍ သစ္စာလေးချက် အနက်သဘောကို မသိသောသူ၏ သန္တာန်မှာသာ သတ္တဝါ ဖြစ်,မဖြစ်နှင့်စပ်သည့် အယူကပါ အဆိုပါ အယူမှားလေးချက် ဖြစ်၏၊ သစ္စာလေးချက် အနက်သဘောကို သိသောသူ၏ သန္တာန်မှာကား ထို သတ္တဝါ ဖြစ်-မဖြစ်နှင့်စပ်သည့်

WWW.DHAMMARANSI.COM



အထက်ပါ အံသိုပါ အံယူမှားလေးချက် မဖြစ်။ မြတ်စွာဘုရားမှာ သစ္စာလေးချက် အနက်သဘောကို အကြွင်းမဲ့ကုန်စင် သိမြင်တော်မူပြီးဖြစ်သောကြောင့် ထိုအယူမှား လေးချက် လုံးဝမရှိ၊ မရှိသောကြောင့် မဟော-ဟု ဖြေလျှင်လည်း ပြေလည်၏။

(၃) သို့မဟုတ် (ထိုအဗျာကတသံယုတ် ပဌမသုတ်အတိုင်း) ခန္ဓာငါးပါး၌ တဏှာဆန္ဒ မကင်းသောသူ၏ သန္တာန်မှာသာ ထိုအယူမှားလေးချက် ဖြစ်၏၊ ခန္ဓာငါးပါး၌ တဏှာဆန္ဒကင်းပြီးသူ၏ သန္တာန်မှာ ထိုအယူမှားလေးချက် မဖြစ်။ မြတ်စွာဘုရားမှာ ခန္ဓာငါးပါး၌(ဝါသနာနှင့်တကွ တဏှာဆန္ဒ အကြွင်းမဲ့ ကင်းပြတ်တော်မူပြီး ဖြစ်သောကြောင့် ထိုအယူမှားလေးချက် လုံးဝမဖြစ်၊ မဖြစ်သောကြောင့် မဟော-ဟု ဖြေလျှင်လည်း ပြေလည်၏။ (ထိုပြင်လည်း ထိုအဗျာကတသံယုတ် ဆင့္ဂမသုတ်၌ ဖြေဆိုပုံအကြောင်း ၄-ချက် လာရှိ၏၊ ထို ၄-ချက် အတိုင်း ဖြေလျှင်လည်း ရှင်းရှင်းနှင့်ပင် ပြေလည်၏)။

ထိုသို့ ပြေလည်နိုင်ပါလျက် ယခု ခေမာထေရီ၏ ဖြေကြားလိုရင်းအချုပ်မှာ– "မင်းမြတ်.... မြတ်စွာဘုရား၏ အဖို့ရာ သေပြီးသည်မှ နောက်ကာလဝယ် သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသော ရုပ်, ဝေဒနာ သညာ, သင်္ခါရ ဝိညာဏ်-ဟူသော ခန္ဓာ ၅-ပါးကို (ယင်းတို့ကို ဖြစ်စေနိုင်သည့် အကြောင်း=သမုဒယကို ပယ်သောအားဖြင့်)ပယ်အပ်ပြီးလေပြီ–မြတ်စွာဘုရားမှာ ပရိနိဗ္ဗာန စုတိစိတ်တော်မှနောက် ခန္ဓာအသစ် ဖြစ်တော့မည်မဟုတ်၊ သို့ရကား မြတ်စွာဘုရားသည် အနာဂတ်ဖြစ်လတ္တံ့သော ခန္ဓာငါးပါး အစုမှလည်း လွတ်တော်မူပြီးဖြစ်၏–နောက်အခါ၌ ခန္ဓာငါးပါးတို့ အသစ်ဖြစ်တော့မည်မဟုတ်သောကြောင့်တည်း။ ထို့ကြောင့်ပင် ဤသို့သဘောရှိသော ပုဂ္ဂိုလ် ဖြစ်တော်မူလိမ့်ဦးမည်ဟု သတ္တပညတ် ပုဂ္ဂလပညတ်လည်း ငြိမ်းပြီးဖြစ်လေသည်၊ ထို့ကြောင့် အနာဂတ ခန္ဓပညတ်မှလည်း လွတ်ပြီးဖြစ်တော်မူလေသည်။ မင်းမြတ်.... မြတ်စွာဘုရားကား မဟာသမုဒ္ဒရာကဲ့သို့ပင် ဂုဏ်တော်အားဖြင့်ရှင်း, အလိုတော်=အဇ္ဈာသယအားဖြင့်ရှင်း နက်နဲလှ၏။ ထိုသို့ ဂမ္ဘီရ, အဇ္ဈာသယ ဂမ္ဘီရ ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ အဖို့ရာ သေပြီးသည်မှ နောက်ကာလ၌ သတ္တဝါဟု ပညတ်လျှင် ပညတ်နိုင်ရာသည့် ခန္ဓာငါးပါးမရှိတော့လေသောကြောင့် သတ္တဝါဟူသော ပညတ်လည်း မရှိတော့ပြီ၊ ထိုသို့မရှိသည်ကို မြင်တော်မူသော မြတ်စွာဘုရား၏ အဖို့ရာ သေသည်မှနောက် သတ္တဝါသည် ဖြစ်၏-စသည် ၄-ချက်လုံးပင်

WWW.DHAMMARANSI.COM



မပြောသင့်တော့ပြီ၊ ထို့ကြောင့် ယင်း ၄-ချက်ကို မြတ်စွာဘုရား မဟော ကြားအပ်"ဟု ဖြေကြားလိုရင်း ဖြစ်သည်။

ယင်းသို့ဖြစ်လျှင် "မြတ်စွာဘုရား၏ အဖို့ရာ ပရိနိဗ္ဗာနစုတိမှ နောက် ကာလ၌ ခန္ဓာအသစ် ဖြစ်ရန်မရှိသောကြောင့် 'သတ္တဝါသည် သေသည်မှ နောက်ကာလ၌ ဖြစ်သလော' ဟူသော ပဌမအမေးအတွက် ဖြစ်၏ ဟု မဖြေဟောလျှင် ရှိတန်စေ၊ 'သတ္တဝါသည် သေသည်မှနောက်ကာလ၌ မဖြစ် ဘူးလော' ဟူသော ဒုတိယအမေးအတွက် 'အာမ=အိမ်း....မဖြစ်ဘူး' ဟုဝန်ခံ ဖြေသင့်သည်မဟုတ်လော"ဟု မေးရန်ရှိပြန်၏။ အဖြေကား— ထိုသို့ဝန်ခံ၍ ဖြေဆိုရန်မှာလည်း ထိုအမေးကိုယ်နှိုက်က ပရမတ္ထ အား ဖြင့် မရှိသော "သတ္တဝါ"ဟူသော ပညတ်ကို မေးအပ်လေသောကြောင့် "အိမ်း....မဖြစ်ဘူး"ဟုသည်း ဝန်မခံအပ်ချေ၊ ဤကား အဖြေတည်း။ (ဋီကာမှ ထုတ်ပြချက်)

ဤ မေးဖြေပုံတို့မှာ သိမ်မွေ့နက်နဲလှဘိတောင်း၊ ထိုသို့ သိမ်မွေ့ နက်နဲစွာ ခေမာထေရီမကြီး ဖြေဆိုခြင်းမှာလည်း အကြောင်းထူး ရှိသည်၊ ထိုအကြောင်းထူးမှာ— ထိုပဌမအဆင့် အမေး ၄-ချက်ပါ "သတ္တဝါ" ဟူသော စကားရပ်ထဲ၌ အမေးရှင် ကောသလမင်းကြီး ကိုယ်တိုင်က မြတ်စွာဘုရားရှင်ကိုပါ ထည့်သွင်းရည်ရွယ်၍ မေးရင်း ဖြစ်သောကြောင့် ခေမာထေရီမကြီးကလည်း မင်းကြီးရည်ရွယ်ဦးတည် ချက် ရှိသည်ကို သိမြင်၍ မြတ်စွာဘုရားနှင့် စပ်သော အကြောင်းတို့ ကိုသာ လေးနက်စွာညွှန်ပြ၍ ဖြေဆိုခြင်းဖြစ်သည်။ ။ဤယခု ခေမာ သုတ္တန်ကား သိမ်မွေ့လှဘိ၏၊ ထို့ကြောင့် သူတော်ကောင်းတို့သည် ဤမျှဖြင့် တင်းမတိမ်ကြပဲ ပညာရှိတို့ထံ တဖန်မေးလျှောက်ကုန်ရာ၏)။

## (ဂ) ဗေဒဂ်ဘွဲ့ထူး ရရှိခြင်း

ဤ ဆိုအပ်ပြီးသောအတိုင်း သာဝတ္ထိပြည်နှင့် သာကေတမြို့ အကြား တောရဏ မည်သောအရပ်၌ ကောသလမင်းကြီးအား ဤခေမာသုတ္တန်ကို ဟောကြားခြင်းသည် ခေမာထေရီမကြီး အဖို့ ရာ ပညာဗေဒဂ်ရရှိရန် အနီးကပ်ဆုံးသော အကြောင်းဖြစ်၏၊ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် နောက်တချိန်ဝယ် ဇေတဝန် ကျောင်းတိုက်တော်၌ သီတင်းသုံးနေတော်မူစဉ် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး = ဌာနန္တရ၌ ထားတော်မူသည် ရှိသော် ခေမာထေရီ ဘိက္ခုနီမကြီးကို—

WWW.DHAMMARANSI.COM



"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာပညာနံ ယဒိဒံ ခေမာ = ရဟန်းတို့... ဉာဏ်ပညာကြီးကြသည့် ငါဘုရား၏ သာဝိကာ = တပည့်မ ဘိက္ခုနီတို့တွင် ခေမာထေရီ ဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "မဟာပညာ = ဉာဏ်ပညာကြီးကျယ်သောအရာ"ဝယ် အသာဆုံးအမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။ ထိုကြောင့်ပင် ခေမာထေရီမကြီးကိုယ်တိုင် မိမိ၏ အပဒါန်၌ ဤဆိုလတ္တံ့သော ဂါထာတို့ကို ဝမ်းမြောက်ဖွယ်ရာ ဟောကြားမိန့်ဆိုအပ်လေပြီ—

(၁) တတော ဝေဠုဝနာရာမ ... 

တတော = ထိုသို့ ရဟန္တာဖြစ်ပြီးသည်မှ နောက်ကာလ၌။ အဟံ = ခေမာတွင်မည့် ငါထေရီသည်။ ဝေဠုဝနာရာမ = သာဝတ္ထိပြည်နှင့် သာကေတမြို့၏ အကြား တောရဏဝတ္ထု-အမည်ရှိသောအရပ်၌။ ကောသလသာမိနာ = ကောသလတိုင်းအလုံးကို ဘုန်းမီးတောက်ပ အစိုးရသော။ ရညာ = ပသေနဒိ ကောသလမင်းတရားသည်။ ပုဋ္ဌိတာ = သိလိုရေးဖြင့် မေးလျှောက်အပ်သည်ဖြစ်၍။ နိပုဏေ ပဉှေ = သိမ်မွေ့လှစွာ ပြဿနာတို့ကို။ ယထာတထံ = မဖောက်မပြန် ဟုတ်မှန်တိုင်း။ ဗျာကရောန္တိ = စိတ်ဖြာခွဲခြား ဖြေကြားခဲ့လေပြီ။

(၂) တဒါ သ ရာဇာ သုဂတံ၊
ဥပသင်္ကမ္မ ပုစ္ဆထ။
တထေဝ ဗုဒ္ဓေါ ဗျာကာသိ၊
ယထာ တေ ဗျာကတာ မယာ။

WWW.DHAMMARANSI.COM



တဒါ = ထိုအခါ၌။ သ-သော ရာဇာ = ကောသလ မည်ခြား ထိုမင်းတရားသည်။ ဘုဂတံ = သာဝတ္ထိပြည်သို့ ပြန်အရောက် မြတ်စွာဘုရားရှင့်ထံတော်မှောက်သို့။ ဥပ-သင်္ကမ္မ = ချဉ်းကပ်သွားရောက်၍။ ပုစ္ဆထ = ပြဿနာ နက်လေး တဖန်မေးလေပြီ။ တဒါ = ထိုသို့မေးလျှောက် သောအခါ၌။ တေ = ထို သိမ်မွေ့လှစွာ ပြဿနာတို့ကို။ မယာ ဗျာကတာ ယထာ = ငါလျှင် ခွဲခြား ဖြေကြားအစ် ကုန်သကဲ့သို့။ တထေဝ = ထိုအတူသာလျှင်။ ဗုဒ္ဓေါ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်စွာ ဘုရားသည်။ ဗျာကာသိ = အနက်, သဒ္ဒါ အကွရာမခြား အဓိပ္ပါယ်တသားတည်းဖြင့် ဖြေကြားတော်မူလေပြီ။

(၃) ဇိနော တသ္မိံ ဂုဏေ တုဋ္ဌော၊
ဧတဒဂ္ဂေ ဌပေသိ မံ။
မဟာပညာနမဂ္ဂါတိ၊
ဘိက္ခူနံ နရုတ္တမော။

နရုတ္တမော = လူတို့ထက်မြတ် ဥက္ကဋ္ဌတဆူ ဖြစ်တော်မူသော။ ဇိနော = ငါးမာရ်အောင်မြင် ဘုရားရှင်ကိုယ် တော်မြတ်သည်။ တသ္မိံ ဂုဏေ = ထို တရားတော်ကို ဟောဖော်ရင့်ကျူး ဂုဏ်ကျေးဇူး၌။ တုဋ္ဌော = နှစ်သက် အားရ ဝမ်းမြောက်တော်မူလှသည်ဖြစ်၍။ မံ = ခေမာထေရီ ခေါ်မည်သမုတ် အကျွန်ုပ်ကို။ မဟာပညာနံ = ကြီးကျယ် စွာဘိ ပညာရှိကုန်သော။ ဘိက္ခူနီနံ = ကိုယ်တော်၏ သာဝိကာ ဘိက္ခုနီမ-များစွာတို့တွင်။ အဂ္ဂါတိ = အသာ ဆုံး အမြတ်ဆုံး ဟူ၍။ ဧတဒဂ္ဂေ = ဧတဒဂ်ရာထူး၌။ ဌပေသိ = ချီးကျူးမြှောက်စား ထားတော်မူလေပြီ။

ဤကား ခေမာထေရီ အကြောင်းတည်း။

WWW.DHAMMARANSI.COM



## (၃) ဥပ္ပလဝဏ္ဏာထေရီ အကြောင်း

### (က) ထေရီမ၏ ရှေးဆုတောင်း

ဤ ဥပ္ပလဝဏ်ထေရီမ၏အလောင်း အမျိုးကောင်းသမီးသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသမီး (= သူဌေးသမီး) ဖြစ်၍ နောက်တချိန်ဝယ် လူများအပေါင်းနှင့် အတူတကွ မြတ်စွာဘုရား အထံတော်သို့ လိုက်ပါသွားရောက်၍ တရားနာစဉ် မြတ်စွာဘုရားရှင်က ဘိက္ခုနီမတပါးကို တန်ခိုးကြီးသောအရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား မဟာဒါနကြီး ပေးလှူပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ကြာညို ပန်းစည်း ခုနစ်စည်းတို့ကို ချထားပူဇော်ကာ ထိုတန်ခိုးကြီးသော အရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး ဌာနန္တရကို ဆုတောင်း ပတ္ထနာမှု ပြုလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားသည်လည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

#### ပစ္စေကဗုဒ္ဓါအား ကြာပန်းလှူခြင်း

ထို သူဌေးသမီး၌ ထိုဘဝသည် အသက်ထက်ဆုံး မြတ်စွာဘုရားနှင့် သံဃာတော်ကို ရိုသေစွာ ပြုစုလုပ်ကျွေးခဲ့၍ ထိုဘဝမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်သို့ လားရောက်ရလေသည်။ ထိုနတ်ပြည်မှတဖန် စုတေပြန်သော် လူ့ပြည်၌တဖန် လူဖြစ်ပြန်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တဆူအား ကြာပန်းနှင့်တကွ ဆွမ်းအလှူဒါန လှူဒါန်းလေသည်။

#### တဖန် သူဌေးသမီးဘဝ

ထို အမျိုးကောင်းသမီးသည် ဤ ယခုဘဒ္ဒကမ္ဘာမှ အဆန်လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာထက်၌ တဖန် ဗာရာဏသီပြည်ဝယ် သူဌေးသမီးဖြစ်ပြန်၍ ဝိပဿီမြတ်စွာဘုရား အမှူးရှိသော သံဃာတော်ကို ရိုသေစွာ ပင့်ဖိတ်ပြီးလျှင် မဟာဒါနကြီးပေးလှူ

WWW.DHAMMARANSI.COM



ဝိပဿီမြတ်စွာဘုရားကို ကြာပန်းဖြင့် ပူဇော်၍ စိတ်ဖြင့်ပင်လျှင် ရုပ်ရည်အဆင်း တင့်တယ်လှပခြင်းကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။

### ကိကီမင်းကြီး၏ သမီးတော်ဘဝ

ထို သူဌေးသမီးသည် ထို ဘဝ၌လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုလုပ်လျက် နတ်ပြည်, လူ့ပြည် အလည့်အလည် ကျင်လည်ကျက်စား၍ လာခဲ့ရာ ဤ ဘဒ္ဒကမ္ဘာဝယ် ကဿပမြတ်စွာ လက်ထက်တော်အခါ၌ ဗာရာဏသီပြည်ဝယ် ကိကီမင်းကြီး၏ (ရှေးဖော်ပြရာပါ) သမီးတော် ခုနစ်ယောက်တို့အနက် နှစ်ယောက်မြောက် သမဏဂုတ္တာမင်းသမီးဖြစ်၍ ခေမာထေရီမအလောင်းနည်းတူ နှစ်ပေါင်းနှစ်သောင်းကြာ ကောမာရီမြဟ္မစရိယအကျင့်ကို ကျင့်၍ ရဟန်းသံဃာအား ပရိဝုဏ်ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်း၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ တဖန် ဖြစ်ပြန်လေ၏။

### ဥမ္မာဒန္တီဘဝ

ထိုနတ်သမီးသည် နတ်ဘဝမှ စုတေပြန်သော် လူ့ပြည်၌ မြတ်သောအမျိုးဝယ် အမျိုးကောင်းသမီး ဖြစ်ပြန်၍ ပူဇော်အထူးကို ခံတော်မူထိုက်သော ကဿပမြတ်စွာဘုရား၏ တပည့် သာဝက ရဟန္တာ မထေရ်မြတ်တပါးအား ရွှေရောင်အဆင်း ဝါဝင်းချောမွေ့သော အဝတ်ကို လှူဒါန်းခဲ့လေသည်။ ( အကြောင်းအရာအကျယ်ကို ငါးရာ့ငါးဆယ် ဇာတ်တော်ဝတ္ထု ပဏ္ဏာသနိပါတ် ဥမ္မာဒန္တီဇာတ်၌ ကြည့်ရှုကုန်ရာ၏)။

ထိုဘဝမှ စုတေလတ်သော် သိဝိတိုင်း အရိဋ္ဌပုရပြည်ဝယ် တိရိဋိဝစ္ဆ-မည်သော ပုဏ္ဏားသူဌေးကြီး၏သမီး၊ ရုပ်ရည် အဆင်း အလွန်လှပတင့်တယ်သော ဥမ္မာဒန္တီသူဌေးသမီး ဖြစ်လာလေသည်။ (ဤဥမ္မာဒန္တီ အကြောင်းအရာအကျယ်ကို ငါးရာ့ငါးဆယ် ဇာတ်တော်ဝတ္ထု ပဏ္ဏာသနိပါတ် ဥမ္မာဒန္တီဇာတ်၌ ကြည့်ရှုကုန်ရာ၏)။

WWW.DHAMMARANSI.COM



## လယ်စောင့် အမျိုးသမီးဘဝ

ထိုဥမ္မာဒန္တီသူဌေးသမီးဘဝမှ စုတေပြန်သော် ရွာငယ် တခု ဝယ် လယ်သမားသမီး ဖြစ်လာပြန်လေသည်။ ထိုသူငယ်မသည် တနေ့သ၌ လယ်လုပ်တဲသို့ သွားလတ်သော် လမ်းခရီးအကြား ရေအိုင်တခု၌ နံနက်စောစော ပွင့်၍နေသော ပဒုမာကြာပန်းကို မြင်တွေ့ရ၍ ရေအိုင်သို့ ဆင်းသက်ကာ ထိုပဒုမာကြာပန်းကိုရင်း, (လယ်လုပ်တဲသို့ရောက်လျှင်) ပေါက်ပေါက်ထည့်ရန် ပဒုမာကြာ ရွက်ကိုရင်း ခူးယူခဲ့၍ လယ်တဲသို့ ရောက်သောအခါ သာလေးနှံ တို့ကို ရိတ်ဖြတ်ပြီးလျှင် လယ်တဲအတွင်း ထိုင်နေလျက် ပေါက် ပေါက်တို့ကို လှော်ပြီးသော် ပေါက်ပေါက်ပွင့်ပေါင်း (၅၀၀) ငါးရာစေ့အောင် တပွင့်စီ တပွင့်စီ ရေတွက်၍ နေလေ၏။

ထိုခဏဝယ် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ်မှ ထတော် မူသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တဆူသည် ကြွလာလတ်၍ ထိုသူ ငယ်မ၏ မနီးမဝေး၌ ရပ်တည်တော်မူလာ၏။ သူငယ်မသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဖူးမြင်ရ၍ ပေါက်ပေါက်ပွင့်တို့နှင့်တကွ ပဒုမာကြာပန်းကို ယူခဲ့ပြီးလျှင် လယ်လုပ်တဲပေါ်မှ ဆင်းခဲ့၍ ပေါက်ပေါက်ပွင့်တို့ကို ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်၌ ထည့် ပြီးလျှင် ပဒုမာကြာပန်းဖြင့် သပိတ်ကို ဖုံးအုပ်၍ လှူဒါန်းလိုက် လေ၏။

ထို့နောက် ပစ္စေကဗုဒ္ဓါအရှင်မြတ် ခရီးအတန်ငယ် ကြွသွား တော်မူပြီးလတ်သော် ထိုသူငယ်မသည် "ရဟန်းတို့မည်သည်မှာ ပန်းကို အလိုမရှိကြကုန်၊ ငါသည် ပန်းကို တဖန် ပြန်ယူ၍ ပန် ဆင်အံ့" ဟု ကြံစည်မိ၍ လိုက်သွားပြီးလျှင် ပစ္စေကဗုဒ္ဓါ အရှင် မြတ်၏ လက်မှ ပန်းကို တောင်းယူပြီးနောက် တဖန် "ဩ.... အကယ်၍သာ အရှင်ပစ္စေကဗုဒ္ဓါသည် ငါလှူသည့်ပန်းကို အလို တော်မရှိခဲ့လျှင် လှူစဉ်ကပင် သပိတ်ထက်၌ တင်ထားခွင့်ပေး မည်မဟုတ်၊ မချွတ်ဧကန်ပင် အရှင်ပစ္စေကဗုဒ္ဓါသည် ငါလှူသည့် ပန်းကို အလိုတော်ရှိပေလိမ့်မည်" ဟု ကြံစည်မိပြန်ကာ တဖန် သွားရောက်၍ အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်ထက်၌ ပဒုမာကြာ

WWW.DHAMMARANSI.COM



ပန်းကို တင်လှူပြန်လေသည်။ (ဤသို့ ပြုမူခြင်းသည် သံသရာ၌ အကျိုးပေး မဖြောင့်ကြောင်း နောက်၌ ထင်ရှားလတ္တံ့)။

ထိုသို့ ပဒုမာကြာပန်းကို တင်လှူ၍ အရှင်ပစ္စေကဗုဒ္ဓါကို ဝန်ချ တောင်းပန်ကန်တော့ပြီးလျှင် "အရှင်ဘုရား....ဤပေါက်ပေါက် ပွင့်များ လှူဒါန်းရသော အကျိုးဆက်ကြောင့် တပည့်တော်မမှာ ဤပေါက်ပေါက်ပွင့်များ အရေအတွက်နှင့်အမျှ ရင်သွေးသည်း ချာ သားရတနာများ ဖြစ်ထွန်းကြပါစေသတည်း။ ထို့ပြင်လည်း ပဒုမာကြာပန်း လှူဒါန်းရသော အကျိုးဆက်ကြောင့် ဖြစ်လေ ရာရာ ဘုံဌာနဝယ် တပည့်တော်မ၏ ခြေလှမ်းတိုင်း ခြေလှမ်း တိုင်း၌ ပဒုမာကြာပန်းတို့ အံ့မခန်း မြေမှ တက်ပေါ်ကြပါစေ သတည်း"ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။

(ဥပ္ပလဝဏ္ဏာ ထေရီအပဒါန်အလိုအားဖြင့်)—ဤသို့ လယ်စောင့်အမျိုးသမီး ပေါက်ပေါက်ပွင့်နှင့် ကြာပန်း လှူ၍ ဆုတောင်းမှုပြုသောအခါ လယ်စောင့်အမျိုးသား ငါးရာတို့သည်လည်း အရှင်ပစ္စေကဗုဒ္ဓါအား ပျားရည်ကို လှူကြ၍ ထိုသူငယ်မ၏ သားငါးရာတို့ ဖြစ်ကြရပါလို ကြောင်း ဆုတောင်းပတ္ထနာမှု ပြုကြလေ၏။

အရှင်ပစ္စေကဗုဒ္ဓါသည် ထို သူငယ်မ ကြည့်ရှုနေစဉ်ပင် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူ၍ ထိုပဒုမာ ကြာပန်းကို နန္ဒမူလိုဏ်၌ အရှင်ပစ္စေကဗုဒ္ဓါတို့ နင်းကြွရာ လှေ ကားရင်းဝယ် ခြေသုတ်ပြုကာ ထားတော်မူလေ၏။

### ပဒုမဝတီဘဝ

ထိုသူငယ်မသည် ထိုကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ထို ဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဥပပါတ်ပဋိသန္ဓေ ယူနေပြန် လေ၏။ နတ်ပြည်၌ ဖြစ်သောအချိန်မှ စ၍ ထိုနတ်သမီး ခြေလှမ်း တိုင်း လှမ်းတိုင်း၌ ကြီးစွာသော ပဒုမာကြာပန်းသည် မြေမှ ထကာ ခြေအောက်၌ ခံလာလေ၏။ ထိုနတ်သမီးသည် ထိုဘဝမှ စုတေပြန်လတ်သော် လူ့ပြည်လောကဝယ် တောင်ခြေ၏အနီး

WWW.DHAMMARANSI.COM



တခုသော ပဒုမာကြာအိုင်ကြီးအတွင်း ကြာတိုက်၌ သံသေဒဇ ပဋိသန္ဓေ ဖြစ်ပွါးယူနေလာလေ၏။ ထိုကြာအိုင်ကို အမှီပြု၍ ရသေ့တပါးသည် နေထိုင်ဆဲဖြစ်၏။ ရသေ့သည် နံနက်စောစော မျက်နှာသစ်ရန် ကြာအိုင်သို့ သွားလတ်သော် ထို(အမျိုးသမီး သန္ဓေတည်ယူနေသည့်) ပဒုမာကြာပန်းကို မြင်ရ၍ "ဤကြာပန်း သည် အခြားကြာပန်းများထက် အထူးသဖြင့် ကြီးလှ၏၊ အခြား ကြာပန်းတို့မှာ ပွင့်ကြ၍ ဤကြာပန်းကြီးမှာမူ ငုံလျက်သာ တည်ရှိ နေ၏၊ ထိုသို့ဖြစ်ရာ၌ အကြောင်းထူး ကေန် ရှိရမည်"ဟု ကြံ၍ ရေသို့ဆင်းကာ ထိုပဒုမာကြာငုံကြီးကို ဆွတ်ခူးယူလေ၏။

ထိုကြာငုံကြီးသည် ရှင်ရသေ့ ဆွတ်ခူးလိုက်လျှင်ပင် ပွင့်၍လာ လေ၏။ ရှင်ရသေ့သည် ပဒုမာကြာတိုက်အတွင်း၌ လျောင်းလျက် နေသော သတို့သမီးကို တွေ့မြင်ရလေ၏၊ ထိုသို့ တွေ့မြင်ရသည့် အချိန်ကပင် အစပြုကာ သမီးဟူသော ချစ်ခြင်းကို ရ၍ ပဒုမာ ကြာပန်းနှင့်တကွ သတို့သမီးကို မိမိသခ်မ်းကျောင်း = ရသေ့ ကျောင်းသို့ ယူဆောင်ကာ ညောင်စောင်းငယ် = ခင္ခင်ငယ်၌ သိပ်၍ထားလေ၏။ ထို့နောက် သတို့သမီး၏ ကုသိုလ်အာနုဘော် ကြောင့် ရှင်ရသေ့၏လက်မ၌ နို့ရည်အယဉ် ဖြစ်ကာ ထွက်၍လာ လေ၏။ ရှင်ရသေ့သည် ထိုပဒုမကြာပန်း ညှိုးနွမ်းလေလျှင် အခြား ကြာပန်းအသစ်ကို ခူးယူ၍ သတို့သမီးကို ထိုကြာပန်းအသစ်၌ သိပ်၍ ထားလေ၏။

ထို့နောက် သတို့သမီးငယ် ပြေးကာ, လွှားကာ ကစားနိုင် သော အချိန်မှ စ၍ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌ ပဒုမာကြာ ပန်းသည် အဆန်းတကြယ် မြေမှ ပေါ်တက်ကာ သတို့သမီး၏ ခြေကို ခံလာလေ၏။ ထိုသတို့သမီး၏ ကိုယ်ရေအဆင်းသည်လည်း ကုကုံမံ (= မာလာကျိုကျ။)အစုအပုံ၏ အဆင်းကဲ့သို့ အလွန်လျှင် တင့်တယ်လှပ၏၊ သတို့သမီးငယ်သည် လူမက နတ်မမှီ (= လူ အဆင်းထက် သာလွန်၍ နတ်အဆင်းကိုမူ မမှီ)ဖြစ်လေ၏။ ထို သတို့သမီးငယ်၏ အမည်ကို ပဒုမာကြာတိုက်၌ ရအပ်သော

WWW.DHAMMARANSI.COM



ကြောင့် ဖခင်ရှင်ရသေ့က "ပဒုမဝတီ"ဟု အမည်ပညတ် မှည့်ခေါ်အပ်လေသည်။ ပဒုမဝတီသည် ဖခင်ရှင်ရသေ့ သစ်သီးရှာရန် တောသို့သွားလျှင် သင်္ခမ်းကျောင်း၌ တယောက်တည်း ကျန်ရစ်နေရ၏။

## ပဒုမဒေဝီမိဖုရားကြီး ဖြစ်လာခြင်း

ပဒုမဝတီသတို့သမီး အရွယ်သို့ ရောက်သောအခါ တနေ့သ၌ ဖခင်ရှင်ရသေ့ သစ်သီးရှာရန် တောသို့သွားခိုက် မုဆိုးတယောက်သည် သင်္ခမ်းကျောင်းသို့ ရောက်ရှိ၍ ပဒုမဝတီ သတို့သမီးကို တွေ့မြင်ရလေလျှင် "လူသားတို့အဖို့ရာ ဤမျှ တင့်တယ်လှပသော အဆင်းမည်သည် မရှိချေ၊ ဤသတို့သမီးကို ငါသိအောင် စုံစမ်းဦးအံ့"ဟု ကြံစည်၍ ရှင်ရသေ့ပြန်လာချိန်ကို စောင့်မျှော်လျက် ထိုင်နေလေ၏။ ပဒုမဝတီသတို့သမီးသည် ဖခင်ရှင်ရသေ့ တောမှ ပြန်လာလျှင် ခရီးရင်ဆိုင် သွားရောက်ဆီးကြို၍ ရှင်ရသေ့၏ လက်မှ ထမ်းပိုး, ရေကရားကို ယူငင်လေ၏၊ သင်္ခမ်းကျောင်းသို့ ရောက်ရှိ ထိုင်နေမိသော ဖခင်ရှင်ရသေ့အတွက် မိမိ ပြုရမည့် ဝတ်များကို ကျေပွန်အောင် ပြုလုပ်ဆောင်ရွက်လေ၏။

ထိုအခါမှာမှ မုဆိုးသည် ထိုသတို့သမီး လူစင်စစ် ဖြစ်ကြောင်း သိ၍ ရှင်ရသေ့ကို ရှိခိုးကာ ထိုင်နေလေ၏။ ရှင်ရသေ့သည် မုဆိုးကို တောသစ်သီး ကြီး-ငယ်, သောက်ရေတို့ဖြင့် တိုက်ကျွေးဧည့်ခံပြီးနောက် "အမောင်ယောကျ်ား....သင်သည် ဤတောအရပ်၌ပင် နေမည်လော၊ သို့မဟုတ် ပြန်သွားမည်လော"ဟု မေးလေ၏။ မုဆိုးက "ပြန်သွားပါမည် အရှင်ဘုရား....၊ ဤတောအရပ်၌ အဘယ်ပြုအံ့နည်း = ဘာမှ ပြုဖွယ်မရှိ"ဟု ပြန်ကြားပြောဆိုလေလျှင် ရှင်ရသေ့သည် "ဤယခု သင် တွေ့မြင်ခဲ့ရသည့်အကြောင်းကို ဤတောအရပ်မှ မြို့သို့ ရောက်သွားသောအခါ မပြောဆိုပဲ နေနိုင်ပါမည်လော"ဟု မေးပြန်လေ၏။ ထိုအခါ မုဆိုးသည် "အကယ်၍ အရှင်မြတ်က အလိုမရှိလျှင် တပည့်တော်

WWW.DHAMMARANSI.COM



သည် အဘယ့်ကြောင့် ပြောဆိုလိမ့်မည်နည်း = မပြောဆိုပါ ဘုရား” ဟု နှစ်သက်အောင် ပြောကြား၍ ရှင်ရသေ့ကို ရှိခိုးပြီးလျှင် တဖန် ပြန်လာသောအခါ (= တဖန် ပြန်လာလျှင်) လမ်းခရီးကို မှတ်မိစိမ့်သောငှါ သစ်ခက်များကို မှတ်သားခြင်း, သစ်ပင်များကို မှတ်သားခြင်း အမှုကိုပြုလျက် ဖဲသွားလေ၏။

မုဆိုးသည် ဗာရာဏသီပြည်သို့ ရောက်လျှင် မင်းကြီးကို သွားရောက် ဖူးတွေ့လေ၏။ ဗာရာဏသီမင်းကြီးက “အမောင်မုဆိုး.... အဘယ့်ကြောင့် ငါ့ထံမှောက်သို့ အမောင်လာရောက်သနည်း”ဟု မေးလေလျှင် မုဆိုးသည် “အရှင်မင်းကြီး....အရှင်မင်းကြီးတို့၏ တောမုဆိုးဖြစ်သူ အကျွန်ုပ်သည် တောင်ခြေ၌ အံ့ဩဖွယ်ကောင်းသော မိန်းမရတနာကို တွေ့မြင်ခဲ့ရ၍ လာရောက်ပါသည်”ဟု ပြောဆိုကာ အကြောင်းအရာ အလုံးစုံကို ပြန်ကြားလျှောက်ထားလေ၏။ မင်းကြီးသည် မုဆိုးစကားကို ကြားသိပြီးနောက် လျင်မြန်စွာ တောင်ခြေသို့ သွားရောက်၍ ရသေ့ကျောင်းနှင့် မနီးမဝေးအရပ်၌ သစ်ခက်တနန်း = ယာယီတနန်း ဖန်ဆင်းတည်ဆောက်ပြီးလျှင် မုဆိုးနှင့်ငင်း, အခြားမင်းချင်း ယောကျ်ားများနှင့်ငင်း အတူတကွ ရှင်ရသေ့ ဆွမ်းကိစ္စပြီး၍ ထိုင်နေသော အချိန်ဝယ် ရသေ့ကျောင်းသို့ သွားရောက်လျက် ရှင်ရသေ့ကို ရှိခိုးကာ အစေ့အစပ်စကား ပြောကြားပြီးလျှင် အပြစ်လွတ်ရာ အရပ်၌ ထိုင်နေလေ၏။

ထို့နောက် မင်းကြီးသည် ရှင်ရသေ့အတွက် ယူဆောင်ခဲ့သော ရသေ့ရဟန်း အသုံးအဆောင်ဘဏ္ဍာများကို ရှင်ရသေ့၏ ခြေရင်း၌ ထားပြီးလျှင် “အရှင်ဘုရား....ဤတောအရပ်ဝယ် အဘယ်အမှု ပြုကုန်အံ့နည်း = ဘာလုပ်ကြမည်နည်း၊ သွားကြပါစို့”ဟု အကဲစမ်းစကား ပြောကြားလေ၏။ ရှင်ရသေ့က “မင်းကြီး.... သင်မင်းကြီးတို့သာ သွားကြပါကုန်လော့” ဟု ပြောဆိုလေလျှင် မင်းကြီးသည် ရှင်ရသေ့ကို “အရှင်ဘုရား....အိမ့်....ကောင်းပါပြီ တပည့်တော် ပြန်သွားပါမည်၊ အလူးအားဖြင့် အရှင်ဘုရား၏

WWW.DHAMMARANSI.COM



အနီး၌ မာတုဂါမတည်းဟူသော=ဝိသဘာဂပရိသတ် ရှိသည်-ဟု တပည့်တော်များ ကြားသိကြရပါသည်၊ ဤမာတုဂါမ = ဝိသ-ဘာဂပရိသတ်သည် ရသေ့ရဟန်းတို့အား မသင့်လျော်ပါ၊ ထို မာတုဂါမ = ဝိသဘာဂ ပရိသတ်သည် တပည့်တော်နှင့် အတူ လိုက်ပါစေချင်ပါသည်”ဟု တိုက်ရိုက်ပင် ပြောကြားလေ၏။

တဖန် ရှင်ရသေ့က “လူတို့၏စိတ်မည်သည်ကို နှစ်သက်စေနိုင်ခဲပါ၏ = ကျေနပ်စေရန် ခဲယဉ်းလှပါ၏၊ ငါ့သမီးသည် အဘယ်သို့လျှင် မင်းမောင်းမ, မိဖုရားတို့အလယ်၌ နေနိုင်လိမ့်မည်နည်း = နေနိုင်လိမ့်မည် မထင်ပါ”ဟု စိုးရိမ်စကား ပြောကြားလေလျှင် မင်းကြီးသည် ရှင်ရသေ့ စိတ်ချရန် “အရှင်ဘုရား....တပည့်တော်များ မေတ္တာတိမ်းညွတ် နှစ်သက်အပ်သောအချိန်မှ စ၍ ကျန်သောမင်းမောင်းမတို့၏ အကြီးအကဲ = မိဖုရားကြီး အရာ၌ ထား၍ ပြုစုစောင့်ရှောက်ပါမည်” ဟု ဖြေသိပ်စကား ပြောကြားလေ၏။

ရှင်ရသေ့သည် မင်းကြီး၏ စကားကို ကြားရလေလျှင် ငယ်စဉ်အခါက မှည့်ခေါ်အပ်သော အမည်အတိုင်း “ချစ်သမီး ပဒုမဝတီ....”ဟု သမီးကို ခေါ်လိုက်လေ၏။ ပဒုမဝတီ သတို့သမီးသည် စကားတခွန်းတည်းဖြင့်ပင် သစ်မ်းကျောင်းမှ ထွက်ခဲ့၍ ဖခင် ရှင်ရသေ့ကို ရှိခိုးပြီးလျှင် ရပ်တည်နေလေ၏။ ဖခင် ရှင်ရသေ့က သမီးကို “ချစ်သမီး....သင်ချစ်သမီးသည် အရွယ်သို့ ရောက်ခဲ့လေပြီ၊ ဤအရပ်ဝယ် မင်းကြီး မြင်အပ်သော အချိန်မှ စ၍ နေခြင်းငှါ မသင့်လျော်ချေ၊ မင်းကြီးနှင့်အတူတကွ လိုက်ပါ သွားလော့ ချစ်သမီး....” ဟု ပြောလေလျှင် ပဒုမဝတီသည် “ကောင်းပါပြီ ဖခင်ဘုရား....”ဟု ဖခင် ရှင်ရသေ့၏ စကားကို မငြင်းမဆန် ဝန်ခံ၍ ရှိခိုးငိုကြွေးကာ ရပ်လျက်သာ နေလေ၏။ ဗာရာဏသီမင်းကြီးသည် “ဤ ပဒုမဝတီ သတို့သမီး၏ ဖခင် ရှင်ရသေ့စိတ်ကို ငါယူအံ့”ဟု ကြံစည်ကာ ထို နေရာ၌ပင်လျှင် ပဒုမဝတီကို ရွှေငွေအသပြာ ရတနာအစုအပုံ၌ တင်ထား၍ အဘိ-သိက် သွန်းဖျန်းမှုကို ပြုလေ၏။

WWW.DHAMMARANSI.COM



### မင်းကြီး မြတ်နိုးလွန်းသဖြင့် အခြား မိဖုရား မောင်းမတို့ ပဒုမဝတီကို မနာလိုကြခြင်း

ထိုနောက် မင်းကြီးသည် ပဒုမဝတီမိဖုရားကို သိမ်းပိုက်၍ မိမိ၏မြို့သို့ ခေါ်ဆောင်သွားပြီးလျှင် ရောက်သောအချိန်မှ အစပြု၍ ကျန်သော မောင်းမမိဿံ, မိဖုရားတို့ကို ကြည့်ရှုမျှ မကြည့်တော့ပဲ ပဒုမဝတီမိဖုရားနှင့်သာလျှင် မွေ့လျော်ပျော်ပိုက်၍နေလေ၏။ အခြားမင်းမိန်းမတို့သည် မနာလိုခြင်း ပြင်းစွာနှိပ်စက်အပ်ကုန်ရကား ပဒုမဝတီမိဖုရားကို မင်းကြီး၏စိတ်၌ အချစ်ကွဲပြီး ပျက်ဆီးလိုကြကုန်သည်ဖြစ်၍ "အရှင်မင်းကြီး....ဤပဒုမဝတီသည် လူစင်စစ်မဟုတ်ပါ၊ အရှင်မင်းကြီးတို့သည် အဘယ်အရပ်မှာ များ လူသားတို့ လှည့်လည်သွားလာရာ ဖဝါးအောက် အရပ်၌ ပဒုမာကြာပန်းတို့ အဆန်းတကြယ် ထပေါ်သည်တို့ကို မြင်အပ်ဘူးပါကုန်သနည်း၊ မချွတ်ဧကန်ပင် ဤပဒုမဝတီသည် ဘီလူးမ ဖြစ်ပါ၏၊ ထိုပဒုမဝတီကို ရွှေနန်းတော်မှ အမြန်နှင်ထုတ်တော်မူကြပါ အရှင်မင်းကြီး...."ဟု မနာလို = ဣဿာစကား ပြောကြားကြလေ၏။ မင်းကြီးသည် ထိုမိန်းမတို့၏ စကားကို ကြားရလေလျှင် စကားတုံ့မပေးပဲ ဆိတ်ဆိတ်သာလျှင် နေတော်မူ၏။

ထို့နောက် တချိန်၌ ဗာရာဏသီမင်းကြီး၏ တိုင်းစွန်ပြည်နား = ပစ္စန္တရစ်အရပ်သည် သူပုန်ထကြွမှုကြောင့် ပျက်လုမတတ် ဖြစ်လေ၏။ မင်းကြီးသည် "ပဒုမဝတီမှာ နှတ်ငုံသန္ဓေ ရှိချေပြီ"ဟု သိတော်မူကာ ပဒုမဝတီမိဖုရားကို ရွှေနန်းတော်၌ ထားခဲ့၍ ပစ္စန္တရစ်အရပ်သို့ သွားလေ၏။ ထိုအခါ ထိုမင်းမိန်းမတို့သည် အခွင့်ကောင်းကို ရရှိကြကာ ပဒုမဝတီမိဖုရား၏ အလုပ်အကျွေး မိန်းမအား လက်ဆောင်တံစိုး ပေးကြပြီးလျှင် "ဤပဒုမဝတီ၏ သားကို ဖွားပြီးလျှင်ပြီးခြင်း လွတ်ရာဖယ်ရှား၍ အခြားသစ်တုံး တခုကို သွေးဖြင့် လိမ်းကျံကာ ပဒုမဝတီ၏ အနီး၌ ထားပါလေ" ဟု မှာတမ်းပြောဆိုထားကြလေ၏။

ပဒုမဝတီမိဖုရားမှာလည်း မကြာမီပင် ကိုယ်ဝန်မှထခြင်း = မီးရှူးသန့်စင် ဖွားမြင်ခြင်း ဖြစ်လေ၏။ မဟာပဒုမမင်းသား တဦး

WWW.DHAMMARANSI.COM



တည်းသာလျှင် မယ်တော်ဝမ်း၌ ပဋိသန္ဓေ ယူနေခဲ့လေသည်။ ကျန်သော (၄၉၉) လေးရာ့ကိုးဆယ့်ကိုးယောက်သော သူငယ်မင်းသားတို့သည် မဟာပဒုမမင်းသား မယ်တော်ဝမ်းမှ ဖွားမြောက်ပြီး၍ စက်လျှောင်းနေသောအခါ သံသေဒဇမင်းသားများ ဖြစ်၍လာကြလေ၏။ = သွေးစက်၌ သံသေဒဇ သန္ဓေစွဲမှီ ဖြစ်လာကြလေသည်။

ထိုအခါ အလုပ်အကျွေးမိန်းမသည် "ဤပဒုမဝတီမိဖုရားကား သတိမရသေး" ဟု သိရှိကာ သစ်သားတုံးတခုကို သွေးဖြင့်လိမ်းကျံ၍ ပဒုမဝတီမိဖုရား၏ အနီး၌ ထားပြီးလျှင် ထိုမင်းမိန်းမတို့အား (ပဒုမဝတီမိဖုရား သားဖွားပြီဖြစ်ကြောင်း) အသိပေးလေ၏။ ထိုမင်းမိန်းမငါးရာလုံးတို့ပင် တယောက်တယောက်လျှင် မင်းသားတယောက်စီ တယောက်စီကို ဖွက်ယူကြ၍ ပွတ်သမားတို့ထံ လူလွှတ်ပြီးလျှင် ကြုတ်အလုံး(၅၀၀)ငါးရာတို့ကို ယူဆောင်ခဲ့ကြစေ၍ မိမိ မိမိတို့ ဆောင်ယူအပ်ခဲ့သော မင်းသားငယ်တို့ကို ကြုတ်တို့၌ အသီးအသီး သိပ်ကြပြီးလျှင် ကြုတ်၏ အပြင်အပ၌ အမှတ်တံဆိပ် ခတ်နှိပ်၍ထားကြလေကုန်၏။

ပဒုမဝတီမိဖုရားသည်လည်း အမှတ်သတိရ၍ အလုပ်အကျွေးမိန်းမကို "အိုအမိ....အသို့နည်း ငါသည် မီးရှူးသန့်စင် ဖွားမြင်ပြီးပြီလော"ဟု မေးလေ၏။ အလုပ်အကျွေးမိန်းမညစ်သည် ပဒုမဝတီမိဖုရားကို ခြိမ်းခြောက်စူအောက်၍ "ရှင်မိဖုရားသည် အဘယ်မှာလျှင် သတို့သားကို ရလိမ့်မည်နည်း" ဟု ရေရွတ်စကားပြောကြားကာ "ဤသည်ပင် ရှင်မိဖုရား၏ ဝမ်းမှ ဖွားသောသူငယ်တည်း" ဟု ပြောဆိုပြီးလျှင် မိမိစီမံထားသည့် သွေးလိမ်းကျံသော သစ်သားတုံးကို ပဒုမဝတီမိဖုရား၏ ရှေ့၌ ချထားလေ၏။ ပဒုမဝတီမိဖုရားက ထိုသစ်သားတုံးကို မြင်ရ၍ နှလုံးမသာမယာဖြစ်ရှိကာ "အမိ...ထိုသစ်သားတုံးကို ခွဲစိတ်၍ လျင်မြန်စွာ ဖယ်ရှားပစ်ပါလော့၊ အကယ်၍ တဦးတယောက် မြင်သွားလျှင် ရှက်ဖွယ်ရာသာ ဖြစ်လေရာ၏" ဟု မချိစကား ပြောကြားလေသော် ထိုအလုပ်အကျွေး မိန်းမညစ်သည် မိဖုရား၏ စကားကို ကြား၍

WWW.DHAMMARANSI.COM



အကျိုးလိုလားသူကဲ့သို့ သစ်သားတုံးကို ခွဲစိတ်၍ မီးဖိုခုံလောက် အတွင်း၌ ပစ်ချလိုက်လေ၏။

မင်းကြီးသည်လည်း ပစ္စန္တရစ်အရပ်မှ ပြန်လာ၍ နက္ခတ်အချိန် ကောင်းကို စောင့်ဆိုင်းငံ့လင့်ကာ မြို့ပြင်ပ၌ သစ်ခုက်တဲနန်း = ယာယီတဲနန်း ဆောက်လုပ် စံမြန်းနေလေ၏။ ထိုအခါ ထိုမိဖုရား မောင်းမမိဿံငါးရာတို့သည် မင်းကြီးအား ခရီးဦးကြိုဆိုရန် လာ ရောက်ကြ၍ "အရှင်မင်းကြီး....အရှင်မင်းကြီးသည် ကျွန်တော်မ တို့အား ယုံကြည်တော်မမူခဲ့ချေ၊ ကျွန်တော်မတို့ လျှောက်ထားခဲ့ သမျှသည် အကြောင်းမဲ့ကဲ့သို့ ဖြစ်ခဲ့ရပါ၏၊ အရှင်မင်းကြီး ယုံ ကြည်တော်မမူလျှင် ပဒုမဝတီမိဖုရား၏ အလုပ်အကျွေး မိန်းမ ကို ခေါ်စေ၍သာ မေးတော်မူပါလော့၊ အရှင်မင်းကြီး၏အမြတ် နိုးဆုံး မိဖုရား ပဒုမဝတီသည် သစ်သားတုံးကြီးကို ဖွားမြင်ခဲ့လေ ပြီ"ဟု ကုန်းချော်စကား ပြောကြားကြလေ၏။ မင်းကြီးသည် ထို အကြောင်းကို မမေးမမြန်း မစူးစမ်းမဆင်ခြင်ပဲ "ပဒုမဝတီကား ဘီလူးမျိုး ဖြစ်လိမ့်မည်"ဟု အထင်လွဲကာ ပဒုမဝတီမိဖုရားကို နန်းအိမ်မှ နှင် ထုတ်လေတော့၏။

ပဒုမဝတီမိဖုရား၏ အဖို့ရာလည်း ရွှေနန်းတော်မှ ထွက်ရ သည်နှင့် တပြိုင်နက်ပင် ပဒုမာကြာပန်းတို့သည် ကွယ်ပျောက်ကြ လေကုန်၏၊ ကိုယ်ခရအဆင်းသည်လည်း ယိုယွင်းဖောက်ပြန် အကျည်းတန်၍ သွားလေ၏။ ပဒုမဝတီသည် တယောက်တည်း သာလျှင် ခိုကိုးရာမဲ့လမ်းခရီးအကြား၌ သွားနေလေ၏။ ထိုအခါ ပဒုမဝတီကို အရွယ်ယွင်းယို အမယ်အိုတယောက်သည် တွေ့မြင် ရ၍ သမီးဟူသော ချစ်ခြင်းကို ဖြစ်စေကာ "သမီး ··· အဘယ်သို့ သွားမည်နည်း" ဟု မေးလေ၏။ ပဒုမဝတီက "အိုမိခင်···· ကျွန် တော်မကား အာဂန္တု = ဧည့်သည် ဖြစ်ပါသည်၊ မိမိနေရာဌာနကို လိုရှာ ရှာဖွေ ရှုကြည့် လှည့်လည်နေပါသည်" ဟု ပြောဆိုလေ လျှင် အမယ်အိုသည် "သမီး····ထိုသို့ဖြစ်လျှင် ဤ (အမေ့)အိမ်သို့ လိုက်ပါလာခဲ့လော့" ဟု ပြောဆိုခေါ်ဆောင်ကာ နေရာထိုင်ခင်း ပေး အစားအစာပါ ကျွေးမွေး၍ ထားလေ၏။

WWW.DHAMMARANSI.COM



## မင်းမိန်းမတို့၏ အလိမ်မှုကြီးပေါ်ခြင်း

ပဒုမဝတီမိဖုရား ဤနည်းဖြင့် အမယ်အိုအိမ်၌ နေထိုင်စဉ် ထိုမင်းမိန်းမငါးရာတို့သည် တစိတ်တည်းဖြစ်ကြကာ မင်းကြီးကို "အရှင်မင်းကြီး···· အရှင်မင်းကြီးတို့ စစ်ထိုးသွားတော်မူကြစဉ် ကျွန်တော်မတို့သည် ဂင်္ဂါမြစ်စောင့်နတ်အား 'အကျွန်ုပ်တို့၏ မင်းကြီးစစ်အောင်နိုင်၍ ပြန်လာလျှင် အသင်ဂင်္ဂါမြစ်စောင့်နတ်အား ဗလိပူဇော်မှုကို ပြုပြီးလျှင် ရေကစားမှု ပြုကြပါကုန်အံ့' ဟု ဆုတောင်းပန်ထွာမှု ပြုလုပ်အပ်ပါသည်၊ အရှင်မင်းကြီး····အရှင်မင်းကြီးတို့ စစ်အောင်မြင်သည့် ထိုအကြောင်းကို ဂင်္ဂါမြစ်စောင့်နတ်ကို အသိပေးကြပါစို့"ဟု လျှောက်ထား ပြောဆိုကြလေ၏။ မင်းကြီးသည် ထိုမင်းမိန်းမတို့၏လျှောက်ထားပြောကြားချက်ဖြင့် ဝမ်းမြောက်ကာ ဂင်္ဂါမြစ်၌ ရေကစားရန် သွားရောက်လေ၏။

မင်းမိန်းမငါးရာတို့သည်လည်း မိမိတို့ ယူအပ်သောကြုတ်များကို ဖုံးလွှမ်းကာ ယူခဲ့ကြ၍ ဂင်္ဂါမြစ်ဆိပ်သို့ ရောက်ကြလျှင် ထိုကြုတ်များကို ဖုံးကွယ်ရန် (မိမိတို့၏ အပေါ်ရုံကိုယ်ဝတ်=ဆာဒီများကို)ခြုံလျက် ရုံလျက်ပင် ရေ၌ ခုန်ဆင်းကြ၍ ကြုတ်တို့ကို စွန့်မျှောလိုက်ကြလေ၏။ ကြုတ်ငါးရာတို့သည်လည်း တစုတရုံးတည်း မျောပါကြကာ ရေအောက် (အောက်ဆိပ်)တွင် ဖြန့်ကြက် ကာရံထားအပ်သော ကွန်ရက် (ပိုက်)၌ ငြိတွယ်၍ နေကြလေကုန်၏။ ထို့နောင်မှ ရေကစားပြီး၍ မင်းကြီးရေမှတက်သောအခါပိုက်ကွန်ကို ချီမရုပ်သိမ်းကြသော သူတို့သည် ကြုတ်တို့ကို အထူးအဆန်းတွေ့ရ၍ မင်းကြီးထံသို့ ပို့ဆက်ကြလေကုန်၏။ မင်းကြီးက ကြုတ်တို့ကို မြင်၍ "အမောင်တို့···· ကြုတ်များအထဲ၌ အဘယ်ပစ္စည်းပါရှိသနည်း"ဟု မေးလတ်သော် ကြုတ်ပို့ဆက်လာကြသော မင်းမှုထမ်းတို့သည် "အရှင်မင်းကြီး ကြုတ်ထဲ၌ အဘယ်ပစ္စည်းပါရှိသည်ကို အကျွန်ုပ်တို့မသိကြပါ (အထူးတဆန်းတွေ့ရ၍ ဆက်သကြခြင်းဖြစ်ပါသည်)"ဟု လျှောက်ထားကြလေ၏။ မင်းကြီးသည် ကြုတ်များကို ဖွင့်စေ၍ ကြည့်ရှုလတ်သော် ရှေးဦးစွာ မဟာပဒုမမင်းသား၏ ကိန်းစံရာကြုတ်ကို ဖွင့်စေမိလေ၏။

WWW.DHAMMARANSI.COM



အထူးအားဖြင့် ထိုမင်းသား ငါးရာလုံးတို့ကို ကြုတ်တို့၌ သိပ်သောနေ့မှာပင် မင်းသားတို့၏ ကောင်းမှုကုသိုလ်တန်ခိုးကြောင့် လက်မမှ နို့ရည်များ ယိုစီးဖြစ်ပွါးလာလေသည်။ သိကြားနတ်မင်းသည် ထိုဗာရာဏသီမင်းကြီး၏ ယုံမှားကင်းစိမ့်သော်ငှါ ကြုတ်တို့၏ အတွင်း၌—

"ဤမင်းသားတို့ကား ပဒုမဝတီမိဖုရား၏ ဝမ်းတိုက်၌ ဖြစ်ပွါးမွေးဖွားကြသည့် ဗာရာဏသီမင်းကြီး၏ သားတော်များ ဖြစ်ကြသည်၊ ထိုသို့ဖြစ်ကုန်လျက် မင်းသားတို့ကို ပဒုမဝတီမိဖုရား၏ ရန်သူ မင်းမိန်းမ ငါးရာတို့သည် ကြုတ်တို့၌ ထည့်ပြီးလျှင် ရေ၌ မျှောလိုက်ကြကုန်ပြီ၊ ဗာရာဏသီမင်းကြီးသည် ဤ အကြောင်းကို သိပါစေသတည်း"—

ဟူ၍ အက္ခရာတို့ကို ရေးထွင်းစေခဲ့လေသည်။

ကြုတ်များကို ဖွင့်လျှင်ဖွင့်ခြင်း မင်းကြီးသည် အက္ခရာတို့ကို ဖတ်၍ မင်းသားတို့ကို တွေ့ရှဲလေလျှင် မဟာပဒုမမင်းသားကို မင်းကြီးကိုယ်တိုင် ပွေ့ချီ၍ "အချင်းတို့ .... အလျင်အမြန် ရထားတို့ကို က-ကြကုန်လော့၊ မြင်းတော်တို့ကို တန်ဆာဆင်ကြကုန်လော့၊ ငါသည် ယနေ့ မြို့တွင်းသို့ ဝင်ပြီးသော် အချို့သောမာတုဂါမတို့အား ချစ်ခြင်းအမှုကို ပြုပေအံ့" ဟု မိန့်ဆိုကာ ရထားစီး၍ မြို့တွင်းနန်းတော်သို့ ဝင်ပြီးလျှင် ပြာသာဒ်သို့ တက်တော်မူ၍ ဆင်တော်၏လည်၌ အသပြာထောင်ထုပ်ကို ဖွဲ့ချည်ထားစေပြီးလျှင် "အကြင်သူသည် ပဒုမဝတီမိဖုရားကို တွေ့မြင်ရ၏၊ ထိုသူသည် ဤအသပြာတထောင်ကို ယူလော့"ဟု စည်လည်စေလေ၏။

ထိုသို့ စည်လည်သောအသံကို ကြားရ၍ ပဒုမဝတီသည် မိခင်အမယ်အိုအား "အို မိခင်....ဆင်တော်၏လည်မှ အသပြာထောင်ထုပ်ကို ယူလိုက်ပါလော့" ဟု ပြောဆို အသိပေးလေ၏။ အမယ်အိုက "သမီး....ငါသည် ဤသို့သော အသပြာကို မယူဝံ့ပါ" ဟု ပြောဆို၍ ပဒုမဝတီက နှစ်ကြိမ်မြောက်ရင်း, သုံးကြိမ်မြောက်ရင်း

WWW.DHAMMARANSI.COM



ယူလိုက်ဖို့ရန် ထပ်၍ထပ်၍ ပြောဆိုအပ်လေလျှင် အမယ်အိုသည် "သမီး....အဘယ်သို့ ပြော၍ ယူလိုက်ရမည်နည်း" ဟု မေးလေ၏။ ပဒုမဝတီက "အိုမိခင်....ငါ့သမီးသည် ပဒုမဝတီမိဖုရားကို တွေ့မြင်ရ၏-ဟု ပြော၍ ယူလိုက်ပါလော့" ဟု ဆိုလေလျှင် အမယ်အိုသည် "ဟုတ်ဟုတ်ဖြားဖြား = ဖြစ်ချင်ရာ ဖြစ်ပစေတော့" ဟု အောက်မေ့ကာ မင်းချင်းတို့စည်လည်ရာသို့ သွား၍ အသပြာတောင်ထုပ်ကို တောင်းယူလေ၏။ မင်း၏လူများက "အိုအဖွား....အဖွားသည် ပဒုမဝတီမိဖုရားကို တွေ့မြင်သလော" ဟု မေးကြလေလျှင် အမယ်အိုသည် "ငါကား....မတွေ့မြင်ပါ၊ ငါ့သမီးသည် ပဒုမဝတီမိဖုရားကို တွေ့မြင်ရသတဲ့" ဟု ပြန်လည်ဖြေကြားလေ၏။

မင်းမှုထမ်းတို့သည် "အိုအဖွား.... အဖွား၏သမီးသည် ယခုအခါ အဘယ်မှာနည်း" ဟု ပြောဆိုကြ၍ အမယ်အိုနှင့် အတူတကွ လိုက်ပါသွားကြလေသော် ပဒုမဝတီမိဖုရားကို တွေ့ရှိမှတ်မိကြ၍ မိဖုရား၏ ခြေရင်း၌ ဝပ်စင်းတုပ်ကွကြလေ၏။ ထိုအခါကျမှ အမယ်အိုသည် "ဤအမျိုးသမီးကား ပဒုမဝတီမိဖုရားတည်း" ဟု သိရှိကာ "အမျိုးသမီးမင်းမိန်းမသည် ဝန်လေးသောအမှုကို ပြုတတကား၊ ယင်းအမျိုးသမီး မင်းမိန်းမသည် ဤသို့ သဘောရှိသည့် မင်းကြီး၏ မိဖုရားကြီးဖြစ်ပါလျက် ဤသို့ သဘောရှိသော အရပ် (ငါ့အိမ်) ၌ အစောင့်ကင်းမဲ့ကာ နေရရှာဘိ၏" ဟု ကရုဏာဒေါသော=သနား၍ စိတ်ဆိုးသောစကားကို ပြောဆိုလေ၏။

မင်းချင်းယောကျ်ားတို့သည်လည်း ပဒုမဝတီမိဖုရား နေသောအိမ်ကို တင်းထိမ်ကန့်လန့်ကာ အဖြူထည်တို့ဖြင့် ဝန်းရံကာ၍ တံခါး၌ အစောင့်အနေ ချထားပြီးလျှင် မင်းကြီးအား အကြောင်းကို ပြန်ကြားလျှောက်ထားကြလေကုန်၏။ မင်းကြီးသည် ရွှေထမ်းစင်ကို ပို့သစေလေ၏။ ပဒုမဝတီမိဖုရားသည် "ငါကား ဤကဲ့သို့ မထင်မရှား ရွှေနန်းတော်သို့ မလိုက်ပါနိုင်၊ ငါ၏ နေထိုင်ရာ ဤအိမ်မှ ရွှေနန်းတော်တိုင်အောင် ဤအတွင်း၌ မွန်မြတ်ဆန်းကြယ်သော အခင်းတို့ကို ခင်းစေပြီးမှ ထို၏အထက်က ရွှေကြယ်တို့ဖြင့် ဆန်းကြယ်သော ပိတ်သားမျက်နှာကြက်ကို ဖွဲ့ကြက်စေပြီးနောက်

WWW.DHAMMARANSI.COM



တန်ဆာဆင်ယင်ရန် မိဖုရားတို့ အဆင်တန်ဆာ အလုံးစုံတို့ကို ပို့အပ်ကုန်သည်ရှိသော် ခြေလျင်သာလျှင် ငါလိုက်ပါပေအံ့၊ ဤနည်းဖြင့် ငါ၏ စည်းစိမ်ချမ်းသာကို မြို့သူ မြို့သားတို့ မြင်ကြရလိမ့်မည်”ဟု ပြောဆိုလေ၏။ မင်းကြီးကလည်း “ပဒုမဝတီမိဖုရား၏ အလိုအတိုင်း ပြုလုပ်စီမံကြလော့”ဟု အမိန့်ပေးစကား ပြောကြားလေ၏။ ထိုနောင်မှ ပဒုမဝတီမိဖုရားသည် အလုံးစုံသော အဆင်တန်ဆာကို တန်ဆာဆင်ပြီးလျှင် “ရွှေနန်းတော်သို့ ငါသွားတော့အံ့”ဟု ခရီးချီလေ၏။ ထိုအခါ “ပဒုမဝတီမိဖုရား ခြေဖြင့် နင်းတိုင်း နင်းတိုင်းသော နေရာ၌ မွှန်မြတ် ဆန်းကြယ်သော အခင်းတို့ကို ဖောက်ခွဲ၍ ပဒုမာကြာပန်းတို့သည် အဆန်းတကြယ် မြေမှထွက်ပေါ်၍ လာလေကုန်၏။ ပဒုမဝတီမိဖုရားသည် လူများအပေါင်းအား မိမိ၏စည်းစိမ်ကို မျက်မြင်ဖော်ပြလျက် မင်းအိမ်= ရွှေနန်းတော်သို့ တက်ရောက်ပြီးလတ်သော် မွှန်မြတ်ဆန်းကြယ်သော အခင်း အားလုံးတို့ကို အမယ်အိုအား ကျေးမွေးခအဖိုး ပြုကာ ပေးစေလေ၏။

## ပဒုမဝတီ၏ သဘောထားကြီးမြတ်ပုံ

မင်းကြီးသည်လည်း ထိုမိဖုရား မောင်းမမိဿံ (၅၀၀)ငါးရာတို့ကို အစုံအညီခေါ်စေ၍ ပဒုမဝတီမိဖုရားကို “ရှင်မိဖုရား…. ဤမိဖုရား, မောင်းမငါးရာတို့ကို ကျွန်မများပြုကာ ရှင်မိဖုရားအား ငါပေး၏”ဟု ပြောဆိုလေ၏။ ပဒုမဝတီမိဖုရားက “ကောင်းပါပြီ အရှင်မင်းကြီး....၊ ဤမင်းမိန်းမငါးရာတို့ကို ကျွန်တော်မအား ပေးအပ်ကြောင်းကို မြို့သူ မြို့သား အားလုံးတို့ကို အသိပေးတော်မူစေချင်ပါသည်”ဟု လျှောက်ထားလေလျှင် မင်းကြီးသည် “ပဒုမဝတီမိဖုရားအား ပြစ်မှားကြသည့် မိဖုရား, မောင်းမ ငါးရာတို့ကို ထိုပဒုမဝတီမိဖုရား၏ ကျွန်မများ ပြုလုပ်ကာ ငါပေးအပ်ကုန်ပြီ”ဟု စည်လည်စေလေ၏။ ပဒုမဝတီမိဖုရားသည် “ယခုအခါ မြို့သူ မြို့သားအားလုံးသည် ထိုမိဖုရား, မောင်းမငါးရာတို့၏ ငါ့ကျွန်မများ ဖြစ်ကြကြောင်းကို ကောင်းစွာ သိအပ်ပေပြီ”ဟု ကြံစည်ဆင်ခြင်သိမြင်ကာ “အရှင်မင်းကြီး….ဘုရား ကျွန်တော်မ

WWW.DHAMMARANSI.COM



သည် မိမိ၏ ကျွန်မများကို တော်ယှန်မင်းစစ် ကျွန်မအဖြစ်မှ ကင်းလွတ်သူများဖြစ်အောင် ပြုလုပ်နိုင်ခွင့်ကို ရပါသလော”ဟု မေးမြန်းလေ၏။ မင်းကြီးက “ရှင်မိဖုရား...ထိုသို့ ပြုလုပ်ရန်မှာ သင်မိဖုရား၏ အလိုအတိုင်းပင် ဖြစ်၏”ဟု မိန့်ဆိုလေလျှင် ပဒုမဝတီမိဖုရားကြီးသည် “အရှင်မင်းကြီး....ထိုသို့ဖြစ်လျှင် ထို စည်လည်ခဲ့သော့မင်းချင်းများကိုပင် ခေါ်စေတော်မူ၍ ‘ပဒုမဝတီ မိဖုရားက မိမိအား ကျွန်မများပြုလုပ်၍ မင်းကြီးပေးအပ်ထည့် မင်းမိန်းမငါးရာ အားလုံးတို့ကိုပင် ကျွန်မအဖြစ်မှ လွှတ်အပ်ကုန် ပြီ’ဟု တဖန် စည်လည်စေလိုပါသည်”ဟု လျှောက်ထားလေ၏။ ပဒုမဝတီမိဖုရားသည် ထိုမင်းမိန်းမ ငါးရာတို့အား ကျွန်မအဖြစ်မှ လွှတ်ပြီးလတ်သော် မင်းသား (၄၉၉) လေးရာ့ကိုးဆယ့်ကိုး ယောက်တို့ကို ထိုမိဖုရား,မောင်းမတို့၏ လက်၌ ပြုစုကျွေးမွေးရန် အပ်နှံပေးပြီးလျှင် ကိုယ်တိုင်ကမူ မဟာပဒုမမင်းသားကိုသာလျှင် ယူလေ၏။

### မင်းသားငါးရာတို့ ပစ္စေကဗုဒ္ဓါဖြစ်ကြခြင်း

ထို့နောက် မင်းသား(၅၀၀)ငါးရာတို့ မြူးထူးပျော်ပါး ကစား သည့်အရွယ်သို့ ရောက်လတ်သော် ခမည်းတော်မင်းကြီးသည် မင်္ဂလာဥယျာဉ်တော်အတွင်း၌ အထူးထူးအပြားပြား မင်းသား တို့ကစားရန် ဌာနများကို (ကစားကွင်း အမျိုးမျိုးကို) ပြုလုပ် စေလေ၏။ မင်းသားတို့သည် အသက်(၁၆)တဆယ့်ခြောက်နှစ် အရွယ်ရှိသောအခါ၌ အားလုံးပင် စုပေါင်းကြ၍ မင်္ဂလာဥယျာဉ် တော်အတွင်း ပဒုမာကြာပန်းအပြည့် ဖုံးအုပ်လျက်ရှိသော မင်္ဂ- လာလေးထောင့်ကန်၌ မြူးရွှင်ပျော်ပါး ကစားကြကုန်သည်ရှိ. သော် ပဒုမာကြာပန်းအသစ်များ ငွါးငွါးစွင့်စွင့် ပွင့်ကြသည် တို့ကိုလည်း, ပဒုမာကြာပန်းဟောင်းတို့ အညှာမှ ကြွေပြတ်ကာ တဖြုတ်ဖြုတ်ကျကြသည်တို့ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ကြ ရ၍ ပစ္စေကဗောဓိ ပါရမီကောင်းမှု ကုသိုလ်တို့၏ လှုံ့ဆော် တိုက်တွန်းချက်အရ—

WWW.DHAMMARANSI.COM



“ဣမဿ တာဝ အနုပါဒိန္နကဿ ဝေဠုပါ ဇရာ ပါပုဏာတိ၊ ကိမင်္ဂ ပန အမှာကံ သရီရဿ။ ဣဒမ္ပိ ဟိ ဇေဝံဂတိကမေဝ ဘဝိဿတိ။

=ကံနှင့်မသိ, မြေ့အဆိနှင့်, ရေသီတာငွေ့, ဥတုအတွေ့ ကြောင့်, ခလေ့ပွင့်ဆန်း, ဤကြာပန်းသို့, ညှိုးနွမ်းရင့်ကာ, ကြေ ကျပါအောင်, ဇရာရန်ဘေး, ရောက်တုံသေး၏....။ လေးရပ် ကြောင်းစု, မေါင်းရှုပြုသား, နုဖပ်ရှန်းစို, ငါတို့ကိုယ်သို့, ထို ကြောက်ဖွယ်ရာ, ဘေးဇရာကား, ဘယ်မှာမရောက်, ရှိတုံမြောက် လိမ့်....။ ညှိုးခြောက်ယှင်းယို, ငါတို့ကိုယ်လည်း, ထိုကြာပန်း သွင်, တနေ့တွင်၌, ရွှေ့ဝင်လျှောကျ, မြေသို့ခ-မည်။ ဧမုချ မချွတ်ပါတကား....”—

ဟု ဝိပဿနာကမ္မဋ္ဌာန်းအာရုံကိုယူကြ၍ ပစ္စေကဗောဓိခေါ်သော (=ဆရာမရှိ မိမိတို့အလိုလို ရုပ်, နာမ် ဓမ္မကို လက္ခဏာယာဉ် သုံးချက်တင်၍ ဆင်ခြင်ပွါးများကာ ရောက်ဆိုက်လာသည့်) မဂ်ဉာဏ်လေးပါးကို ဖြစ်စေကြပြီးလျှင် (=ပစ္စေကဗုဒ္ဓါများ ဖြစ်ကြကာ) မိမိတို့ နေရာမှ ထ၍ ထ၍ ဣဒ္ဓိဝိဓအဘိညာဏ်ဖြင့် ပဒုမာကြာချက်တို့၌ ထက်ဝယ်ဖွဲ့ခွေ (=တင်ပလ္လင်ခွေ) ထိုင်နေ တော်မူကြလေကုန်၏။

ထိုနောက် မင်းသားတို့နှင့် အတူတကွ လာရောက်ကြသည့် မင်းချင်း ယောကျ်ားတို့သည် နေ့အချိန် များစွာ ကုန်လွန်သွား သည်ကို သိရှိကြကာ “အရှင့်သားတို့....အရှင့်သားတို့၏ ရွှေနန်း အိမ် ပြန်ချိန်ကို နှိုင်းချိန်ဆင်ခြင် သိမြင်တော်မူကြပါလော့” ဟု လျှောက်တင်ကြလေကုန်၏။ ထိုအရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် အဖြေမပေးပဲ ဆိတ်ဆိတ်သာလျှင် နေတော်မူကြလေကုန်၏။ မင်းချင်းယောကျ်ားတို့သည် ရွှေနန်းတော်သို့ ပြန်သွားကြ၍ ဗာ-ရာဏသီပြည့်ရှင် ခမည်းတော်မင်းကြီးအား “အရှင်မင်းကြီး.... မင်းသားတို့သည် ပဒုမာကြာချက်၌ ထိုင်နေကြပါသည်၊အကျွန်ုပ် တို့က ရွှေနန်းတော်သို့ပြန်ရန် ပြောကြားကြပါသော်လည်း တစုံ တရာ နှုတ်မြွက်ပြောဆိုမှု မပြုကြပါ”ဟု လျှောက်ထားကြလေ၏။

ထိုအခါ ခမည်းတော်မင်းကြီးက "ငါ၏ သားတော်များအား သူတို့အလိုအတိုင်း နေနိုင်ခွင့် ပေးကြရမည်"ဟု အမိန့်တော်မြွက် မှတ်လေ၏။

မင်းသားပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့သည် တညဉ့်လုံးလုံး အစောင့်အနေများ ချထားခံကြရလျက် ပဒုမာကြာချက်တို့၌ ထိုင်နေတော်မူကြမြဲအတိုင်းပင် နေအရုဏ်ကို တက်စေကြကုန်၏။ မင်းချင်းယောက်ျားတို့သည် နောက်တနေ့၌ အနီးသို့ သွားရောက်ချဉ်းကပ်ကြ၍ "အရှင်မင်းသားတို့...ရွှေနန်းအိမ်ပြန်ချိန်ကို နှိုင်းချိန်ဆင်ခြင် သိမြင်တော်မူကြပါလော့"ဟု လျှောက်ဆိုကြပြန်လေ၏။ မင်းသားပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့က "ငါတို့ကား မင်းသားတို့ မဟုတ်ကြကုန်၊ ငါတို့သည် ပစ္စေကဗုဒ္ဓါတို့ မည်ကုန်၏"ဟု မိန့်ဆိုကြလေလျှင် မင်းချင်းယောက်ျားတို့သည် "အရှင်တို့...အရှင်တို့သည် ဝန်လေးသောစကားကို ပြောကြားကြကုန်ဘိ၏၊ ပစ္စေကဗုဒ္ဓါတို့မည်သည် အရှင်တို့ကဲ့သို့ မဟုတ်ပါကုန်၊ ပစ္စေကဗုဒ္ဓါတို့ဆိုသည်မှာ လက်နှစ်သစ်မျှသော ဆံ, မုတ်ဆိတ်ကိုသာ ဆောင်ကြ= ထားကြကုန်လျက် ကိုယ်၌ ပရိက္ခရာ ရှစ်ပါးတို့ ဆင်မြန်းဝတ်ရုံပြီး ဖြစ်ကြပါသည်= အရှင်တို့မှာမူ ဆံ, မုတ်ဆိတ်လည်း ထားလျက်, မင်းသားတို့ အဆင်တန်ဆာတို့ကို လည်း ဝတ်ဆင်လျက် အဘယ်မှာ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ကုန်အံ့နည်း"ဟု မိမိတို့ သိကြသလောက် ရိုးရိုးပင် ပြောဆိုလျှောက်ထားကြလေကုန်၏။ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့သည် လက်ျာလက်ဖြင့် ဦးခေါင်းကို သုံးသပ်လိုက်ကြလေ၏၊ ထိုခဏမှာပင် လူ့အသွင်ကွယ်ပျောက်၍ ပရိက္ခရာရှစ်ပါးတို့ ကိုယ်၌ ဝတ်ရုံ ဆင်မြန်းပြီးသား ဖြစ်ကြလေကုန်၏။ ထိုနောက်မှ အရှင်ပစ္စေကဗုဒ္ဓါ ငါးရာတို့သည် လူအများ ကြည့်ရှုနေစဉ်ပင် ကောင်းကင်ခရီးဖြင့် နန္ဒမူလကလိုဏ်သို့ ကြွတော်မူကြလေကုန်၏။

**လက်လုပ်စား အိမ့်ရှင်မဘဝ**

ပဒုမဝတီ မိဖုရားကြီးသည်လည်း "ဩ...သားများမိခင် ဖြစ်ရာမှ သားမဲ့မိခင် ဖြစ်ရလေပြီ"ဟု နှလုံးပူပန် စိုးရိမ်ခြင်းသို့ရောက်

WWW.DHAMMARANSI.COM



ရှိကာ ထိုနှလုံးပုပန် စိုးရိမ်ချက်ဒဏ်ဖြင့်ပင် ထိုဘဝမှ စုတေခဲ့၍ ရာဇဂြိုဟ်မြို့တံခါးဝ ရွာငယ်တခုဝယ် မိမိလက်ဖြင့် အလုပ်လုပ်ကာ အသက်မွေးရသော (= လက်လုပ်စား) အမျိုးအိမ်၌ အမျိုးသမီး ဖြစ်ပြန်လေ၏။ နောက်တချိန်ဝယ် အိမ်ထောင်ကျ၍ အရှင်သခင် လင်ယောကျ်ား၏ အိမ်သို့ လိုက်ပါရကာ တနေ့သ၌ လင် ယောကျ်ားအတွက် လယ်တောသို့ ယာဂုဗိုဆောင် သွားလတ် သည်ရှိသော် ထိုမိမိ၏(ရှေးဘဝက)သားအရှင်ပစ္စေကဗုဒ္ဓါငါးရာ တို့အနက် အရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့ ဆွမ်းခံချိန်၌ ကောင်းကင် ခရီးဖြင့် ကြွသွားတော်မူကြသည်ကို မြင်လတ်၍ လျင်လျင်မြန်မြန် သွားရောက်ကာ မိမိ၏အရှင် လင်ယောကျ်ား လယ်လုပ်သမား အား "အိုအရှင်...ပစ္စေကဗုဒ္ဓါတို့ကို ဖူးမြော်ပါလော့၊ ဤပစ္စေက-ဗုဒ္ဓါ အရှင်မြတ်တို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေးကြကုန်စို့"ဟု တိုင်ပင် စကား ပြောကြားလေ၏။ ရိုး-အ-သော လယ်လုပ်သမားသည် "ရှင်မ.... ထိုသူတို့ကား ရဟန်းငှက်တို့ မည်ကြ၏ (= ရဟန်းနှင့် တူသောငှက်များဟု ဆိုလိုသည်)၊ အခြား အရပ်များ၌လည်း (သီဟိုဠ်မူ အလို — အခြား အခါများ၌လည်း) ဤ အတူပင် ကောင်းကင်၌ ပျံသန်း လှည့်လည် ကြကုန်၏၊ ထိုသူတို့ကား ပစ္စေကဗုဒ္ဓါတို့ မဟုတ်ကြကုန်(= ငှက်တွေ)" ဟု ပြောဆိုလေ၏။

အရှင်ပစ္စေကဗုဒ္ဓါ ရှစ်ဆူတို့သည် ထို လယ်လုပ်သမား ဇနီး မောင်နှံတို့ ထိုသို့ ပြောဆိုနေကြစဉ်ပင် ထိုသူတို့၏ မနီးမဝေး အရပ်၌ မြေသို့ သက်ဆင်းတော်မူကြလေကုန်၏။ ထို အိမ်ရှင်မ အမျိုးသမီးသည် ထိုနေ့၌ မိမိအတွက် ဝေစုကျ ရရှိသော ထမင်း, ခဲဘွယ်, ဘောဇဉ်ကို အရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့အား လှူဒါန်း ဆက်ကပ်၍ "နက်ဖြန်ခါလည်း အရှင်မြတ်တို့ ရှစ်ပါးလုံးပင် တပည့်တော်မ၏ ဆွမ်းကို အလှူခံတော်မူကြပါဘုရား" ဟု ပင့် ဖိတ်လေ၏။ အရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့သည် "ကောင်းပြီ ဒါယိ ကာမ....သင်၏ လှူဖွယ်ဝတ္ထုသည် ဤမျှသာလျှင် (= ရှစ်ပါးစာ သာလျှင်) ဖြစ်ပစေ၊ နေရာများလည်း ရှစ်နေရာတို့သာ ဖြစ်ကြ ပစေ၊ ငါတို့မှတပါး အခြားပစ္စေကဗုဒ္ဓါများစွာတို့ကို ဖူးမြင်ရလျှင်

WWW.DHAMMARANSI.COM



သင့်စိတ်သည် သန္ဓါကြည်ညို ပို၍ဖြစ်ရာ၏" ဟု မိန့်တော်မူကြလေ၏။ အိမ်ရှင်မအမျိုးသမီး ( = မယ်တော်ဟောင်း ) သည် နောက်တနေ့၌ နေရာရှစ်နေရာ ခင်းကျင်းပြီး ရှစ်ပါးစာ လှူဖွယ် ဝတ္ထုများကို စီမံ၍ အသင့်စောင့်ဆိုင်း ထိုင်နေလေ၏။

အပင့်ခံ အရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့သည် ကျန်သော ပစ္စေကဗုဒ္ဓါ (၄၉၂) လေးရာ့ကိုးဆယ့်နှစ်ဆူတို့အား "ဒုက္ခငြိမ်းငြား အရှင်ဘုရားတို့...ယနေ့ အခြားအရပ်တပါးသို့ မသွားရောက်ကြပဲ အရှင်တို့၏ မိခင်အား ချီးမြှောက်မှုကို ပြုတော်မူကြပါလော့" ဟု အသိပေး လျှောက်ထားကြလေ၏။ ထိုအရှင်ပစ္စေကဗုဒ္ဓါ(၄၉၂) လေးရာ့ကိုးဆယ့်နှစ်ဆူတို့သည် အရှင်ပစ္စေကဗုဒ္ဓါ ရှစ်ဆူတို့ လျှောက်ထားသော စကားကို ကြားသိကြရ၍ အရှင်ပစ္စေကဗုဒ္ဓါ ဆူရေ (၅၀၀) ငါးရာလုံးတို့ပင် ကောင်းကင်ခရီးဖြင့် ကြွလာကြ၍ မယ်တော့်အိမ် တံခါးဝ၌ ထင်ရှား ဖြစ်တော်မူကြ လေကုန်၏။ မယ်တော်သည်လည်း ရှေးဦးကပင် အသိအမှတ်ရပြီး ဖြစ်သော ကြောင့် များစွာသော ပစ္စေကဗုဒ္ဓါတို့ကို ဖူးမြင် ရသော်လည်း ( အလှူဝတ္ထု မလောက်မည့် အရေးအတွက် ) လုံးဝ မတုန်လှုပ်ချေ၊ အရှင်ပစ္စေကဗုဒ္ဓါငါးရာလုံးတို့ကိုပင် အိမ်တွင်းသို့ ပင့်သွင်း၍ နေရာ (ရှစ်နေရာ) တို့၌ ထိုင်နေစေလေ၏။

> အရှင်ပစ္စေကဗုဒ္ဓါရှစ်ဆူတို့ အစဉ်အတိုင်း တန်းလျက်ထိုင်နေမိကြလျှင် ကိုးဆူမြောက် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အခြား ရှစ်နေရာတို့ကို ဖန်ဆင်း၍ မိမိကိုယ်တိုင် အဦးဖြစ်သောနေရာ၌ ထိုင်နေလေ၏။ နေရာများ တိုးပြန့်ကျယ်ဝန်း လာသလောက် အိမ်ကလည်း တိုးပြန့်ကျယ်ဝန်း၍ လာလေ၏။ ( ဤအရာမျိုးကား တန်ခိုး၏ အရာဖြစ်သည်)။

ဤသို့လျှင် ထို အရှင်ပစ္စေကဗုဒ္ဓါ ငါးရာလုံးတို့ ထိုင်နေတော်မူမိကြလျှင် ထိုမယ်တော်ဟောင်း အိမ်ရှင်မသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ရှစ်ပါးစာ စီရင်ထားအပ်သော အလှူဝတ္ထုကို အရှင် ပစ္စေကဗုဒ္ဓါငါးရာလုံးတို့အား အလိုရှိတိုင်း လောက်လောက်ငင

WWW.DHAMMARANSI.COM



လှူဒါန်းပြီးလျှင် ကြာညိုလက်ရှစ်လက်တို့ကို ဆောင်ယူခဲ့၍ ပင့်ဖိတ်ရင်း ပစ္စေကဗုဒ္ဓါအရှင်မြတ်ရှစ်ဆူတို့၏ ခြေရင်း၌ ချထားပြီးလျှင် "အရှင်မြတ်တို့ဘုရား.... ဖြစ်လေရာ သံသရာဘဝ၌ တပည့်တော်မ၏ ကိုယ်အဆင်းသည် ဤကြာညိုပန်းတို့၏ အတွင်း ကြာတိုက်အဆင်းကဲ့သို့ ဖြစ်ပါစေသား"ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။ အရှင်ပစ္စေကဗုဒ္ဓါငါးရာတို့သည် မယ်တော်အား အနုမောဒနာပြုကြပြီးလျှင် ဂန္ဓမာဒနတောင်သို့သာ ပြန်ကြွတော်မူကြလေကုန်၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ထိုအမျိုးသမီးသည်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်ပြီးလျှင် ဤအကျွန်ုပ်တို့ဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလ၌ သာဝတ္ထိပြည်ဝယ် သူဌေးမျိုး၌ ပဋိသန္ဓေ ယူနေလေ၏။ ထိုသူဌေးသမီး၏ ကိုယ်ရေအဆင်းကား ကြာညိုပန်းတိုက်နှင့်တူသောကြောင့် ထိုသူဌေးသမီး၏ အမည်ကို"ဥပ္ပလဝဏ္ဏာ"ဟူ၍ မှည့်ခေါ်ကြလေ၏။ ဥပ္ပလဝဏ္ဏာသူဌေးသမီး အရွယ်သို့ရောက်သောအခါ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ရှိကြသည့် မင်းများ, သူဌေးများ အားလုံးကပင် ဖခင်သူဌေးကြီး၏ထံသို့ "သူဌေးကြီး၏ သမီးကို ကျွန်ုပ်တို့အား ပေးပါလော့"ဟူ၍ စာသဝဏ်နှင့် တမန်စေလွှတ်တောင်းခံကြလေသည်၊ မတောင်းခံသော မင်း, သူဌေးဟူ၍ မရှိချေ။

ထိုအခါ ဖခင်သူဌေးကြီးသည် "ငါကား သမီးတယောက်တည်းဖြင့် သမီးကို လိုသူအားလုံးတို့၏ စိတ်ကို(=စိတ်ကျေနပ်မှုကို) ရယူခြင်းငှါ မည်သည့်နည်းဖြင့်မျှ စွမ်းနိုင်လိမ့်မည်မဟုတ်၊ သို့ရကား ဥပါယ်တမျဉ်ကို ငါပြုပေအံ့"ဟု ကြံစည်၍ သမီးကို ခေါ်စေပြီးလျှင် "ချစ်သမီး .... ရဟန်းမ ပြုနိုင်ပါမည်လော"ဟု မေးမြန်းလေ၏။ ဥပ္ပလဝဏ္ဏာသူဌေးသမီး ကိုယ်တိုင်က သံသရာနောက်ဆုံးဘဝ၌ ဖြစ်သူ = ပစ္ဆိမဘဝိက သမီးဖြစ်လေသောကြောင့် ဖခင်ကြီး၏ မေးမြန်းပြောဆိုလိုက်သော စကားသည်

WWW.DHAMMARANSI.COM



ဦးခေါင်းထက်ဝယ် လောင်းချလိုက်သည့် အကြိမ်တရာချက်အပ်ပြီးသော ဆီမွှေးကဲ့သို့ ရှိလေ၏။ သို့ရကား ဖခင်သူဌေးကြီးကို "ရဟန်းမ-ပြုပါမည် ဖခင်····"ဟု ဝမ်းမြောက်ဝမ်းသာ ဖြေကြားပြောဆိုလိုက်လေ၏။

ဖခင်သူဌေးကြီးသည် သမီးဥပ္ပလဝဏ္ဏာအား ကြီးစွာသော ချီးမြှောက်သက္ကာရမှု ပြုလုပ်၍ ဘိက္ခုနီကျောင်းသို့ ခေါ်ဆောင်ပြီးလျှင် ရှင်, ရဟန်းမ-ပြုလုပ်စေလေ၏။ ဥပ္ပလဝဏ္ဏာ ဘိက္ခုနီမ ရဟန်းပြု၍ မကြာမြင့်မီပင် ဥပုသ်အိမ် သိမ်အပြင်၌ ဝတ်ပြုရန် အခါအခွင့်အလှည့် ကျရောက်လေ၏။ ဥပ္ပလဝဏ္ဏာဘိက္ခုနီမသည် ဆီမီးကို ညှိထွန်း၍ ဥပုသ်အိမ်သိမ်အပြင်ကို တံမြက်လှည်းပြီးလျှင် ဆီမီးတောက်အညွန့်၌ ကမ္မဋ္ဌာန်း အာရုံနိမိတ်ကို ရယူလျက် ရပ်တည်လျက်ပင် အကြိမ်ကြိမ် အဖန်ဖန် ဆီမီးညွန့်ကို ကြည့်ရှု၍ တေဇောကသိုဏ်းကို ပွါးများ အားထုတ်လေရာ မကြာမီပင် တေဇောကသိဏဈာန် (=တေဇောကသိုဏ်းကိုအာရုံပြုသော ဈာန်)ကို ရ၍ ထိုတေဇောကသိဏဈာန် သမာဓိကို အခြေပြုကာ ဝိပဿနာတရား ပွါးများအားထုတ်လေလျှင် မကြာမီပင် အရ-ဟတ္တဖိုလ်သို့ ရောက်လေ၏=ရဟန္တာထေရီမ-ဖြစ်လေ၏။ အရ-ဟတ္တဖိုလ်သို့ ရောက်သည်နှင့် တပြိုင်နက်ပင်လျှင် ရှေးဆုတောင်းအတိုင်း တန်ခိုးဣဒ္ဓိပါဒ်ဖန်ဆင်းခြင်း၌ ဝသီဘော်ငါးတန် လေ့လာနိုင်နင်းပြီးသူ ဖြစ်လေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ဥပ္ပလဝဏ္ဏာ ရဟန္တာထေရီမသည် နောက်တချိန် (မြတ်စွာဘုရားရှင် ခုနစ်ဝါမြောက် ရောက်လတ်သောအခါ)ဝယ် ယမိုက်ပြာဋိဟာ ပြတော်မူရာနေ့၌ "မြတ်စွာဘုရား.... တပည့်တော်မ တန်ခိုးပြာဋိဟာကို ပြုပါရစေဘုရား"စသည်ဖြင့် မန္တံမကြောက် ခြင်္သေ့ဟောက်သကဲ့သို့ ရဲရဲတောက်စကား လျှောက်ထားခဲ့လေသည်(လျှောက်ပုံအကျယ်ကို အောက် မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၅၁၇-၌ ပြန်၍ ကြည့်ရှုကုန်ရာ၏)။ မြတ်စွာဘုရား

WWW.DHAMMARANSI.COM



ရှင်သည် ဤအကြောင်းကို အကြောင်းပြု၍ နောက်တချိန်ဝယ် ဇေတဝန်ကျောင်းတိုက်၌ နေထိုင်တော်မူကာ ဘိက္ခုနီမတို့ကို ရာထူး=ဌာနန္တရ၌ ထားတော်မူသည်ရှိသော် ဤဥပ္ပလဝဏ္ဏာ ရဟန္တာထေရီမကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဣဒ္ဓိမန္တီနံ ယဒိဒံ ဥပ္ပလဝဏ္ဏာ=ရဟန်းတို့...တန်ခိုး=ဣဒ္ဓိနှင့် ပြည့်စုံကြသည့် ငါဘုရား၏ တပည့်မ=သာဝိကာ ဘိက္ခုနီမတို့တွင် ဥပ္ပလဝဏ္ဏာဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ဣဒ္ဓိမန္တီ=တန်ခိုးဣဒ္ဓိနှင့် ပြည့်စုံသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား ဥပ္ပလဝဏ္ဏာထေရီ အကြောင်းတည်း။

---

## (၄) ပဋာစာရာထေရီအကြောင်း

### (က) ထေရီမ၏ ရှေးဆုတောင်း

ဤပဋာစာရာ ထေရီမအလောင်း အမျိုးကောင်းသမီးသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး (=သူဌေးသမီး) ဖြစ်၍ နောက်တချိန်ဝယ် မြတ်စွာဘုရား၏ တရားဒေသနာကို နာယူစဉ် မြတ်စွာဘုရားရှင်က ဘိက္ခုနီမ တပါးကို ဝိနည်းပိဋကတ်ကို ဆောင်သောအရာဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျပြီးကာ အဓိကာရ ကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုဝိနယဓရ ဧတဒဂ်=ဝိနည်းပိဋကတ်ကို ဆောင်သောအရာဝယ် အသာဆုံး အမြတ်ဆုံး ရာထူး ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ ပဒုမုတ္တရမြတ်စွာ ဘုရားရှင်ကလည်း ရှေးနည်းအတူ ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

WWW.DHAMMARANSI.COM



### ကိကီမင်းကြီး၏ သမီးတော်ဘဝ

ထို သူဌေးသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ကဿပ မြတ်စွာ လက်ထက်တော်အခါဝယ် ကိကီမင်းကြီး၏ ရှေးဖော်ပြ ရာပါ သမီးတော် ခုနစ်ယောက်တို့တွင် သုံးယောက်မြောက် "ဘိက္ခုနီ"မည်သော သမီးတော်ဖြစ်၍ နှစ်ပေါင်းနှစ်သောင်းကြာ ကောမာရိဗြဟ္မစရိယအကျင့်ကို ကျင့်လျက် ရဟန်းသံဃာတော် အား သံဃာ့အရာမ် ပရိဝုဏ်ကျောင်းတိုက်ကြီး ဆောက်လုပ် လှူ ဒါန်းခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ထို မင်းသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကိုပြု၍ ထိုဘဝမှ စုတေပြန်သော် တဖန် နတ်ပြည်၌ဖြစ်၍ ဘုရားနှစ်ဆူ တို့၏အကြား မရေမတွက်နိုင်သော နှစ်ပရိစ္ဆေဒ ကာလပတ်လုံး သမ္ပတ္တိ = စည်းစိမ်ကို ခံစား၍ ဤ အကျွန်ုပ်တို့၏ မြတ်စွာဘုရား ရှင် ပွင့်ထွန်းတော်မူရာကာလဝယ် သာဝတ္ထိပြည်၌ သူဌေးသမီး ဖြစ်၍ လာလေ၏။

ထို သူဌေးသမီးသည် နောက်အဖို့ဝယ် အရွယ်သို့ရောက်လတ် သော် မိမိအိမ်၌နေသူ အလုပ်သမား တယောက်နှင့် မေတ္တာ သက်ဝင် ချစ်ခင်၍ နောက်တချိန်ဝယ် မိဘတို့က မျိုး = ဇာတ် ဂုဏ်တူ သူဌေးသားတယောက်နှင့် ထိမ်းမြားမှုပြုအံ့ဆဲဆဲ ထို သူဌေးသားအိမ်သို့ လိုက်ပါရအံ့ဆဲဆဲ ဖြစ်လတ်သော် မေတ္တာ သက်ဝင် ချစ်ခင်ခဲ့ရင်းဖြစ်သော အိမ်ကျွန် အလုပ်သမားအား "အမောင်သည် နက်ဖြန်မှစ၍ ငါ့ကို တံခါးပေါက်ပေါင်း တရာ ဖြင့်လည်း မြင်ခွင့်ရတော့မည်မဟုတ် = မိဘများ ပေးထိမ်းမြား သည့် သူဌေးသားအိမ်သို့ လိုက်ပါရမတော့မည်၊ အမောင့်မှာ အလုပ်ရှိလျှင် ယခုပင် ငါ့ကို ခေါ်ဆောင်၍ သွားလော့ = ပြေးလော့"ဟု အသိပေးစကား ပြောကြားလေ၏။ ထို အိမ်ကျွန် အလုပ်သမားသည် "ကောင်းပြီ ရှိစေတော့"ဟု ဝန်ခံ၍ သင့်

လျှော်လျောက်ပတ်သော လက်ဆောင်ဥစ္စာနှစ်ကို ယူဆောင်ကာ သူဌေးသမီးကို ခိုးဆောင်၍ သာဝတ္ထိပြည်မှ သုံး,လေးယူဇနာတို့ တိုင်တိုင် ဖဲခွါထွက်ပြေးခဲ့ပြီးလျှင် ရွာငယ်တခု၌ နေထိုင်လေ၏။

နောက်တချိန်ဝယ် ထိုသူဌေးသမီး၏ ဝမ်းကြာတိုက်၌ ကိုယ်ဝန်သန္ဓေ တည်ရှိလေ၏၊ သူဌေးသမီးသည် ကိုယ်ဝန်ရင့်ကျက်လတ်သော် အရှင်သခင် လင်ဖြစ်သူကို "အရှင်....ဤအရပ်သည် ကျွန်တော်မတို့အဖို့ရာ ကိုးကွယ်အားထားရာ မဲ့သောအရပ် ဖြစ်လေသည်၊ ထို့ကြောင့် မိဘအိမ်သို့ ပြန်သွားကြပါစို့"ဟု တိုင်ပင်စကား ပြောကြားလေ၏။ လင်ယောကျ်ားဖြစ်သူက မပြန်ဝံ့သဖြင့် "ယနေ့ သွားကြကုန်အံ့, နက်ဖြန် သွားကြကုန်အံ့" ဟု အချိန်ကို ကုန်စေလတ်သည်တွင် သူဌေးသမီးသည် မိမိလင်ယောကျ်ား၏ အကြောင်းကိုသိ၍ "ဤသူမိုက်သည် ငါ့ကို မိဘထံသို့ ပို့ဆောင်လိမ့်မည်မဟုတ်"ဟု ဆင်ခြင်မိ၍ လင်ယောကျ်ား အပြင်အပသို့ ခရီးသွားခိုက် "ငါတယောက်တည်းပင် မိဘအိမ်သို့ သွားတော့အံ့"ဟု ကြံစည်၍ ခရီးထွက်ခဲ့လေ၏။

လင်ယောကျ်ားဖြစ်သူသည် အိမ်သို့ပြန်လာ၍ သူဌေးသမီးကို မတွေ့ရလေလျှင် အိမ်နီးချင်းတို့ကို မေး၍ မိဘအိမ်သို့ ပြန်သွားကြောင်း ကြားသိရလေသော် "သြ....ငါ့ကို အမှီပြု၍ အမျိုးကောင်းသမီးသည် ကိုးကွယ်ရာမဲ့ ဖြစ်ရရှာချေ၏"ဟု သနား ကရုဏာ ပြင်းစွာဖြစ်ရှိလျက် ဇဝါးခြေထပ်ထက်ကြပ်မကွာ အပြေး လိုက်ပါလေသော် လမ်းခရီးအကြား၌ သူဌေးသမီးကို မှီလေ၏။ ထိုသူဌေးသမီးမှာလည်း လမ်းခရီး အကြားမှာပင် ကိုယ်ဝန်မှထခြင်း = မီးရှူးသန့်စင် ဖွားမြင်ခြင်းသည် ဖြစ်လေ၏။ ထိုအခါ ဇနီးမောင်နှံ နှစ်ယောက်လုံးတို့ပင် "ငါတို့သည် အကြင်သားဖွားရန်အတွက် မိဘအိမ်သို့ သွားကြကုန်လေရာ၏၊ ထိုသားဖွားခြင်းကိစ္စကား လမ်းခရီးအကြား၌ပင် ပြီးခဲ့လေပြီ၊ ယခုအခါ သွားရောက်၍ အဘယ်အမှု ပြုကုန်အံ့နည်း = ပြုဖွယ်ကိစ္စ မရှိကြတော့ကုန်"ဟု သဘောတူတိုင်ပင်ညှိနှိုင်း၍ ထိုနေရင်း တောရွာငယ်သို့ပင် ပြန်ကြလေကုန်၏။

WWW.DHAMMARANSI.COM



နောက်တချိန်ဝယ် တဖန် ထို သူဌေးသမီး၏ ဝမ်းကြာတိုက်၌ ကိုယ်ဝန်သန္ဓေ တည်ပြန်လေ၏။ သူဌေးသမီးသည် ရှေးနည်းအတူပင် ကိုယ်ဝန် ရင့်ကျက်လတ်သော် မိဘရပ်ထံ ပြန်ဖို့ရန် လင်ယောကျ်ားကို ပြောကြားပါသော်လည်း လင်ယောကျ်ားဖြစ်သူသည် ရှေးနည်းအတူပင် "ယနေ့ သွားကြမည်, နက်ဖြန် သွားကြမည်" ဟု အချိန်ဆွဲနေသဖြင့် သူဌေးသမီး တယောက်တည်း မိဘအိမ်သို့ သွားရန် ခရီးထွက်၍ ရှေးနည်းအတူပင် လင်ယောကျ်ားလိုက်လာကာ လမ်းခရီးအကြား၌ မှီလေ၏။

ထိုသူဌေးသမီး လမ်းခရီးအကြား ကိုယ်ဝန်မှထခြင်း = မီးရှူးသန့်စင် ဖွားမြင်ခြင်း ဖြစ်ပြီးလျှင် ပြီးခြင်းပင် အရပ်လေးမျက်နှာတို့၌ မိုးကြီးသည်းစွာ ထပေါ်ရွာသွန်းလာလေသည်။ သူဌေးသမီးသည် လင်ယောကျ်ားကို "အရှင်....ညဉ့်အခါဝယ် အရပ်လေးမျက်နှာတို့၌ မိုးကြီးသည်းစွာ ထပေါ်ရွာသွန်းလာခဲ့ပြီ၊ ကိုယ်တို့ နေထိုင်ရန်ဌာနကို (သီဟိုဠ်မူအလို-မိုးမစွတ်ရာဌာနကို) ပြုလုပ်ရန် အားထုတ်ပါလော့"ဟု ပြောဆိုလေ၏။ လင်ယောကျ်ားသည် "ကောင်းပါပြီ ဆောက်လုပ်ပေးပါမည်" ဟု သူဌေးသမီးကို နှစ်သိမ့်စကား ပြောကြား၍ ရနိုင်သမျှသော ထင်းချောင်းတုတ်တံတို့ဖြင့် တဲကုပ်ကလေး ဖြစ်ကတတ်ဆန်း ဆောက်လုပ်ပြီးလျှင် "မိုးဖို့ရန်မြက်ကို ငါဆောင်ချေဦးအံ့" ဟု ကြံ၍ ညဉ့်အခါ ဖြစ်သဖြင့် တောင်ပို့ရှိသည်, မရှိသည်ကို မသိရှာပဲ တခုသော တောင်ပို့အခြေ၌ မြက်ကို နုတ်ဖြတ်လေ၏။

ထိုအခါ ထိုယောကျ်ားကို တောင်ပို့၌ စင်း၍ = အိပ်၍နေသော မြွေဟောက်သည် ခြေ၌ပေါက်လိုက်လေ၏၊ ထိုယောကျ်ားသည် ထိုနေရာ၌ပင် လဲကျသေဆုံးလေတော့၏။ သူဌေးသမီးသည်လည်း "ယခုပင် လာတော့မည်,ယခုပင် လာတော့မည်"ဟု မျှော်လင့်ရင်း ညဉ့်သုံးယံကို ကုန်လွန်စေလျက် "ဧကန်ပင် ငါ့ကို ထိုယောကျ်ားသည် 'ဤသူမ-ကား ကိုးကွယ်ရာ မဲ့သူတည်း'ဟု လမ်းခရီး၌ စွန့်ပစ်၍ သွားသည် ဖြစ်လိမ့်မည်"ဟု ကြံစည်အောက်

WWW.DHAMMARANSI.COM



မေ့ကာ အရုဏ်ရောင် အလင်းရောင် ဖြစ်ပေါ်လာသောအခါ၌ ခြေရာခံလိုက်သွားလျက် ထိုမှ၍မှ ကြည့်ရှုလတ်သော် တောင်ပို့ ခြေ = တောင်ပို့အနီး၌ လဲကျသေဆုံးနေသော လင်ယောက်ျားကို တွေ့ရ၍ "ငါ့ကို အမှီပြု၍ ယောက်ျားသည် ဆုံးရှုံးပျက်စီးရှာလေ ပြီ" ဟု သည်းစွာ ငိုကြွေးလျက် သားငယ်ကို ခါးထစ်ဖြင့်ချီကာ, သားကြီးကို လက်ကဆွဲကိုင်စေ၍ လမ်းခရီးအတိုင်း လိုက်ပါသွား လေသော် ခရီးအကြားဝယ် (နက်သည်ဟုတင်ရသည့်) တိမ်သော မြစ်ငယ်=ချောင်းငယ်တခုကို တွေ့ရ၍ "ငါကား သားနှစ်ယောက် လုံးတို့ကို တပြိုင်နက်တည်းယူဆောင်၍ ကူးသွားခြင်းငှါ တတ်နိုင် မည်မဟုတ်" ဟု ဆင်ခြင်မိကာ သားအကြီးကို ဤမှာဖက်ကမ်း၌ ထားခဲ့၍ သားအငယ်ကို ထိုမှာဖက်ကမ်းသို့ ပို့ဆောင်ပြီး အခင်း အဝတ်၌ သိပ်ထားပြီးမှ တဖန် ပြန်၍ "သားအကြီးကို ငါယူချီ ကာ ဤမြစ်ကို ကူးသွားတော့အံ့" ဟု ကြံစည်လျက် မြစ်အတွင်း= ချောင်းအတွင်းသို့ သက်ဆင်းရှာလေ၏။

ထိုနောက် သူဌေးသမီး မြစ်အလယ် = ချောင်းအလယ်သို့ ရောက်သောအခါ၌ သိန်းစွန်ရဲတကောင်သည် "ဤဝတ္ထုကား သားတစ်တည်း" ဟူသော အမှတ်ဖြင့် သားအငယ်ကို ထိုးသုတ် ရန် တဟုန်တည်း ပျံသန်းလာလေ၏။ သူဌေးသမီးသည် ခရီး ဝေးနေသဖြင့် လက်ကိုသာ ဆန့်တန်းကာ သိန်းစွန်ရဲကို ပြေး စေရန် အသံပြုရရှာလေ၏။ မိခင်သူဌေးသမီး၏ ထိုကဲ့သို့ လက် ဆန့်တန်းသော အမူအရာကို မြင်ရ၍ သားအကြီးသည် "ငါ့ကို မိခင်သည် ခေါ်၏" ဟူသော အမှတ်သညာဖြင့် မြစ်ချောင်းတွင်းသို့ ပြေးဆင်းလာလတ်သော် ချောင်းရေအဟုန်ဖြင့်တိမ်းလဲကာရေစီး ရာသို့ မျောပါသေဆုံးရှာလေ၏။ သိန်းစွန်ရဲသည်လည်း သူဌေး သမီး အနီးသို့မရောက်မီပင် သားအငယ်ကို သုတ်ချီယူဆောင်၍ သွားလေတော့၏။ သူဌေးသမီး ဒုက္ခသယ်သည် စိုးရိမ်ကြီးစွာ နှိပ်စက်အပ်လေရကား လမ်းခရီးအကြားဝယ်—

"ဥဘော ပုတ္တာ ကာလင်္ကတာ၊
ပန္ထေ မယှံ ပတိ မတော။

WWW.DHAMMARANSI.COM



မယံ = သူဌေးသမီး စောင့်စည်းရန်ဝတ် ယွင်းချွတ် ပျက်ကာ သို့ကြောင်းရာကြောင့် ပဋာစာရာ သညာမည်ထ ကျွန်တော်မ၏။ ဥဘော ပုတ္တာ = အကြီး, အငယ် သား နှစ်သွယ်တို့သည်။ ကာလကတာ = တဦးရေမြုပ် တဦးကို သိမ်းသုတ်သဖြင့် ဆုံးချုပ်ပျက်စီးခဲ့ကြလေပြီ။ ပန္ထေ—ခရီး မဲ့တီး လမ်းခရီး၌။ ပတိ = အားကိုး အားထား လင် ယောက်ျားသည်။ မတော = စုတိပြတ်ကြွေ သေခဲ့လေပြီ တကား"—

ဟူသော ဤငိုချင်းဂါထာဝက်ကို နှုတ်မြွက်ဟစ်ငို ရွတ်ဆိုလျက် သာဝတ္ထိပြည်ဖက်သို့ ဦးတည် ခရီးချီရှာလေ၏။

ပဋာစာရာ သူဌေးသမီးသည် ဤသို့ဟစ်ငို ရွတ်ဆိုလျက်ပင် သာဝတ္ထိပြည်သို့ ဆိုက်ရောက်ကာ မိဘအိမ်အနီးသို့ပင် ရောက်ရှာ ပါသော်လည်း သောကအဟုန်အားကြီးသဖြင့် မိမိ၏မိဘအိမ်ကို မမှတ်မိနိုင်ရှာပဲ အနီး၌တွေ့သောသူများကို "ဤအရပ်မှာ ဤသို့ သဘောရှိသော သူဌေးအိမ် ရှိပါသည်၊ ထိုအိမ်သည် အဘယ် အိမ်ပါနည်း" ဟု မေးမြန်းရှာလေ၏။ ထိုလူများက "ရှင်မသည် ထိုသူဌေးအိမ်ကို မေးမြန်း၍ အဘယ်အမှုကို ပြုနိုင်တော့အံ့နည်း= ဘယ်အမှုကိုမှ ပြုနိုင်တော့မည်မဟုတ်ပါ၊ ထိုသူဌေးမိသားစုတို့၏ နေအိမ်သည် ယမန်နေ့ညဉ့်က လေပြင်း တိုက်ခတ်သောကြောင့် ပြိုကျခဲ့လေပြီ၊ ထို တိုက်ပြိုကြီးထဲမှာပင် သူဌေးမိသားစုအားလုံး တို့လည်း အသက်ပျောက်ရှာကြလေပြီ၊ ထိုသို့ အသက်ပျောက် သောအခါ ထိုသူဌေးမိသားစုကြီး,ငယ်တို့ကို ထင်းပုံတခုတည်း၌ ပင်လျှင် ဈာပနမှု = မီးသဂြိုဟ်မှု ပြုကြရလေသည်၊ (မီးခိုးညွန့် တက်ရာကို ညွှန်ပြကြလျက်) ထိုမီးခိုးလိပ် = မီးခိုးအညွန့် တတွန့် တွန့်တက်အောင် ထင်ရ, မြင်ရသည်ကိုသာ ရှင်မ ကြည့်ရှုပါလော့" ဟု ဝမ်းနည်းစကား ပြောကြားကြလေလျှင် ပဋာစာရာသူဌေး သမီးသည် "အိုး....ရှင်တို့ ဘယ်လို ပြောလိုက်ကြဒါလဲ" ဟု တခွန်း တည်းသာ ပြောနိုင်ရှာပြီး အဝတ်ကိုပင် မဆည်နိုင် မဝတ်နိုင် တော့ပဲ မိမွေးတိုင်းအသွင်ဖြင့်သာ လက်ရုံး နှစ်ဖက်တို့ကို ချီ

WWW.DHAMMARANSI.COM



မြောက် ဟစ်အော်ကာ မိဘဆွေမျိုးများသင်္ဂြိုဟ်ရာ ထင်းပုံရှိရာ အရပ်သို့ သွားရောက်၍ ရှေးဖော်ပြရာပါ ငိုချင်းဂါထာဝက်ကို နောက်ထပ်ဂါထာဝက်ဖြည့်ကာ အပြည့်အစုံ ငိုကြွေးရှာလိုသည် ဖြစ်၍—

"ဥဘော ပုတ္တာ ကာလင်္ကတာ၊
ပန္ထေ မယှံ ပတီ မတော။
မာတာ ပိတာ စ ဘာတာ စ၊
ဧကစိတကသ္မိံ ဍယှရေ။

မယှံ = အမျိုးကောင်းသမီး စောင့်စည်းရန်ဝတ် ယွင်း ချွတ်ပျက်ကာ သို့ကြောင်းရာကြောင့် ပဋာစာရာ သုညာ မည်ထ ကျွန်တော်မ၏။ ဥဘောပုတ္တာ = အကြီး ,အငယ် သားနှစ်သွယ်တို့သည်။ ကာလင်္ကတာ = တဦးရေမြုပ် တဦးကို သိန်းသုတ်သဖြင့် ဆုံးချုပ်ပျက်စီးခဲ့ကြလေပြီ။ ပန္ထေ =ခရီးမှဲ့တီး လမ်းခရီး၌။ ပတီ =အားကိုးအာထား လင်ယောကျ်ားသည်။ မတော = စုတိပြတ်ကြွေ သေခဲ့ လေပြီ။ မာတာ စ = မွေးမိသခင် ကျေးဇူးရှင်ကိုငင်း။ ပိတာ စ =မွေးဘသခင် ကျေးဇူးရှင်ကိုငင်း။ ဘာတာ စ = တမိဝမ်းတွင်း ထက်အောက်ဆင်းသည့် မောင်ရင်းကို ငင်း။ ဧကစိတကသ္မိံ = တိုက်ပြို၌ အသက်ကုန် တခုတည်း သောထင်းပုံ၌။ ဍယှရေ— ဍယှန္တိ = ရှာပနအပြီး မှတ် ကြည်းသင်္ဂြိုဟ်အပ်ကုန်ပြီ တကား"—

ဟု ရွတ်ဆိုမြည်တမ်းရှာလေ၏။

## ပဋာစာရာအမည်ရခြင်း

ထိုသူဌေးသမီးမှာ မိမွေးတိုင်းအသွင်ဖြင့် လှည့်လည်သွားလာ နေသဖြင့် အခြားသူတဦးတယောက်က အရှက်အကြောက်ဖုံး အုပ်ရန် အဝတ်ထဘီကိုပင် ပေးအပ်ပါသော်လည်း ဝတ်ဆင်ရန် သတိမရပဲ ဆုတ်ဖြဲ ဆုတ်ဖြဲ၍သာ ပစ်လေတော့၏၊ ထိုအခါ ထိုသူဌေးသမီးကို မြင်တိုင်း မြင်တိုင်းသောနေရာ၌ လူအများ ဝိုင်း

WWW.DHAMMARANSI.COM



အိုလျက်သာ လှည့်လည်သွားလာ၍ နေလေ၏။ ထိုအခါ ထိုသူဌေးသမီး၏ အမည်ကို"အဝတ်ထဘီကို ဝတ်ဆင်ခြင်းကင်းကာ ကျက်စားသွားလာသောကြောင့်" ပဋာစာရာ-ဟု ခေါ်ဆိုသမုတ်ကြလေ၏။ ထို့ပြင်လည်း ထိုသူဌေးသမီးမှာ အဝတ်မဝတ်သည့်အတွက် အရှက်မဲ့သူတို့၏ အကျင့်မျိုး ထင်ရှား၍နေလေသည်၊ သို့ရကား "အရှက်ရှိသူတို့၏ အကျင့်မှ လျှောကျကာ အရှက်မဲ့သူတို့၏ အကျင့် ထင်ရှားသောကြောင့်" ပဋာစာရာ-ဟုခေါ်ဆိုသမုတ်ကြလေ၏။

ပဋာစာရာသူဌေးသမီးသည် မိမိစိတ်ကို အစိုးမရပဲ မိမွေးတိုင်းအသွင်ဖြင့် ရေးဆိုအပ်ပြီးသည့် ငိုချင်းဂါထာကိုသာ ရွတ်ဆိုငိုကြွေးလျက် ဦးတည်မိရာ လှည့်လည်သွားလာ၍သာ နေလေ၏။ ထိုသူဌေးသမီးကို တွေ့မြင်ကြရလျှင် လူတို့သည် "ဟဲ့-သွားအရူးမ..."ဟု ပြောဆိုကြကာ အချို့က အမှိုက်သရိုက်ကိုဦးခေါင်း၌ ပစ်လွှတ်ကြလေ၏၊ အချို့ကမူ မြေမှုန့်ကို ကြဲဖြန့်ကြကုန်၏၊ အချို့က ခဲဖြင့် ပစ်ကြကုန်၏။

## အမြိုက်ရေချမ်း၊ အဆွတ်ဖျန်းခံရခြင်း

မြတ်စွာဘုရားရှင်သည် ဇေတဝန် ကျောင်းတိုက်တော်ဝယ်များစွာသော ပရိသတ်အလယ်၌ ထိုင်နေတော်မူ၍ တရားဟောတော်မူစဉ် ထိုကဲ့သို့ မရပ်မတည် လှည့်လည်သွားလာနေသောပဋာစာရာသူဌေးသမီးကို မြင်တော်မူသည့်ပြင် သူမ၏အသိဉာဏ်ရင့်ကျက်ချိန် တန်သည်ကိုလည်း ကြည့်ရှု သိမြင်တော်မူသောကြောင့် ထိုပဋာစာရာသူဌေးသမီး ကျောင်းတိုက်တော်သို့ ရှေးရှုလာရောက်အောင် အဓိဋ္ဌာန်ဖိရင်မှ ပြုတော်မူလေ၏။ တရားနာပရိသတ်သည် ပဋာစာရာသူဌေးသမီး လာနေသည်ကို မြင်ရ၍ "ဤအရူးမအား ဤအရပ်သို့ လာရောက်ခွင့် မပြုကြလင့်"ဟု ပြောဆိုလေ၏။ မြတ်စွာဘုရားရှင်သည် "ပဋာစာရာကို မတားမြစ်ကြလင့်"ဟု မိန့်တော်မူ၍ အနီးသို့ ရောက်လာသောအခါ "ချစ်သမီး...သတိကို ရလော့"ဟု မဟာကရုဏာ ကြီးစွာဖြင့် မိန့်ဆိုတော်မူလေ၏။

WWW.DHAMMARANSI.COM



ပဋာစာရာသူဌေးသမီးသည် ထိုခဏမှာပင် ဘုရားရှင့်အာနုဘော်ကြောင့် သတိရ၍ ထဘီအဝတ် ကျွတ်၍နေသည် (မပါရှိသည်)ကို သတိအမှတ်ရကာ အရှက်အကြောက်ကြီးစွာဖြစ်ရှိလျက် အတတ်နိုင်ဆုံး မိမိကိုယ်ကိုဖုံးပြီးသော် ဒူးထောက် ခါးညွတ်ကာ ထိုင်နေရှာလေ၏။ ထိုအချိန်တွင် လူတယောက်က အပေါ်ရုံအဝတ်ကိုပစ်၍ ပေးလိုက်လေ၏။ ပဋာစာရာသည် ထိုအဝတ်ကို ဝတ်၍ မြတ်စွာဘုရားအထံတော်သို့ ဆည်းကပ်ကာ တည်ခြင်းငါးဖြာဖြင့် ရှိသေစွာ ရှိခိုးလျက်—

"မြတ်စွာဘုရား....တပည့်တော်မ၏ မှီခိုရာ ဖြစ်ဟော့်မူကြပါဘုရား၊ တပည့်တော်မ၏ သားတယောက်(အငယ်)ကို သိန်းစွန်ရဲ ချီသုတ်ခဲ့ပါပြီ၊ တယောက် (အကြီး)ကို မြစ်ရေကြမ်း တိုက်လွှမ်း မျောဆောင်အပ်ခဲ့ပါပြီ၊ လမ်းခရီး အကြားဌာ ခင်ပွန်းသည် လင်ယောကျာ်း ဆုံးပါးခဲ့ပါပြီ။မိဘနှစ်ပါးနှင့် မောင်ကိုပါ တိုက်အိမ်ပိကာ သေဆုံးကြပါသဖြင့် ထင်းပုံ တခုတည်း၌ မီးသင်္ဂြိုဟ်အပ်ပါကုန်ပြီဘုရား"—

ဟု မိမိ၏ သောကဖြစ်ခြင်း အကြောင်းရင်းကို ရှင်းလင်းလျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်သည် "ချစ်သမီး ပဋာစာရာ.... ထွေရာ လေးပါး သင်ချစ်သမီး အကြံများမနေလင့်၊ သင်ချစ်သမီး၏ မှီခိုကိုးစား အားထားရာ ဖြစ်နိုင်သောသူ၏ အထံသို့ သင်ချစ်သမီး ရောက်လာခဲ့လေပြီ၊ သင်ချစ်သမီးသည် ယခုအခါ သား, လင်, မိ, ဘ, မောင်-တို့ သေဆုံးခြင်းဟူသော အကြောင်းကြောင့် မျက်ရည်ပေါက် ကြီး-ငယ်ကို ဖြစ်စေရသကဲ့သို့ ဤအတူပင် အနမတဂ္ဂ အစမထင် သံသရာတခွင်၌ သား,လင်, မိ, ဘ, မောင်-တို့ သေဆုံးခြင်းဟူသော အကြောင်းကြောင့် ဖြစ်စေခဲ့ရ ＝ ကျခဲ့ရသော မျက်ရည်ပေါက်များကား မဟာသမုဒြာလေးစင်း အတွင်းမှာရှိသော ရေပေါက်တို့ထက် မြားမြောက်လှတုံသေး၏" ဟု တရားမမြွည့်နှင်းဖော်ပြတော်မူလျက်—

WWW.DHAMMARANSI.COM



စတူသု သမုဒ္ဒေသု ဇလံ ပရိတ္တကံ၊
တတော ဗဟုံ အဿုဇလံ အနပ္ပကံ။
ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။

ပဋာစာရေ = ချစ်သမီး ပဋာစာရာ....။ စတူသု သမုဒ္ဒေသု....အရှေ့,အနောက်,တောင်,မြောက် လေးမျက်နှာ သမုဒ္ဒရာတို့၌။ ဇလံ = ရေပေါက်သည်။ ပရိတ္တကံ = သတ္တဝါတယောက်၏ မျက်ရည်ပေါက်နှင့်နှိုင်းစာ နည်းလှသွားသေး၏။ ဒုက္ခေန ဖုဋ္ဌဿ = သား, လင်, မိ, ဘ, မောင် အရင်းတို့ဆုံးရ၍ ကာယ, စိတ္တ ဒုက္ခနှစ်ဖုံဖြင့် တွေ့ကြုံ နှိပ်စက်အပ်သော။ နရဿ = ဒေါသကိလေသာ မခွါရ သေးသူ လူဘယောက်၏။ သောစနာ = စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းကြောင့်။ ပဝတ္တံ = ဖြစ်ပေါ်ယိုစီး၍ လာခဲ့သော။ အနပ္ပကံ = တပါးမက ဂဏန်းမချနိုင်သော။ အဿုဇလံ = မျက်ရည်ပေါက်များသည်။ တတော = ထို မဟာသမုဒ္ဒရာလေးစင်း အတွင်းမှာရှိသောရေထက်။ ဗဟုံ = သန်ချာဆပွါး များလှပေ၏။ အမ္မ = ချစ်သမီး ပဋာစာရာ ...။ တုဝံ = သင်ချစ်သမီးသည်။ ကိံ ကာရဏာ = အဘယ်အကြောင်းကြောင့်။ ပမဇ္ဇသိ = သတိယွင်းပေါ့ ချစ်သမီး မေ့လျော့၍နေသနည်း။ မာ ပမဇ္ဇ = သတိတရား လက်ကိုင်ထား၍ သင်ကား မမေ့မလျော့လေလင့်"----

ဟူ၍ သောကသိမ်းတရားဂါထာကို ဟောကြားတော်မူလေ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်က အနမတဂ္ဂ အစမထင် သံသရာ တခွင်နှင့် စပ်သော တရားစကား (= အနမတဂ္ဂ ပရိယာယကထာ)ဟောကြားတော်မူလေလျှင် ပဋာစာရာ၏ စိတ်သန္တာန်၌ သောကတရား အတူးသဖြင့် ပါး၍သွားလေ၏။ ထိုအခါ မြတ်စွာ ဘုရားရှင်သည် ပဋာစာရာသူဌေးသမီးကို သောကတရား ပါး၍ နေသည်ကို သိမြင်တော်မူ၍ "ချစ်သမီး ပဋာစာရာ.... သား,လင် ခင်ပွန်း-စသော သူများသည် တမလွန်လောကသို့ သွားရသော

WWW.DHAMMARANSI.COM



သူ့အဖို့ရာ အစောင့်အရှောက်လည်း မဖြစ်နိုင်ကြ၊ ပုန်းအောင်းရာ, မှီခိုရာလည်း မဖြစ်နိုင်ကြ၊ သို့ရကား ထိုသား, လင်,ခင်ပွန်းစသော သူတို့သည် အသက်ရှင်ကာ ရှိနေကြပါသော်လည်း တမလွန်လောက သွားရမည့်သူ့အဖို့ရာ မရှိကြသည်သာမည်ကုန်၏၊ ထို့ကြောင့် ပညာရှိသောသူသည် မိမိ၏သီလကို သုတ်သင်စင်ကြယ်စေ၍ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း လမ်းစဉ်ကိုသာ ကောင်းစွာပြီးစေရမည်” ဟူသော သဘောအနက်အဓိပ္ပါယ်ကို ဖော်ပြကော်မူလျက်—

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

ပဋာစာရေ = ချစ်သမီးပဋာစာရာ....။ အန္တကေန =၊ ဘဝဆုံးလျှင်း ရှင်သေမင်းသည်။ အဓိပန္နဿ = အချိန်ရောက်ကာ နှိပ်စက်လာသောသူ၏ (အဖို့ရာ)။ ပုတ္တာ = သား သမီးတို့သည်။ တာဏာယ = သေမင်းရန်ကို တွန်းလှန်စောင့်ရှောက်ခြင်းငှါ။ န သန္တိ = မဖြစ်နိုင်ကြကုန်။ ပိတာ = ဘ, မိ နှစ်ပါး ကျေးဇူးရှင်များသည်။ န သန္တိ = မဖြစ်နိုင်ကြကုန်။ ဗန္ဓဝါပိ = မေတ္တာဖွဲ့ပျိုး ဆွေမျိုး မိတ်သင်္ဂဟတို့သည်လည်း။ န သန္တိ = မဖြစ်နိုင်ကြကုန်။ ဉာတီသု = မိ, ဘ, သမီး, သား ဆွေမျိုးများတို့၌။ တာဏတာ = သေမင်းရန်ကို တွန်းလှန်ပယ်ဖျောက် စောင့်ရှောက်နိုင်ခြင်းသည်။ နတ္ထိ = တစိုးတစိ မရှိချေ။

ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

ပဏ္ဍိတော = ရှေ့နောက်အရေး ထောက်တွေးမြော်မြင် ပညာရှင်သည်။ ဧတံ အတ္ထဝသံ = သေမင်းရန်ရောက်ကြုလာမြောက်သော် စောင့်ရှောက်မည့်သူ တလူမျှ မရှိခြင်း အကြောင်းရင်းကို။ ဉတွာ = ပညာဆင်ခြင် မြော်သိမြင်၍။ သီလသံဝုတော = ကိုယ်ကျင့်သီလ မပျက်ရ

WWW.DHAMMARANSI.COM



အောင် နိစ္စကျင့်ဆောက် စောင့်ရှောက်သည် ဖြစ်၍။ နိဗ္ဗာနဂါမနံ = နိဗ္ဗာန်ထုတ်ချောက် ရောက်စေ နိုင်သော။ မဂ္ဂံ = မဂ္ဂင်ရှစ်ခက်း အကျင့်လမ်းကို။ ဒိပ္ပမေဝ = လျင်စွာသာလျှင်။ ဝိသောဓယေ = ကျင့်ဆောင်နေ့စဉ် သုတ်သင်ရှင်းလင်းရာ၏"—

ဟူသော ဤဂါထာတို့ဖြင့် တရားဟောတော်မူလေ၏။ ဒေသနာ နိဂုံး ဆုံးလတ်သောအခါ ပဋာစာရာ သူဌေးသမီးသည် မဟာ ပထဝီမြေမှုန့်ပမာဏ များလှစွာသော ကိလေသာတို့ကို သော- တာပတ္တိမဂ်ပညာမီးဖြင့် အပြီးတိုင် လောင်ကျွမ်း ပြာဖြစ်စေလျက် သောတာပတ္တိ ဖိုလ်၌ တည်လေ၏ = သောတာပန် အရိယာ ဖြစ်လေ၏။

သောတာပန် ဖြစ်ပြီးသောအခါ ပဋာစာရာ သူဌေးသမီးသည် မြတ်စွာဘုရားရှင်ကို မိမိအား ရှင်ရဟန်းမ-ပြုပေးရန် တောင်းပန် လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ပဋာစာရာသူဌေး သမီးကို ဘိက္ခုနီမတို့ထံ ခေါ်ဆောင်၍ ရှင်ရဟန်းမ-ပြုပေး စေတော်မူလေ၏။ ပဋာစာရာ ဘိက္ခုနီမသည် ရဟန်းမိန်းမ အဖြစ်ကို ရပြီးသည့်နောက် အထက်မဂ်အလို့ငှါ ဝိပဿနာအလုပ် အားထုတ် ကျင့်ကြံနေစဉ် တနေ့ သဉ္ဇ ရေအိုးဖြင့် ရေကို ခပ်၍ ခြေတို့ကို ဆေးကြောရန် ရေလောင်းလေလျှင် ထိုရေသည် အနည်းငယ်သော အရပ်တိုင်အောင် ရောက်၍ ပြတ်လေ၏။ ဒုတိယအကြိမ် လောင်းပြန်သောအခါ ထိုအရပ်ထက် အနည်း ငယ် ဝေးသော အရပ်တိုင်အောင်ရောက်၍ ပြတ်လေ၏။ တဖန် တတိယအကြိမ် လောင်းပြန်သောအခါ ထို ဒုတိယ အရပ်ထက် အနည်းငယ် ဝေးသော အရပ်တိုင်အောင် ရောက်၍ ပြတ်လေ၏။

### ပဋာစာရာထေရီ ရဟန္တာမ-ဖြစ်ခြင်း

ပဋာစာရာထေရီသည် ထိုရေသုံးမျိုးရောက်ရာ အရပ်သုံးမျိုး ကိုပင် အာရုံယူ၍ အရွယ် သုံးပါးတို့ကို ဉာဏ်ဖြင့် ပိုင်းခြား ပြီးလျှင်—

WWW.DHAMMARANSI.COM



"ငါသည် ပဌမအကြိမ် သွန်းလောင်းအပ်သော ရေကဲ့သို့ ဤသတ္တဝါတို့သည် ပဌမအရွယ်၌လည်း စုတိပြတ်ကြွေ သေလွန်နိုင်ကြကုန်၏၊ ထိုပဌမရေထက် အနည်းငယ်ဝေးသောအရပ်တိုင်အောင် ရောက်၍ ပြတ်လေသော ဒုတိယအကြိမ် လောင်းအပ်သောရေကဲ့သို့ မဇ္ဈိမအရွယ်၌လည်း စုတိပြတ်ကြွေ သေလွန်နိုင်ကြကုန်၏၊ ထိုဒုတိယရေထက် အနည်းငယ် ဝေးသော အရပ်တိုင်အောင် ရောက်၍ ပြတ်လေသော တတိယအကြိမ် လောင်းအပ်သောရေကဲ့သို့ ပစ္ဆိမအရွယ် = နောက်ဆုံးအရွယ်၌လည်း စုတိပြတ်ကြွေ ကေန်မပင် သေကြကုန်၏"—

ဟု ပညာသက်ဝင် ဆင်ခြင်စဉ်းစား၍ နေလေ၏။ ထိုကဲ့သို့ ကမ္မဋ္ဌာန်းအာရုံကို ရယူဆင်ခြင်ပြီးလျှင် ပဋာစာရာထေရီသည် "ဤရေသုံးမျိုးလုံးပင် ကုန်ခန်း,ပျက်စီးခြင်းသဘောရှိသကဲ့သို့ ဤအတူ သတ္တဝါတို့၏ အာယုသင်္ခါရများသည်လည်း ကုန်ခန်း,ပျက်စီးခြင်းသဘောရှိကုန်၏"ဟု အနိစ္စလက္ခဏာကိုရင်း, ထိုအနိစ္စလက္ခဏာကို အစဉ်သျှောက်သဖြင့် ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာ နှစ်ပါးတို့ကိုရင်း စူးစမ်းဆင်ခြင်လျက် ဝိပဿနာအလုပ် ပွါးများအားထုတ်နေစဉ် ဥတုသပ္ပါယကို ရယူလိုသဖြင့် မိမိနေရာ ကျောင်းတိုက်ခန်းသို့ ဝင်လေလျှင် အမိုက်မှောင်ကို ပယ်ဖျောက်ရန် ဆီမီးခွက်ကို စွဲကိုင်ကာ အခန်းတွင်းသို့ ဝင်ရောက်၍ ဆီမီးခွက်ကို နေရာတကျထားပြီးလျှင် ညောင်စောင်းငယ်၌ ထိုင်လျက်ပင်လျှင် ဆီမီးခွက်ကို ငြိမ်းစေရန် အပ်သံချွန်ဖြင့် ဆီမီးစာကို ဆီသို့ရှေးရှု ဆွဲငင်လိုက်လေသည်။

ထိုအချိန်၌ မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်၌ ထိုင်နေတော်မူရင်းကပင် ကိုယ်တော်ရောင်ကိုဖြန့်လွှတ်၍ ထေရီမ၏ မျက်မှောက်၌ ရပ်တည်ကာ ဟောကြော်မူသကဲ့သို့—

"ချစ်သမီး ပဋာစာရာ···· သင်ချစ်သမီး စဉ်းစားဆင်ခြင်သော ဤအကြောင်းအရာသည် စဉ်းစားဆင်ခြင်သည့်အတိုင်း မှန်ပေ၏၊ ခပ်သိမ်းသော သတ္တဝါတို့သည်ပင်

WWW.DHAMMARANSI.COM



စုတိပြတ်ကြွေ သေလွန်ခြင်းသဘောရှိကြကုန်၏၊ သို့ရကား ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ဉာဏ်ပညာဖြင့် မသိမြင်သောသူ၏ အနှစ်တရာ အသက်ရှင်နေရခြင်းထက် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို ဉာဏ်ပညာဖြင့် သိမြင်သောသူ၏ တရက်မျှသော်၎င်း, တခဏမျှသော်၎င်း အသက်ရှင်နေရခြင်းသည် ချီးမွမ်းအပ် အထူးသဖြင့် မြတ်လှပေ၏"—

ဟု ဤအနက်သဘောကို ဖော်ပြတော်မူလျက်—

"ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

ပဋာစာရေ = ချစ်သမီး ပဋာစာရာ....။ ယော စ = အမှတ်မထင် အကြင်သူသည်ကား။ ဥဒယဗ္ဗယံ = ရုပ်နာမ် နှစ်သင်း ဖြစ်ပျက်ခြင်းကို။ အပဿံ–အပဿန္တော = ဝိပဿနာဉာဏ်မျက်စိဖြင့် မသိမမြင်ပဲ။ ဝဿသတံ = အနှစ်တရာ ရှည်မြင့်ကြာအောင်။ ဇီဝေ–ဇီဝေယျ = အသက်ရှည်ငြွေ တည်နေရာ၏။ တဿ = ထိုသူ၏။ ဇီဝတော=အနှစ်တရာ ရှည်မြင့်ကြာအောင် ခန္ဓာဆက်စဉ် အသက်ရှင်၍နေရခြင်းထက်။ ဥဒယဗ္ဗယံ = ရုပ်နာမ် နှစ်သင်း ဖြစ်ပျက်ခြင်းကို။ ပဿတော = ဝိပဿနာဉာဏ် မျက်စိဖြင့် ကြည့်ရှုဆင်ခြင် သိမြင်နေသောသူ၏။ ဧကာဟံ = ကာလမကြာ တရက်တာမျှ။ ဇီဝိတံ = ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းသည်။ သေယျော = အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏"—

ဟူသော ဤဓမ္မပဒတရားဂါထာကို ဟောကြားတော်မူလေ၏။ ဂါထာနိဂုံး ဆုံးသောအခါ ပဋာစာရာထေရီသည် ပဋိသမ္ဘိဒါ ဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ဆိုက်ရောက်လေ၏= ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီဖြစ်လေ၏။

WWW.DHAMMARANSI.COM



### (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ပဋာစာရာထေရီသည် အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီး နောက် မြတ်စွာဘုရားရှင့်ထံတော်၌ အလုံးစုံသော ဝိနည်း ပိဋကတ်ကို အကျယ်အားဖြင့် သင်ကြားတတ်မြောက်၍ ဝိနည်းနှင့် စပ်သော အကြောင်းအရာ အရေးအခင်းများကို ဟုတ်မှန်သည့် အတိုင်း ဟောကြားဖြေဆိုလေ့ရှိလေသည်။ ထို့ကြောင့် မြတ်စွာ ဘုရားရှင်သည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်းတိုက်၌ နေ ထိုင်တော်မူကာ ဘိက္ခုနီမတို့ကို အစဉ်အတိုင်း ရာထူး = ဌာနန္တရ၌ ထားတော်မူသည်ရှိသော် ဤပဋာစာရာ ရဟန္တာထေရီမ ကို—

> “ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဝိနယဓရာနံ ယဒိဒံ ပဋာစာရာ = ရဟန်းတို့...ဝိနည်းကိုဆောင် ကုန်သော ငါဘုရား၏ တပည့်မ = သာဝိကာ ဘိက္ခုနီမ တို့တွင် ပဋာစာရာဘိက္ခုနီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ “ဝိနယဓရ = ဝိနည်းကိုဆောင် သောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထား တော်မူလေ၏။

ဤကား ပဋာစာရာထေရီ အကြောင်းတည်း။

---

## (၅) ဓမ္မဒိန္နာထေရီအကြောင်း

### (က) ထေရီမ-၏ ရှေးဆုတောင်း

ဤဓမ္မဒိန္နာထေရီအလောင်းသူတော်ကောင်းအမျိုးသမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေ ပြည်၌ ဆင်းရဲနွမ်းပါးသော အလုပ်သူမအမျိုးသမီးဖြစ်၍ ရင့် ကျက်သော ပညာရှိသူ သီလစောင့်ထိန်းသူ ဖြစ်လျက် တနေ့သ၌ ပဒုမုတ္တရမြတ်စွာဘုရား၏ အဂ္ဂသာဝက သုဇာတမထေရ် ဆွမ်းခံ

WWW.DHAMMARANSI.COM



ကြွဝင်တော်မူလာသည်ကို ရေခပ်သွားရင်း ဖူးတွေ့ရ၍ မထေရ်မြတ်အား မိမိစားသုံးရန် ယူဆောင်ခဲ့သည့် မုန့်ကို သဒ္ဓါကြည်ညိုစွာ သာဟတ္ထိကမြောက် ဆက်ကပ်လှူဒါန်းလေသည်။ မထေရ်မြတ်သည်လည်း ထို အမျိုးသမီးကို ချီးမြှောက်တော်မူသောအားဖြင့် မုန့်ကို အလှူခံပြီးလျှင် ထိုနေရာ၌ပင် ထိုင်၍ ဘုဉ်းပေးသုံးဆောင်တော်မူလေ၏။

ထိုသို့ မုန့်အလှူဒါန လှူဒါန်းရသော အရှင်သုဇာတမထေရ်မြတ်ကား နိုရောဓသမာပတ်မှ ထသစ်စဖြစ်လေသည်၊ ထို့ကြောင့် ထိုကောင်းမှုကား မကြာမီပင် အကျိုးပေးနိုင်စွမ်း ရှိလေသည်။

အမျိုးသမီး အလုပ်သူမ ( = ကျွန်မ)သည် ဤမျှ မုန့်လှူရုံဖြင့်လည်း မရောင့်ရဲနိုင်ပဲ မိမိ၏ဆံပင်တို့ကို ရသမျှနှင့် ရောင်းချ၍ အရှင်သုဇာတမထေရ်မြတ်အား အိမ်သို့ ပင့်ဆောင်ကာ မွန်မြတ်သောဆွမ်း ဆက်ကပ်လှူဒါန်းလေ၏။ ထိုအကြောင်းကို ထိုအလုပ်သူမ(ကျွန်မ)၏ အရှင်ဖြစ်သူ သူဌေး ကြားသိရ၍ နှစ်သက်အားရမ်း ဝမ်းမြောက်ကာ မိမိ၏ သားနှင့် ပေးထိမ်းမြား၍ ထိုကျွန်မကို ချွေးမ-ပြုလေ၏။

ထို သူဌေးချွေးမသည် တနေ့သ၌ ယောက္ခမမိန်းမသူဖြစ်သည့်သူဌေးကတော်ကြီးနှင့် အတူတကွ ပဒုမုတ္တရမြတ်စွာဘုရားရှင်ထံတော်သို့ သွားရောက်ကြကာ ရှိခိုး တရားနာယူစဉ် ပဒုမုတ္တရမြတ်စွာဘုရားရှင်က ဘိက္ခုနီထေရီတပါးကို "ဓမ္မကထိက = တရားဟောကောင်းသောအရာ"ဝယ် ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားရဝမ်းသာ မြတ်စွာဘုရားအမှူးပြုသောသံဃာတော်အား ကြီးစွာသောအလှူဒါနကို ပေးလှူ၍ ထိုဧတဒဂ်ရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကလည်း ဤအကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင်လက်ထက်တော်ဝယ် ထိုဆုတောင်း ပြည့်ဝမည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

WWW.DHAMMARANSI.COM



### ဘဏ္ဍာစိုး သူဌေးကတော်ဘဝ

ထိုသူဌေးချွေးမသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည် ကျက်စားလျက် ဤကမ္ဘာမှ လွန်ခဲ့သော (၉၂) ကိုးဆယ့်နှစ် ကမ္ဘာထက်ဝယ် ဖုဿမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာ ကာလ၌ မြတ်စွာဘုရားနှင့် ဘတူ-မိကွဲဖြစ်သည့် မင်းသားသုံးဦး တို့၏ ဘဏ္ဍာစိုးသူဌေးကတော်ဖြစ်၍ သဒ္ဓါတရား ကြီးမားထက် သန်သူဖြစ်ကာ "တစ်ခုကို ပေးပါ"ဟု တောင်းဆိုအပ်လျှင် နှစ်ခု ပင် ပေးခဲ့လေသည်၊ (ထို ဘဏ္ဍာစိုး ဇနီး မောင်နှံတို့အကြောင်း ကို အောက် မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ ၆၀၇-မှ စ၍ ကြည့်ရှုကုန်ရာ၏)။

### ကိကီမင်းကြီး၏ သမီးတော်ဘဝ

ထိုဘဏ္ဍာစိုး သူဌေးကတော်သည် အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုကို ပြု၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စား ခဲ့ရာ ကဿပမြတ်စွာ လက်ထက်တော်အခါဝယ် ကိကီမင်းကြီး ၏ ရွှေဖော်ပြရာပါ သမီးတော်ခုနစ်ယောက်တို့တွင် ခြောက် ယောက်မြောက် "သုဓမ္မာ"မည်သော သမီးတော်ဖြစ်၍ နှစ်ပေါင်း နှစ်သောင်းကြာ ကောမာရီဗြဟ္မစရိယအကျင့်ကို ကျင့်လျက် ရဟန်းသံဃာတော်အား သံဃာ့အရာမ် ပရိဝုဏ်ကျောင်းတိုက် ကြီး ဆောက်လုပ် လှူဒါန်းခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ထို မင်းသမီးသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှ စုတေပြန်သော် တဖန် နတ်ပြည်၌ ဖြစ်၍ ဘုရား နှစ်ဆူတို့၏အကြား မရေမတွက်နိုင်သော နှစ်ပရိစ္ဆေဒ ကာလ ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားလျက် ဤ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာ ကာလဝယ် ရာဇဂြိုဟ်ပြည်၌ သူဌေးသမီးဖြစ်၍ အရွယ်သို့ ရောက်လတ်သော်

WWW.DHAMMARANSI.COM



ဝိသာခသူဌေးနှင့် မိဘတို့ စုံဖက်သဖြင့် ဝိသာခသူဌေးအိမ်သို့ ရောက်ရှိကာ ဓမ္မဒိန္နာသူဌေးကတော်ဟူ၍ ထင်ရှားလေသည်။

လွန်ခဲ့သော (၉၂) ကိုးဆယ့်နှစ်ကမ္ဘာထက်က ဖုဿမြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် သဒ္ဓါတရားကြီးမားလှသော ဘဏ္ဍာစိုးဇနီးမောင်နှံတို့သည် ဤ အကျွန်ုပ်တို့ မြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ ဝိသာခသူဌေးနှင့်ဓမ္မဒိန္နာသူဌေးကတော်တို့ ဖြစ်လာကြလေသည်။ ဝိသာခသူဌေးကား မြတ်စွာဘုရားရှင် ပဌမဆုံးအကြိမ် (မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ပြာသိုလပြည့်နေ့) ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၍ ဘုရားဖူးရန် တသိန်းနှစ်သောင်းသော ပရိသတ်နှင့် အတူတကွ လာရောက်သော ဗိမ္ဗိသာရမင်းတရားအား တရားဟောတော်မူသဖြင့် သောတာပတ္တိဖိုလ်သို့ ရောက်ကြသော တသိန်းတသောင်းသော ပုဂ္ဂိုလ်တို့အနက် တယောက်အပါအဝင် ဖြစ်လေသည်။ ဗိမ္ဗိသာရမင်းကြီးနှင့်လည်း၊ အလွန်ရင်းနှီးသော မိတ်ဆွေသူဌေး ဖြစ်လေသည်။

ဝိသာခသူဌေးသည် ပဌမအကြိမ် မြတ်စွာဘုရားကို ဖူးမြော်ရကတည်းကပင် သောတာပတ္တိဖိုလ်၌ တည်၍ တဖန် တနေ့သ၌ တရားနာပြန်သော် သကဒါဂါမိဖိုလ်သို့ ရောက်ဆိုက်လေသည်။ ထို့နောက် တနေ့သ၌ တရားနာပြန်ရာ အနာဂါမိဖိုလ်၌ တည်လေသည်။ ဝိသာခသူဌေးသည် အနာဂါမ်အရိယာဖြစ်ပြီးနောက် အိမ်သို့ ပြန်လာသည်ရှိသော် အခြားလွန်ခဲ့သောနေ့များ၌ ထိုမှ ဤမှ ကြည့်ရှုကာ ပြုံးလျက်ရွှင်လျက် အိမ်သို့ ပြန်လာလေ့ရှိသော်လည်း ထိုအနာဂါမ်အရိယာဖြစ်သော နေ့၌မူ ထိုသို့ မဟုတ်တော့ပဲ အလွန်ငြိမ်သက်သောဣန္ဒြေ အလွန်ငြိမ်းအေးသောစိတ် ရှိလျက် ပြန်လာလေသည်။

ဓမ္မဒိန္နာသူဌေးကတော်သည် ခြသေ့်ခံသော လေသာနန်းပြတင်းကို ဖွင့်၍ လမ်းမဖက်သို့ မြော်ကြည့်လတ်သော် ဝိသာခသူဌေး၏ ဣန္ဒြေကြီးစွာဖြင့် လာနေပုံအခြင်းအရာကို မြင်ရလေလျှင် "ငါ၏အရှင်သခင် ဝိသာခသူဌေး ဤကဲ့သို့ ဣန္ဒြေကြီးစွာဖြင့် လာနေခြင်းသည် အဘယ်သို့ အကြောင်းထူး ရှိပါလိမ့်" ဟု

WWW.DHAMMARANSI.COM



ကြံစည်အောက်မေ့ကာ သူဌေးကို ကြိုဆိုမှု ပြုလိုရကား အိမ်လှေကားဦး (= လှေကားရင်း) ၌ ရပ်လျက် ဆွဲကိုင်စေရန် မိမိလက်ကို ဆန့်တန်းပေးလိုက်လေသည်။ ဝိသာခသူဌေးသည် အခြား လွန်ခဲ့သောနေ့များ၌ ဓမ္မဒိန္နာသူဌေးကတော်၏ လက်ကို ဆွဲကိုင်၍ အိမ်ပေါ်သို့ တက်ရောက်နေကျဖြစ်သော်လည်း ထိုနေ့၌မူ မိမိလက်ကို ကွေး၍ပင် ထားလိုက်လေ၏။ သူဌေးကတော်သည် "နံနက်စာ စားသောအခါ၌ သိရပေလိမ့်မည်" ဟု ကြံစည်အောက်မေ့ကာ စိတ်ကို ဖြေလိုက်လေ၏။ ဝိသာခသူဌေးသည် ရှေးအခါက ဓမ္မဒိန္နာ သူဌေးကတော်နှင့် အတူတကွ စားနေကျဖြစ်သော်လည်း ထိုနေ့၌မူ သူဌေးကတော်ကို မခေါ်ငင် မပန်ကြားတော့ပဲ ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းတော် တပါးကဲ့သို့ ဣန္ဒြေကြီးစွာဖြင့် တယောက်တည်းသာ စားလေ၏။ သူဌေးကတော်သည် "ညနေချမ်းကာလ၌ သိရပေလိမ့်မည်" ဟု ကြံစည်အောက်မေ့ကာ စိတ်ကို ဖြေသိမ့်လေ၏။

ဝိသာခသူဌေးသည် ထိုနေ့အဖို့ရာ ညချမ်းကာလရောက်လတ်သော် ကျက်သရေတိုက်ခန်းသို့ မဝင်ပဲ အခြား အခန်းတခုကို သုတ်သင် ရှင်းစေကာ ကပ္ပိယခဋ္ဋင်ညောင်စောင်းတခုကို ခင်းစေ၍ တယောက်တည်းသာ အိပ်စက်လေ၏။ ဓမ္မဒိန္နာသူဌေးကတော်သည် ထိုအခါကျမှ "ဤသူဌေးအဖို့ရာ အပြင်အပ၌ တောင့်တချစ်ခင်မှုပင် ရှိလေသလော၊ သို့မဟုတ် တစုံတယောက် စိတ်ဝမ်းကွဲအောင် ပြုလုပ်သူကပင် စိတ်ဝမ်းကွဲအောင် ပြုလုပ်အပ်လေသလော၊ သို့မဟုတ် ငါ၏ အပြစ် တစုံတရာပင် ရှိလေသလော" ဟု တွေးတောမိကာ လွန်စွာ့လွန်စွာ စိတ်နှလုံးမချမ်းသာစဲ တရက် နှစ်ရက် နေပြီးသောအခါ၌ "ဤမျှလောက် ဆိုလျှင် သိနိုင်လောက်ပြီ" ဟု ကြံစည်ဆင်ခြင်ကာ ဝိသာခသူဌေးအား ပြုစုယုယရန် သွားရောက်၍ ရှိခိုးလျက် ရပ်တည်နေလေ၏။ ထိုအခါ ဝိသာခသူဌေးနှင့် ဓမ္မဒိန္နာသူဌေးကတော်တို့ အပြန်အလှန် မေးကြ, ဖြေကြသည်မှာ—

WWW.DHAMMARANSI.COM



**(သူဌေး)** မမ္မဒိန္နာ.... အခါမဟုတ်ပဲ အဘယ့်ကြောင့် ရှင်မ လာရောက်သနည်း။

**(သူဌေးကတော်)** ဟုတ်ပါသည် အရှင့်သား.... ကျွန်တော်မ သည် အခါမဟုတ်ပဲ လာရောက်မိပါသည်။ အရှင့် သားသည် ယခုအခါ ရှေးကလို မဟုတ်တော့ပါ။ အသို့နည်း(= ဘယ့်နှယ်လဲ)အရှင့်သား၏အဖို့ရာ ကျွန်တော်မမှ အပြင်အပ၌ တောင့်တချစ်ခင်မှုပင် ရှိလေသလော။

**(သူဌေး)** မရှိပါဘူး မမ္မဒိန္နာ....။

**(သူဌေးကတော်)** သို့မဟုတ်လျှင် အခြားတစုံတယောက် စိတ် ဝမ်းကွဲအောင် ပြုလုပ်သူရှိသလော။

**(သူဌေး)** ဤသို့ စိတ်ဝမ်းကွဲအောင် ပြုလုပ်သူလည်း မရှိပါ။

**(သူဌေးကတော်)** ထိုသို့ဖြစ်လျှင် တစုံတရာ ကျွန်တော်မ၏ အပြစ်ပင် ရှိပါသလော။

**(သူဌေး)** သင်၏ အပြစ်လည်း မရှိပါ မမ္မဒိန္နာ....။

**(သူဌေးကတော်)** ထိုသို့ဖြစ်လျှင် အဘယ့်ကြောင့် အရှင့်သား တို့သည် ကျွန်တော်မနှင့် ပင်ကိုယ်ပကတိ ဇနီး မောင်နှံသဘောဖြင့် နှုတ်ခွန်းဆက်စကား, တုံ့ပြန် စကားမျှကိုပင် မပြောကြားကြပါသနည်း။

ထိုသို့ တိုက်ရိုက် မေးမြန်းသောအခါ ဝိသာခ သူဌေးသည် "ဤငါသိရသော လောကုတ္တရာတရားမည်သည် အလွန်ဝန်လေး အလေးပြုအပ်သည့် တရားဖြစ်၍ အရပ်စကား အရပ်အကြောင်း များလို ထင်ရှားပြဆိုက်သည့် တရားမဟုတ်ချေ၊ လျှို့ဝှက်ထား သင့်သော တရား ဖြစ်ချေ၏၊ သို့သော်လည်း အကယ်၍ ငါမပြော ကြားလျှင် ဤမမ္မဒိန္နာသူဌေးကတော်သည် နှလုံး ပေါက်ကွဲကာ ဤနေရာမှာပင် သေလေရာ၏"ဟု ဆင်ခြင်စဉ်းစားမိ၍—

WWW.DHAMMARANSI.COM



> “ဓမ္မဒိန္နာ….ငါသည် မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာရသောကြောင့် လောကုတ္တရာ (ခေါ်သော) တရားကို ရရှိသိမြင်ခဲ့လေပြီ၊ ထိုသို့လောကုတ္တရာတရားကို ရရှိသိမြင်သောသူ၏ အဖို့ရာ ဤသို့သဘောရှိသည့်လောကီ အပြုအမူများသည် လားလားမျှ မသင့်တော့ချေ။ သင် အကယ်၍ အလိုရှိ ( =သဘောတူညီ) ပါမူ သင့် ဖက်က ပါရှိလာသော ကုဋေလေးဆယ်, ငါ့ဖက်က ပါရှိလာသော ကုဋေလေးဆယ်=နှစ်ရပ်ပေါင်း ကုဋေရှစ်ဆယ်သော ဥစ္စာများ ဤအိမ်မှာ ရှိပေသည်၊ ဤကုဋေရှစ်ဆယ်သော ဥစ္စာ၌ သင်သည် စိုးပိုင်သူဖြစ်ကာ ငါ၏ အမိအရာ၌ဖြစ်စေ, အမကြီးအရာ၌ဖြစ်စေ တည်နေပါလော့၊ သင်ပေးအပ်သည့် ထမင်းအစာမျှဖြင့်ပင် ငါသည် မျှတ၍ နေပါမည်။ အကယ်၍ ဤသို့ မပြုလုပ်လိုလျှင်လည်း ဤစည်းစိမ်ဥစ္စာတို့ကို ယူဆောင်ကာ မိဘအိမ်သို့ သင်ပြန်သွားပါလေ။ အကယ်၍ သင့်အဖို့ရာ အပြင်အပ၌ တောင့်တမှု မရှိဘူးပ-ဆိုလျှင် ငါသည် သင့်ကို နှမငယ်အရာ၌ သော်၎င်း,သမီးအရာ၌သော်၎င်းထား၍ ကျွေးမွေးစောင့်ရှောက်ပါမည်”—

ဟု ပွင့်လင်းကျယ်ပြန့်စွာ ပြောကြားလေ၏။ ဓမ္မဒိန္နာသူဌေးကတော်သည် ထိုစကားကို ကြားသိရလျှင် “သာမန်ယောကျ်ားတယောက်သည် ဤသို့ ပြောဆိုနိုင်သောဟူ၍ မရှိဖြစ်ချေသည်၊ စင်စစ်ပင် ဤအရှင့်သားသည် လောကုတ္တရာတရားကို ပိုင်းခြားထိုးထွင်း သိမြင်အပ်လေပြီ၊ အထူးအားဖြင့် ငါသိလိုသည်မှာ ထိုလောကုတ္တရာတရားကို ယောကျ်ားများသာ ထိုးထွင်းသိထိုက်သလော၊ သို့မဟုတ် မာတုဂါမ မိန်းမိန်းမများလည်း ထိုးထွင်းသိမြင်ခြင်းငှါ စွမ်းနိုင်သလော”ဟု ကြံစည်ပြီးလျှင် ဝိသာခသူဌေးကို “အရှင့်သား….အသို့နည်း = ဘယ့်နှယ်လဲ ဤလောကုတ္တရာတရားကို ယောကျ်ားများသာ ရထိုက်ပါသလော၊ မာတုဂါမ

WWW.DHAMMARANSI.COM



မင်းမိန်းမများလည်း ရနိုင်ပါသလော"ဟု တိုက်ရိုက်ပင် မေးမြန်းလေ၏။

ထိုအခါ ဝိသာခသူဌေးက "ဘယ့်နှယ်ပြောပါလိမ့် ဓမ္မဒိန္နာ.... ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြသောသူ တိုင်းပင် ဤလောကုတ္တရာတရား အမွေကို ရယူနိုင်ကြကုန်၏။ မင်ဖိုလ်၏ ဥပနိဿယည်း ရှေးကုသိုလ်ပစ္စည်းရှိသူတိုင်းပင် ဤလောကုတ္တရာတရားကို ရယူနိုင်ကြကုန်၏"ဟု ဖြေကြားပြောဆိုလေလျှင် ဓမ္မဒိန္နာ သူဌေးကတော်သည် "အရှင့်သား....ထိုသို့ဖြစ်လျှင် ကျွန်တော်မအား ရှင်ရဟန်းမ-ပြုလုပ်ရန် ခွင့်ပြုတော်မူကြပါကုန်လော့"ဟု ခွင့်ပန်စကား ပြောကြားလေ၏။ ထိုအခါ ဝိသာခသူဌေးသည် "ကောင်းပြီ ရှင်မ....ငါသည်လည်း သင့်ကို ဤလောကုတ္တရာတရားလမ်းခရီး၌ပင် ယှဉ်စေလို (= တိုက်တွန်းလို) ပါ၏၊ သို့သော်လည်း ရှင်မ၏ စိတ်အလိုကို မသိသည့်အတွက် မပြောကြား မတိုက်တွန်းခဲ့မိချေ"ဟု ပြောဆိုပြီးလျှင် ထိုခဏမှာပင် ဗိမ္ဗိသာရမင်းကြီးအထံသို့ သွားရောက်၍ ရှိခိုးကာ ရပ်တည်နေလေ၏။

ဗိမ္ဗိသာရမင်းကြီးက "သူဌေး....အဘယ့်ကြောင့် အခါမဟုတ်ပဲ လာရောက်သနည်း"ဟု မေးလေလျှင် ဝိသာခသူဌေးသည် "မြတ်သောမင်းကြီး...ဓမ္မဒိန္နာ သူဌေးကတော်သည် ရှင်, ရဟန်းမ-ပြုတော့မည်ဟု ပြောဆိုပါသည်"ဟု လျှောက်ထားလေ၏။ မင်းကြီးက ဓမ္မဒိန္နာ သူဌေးကတော်အတွက် အဘယ်ဝတ္ထုကို ရသင့်သနည်း = ရလိုသနည်း"ဟု မေးလေလျှင် ဝိသာခသူဌေးသည် "အခြားတစုံတရာဝတ္ထုကို ရလိုမှုမရှိပါ၊ အရှင်မင်းကြီး.... ရွှေထမ်းစင်ကိုလည်း ရသင့်ပါ၏ = ရလိုပါ၏၊ မြို့တော်ကိုလည်း သုတ်သင်ရှင်းလင်းစေခြင်းငှါ ရလိုပါ၏" ဟု လျှောက်ထားလေ၏။ မင်းကြီးသည် ဝိသာခသူဌေးလျှောက်ထားသည့်အတိုင်း ရွှေထမ်းစင်ကို ပေး၍ မြို့တော်ကို သုတ်သင်ရှင်းစေလေ၏။

WWW.DHAMMARANSI.COM



### ခမ်းနားစွာ ဘိက္ခုနီမ-ပြုပေးခြင်း

ဝိသာခသူဌေးသည် ဓမ္မဒိန္နာသူဌေးကတော်ကို နံ့သာရေဖြင့် ရေချိုးစေ၍ အဆင်တန်ဆာစုံတို့ဖြင့် တန်ဆာဆင်စေပြီးလျှင် ရွှေထမ်းစင်ထက်၌ တက်ရောက် ထိုင်နေစေလျက် ဆွေမျိုးအပေါင်းကို ဝန်းရံလိုက်ပါစေပြီးနောက် မြို့တော်ကို နံ့သာဖြင့် ထုံလှိုင်အောင် ပြုသည့်အလား များစွာသော နံ့သာ, ပန်းမာလ်-စသည်တို့ဖြင့်ပူဇော်မှုပြုလုပ်ကာ ဘိက္ခုနီမများနေထိုင်ရာကျောင်းတိုက်သို့ သွားရောက်၍"အရှင်မကြီးတို့ဘုရား....အကျွန်ုပ်၏ ကြင်ဖော် ဓမ္မဒိန္နာသူဌေးကတော်ကို ရှင်ရဟန်းမ-ပြုပေးတော်မူကြပါဘုရား"ဟု လျှောက်ထားပြောဆိုလေ၏။ ဘိက္ခုနီမတို့က (အပြစ်ရှိ၍ ထိုသို့လျှောက်ထားသည်ဟု ထင်မှတ်ကြကာ) "ဒါယကာသူဌေး····တခါ,နှစ်ခါ မှားမိသောအပြစ်များကို သည်းခံထင့်ပါသည်"ဟု ပြောဆိုကြလေလျှင် ဝိသာခသူဌေးသည် "အရှင်မကြီးတို့ဘုရား····ဓမ္မဒိန္နာ သူဌေးကတော်မှာ တစိုးတစိ အပြစ်မရှိပါ။ ဓမ္မဒိန္နာသည် သဒ္ဓါကြည်ညိုသဖြင့် ရှင်ရဟန်းမ-ပြုလိုသူ ဖြစ်ပါသည်" ဟု လျှောက်ထားလေ၏။ ထိုအခါ ဝိနည်းအရာ လိမ္မာကျွမ်းကျင်သော ထေရီတပါးသည် ဓမ္မဒိန္နာသူဌေးကတော်အား တစပဉ္စက ကမ္မဋ္ဌာန်းကို ဟောကြားပြီးလျှင် ဆံတို့ကို ပယ်ချရိတ်ဖြတ်၍ ရှင်ရဟန်းမ-ပြုပေးလေ၏။ ဝိသာခ သူဌေးသည်လည်း ဓမ္မဒိန္နာထေရီကို"အရှင်မဘုရား....သာသနာတော်၌ မွေ့လျော်စွာနေတော်မူပါ၊ မြတ်စွာဘုရားသည် တရားတော်ကို စ, လယ်, အဆုံး = သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှား ဟောကြားအပ်ပါပြီ" ဟု လျှောက်ထား၍ ရှိခိုးပြီးလျှင် အိမ်သို့တဖန် ဖဲသွားလေ၏။

ဓမ္မဒိန္နာထေရီမ၏ အဖို့ရာ ရဟန်းမ-ပြုသောနေ့မှစ၍ များစွာသော လာဘ်ပူဇော်သက္ကာရ ဖြစ်ရှိရရှိလေသည်၊ထေရီသည် ထိုသို့ လာဘ်ပူဇော် သက္ကာရ များလှသောကြောင့်ပင် ရဟန်းတရားအားထုတ်ခွင့်ကို မရနိုင်ပဲ ရှိလေသည်။ (ဤတိုင်အောင်သော

WWW.DHAMMARANSI.COM



စကားစုသား မဇ္ဈိမနိကာယ် မူလပဏ္ဏာသအဋ္ဌကထာ စူဠဝေ-
ဒလ္လ သုတ်အဖွင့်မှ ဖြစ်သည်။)

ဓမ္မဒိန္နာထေရီသည် ရဟန်းမ-ပြုပြီးလတ်သော် "ဤဝိသာခ
သူဌေးသည် အိမ်အလယ်၌ တည်နေစဉ်ပင် သံသရာဝဋ်ဒုက္ခ
ဆုံးအောင် ပြုတုံသေး၏၊ ရှင်ရဟန်းမ အဖြစ်ကို ရသောအချိန်မှ
စ၍ ငါသည်လည်း သံသရာဝဋ်ဒုက္ခဆုံးအောင် ကျင့်ဆောင်
ကြိုးကုတ် အားထုတ်မှ သင့်တော့မည်" ဟု ကြံစည်ဆင်ခြင်မိကာ
ဆရာ, ဥပဇ္ဈာယ်ဖြစ်သော ထေရီမကြီးတို့ထံသို့ သွားရောက်၍
"အရှင်မကြီးတို့ဘုရား... တပည့်တော်မ၏အဖို့ရာ အာရုံငါးပါး
ရောပြွမ်း ရှုပ်ထွေးသော နေရာဌာန၌ စိတ်သည် မပျော်ပိုက်ပါ၊
ရွာငယ်တောကျောင်းတခုသို့ သွားလိုပါသည်" ဟု လျှောက်ထား
လေ၏။ ထေရီမကြီးတို့သည် အမျိုးကြီးမှတောထွက်ကာ ရဟန်းမ
ပြုသူဖြစ်ခြင်းကြောင့် ထိုဓမ္မဒိန္နာထေရီမ၏ စိတ် (တောကျောင်း
နေလိုသောစိတ်)ကို မတားနိုင်ကုန်ရကား ဓမ္မဒိန္နာထေရီမကို
ခေါ်ဆောင်ကြကာ ရွာငယ်ကျောင်းတခုသို့ သွားကြလေကုန်၏။

ဓမ္မဒိန္နာထေရီသည် ရှေးလွန်လေပြီးသော ဘဝများက သင်္ခါရ
တရားတို့ကို ဉာဏ်ပညာဖြင့် ကြိတ်ချေ (သုံးသပ်) ခဲ့ဘူးသူ ဖြစ်
သောကြောင့် မကြာမြင့်မီပင်လျှင် ရဟန်းတရား ပွါးများကြိုးကုတ်
အားထုတ်သဖြင့် ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရ-
ဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏ = ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ
ဖြစ်လေ၏။ ထို့နောက် ဓမ္မဒိန္နာထေရီသည် "ငါ၏ ရဟန်းကိစ္စကား
အထွတ်အထိပ်သို့ ရောက်ခဲ့လေပြီ၊ ဤတောအရပ်၌နေ၍ အဘယ်
အမှု ပြုတုံအံ့နည်း = ပြုဖွယ်မရှိ၊ ရာဇဂြိုဟ်ပြည်သို့သာလျှင် ငါပြန်
ပေအံ့၊ ထိုရာဇဂြိုဟ်ပြည်၌ ငါ့ကို အမှီပြု၍ များစွာသော ဆွေမျိုး
အပေါင်းသည် ကောင်းမှုတို့ကို ပြုကြရပေလိမ့်မည်" ဟု ကြံစည်
ဆင်ခြင်မိကာ ဆရာ, ဥပဇ္ဈာယ် ထေရီမကြီးတို့ကို ပင့်ခေါ်ခဲ့၍
ရာဇဂြိုဟ်ပြည်သို့သာလျှင် တဖန်ပြန်၍ လာလေ၏။

WWW.DHAMMARANSI.COM



## ဝိသာခသူဌေး ပြဿနာမေးခြင်း

ဝိသာခသူဌေးသည် "ဓမ္မဒိန္နာထေရီမ ရာဇဂြိုဟ်ပြည်သို့ ပြန်လာသတဲ့"ဟူသော သတင်းစကားကို ကြားသိရ၍ "ဓမ္မဒိန္နာသည် ရဟန်းမ-ဖြစ်ပြီးလျှင် မကြာမီပင် ဇနပုဒ်=တိုက်နယ်သို့ သွားခဲ့လေပြီ၊ သွားပြီးလျှင်လည်း မကြာမီပင် ပြန်လာလေပြီ၊ အဘယ်သို့ ဖြစ်မှာပါလိမ့်၊ ငါကိုယ်တိုင်သွားရောက်၍ သိအောင် စုံစမ်းဦးအံ့"ဟု ကြံစည်၍ ညနေချမ်းအခါ၌ ဓမ္မဒိန္နာထေရီအထံသို့ သွားရောက်ရှိခိုးကာ အပြစ်လွတ်ရာအရပ်၌ ထိုင်နေပြီးသော် "အရှင်မ...သာသနာတော်၌ မွေ့လျော်၏လော, မမွေ့လျော်ဘူးလော"ဟု ဤသို့မေးခြင်းသည် ပညာရှိတို့အလုပ် မဟုတ်ချေ၊ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ကပ်ကာဆောင်၍ ပြဿနာကို မေးလျှောက်ပေအံ့၊ အမေးပုစ္ဆာ ပြဿနာကို ဖြေဆိုခြင်း (ဖြေဆိုပုံ) ဖြင့်ပင် ထိုဓမ္မဒိန္နာ၏ သာသနာ၌ မွေ့လျော်ခြင်း, မမွေ့လျော်ခြင်းကို ငါသိအောင်စုံစမ်းပေအံ့"ဟု ကြံစည်ဆင်ခြင်ပြီးလျှင် ခန္ဓာငါးပါး-အစရှိသော အစွမ်းအားဖြင့် ပြဿနာတို့ကို မေးမြန်းလေသည်။ (ဤ၌ ဝိသာခသူဌေး၏ မေးပုံ, ဓမ္မဒိန္နာထေရီ၏ ဖြေပုံ အလုံးစုံအကျယ်ကို ပိဋကတ်တော်မြန်မာပြန် မူလပဏ္ဏာသ၊ ၅-စူဠယမကဝဂ်၊ ၄-စူဠဝေဒလ္လသုတ်၊ စာမျက်နှာ ၃၇၅-မှစ၍ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

ဓမ္မဒိန္နာ ရဟန္တာထေရီမ-သည် သန်လျက်ဖြင့် ကြာရိုးကိုဖြတ်သကဲ့သို့ မေးတိုင်း မေးတိုင်းသော ပြဿနာစုကို မဆုတ် မဆိုင်းမြင်းလျင်စိုင်းသကဲ့သို့ ဟုတ်တိုင်းမှန်ရာ ဖြေဆိုလေ၏။ ဝိသာခသူဌေးသည် ဓမ္မဒိန္နာထေရီမ-၏ ဉာဏ်ထက်မြက်ခြင်းကို သိရှိ၍ မိမိရအပ် သိအပ်ပြီးသောအရာဝယ် အစဉ်အတိုင်း အောက်မဂ်သုံးပါးတို့၌ မေးသင့်သမျှ ခြင်းရာဥဿုံ ကုန်အောင် စုံအောင် မေးပြီးလျှင် နာယူသင်ကြား မှတ်သားဘူးသောအားဖြင့်(=ကိုယ်တိုင် ရသည် သိသည် မဟုတ်ပဲ)အရဟတ္တမဂ်၌လည်း ပြဿနာကို မေးမြန်းပြန်လေသည်။ ဓမ္မဒိန္နာထေရီသည်လည်း ဝိသာခသူဌေး၏ အဖို့ရာ အနာဂါမိဖိုလ်တိုင်အောင်သာ မေးဖို့ရန် အရာဖြစ်

WWW.DHAMMARANSI.COM



သည်ကို သိရှိ၍ "ယခုအခါ ဝိသာခသူဌေးသည် မိမိ၏ မေးသင့်သော အရာနယ်ပယ်ကို လွန်၍ ပြေးသွားလေပြီ"ဟု ဆင်ခြင်သိရှိ၍ ဝိသာခသူဌေးကို တန့်ရပ်စေလို နစ်စေလိုရကား—

"အရှင်မ ... ငြိမ်းအေးမှု = နိဗ္ဗာန်၏ ပြိုင်ဖက်ကား အဘယ်ပါနည်း"—

ဟူ၍ ဝိသာခသူဌေးက မေးအပ်လေလျှင်—

"ဒါယကာဝိသာခ…သင်သည် ပြဿနာကို လွန်၍ သွားပြီ ( = မေးသင့်သည်ထက် ပိုလွန်၍ သင် မေးမိလေပြီ-ဟု ဆိုလိုသည်)၊ သင်သည် ပြဿနာတို့၏ အဆုံးအပိုင်းအခြားကို ယူရန် မစွမ်းနိုင်( = နိဗ္ဗာန်တရားကား ပြိုင်ဖက် မရှိသောတရား ဖြစ်သည်၊ ယင်းသို့ ပြိုင်ဖက် မရှိသော နိဗ္ဗာန်၏ ပြိုင်ဖက်ကား အဘယ်ပါနည်း-ဟု မေးသော သင်သည် ပြဿနာ၏ အပိုင်းအခြား ပမာဏကို မယူစွမ်းနိုင်-ဟု ဆိုလိုသည်)။ မှန်ပါသည် ဒါယကာဝိသာခ....သုံးပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်သည် နိဗ္ဗာန်သို့ သက်ဝင်၏၊ နိဗ္ဗာန်လျှင် လားရာရှိ၏။ နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ဒါယကာဝိသာခ.... အလိုရှိခဲ့မူ ( = မကျေနပ်သေး၍ ထပ်မေးလိုလျှင်) သင်သည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ထိုအနက်အဓိပ္ပါယ် အကြောင်းအရာကို မေးလျှောက်လော့၊ သင့်အား မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ထို အနက်အဓိပ္ပါယ် အကြောင်းအရာကို မှတ်လော့"—

ဟု ပြတ်ပြတ်သားသား မိန့်ကြားပြောဆိုလိုက်လေသည်။

ထိုအခါ ဝိသာခသူဌေးသည် မြတ်စွာဘုရားရှင့် အထံတော်သို့ သွားရောက်၍ မိမိက မေးပုံ, ဓမ္မဒိန္နာထေရီမ-က ဖြေပုံ အလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် ဝိသာခသူဌေး လျှောက်ထားသည့်စကားကို ကြားသိတော်မူရလေလျှင် "ငါ့သမီးတော် ဓမ္မဒိန္နာထေရီမ-၏သန္တာန်မှာ အတိတ်,

WWW.DHAMMARANSI.COM



အနာဂတ်, ပစ္စုပ္ပန်ခန္ဓာတရားတို့၌ တပ်မက်မှု = တဏှာလောဘ မရှိတော့ချေ”ဟု မိန့်တော်မူ၍ ဓမ္မပဒကျမ်းဝယ်—

> ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈေ စ နတ္ထိ ကိဉ္စနံ။
> အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
>
> ဝဟာပတိ = ဒါယကာဝိသာခသူဌေး····။ ယဿ = အမှတ်မထင် အကြင်သူ၏ (သန္တာန်၌)။ ပုရေ စ = ရှေးကဖြစ်ပြီး အတိတ်ခန္ဓာတရားတို့၌၎င်း။ ပစ္ဆာ စ = နောင်ဖြစ်ပေါ်လာမည့် အနာဂတ်ခန္ဓာတရားတို့၌၎င်း။ မဇ္ဈေ စ = အတိတ်နှင့်အနာဂတ်နှစ်သွယ်တို့၏ အလယ် ခေါ်ပြီး ပစ္စုပ္ပန်ခန္ဓာတရားတို့၌၎င်း။ ကိဉ္စနံ = ငြိတွယ်တတ်သော တဏှာအစွဲ ခေါ်မြဲမှုလ ကြောင့်ကြတရားသည်။ နတ္ထိ = တစိုးတစိ မရှိချေ။ အကိဉ္စနံ = ရာဂ စသည် ယိုဉ်များလှ ကြောင့်ကြဘိခြင်း အလျှင်းမရှိသော။ အနာဒါနံ = တစုံ တခုသောတရားကိုမျှ စွဲယူခြင်း အလျှင်းမရှိသော။ တံ·တာဒိသံ = ထိုသို့ရှုအပ် ပုဂ္ဂိုလ်မြတ်ကို။ အဟံ = လူသုံးပါး တို့ဆရာ ငါဘုရားသည်။ ဗြာဟ္မဏံ = ဗာဟိတပါပ် အနွတ္ထကြောင့် ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဟူ၍။ ဗြူမိ = ပရမတ္ထ သဘာဝအား ဟောကြားပေ၏”—

ဟူသော ဤ တရားဂါထာကို ဟောကြားတော်မူလေ၏။ (ဒေသနာ နိဂုံး ဆုံးလတ်သောအခါ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်·စသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။ ။ ဓမ္မပဒ ဋ္ဌ ၂၊ မျက်နှာ ၄၅၂-မှ)။

ထိုနောင်မှ မြတ်စွာဘုရားရှင်သည် ဓမ္မဒိန္နာထေရီအား သာဓု ကောင်းကြီး ပေးတော်မူပြီးလျှင် ဝိသာခသူဌေးကို “ဒါယကာ ဝိသာခ....ဓမ္မဒိန္နာရဟန်းမသည် ပညာရှိ၏၊ ဒါယကာဝိသာခ.... ဓမ္မဒိန္နာရဟန်းမသည် များမြတ်သောပညာရှိ၏။ ဒါယကာ ဝိသာခ....ငါဘုရားကို အကယ်၍ ထိုအနက်သဘောကို သင်မေး မြန်းလျှင် ငါဘုရားသည်လည်း ထိုအနက်သဘောကို ဓမ္မဒိန္နာ

WWW.DHAMMARANSI.COM



ရဟန်းမ ဖြေကြားသကဲ့သို့ပင် ဖြေကြားရာ၏။ ထိုပြဿနာ၏ အနက်သည် ဤ အနက်ပင်တည်း။ ဤသို့ ဓမ္မဒိန္နာရဟန်းမ ဖြေကြားသည့်အတိုင်းပင် ထို အနက်သဘောကို သင်မှတ်ယူလေလော့”ဟု မိန့်တော်မူ၏။ (ဤအကြောင်းအရာ အဋ္ဌုပ္ပတ်ကား ဓမ္မဒိန္နာထေရီမအဖို့ “ဓမ္မကထိက = တရားဟော ကောင်းသောအရာ, တရားဟောမှု၌ လိမ္မာသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူး ရရှိဖို့ရန် ဖြစ်ပေါ်ခဲ့လေသည်)။

(ဤ၌ ။မြတ်စွာဘုရားရှင်က ဆိုအပ်ပြီးသည့်အတိုင်း ထောက်ခံ မိန့်ဆိုတော်မူချက်ဖြင့်ပင် ထိုစူဠဝေဒလ္လသုတ္တန်တခုလုံးသည် တပည့် သာဝကဟောသည့်=သာဝကဘာသိတသုတ္တန် မဟုတ်တော့ပဲ မြတ်စွာ ဘုရားဟောကြားအပ်သည့် = ဇိနဘာသိတသုတ္တန် ဖြစ်လေတော့၏။ ဥပမာအားဖြင့် မင်းမှုထမ်းတို့ ရေးသားအပ်သော သဝဏ်လွှာသည် မင်းတံဆိပ် မခတ်နှိပ်သေးသမျှ မင်း၏သဝဏ်လွှာ မမည်သေးပဲ မင်း တံဆိပ် ခတ်နှိပ်ပြီးကာမျှမှာပင် မင်း၏သဝဏ်လွှာ မည်လေတော့ သကဲ့သို့ ထိုအတူ “ငါဘုရားသည်လည်း ထိုအနက်သဘောကို ဓမ္မဒိန္နာ ရဟန်းမ ဖြေကြားသကဲ့သို့ပင် ဖြေကြားရာ၏”ဟူသော ဤမြတ်စွာ ဘုရား၏ နှုတ်တော်ကျူးညီတ် တံဆိပ်ခတ်အပ်လေသောကြောင့် ဤ စူဠဝေဒလ္လသုတ္တန်တခုလုံးသည် မြတ်စွာဘုရား ဟောကြားအပ်သည့် ဇိနဘာသိတသုတ္တန် ဖြစ်လေတော့၏-ဟု အထူးကို မှတ်ယူရာ၏။ တပါးသော သုတ္တန်တို့၌လည်း ဤနည်းအတူတည်း)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

နောက်တချိန်ဝယ် မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် အစဉ်အတိုင်း ဘိက္ခုနီမတို့ကို ဧတဒဂ်ရာထူး ဌာနန္တရ၌ ထားတော်မူလတ်သည်ရှိသော် ဤစူဠဝေဒလ္လသုတ္တန်ကိုပင် အကြောင်းရင်း အဋ္ဌုပ္ပတ်ပြုတော်မူ၍ ဓမ္မဒိန္နာထေရီမ-ကို ဤ သာသနာတော်၌—

“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဓမ္မ-ကထိကာနံ ယဒိဒံ ဓမ္မဒိန္နာ = ရဟန်းတို့....တရားဟော ကောင်းကြ=တရားဟောခြင်း၌လိမ္မာကြသည့်ငါဘုရား၏

WWW.DHAMMARANSI.COM



တပည့်မ သာဝိကာ ဘိက္ခုနီမတို့တွင် ဓမ္မဒိန္နာဘိက္ခုနီမ
သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူး မိန့်မြွက်တော်မူကာ "ဓမ္မကထိက = တရားဟော
ကောင်းသော အရာ"၌ အသာဆုံး အမြတ်ဆုံး = ဧတဒဂ်
ရာထူး၌ ထားတော်မူလေ၏။

ဤကား ဓမ္မဒိန္နာထေရီ အကြောင်းတည်း။

## (၆) နန္ဒာထေရီအကြောင်း

(ဤ၌။ ။နန္ဒာထေရီ ဟူသည်မှာ ဇနပဒကလျာဏီ ရူပနန္ဒာထေရီ
ကိုပင် ခေါ်သည်၊ ထိုထေရီမ၏ အကြောင်းကို အောက်မဟာဗုဒ္ဓဝင်
စတုတ္ထတွဲ၊ စာမျက်နှာ ၃၄၄၊ "ဝိဇယသုတ္တန် မြန်မာပြန် နောက်ဆက်တွဲ"
အခဏ်း၌ အကျယ်ရေးသား ဖော်ပြအပ်ခဲ့ပြီးဖြစ်၍ ဤအခဏ်း ၄၄-၌
အင်္ဂုတ္တိုရ် အဋ္ဌကထာလာသတိုင်းသာ အကျဉ်းအားဖြင့် ရေးသား ဖော်ပြ
ပေအံ့)—

### (က) ထေရီမ-၏ ဆုတောင်း

ဤနန္ဒာထေရီအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရ
မြတ်စွာ လက်ထက်တော်အခါ၌ ဟံသာဝတီ မင်းနေပြည်၌
အမျိုးကောင်းသမီး (= သူဌေးသမီး) ဖြစ်၍ နောက်တချိန်၌
မြတ်စွာဘုရား၏ တရားတော်ကို နာကြားစဉ် မြတ်စွာဘုရားရှင်က
ဘိက္ခုနီမတပါးကို ဈာန်ဝင်စားမှုလျှော်သောအရာ၌ အသာ
ဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်
ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူးဌာနန္တရ
ကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ မြတ်စွာဘုရားရှင်တလည်း
ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ထိုအမျိုးကောင်းသမီးသည် ထိုဘဝမှနောက် ကမ္ဘာတသိန်း
ကာလပတ်လုံး နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည် ကျက်စားခဲ့၍
ဤနောက်ဆုံး ပစ္ဆိမဘဝ၌ နန္ဒမင်းသား၏နှမတော်(ကြင်ယာ

WWW.DHAMMARANSI.COM



လောင်း) နန္ဒာမင်းသမီး ဖြစ်၍လာလေသည်။ ထိုမင်းသမီးကို အဘိရူပနန္ဒာမင်းသမီးဟူ၍လည်း ခေါ်ဆိုအပ်၏။ ထိုမင်းသမီးသည် ခနောက်အဖွဲ့ဝယ် အလွန်တင့်တယ်သော ရုပ်အဆင်းရှိသူ ဖြစ်ခြင်းကြောင့် ဇနပဒကလျာဏီ အမည်တွင်လေသည်။

မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီ၏ သမီးအရင်း ထိုဇနပဒကလျာဏီ အဘိရူပနန္ဒာမင်းသမီးသည် အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၍ အစဉ်သဖြင့် ကပိလဝတ် နေပြည်တော်သို့ ကြွလာတော်မူကာ နန္ဒမင်းသား, ရာဟုလမင်းသားတို့ကို ရှင်,ရဟန်းပြုပေးပြီး ဖဲကြွတော်မူပြီးနောက် သုဒ္ဓေါဒနမင်းတရားကြီး ပရိနိဗ္ဗာန် ဝင်စံပြီးသောအခါ "မယ်တော် မဟာပဇာပတိဂေါတမီနှင့် အမတော် ရာဟုလမယ်တော် ယသောဓရာမိဖုရားတို့သည် အိမ်ရာတည်ထောင် လူ့ဘောင်မှ ထွက်၍ မြတ်စွာဘုရား အထံတော်၌ ရဟန်းမ-ပြုကြကုန်ပြီ"ဟူသော သတင်းစကားကို ကြားသိရ၍ "ငါ့အဖို့ရာ ဤမယ်တော်, အမတော်တို့ ရဟန်းမ-ပြုကြသော အချိန်မှစ၍ ဤရွှေနန်းတော်ဝယ် အဘယ်အမှု ပြုရန်ရှိတော့အံ့နည်း = မရှိတော့သည်သာတည်း"ဟု ကြံစည်ဆင်ခြင်မိကာ မယ်တော် မဟာပဇာပတိ ဂေါတမီထေရီမကြီးအထံသို့ သွားရောက်၍ ရဟန်းမ-ပြုလေ၏။

ရဟန်းမ-ပြုပြီးသောနေ့မှစ၍ "မြတ်စွာဘုရားသည် ရုပ်အဆင်းကို ကဲ့ရဲ့တော်မူ၏"ဟု အောက်မေ့ကာ မြတ်စွာဘုရားရှင့်အထံသို့ ဆည်းကပ်ဖို့ရန် မသွားရောက်ခဲ့ချေ။ အဆုံးအမ ဩဝါဒခံယူရန် အလှည့်အကြိမ် ရောက်လတ်သော်လည်း ကိုယ်တိုင် မသွားပဲ အခြားဘိက္ခုနီမကိုသာ ကိုယ်စားစေလွှတ်၍ အဆုံးအမ-ဩဝါဒကို ဆောင်ယူစေလေသည်။ မြတ်စွာဘုရားရှင်သည် နန္ဒာထေရီမ၏ ရုပ်မာန်ယစ်၍နေကြောင်း ကောင်းစွာသိတော်မူ၍ "ဘိက္ခုနီမများသည် မိမိအတွက်ဩဝါဒကို မိမိကိုယ်တိုင်သာ လာရောက်၍ ခံယူကြရမည်၊ ဘိက္ခုနီမများသည် အခြားဘိက္ခုနီမကို ကိုယ်စားမလွှတ်ရ" ဟု ထပ်ဆင့်၍ အမိန့်တော်ထုတ်ပြန် မိန့်ကြားတော်

WWW.DHAMMARANSI.COM



မူလေ၏။ ထိုအခါ ရူပနန္ဒာထေရီသည် တိမ်းရှောင်ဖို့ရန် အခြားလမ်းကို မမြင်ရတော့, မတွေ့ရတော့သည် ဖြစ်၍ အလိုမရှိပဲပင် အဆုံးအမခံယူရန် မြတ်စွာဘုရားထံတော်သို့ သွားရောက်ရလေတော့၏။

မြတ်စွာဘုရားသည် ရူပနန္ဒာထေရီ၏ စရိုက်နှင့် လိုက်လျောညီညွတ်အောင် စောစီးကပင် ကြံတင်၍ တန်ခိုးတော်ဖြင့် မိန်းမလှနိမ္မိတရုပ်တခုကို ဖန်ဆင်းလျက် ထန်းရွက်ယပ်ဝန်းကို ကိုင်စွဲကာ ကိုယ်တော်မြတ်ကို ယပ်ခပ်ပေးနေသည့်အဟန် စီမံ ဖန်ဆင်း၍ ထားတော်မူလေသည်။ ရူပနန္ဒာထေရီသည် ထိုနိမ္မိတ = မိန်းမလှရုပ်ကို မြင်ရလေလျှင် "ဩ....ငါသည် အကြောင်းမဟုတ်ပဲလျက်လျှင် မေ့လျော့ကာ မြတ်စွာဘုရားရှင့်အထံကော်သို့ မလာမိချေတကား၊ ဤသို့စင် တင့်တယ်လှသည့် မိန်းမများသည်လည်း မြတ်စွာဘုရားအနီးနှ အကျွမ်းတဝင် ဝတ်ပြုကာ လှည့်လည်နေထိုင်ကြကုန်၏၊ ငါ၏ အဆင်းကား ဤမိန်းမလှတို့၏ အဆင်းနှင့် နှိုင်းစာလျှင် တဆယ့်ခြောက်စိတ် ဆယ့်ခြောက်ပြန်စိတ် ( = ၂၅၆ စိတ်စိတ်)သော်လည်း တစိတ်လောက်မျှ မမှီပါတကား၊ ငါသည် မသိသားဆိုးဝါးသည့်အတွက် ဤမျှကာလကြာအောင် မြတ်စွာဘုရားအထံတော်သို့ မလာရောက်မိချေတကား"ဟု အောက်မေ့၍ ထိုနိမ္မိတ မိန်းမလှအာရုံနိမိတ်ကို ယူကာ စူးစူးစိုက်စိုက် ကြည့်ရှုလျက် ရပ်တည်နေလေ၏။

မြတ်စွာဘုရားသည် ထို ရူပနန္ဒာထေရီအား ရှေးကောင်းမှုကုသိုလ်နှင့် ပြည့်စုံသူဖြစ်သောကြောင့် ဓမ္မပဒကျမ်းဝယ် "အဋ္ဌီနံ နဂရံ ကတံ"အစရှိသော တရားဂါထာကို ဟောတော်မူ၍ ထို့နောက် ဆက်ကာ "စရံ ဝါ ယဒိ ဝါ တိဋ္ဌံ နိသိန္နော ဥဒ ဝါ သယံ" အစရှိသော သုတ္တနိပါတ်ပါဠိတော်လာ ဝိဇယသုတ္တန်ကို ဟောကြားတော်မူလေ၏။ ရူပနန္ဒာထေရီသည် ဝိဇယသုတ္တန်တရားဒေသနာကိုပင် အဖန်ဖန် နှလုံးသွင်း၍ သုညတကမ္မဋ္ဌာန်းကို စီးဖြန်းကြိုးကုတ် အားထုတ်လတ်ရကား ၂-ရက် ၃-ရက်အတွင်းနှ ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။ (အကြောင်း အရာ

WWW.DHAMMARANSI.COM



အကျယ်ကို မဟာဗုဒ္ဓဝင် စတုတ္ထတွဲ၊ စာမျက်နှာ ၃၄၄-မှစ၍ ကြည့်ရှုကုန်ရာ၏)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ရူပနန္ဒာထေရီသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသောအချိန်မှ စ၍ ဈာန်ဖြင့် မွေ့လျော်ပျော်ပိုက်ကြသော (=ဈာန်ဝင်စားကြသော) ဘိက္ခုနီမတို့တွင် အထွတ်အဦးရောက် ထူးချွန်စွာ ဈာန်ဝင်စားသူ ဖြစ်လေသည်၊ ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော်နေတော်မူစဉ် အစဉ်အတိုင်း ဘိက္ခုနီမတို့ကို ဧတဒဂ်ရာထူး ဌာနန္တရ၌ ထားတော်မူသည်ရှိသော် နန္ဒာထေရီ ဘိက္ခုနီမကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဈာယီနံ ယဒိဒံ နန္ဒာ=ရဟန်းတို့···ဈာန်ဝင်စားလေ့ရှိကြသော ငါဘုရား၏တပည့်မ သာဝိကာ ဘိက္ခုနီမတို့တွင် နန္ဒာထေရီ ဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ဈာယီ=ဈာန်ဝင်စားလေ့ရှိသောအရာ = ဈာန်ဖြင့် မွေ့လျော်ပျော်ပိုက်လေ့ရှိသော အရာ" ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

**ဤကား၊ နန္ဒာထေရီ အကြောင်းတည်း။**

---

## (၃) (ဗဟုပုတ္တိက)သောဏာထေရီအကြောင်း

### (က) ထေရီမ-၏ရှေးဆုတောင်း

ဤ (ဗဟုပုတ္တိက) သောဏာထေရီအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ သူဌေးသမီးဖြစ်၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားဟောကို ကြားနာရစဉ် မြတ်စွာဘုရားရှင်က

WWW.DHAMMARANSI.COM



ဘိက္ခုနီမတပါးကို "အာရဒ္ဓဝီရိယ = လုံ့လပြင်းထန် ထက်သန်သော အရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို မြင်ရ၍ အားကျနှစ်သက်ကာ အဓိကာရ ကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုအာရဒ္ဓဝီရိယ ဧတဒဂ်ရာထူးကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

## (ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ထိုသူဌေးသမီးသည် ကမ္ဘာတသိန်းကြာ ကာလပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် သာဝတ္ထိပြည်၌ သူဌေးသမီးဖြစ်၍ အရွယ်သို့ရောက်လတ်သော် အရှင်သခင်လင်ယောကျ်ား သူဌေးသားအိမ်သို့ လိုက်ပါရကာ သားသမီး (၁၀) တကျိပ် ထွန်းကားရရှိရကား "ဗဟုပုတ္တိက-သောဏာ"ဟူ၍ ထင်ရှားလေသည်။

ဗဟုပုတ္တိက - သောဏာ သူဌေးကတော်သည် နောက်တချိန်ဝယ် အရှင်သခင် လင်ယောကျ်ားသူဌေးသား ရဟန်းပြု၍သွားလတ်သော် အရွယ်သို့ရောက်ကြသည့် သားသမီး တကျိပ်တို့ကို အိမ်ထောင်ထိမ်းမြား နေရာချထားပြီးလျှင် အလုံးစုံသောဥစ္စာကို သားသမီးတို့အား အမွေခွဲဝေ၍ပေးလေ၏၊ မိမိအတွက် အနည်းငယ်သော ဥစ္စာကိုမျှ ချန်၍မထားချေ။ ဗဟုပုတ္တိက-သောဏာ သူဌေးကတော်ကို သားများ သမီးများက နှစ်ရက်,သုံးရက်မျှသာ ကြည်သာယုယ ပြုစုကြပြီး နှစ်ရက်,သုံးရက်မှနောက် ရောက်သော အခါ၌ လွှမ်းမိုးချုတ်ချယ်စကား ပြောကြား၍ လာကြလေသည်။

ဗဟုပုတ္တိက-သောဏာသူဌေးကတော်သည် သားသမီးများက မိမိအပေါ်၌ မရိုမသေကြသော အဖြစ်ကို သိရှိ၍ "ငါ့အဖို့ရာ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေခြင်းဖြင့် အဘယ်အမှု ပြုရအံ့နည်း = ပြုရန်မရှိသည်သာ"ဟု ကြံစည်ဆင်ခြင်၍ လူ့ဘောင်မှ ထွက်ကာ ရဟန်းမ-ပြုလေ၏။ ထိုသို့ ရဟန်းမ-ပြုပြီးနောက် ဗဟုပုတ္တိက-သောဏာထေရီကို ဆရာဘိက္ခုနီမတို့က အပြစ်တခု

WWW.DHAMMARANSI.COM



အကြောင်းပြု၍ "ဤ ဗဟုပုတ္တိက-သောဏာဘိက္ခုနီမသည် ဝတ်ကို မသိတတ်၊ မလျှောက်ပတ်သည်ကို ပြုဘိ၏" ဟု သင့်လျော်ရာ ဒဏ်ထားမှုကို ပြုကြလေ၏။ သားသမီးတို့သည် ဒဏ်ထမ်း၍ နေသော မိခင်ဖြစ်သူ ဗဟုပုတ္တိက-သောဏာထေရီကို မြင်ကြရလေလျှင် "ဤအမယ်ကြီးသည် ယခုတိုင်အောင်လည်း ရဟန်းသိက္ခာမျှကိုပင် မသိမြင်ဘိတကား" ဟု တွေ့လေရာရာ အရပ်၌ ပြက်ရယ်ပြောင်လှောင်မှုကို ပြုကြလေ၏။

ဗဟုပုတ္တိက-သောဏာထေရီ ဘိက္ခုနီမသည် ထိုသားသမီးတို့၏ ပြက်ရယ်ပြောင်လှောင် ပြောဆိုကြသောစကားကို ကြား၍ သံဝေဂကြီးစွာ ဖြစ်ရှိပြီးလျှင် "မိမိ၏ ဂတိစင်ကြယ်အောင် ပြုမှ သင့်မည်" ဟု ကြံစည်ဆင်ခြင်၍ တိုင်သောနေရာ, ရပ်သောနေရာ တို့၌ ဒွတ္တိံသာကာရ (=၃၂-ကောဋ္ဌာသ) ကမ္မဋ္ဌာန်းကို စီးဖြန်း သရဇ္ဈာယ်၍ နေလေ၏။ (ဗဟုပုတ္တိက-သောဏာထေရီ ဘိက္ခုနီမသည် "ငါကား ကြီးမှ ရဟန်းမ-ပြုသူဖြစ်ရကား မမေ့မလျော့သူ ဖြစ်မှ သင့်တော်မည်" ဟု ကြံစည်ဆင်ခြင်၍ ဘိက္ခုနီတို့၏ ဝတ်ကြီး, ဝတ်ငယ်ကို ပြုလုပ်ဆောင်ရွက်ရင်း "ငါသည် ညဥ့်သုံးယံပတ်လုံး ရဟန်းတရားကို အားထုတ်ပေအံ့" ဟု ပြောသာဒ်၏ အောက်ထပ်ဝယ် တိုင်ကြီးတလုံးကို လက်ဖြင့်ကိုင်၍ ထိုတိုင်ကို လက်မလွှတ်ပဲ ရဟန်းတရား ပွါးများအားထုတ်လျက် ပင်ပန်းလှ၍ စင်္ကြံသွားလျှင်လည်း "မှောင်မိုက်ထဲ၌ သစ်ပင်စသည်တို့တွင် တစုံတရာသောအရာ၌ ငါ၏ ဦးခေါင်းသည် တိုက်မိခိုက်မိလေရာ၏" ဟု အောက်မေ့ကာ သစ်ပင်ကို လက်ဖြင့်ကိုင်၍ ထိုသစ်ပင်ကို လက်မလွှတ်ပဲ လှည့်လည်စင်္ကြံသွားကာသာ ရဟန်းတရား ပွါးများကြီးကုတ် အားထုတ်လေ၏။ ။ထေရီဂါထာအဋ္ဌကထာမှ)။

**အာရဒ္ဓဝီရိယ သောဏာထေရီဟု ထင်ရှားခြင်း**

ထို ( ဗဟုပုတ္တိက ) သောဏာ ထေရီသည် အိုအာပြီးသည့် အတိုင်း မအိပ်မနေ လုံ့လဝီရိယ ကြီးစွာဖြင့် ရဟန်းတရား ပွါးများကြီးကုတ် အားထုတ်လေရကား ရှေးအခါ၌ ဗဟုပုတ္တိက-

WWW.DHAMMARANSI.COM



သောဏာထေရီအမည် ထင်ရှားရာမှ နောက်အခါဝယ် "အာရဒ္ဓ ဝီရိယ-သောဏာထေရီ = ဝီရိယထက်သန်ပြင်းထန်သော သော-ဏာထေရီ"ဟု ထင်ရှားလေ၏။

ရဟန္တာမ ဖြစ်ခြင်း

တနေ့သ၌ ဘိက္ခုနီမတို့သည် ဇေတဝန်ကျောင်းတိုက်တော်သို့ အဆုံးအမခံယူရန် သွားရောက်ကြသည်ရှိသော် အာရဒ္ဓဝီရိယ-သောဏာထေရီ ဘိက္ခုနီမကြီးကို "အို့ရှင်မသောဏာ...ဘိက္ခုနီသံဃာအတွက် ရေနွေးတည်၍ ထားလိုက်ပါလော့"ဟု မှာတမ်း၍ သွားကြကုန်၏။ သောဏာထေရီ ဘိက္ခုနီမကြီးသည်လည်း ရေနွေးအိုးမတည်မီ အလျင်ရှေးဦးစွာပင် မီးတင်းကုပ်အနီး၌ လှုံးလားတုံ့ခေါက် စင်္ကြံလျှောက်ရင်း လျှောက်ရင်း ဒွတ္တိံသာ-ကာရ (၃၂-ကောဋ္ဌာသ) ကမ္မဋ္ဌာန်းကို ရွတ်အံသရဇ္ဈာယ်လျက် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ၍ နေလေ၏။ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတိုက်တော် ဂန္ဓကုဋီတိုက်တော်အတွင်း နေထိုင်တော်မူရင်းကပင်——

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။

သောဏေ = ချစ်သမီး သောဏာ....။ ယော စ = အမှတ်မထင် အကြင် သူသည်ကား။ ဥတ္တမံ ဓမ္မံ = သန့်ချာကိုးရပ် လောကုတ္တရာ·တရားတော်မြတ်ကို။ အပဿံ-အပဿန္တော = မျက်မှောက်ထင်ထင် မတွေ့မြင်ရပဲ။ ဝဿသတံ = အနှစ်တရာ ရှည်မြင့်ကြာအောင်။ ဇီဝေ-ဇီဝေယျ = အသက်ရှည်တွေ့ တည်နေရာ၏။ တဿ = ထိုသူ၏။ ဇီဝတော = အနှစ်တရာ ရှည်မြင့်ကြာအောင် ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းထက်။ ဥတ္တမံ ဓမ္မံ= သန့်ချာကိုးရပ် လောကုတ္တရာ တရားတော်မြတ်ကို။ ပဿ-တော = မျက်မှောက်ထင်ထင် တွေ့ရမြင်ရသောသူ၏။ ဧကာဟံ = ကာလမကြာ တရက်တာမျှ။ ဇီဝိတံ = ခန္ဓာ-

WWW.DHAMMARANSI.COM



ဆက်စဉ် အသက်ရှင်၍ နေရခြင်းသည်။ သေယျော = အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏"—

ဟူသော ဤသြဘာသဂါထာကို ရွတ်ဆိုဟောကြားတော်မူလေ၏။

သောဏာထေရီ ဘိက္ခုနီမကြီးသည် သြဘာသတရားဂါထာ၏ အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ရှိပြီးလျှင်(=ရဟန္တာဖြစ်ပြီးလျှင်)"ငါကား အရဟတ္တဖိုလ်သို့ ရောက်ခဲ့လေပြီ၊ ဤ အကြောင်းကို မသိကြသည့် ရောက်လာသောပုဂ္ဂိုလ်များကား မစူးမစမ်းပဲ သာလျှင် ငါ့အပေါ်၌ မထီမဲ့မြင်မှု(=အထင်သေးမှု)ပြု၍ တစုံတရာ အပြစ်တင်စကား မထီမဲ့မြင်စကား ပြောကြားမိခဲ့လျှင် များစွာသော အကုသိုလ်ကို တိုးပွါးစေလေရာ၏၊ သို့ရကား ငါသည် သူတပါးတို့သိမှတ်နိုင်ကြောင်းကို ကြိုတင်ပြုလုပ်ထားမှ သင့်တော်တော့မည်"ဟု ကြံစည်ဆင်ခြင်၍ ရေအိုး(ရေနွေးတည်ရန်အိုး)ကို ခုံလောက်ပေါ်၌ တင်ထားရုံတင်ထား၍ အောက်၌ကား မီးကို မမွေးပဲ ပကတိထားရှိလေ၏။

အဖော်အတူနေ ဘိက္ခုနီမတို့သည် ကျောင်းတော်မှ ပြန်လာကြသည်ရှိသော် ခုံလောက်ကို လှမ်းမျှော်ကြည့်ကြလျက် မီးတောက်မီးလျှံကို မမြင်ကြရကား "ဤအဖွားကြီးကို 'ဘိက္ခုနီသံဃာအတွက် ရေနွေးကျို၍ ထားလိုက်ပါ'ဟု ငါတို့မှာထား ပြောကြားခဲ့ကြပါလျက် ဤအဖွားကြီးသည် ယခုတိုင်အောင်ပင် ခုံလောက်၌ မီးကိုမျှ မမွေးသေး မပြုသေးပါတကား"ဟု အပြစ်တင်စကား ပြောကြားကြလေ၏။ ထိုအခါ သောဏာထေရီ ဘိက္ခုနီမကြီးက "ရှင်မတို့...ရှင်မတို့အဖို့ရာ မီးဖြင့် အဘယ်မှုစရာ့နည်း=ဘာလုပ်မည်နည်း၊ ရေနွေးဖြင့် ရေချိုးလိုသောဘိက္ခုနီမတို့သည် ထိုရေအိုးထဲမှ ရေကို ခပ်ယူ၍ ချိုးကြလော့"ဟု အံ့ဖွယ်စကား ပြောကြားလေလျှင် အတူနေအဖော် ဘိက္ခုနီမတို့သည်လည်း "ဤသို့ အံ့ဖွယ်စကား ဤအဖွားကြီး ပြောကြားရာ၌ အကြောင်းတူး တခုခု ကေန်ပင် ရှိသည်ဖြစ်လိမ့်မည်"ဟု ကြံစည်စဉ်းစားမိကြကာ ထိုရေအိုးရှိရာသို့ သွားကြ၍ ရေ၌

WWW.DHAMMARANSI.COM



လက်ကို ချနှစ်ကာ စမ်းသပ်ကြသည်တွင် ပူနွေးသည်၏အဖြစ်ကို သိကြ၍ အခြားအိုးလွတ်တခုကို ယူဆောင်ခဲ့ကြကာ ခုံလောက်ပေါ်၌တင်ထားသောအိုးတွင်းမှ ရေကို ခပ်ယူကြလေကုန်၏။ ခပ်တိုင်း ခပ်တိုင်းသော နေရာသည် နဂိုရ်ပကတိ ရေတဖန်ပြန်၍ ပြည့်မြဲ ပြည့်နေလေ၏။

ထိုအခါကျမှ အသူနေ အဖော် ဘိက္ခုနီမ အားလုံးတို့သည် သောဏာထေရီ ဘိက္ခုနီမကြီး၏ အရဟတ္တဖိုလ်၌တည်ကြောင်း= ရဟန္တာမ ဖြစ်ကြောင်းကို ကောင်းစွာ သိရှိကြလျက် ရှေးဦးစွာ သိက္ခာဝါငယ်သော ဘိက္ခုနီမတို့သည် တည်ခြင်း ၅-မျိုးဖြင့် ထေရီမကြီး၏ ခြေရင်း၌ ဝပ်စင်းကုန်လျက် "အရှင်မကြီး.... အကျွန်ုပ်တို့သည် ဤမျှ ကာလကြာအောင် မစူးစမ်း မဆင်ခြင် မိကြပဲ အရှင်မကြီးကို အနိုင်ကျင့်ကာကျင့်ကာ လွန်မိုးစကား ပြောမှားမိခဲ့ကြပါပြီ၊ အကျွန်ုပ်တို့ကို သည်းခံတော်မူကြပါလော့" ဟု တောင်းပန်စကား လျှောက်ထားပြောဆို ကန်တော့ကြလေကုန်၏။ သိက္ခာဝါကြီးသော ဘိက္ခုနီမတို့ကလည်း ဆောင့်ကြောင့်ထိုင်ကြ၍ "အရှင်မ....သည်းခံပါလော့" ဟု တောင်းပန်စကား ပြောကြား၍ ကန်တော့ကြလေ၏။

## (၈) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ထိုအချိန်မှစ၍ "အသက်အရွယ်ကြီးရင့်သောအခါမှ ရဟန်းပြုသော်လည်း လုံ့လပြင်းထန် ထက်သန်သည်၏ အဖြစ်ကြောင့် မကြာမြင့်မီပင် သောဏာထေရီမကြီးသည် အရဟတ္တဖိုလ်၌ တည်လေပြီ" ဟု ထေရီမကြီး၏ ဂုဏ်ကျေးဇူးသည် အထူးထင်ရှား ကျော်ကြား၍ လာလေ၏။ နောက်အဖို့၌ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်တော်၌ နေတော်မူကာ ဘိက္ခုနီထေရီမ တို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ာနန္တရ၌ ထားတော်မူသည် ရှိသော် သောဏာထေရီ ဘိက္ခုနီမကြီးကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ အာ-ရဒ္ဓဝီရိယာနံ ယဒိဒံ သောဏာ = ရဟန်းတို့....သမ္မာပစ္စခန်

WWW.DHAMMARANSI.COM



လုံ့လ ဝီရိယ ပြင်းထန် ထက်သန်ကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဘိက္ခုနီမများစွာတို့တွင် သောဏာ တွင်မည် ဘိက္ခုနီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”-

ဟု ချီးကျူးမိန့်မြွက်တော်မူကာ “အာရဒ္ဓဝီရိယ = ဝီရိယပြင်းထန် ထက်သန်သော အရာ” ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

ဤကား သောဏာထေရီ အကြောင်းတည်း။

---

## (ဂ) သကုလာထေရီအကြောင်း

(ဤထေရီမ၏အမည်ကို ဆဋ္ဌမူ အင်္ဂုတ္တိုရ် အဋ္ဌကထာ၌“ဗကုလာ” ဟု ဖော်ပြ၏။ သီဟိုဠ်မူ၌ကား“သကုလာ”ဟု ဖော်ပြ၏။ ဆဋ္ဌမူ ထေရီ ဂါထာ အဋ္ဌကထာ၌လည်း “သကုလာ”ဟူ၍ပင် ဖော်ပြ၏။ ထို့ကြောင့် သီဟိုဠ်မူနှင့် ထေရီဂါထာ အဋ္ဌကထာ (ကျမ်းနှစ်ကျမ်း)အသုံး များရာသို့ လိုက်၍ ဤမဟာဗုဒ္ဓဝင်ကျမ်း၌ “သကုလာထေရီ” ဟူ၍ပင် ဖော်ပြရေး သားအပ်၏။ ထိုထေရီမ၏ အကြောင်းအရာကိုလည်း ထေရီဂါထာ အဋ္ဌကထာဖွင့်ပြပုံက ပို၍စုံလင်သဖြင့် ထိုထေရီဂါထာ အဋ္ဌကထာ အတိုင်း ဤကျမ်း၌ ရေးသားဖော်ပြပေအံ့)—

### (က) ထေရီမ-၏ ရှေးဆုတောင်း

ဤ သကုလာ ထေရီအလောင်း အမျိုးကောင်း သမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေ ပြည်၌ အာနန္ဒမင်းကြီး၏ သမီးတော်ဖြစ်ခဲ့လေသည်။ ပဒုမုတ္တရ မြတ်စွာဘုရားရှင်၏ ဘတူမိကွဲ နှမဖြစ်၍ အမည်အားဖြင့် နန္ဒာ-ဟု ခေါ်တွင်လေသည်။ နန္ဒာမင်းသမီးသည် သိကြားလိမ္မာသော အရွယ်သို့ ရောက်၍ တနေ့သ၌ မြတ်စွာဘုရားရှင်၏ အထံတော် ဝယ် တရားတော်ကို နာယူစဉ် ပဒုမုတ္တရ မြတ်စွာဘုရားရှင်က ဘိက္ခုနီမတပါးကို “ဒိဗ္ဗစက္ခုက = ဒိဗ္ဗစက္ခု အဘိညာဏ်ကို လေ့ လာနိုင်နင်းသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ လုံ့လ ဝီရိယကြီးစွာဖြင့် အဓိကာရကောင်းမှု ကုသိုလ်ကိုပြု၍ မိမိကိုယ်

WWW.DHAMMARANSI.COM



တိုင်လည်း ထိုဒိဗ္ဗစက္ခုက တေဒင်္ဂရာထူးကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကလည်း ဤအကျွန်ုပ်တို့၏ မြတ်စွာဘုရား သာသနာတော်၌ ထိုမင်းသမီး၏ ဆုတောင်းပြည့်စုံမည့် အကြောင်းကို ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။ (အကြောင်းအရာ အကျယ်ကို သကုလာ ထေရီအပဒါန် ပိဋကတ်မြန်မာပြန်၌ ကြည့်ရှုကုန်ရာ၏)။

**ပရိဗိုဇ်ရဟန်းမ-ဘဝ**

နန္ဒာမင်းသမီးသည် ထိုဘဝ၌ အသက်ထက်ဆုံး များမြတ်သော ကုသိုလ်ကောင်းမှုကို ပြုခဲ့၍ နတ်ပြည်၌ ဖြစ်ရကား ဘဝသံသရာ အဆက်ဆက် လူ့ရပ်, နတ်ရွာ ကောင်းရာသုဂတိတို့၌သာလျှင် ကျင်လည်ကျက်စားရလျက် ကဿပမြတ်စွာဘုရား ပွင့်ထွန်းတော်မူရာအခါဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ ပရိဗိုဇ်ရဟန်းမ-ပြုကာ ဧက-စာရီ တကိုယ်တည်းနေသူဖြစ်လျက် (ကဿပမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူ၍ ဓာတုစေတီတော် တည်ထားပြီးနောက်) တနေ့သ၌ ဆီဆွမ်းခံ လှည့်လည်၍ ဆီကို ရလတ်သော် ထိုဆီဖြင့် မြတ်စွာဘုရား၏စေတီတော်၌ တညဉ့်ပတ်လုံးဆီမီးပူဇော်မှုပြုခဲ့လေသည်။

**(ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း**

ထို ပရိဗိုဇ်ရဟန်းမသည် ထိုဘဝမှ စုတေလတ်သော် တာ-ဝတိံသာ နတ်ပြည်၌ အလွန်စင်ကြယ်သော နတ်မျက်စိရှိသည့် နတ်သမီးဖြစ်ကာ ဗုဒ္ဓန္တရအသင်္ချေယျတကမ္ဘာပတ်လုံး နတ်ပြည်တို့၌သာ ကျင်လည်ကျက်စား၍ အကျွန်ုပ်တို့မြတ်စွာဘုရား ပွင့်ထွန်းတော်မူရာကာလဝယ် သာဝတ္ထိပြည်၌ ပုဏ္ဏားအမျိုး၌ဖြစ်လတ်၍ အမည်အားဖြင့် "သကုလာ" ဟူ၍ မည်တွင်လေသည်။ သကုလာ ပုဏ္ဏေးသမီးသည် သိကြားလိမ္မာသော အရွယ်သို့ ရောက်လတ်သော် မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတိုက်တော်ကို အလှူခံတော်မူသော ကျောင်းလွှတ် = ကျောင်းရေစက်ချ ပူဇော်ပွဲ၌ သာသနာတော်ဝယ် သဒ္ဓါကြည်ညိုသော ဥပါသိကာတယောက် ဖြစ်ခဲ့၍ နောက်တချိန်ဝယ် ရဟန္တာ မထေရ်မြတ်တပါး အထံမှ

WWW.DHAMMARANSI.COM



တရားကို ကြားနာရ၍ သံဝေဂကြီးစွာ ဖြစ်ရှိကာ သာသနာ့ဝန်ထမ်း ရဟန်းမ-ပြုခဲ့လေသည်။ ရဟန်းမ-ပြုပြီးနောက် မမေ့မလျော့ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ရဟန္တာထေရီမ ဖြစ်လေတော့၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

သကုလာ-ထေရီ ရဟန္တာဘိက္ခုနီမသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသည်မှ အစပြု၍ ရှေးကဆုတောင်းပါခဲ့သည့် အတိုင်း ဒိဗ္ဗစက္ခုအဘိညာဏ်ကို အထူးလေ့လာသဖြင့် အလွန်နိုင်နင်းသူ ဖြစ်လေ၏။ သို့ရကား နောက်အဖို့၌ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူလျက် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး'ဌာနန္တရ၌ ထားတော်မူသည်ရှိသော် သကုလာထေရီ ဘိက္ခုနီမ ကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံ သကုလာ = ရဟန်းတို့— ဒိဗ္ဗစက္ခုအဘိညာဏ်ကို လေ့လာ နိုင်နင်းကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဘိက္ခုနီမများစွာတို့တွင် သကုလာ ဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူး မိန့်မြွက်တော်မူကာ "ဒိဗ္ဗစက္ခုက = ဒိဗ္ဗစက္ခုအဘိညာဏ်ကို လေ့လာနိုင်နင်းသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား သကုလာထေရီ အကြောင်းတည်း။

---

## (၉) ကုဏ္ဍလကေသာထေရီ အကြောင်း

### (က) ထေရီမ-၏ ရှေးဆုတောင်း

ဤ ကုဏ္ဍလကေသာထေရီအလောင်း အမျိုးကောင်းသမီးသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ သူဌေးသမီးဖြစ်လတ်၍ မြတ်စွာဘုရား၏

WWW.DHAMMARANSI.COM



တရားစကားကို ကြားနာစဉ် ပဒုမုတ္တရမြတ်စွာဘုရားရှင်က သုဘာထေရီ ဘိက္ခုနီမကို "ခိပ္ပါဘိညာ = လျင်မြန်သောမဂ်ဖိုလ် အသိဉာဏ်ရှိသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရ ကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုခိပ္ပါဘိညဧတဒဂ်ရာထူးကို ဆုတောင်းပဏ္ဍနာမှု ပြုလေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်က လည်း ဤ အကျွန်ုပ်တို့၏ မြတ်စွာဘုရား သာသနာတော်၌ ထို သူဌေးသမီး၏ဆုတောင်း ပြည့်စုံမည့်အကြောင်းကို ဗျာဒိတ် စကား မိန့်ကြားတော်မူခဲ့လေသည်။

## ကိကီမင်းကြီး သမီးတော်ဘဝ

ထိုသူဌေးသမီးသည် ကမ္ဘာတသိန်းကာလပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ကဿပမြတ်စွာ ပွင့်တော် မူရာအခါ၌ ကာသိတိုင်း ဗာရာဏသီပြည့်ရှင် ဘုရင်ကိကီမင်း ကြီး၏ (ရွှေဖော်ပြရာပါ) သမီးတော်ခုနစ်ယောက်တို့တွင် လေး ယောက်မြောက် "ဘိက္ခုဒါယိကာ" မည်သော သမီးတော်ဖြစ်၍ အနှစ် နှစ်သောင်းကြာ ဆယ်ပါးသီလတို့ကို ဆောက်တည်ကာ အဖော်မရှာပဲ ကောမာရိမြဟ္မစရိယအကျင့်ကို ကျင့်သုံးလျက် သံဃာတော်အား နေထိုင်ရန် ပရိဝုဏ် ကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

## (ခ) နောက်ဆုံးဘဝ ရဟန်းမ ပြုခြင်း

ထို ဘိက္ခုဒါယိကာမင်းသမီးသည် ဗုဒ္ဓန္တရအသေချ်ယျ တကပ် ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ ဤ အကျွန်ုပ်တို့၏ မြတ်စွာဘုရား ပွင့်ထွန်းတော်မူရာကာလဝယ် ရာဇဂြိုဟ်ပြည်၌ ဘဒ္ဒါအမည်ရှိသော သူဌေးသမီး ဖြစ်၍လာလေ၏။ ထိုဘဒ္ဒါ သူဌေးသမီးနှင့် တနေ့တည်းမှာပင် ထိုရာဇဂြိုဟ်ပြည်၌ ပုရောဟိတ် ၏သား ဖွားမြင်လေသည်။ ထိုပုရောဟိတ်၏သား ဖွားမြင်သော အချိန်၌ မင်းကြီးနန်းတော်ကို အစပြု၍ တမြို့လုံး၌ လက်နက် မှန်သမျှတို့သည် အလျှံတပြောင်ပြောင် ထွက်ကြလေကုန်၏။

WWW.DHAMMARANSI.COM



ပုရောဟိတ်ဆရာကြီးသည် စောစောပင် မင်းနန်းတော်သို့ သွား၍ မင်းကြီးကို "အသို့နည်း=ဘယ့်နှယ်လဲ အရှင်မင်းကြီး.... ချမ်းသာစွာ အိပ်ရ နေရပါ၏လော"ဟု စကားစတင်မေးလေ၏။ မင်းကြီးက "ဆရာ....ကျွန်ုပ်အဖို့ရာ အဘယ်မှာလျှင် ချမ်းသာစွာ အိပ်ရခြင်း ဖြစ်တုံအံ့နည်း = ချမ်းသာစွာ မအိပ်ရသည်သာ၊ ယနေ့ တညဥ့်လုံး ရွှေနန်းတော်၌ ရှိသမျှသောလက်နက်တို့ အလျှံ တပြောင်ပြောင်ထွက်၍ နေသည်တို့ကို မြင်ရ၍ ငါတို့မှာ လွန်စွာ ကြောက်ရွံ့ခြင်းသို့ ရောက်ကြရပါသည်" ဟု မိန့်ဆိုလေလျှင် ပုရောဟိတ်ဆရာကြီးသည် "မြတ်သောမင်းကြီး....ထိုလက်နက်များ အလျှံတလက်လက် ထွက်ခြင်းဟူသော အကြောင်းကြောင့်တော့ ဖြင့် တွေ့ရာလေးပါး စိတ်အကြံများကာ ပူပန်တော်မမူပါလင့်၊ အရှင်မင်းကြီးတို့၏ ရွှေနန်းတော်မှာသာ လက်နက်များ အလျှံ တလက်လက် ထွက်သည် မဟုတ်ပါ၊ တမြို့လုံးမှာပင် ဤကဲ့သို့ လက်နက်များ အလျှံတလက်လက် ထွက်ကွန့်မြူးမှု ဖြစ်ခဲ့ပါပြီ" ဟု ပြန်ကြားလျှောက်ထားလေ၏။ တဖန် မင်းကြီးက "ဆရာ···· အဘယ့်ကြောင့် ထိုကဲ့သို့ လက်နက်များ အလျှံတလက်လက် ထွက်ရပါသနည်း" ဟု မေးလေလျှင် ပုရောဟိတ်ဆရာကြီးသည် "အရှင်မင်းကြီး အကျွန်ုပ်တို့အိမ်၌ စောရန်ကွတ်နှင့် ယှဉ်လျက် သတို့သား ဖွားခဲ့ပါသည်။ ထိုသတို့သားသည် တမြို့လုံး၏ ရန်သူ ဖြစ်ကာ ဖွား၍လာပါသည်၊ ဤလက်နက်များ အလျှံတလက်လက် ထွက်ခြင်းသည် ထိုသတို့သား တမြို့လုံး၏ရန်သူဖြစ်မည့် ပုဗ္ဗနိမိတ် (=ရှေ့ပြေးနိမိတ်) ဖြစ်ပါသည်။ အရှင်မင်းကြီးတို့အဖို့ရာ တစုံ တရာ ဥပဒ်မရှိ ဖြစ်ပါသည်။ သို့သော် အကယ်၍ အရှင်မင်းကြီး တို့က ဖယ်ရှားဖို့ရန် အလိုတော်ရှိကြပါမူ အကျွန်ုပ်တို့သည် ထို သတို့သားကို ဖယ်ရှားဖျောက်ဖျက်ပစ်ကြပါမည်" ဟု ပြန်လည် လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးသည် "ငါတို့အဖို့ရာ ညှဉ်းပန်းနှိပ်စက်လတ်မည့် ဥပဒ်မရှိခဲ့သော် ထိုသတို့သားကို ဖယ်ရှားဖျောက်ဖျက်မှု ပြုရန် မရှိချေ"ဟု မိန့်ဆိုတော်မူလေ၏။

WWW.DHAMMARANSI.COM



ပုရောဟိတ်ဆရာကြီးသည် "ငါ့သားကား မိမိအမည်ကို မိမိ ဝင် မှည့်ယူ၍ လာသူဖြစ်ချေသည်" ဟု ကြံစည်ဆင်ခြင်မိကာ သား၏အမည်ကို "သတ္တုက" ဟူ၍ မှည့်ခေါ်လေ၏။ သူဌေးအိမ်၌လည်း ဘဒ္ဒါသူဌေးသမီးသည် တနေ့တခြား ကြီးပြင်း၍လာလေ၏။ ပုရောဟိတ်ဆရာကြီး၏အိမ်၌လည်း သတ္တုကသတို့သားသည် တနေ့တခြား ကြီးပြင်း၍ လာလေ၏။ သတ္တုက သတို့သားသည် မိမိအင်အားဖြင့် ပြေးလွှားသွားလာကာ ကစားနိုင်သော အချိန်မှစ၍ မိမိရောက်ရာဌာနရှိ မိမိတွေ့မြင်သမျှ ဝတ္ထုပစ္စည်းအလုံးစုံကို ခိုးယူခဲ့ကာ မိဘတို့၏အိမ်ကို ပြည့်စေလေသည်။ ဘခင်ပုရောဟိတ်ဆရာကြီးသည် ထိုသတ္တုကသားငယ်ဆိုးကို မခိုးယူရန်အကြောင်း ပေါင်း အထောင်ကို ပြောပြ ဆိုဆုံးမပါသော်လည်း တားမြစ်ခြင်းငှါ မတတ်နိုင်ဘဲ ရှိရှာလေ၏။

## ရာဇဂြိုဟ်ပြည်၌ သတ္တုကလူဆိုး ထကြွသောင်းကျန်းခြင်း

နောက်တချိန်၌ကား အရွယ်ကြီးမြောက် ရောက်လတ်သော ထိုသတ္တုကလူဆိုး၏ အမှိုရာ အဘယ်နည်းဖြင့်မျှ မခိုးမဆိုးရန် တားမြစ်၍ မရနိုင်တော့ကြောင်း ကောင်းစွာသိမြင်လတ်၍ ဘခင်ပုရောဟိတ်ဆရာကြီးသည် ပုဆိုးညို ( = အဝတ်မဲ) နှစ်ထည်တို့ကို ပေး၍ အိမ်စပ်ခြံစပ် နံရံကို ဖောက်ထွင်း ဖြတ်တောက်နိုင်သည့် လက်နက်ကိရိယာတို့ရင်း ခရီးသွားယန္တရား (=ကြိုးလှေကား) ကို ရင်း ချင်း၏လက်၌ ပေးအပ်ပြီးလျှင် "သင်သည် ဤ ခိုးမှုဖြင့်ပင် အသက်ရှင်ပေတော့" ဟု လက်လျှော့စကား ပြောကြားကာ သတ္တုကသားဆိုးကို အိမ်မှနှင်ထုတ် စွန့်ပစ်လိုက်လေတော့၏။

သတ္တုကလူဆိုးသည် ထိုနေ့မှစ၍ ကြိုးလှေကားကို ပစ်တင်ကာ ဥစ္စာပေါများသော အမျိုးတို့၏ ပြာသာဒ်ထက်သို့ တက်ရောက်၍ နံရံခြံစပ်ကို ဖြတ်တောက်ဖောက်ထွင်းလျက် သူတပါးတို့အိမ်၌ ထားအပ်သမျှသော ဥစ္စာဘဏ္ဍာစုကို မိမိထားအပ်သည့် ဥစ္စာဘဏ္ဍာများပမာ အလိုရှိတိုင်း ခိုးယူလုယက်၍ သွားလေ၏။ ရာဇဂြိုဟ်တမြို့လုံး၌ ထိုသတ္တုကလူဆိုး မခိုးမဝှက် မလု

WWW.DHAMMARANSI.COM



ယက်အပ်သောအိမ်ဟူ၍ မရှိချေ။ အိမ်တိုင်းအိမ်တိုင်း သတ္တုကလူဆိုး ခိုးဖောက်သဖြင့် အပေါက်တွေချည်း ဖြစ်၍နေလေ၏။

တနေ့သ၌ ရာဇဂြိုဟ်ပြည့်ရှင်မင်းကြီးသည် ရထားဖြင့် မြို့လှည့်လည်ကြည့်ရှုလတ်သော် အိမ်နံရံပေါက်တို့ကို မြင်၍ ရထားထိန်းကို "အချင်းရထားထိန်း....အဘယ့်ကြောင့် ဤမြို့၌ အိမ်တိုင်းအိမ်တိုင်း အပေါက်တွေ ဖြစ်နေသနည်း" ဟု မေးလေ၏။ ရထားထိန်းက "အရှင်မင်းမြတ်····ဤမြို့၌ သတ္တုကမည်သော လူဆိုးသည် အိမ်နံရံကို ဖြတ်တောက်ဖောက်ဖျက်၍ အမျိုး(=လူကြီး) လူကောင်း)တို့၏ဥစ္စာကို လုယက်ခိုးဝှက်၍နေပါသည်၊ ထို့ကြောင့် အိမ်တိုင်း အိမ်တိုင်း အပေါက်တွေဖြစ်၍ နေပါသည်" ဟု လျှောက်ထားလေလျှင် မင်းကြီးသည် မြို့ဝန်ကို ခေါ်တော်သို့ ခေါ်စေ၍ "ဤ ရာဇဂြိုဟ်မြို့မှာ သတ္တုကမည်သော နံရံဖောက်သူခိုး လူဆိုးရှိသည် ဆိုပါလား။ အဘယ့်ကြောင့် ထိုလူဆိုးကို အသင် မဖမ်းသနည်း" ဟု မေးလေ၏။ မြို့ဝန်က "အရှင်မင်းကြီး.... အကျွန်ုပ်တို့သည် ထိုလူဆိုးကို ခိုးထုပ်ခိုးထည်နှင့်တကွ တွေ့မြင်ခြင်းငှါ မစွမ်းနိုင်ကြပါ (=ခိုးထုပ်ခိုးထည်နှင့်တကွ မတွေ့ရ၍ မဖမ်းနိုင်ဘဲ ရှိကြရပါသည်)" ဟု လျှောက်ထားလေလျှင် မင်းကြီးသည် မြို့ဝန်ကို "သင်သည် အကယ်၍ ယနေ့ ထိုသတ္တုကလူဆိုးကို မိအောင်ဖမ်းနိုင်လျှင် သင့်အသက်ရှင်မည်၊ အကယ်၍ မိအောင် မဖမ်းက သင့်အား မင်းအာဏာ မင်းဒဏ်ခတ်ရလိမ့်မည်" ဟု အတင်းအကြပ် အမိန့်ထုတ်ဆင့်လေ၏။

မြို့ဝန်သည် "ကောင်းပါပြီ အရှင်မင်းကြီး...." ဟု ဝန်ခံစကား လျှောက်ထားပြီးလျှင် တမြို့လုံး၌ မိမိ၏သူလျှို မင်းချင်းယောက်ျားတို့ကို ချထား၍ နံရံကိုဖောက်ဖြတ်ကာ သူတပါးဥစ္စာကို ခိုးယူနေဆဲဖြစ်သည့် ထို သတ္တုကလူဆိုးကို ခိုးထုပ် ခိုးထည်နှင့် တကွ လက်ရဖမ်း၍ မင်းကြီးအား ပြလေ၏။ မင်းကြီးသည် "ဤသတ္တုက လူဆိုးကို ရွှေမြို့တော်တောင်တံခါးမှ ထုတ်၍ သတ်ကြကုန်လော့" ဟု အမိန့် ထုတ်ဆင့်တော်မူလေ၏။ (ဤဖြစ်ရပ်ကား အဇာတသတ်မင်း၏လက်ထက်၌ ဖြစ်သော အကြောင်းအရာ ဖြစ်သည်

WWW.DHAMMARANSI.COM



ဟု မှတ်ယူရာ၏)။ မြို့ဝန်သည် မင်းကြီးစကားကို ကောင်းပါပြီဟု ဝန်ခံ၍ ထိုသတ္တုကလူဆိုးကို လမ်းလေးခွဆုံတိုင်း ဆုံတိုင်းသော အရပ်၌ ကြိမ်ဒဏ်အချက် တထောင်တထောင် ရိုက်နှက်လျက် လက်ပြန်ကြိုးတုပ်ကာ တောင်တံခါးသို့ ရှေးရှု ခေါ်ဆောင်၍ သွားလေ၏။

## ဘဒ္ဒါသူဌေးသမီး၏ ချစ်ဇင်စိတ်

ထိုအချိန်၌ ဘဒ္ဒါသူဌေးသမီးသည် လမ်းဖက်မှ လူအများ၏ အုတ်အုတ်ကျက်ကျက် အသံကြောင့် ခြသေ့်ခံသော လေသာနန်း ပြူတင်းကိုဖွင့်၍ ကြည့်ရှုလေလျှင် ထိုသို့ရိုက်နှက်ကာ ခေါ်ဆောင် အပ်သော သတ္တုကလူဆိုးကို မြင်ရ၍ (ရှေးက အတူတကွ ပေါင်း သင်းဆက်ဆံခဲ့ရခြင်းဟူသော အကြောင်းကြောင့် အချစ်စိတ်, သောကစိတ်တို့ ရောထွေး နှိပ်စက်အပ်ကာ) လက်နှစ်ဖက်ဖြင့် မိမိရင်ကို မ-၍ သွားရောက်ကာ ကျက်သရေရှိသော အိပ်ရာ၌ မျက်နှာအောက်ချ( = မှောက်လျက်) လျောင်း၍နေလေ၏။ ။ အထူးအားဖြင့် – ဘဒ္ဒါသူဌေးသမီးကား ထိုသူဌေးကြီး, သူဌေး ကတော်ကြီးတို့၏ ချစ်၍မငြီး တဦးတည်းသော သမီး ဖြစ်လေ သည်။ ထို့ကြောင့် ထိုဘဒ္ဒါသူဌေးသမီး၏ ဆွေမျိုးများသည် သမီးကလေး အနည်းငယ်မျှ မျက်နှာပျက်သည်ကိုပင် သည်းမခံ နိုင်အောင် ရှိကြလေ၏။

ထိုအခါ မိခင် သူဌေးကတော်ကြီးသည် ဘဒ္ဒါသူဌေးသမီး အိပ်ရာ၌ အလျားမှောက်၍ နေသည်ကို မြင်ရ၍ “သမီး....အဘယ် အမှုကို ပြုသနည်း = ဘာလုပ်တာလဲ”ဟု မေးမြန်းလေ၏။ ဘဒ္ဒါ သူဌေးသမီးက “အို မိခင်....သတ်ဖို့ရန် ခေါ်ဆောင်သွားသော ထို ခိုးသားကို မြင်ပါ၏လော”ဟု မေးလေလျှင် မိခင်သူဌေးကတော် ကြီးသည် “အိမ်း....မြင်ပါ၏ ချစ်သမီး....”ဟု ပြောဆိုလေ၏။ ထို အခါ ဘဒ္ဒါသူဌေးသမီးသည် “အို မိခင်....ထိုသူ့ကို ရပါမှ သမီး အသက်ရှင်ရပါလိမ့်မည်၊ မရပါမူ သမီး၏ အဖို့ရာ သေရန်သာ ရှိပါတော့သည်”ဟု တိုက်ရိုက်ဖွင့်ဟ ပြောဆိုလေ၏။ မိဘနှစ်ပါး ဆွေမျိုးများတို့သည် ဘဒ္ဒါသူဌေးသမီးကို အနည်းနည်း နားချ

WWW.DHAMMARANSI.COM



အသိဉာဏ်ပေးကြသော်လည်း မရနိုင်သည့်အဆုံးဝယ် "သေခြင်း ထက်တော့ အသက်ရှင်၍ နေခြင်းက မြတ်ပါသေး၏" ဟုသာ မှတ်ချက်ချကြရလေကုန်၏။

ထိုနောက်မှ ဘခင်သူဌေးကြီးသည် မြို့ဝန်မင်းထံသို့ သွား ရောက်၍ အသပြာတထောင် လက်ဆောင်တံစိုး ထိုးပြီးလျှင် "မြို့ ဝန်မင်း....ကျွန်ုပ်၏ သမီးသည် ထိုလူဆိုးသတ္တုကအပေါ်၌ တပ် မက်သောစိတ်ရှိ၍ နေပါသည်၊ တစုံတခု ဖြစ်နိုင်သောနည်းလမ်း ဥပါယ်ဖြင့် မြို့ဝန်မင်းသည် ၎င်းသတ္တုကလူဆိုးကို လွတ်စေချင်ပါ သည်"ဟု တိုးတိုးတိတ်တိတ် ပြောကြားလေ၏။ မြို့ဝန်မင်းသည် "ကောင်းပြီ"ဟု ဝန်ခံ၍ သတ္တုကလူဆိုးကို ဖမ်းမြဲဖမ်းဆောင်ကာ နေဝင်သည်တိုင်အောင် ထိုမှ၎ှမှ ကိစ္စကိုချဲ့ထွင်၍ နေဝင်လတ် ။ည်ရှိသော် ထောင်ထဲမှ ထောင်သားတယောက်ကို ထုတ် ဆောင်စေလျက် သတ္တုက လူဆိုးအား တုပ်နှောင်သည့် အနှောင် အဖွဲ့များကို ဖြေစေပြီးလျှင် ထိုသတ္တုကလူဆိုးကို တိတ်တဆိတ် သူဌေးအိမ်သို့ ပို့စေပြီးနောက် ထိုသတ္တုကလူဆိုးအား တုပ်နှောင် သည့် အနှောင် အဖွဲ့များဖြင့်ပင် ထောင်သားကို ဖွဲ့နှောင်၍ တောင်တံခါးမှ ထုတ်ဆောင်ကာ ကွပ်မျက်သက်ဖြတ်လိုက်လေ၏။

## မိဘမေတ္တာ ကြီးလှစွာ၏

သူဌေး၏ကျွန်များသည်လည်း သတ္တုကလူဆိုးကို ခေါ်ဆောင် ခဲ့၍ သူဌေးအိမ်သို့ လာရောက်ကြလေကုန်၏။ သတ္တုကကို တွေ့ရ လေလျှင် သူဌေးကြီးသည် "ငါ့သမီး၏ စိတ်အလိုပြည့်ဝအောင် ငါဖြည့်တော့မည်"ဟု ကြံစည်အောက်မေ့ကာ သတ္တုကလူဆိုးကို နံ့သာရေဖြင့် ရေချိုးစေ၍ အဆင်တန်ဆာစုံ ဝတ်ဆင်စေပြီးလျှင် သမီး၏ ပြာသာဒ်သို့ သတ္တုကလူဆိုးကို ပို့လေ၏။ ဘဒ္ဒါသူဌေး သမီးသည်လည်း "ငါ့အကြံကား အောင်မြင်ပြည့်ဝလေပြီ" ဟု အားရဝမ်းသာစွာ များစွာသော အဆင်တန်ဆာတို့ဖြင့် မိမိကိုယ် ကို အလှဆုံးပြုပြင်တန်ဆာဆင်၍ ထိုသတ္တုကလူဆိုးကို လုပ်ကျွေး မွေးယု ပြုစုလေ၏။

WWW.DHAMMARANSI.COM



## သတ္တုက၏ ကောက်ကျစ်သောအကြံ

သတ္တုကလုဆိုးသည် နှစ်ရက်, သုံးရက် လွန်သောအခါ “ဤ သူဌေးသမီး၏ အဆင်တန်ဆာ ဘဏ္ဍာ အားလုံးသည် ငါ၏ဥစ္စာ ဖြစ်ရမည်၊ တနည်းနည်းဖြင့် ဤ အဆင်တန်ဆာများကို ရယူမှ သင့်တော့မည်”ဟု ယုတ်မာစွာကြံစည်၍ မိမိအနီး၌ ချမ်းသာစွာ ထိုင်နေသောအခါ ဘဒ္ဒါသူဌေးသမီးကို “ရှင်မ... ငါ့မှာ သင့်ကို စကားတခွန်းပြောဆိုရန်ရှိသည်”ဟု ခပ်တည်တည်ပြောလေ၏။ သူဌေးသမီးသည် လာဘ်အတောင်ကို ရသည့်အလား အားရ ဝမ်းသာစွာ “ရဲရဲဝံ့ဝံ့သာ ပြောဆိုပါ အရှင်....”ဟု အထင်ကြီးစွာ ဖြင့် ပြန်ကြားပြောဆိုရှာလေ၏။ ထိုအခါ သတ္တုကလုဆိုးသည် ဘဒ္ဒါသူဌေးသမီးကို “ဘဒ္ဒါ... သင်ကတော့ ‘ငါ့ကို အမှီပြု၍ ဤ သတ္တုကသည် အသက် ရအပ်လေပြီ’ဟု ကြံရည် အောက်မေ့ မေ့လိမ့်မည်၊ စင်စစ်သော်ကား ငါသည် အဖမ်းခံရလျှင် ခံရခြင်း ပင် စောရပပါတတောင်စောင့်နတ်မင်းအား ‘အကယ်၍ အကျွန်ုပ် သည် အသက်ရှင်မှုကို ရခဲ့ပါမူ အရှင်နတ်မင်းအား ဗလိပူဇော် ပွဲကို ပေးဆက်ပါမည်’ဟု တောင်းပန်တိုးလျှိုးခဲ့လေသည်။ ငါ သည် ထိုစောရပပါတတောင်စောင့်နတ်မင်းကို အမှီပြု၍ အသက် ရှင်မှုကို ရအပ်ခဲ့ပါပြီ၊ သင်ဘဒ္ဒါသည် လျှင်မြန်စွာပင် ဗလိပူဇော် ပွဲများကို စီရင်ပြင်ဆင်စေပါလော့”ဟု ပြောဆိုလေ၏။

ဘဒ္ဒါ သူဌေးသမီးသည် “ငါကား ထိုအရှင်သခင် လင် ယောက်ျား သတ္တုက၏ စိတ်အလိုဆန္ဒကို ဖြည့်ကျင့်မည်”ဟူသော ရည်ရွယ်ချက်ဖြင့် ဗလိပူဇော်ပွဲများကို စီရင်ပြင်ဆင်စေ၍ အဆင် တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် သတ္တုကနှင့် အတူတကွ ယာဉ်တခု တည်း၌ စီးနင်းလိုက်ပါ၍ စောရပပါတတောင်သို့ အရောက်သွား ပြီးသော် ဘဒ္ဒါသူဌေးသမီးသည် ရိုးသားသော စိတ်ဖြင့်ပင် “တောင်စောင့်နတ်မင်းအား ဗလိပူဇော်မှု ပြုပေတော့အံ့”ဟု အဖော်များနှင့် အတူတကွ တောင်ပေါ်သို့ တက်ရောက်ရန် စီမံ အားထုတ်ရှာလေ၏။ သတ္တုကလုဆိုးကြီးသည်ကား “အတူတကွ ပါလာသူအားလုံးတို့ တောင်ပေါ်သို့ တက်ရောက်ကြလျှင် ငါ

WWW.DHAMMARANSI.COM



အဖို့ရာ ဤသူဌေးသမီး၏ အဆင်တန်ဆာများကို လုယူရန် အခွင့်ရလိမ့်မည် မဟုတ်”ဟု ကြံစည်၍ အတူပါလာသူများကို တောင်ခြေ၌သာ နေရစ်စေပြီးလျှင် ဘဒ္ဒါသူဌေးသမီးတယောက်တည်းကိုသာ ဗလိပူဇော်ပွဲကို ရွက်စေလျက် စောရပပါတတောင်သို့ တက်လေ၏။

## သတ္တုကၡ၏ အကြံ ပေါ်လွင်ခြင်း

သတ္တုကသည် တောင်ပေါ်သို့ နှစ်ယောက်သား တက်ကြသောအခါ ဘဒ္ဒါသူဌေးသမီးနှင့် စကားပြောဆိုလျှင် ချစ်ဖွယ်စကား လုံးဝမပြောကြားပဲ ကြမ်းတမ်းရုန့်ရင်းသောစကားကိုသာလျှင် ပြောဆိုလေ၏။ ဘဒ္ဒါသူဌေးသမီးသည်လည်း ပါးနပ်သူဖြစ်ရကား စကားပြောပုံ အခြင်းအရာဖြင့်ပင် သတ္တုကလူဆိုး၏ ကောက်ကျစ်သောအလိုအကြံကို ကောင်းစွာရိပ်မိ သိရှိလေ၏။ တောင်ပေါ်သို့ ရောက်သောအခါ သတ္တုကလူဆိုးသည် ဘဒ္ဒါသူဌေးသမီးကို “ဘဒ္ဒါ... သင်၏ အပေါ်ရုံအဝတ် = တဘက်ကို ချွတ်၍ သင့်ကိုယ်မှာ ဆင်လာသည့် အဆင်တန်ဆာ အားလုံးကို ဤတဘက်၌ အထုပ်ထုပ်လိုက်”ဟု ခိုက်ရိုင်းစွာ ပြောဆိုလေ၏။ လိမ္မာပါးနပ်သော ဘဒ္ဒါသူဌေးသမီးက “အိုအရှင်... ကျွန်မ၏ အဖို့ရာ ဘာအပြစ်ရှိပါသနည်း”ဟု သာယာချစ်ဖွယ်ရာ မေးမြန်းသော်လည်း သတ္တုကလူဆိုးသည် လူဆိုးပီပီ “ဟယ်အမိုက်မ— ငါသည် ဗလိနတ်စာပူဇော်ရန် လာရောက်သည်ဟု သင်မှတ်သလော၊ (မဟုတ်ပေ)၊ ငါတမူကား (ဗလိနတ်စာ ပူဇော်ရန်ကို မဆိုထားဘိ) ဤတောင်စောင့်နတ်၏ အသည်းကိုပင် ထုတ်နုတ်၍ စားဝံ့သူဖြစ်သည်၊ စင်စစ်သော်ကား ဗလိနတ်စာပူဇော်မည့်အယောင်ဖြင့် သင်၏ အဆင်တန်ဆာများကို လုယူလိုသည်ဖြစ်၍ ဤတောင်ထိပ်သို့ လာရောက်ခြင်းဖြစ်သည်” ဟု ရိုင်းပြစွာ ပြောဆိုလေ၏။

## ဘဒ္ဒါ၏ အလိမ္မာရည်

အလွန်ပါးနပ် လိမ္မာလှသော ဘဒ္ဒါသူဌေးသမီးက “အရှင်... အဆင်တန်ဆာများသည် အဘယ်သူ၏ ဥစ္စာပါနည်း(=အရှင်၏

WWW.DHAMMARANSI.COM



ဥစ္စာပင် ဖြစ်ပါ၏ဟု ဆိုလိုသည်)၊ ကျွန်တော်မသည်လည်း အဘယ်သူ၏ ဥစ္စာပါနည်း (=အရှင်၏ ဥစ္စာပင် ဖြစ်ပါသည် ဟု ဆိုလိုသည်)" ဤကဲ့သို့ ပြောဆိုသောအခါ သတ္တုကလူဆိုး သည် "ငါတို့သည် ဤသို့သောစကားမျိုးကို နားမလည်ကြကုန်၊ သင့်ဥစ္စာကား တပါး, ငါ့ဥစ္စာကား တခြားသာလျှင် ဖြစ်၏"ဟု ပြတ်တောင်းစကား ပြောကြားလေ၏။ ထိုအခါ ဘဒ္ဒါသူဌေး သမီးသည် "ကောင်းပါပြီအရှင်....၊ အထူးတောင်းပန်လိုပါသည် မှာ ကျွန်တော်မ၏ နှလုံးအလိုတခုကိုမူ ဖြည့်စေချင်ပါသည်၊ ယခု တန်ဆာဆင်မြဲတိုင်းဖြင့် ကျွန်တော်မအား အရှင့်ကို ရှေ့မှရင်း, နောက်မှရင်း လှည့်လည်ကာ လည်ဖက်၍ ယုယခြင်းငှါ အခွင့်ပေး ကြစေလိုပါသည်"ဟု အလိမ္မာစကား ပြောကြားလေ၏။ သတ္တုက လူဆိုးသည် "ကောင်းပြီ"ဟု လက်ခံလေ၏။

ဘဒ္ဒါသူဌေးသမီးသည် သတ္တုကလူဆိုးက လက်ခံသည်ကို သိရလျှင် အချိန်ကိုမဆွဲပဲ လူဆိုး၏ရှေ့မှ လည်ဖက်၍ယုယပြီးလျှင် နောက်ဖက်မှ လည်ဖက်၍ ယုယသည့်ဟန်ဖြင့် ထိုသတ္တုကလူဆိုး ကို တောင်ချပ်ကြား၌ တအားတွန်းချလိုက်လေ၏။ သတ္တုက လူဆိုးသည် တောင်ပေါ်မှ ဒလိမ့်ခေါက်ကွေးကျကာ မြေအပြင်သို့ မရောက်မီ ကျောက်တင်မှာပင် မှုန့်မှုန့်ညက်ညက်ဖြစ်ကာ ပျက်စီး ခြင်းမလှ ပျက်စီးရလေတော့၏။

(ဤ၌။ ။သတ္တုကလူဆိုးကို တောင်ပေါ်မှ တွန်းချလိုက်သော အခိုက် ဘဒ္ဒါသူဌေးသမီး၏ သန္တာန်၌ ပါဏာတိပါတစေတနာပြဋ္ဌာန်း သော ဒေါသမူစိတ္တုပ္ပါဒ်ဖြစ်၍ ထိုစိတ္တုပ္ပါဒ်၏ ရှေ့ပိုင်း နောက်ပိုင်းတို့၌ အသက်အန္တရာယ်မှ လွတ်မြောက်ရန် ကြံစည်ဆင်ခြင်ပြုလုပ်သောအခါ ဘဒ္ဒါသူဌေးသမီး၏ သန္တာန်၌ ဥပါယကောသလ္လဉာဏ် ပြဋ္ဌာန်းသော မဟာကုသိုလ် စိတ္တုပ္ပါဒ်များ ဖြစ်သည်ကို အထူးမှတ်ယူသင့်ကြောင်း ဆရာကြီး ဦးလင်း မသောမိက ဆရာထွန်းကို အထူးမှာကြား ပြောဆို သွားခဲ့ပါသည်)။

WWW.DHAMMARANSI.COM



## ဘဒ္ဒါသူဌေးသမီး၏ ဥပါယကောသလ္လဉာဏ်ကို တောင်စောင့်နတ်မင်း ချီးကျူးခြင်း

ဘဒ္ဒါသူဌေးသမီး ပြုလုပ်အပ်သည့် အလွန်ဆန်းကြယ်သော အပြုအမူကို တွေ့မြင်ရ၍ စောရပပါတ တောင်စောင့် နတ်မင်းသည် သူဌေးသမီး၏ ပညာဂုဏ်ကျေးဇူးကို ချီးကျူးသောအားဖြင့် ဤဆိုလတ္တံ့သော ၂-ဂါထာတို့ကို ရွတ်ဆိုလေ၏—

(၁) န ဟိ သဗ္ဗေသု ဌာနေသု၊
ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊
တတ္ထ တတ္ထ ဝိစက္ခဏာ။

(ဤဂါထာ ပဋ္ဌမပိုဒ်ဝယ် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "န သော သဗ္ဗေသု ဌာနေသု" ဟူ၍ ရှိသော်လည်း ထေရီဂါထာ အဋ္ဌကထာ ကိုးကားသည့် အပဒါန်ပါဠိ၊ ဓမ္မပဒပါဠိတို့၌ "န ဟိ သဗ္ဗေသု ဌာနေသု" ဟူ၍သာ ရှိသည်၊ ထိုပါဠိကသာ အနက်သဘောလည်း ချောမော ပြေပြစ်သည်)။ အနက်ကား—သဗ္ဗေသု ဌာနေသု = ခပ်သိမ်း ဥဿုံ အလုံးစုံသော အရာဌာနတို့၌။ ပုရိသော ဟိ = ပုရိသော ဧဝ = အမျိုးကောင်းသား မင်းယောကျ်ားသည်သာလျှင်။ ပဏ္ဍိတော=ပညာဉာဏ်ရှိ ပဏ္ဍိတပုဂ္ဂိုလ်သည်။ ဟောတိ = ဖြစ်နိုင်သည်ကား။ န = မဟုတ်။ ဣတ္ထီပိ = မာတုဂါမ မင်းမိန်းမသည်လည်း။ တတ္ထ တတ္ထ = ထိုထိုကိစ္စ အဝဝတို့၌။ ဝိစက္ခဏာ = ကောင်းစွာ မြော်မြင် ဆင်ခြင်နိုင်သူ ဖြစ်သည်မှုကား။ ပဏ္ဍိတာ = ပညာဉာဏ်ရှိ ပဏ္ဍိတပုဂ္ဂိုလ်သည်။ ဟောတိ= ဖြစ်နိုင်၏။

(၂) န ဟိ သဗ္ဗေသု ဌာနေသု၊
ပုရိသော ဟောတိ ပဏ္ဍိတော။
ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊
လဟုံ အတ္ထဝိစိန္တိကာ။

WWW.DHAMMARANSI.COM



သဗ္ဗေသု ဌာနေသု = ခပ်သိမ်းဥဿုံ အလုံးစုံသော အရာဌာနတို့၌။ ပုရိသော ဟိ = ပုရိသော ဝေ = အမျိုးကောင်းသား မင်းယောက်ျားသည်သာလျှင်။ ပဏ္ဍိတော = ပညာဉာဏ်ရှိ ပဏ္ဍိတပုဂ္ဂိုလ်သည်။ ဟောတိ=ဖြစ်နိုင်သည်ကား။ န = မဟုတ်။ ဣတ္ထီပိ = မာတုဂါမ မင်းမိန်းမသည်လည်း။ လဟုံ=လျှင်မြန်စွာ။ အတ္ထဝိစိန္တိကာ = အကျိုးရကြောင်း နည်းလမ်းကောင်းကို မစောင်းမဖည် ကြံစည်ဆင်ခြင်နိုင်သူ ဖြစ်ဘိမူကား။ ပဏ္ဍိတာ= ပညာဉာဏ်ရှိ ပဏ္ဍိတပုဂ္ဂိုလ်သည်။ ဟောတိ=ဖြစ်နိုင်၏။

## ဘဒ္ဒါသူဌေးသမီး ပရိဗိုဇ်ရဟန်းမ-ပြုခြင်း

ထိုနောင်မှ ဘဒ္ဒါသူဌေးသမီးသည်"ငါကား ဤပုံ ဤနည်းဖြင့် အိမ်သို့ တဖန် မပြန်နိုင်တော့ချေ။ =ပြန်၍ မဖြစ်တော့ချေ၊ ဤတောင်မှပင် ဦးတည့်ရာသွားရောက်၍ တွေ့ရှိသောရဟန်းအဖြစ်တခုခုသို့ ကပ်ရောက်ပေတော့အံ့" ဟု ကြံစည်ဆင်ခြင်မိကာ ဦးတည့်ရာ သွားလေလျှင် တက္ကတွန်းအရာမ်တခုသို့ ရောက်ရှိ၍ တက္ကတွန်းဆရာတို့ကို ရဟန်းပြုပေးရန် တောင်းပန်လေ၏။ ထိုအခါ ဘဒ္ဒါကို တက္ကတွန်းဆရာတို့က "အဘယ်နည်းဖြင့် ရဟန်း ဖြစ်စေလိုသနည်း =အညံ့စားရဟန်း ဖြစ်စေလိုသလော, အမြတ်စားရဟန်း ဖြစ်စေလိုသလော" ဟု မေးမြန်းကြလေလျှင် ဘဒ္ဒါသူဌေးသမီးသည် "အရှင်တို့၏ သာသနာဝယ် အမြတ်ဆုံးသော ရဟန်းအဖြစ်ကိုသာ ပြုပေးကြပါလော့"ဟု (ပန္တိမဘာဝိကာ ပုဂ္ဂိုလ်ပီပီ) ပြောကြားလေ၏။

## ကုဏ္ဍလကေသာ အမည်တွင်ခြင်း

တက္ကတွန်းဆရာတို့သည် "ကောင်းပြီ" ဟု ဝန်ခံကြ၍ ဘဒ္ဒါသူဌေးသမီး၏ ဆံပင်တို့ကို ထန်းစေ့ဖြင့်နုတ်၍ ရဟန်းမ-ပြုပေးကြလေ၏။ (သူတို့၏ အယူဝါဒ၌ ကတ်ကျေး, ဓားတို့ဖြင့် ဆံကိုရိတ်ဖြတ်၍ ရဟန်းပြုပေးခြင်းမျိုးကို အညံ့စားရဟန်း အဖြစ်ဟု သမုတ်ကြ၍ ထန်းစေ့ဖြင့် အနာခံကာ ဆံပင်တို့ကိုနုတ်၍ ရဟန်း

WWW.DHAMMARANSI.COM



ပြုပေးခြင်းမျိုးကိုအမြတ်စားရဟန်းအဖြစ်ဟု သမုတ်ကြလေသည်။ ထို့ကြောင့် အမြတ်စားရဟန်းဖြစ်စေရန် ထန်းစေ့မှုတ်ဖြင့် ဆံပင်တို့ကို နုတ်၍ ရဟန်းမ-ပြုပေးခြင်း ဖြစ်သည်။ ထိုသို့ ထန်းစေ့မှုတ်ဖြင့် ဆံပင်တို့ကို နာကျင်စွာနုတ်၍ ရဟန်းမ-ပြုခဲ့သောကြောင့် ဆံပင်အသစ်များ နောက်ထပ်တဖန် ပေါက်လာပြန်သောအခါ အစုလိုက် အစုလိုက် နားခေါင်းပမာ ဝိုင်းလျက် ဝိုင်းလျက် ပေါက်၍လာကြလေသည်။ ထိုအကြောင်းကြောင့်ပင် ထိုသူဌေးသမီးသည် ထိုအချိန်မှစ၍ "ကုဏ္ဍလကေသာ=နားခေါင်းပမာ အစုလိုက်ဝိုင်းသော ဆံပင်ရှိသူ"ဟူ၍ အမည်တွင်လေသည်။

## ကုဏ္ဍလကေသာတက္ကတွန်းမ ဝါဒရှင်ဖြစ်လာခြင်း

ကုဏ္ဍလကေသာ တက္ကတွန်းရဟန်းမသည် မိမိရဟန်းမ-ပြုရာ ဘက္ကတွန်းတို့အထံ၌ အလုံးစုံသောအတတ်ပညာကို သင်ယူပြီးနောက် ပါရမီရှိသူဖြစ်ရကား "ဤတက္ကတွန်းတို့အဖို့ ဤအယူဝါဒထက် သာလွန်မြင့်မြတ်သော တရားတူးဟူ၍ မရှိ" ဟု ဆင်ခြင်သိမြင်ကာ တက္ကတွန်းတို့အထံမှ ဖဲခွါခဲ့၍ ထိုထိုရွာ, နိဂုံး, မင်းနေပြည်တို့သို့ လှည့်လည်လျက် ပညာရှိများ ရှိလေရာရာ အရပ်သို့ သွားရောက်၍ ထိုထိုပညာရှင်တို့ တတ်သိသော အတတ်ပညာအားလုံးကို တပည့်မ-ခံကာ သင်ယူရှာလေသည်။ ထိုအခါ ထိုကုဏ္ဍလကေသာ တက္ကတွန်းရဟန်းမအား များစွာသောအရပ်ဌာနတို့၌ အတတ်ပညာ သင်ကြားတတ်မြောက်ပြီး ဖြစ်သောကြောင့် ဝါဒအပြိုင်အဆိုင် ပေးစွမ်းနိုင်သောသူမည်သည် မရှိသလောက်ပင် ဖြစ်၍နေလေ၏။

ကုဏ္ဍလကေသာတက္ကတွန်းရဟန်းမသည် ဝါဒရှင်တယောက်ဖြစ်ကာ မိမိနှင့် ဝါဒအနိုင် ယှဉ်ပြိုင်ပြောဆိုနိုင်မည့်သူကို မတွေ့ရ၍ မိမိဝင်ရောက်ရာရွာ, နိဂုံး၏ တံခါးဝ၌ သဲပုံပြုလုပ်ကာ ထိုသဲပုံထက်၌ သပြေခက်ကို စိုက်ထူထားပြီးလျှင် အနီးရှိ ရွာသူသားငယ်တို့အား "ငါ့အပေါ်၌ ဝါဒယှဉ်ပြိုင် အပြစ်တင်ပြောဆိုနိုင်သောသူသည် ဤသပြေခက်ကို နင်းနှိပ်ကြိတ်ဖျက်စေသတည်း" ဟု

WWW.DHAMMARANSI.COM



ပြောဆိုမှာကြားကာ အသိအမှတ် ပေး၍ထားလေ၏။ ထိုသပြေခက်ကို ခုန်စ်ရက်တိုင်၍မှ နင်းနှိပ်ကြိတ်ဖျက်မည့်သူ မရှိသော အခါ ကုဏ္ဍလလေသာတက္ကတွန်းရဟန်းမသည် ထိုသပြေခက်ကို ယူဆောင်ကာ အရပ်တပါးသို့ ဖဲသွားလေ၏။

အရှင်သာရိပုတ္တရာမထေရ်မြတ် ကုဏ္ဍလကေသာကို ဆုံးမတော်မူခြင်း

ထိုအခါဝယ် အကျွန်ုပ်တို့၏ မြတ်စွာဘုရားသည် လောကဉ္စ ပွင့်ထွန်းဖြစ်ပေါ်တော်မူလာ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူဆဲ ဖြစ်၏။ ကုဏ္ဍလကေသာတက္က-တွန်းရဟန်းမ- (=အဝတ် တထည်သာ ဝတ်သောတက္ကတွန်း ရဟန်းမ)သည်လည်း အစဉ်အတိုင်း ထိုထို ရွာ, နိဂုံး, မင်းနေ ပြည်တို့သို့ လှည့်လည်၍လာလေရာ သာဝတ္ထိပြည်သို့ ရောက်၍ မြို့တွင်းသို့ ဝင်မည်ရှိလတ်သော် ရှေးပြုမြဲနည်းလမ်းအတိုင်းပင် သဲပုံ၌ သပြေခက်ကို စိုက်ထား၍ အနီးအပါး ရှိ သူငယ်တို့အား ရှေးဆိုအပ်ပြီးနည်းအတိုင်း အသိအမှတ်ပေး ပြောဆို၍ မြို့တွင်း သို့ ဝင်လေ၏။

ထိုအခါ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ရဟန်းသံဃာများ ဆွမ်းခံဝင်ပြီးနောက်မှ (ဇေတဝန်ကျောင်းတိုက်ကြီး တခုလုံးကို လှည့်လည်ကာ ထားပုံ သိုပုံ နေရာမကျသော ပရိက္ခရာများကို ကြည့်ညိုဖွယ်ရှိအောင် ခေါက်လိပ်သိမ်းထားခြင်း, သောက်ရေသုံးရေ မရှိသောကျောင်း များ၌ သောက်ရေသုံးရေတို့ကို တည်ထားခြင်း, အမှိုက်သရိုက် ထူပြောသောကျောင်းများ၌ တံမြက်လှည်းသုတ်သင်ခြင်း, ထိုထို ဂိလာနရဟန်းတို့အား မေးမြန်း၍ သပ္ပါယဖြစ်မည့် ဆေးအစာကို ဖွေရှာယူဆောင်ခဲ့မည့်အကြောင်း အားပေးစကား ပြောကြား ခြင်း-စသော မိမိပြုမြဲဝတ်ကို ပြုလုပ်ပြီးလျှင်)တပါးတည်း မြို့တွင်း သို့ ဆွမ်းခံဝင်လေသော် သဲပုံ၌စိုက်ထူထားသည့် သပြေခက်ကို မြင်တော်မူ၍ အနီးရှိကလေးများကို "အဘယ့်ကြောင့် ဤသပြေ ခက်ကို စိုက်ထူထားအပ်သနည်း" ဟု မေးတော်မူလေ၏။ ကလေး

WWW.DHAMMARANSI.COM



တို့သည် ထိုကုဏ္ဍလကေသာတက္ကတွန်းရဟန်းမ ပြောဆိုခဲ့သမျှသော အကြောင်းအရာကို မခြွင်းမချန် ပြန်ကြားလျှောက်ထားကြလေကုန်၏။ ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်မြတ်က "ကလေးတို့...ဤသို့ဖြစ်လျှင် ဤသပြေခက်ကို ဆွဲယူကြကာ သင်တို့ နင်းနှိပ်ကြိတ်ဖျက်ကြလေ့" ဟု မိန့်ဆိုတော်မူလေလျှင် ထိုကလေးသူငယ်တို့အနက် မထေရ်၏စကားကို ကြားရ၍ အချို့ကလေးသူငယ်တို့သည် သပြေခက်ကို မနင်းနှိပ် မကြိတ်ဖျက်ဝံ့ကြသော်လည်း သတ္တိကောင်းသည့် အချို့သော ကလေးသူငယ်တို့သည်မူကား အရှင်သာရိပုတ္တရာ၏စကားကို ကြားရသောခဏမှာပင် အားတက်ကြကာ သပြေခက်ကို နင်းနယ်ကြိတ်ချေ၍ မှုန့်မှုန့်ညက်ညက်ဖြစ်အောင် ပြုလုပ်ကြလေကုန်၏။

ကုဏ္ဍလကေသာသည် သာဝတ္ထိပြည်တွင်း၌ ဆွမ်းစားခြင်းကိစ္စကိုပြုပြီး၍ ထွက်လာလတ်သော် ကြိတ်ချေနင်းနယ်ထားသော ထိုမိမိ၏သပြေခက်ကို မြင်ရ၍ "ဤအမှုကား အဘယ်သူ၏ အပြု အမူနည်း" ဟု အနီးရှိကလေးတို့ကို မေးမြန်းလေ၏။ ထိုအခါ ကလေးသူငယ်တို့သည် ကုဏ္ဍလကေသာအား တရားစစ်သူကြီး ဖြစ်တော်မူသော အရှင် သာရိပုတ္တရာမထေရ်က မိမိတို့ကို နင်းနယ်ကြိတ်ဖျက်စေကြောင်းကို ပြန်ကြားပြောဆိုကြလေ၏။ ထိုအခါ ကုဏ္ဍလကေသာသည် "မိမိ၏စွမ်းအင်ကို မသိမြင်သောသူသည် ဤသပြေခက်ကို ကြိတ်ဖျက်နင်းနယ်စေခြင်းငှါ စွမ်းနိုင်လိမ့်မည်, ဝံ့လိမ့်မည် မဟုတ်ချေ၊ မချွတ်ဧကန် အမှန်ပင် ဤယခုသပြေခက်ကို ကြိတ်ဖျက်နင်းနယ်စေသော မထေရ်သည် ကြီးမြတ်သူ ဖြစ်လိမ့်မည်၊ အထူးအားဖြင့် ငါသည်လည်း တယောက်တည်းသွား၍ အဖော်နည်းပါးသူဖြစ်လျှင် တင့်တယ်လိမ့်မည် မဟုတ်ချေ၊ မြို့တွင်းသို့ ဝင်ရောက်ကာ ပရိသတ်အား 'ဓမ္မသေနာပတိ သာရိပုတ္တရာမထေရ်နှင့် ငါတို့ ဝါဒပြိုင်ဆိုင်ကြမည့်အကြောင်း' အသိပေးမှ သင့်တော်တော့မည်" ဟု ကြံစည်အောက်မေ့ကာ ထိုအကြံအစည်အတိုင်းပင် ပြုလေ၏။ အိမ်ခြေရှစ်သောင်းရှိသော သာဝတ္ထိပြည်၌ နှီးစပ်ရာရာ ဆင့်ကဲဆင့်ကဲ အချင်းချင်း ပြောကြားကြသဖြင့်

WWW.DHAMMARANSI.COM



သာဝတ္ထိပြည်သူပြည်သား အားလုံးတို့သည်ပင် ထိုအကြောင်းကို အချိန်အနည်းငယ်အတွင်း ပြန့်နှံ့သိရှိကြလေကုန်၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်လည်း ဆွမ်းကိစ္စပြီး လတ်သော် တခုသော သစ်ပင်ရင်း၌ (ကုဏ္ဍလကေသာတို့ လာမည်ကို သိရှိစောင့်ဆိုင်းကာ) ထိုင်နေတော်မူလေ၏။ ထို့နောက်မှ ကုဏ္ဍလကေသာသည် လူများအပေါင်း ခြံရံအပ်လျက် မထေရ် မြတ်ထံသို့ သွားရောက်ကာ စကားအစ္စေအစပ် ပြောဆိုပြီးနောက် အပြစ်လွတ်ရာအရပ်၌ ရပ်တည်လျက် မထေရ်မြတ်နှင့် အတုံ့ အလှယ်စကား ပြောကြားကြသည်မှာ—

(ကုဏ္ဍလကေသာ) အရှင်ဘုရား.... အရှင်ဘုရားတို့သည် တပည့်တော်မ၏ သပြေခက်ကို ကြိတ်ဖျက်နင်းနယ်စေအပ် သလော။

(အရှင်သာရိပုတ္တရာ) အိမ်း...ငါ ကြိတ်ချေနင်းနယ်စေ အပ်သည်။

(ကုဏ္ဍလကေသာ) အရှင်ဘုရား....ထိုသို့ဖြစ်လျှင် အရှင် ဘုရားတို့နှင့် တပည့်တော်မတို့၏ ဝါဒပြိုင်ဆိုင်မှု ဖြစ်စေ တော့လား။

(အရှင်သာရိပုတ္တရာ) ဖြစ်ပါစေ တက္ကတွန်းမလေး....။

(ကုဏ္ဍလကေသာ) မည်သူက အလျှင်လက်ဦး မေး၍ မည်သူက ဖြေဆိုပါမည်နည်းဘုရား။

(အရှင်သာရိပုတ္တရာ) အမေးပုစ္ဆာ ဟူသည်မှာ ငါတို့ အား ရှေးဦး ပဌမ ရောက်ရှိ၏၊ သို့သော်လည်း သင် တက္ကတွန်းမကလေးသည်ပင် ရှေးဦးစွာ သင်သိသော အချက်ကို မေးလေလော့။

ကုဏ္ဍလကေသာသည် မထေရ်မြတ်၏ခွင့်ပေးချက်အရ မိမိသိသမျှ ဝါဒအားလုံးကို မေးလေ၏။ မထေရ်မြတ်သည် အားလုံးကို ဖြေ

WWW.DHAMMARANSI.COM



ရှင်းတော်မူလေ၏။ ထိုနောက်မှ မထေရ်မြတ်က စကား-စ၍ ကုဏ္ဍလကေသာနှင့် မိန့်ဆိုပြောကြားကြပြန်သည်မှာ—

(အရှင်သာရိပုတ္တရာ) တက္ကတွန်းမကလေး.... သင်သည် ငါ့ကို များစွာသောပုစ္ဆာကို မေးအပ်ပြီး(ငါကလည်း ဖြေအပ်ပြီး) လေပြီ၊ ငါတို့ကလည်း သင့်ကို ပြဿနာတခု မေးကြကုန်အံ့။

(ကုဏ္ဍလကေသာ) မေးတော်မူကြပါ အရှင်ဘုရားတို့—။

(အရှင်သာရိပုတ္တရာ) ဧကံ နာမ ကိံ = တက္ကတွန်းမကလေး....(ပရိညာသုံးပါးဖြင့် ပိုင်းခြား၍သိရမည့်)တရား တမျိုး ဟူသည် အဘယ်တရားနည်း။

(ကုဏ္ဍလကေသာ) တပည့်တော်မ မသိပါ အရှင်ဘုရား။

(အရှင်သာရိပုတ္တရာ) တက္ကတွန်းမကလေး.... သင်သည် (ငါတို့သာသနာဝယ် သာမဏေငယ်ကလေးများ လေ့လာရသည့်) ဤမျှကိုမှ မသိလျှင် အခြား အဘယ်တရားကို သင်သိနိုင်လိမ့်မည်နည်း = သိနိုင်လိမ့်မည်မဟုတ်—

ဤကဲ့သို့ မထေရ်မြတ်က မိန့်ဆိုလျှင်ပင် ပါရမီရှင် ဖြစ်သော ကုဏ္ဍလကေသာသည် မထေရ်၏ ခြေရင်း၌ ဝပ်စင်း၍ "အရှင်ဘုရား....တပည့်တော်မသည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟူ၍ သိမှတ် ဆည်းကပ်ပါ၏ ဘုရား" ဟု လျှောက်ထား ရှာလေ၏။ မထေရ်မြတ်သည် ကုဏ္ဍလကေသာကို "ငါ့ကို ကိုးကွယ်ရာဟု သိမှတ် ဆည်းကပ်မှုပြုရန်မရှိ၊ နတ်နှင့်တကွသော သတ္တလောကကြီး တခုလုံး၌ အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်တော်ဦး ဂန္ဓကုဋီကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူလျက်ရှိ၏။ သင်သည် ထိုမြတ်စွာဘုရားကို ကိုးကွယ်ရာဟု သိမှတ်ဆည်းကပ်လေ"ဟု မိန့်တော်မူလေ၏။

ကုဏ္ဍလကေသာသည် "ကောင်းပါပြီ လိုက်နာပြုကျင့်ပါမည် အရှင်ဘုရား...."ဟု လျှောက်ထား၍ ညနေချမ်းအခါ မြတ်စွာဘုရားရှင် တရားဟောတော်မူနေသောအချိန်၌ မြတ်စွာဘုရားရှင့်

WWW.DHAMMARANSI.COM



ထံတော်သို့ သွားရောက်ဆည်းကပ်၍ တည်ခြင်းငါးပါးဖြင့် ရှိခိုး ပြီးလျှင် အပြစ်လွတ်ရာ အရပ်၌ ရပ်တည်နေလေ၏။ မြတ်စွာ ဘုရားရှင်သည် ကုဏ္ဍလကေသာ၏ ဉာဏ်ရင့်ကျက်ချိန်ကို သိမြင် တော်မူ၍—

"သဟဿမပိ စေ ဂါထာ၊
အနတ္ထပဒသံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊
ယံ သုတွာ ဥပသမ္မတိ။

သဟဿမပိ စေ ဂါထာ = အထောင်သင်္ချာ ဂါထာ တို့ပင် ဖြစ်လင့်ကစား။ အနတ္ထပဒသံဟိတာ=အကျိုးမဲ့ မိုးဖွဲ့, တောင်ဖွဲ့ စသော ပုဒ်ဝါကျနှင့် စပ်ယှဉ်ဘိမူ။ နံ သေယျော = အဘယ်နည်းဖြင့်မျှ မချီးမွမ်းအပ် မမြတ် ပချေ။ ယံ = အကြင် "အပ္ပမာဒေါ အမတံ ပဒံ"- အစရှိ သော ဂါထာပိုဒ်ကို။ သုတွာ = သဒ္ဓါနားဖြင့် နာကြား ရသည် ရှိသော်။ ဥပသမ္မတိ = ကိလေသာဟူ အပူခပ်သိမ်း အငြိမ်းတိုင်ငြိမ်းအေး၏။ တံ ဧကံ ဂါထာပဒံ = ထိုကိလေ သာငြိမ်းကြောင်း တရားဂါထာကောင်း တပိုဒ်ကသာ လျှင်။ သေယျော = အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှ ပေ၏"—

ဟူသော ဤတရားဂါထာကို ဟောကြားတော်မူ၏။ ကုဏ္ဍလ ကေသာသည် ဂါထာနိဂုံး ဆုံးလတ်သောအခါ ရပ်တည်ရင်းပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ( = ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ - ဖြစ်၍) မြတ်စွာဘုရားရှင်ကို ရဟန်းမ-ပြုပေးပါရန် တောင်းပန်လျှောက်ထားလေ၏။ မြတ်စွာ ဘုရားရှင်သည် ထိုကုဏ္ဍလကေသာအား ရဟန်းမ-ပြုပေးရန် လက်ခံ ခွင့်ပြုတော်မူလေ၏။ ကုဏ္ဍလကေသာသည် ဘိက္ခုနီမ ကျောင်းတိုက်သို့ သွားရောက်၍ ရဟန်းမ-ပြုလေ၏။

WWW.DHAMMARANSI.COM



## (၈) တေဒဂ်ဘွဲ့ထူး ရရှိခြင်း

နောက်အဖို့ဝယ် ဘိက္ခု, ဘိက္ခုနီ, ဥပါသကာ, ဥပါသိကာ ဟူသော ပရိသတ်လေးပါးအလယ်၌ "ဤဘဒ္ဒါ ကုဏ္ဍလကေသာ ထေရီမကား ကြီးမြတ်ပါဘိ၏၊ ယင်းထေရီမသည် လေးပုဒ်ရှိသည့် တဂါထာမျှအဆုံး၌ပင် အရဟတ္တဖိုလ်သို့ ရောက်ဆိုက်ခဲ့လေပြီ" ဟု ချီးမွမ်းစကား ဖြစ်ပွါးခဲ့လေသည်။ မြတ်စွာဘုရားသည် ထိုအကြောင်းကို အခွင့်ပြုတ်ပြု၍ ဘဒ္ဒါကုဏ္ဍလကေသာထေရီမကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ခိပ္ပါဘိညာနံ ယဒိဒံ ဘဒ္ဒါကုဏ္ဍလကေသာ = ရဟန်းတို့... လျင်မြန်စွာရအပ်သည့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရှိကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဘိက္ခုနီများစွာတို့တွင် ဘဒ္ဒါမည်သော ကုဏ္ဍလကေသာ ဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ခိပ္ပါဘိညာအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

**ဤကား ကုဏ္ဍလကေသာထေရီ အကြောင်းတည်း။**

---

## (၁၀) ဘဒ္ဒါကာပိလာနီထေရီအကြောင်း

(ဤ ဘဒ္ဒါကာပိလာနီ ထေရီမ၏ အကြောင်းအရာသည် **အရှင်မဟာကဿပမထေရ်၏ အကြောင်းအရာနှင့် ဆပ်စက်လျက် ရှိ၏။ အောက် အခဏ်း ၄၃၊ စာမျက်နှာ ၁၀၀-ကစ၍ အကြောင်းအရာ အကျယ်ကိုဖွင့်ဆိုပြီးဖြစ်သဖြင့် အင်္ဂုတ္တရအဋ္ဌကထာ၌ ဤဘဒ္ဒါကာပိလာနီထေရီမ အကြောင်းကို အကျဉ်းမျှသာ ဖွင့်ဆိုအပ်လေသည်။ ဗုဒ္ဓဝင်စာတော်ဖတ် သူတော်စင်ပရိသတ်သည် ဤမဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ အခဏ်း ၄၃၊ စာမျက်နှာ ၁၀၀၊ (၄) အရှင်မဟာကဿပမထေရ် အကြောင်းကို ပြန်လည်သုံးသပ် ဖတ်ရှုကြရာ၏။ ဤ၌မူ အဋ္ဌကထာဖွင့်ပြချက်အတိုင်း အကျဉ်းမျှသာ ရေးသားဖော်ပြပေအံ့)—**

WWW.DHAMMARANSI.COM



## (က) ထေရီမ၏ ရှေးဆုတောင်း

ဤဘဒ္ဒါကာပိလာနီ ထေရီမအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရ မြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ ဝေဒေဟသူဌေးကြီး၏ အိမ်ရှင်မသူဌေးကတော်ဖြစ်၍ မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဘိက္ခုနီထေရီမတပါးကို ရှေး၌ဖြစ်ဘူးသည့် ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြသည့် ဘိက္ခုနီအပေါင်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျတာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး ဌာနန္တရကို ဆုတောင်းပတ္တနာမှု ပြုခဲ့လေသည်။

### သူကြွယ်ကတော်ဘဝ

ထိုသူဌေးကတော်သည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်ခဲ့၍ အောက် ဝါမျက်နှာ ၁၁၁-၌ လာသောအတိုင်း ဗာရာဏသီပြည်ဝယ် သူကြွယ်ကတော်ဖြစ်၍ သူကြွယ်၏နှမနှင့် ခိုက်ရန်ဖြစ်ပွားခုံမှု ပြုကြစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါး ဆွမ်းခံကြွလာ၍ သူကြွယ်၏နှမက ဆွမ်းလှူပြီးလျှင် သူကြွယ်ကတော်ကို ထိပါး၍ ဆုတောင်းခြေလရာ သူကြွယ်ကတော်သည် မခံမရပ်နိုင်ဖြစ်၍ အရှင်ပစ္စေကဗုဒ္ဓါ၏ လက်တော်မှ သပိတ်ကိုယူ၍ ဆွမ်းကို စွန့်သွန်ပြီးလျှင် ရွှံ့သွန်အပြည့်ထည့်၍ လှူသောအခါ ရပ်ရွာနေ မြင်သူအားလုံး၏ ဆုံးမပြောဆိုချက်အရ သတိသံဝေဂ အရှက်ရပြီးလျှင် တဖန်သပိတ်ကိုယူ၍ ရွှံ့သွန်ကို စွန့်သွန်ပြီးလျှင် သပိတ်ကို စင်ကြယ်အောင် ဆေးကြောပြီးနောက် နံ့သာမှုန့်ဖြင့် ပွတ်တိုက်၍ စတုမဓုအပြည့် ထည့်ပြီးလျှင် ထို၏အထက်၌ ကြာတိုက်အဆင်း ဖြူဝင်းသောထောပတ်ကို လောင်းထည့်လျက် အရောင်တလက်လက် ထွက်အောင်ပြု၍ အရှင်ပစ္စေကဗုဒ္ဓါ၏ လက်၌ သပိတ်ကို ဆက်ကပ်ပြီးလျှင် "ဤ ဆွမ်းသည် အရောင်တလက်လက် ထွက်သကဲ့သို့ ဘပည့်တော်မ၏ကိုယ်သည်လည်း အရောင် တလက်လက်ထွက်သည် ဖြစ်ပါစေသတည်း" ဟု ဆုတောင်းပတ္တနာမှု ပြုလေသည်။ ဤသို့ အစရှိသည့် အကြောင်း

WWW.DHAMMARANSI.COM



အရာအလုံးစုံကို "အရှင်မဟာကဿပမထေရ် အကြောင်း" ၌ ဆို
အပ်ပြီးသော နည်းအတိုင်း သိမှတ်ရာ၏။

## (၁) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

အထူးအားဖြင့် ဤနောက်ဆုံးဘဝ ရဟန်းပြုကြသောအခါ အရှင်မဟာကဿပမထေရ်သည် လက်ျာလမ်းကို ယူတော်မူ၍ မြတ်စွာဘုရား၏အထံတော် ဗဟုပုတ္တကအမည်ရှိသော ပညောင်ပင်ရင်းသို့ သွားရောက်လေ၏။ ဤ ဘဒ္ဒါကာပိလာနီ သူဌေးကတော်ကလေးသည်ကား မာတုဂါမများ ရဟန်းပြုရန် အခွင့်မပြုသေးသောကြောင့် လက်ဝဲလမ်းကို ယူ၍ ပရိဗိုဇ်မများအရာမ်သို့ သွားရောက်ကာ ပရိဗိုဇ်ရဟန်းမကလေး ပြုလုပ်ရရှာလေသည်။ ဘဒ္ဒါကာပိလာနီသည် ၅ါးနှစ်ကြာ ပရိဗိုဇ်ရဟန်းမ - အဖြစ်ဖြင့် နေရရှာလေသည်။ ဤအကြောင်းကို "ပဉ္စ ဝဿာနိ နိဝသိံ၊ ပရိဗ္ဗာဇဝတေ အဟံ"-ဟူသော သူမ၏အပဒါန်ကို ထောက်၍ သိရ၏။

ဘဒ္ဒါကာပိလာနီ ပရိဗိုဇ်ရဟန်းမ-ပြု၍ ၅ါးနှစ်ရှိသောအခါ မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီသည် ဘိက္ခုနီသာသနာကို တောင်းပန်ခွင့်ရ၍ ကိုယ်တိုင် ရှင်, ရဟန်းမ-ပြုခဲ့လေသည်။ ထိုအခါ ဘဒ္ဒါကာပိလာနီထေရီသည် မိထွေးတော် မဟာပဇာပတိဂေါတမီထေရီမကြီး အထံ၌ ရှင်, ရဟန်း အဖြစ်ကို ရယူ၍ နောက်အဖို့ဝယ် ဝိပဿနာတရား ပွါးများကြိုးကုတ် အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်=ရဟန္တာထေရီမ-ဖြစ်လေသည်။

## (၂) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ဘဒ္ဒါကာပိလာနီထေရီမသည် ရဟန္တာဖြစ်ပြီးနောက် ရှေးဆုတောင်းပါရှိသည့်အတိုင်း ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ် = ရှေးကဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့သိမြင်သော အဘိညာဏ်၌ အထူးသဖြင့် လေ့လာနိုင်နင်းလေသည်၊ ထို့ကြောင့် ပင် မြတ်စွာဘုရားသည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်း

WWW.DHAMMARANSI.COM



တော်၌ နေတော်မူ၍ ဘိက္ခုနီမတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး ဌာနန္တရ၌ ထားတော်မူသည်ရှိသော် ဤဘဒ္ဒါကာပိလာနီထေရီမကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ပုဗ္ဗေနိဝါသံ အနုဿရန္တီနံ ယဒိဒံ ဘဒ္ဒါ ကာပိလာနီ = ရဟန်းတို့...ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့တတ်ကြသော ငါဘုရား၏တပည့်မ = သာဝိကာ ဘိက္ခုနီမများစွာတို့တွင် ဘဒ္ဒါအမည်ရင်းရှိသော ကာပိလာနီ ဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ ပုဗ္ဗေနိဝါသာနုဿတိအရာ၌ အသာဆုံး အမြတ်ဆုံး = တေဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤ၌။ ။ထေရီမ၏ မူလ မိဘတို့မှည့်ခေါ်သော အမည်ကား ဘဒ္ဒါ-ဟူ၍ဖြစ်သည်။ အရွယ်ရောက်၍ အရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်နှင့် မိဘတို့က ထိမ်းမြားသောအခါ ယောက္ခမဖြစ်သူ ကပိလပုဏ္ဏား(ပိပ္ပလိလုလင်၏ဖခင်)၏ ချွေးမဖြစ်သည်ကို အစွဲပြု၍ ကာပိလာနီ-တွင်သည်ဟု မှတ်ယူရာ၏)။

ဤကား ဘဒ္ဒါကာပိလာနီထေရီ အကြောင်းတည်း။

---

## (၁၁) ဘဒ္ဒကစ္စာနာ = ယသောဓရာ ထေရီအကြောင်း

(ဤ ဘဒ္ဒကစ္စာနာ=ယသောဓရာထေရီ၏ အကြောင်းအရာသည်လည်း "ဒီနောက် ရေပါ"ဟူဘိသကဲ့သို့ ဗုဒ္ဓ၏အကြောင်းအရာကို ဖော်ပြလျှင်ပင် ဒီနောက်က ရေအလား ထင်ရှားပြီးသား ဖြစ်လေတော့သည်။ ထို့ကြောင့် အဋ္ဌကထာ၌ ဤထေရီမ၏ အကြောင်းအရာကို အကျဉ်းဆုံး ဖွင့်ပြသကဲ့သို့ ဤကျမ်း၌လည်း အဋ္ဌကထာအတိုင်း အကျဉ်းသာ ဖော်ပြပေအံ့)—

### (က) ထေရီမ-၏ ရှေးဆုတောင်း

ဤ ဘဒ္ဒကစ္စာနာ = ယသောဓရာထေရီအလောင်း အမျိုးကောင်းသမီးသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်

WWW.DHAMMARANSI.COM



အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဘိက္ခုနီမတပါးကို "မဟာဘိညာပ္ပတ္တ = ကြီးကျယ်သော အဘိညာဉ်ပညာသို့ ရောက်သောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အမိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး ဌာနန္တရကို ဆုတောင်းပဌနာမှု ပြုခဲ့လေသည်။

## (ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည် လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤအကျွန်ုပ်တို့၏ မြတ်စွာ ဘုရား ပွင့်ထွန်းတော်မူရာကာလဝယ် ဘုရားအလောင်း၏ ဦးရီး တော် သုပ္ပဗုဒ္ဓသာကီဝင်မင်း၏ သမီးတော်ဖြစ်၍ အမည်အားဖြင့် ဘဒ္ဒ ကစ္စာနာဟူ၍ တွင်မည်လေသည်။

ဘဒ္ဒကစ္စာနာ=ယသောဓရာမင်းသမီးသည် အရွယ်သို့ရောက် လတ်သော် အောက်က ဖော်ပြအပ်ခဲ့ပြီးသောအတိုင်း ဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ မိဖုရားခေါင်ကြီး ဖြစ်လာ လေသည်။ ထိုဘဒ္ဒကစ္စာနာ = ယသောဓရာမိဖုရားခေါင်ကြီးမှ နောက်အဖို့ဝယ် ရာဟုလသားတော်ကို ဖွားမြင်လာလေသည်။ ရာဟုလမင်းသား ဖွားသောနေ့မှာပင် အလောင်းတော်သိဒ္ဓတ္ထ မင်းသားသည် တောထွက်၍ မဟာဗောဓိမဏ္ဍိုင်၌ သဗ္ဗညုဘုရား အဖြစ်သို့ ရောက်တော်မူပြီးလျှင် သတ္တလောကကို ချီးမြှောက် တော်မူလျက် အစဉ်သဖြင့် ကပိလဝတ်နေပြည်တော်သို့ ရောက် တော်မူ၍ ဆွေတော်မျိုးတော်တို့အား ချီးမြှောက်မှု ပြုတော်မူခဲ့ လေသည်။

နောက်အဖို့ (မြတ်စွာဘုရား ဘုရားဖြစ်ပြီး ငါးဝါအရ)၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ထီးဖြူတော်အောက်ဝယ် အရ- ဟတ္တဖိုလ်သို့ရောက်၍ ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံလွန်ပြီးလတ်သော် မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီသည် (မဟာသမယ

WWW.DHAMMARANSI.COM



သုတ်လာ ရဟန်းငါးရာတို့၏ ကြွင်းယာဟောင်း) သာကီဝင်မင်းသမီးငါးရာတို့နှင့်အတူတကွ မြတ်စွာဘုရားရှင့် အထံတော်၌ ရှင်,ရဟန်းမ-ပြုလေသည်။ ထိုအခါ ရာဟုလမယ်တော် ယသော-ဓရာမိဖုရားသည်ငှင်း,ဇနပဒကလျာဏီမင်းသမီးသည်ငှင်း မိထွေးတော်ကြီး မဟာပဇာပတိဂေါတမီထေရီအထံ၌ ရှင်, ရဟန်းမ-ပြုကြလေသည်။

ဘဒ္ဒကစ္စာနာ = ယသောဓရာဘိက္ခုနီ ရဟန်းပြုသောအချိန်မှစ၍"ဘဒ္ဒကစ္စာနာထေရီ"ဟူ၍ ထင်ရှားလေသည်။ဘဒ္ဒကစ္စာနာထေရီသည် ရဟန်းပြုပြီး နောက်အဖို့ဝယ် "ဝိပဿနာကရားပွါးများကြီးကုတ် အားထုတ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည် = ရဟန္တာမ-ဖြစ်လေသည်။

## (ဂ) တေဒဂ်ဘွဲ့ထူး ရရှိခြင်း

ဘဒ္ဒကစ္စာနာထေရီသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးသည့်နောက် အဘိညာဏ်တို့၌ အထူးထွေလာနိုင်နင်းလေသည်။ တင်ပလ္လင်တခွေတည်း ထိုင်လျက် အာဝဇ္ဇန်းတမျိုးတည်းဖြင့် တသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ဖြစ်ခဲ့သမျှကို ပြန်လည်အောက်မေ့နိုင်လေသည်။ ထိုဘဒ္ဒကစ္စာနာထေရီမ၏ ထိုဂုဏ်ကျေးဇူးသတင်း ထင်ရှားကျော်ကြားလတ်သော် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူလျက် ဘိက္ခုနီမတို့ကို တေဒဂ်ရာထူး၌ာနန္တရ၌ ထားတော်မူသည်ရှိသော် ဤဘဒ္ဒ-ကစ္စာနာထေရီကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ မဟာ-ဘိညာပ္ပတ္တာနံ ယဒိဒံ ဘဒ္ဒကစ္စာနာ = ရဟန်းတို့....ကြီးကျယ်သော အဘိညာဏ်ပညာသို့ရောက်ရှိကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဘိက္ခုနီမ များစွာတို့တွင် ဘဒ္ဒကစ္စာနာဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

WWW.DHAMMARANSI.COM



ဟု ချီးကျူးမိန့်မြွက်တော်မူကာ "မဟာဘိညာပ္ပတ္တ = ကြီးကျယ်သော အဘိညာဏ်ပညာသို့ ရောက်သောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဤ၌ အထူးမှတ်ရန်မှာ — တချို့သော ဘုရားရှင်၏ လက်ထက်ဝယ် ကြီးကျယ်သော အဘိညာဏ်ပညာသို့ ရောက်ရှိသော သာဝကတို့ကား လေးပါးသာလျှင် ပေါ်ထွန်းမြဲဖြစ်သည်။ ကျန်သောသာဝကတို့ကား မဟာဘိညာအဖြစ်သို့ မရောက်ကြကုန်။ မှန်၏ — ကျန်သော သာဝကတို သည် ကမ္ဘာတသိန်းကိုသာလျှင် အောက်မေ့နိုင်ကုန်၏၊ ထို့ထက်ပိုလွန်၍ မအောက်မေ့နိုင်ကုန်။ မဟာဘိညာအဖြစ်သို့ ရောက်ကြသည့် သာဝက တို့သည်ကား တသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း ဖြစ်ရပ်များကို အောက်မေ့နိုင်ကြကုန်သည်။ အကျွန်ုပ်တို့၏ မြတ်စွာဘုရား သာသနာ ၌လည်း ၁၊၂-အဂ္ဂသာဝကမထေရ်နှစ်ပါး ၃-အရှင်ဗာကုလမထေရ် ၄-ဘဒ္ဒကစ္စာနာထေရီ ဤလေးပါးတို့သာလျှင် တသင်္ချေနှင့် ကမ္ဘာ တသိန်းကို အောက်မေ့နိုင်ကြသည်၊ ထို့ကြောင့် ဤဘဒ္ဒကစ္စာနာထေရီ သည် "မဟာဘိညာပ္ပတ္တ-ဧတဒဂ်"ကို ရရှိလေသည်။ ဤထေရီမ၏ မူလ အမည်ကား ဘဒ္ဒကစ္စာနာတည်း၊ အလွန်မြတ်သော ရွှေကဲ့သို့သော ကိုယ်ရေအဆင်းရှိသောကြောင့် ဘဒ္ဒကဥ္စနာဟူ၍လည်း ခေါ်တွင် လေသည်။ ဤကား အထူးမှတ်ရန်တည်း)။

ဤကား ဘဒ္ဒကစ္စာနာထေရီ အကြောင်းတည်း။

---

## (၁၂) ကိသာဂေါတမီထေရီအကြောင်း

### (က) ထေရီမ၏ ရှေးဆုတောင်း

ဤကိသာဂေါတမီထေရီအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ ပြည်၌ မထင်ရှားသော အမျိုးသမီးဖြစ်၍ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာစဉ် မြတ်စွာဘုရားက ဘိက္ခုနီမဟာပါးကို "လူခစီဝရဓရ = ခေါင်းပါးသောသင်္ကန်းကို ဆောင်သောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူ သည်ကို တွေ့မြင်ရ၍ အားကျကာ မိမိစွမ်းအားရှိသလောက် အဓိကာရကောင်းမှုကုသိုလ်ကို ပြုပြီးလျှင် ထိုလူခစီဝရဓရဧတဒဂ်

WWW.DHAMMARANSI.COM



ရာတူးကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားကလည်း ဤ အကျွန်ုပ်တို့မြတ်စွာဘုရား၏ သာသနာဝယ် ထိုဆုတောင်း ပြည့်စုံမည့်အကြောင်း ဗျာဒိတ်စကား ကြားတော်မူခဲ့လေသည်။

## ကိကီမင်းကြီး၏ သမီးတော်ဘဝ

ထိုအမျိုးသမီးသည် ကမ္ဘာတသိန်းကြာ အပါယ်လေးပါး မလားမရောက်ရပဲ နတ်ပြည်,လူ့ပြည်တို့၌ကျင်လည်ကျက်စားခဲ့၍ ဤဘဒ္ဒကမ္ဘာဝယ် ကဿပမြတ်စွာ လက်ထက်တော်အခါ၌ ဗာရာဏသီပြည် ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် ငါးယောက်မြောက် "ဓမ္မာ" မည်သော သမီးတော်ဖြစ်၍ အနှစ်နှစ်သောင်းကြာ တောမာရီမြဟ္မစရိယ အကျင့်ကို ကျင့်သုံးခဲ့လေသည်။

## (ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ဓမ္မာမင်းသမီးသည် ထိုဘဝမှ စုတေ၍ တာဝတိံသာနတ်ပြည်သို့ လားရောက်ရပြီးလျှင် ဤနောက်ဆုံး ပစ္ဆိမဘဝ၌ ပင်ကိုယ်က သူဌေးမျိုးဖြစ်လျက် စီးပွါးပျက် တပ်တိုက်ကာ ဆင်းရဲ၍နေသော အမျိုး (သာဝတ္ထိပြည်ဝယ် ဆင်းရဲသောအမျိုး) ၌ အမျိုးသမီးဖြစ်လာလေသည်၊ သူ၏အမည်ကား ဂေါတမီအမည်ရှိလေသည်၊ အထူးအားဖြင့် ကြိုလှီသေးငယ်သော ကိုယ်ကာယရှိသောကြောင့် ထိုအမျိုးသမီးကို "ကိသာဂေါတမီ = ကြိုလှီ သေးသွယ်သော ဂေါတမီ" ဟူ၍ ခေါ်ဆိုအပ်လေသည်။

(ထိုကိသာဂေါတမီ အမျိုးသမီး၏ သူဌေးချေးမဖြစ်ပုံရကို ဓမ္မပဒ အဋ္ဌကထာ ပဥ္စမအုပ် စာမျက်နှာ ၄၄၃, ၄၄၄-တို့မှ ထုတ်နုတ်ဖော်ပြပါဦးအံ့)—

## ကံကုန်လျှင် စီးပွါးပျက်တတ်သည်

"ယဒါ တမ္မက္ခယော ဟောတိ၊ သဗ္ဗမေတံ ဝိနဿတိ။
= ကံအဟုန်ကုန်သောအခါ စီးပွါးအားလုံးပျက်တတ်သည်"

WWW.DHAMMARANSI.COM



ဟူသော နိမိကဏ္ဍသုတ္တန်လာ ဒေသနာတော်အတိုင်း သာဝတ္ထိပြည်ဝယ် တဦးသောသူဌေး၏အိမ်၌ ကုဋေလေးဆယ်သော ရွှေ, ငွေပစ္စည်းဥစ္စာများသည် (ထိုသူဌေး၏ ကုသိုလ်ကံအဟုန် ကုန်သောကြောင့်) အံ့ဩဖွယ်ရာ မီးသွေးခဲများသာဖြစ်၍ တည်နေလေ၏။ သူဌေးသည် ထိုအဖြစ်အပျက်ကို တွေ့ရ၍ သောကကြီးစွာဖြစ်ရှိကာ အစာအာဟာရကို မစားနိုင်တော့ပဲ ညောင်စောင်း၌ လဲလျောင်း၍သာ နေရှာလေ၏၊ ထိုသူဌေး၏ သူငယ်ချင်းတယောက် အိမ်သို့ ရောက်လာ၍ "သူငယ်ချင်း....အဘယ့်ကြောင့် ဤမျှလောက် စိုးရိမ်ပူဆွေးရသနည်း"ဟု မေး၍ ထိုအကြောင်းကို ကြားသိရလေသော်"သူငယ်ချင်း—မစိုးရိမ်ပါလင့်၊ အကြောင်းဥပါယ်တမျဉ်ကို ငါစဉ်းစားမိပါသည်၊ ထိုဥပါယ်တမျဉ်ကို သူငယ်ချင်း ပြုလုပ်စေချင်ပါသည်"ဟု ပြောလေ၏။ သူဌေးက "မိတ်ဆွေ....အဘယ်သို့ ပြုရမည်နည်း"ဟု မေးလေလျှင် သူငယ်ချင်းဖြစ်သူသည် ဤ ဆိုလတ္တံ့သောအတိုင်း နည်းလမ်းဥပါယ်ကောင်းကို ပြောပြလေသည်၊ ထိုဥပါယ်ကောင်းမှာ—

"သူငယ်ချင်း ....မိမိ၏ အိမ်ဈေး (မိမိအိမ်အတွင်း ဆိုင်ခင်းလောက်၍ လူအများမြင်နိုင်လောက်သည့်နေရာ) ၌ ဖျာကို ခင်း၍ ထိုဖျာပေါ်၌ မီးသွေးများကို စုပုံထားကာ ဈေးရောင်းနေသောသူကဲ့သို့ သူငယ်ချင်း ထိုင်နေပါ။

မိမိအိမ်ရှေ့မှ သွားကြ, လာကြသော လူတို့အနက် "သူဌေး....အခြားလူများသည် အဝတ်အထည်, ဆီ, ပျား, တင်လဲ-စသည်တို့ကို ရောင်းကြပါကုန်၏၊ အရှင်သူဌေးသည်ကား မီးသွေးတို့ကို ရောင်း၍ နေသကိုး" ဟု ပြောလာသူတို့ကို (စကားအရှည်မပြောပဲ) "ကိုယ့်ဥစ္စာကို မရောင်းလျှင် ဘာလုပ်မည်နည်း"ဟုသာ တိုတိုတုတ်တုတ် ပြောလိုက်ပါလေ။ (ထိုသူများကား ဘုန်းကံရှင်မဟုတ်ကြဘူး-ဟု ဆိုလိုသည်)။

ထိုသို့မဟုတ်ပဲ "သူဌေး....အခြားလူများသည် အဝတ်အထည်, ဆီ, ပျား, တင်လဲ-စသည်တို့ကို ရောင်းကြပါ

WWW.DHAMMARANSI.COM



ကုန်၏၊ အရှင်သူဌေးသည်ကား ရွှေတွေ, ငွေတွေကို ရောင်းချနေသကိုး” ဟု ပြောဆိုလာသူကို “ဘယ်မှာလဲ ရွှေငွေတွေ” ဟု ပြန်၍ မေးလိုက်ပါ၊ ထိုသူက “ဤ ပစ္စည်း တွေပဲ” ဟု ပြောဆိုလျှင် “ထိုပစ္စည်းတွေကို ယူခဲ့ပါဦး”ဟု သူငယ်ချင်းက ပြောဆိုကာ လက်နှစ်ဖက်တို့ဖြင့် ခံယူ လိုက်ပါ၊ (ထိုသူသည် ဘုန်းရှင် ကံရှင် ဖြစ်ပါသည်)၊ ဤနည်းဖြင့် ထိုသူပေးအပ်သောဥစ္စာသည် သူငယ်ချင်း၏ လက်ထဲ၌ မူလပကတိအတိုင်း ရွှေတွေ, ငွေတွေပင် ဖြစ်ပါ လိမ့်မည်။

အထူးသတိပေးလိုသည်မှာ- ထိုသို့ပြောဆိုလာသူသည် အကယ်၍ သတို့သမီးဖြစ်လျှင် ထိုသတို့သမီးကို သူငယ် ချင်း၏ အိမ်၌ သားအတွက် (မယားအဖြစ်) ဆောင်ယူ၍ ကုဋေလေးဆယ်သော ထိုရွှေ, ငွေဥစ္စာကို ထိုချွေးမအား အပ်နှင်းပါလေ၊ ထိုသို့ အပ်နှင်းပြီး ထိုချွေးမက စီမံ ပေးအပ်သော ဥစ္စာကို သူငယ်ချင်း သုံးဆောင်ပါလေ။

အကယ်၍ ထိုသို့ ပြောဆိုလာသူသည် သတို့သား ဖြစ်ခဲ့လျှင် သူငယ်ချင်း၏ အိမ်၌ အရွယ်သို့ ရောက်သော သမီးကို ထိုသတို့သားအား ပေး၍ ကုဋေလေးဆယ်သော ရွှေ, ငွေများကို ထိုသားမက်အား အပ်နှင်းပြီးလျှင် ထို သားမက်က စီမံပေးအပ်သော ဥစ္စာကို သူငယ်ချင်း သုံးဆောင်ပါလေ”——

ဤကဲ့သို့ နည်းလမ်းဥပါယ်ကောင်းကို ပေးလေသည်။

### ဘုန်းရှင် ကံရှင် ကိသာဂေါတမီ

စီးပွါးပျက်သူ သူဌေးသည် “အလွန်ကောင်းသော နည်းလမ်း ဥပါယ်ဖြစ်သည်” ဟု ပြောဆိုကာ သူငယ်ချင်း ပြောသည့်အတိုင်း မိမိ၏အိမ်အတွင်း ဆိုင်ခင်းသင့်သည့်နေရာ=လမ်းသွားလမ်းလာ လူအများ မြင်လောက်သည့်နေရာ၌ မီးသွေးများကို အစုအပုံပြု၍ ရောင်းနေသကဲ့သို့ ထိုင်နေလေ၏။ “သူဌေး...အခြားလူများသည်

WWW.DHAMMARANSI.COM



အဝတ်အထည်၊ ဆီ၊ ပျား၊ တင်လဲ-စသည်တို့ကို ရောင်းကြပါကုန်၏၊ အရှင်သူဌေးကမူ (ဂုဏ်နှင့် မလိုက်အောင်) အဘယ့်ကြောင့် မီးသွေးတို့ကို ရောင်း၍ နေသနည်း”ဟု မေးမြန်းပြောဆိုလာသော (ဘုန်းကံရှင် မဟုတ်သူ) လူတို့အား သူဌေးသည် “မိမိ၏ဥစ္စာကို မရောင်းချလျှင် ဘာလုပ်မည်နည်း” ဟုသာ တိုတိုတုတ်တုတ် စကားတုံ့ပြန်ပေးလိုက်လေ၏။

ထိုနောက်တနေ့သောအခါ ဈေးဖော်ပြရာပါအထည်ကြီးပျက်စီးပွါးပျက် သူဌေးသမီး ကိသာဂေါတမီသည် မိမိ၏ကိစ္စတခုဖြင့် ထိုအိမ် ဈေးတံခါးဝသို့ ရောက်ရှိလာ၍ သူဌေးကို မြင်လေလျှင် “အို ဖခင်...အသို့နည်း=ဘယ့်နှာလဲ၊ အခြားလူများသည် အဝတ်အထည်၊ ဆီ၊ ပျား၊ တင်လဲ-စသည်တို့ကို ရောင်းကြပါကုန်၏၊ ဖခင်သည်ကား ရွှေတွေ၊ ငွေတွေကို ရောင်းချ၍နေသကိုး” ဟု ပြောဆိုလေ၏။ သူဌေးက “သမီး...ဘယ်မှာလဲ ရွှေငွေတွေ” ဟု မေး၍ ကိသာဂေါတမီက “ဖခင်သည် ထိုရွှေတွေ ငွေတွေကိုပင် ကိုင်၍ ထိုင်နေသည်မဟုတ်လော”ဟု ပြောလေလျှင် သူဌေးသည် “သမီး...ထိုရွှေငွေတွေကို ယူခဲ့ပါဦး” ဟု ပြောဆိုလေ၏။ ကိသာဂေါတမီသည် လက်ခုပ်အပြည့်ယူ၍ သူဌေး၏ လက်နှစ်ဖက်တို့၌ လောင်းထည့် ပေးလိုက်လေ၏၊ ထို ဝတ္ထုများအားလုံးသည် မူလပကတ်အတိုင်း ရွှေနှင့်ငွေများသာ ဖြစ်ကြလေတော့၏။

## ကိသာဂေါတမီ သူဌေးချွေးမ ဖြစ်လေပြီ

ထိုအခါ ကိသာဂေါတမီကို သူဌေးသည် “သမီး... သမီး၏ အိမ်သည် အဘယ်အမည်ရှိသနည်း”ဟု မေး၍ ကိသာဂေါတမီက “ဤသို့သောအမည်ရှိပါ၏”ဟု ဖြေကြားအပ်လေသော် ထိုကိသာဂေါတမီ၏ အရှင်သခင် လင်ယောကျ်ား မရှိသေးသူအဖြစ်ကို သိပြီးနောက် မီးသွေးဖြစ်နေသော ဥစ္စာစုကို သိုမှီးသိမ်းဆည်းလျက် ကိသာဂေါတမီကို မိမိ၏ သားအတွက် (=ဇနီးအဖြစ်) ဆောင်ယူခဲ့ပြီးလျှင် ကုဋေလေးဆယ်သော ဥစ္စာကို နှင်းအပ်လေ၏။ ထိုအခါ အလုံးစုံသည်ပင် မူလပကတိအတိုင်း ငွေနှင့်

WWW.DHAMMARANSI.COM



ရွှေချည်း ဖြစ်လေတော့၏။ ။(ဤစကားစုကား ဓမ္မပဒအဋ္ဌကထာမှ လာသတည်း)။

ကိသာဂေါတမီသည် နောက်တချိန်၌ သားကို ဖွားမြင်လေ၏၊ ထိုအခါ(ရှေးက ဆင်းရဲသူ့သမီးဟု လွှမ်းမိုးနိုင်ထက်ကလူပြုကြသော်လည်း) သားယောက်ျားကလေး ဖွားမြင်လာသည့်အတွက် တအိမ်သားလုံးတို့က မြတ်နိုးတနာမှုပြု၍ လာကြလေ၏။ အထူးအားဖြင့် ကိသာဂေါတမီ၏ ထိုသားကလေးသည် ပြေးကာလွှားကာ ကစားနိုင်သောအရွယ်မှာပင် သေဆုံး၍ သွားလေ၏။ သို့ရကား တကြိမ်မျှ သားသေကနှင့် မတွေ့ဘူးသော ကိသာဂေါတမီ၏သန္တာန်ဝယ် သောကကြီးစွာဖြစ်ရှိလာလေ၏။ ကိသာဂေါတမီသည် “ငါကား ဤအိမ်၌ လာဘ်ပူဇော်သက္ကာရ ခေါင်းပါးခွမ်းနယ်ရာမှ သားကလေး မွေးဖွားသော အချိန်ကစ၍ အပူဇော်ခံ အမြတ်နိုးခံ ဘဝသို့ ရောက်ခဲ့ရလေပြီ၊ ဤလူများသည် ငါ့သားကလေး(ဥတုဇရုပ်ကလာပ်)ကို မြို့ပြင်၌ စွန့်ပစ်ရန် အားထုတ်ကြကုန်လေရာ၏” ဟု အောက်မေ့၍ သားကလေးအလောင်းကို ရင်ခွင်ဖြင့်ပိုက်၍ “ကျွန်တော်မ သားကလေးအတွက် အသက်ရှင်ဆေး ပေးကြပါကုန်” ဟု နှုတ်က တတွတ်တွတ်ပြောဆိုကာ (=သောကရူး ရူးသွပ်လျက်)အိမ်ပေါက်စေ့ လှည့်လည်သွားလာလေတော့၏။

မြင်တိုင်းမြင်တိုင်းသောအရပ်၌ လူအများက “အဘယ်အရပ်၌ သင်သည် သေပြီးသူအတွက် အသက်ပြန်၍ ရှင်သောဆေးကို တွေ့ဘူး မြင်ဘူး သနည်း” ဟု လက်ဖြောက်တီးကာ ပြက်ရယ်ပြုကြလေ၏။ ကိသာဂေါတမီသည် ထိုလူများ၏စကားဖြင့်လည်း အသိတရား သတိတရား မရနိုင်ရှာချေ။ ထိုအခါ ကိသာဂေါတမီကို ပညာရှိသူ လူတယောက်က တွေ့မြင်ရ၍ “သြ...ဤသူငယ်မသည် သားသောကကြောင့် စိတ်ပျံ့လွင့်ခြင်းသို့ ရောက်ရှာသည် ဖြစ်လိမ့်မည်၊ ဤသူငယ်မအတွက် ဆေးကို အခြားသူ တဦးတယောက်မျှ သိလိမ့်မည်မဟုတ်၊ မြတ်စွာဘုရားရှင်သည်သာလျှင် သိတော်မူလိမ့်မည်” ဟု ကြံစည် ဆင်ခြင်မိ၍ “ချစ်သမီး....သင်

WWW.DHAMMARANSI.COM



ချစ်သမီး၏ သားကလေးအတွက် အသက်ပြန်၍ ရှင်မည့်ဆေးကို မြတ်စွာဘုရားမှတပါး အခြားသိနိုင်သောသူမည်သည် မရှိချေ၊ စင်စစ်သော်ကား နတ်နှင့်တကွသော သတ္တလောက၌ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည်၏အဦး ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံး နေထိုင်တော်မူဆဲ ရှိ၏၊ ချစ်သမီးသည် ထိုမြတ်စွာဘုရားရှင့်အထံတော်သို့သာ သွား ရောက်၍ မေးပါလေလော့"ဟု အကြံပေးတိုက်တွန်းစကား ပြော ကြားလေ၏။

## မြတ်စွာဘုရားပေးသည့် သောကငြိမ်းကြောင်း ဥပါယ်ကောင်း

ထိုအခါ ကိသာဂေါတမီသည် "ဤပညာရှိ ပုဂ္ဂိုလ်မြတ်သည် အမှန်ကိုပြောဆို၏"ဟု အောက်မေ့၍ သားကလေး၏အလောင်း ကို ပိုက်ယူကာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် တရားဟောရန် ဗုဒ္ဓါသန္ ဓမ္မပလ္လင်ဝယ် ထိုင်နေတော်မူသော အချိန်၌ ပရိသတ် အစွန်းက ရပ်တည်ကာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား... တပည့်တော်မ၏ သားကလေး အတွက် အသက်ရှင်ဆေးကို ပေးတော်မူကြပါဘုရား" ဟု ဟစ်အော် လျှောက်ထား လေ၏။ မြတ်စွာဘုရားရှင်သည် ကိသာဂေါတမီ၏ မဂ်ဖိုလ်ရကြောင်း ရှေး ကောင်းမှု = ဥပနိဿယကို မြင်တော်မူ၍ "ချစ်သမီးဂေါတမီ.... သားကလေးအသက်ရှင်ရန် ဆေးအလို့ငှါ ဤအရပ်သို့လာရောက် သော သင်ချစ်သမီးသည် ကောင်းသည်ကို ပြုအပ်ခဲ့လေပြီ = သားအသက်ရှင်ဆေး ရရန်အတွက် ဤအရပ်သို့ သင်ချစ်သမီး လာရောက်ခြင်းသည် အလွန်ကောင်းမြတ်လှပေ၏၊ ချစ်သမီး.... သွားပါချေ။ သာဝတ္ထိပြည်တွင်းသို့ဝင်၍ အစွန်အဖျားဖြစ်သော အိမ်မှ စ-ကာ တမြို့လုံးကို လှည့်လည်ပြီးလျှင် လူသေယောက်မျှ မသေဘူးသောအိမ်မှ မုန်ညင်းဆီ အနည်းငယ်ကို ယူဆောင်ခဲ့ လော့"ဟု မိန့်တော်မူလေ၏။

(ကျမ်း၌။ ။မြတ်စွာဘုရားရှင်၏ မိန့်ကြားတော်မူချက်ကို သတိပြု ရာ၏၊ မြတ်စွာဘုရား၏ မိန့်ကြားတော်မူချက်မှာ "လူတဦးတယောက်မျှ

WWW.DHAMMARANSI.COM



> မသေဘူးသောအိမ်မှ မုန်ညင်းဆီအနည်းငယ်ကိုရှာဆောင်ခဲ့လော့”ဟူ၍သာ ဖြစ်သည်၊ “ထိုမုန်ညင်းဆီရလျှင် သင်၏သားကလေး အသက်ပြန်ရှင်လာမည်”ဟု မိန့်ကြားတော်မူသည်မဟုတ်။ စင်စစ်သော်ကား “ငါတည်းဟူသော သားနှင့်ကွေကွင်းရခြင်း ဆင်းရဲဒုက္ခကို တွေ့ရသည် မဟုတ်၊ လူတိုင်းလူတိုင်းပင် ထိုဆင်းရဲဒုက္ခကို တွေ့ကြုံရပါတကား”ဟု ကိသာဂေါတမီ၏သန္တာန်၌ အသိမှန် အမြင်မှန်ရ၍ သောတာပန်ဖြစ်အောင် ရန်သာ ရှေးဆိုအပ်ပြီးသည့်အတိုင်း မှသားမပါ မိန့်ကြားတော်မူခြင်းဖြစ်သည်ကို သတိပြုရာ၏)။

ကိသာဂေါတမီသည် (ထိုမုန်ညင်းဆီရလျှင် မိမိသားကလေး အသက်ပြန်ရှင်လာမည်ဟု အောက်မေ့ကာ) “ကောင်းပါပြီ မြတ်စွာဘုရား...”ဟု လျှောက်ထားဝန်ခံ၍ အားရဝမ်းသာစွာ မြို့တွင်းသို့ဝင်ပြီးလျှင် ပဌမတွေ့ရသော အိမ်၌ပင် “မြတ်စွာဘုရားက ကျွန်တော်မ၏ သားကလေး အသက်ပြန်ရှင်ဆေးအတွက် မုန်ညင်းဆီ အနည်းငယ်ကို အယူအဆောင် ခိုင်းတော်မူပါသည်၊ ကျွန်တော်မအား မုန်ညင်းဆီအနည်းငယ်ကိုပေးသော်မူကြပါ”ဟု အိမ်ရှင်တို့အား ပြောကြားလေ၏။ အိမ်ရှင်များက “ယူလော့= ရော့ ဂေါတမီ...”ဟု ပြောဆိုကြ၍ မုန်ညင်းဆီ အနည်းငယ်ကို ထုတ်၍ ပေးကြလေလျှင် ကိသာဂေါတမီသည် “ကျွန်တော်မကား ဤကဲ့သို့ မမေးမမြန်းပဲ မယူနိုင်ပါ၊ ဤအိမ်၌ ရှေးက တစုံ တယောက် သေသောသူမည်သည် မရှိဘူးလော”ဟု မေးလေ၏။ အိမ်ရှင်တို့က “ဘယ်နှယ်ပြောပါလိမ့် သမီးဂေါတမီ...၊ ဤအိမ်၌ ရှေးက သေသောသူများကို အဘယ်သူသည် ရေတွက်နိုင်ချိမ့်မည်နည်း = မရေမတွက်နိုင်သည်သာ” ဟု ပြောဆိုကြလေလျှင် ကိသာဂေါတမီသည် “ထိုသို့ဖြစ်လျှင် တော်ပါပြီ၊ ကျွန်တော်မသည် ဤမုန်ညင်းဆီကို မယူတော့ပါဘူး၊ ကျွန်တော်မကို မြတ်စွာဘုရားရှင်က လူမသေဘူးသောအိမ်မှ မုန်ညင်းဆီကို ဆောင်ယူစေတော်မူပါသည်”ဟု ပြောဆိုကာ ထိုအိမ်မှ ထွက်ခဲ့လေသည်။

ကိသာဂေါတမီသည် ဤနည်းဖြင့်ပင် နှစ်အိမ်,သုံးအိမ် ဝင်လှက်ခဲ့၍ တတိယအိမ်သို့ ပင်ရောက်၍အပြီးတွင် “တမြို့လုံး၌ပင် ဤနည်းသာလျှင် ဖြစ်ချိမ့်မည်၊ ဤအချက်ကို သဗ္ဗာပါတို့၏ အစီး

WWW.DHAMMARANSI.COM



အပွါးကို လိုလားတော်မူသော မြတ်စွာဘုရားရှင်သည် မြင်တော်မူပြီး ဖြစ်လိမ့်မည်"ဟု သတိသံဝေဂကြီးစွာရလျက် ထိုတတိယအိမ်မှပင် မြို့ပြင်သို့ ထွက်ခဲ့၍ သုသာန်သင်းချိုင်း လုပ်တိုင်းသို့ သွားရောက်ကာ သားငယ်၏ ရုပ်အလောင်းကို လက်ဖြင့်ကိုင်၍ "ချစ်သား...ငါ့အမေကား ဤသေခြင်းသဘောသည် သင်ချစ်သားအားသာ ကွက်၍ဖြစ်၏-ဟု ကြံမှားခဲ့လေပြီ၊ ဤသေခြင်းသဘောကား စင်စစ်မှာ သင်ချစ်သားအားသာ ဖြစ်သည်မဟုတ်၊ ဤသေခြင်းသဘောသည် လူအများနှင့်ဆက်ဆံ(=သက်ဆိုင်)သောသဘောဖြစ်ချေသည်"ဟု ပြောဆိုကာ သားငယ်၏ရုပ်အလောင်းကို သုသာန်၌ စွန့်ပစ်ခဲ့၍—

န ဂါမဓမ္မော နော နိဂမဿ ဓမ္မော၊
န စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊
ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ—

ဟူသော ဤဂါထာကို ရွတ်ဆို၍ မြတ်စွာဘုရား အထံတော်သို့ သွားရောက်လေ၏။ (ဤဂါထာ၏အနက်ကို နောက်မှ ရေးသားပေအံ့)။ ထိုအခါ ကိသာဂေါတမီကို မြတ်စွာဘုရားရှင်က "ချစ်သမီးဂေါတမီ....သင်သည် မုန်ညင်းဆီကို ရအပ်ခဲ့ပြီလော"ဟု မေးတော်မူ၍ ကိသာဂေါတမီက "မြတ်စွာဘုရား....မုန်ညင်းဆီဖြင့် ပြုရန်ကိစ္စကား ပြီးပါပြီ၊ စင်စစ်သော်ကား ရှင်တော်ဘုရားတို့သည် တပည့်တော်မအား ထောက်ရာတည်ရာကိုသာ ပေးတော်မူကြပါလော့"ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် ကိသာဂေါတမီအား ဓမ္မပဒကျမ်းလာ ဤဆိုလတ္တံ့သောဂါထာကို ဟောကြားတော်မူ၏—

တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

ဂေါတမိ = ချစ်သမီး ဂေါတမီ။ ပုတ္တပသုသမ္မတ္တံ = သမီးနှင့်သား ကျွဲ,နွားတို့ဖြင့် တအားတက်ကာ ယစ်မူး

WWW.DHAMMARANSI.COM



မေ့လျော့၍နေသော။ ဗျာသတ္တမနသံ=ရအပ်ရအပ် ဝတ္ထု ပစ္စည်းအရပ်ရပ်တို့၌ ငြိကပ်တွယ်တာသော စိတ်ရှိ၍နေ သော။ တံ နရံ = ထိုလူကို။ (သုတ္တံ=အိပ်ပျော်၍နေသော။ ဂါမံ = ရွာ၌နေသူ လူအပေါင်းကို။ မဟောဃော = ချောင်းပြည့်လျှံစီး ရေအယဉ်ကြီးသည်။ အာဒါယ ဂစ္ဆတိ ဣဝ=ခွေးကိုမျှမကြွင်းအောင် တိုက်ဆောင်ယူငင်၍ သွား သကဲ့သို့)။ မစ္စု = မစ္စုခေါ်ကြောင်း သေခြင်းတရားသည်။ အာဒါယ ဂစ္ဆတိ = ယူဆောင်၍သွားလေ၏"—

ဟူသော ဤဂါထာကို ဟောကြားတော်မူလေ၏။ ကိသာဂေါတမီ သည် ဂါထာနိဂုံး ဆုံးသောအခါ သောတာပတ္တိဖိုလ်၌ တည် လေ၏။ (ဤကား အင်္ဂုတ္တရအဋ္ဌကထာဖွင့်ပြချက်ဖြစ်သည်)။

(ကိသာဂေါတမီထေရီအပဒါန် ပါဠိတော်အလိုအားဖြင့်–ကိသာ- ဂေါတမီ မြတ်စွာဘုရားရှင့်အထံတော်သို့ ပြန်လာသောအခါ မြတ်စွာ ဘုရားက—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ-

ဟူသော ဂါထာ, (ဤဂါထာ၏နက်ကို အောက်ပဋာစာရာထေရီ အကြောင်း စာမျက်နှာ ၇၀-၌ ဖော်ပြခဲ့ပြီ)။

န ဂါမဓမ္မော နော နိဂမဿ ဓမ္မော
န စာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊
ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

ဂေါတမိ=ချစ်သမီးဂေါတမီ...။ ယဒိဒံ–ယာ အယံ အနိစ္စတာ= အကြင်ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ တခဏနှင့်ဖြစ်စဲ မမြဲခြင်းသဘောသည်။ အတ္ထိ=ရှိ၏။ အယံ=ဤရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ တခဏနှင့်ဖြစ်စဲ မမြဲ ခြင်းသဘောသည်။ န ဂါမဓမ္မော=တံတိုင်းမရှိ ဈေးမရှိ၍ သမ္မုတိ ဝေါဟာ ရွာဟုပညတ် တခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တကန့် သား၍ ဖြစ်ပွါးလေ့လာ မဟုတ်ပါတည်း။ နော နိဂမဿ ဓမ္မော=တံတိုင်း မရှိ ဈေးသာရှိ၍ နိဂုံပညတ် တခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တကန့်သား၍ ဖြစ်ပွါးလေ့လာ မဟုတ်ပါတည်း။ န စာပိ ဧကကုလဿ

WWW.DHAMMARANSI.COM



ဓမ္မော=ဌာနနယ်ချုံး တနိုဂုံးနှင့် ခေါ် ထုံးဝေါဟာ တမ္ပိုရွာဝယ် မျက်နှာမဲ့လျှင်း တအိမ်တွင်း၌ သင်းသီးသန့်ခြား တကန့်သား၍ ဖြစ်ပွါးလေ့လာ မဟုတ်ပါတည့်။ ဧသော ဓမ္မော=ဤရုပ်နာမ်ဓမ္မ သခါရတို့၏ တခဏနှင့်ဖြစ်ခဲ မမြဲခြင်းသဘောသည်။ သဒေဝကဿ = နတ်ပြည် ခြောက်ရွာ ဗြဟ္မာနှစ်ဆယ်နှင့်တကွသော။ သဗ္ဗဿ လောကဿ= အလုံးစုံလောက ရှိသမျှသတ္တဝါအပေါင်း၏။ ဓမ္မော=ဆန်မဖြင်းသော မတင်းသောသည့် ဓမ္မတာမျိုး တရားလမ်းရိုးကြီးပါပေတည်း။

ရုပ်နာမ်နှစ်ဖြာ ['ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ကွယ်ချုပ်ဝင်သည်၊ ဤသခါရ၊သဘာဝကား၊ဌာနနယ်ချုံး၊တနိုဂုံးနှင့်၊ခေါ် ထုံးဝေါဟာ၊ တမ္ပိုရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တအိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တကန့်သား၍၊ ဖြစ်ပွါးလေ့လာ၊ မဟုတ်ပါဘူး။ ဗြဟ္မာ, လူ, နတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ငြိုသိုဝင်၍၊ဘင်ကွဏာ၊မရဏဖြင့်၊ ရှုရှုလှုပ်လှုပ်၊တချုပ်ချုပ်လျှင်၊နာမ်ရုပ်နှစ်မျိုး၊ဖြစ်တိုင်းညှိုးသည်....

အရိုး အနိစ္စချည်းသာတည်း။

အရိုး ဒုက္ခချည်းသာတည်း။

အရိုး အနတ္တချည်းသာတည်း——

ဟူသောဂါထာ = ဤ တရားနှစ်ဂါထာကို ဟောကြားတော်မူသည်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေသည်-ဟု ထေရိမကြီးကိုယ်တိုင် မိမိ၏ဖြစ်စဉ် ကျင့်စဉ်ကို ပြန်လည်ဟောကြားအပ်သောကြောင့် ထိုအပဒါန်ပါဠိတော်အလာကိုလည်း အထူးသတိချပ် မှတ်ယူရာ၏)။

ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်၌ တည်ပြီးနောက်=သောတာပန်အရိယာဖြစ်ပြီးနောက် မြတ်စွာဘုရားရှင်ကို ရဟန်းမပြုပေးပါရန် တောင်းပန်လျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းမ-ပြုရန် ခွင့်ပြုတော်မူလေသည်။ ကိသာဂေါတမီသည် မြတ်စွာဘုရားရှင်ကို လက်ျာရစ်သုံးပတ် လှည့်လည်ကာ ရှိခိုး၍ ဘိက္ခုနီမကျောင်းတိုက်သို့ သွားရောက်ပြီးလျှင် ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရယူလေ၏။ ထိုအချိန်မှစ၍ ကိသာဂေါတမီ ထေရီဟူ၍ ထင်ရှားလေ၏။

WWW.DHAMMARANSI.COM



## ကိသာဂေါတမီထေရီ ရဟန္တာဖြစ်ခြင်း

ကိသာဂေါတမီထေရီသည် ရဟန်းမ-ဖြစ်ပြီးနောက် ဝိပဿနာတရား ပွါးများကြိုးကုတ် အားထုတ်လေရာ တနေ့သ၌ ဥပုသ်အိမ်သိမ်အဖြင်ဝယ် မီမီအလှည့်အကြိမ် ရောက်သဖြင့် ဆီမီးညှိထွန်းပြီး ထိုဆီမီးတောက်ကို ကြည့်ရှုကာ ထိုင်နေသည်ရှိသော် ဆီမီးအလျှံတို့ တဖြစ်ပျက်ပျက်ရှိနေသည်ကို မြင်ရ၍ "ဤဆီမီးအလျှံများ ဖြစ်၍ ဖြစ်၍ ပျက်ကုန်သကဲ့သို့ ဤအတူပင် ဤသတ္တဝါတို့သည်လည်း ဖြစ်လည်းဖြစ်ကြ, ပျက်လည်းပျက်ကြကုန်၏၊ နိဗ္ဗာန်သို့ ရောက်ကြသူများသာ မထင်ပဲရှိကုန်၏" ဟု အာရုံနိမိတ်ကို ရယူလေသည်။

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်ဝယ် ထိုင်နေတော်မူရင်းကပင် ရောင်ခြည်တော်ကို ဖြန့်လွှတ်၍ ထေရီမ၏ မျက်မှောက်၌ ထိုင်နေကာ ဟောတော်မူသကဲ့သို့ "ချစ်သမီး ဂေါတမီ···ဤ ချစ်သမီး စဉ်းစားမိသည့်အတိုင်း မှန်လှပေ၏၊ ဤသတ္တဝါတို့သည် ဆီမီးအလျှံတို့ကဲ့သို့ ဖြစ်လည်းဖြစ်ကြ, ပျက်လည်းပျက်ကြကုန်၏၊ နိဗ္ဗာန်သို့ ရောက်ကြသူများသာ မထင်ပဲရှိကုန်၏။ ဤသို့ နိဗ္ဗာန်တရားကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မမြင်ရသောသူတို့၏ အနှစ်တရာ အသက်ရှင်ရခြင်းထက် နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင်ရသောသူ၏ တခဏမျှ အသက်ရှင်ရခြင်းက သျှီးမွမ်းအပ် မြတ်လှပေ၏" ဟု မိန့်တော်မူ၍ စကားအနုသန္ဓေ ဆက်စပ်ပြီးလျှင် တရားဟောတော်မူလိုရကား ဤဆိုလတ္တံ့သောဂါထာကို ဟောတော်မူ၏—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

ဂေါတမိ = ချစ်သမီး ဂေါတမီ....။ ယော စ = အကြင် မထင် အကြင်သူသည်ကား။ အမတံ ပဒံ = သေခြင်းကင်းရာ မဟာအသင်္ခတဓာတ် အမြိုက်နိဗ္ဗာန်ပရမတ်ကို။ အပဿံ-အပဿန္တော = မဂ်ဉာဏ်, ဖိုလ်ဉာဏ် နှစ်တန်

WWW.DHAMMARANSI.COM



သော ဓမ္မမျက်စိဖြင့် မသိမမြင်ပဲ၊ ဝသာသတံ = အနှစ်တရာ ရှည်မြင့်ကြာအောင်။ ဇီဝေ—ဇီဝေယျ = အသက်ရှည်တွေ့ တည်မနေရာ၏။ တဿ=ထိုသူ၏။ ဇီဝိတံ = အနှစ်တရာ ရှည်မြင့်ကြာအောင် ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းထက်။အမတံ ပဒံ=သေခြင်းကင်းရာ မဟာ အသင်္ခတဓာတ် အမြိုက်နိဗ္ဗာန်ပရမတ်ကို။ ပဿတော = မဂ်ဉာဏ်, ဖိုလ်ဉာဏ် နှစ်တန်သော ဓမ္မမျက်စိဖြင့် သိမြင်သောသူ၏။ ဧကာဟံ = ကာလမကြာ တရက်တာမျှ။ ဇီဝိတံ = ခန္ဓာဆက်စဉ် အသက်ရှင်၍ နေရခြင်းသည်။ သေယျော = အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပေ၏။

ကိသာဂေါတမီထေရီသည် ဤဂါထာအဆုံးဝယ် အရဟတ္တဖိုလ်သို့ ရောက်လေ၏ = အာသဝေါကုန်ခန်း ရဟန္တာထေရီမ ဖြစ်လေ၏။

## (ဂ) တေဒဂ်ဘွဲ့ထူး ရရှိခြင်း

ဤကိသာဂေါတမီ ရဟန္တာထေရီမသည် ရဟန္တာဖြစ်ပြီးနောက် ပရိက္ခရာကို သုံးစွဲရာ၌ ခေါင်းပါးခြင်းဥက္ကဋ္ဌ အထွတ်အထိပ်ရောက် ကျင့်ဆောက်ကြိုးကုတ် (ရှေးဆုတောင်းအတိုင်း) အားထုတ်သူဖြစ်ရကား (၁) ဝဏ္ဏလူခ = အဝတ်အထည် အမျိုးအစားအားဖြင့် ကြမ်းတမ်းညှိုးဖျင်း၍ (၂) သုတ္တလူခ = သက်နုံးချုပ်သော ချည် အနေအားဖြင့်လည်း ကြမ်းတမ်းခေါင်းပါးညှိုးဖျင်းလျက် (၃) ရဇနလူခ = ဆိုးရည်အနေအားဖြင့်လည်း အပ်စပ်သည်ဟု ဆိုရရုံ ကြမ်းတမ်းခေါင်းပါး ညှိုးဖျင်းသည့် ဆိုးရည်ဖြင့် ဆိုးအပ်သည့် သင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်၍ လှည့်လည်သွားလာလေ့ရှိ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး ဌာနန္တရ၌ ထားတော်မူသည်ရှိသော် ဤ ကိသာဂေါတမီ ရဟန္တာထေရီမကို—

WWW.DHAMMARANSI.COM



"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ လူခစီဝ-ရဓရာနံ ယဒိဒံ ကိသာဂေါတမီ=ရဟန်းတို့...သုံးမျိုးသော အခြင်းအရာဖြင့် ခေါင်းပါးညှိုးဖျင်းသော သင်္ကန်းကို ဆင်မြန်းဝတ်ရုံ သုံးဆောင်လေ့ရှိကြသည့် ငါဘုရား၏ တပည့်မ=သာဝိကာ ဘိက္ခုနီမ များစွာတို့တွင် ကိသာ-ဂေါတမီ ဘိက္ခုနီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"-

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "လူခစီဝရဓရ=ခေါင်းပါး ညှိုးဖျင်း သော သင်္ကန်းကို ဆင်မြန်းဝတ်ရုံ သုံးဆောင်သောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား ကိသာဂေါတမီထေရီ အကြောင်းတည်း။

---

## (၁၃) သိင်္ဂါလကမာတုထေရီအကြောင်း

(ဤထေရီမအကြောင်းကို အင်္ဂုတ္တရအဋ္ဌကထာ၌ အကျဉ်းမျှသာ ဖွင့်ပြသောကြောင့် ထိုအင်္ဂုတ္တရအဋ္ဌကထာနှင့် သိင်္ဂါလကမာတုထေရီ အပဒါန=နှစ်ရပ်ကို ပေါင်းစပ်၍ ဖော်ပြပေအံ့)—

### (က) ထေရီမ-၏ ရှေးဆုတောင်း

ဤ သိင်္ဂါလကမာတုထေရီအလောင်း အမျိုးကောင်းသမီး သည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဒမတ်သမီး ဖြစ်၍ ဖခင်အမတ်ကြီးနှင့် အတူတကွ ကျောင်းတော်သို့လိုက်ပါ မြတ်စွာဘုရား၏ တရားကို နာရသဖြင့် သဒ္ဓါကြည်ညိုဖြစ်ရှိကာ ဘိက္ခုနီမပြုလုပ်၍ စတုပါရိသုဒ္ဓိသီလကို ခရုသင်းပွတ်သစ်အတူ စင်ကြယ်စွာ ကျင့်သုံးသည့်ပြင် ဘုရား, တရား, သံဃာ=ရတနာသုံး ပါး၌ အလွန်အလွန် ရှိသေလေးစားလျက် တရားနာခြင်း၌ အထူးလုံ့လကြိုးကုတ် အားထုတ်သူဖြစ်၍ ဘုရားရှင်ကို (အရှင် ဝက္ကလိမထေရ်ကဲ့သို့) ဖူးမြော်ခြင်း၌ အလွန်ဆန္ဒပြင်းပြသူ ဖြစ် လေသည်။

တနေ့သ၌ ပဒုမုတ္တရမြတ်စွာဘုရားရှင်က ဘိက္ခုနီမတပါးကို "သဒ္ဓါဓိမုတ္တ=သဒ္ဓါတရား ကြီးမားလွန်ကဲသောအရာ"၌ အသာ

WWW.DHAMMARANSI.COM



ဆုံး အမြတ်ဆုံး=ဇေတဒဂ်ရာထူး၌ထားတော်မူသည်ကိုတွေ့မြင်ရ၍ အားကျကာ ထိုသဒ္ဓါဓိမုတ္တတေဒဂ်ရာထူးကို ဆုတောင်းပဏ္ဍနာမှု ပြု၍ သိက္ခာသုံးပါးကို တိုးတက်ဖြည့်ကျင့်လေသည်။ ထိုအခါ ပဒုမုတ္တရမြတ်စွာဘုရားသည် ထိုဘိက္ခုနီမကို "ယဿ သဒ္ဓါ တထာဂတေ၊ အစလာ 'သုပ္ပတိဋ္ဌိတာ"အစရှိသော သုံးဂါထာတို့ဖြင့် "ဘုရား, တရား, သံဃာ=ရတနာသုံးပါး၌ ကြည်ညိုခြင်း သဒ္ဓါတရား သီလတရား ဖြောင့်မတ်သောအသိဉာဏ်ပညာ ၅၍ တရားရှိသောသူကို "မဆင်းရဲသူဟူ၍ ခေါ်ဆိုရကြောင်း (နှင့်) ထိုကြောင့် သဒ္ဓါ, သီလ, ပသာဒ= တရားသံဃာ၌ကြည်ညိုခြင်း, ဓမ္မဒဿန=တရားကိုသိမြင်သောဉာဏ်ပညာ ၅၍တရားလေးပါးကို ပညာရှိသူသည် အဖန်ဖန် အားထုတ်ရမည့်အကြောင်း" ဟောကြားတော်မူလေသည်။ (ထိုသုံးဂါထာကို အပဒါနပါဠိ၂၊ မျက်နှာ ၂ဝ၆-၌ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

ထိုတရားကို ကြားနာရ၍ ထိုဘိက္ခုနီမလေးသည် အလွန်ဝမ်းမြောက်ကာ မိမိ၏ဆုတောင်း ပြည့်မည်, မပြည့်မည်ကို မြတ်စွာဘုရားရှင်အား မေးလျှောက်လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကလည်း ၅၍အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင့်လက်ထက်တော်၌ ထိုဆုတောင်းပြည့်ဝမည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။မြတ်စွာဘုရား၏ ဗျာဒိတ်စကား ကြားသိရ၍ ထိုဘိက္ခုနီမလေးသည် အလွန်ဝမ်းမြောက်ကာ မြတ်စွာဘုရားရှင်ကို ပဋိပတ်အကျင့်ဖြင့် အသက်ထက်ဆုံး မေတ္တာရှေ့ထား၍ ပြုစုခဲ့လေသည်။ (မြတ်စွာဘုရားအပေါ်၌ မေတ္တာစိတ်အမြဲထား၍ ပဋိပတ်အကျင့်ကို မှန်ကန်စွာ ကျင့်ခြင်းသည်ပင် မြတ်စွာဘုရားကိုပဋိပတ်အကျင့်ဖြင့် ပြုစုလုပ်ကျွေးခြင်းမည်သည်)။

### (ခ) နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတသိန်းကြာ အပါယ်သို့ မလားမရောက်ရပဲ နတ်ပြည်,လူ့ပြည်တို့၌သာ ကျင်လည်ကျက်စားခဲ့၍ ၅၍ဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် ရာဇဂြိုဟ်

WWW.DHAMMARANSI.COM



ပြည်၌ သူဌေးသမီးဖြစ်၍ အရွယ်ရောက်လတ်သော် အမျိုးဇာတ်တူ သူဌေးသားတဦး၏ အိမ်သို့ လိုက်ပါ အိမ်ရှင်မ ဖြစ်၍ သားတယောက်ကို ဖွားမြင်ခဲ့လေသည်။ ထိုသား၏ အမည်ကို "သိင်္ဂါလက သတို့သား"ဟူ၍ မှည့်ခေါ်ကြလေသည်။ မိခင် သူဌေးမကလေးသည်လည်း သားကိုအကြောင်းပြုကာ "သိင်္ဂါလကမာတု = သိင်္ဂါလက၏မိခင်"ဟူ၍ အမည် တွင်လေ၏။

သိင်္ဂါလကမာတုသူဌေးမလေး၏ သားဖြစ်သူ သိင်္ဂါလကသတို့သားကား အယူဖောက်ပြား လွဲမှားသူဖြစ်ကာ အရပ်မျက်နှာတို့ကို ရှိခိုးခြင်းအမှု မပြတ်ပြုလေ၏။ ဟနေ့သ၌ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွဝင်တော်မူလတ်သော် သိင်္ဂါလကသတို့သား အရပ်မျက်နှာတို့ကို လှည့်လည်ကာ ရှိခိုးနေသည်ကို တွေ့မြင်တော်မူရ၍ လမ်းခရီး၌ပင် ရပ်တည်တော်မူကာ မြတ်စွာဘုရားသည် ထိုသိင်္ဂါလကသတို့သားကို အဆုံးအမ ဩဝါဒတရား ဟောကြားတော်မူလေသည်။

ထိုတရားပွဲ၌ ယောကျ်ား, မိန်းမပေါင်း နှစ်ကုဋေတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေလည်း။ သိင်္ဂါလကမာတု သူဌေးမလေးသည် ထိုတရားပွဲ၌ သောတာပတ္တိဖိုလ်သို့ ရောက်၍ ရဟန်းမ-ပြုခဲ့လေသည်၊ သိင်္ဂါလကမာတုထေရီ ဟူ၍ အမည်တွင်လေသည်။ ထိုသိင်္ဂါလကမာတုထေရီသည် ရဟန်းမ-ပြုပြီးသောအချိန်မှစ၍ သဒ္ဓါခြေကို (ရှေးဆုတောင်းအတိုင်း) လွန်လွန်ကဲကဲ ရရှိလေသည်။ ထေရီမသည် တရားနာရန် ကျောင်းတော်သို့ သွားရောက်လတ်သော် မြတ်စွာဘုရား၏ ရူပကာယ အသရေတော်ကို ဖူးမြော်လျက်သာ နေရှာလေသည်။ မြတ်စွာဘုရားရှင်သည် ထေရီမ၏ သဒ္ဓါတရား အလွန်သက်ဝင်သည်ကို သိတော်မူ၍ ထိုထေရီမနှင့် သပ္ပါယဖြစ်သည့် ကြည်ညိုဖွယ်သော တရား (သဒ္ဓါဖြစ်စေနိုင်သောတရား) ကိုသာလျှင် အဓိကထား ဟောကြားတော်မူလေသည်။ ထေရီမသည်လည်း သဒ္ဓါတရား ကိုပင် အဦးပြု၍ ဝိပဿနာတရား ပွါးများ အားထုတ်လတ်သည်

WWW.DHAMMARANSI.COM



တွင် အရဟတ္တဖိုလ် ပေါက်ရောက်လေ၏။ (သဒ္ဓါဓိမုတ္တ ရဟန္တာ ထေရီမ ဖြစ်လေ၏)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ထိုနောက် မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ဇေတဝန် ကျောင်းတော်၌ နေတော်မူလျက် ဘိက္ခုနီမတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် သိင်္ဂါလကမာတုထေရီကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဘိက္ခုနီနံ သဒ္ဓါဓိမုတ္တာနံ ယဒိဒံ သိင်္ဂါလကမာတာ = ရဟန်းတို့…သဒ္ဓါ တရား ကြီးမားထက်သန်ကြသည့် ငါဘုရား၏တပည့်မ= သာဝိကာ ဘိက္ခုနီမများစွာတို့တွင် သိင်္ဂါလကမာတုထေရီ ဘိက္ခုနီမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူး မိန့်မြွက်တော်မူကာ "သဒ္ဓါဓိမုတ္တ = သဒ္ဓါတရား ကြီးမားလွန်ကဲသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

ဤကား သိင်္ဂါလကမာတုထေရီ အကြောင်းတည်း။

ဤတွင် ထေရီအပဒါန (အခန်း ၄၄) ပြီး၏။

WWW.DHAMMARANSI.COM

အခန်း-၄၅

# ဥပါသကဝဂ္ဂိတ

## (၁) တပုဿ, ဘလ္လိက ညီနောင်အကြောင်း

### (က) ဥပါသကာတို့၏ ရှေးဆုတောင်း

(ဤ တပုဿ,ဘလ္လိကညီနောင်အကြောင်းကို အင်္ဂုတ္တရအဋ္ဌကထာ, ထေရဂါထာအဋ္ဌကထာ ကေကနိပါတ အဖွင့်-တို့မှ ထုတ်နုတ်ရေးသား ဖော်ပြပေအံ့)—

ဤ တပုဿနှင့် ဘလ္လိက ဥပါသကာတို့အလောင်း အမျိုးကောင်းသားညီနောင်နှစ်ဦးတို့သည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားများပင် ဖြစ်ကြ၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာကြစဉ် မြတ်စွာဘုရားရှင်က ဥပါသကာ နှစ်ယောက်တို့ကို ရှေးဦးစွာ သရဏဂုံတည်သောအရာဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကြကာ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုဧတဒဂ်ရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့ကြလေသည်။ (အင်္ဂုတ္တရအဋ္ဌကထာမှ)။

#### အကြားကာလ ဘဝများ

ထို အမျိုးကောင်းသား နှစ်ဦးတို့သည် အသက်ယက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကြ၍ ထိုဘဝမှ စုတေပြီးနောက် ဒုပါယ် လေးပါးသို့ မလားမရောက်ကြရပဲ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည် ကျက်စားခဲ့ကြရာ ဘလ္လိက ဥပါသကာအလောင်း အမျိုးကောင်းသားသည် ဤဘဒ္ဒကမ္ဘာမှ အထက် လွန်ခဲ့သော (၃၁) သုံးဆယ့်တကမ္ဘာထက်က မြတ်စွာဘုရား မပွင့်လွန်းသော ခေတ်အခါဝယ် သုမနအမည်တော်ရှိသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား သစ်သီးကြီးငယ်ကို လှူခဲ့၍ သုဂတိဘုံတို့၌သာ

WWW.DHAMMARANSI.COM



ကျင်လည် ကျက်စားခဲ့လျက် သိခီမြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် အရုဏဝတီပြည်၌ ပုဏ္ဏားသား တဦး ဖြစ်လာလေသည်။ ထိုပုဏ္ဏားသားသည် "သိခီမြတ်စွာဘုရားရှင်အား ဘုရားဖြစ်တော်မူပြီးစ သတ္တသတ္တာဟ စံနေတော်မူပြီး၍ အဋ္ဌမသတ္တာဟသို့ အရောက်တွင် ဥဇိတ, ဩဇိတ-အမည် အသီးအသီးရှိကြသည့် လှည်းကုန်သည်ညီနောင်တို့သည် ဆွမ်းဦးကို လှူဒါန်းဆက်ကပ်ကြလေပြီ" ဟူသော သတင်းစကားကို ကြားသိရ၍ မိမိ၏ သူငယ်ချင်း (တပုသ်အလောင်း) နှင့် အတူတကွ သိခီမြတ်စွာဘုရားရှင့်ထံတော်မှောက်၌ သွားရောက်ရှိခိုးကြ၍ နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှါ ပင့်ဖိတ်ခဲ့ကြကာ ကြီးစွာသော အလှူကို ပေးလှူကြပြီးလျှင် "မြတ်စွာဘုရား....တပည့်တော်တို့ သူငယ်ချင်းနှစ်ယောက်လုံးပင် နောက်အခါဝယ် အရှင်ဘုရားတို့ကဲ့သို့သော မြတ်စွာဘုရားအား ဆွမ်းဦးအလှူဒါယကာများ ဖြစ်ကြရပါလိုကုန်၏" ဟု ဆုတောင်းပဏ္ဍနာမှု ပြုခဲ့ကြလေသည်။

ထို သူငယ်ချင်းနှစ်ယောက်တို့သည် ထိုထိုဘဝ၌ ကုသိုလ်ကောင်းမှုကို အတူတကွ ပြုလုပ်ကြ၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စား၍ လာခဲ့ကြရာ ကဿပမြတ်စွာ လက်ထက်တော်အခါ၌ ဂေါပါလ (နွားသူဌေး) ၏သား ညီနောင်ဖြစ်ကြ၍ နှစ်ပေါင်းများစွာ ရဟန်းသံဃာကို နွားနို့ဆွမ်းဖြင့် လှူဒါန်းပြုစုလုပ်ကျွေးခဲ့ကြလေသည်။ (ဤစကားရပ်စုကား ထေရဂါထာအဋ္ဌကထာမှ ဖြစ်သည်။)

(ခ) နောက်ဆုံးဘဝ ဥပါသကာဖြစ်ကြခြင်း

ထိုသူနှစ်ယောက်လုံးပင် ကဿပမြတ်စွာဘုရားနှင့် အကျွန်ုပ်တို့၏ မြတ်စွာဘုရား = ဤနှစ်ဆူသောဘုရားရှင်တို့၏ အကြားကာလ ဗုဒ္ဓန္တရအသင်္ချေယျတကပ်ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ခဲ့ကြ၍ အကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော် သမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ ရှေးမဆွကပင် "အသိတဉ္ဇန" မြို့ (ထေရဂါထာအဋ္ဌကထာအလို ပေါက္ခရဝတီမြို့) ဝယ် လှည်းကုန်သည်သူကြွယ်၏ သားနှစ်ယောက်တို့ ဖြစ်လာ

WWW.DHAMMARANSI.COM



ကြ၍ နောင်တော်ကား တပုဿအမည်, ညီတော်ကား ဘလ္လိက အမည် အသီးအသီး ရှိကြလေသည်။

ထို တပုဿနှင့် ဘလ္လိက ညီနောင်ကုန်သည် နှစ်ဦးတို့သည် နောက်တချိန်၌ အိမ်ရာကိုစိုးအုပ် နေထိုင်ကြသည်ရှိသော် အခါမပြတ် လှည်းအစီးငါးရာတို့ဖြင့် ကုန်ရောင်းဝယ်မှု ပြုကြလျက် လှည့်လည် နေထိုင်ကြလေ၏။ ထိုအခါ အကျွန်ုပ်တို့၏ မြတ်စွာဘုရားအလောင်းတော်သည် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၍ သတ္တသတ္တာဟ (= ခုနစ်ရက် ခုနစ်လီ = ၄၉-ရက်) ပတ်လုံး မဟာဗောဓိမဏ္ဍိုင်၌ နေတော်မူပြီး၍ အဋ္ဌမသတ္တာဟအဝင်တွင် ရာဇာယတန=လင်းလွန်းပင်ရင်း၌ ထိုင်နေတော်မူဆဲဖြစ်၏။

ထိုအခါ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် လှည်းအစီးငါးရာတို့ဖြင့် ထိုအရပ်သို့ ရောက်လာကြကုန်၏။ ထို ကုန်သည်ညီနောင်တို့၏ အခြားမဲ့သောကိုယ်အဖြစ်က မွေးမိသခင် ကျေးဇူးရှင်သည် ထိုအရပ်၌ နတ်ဖြစ်၍ နေလေ၏၊ ထိုနတ်သည် "ယခုအခါ မြတ်စွာဘုရားတို့၏ အဖို့ရာ အစာအာဟာရကို ရမှ သင့်တော်မည်၊ မှန်၏—ဤအချိန်မှ နောက်၌ မြတ်စွာဘုရားတို့မှာ အစာအာဟာရမရှိကြပဲ မျှတခြင်းငါ မတတ်နိုင်ကုန် (=သုဇာတာ သူဌေးကတော်လှူကပ်သော ဃနာနို့ဆွမ်း ၄၉-လုပ်တို့ဖြင့် ၄၉-ရက်မျှတခဲ့ပြီ၊ ယနေ့ အစာအာဟာရကို မြတ်စွာဘုရားရှင် မရခဲ့လျှင် မျှတနိုင်မည်မဟုတ်-ဟု ဆိုလိုသည်)၊ ငါ၏ ဤသား နှစ်ယောက်တို့သည်လည်း ဤခရီးဖြင့် သွားနေကြဆဲဖြစ်သည်၊ ထို ငါ့သားနှစ်ယောက်တို့ကို ယနေ့ မြတ်စွာဘုရားရှင်တို့အား ဆွမ်းလှူကြစေမှ သင့်တော့မည်" ဟု ကြံစည် ဆင်ခြင်ကာ လှည်း အစီးငါးရာတို့၌ က-အပ်သော နွားတို့၏ အသွားပြတ်အောင်= အသွားရပ်အောင် နတ်တို့၏ တန်ခိုးဖြင့် ပြုလုပ်လေ၏။

ကုန်သည်ညီနောင်တို့သည် "ဤသို့ နွားများ အသွားရပ်ခြင်း သည် အဘယ့်ကြောင့် ဖြစ်သနည်း" ဟု အထူးထူး အပြားပြား သော အကြောင်းနိမိတ်များကို ကြည့်ရှုရှာဖွေ ဆင်ခြင်ကြလေ သည်။ ထိုအခါ မိခင်ဟောင်း ဘုမ္မစိုးနတ်သည် ကုန်သည်

WWW.DHAMMARANSI.COM



ညီနောင်တို့ ပင်ပန်းနွမ်းနယ်သောအဖြစ်ကို သိရှိ၍ ယောက်ျားတယောက်၏ ကိုယ်၌ ပူးဝင်ပြီးလျှင် "သားတို့...သင်တို့သည် အဘယ့်ကြောင့် ပင်ပန်းကြကုန်သနည်း၊ သင်တို့အဖို့ရာ ငါမှတပါး အခြားသော ဘီလူးပူးဝင်လှည့်ပတ်မှုသော်၎င်း, ဘုတ်ပြိတ္တာ ပူးဝင်လှည့်ပတ်မှုသော်၎င်း, နတ် နဂါး ပူးဝင်လှည့်ပတ်မှုသော်၎င်း မရှိချေ၊ စင်စစ်သော်ကား သင်တို့၏ လွန်ခဲ့သောဘဝက မိခင်ဖြစ်သော ငါသည် ယခုအခါ ဤအရပ်၌ ဘုမ္မဇိုဝ်းနတ်ဖြစ်၍ နေသည်၊ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေတိုင်တော်မူဆဲဖြစ်၏၊ ချစ်သားတို့...သင်တို့သည် ထိုမြတ်စွာဘုရားအား ဆွမ်းဦးကို လှူဒါန်းကြလော့"ဟု တိုက်တွန်းစကား ပြောကြားလေ၏။

ကုန်သည်ညီနောင်တို့သည် မိခင်ဟောင်း ဘုမ္မဇိုဝ်းနတ်၏ စကားကို ကြားသိကြရလျှင် အလွန်ဝမ်းမြောက်သော စိတ်နှလုံးရှိကြလျက် "ဆွမ်း" အာဟာရအသစ် စီမံနေလျှင် အချိန်ကြာမြင့်နေချေမည်" ဟု ကြံစည်အောက်မေ့ကြ၍ မုန့်ကြွက်ကျစ် (နှင့်) ပျားဆုပ်မုန့်တို့ကို ရွှေလင်ပန်း၌ ထည့်ယူခဲ့ကြ၍ မြတ်စွာဘုရားရှင့် အထံတော်သို့ သွားရောက်ကြပြီးလျှင် "မြတ်စွာဘုရား...... ဤဘောဇဉ်ကို ကရုဏာရှေးရှု အလှူခံတော်မူကြပါဘုရား ဟု လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည် ရှေးရှေးနောင်တော့် နောင်တော် မြတ်စွာဘုရားရှင်တို့၏ အလေ့အကျက်တော်ကို ကြည့်ရှု ဆင်ခြင်တော်မူလေ၏၊ ထိုအခါ မြတ်စွာဘုရားအား စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့သည် ပဲနောက်အဆင်းရှိသည့် (ပကတိ) ကျောက်သပိတ်လေးလုံးတို့ကို ဆက်ကပ်လှူဒါန်းလာကြကုန်၏၊ မြတ်စွာဘုရားသည် "ထိုနတ်မင်းကြီးလေးယောက်တို့၏ အဖို့ရာ အကျိုးကြီးမြတ်ပါစေ" ဟူသော ရည်ရွယ်ချက်ဖြင့် သပိတ်လေးလုံးတို့ကို "သပိတ်တလုံးတည်းသာ ဖြစ်ပါစေသတည်း"ဟု အဓိဋ္ဌာန်တော်မူလေ၏။ ထိုသို့ အဓိဋ္ဌာန်တော်မူချက်အရ ကျောက်သပိတ်လေးလုံးတို့သည် အနားရစ်လေးရစ်ရှိသည့် သပိတ်တလုံးတည်းသာ ဖြစ်လေကုန်၏။

WWW.DHAMMARANSI.COM



ထိုခဏ၌ ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရား၏ သပိတ်တော်၌ မုန့်ကြွက်ကျစ် (နှင့်) ပျားဆုပ်မုန့်တို့ကို လောင်းလှူကြ၍ မြတ်စွာဘုရားရှင်မုန့်ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ သောက်တော်ရေ, သုံးတော်ရေ ဆက်ကပ်ကြပြီးနောက် ဆွမ်းကိစ္စပြီးဆုံးသောအခါဝယ် မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးကြပြီးသော် အပြစ်လွတ်ရာအရပ်၌ ထိုင်နေကြကုန်၏။ ထိုအခါ ကုန်သည်ညီနောင်တို့အား မြတ်စွာဘုရားသည် တရားဟောတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးသောအခါ ကုန်သည်ညီနောင် နှစ်ဦးလုံးတို့သည်ပင် ဒွေဝါစိကသရဏဂုံ၌ တည်ကြလေသည်။ (ဤကုန်သည်ညီနောင်တို့ ဒွေဝါစိကသရဏဂုံတည်ကြောင်းကို အောက် မဟာဗုဒ္ဓဝင် ဒုတိယတွဲ၊ စာမျက်နှာ ၃၉၄-မှ စ၍ ပြန်လည်သုံးသပ်ဖတ်ရှုကုန်ရာ၏)။

ထိုကုန်သည်ညီနောင်တို့သည် ဒွေဝါစိကသရဏဂုံတည်ကြပြီးနောက် မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးကြ၍ မိမိတို့မြို့သို့ ပြန်လည်လိုကြကုန်သည်ရှိသော် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား····တပည့်တော်များအား နေ့စဉ်ပူဇော်ရန် ဝတ္ထုကို ကရုဏာ ရှေ့ထား ပေးသနားတော်မူကြပါဘုရား" ဟု လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားသည် လက်ျာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ကုန်သည်ညီနောင်တို့အား ဆံတော်ဓာတ် ရှစ်ဆူတို့ကို ပေးသနားတော် မူလိုက်လေ၏။ ကုန်သည်ညီနောင်တို့သည်လည်း ဆံတော်ဓာတ်တို့ကို ရွှေကြုတ်တို့၌ ထည့်သွင်းကြလျက် မိမိတို့မြို့သို့ ပင့်ဆောင်ခဲ့ကြပြီးလျှင် အသိတဥ္စနမြို့တံခါးဝ၌ သက်တော်ရှင် ဆံတော်ဓာတ်ရှစ်ဆူတို့ကို စေတီတော်ကြီး တည်ထားကိုးကွယ်ကြလေကုန်၏။ ထိုစေတီတော်ကြီးမှ ဥပုသ်နေ့များ၌ နီလရောင်ခြည်တော်တို့သည် ထွက်ကြကွန့်မြူးကုန်၏။

## (ဂ) တေဒဂ်ဘွဲ့ထူး ရရှိခြင်း

မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူ၍ ဥပါသကာတို့ကို အစဉ်အတိုင်း တေဒဂ်ရာထူး

WWW.DHAMMARANSI.COM



ဌာနန္တရတို့၌ ထားတော်မူသည်ရှိသော် ၍ တပုဿ ဘလ္လိက ကုန်သည်ညီနောင်တို့ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဌမံ သရဏံ ဂစ္ဆန္တာနံ ယဒိဒံ တပုဿဘလ္လိကာ ဝါဏိဇာ = ရဟန်းတို့...သူခပ်သိမ်းတို့အလျှင် ကိုးကွယ်ဆည်းကပ်ခြင်း = သရဏဂုံသို့ ရောက်ကြကုန်သော ငါဘုရား၏ တပည့် = သာဝက ဥပါသကာတို့တွင် တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် အသာဆုံး အမြတ်ဆုံး ဖြစ်ကုန်၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ပဌမံ သရဏဂမန = ရှေးဦးစွာ သရဏဂုံခံယူသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

## ညီနောင်တို့၏ မင်္ဂလာဏ်အလား

ထိုတပုဿ, ဘလ္လိက ကုန်သည်ညီနောင်တို့သည် လောကဝယ် အစဆုံး သရဏဂုံခံယူသူ ဥပါသကာတို့ ဖြစ်ကြလေသည်။ ထို့နောက် မြတ်စွာဘုရားရှင်သည် ဗာရာဏသီပြည်သို့ ကြွရောက်တော်မူကာ ဓမ္မစကြာတရားကို ဟောကြားတော်မူပြီးနောက် အစဉ်သဖြင့် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူစဉ် တပုဿ, ဘလ္လိက-ကုန်သည်ညီနောင်တို့သည် ရာဇဂြိုဟ်သို့ ကုန်ရောင်းရောက်ကြ၍ မြတ်စွာဘုရားရှင့် အထံတော်သို့ ဆည်းကပ်ရှိခိုးကြကာ အပြစ်လွတ်ရာအရပ်၌ ထိုင်နေကြလေကုန်၏။ ထိုကုန်သည်ညီနောင်တို့အား မြတ်စွာဘုရား တရားဟောကြားတော်မူလေလျှင် နောင်တော်ဖြစ်သော တပုဿကုန်သည်သည် သောတာပတ္တိဖိုလ်၌တည်၍ ဥပါသကာသာလျှင် ဖြစ်လေ၏။ ညီတော်ဘလ္လိကကုန်သည်သည်ကား သာသနာ့ဝန်ထမ်း ရဟန်းပြု၍ အဘိညာဏ်ခြောက်ပါးနှင့် ပြည့်စုံသော = ဆဠဘိည ရဟန္တာဖြစ်လေ၏။ (ထေရဂါထာ ဋ္ဌ ၁၊ မျက်နှာ ၆၀-မှ)။

ဤကား တပုဿ, ဘလ္လိက ညီနောင်အကြောင်းတည်း။

WWW.DHAMMARANSI.COM



## (၂) အနာထပိဏ်သူဌေးအကြောင်း

### (က) သူဌေး၏ ရှေးဆုတောင်း

ဤ အနာထပိဏ်သူဌေးအလောင်း သူတော်ကောင်းသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားဖြစ်လတ်၍ မြတ်စွာဘုရား၏ တရားစကားကို ကြားနာခဥ် မြတ်စွာဘုရားရှင်က ဥပါသကာ တယောက်ကို "ဒါယကာ = အလှူအတန်း၌ မွေ့လျော်ကြသူ ဥပါသကာတို့တွင်" အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျနှစ်သက်ကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုဧတဒဂ်ရာထူး ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ သူဌေးဖြစ်ခြင်း

ထိုအမျိုးကောင်းသားသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤအကျွန်ုပ်တို့၏ မြတ်စွာဘုရားသာသနာ ခေတ်အခါဝယ် သာဝတ္ထိပြည် သုမနသူဌေးကြီး၏သားဖြစ်လာလေသည်၊ သူ၏အမည်ကို မိဘတို့က သုဒတ္တ-ဟူ၍ မှည့်ခေါ်ကြသည်။

### အနာထပိဏ် အမည်တွင်ခြင်း

သုဒတ္တသူဌေးသားသည် နောက်အဖို့ဝယ် အိမ်ရာကိုစိုးအုပ်ဦးစီးပြုလုပ် **တည်နေလတ်**သော် ကိုးကွယ်ရာမဲ့သူတို့အား အစာထမင်းပေးကမ်းစွန့်ကြဲခြင်း၌ မွေ့လျော်သူဖြစ်ကာ ထိုဂုဏ်ကျေးဇူးကြောင့်ပင်လျှင်"အနာထပိဏ္ဍိက = အနာထ = ကိုးကွယ်ရာမဲ့သူတို့အား+ပိဏ္ဍိက = အစာထမင်းပေးကမ်းသော သူဌေး=အနာထပိဏ်သူဌေး"ဟူ၍ ထင်ရှားလေတော့၏။ ။(ဤအနာထပိဏ်သူဌေးကြီးအကြောင်း အကျယ်ကို အောက်မဟာဗုဒ္ဓဝင် တတိယတွဲ အခန်း ၂၀၊ စာမျက်နှာ ၁၀၀-မှစ၍ ပြန်လည်သုံးသပ်ကြည့်ရှုကုန်ရာ၏။ ဤ၌ကား အင်္ဂုတ္တရအဋ္ဌကထာ လာသည့်အတိုင်း အကျဉ်းမျှ ပြဆိုပေအံ့)----

WWW.DHAMMARANSI.COM



အနာထပိဏ်သူဌေးသည် တနေ့သောအခါ လှည်းအစီး ငါးရာတို့ဖြင့် ရောင်းချရန် ကုန်ဘဏ္ဍာတို့ကို တင်ဆောင်၍ မိမိ၏သူငယ်ချင်း ရာဇဂြိုဟ်ပြည်သူဌေးအိမ်သို့ ရောက်လတ်သော် ထိုရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူနေကြောင်း သတင်းကောင်းကြားသိရကာ မိုးသောက်အားကြီး လင်းခါနီး၌ နတ်တို့အာနုဘော်ဖြင့် ဟင်းလင်းပွင့်သော မြို့တံခါးမှ ထွက်၍ မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ် တရားနာလတ်သော် သောတာပတ္တိဖိုလ်၌တည်၍ နောက်တနေ့ဝယ် ဘုရားအမှူးရှိသော သံဃာအား မဟာဒါနကြီး ပေးလှူပြီးလျှင် သာဝတ္ထိပြည်သို့ ကြွရောက်တော်မူရန် မြတ်စွာဘုရားရှင်၏ ဝန်ခံချက်ကို ရယူပြီးနောက် ပြန်ခဲ့၍ လမ်းခရီးအကြား ၄၅-ယူဇနာခရီးဝယ် တယူဇနာ တယူဇနာလျှင် အသပြာတသိန်းတသိန်း အဖိုးတန်သည့် စံကျောင်းတော် တဆောင်တဆောင် ဆောက်လုပ်ရန် မိမိ၏ မိတ်ဆွေများအား အပ်နှံခဲ့၍ သာဝတ္ထိပြည်သို့ ရောက်သောအခါ ဇေတမင်းသား၏ ဥယျာဉ်မြေကို „ရွှေဒင်္ဂါးဒေါ်လာ အသပြာချင်း အစွန်းချင်း ထိအောင်ခင်း၍ တဆယ့်ရှစ်ကုဋေဖြင့် ဝယ်ယူ, တဆယ့်ရှစ်ကုဋေတို့ဖြင့်ပင် ကျောင်းတိုက်ကြီးတည်ဆောက် ပြီးမြောက်သောအခါ နံနက်ရော ညနေပါ အလိုရှိအပ်ရာ အလှူဒါနကို ပေးလှူလျက် တဆယ့်ရှစ်ကုဋေ အကုန်အကျခံကာ ကျောင်းလွှတ်ပူဇော်ပွဲ = ကျောင်းရေစက်ချ အလှူပွဲကြီး ကျင်းပ ဆင်ယင်လေသည်။ ကျောင်းလွှတ်ပူဇော်ပွဲ = ကျောင်းရေစက်ချပွဲ ကျင်းပဆင်ယင်သော ကာလအပိုင်းအခြားနှင့်စပ်၍ ကိုးလ, ငါးလ, သုံးလဟု အသီးအသီး ဆရာတို့ ပြောဆိုကြရာဝယ် သုံးလဟူသော ကာလအပိုင်းအခြား၌ ဆရာအားလုံး ငြင်းခုံမှုမရှိ = သဘောတူ လက်ခံတော်မူကြ၏။

## (ဂ) တောဒဂ်ဘွဲ့ထူး ရရှိခြင်း

ဤသို့လျှင် အနာထပိဏ်သူဌေးကြီးသည် ငါးဆယ့်လေးကုဋေသော ဥစ္စာကို ဤသာသနာ၌ စွန့်လှူပြီးနောက် နေ့စဉ်အမြဲ မိမိအိမ်၌ ဤဆိုလတ္တံ့သော အလှူဒါနကို ဖြစ်စေလေသည်—

WWW.DHAMMARANSI.COM



နေ့တိုင်း စာရေးတံဆွမ်းငါးရာ (=စာရေးတံမဲကျသော ရဟန်းငါးရာတို့အား လှူအပ်သောဆွမ်း)ကို လှူဒါန်း၏။

ပက္ခိက ဆွမ်းငါးရာတို့ကို လှူဒါန်း၏ = လဆန်းပက္ခ တကြိမ်,လဆုတ်ပက္ခတကြိမ် အထူး ဝတ်ထား၍ သံဃာငါးရာအား ဆွမ်းလှူ၏။

နေ့တိုင်း စာရေးတံယာဂုဆွမ်း ငါးရာတို့ကို လှူဒါန်း၏ = စာရေးတံမဲကျသော ရဟန်းငါးရာတို့အား နေ့စဉ် ယာဂုဆက်ကပ်သည်ဟု ဆိုလို၏။

ပက္ခိကယာဂုဆွမ်းငါးရာတို့ကို လှူဒါန်း၏ = လဆန်း ပက္ခတကြိမ်, လဆုတ်ပက္ခတကြိမ် အထူးဝတ်ထား၍ သံဃာငါးရာအား ယာဂုဆက်ကပ်သည်ဟု ဆိုလို၏။

ခုရဘတ် = နိစ္စဘတ် ဆွမ်းငါးရာတို့ကို လှူဒါန်း၏။ (စာရေးတံဆွမ်းငါးရာဖြင့် သံဃိကနိစ္စဘတ်ဆွမ်းကိုဆိုပြီး ရကား ဤ၌ ပုဂ္ဂလိကနိစ္စဘတ်ဆွမ်းငါးရာတို့ကို လှူဒါန်း၏ဟု ဆိုလိုသည်)။

အာဂန္တုကဆွမ်း ငါးရာတို့ကိုလည်း, ဂမိကဆွမ်းငါးရာတို့ကိုလည်း, ဂိလာနဆွမ်းငါးရာတို့ကိုလည်း, ဂိလာနုပဋ္ဌာက ဆွမ်းငါးရာတို့ကိုလည်း နေ့စဉ် လှူဒါန်း၏ = ရောက်သစ်စလမ်းပန်း မကျွမ်းကျင်ကြသေးသည့် အာဂန္တုက ရဟန်းငါးရာတို့အားလည်း, ခရီးသွားမည့် ရဟန်း ငါးရာတို့အားလည်း, မမာမကျန်းသော ရဟန်းငါးရာတို့အားလည်း, သူနာပြုရဟန်းငါးရာတို့အားလည်း နေ့စဉ်ဆွမ်းလှူဒါန်း၏ဟုဆိုလိုသည်။

အနာထပိဏ်သူဌေး၏အိမ်၌ အမြဲပင် ရဟန်းသံဃာ ထိုင်နေရန်အတွက် နေရာငါးရာတို့ကို အမြဲတမ်း ခင်း၍ ထားအပ်ကုန်လေသည်—

WWW.DHAMMARANSI.COM



သို့ရကား မြတ်စွာဘုရားရှင်သည် နောက်တချိန်ဝယ် ဇေတဝန်ကျောင်းတိုက်တော်၌ နေထိုင်တော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် ဤအနာထပိဏ်သူဌေး (ငယ်မည် သုဒတ္တ)ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဒါယကာနံ ယဒိဒံ သုဒတ္တော ဂဟပတိ အနာထပိဏ္ဍိကော = ရဟန်းတို့...လှူဒါန်းပေးကမ်း စွန့်ကြဲခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်=သာဝက ဥပါသကာတို့တွင် အနာထပိဏ္ဍိက အမည်ရသော သုဒတ္တသူကြွယ်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူး မိန့်မြွက်တော်မူကာ ဒါယကာအရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

### အနာထပိဏ်သူဌေး အလှူနှစ်သက်သည့် အနာထပိဏ္ဍိကောဝါဒသုတ္တန်

(ဤအရာ၌ ဗုဒ္ဓဝင်စာဖတ် သူတော်စင်ပရိသတ်တို့ အထူးမှတ်ယူရန် အနာထပိဏ်သူဌေးကြီး အလှူနှစ်သက်မြတ်နိုးအပ်သည့် အနာထပိဏ္ဍိကောဝါဒသုတ္တန်ကို အတတ်နိုင်ဆုံး အကျဉ်းချုံး၍ ဖော်ပြပေအံ့။ အကျယ်ကိုအလိုရှိမူ ပိဋကတ်တော်မြန်မာပြန် ဥပရိပဏ္ဏာသ စာမျက်နှာ ၃၀၆-မှစ၍ ကြည့်ရှု မှတ်ယူကုန်ရာ၏။)

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် ဖျားနာနေ, ဒုက္ခရောက်နေ, အသည်းအသန် မမာနေဆဲဖြစ်၏၊ သေရာညောင်စောင်း လျောင်းနေဆဲဖြစ်၏။ ထိုအခါ အနာထပိဏ်သူဌေးသည် အခစားပါး ယောကျ်ားတယောက်ကို ခေါ်၍ "အဖော်ယောကျ်ား...သွားပါလေ၊ သင်သည် မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ပြီးလျှင် ငါ၏စကားဖြင့် 'မြတ်စွာဘုရား......အနာထပိဏ်သူဌေးသည် ဖျားနာနေ, ဆင်းရဲနေ, အသည်းအသန် မမာနေပါသည်၊ ထိုအနာထပိဏ်သူဌေးသည်

WWW.DHAMMARANSI.COM



မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါ၏’ ဟု လျှောက်ထားကာ (ငါ့ကိုယ်စား)မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးတိုက်ပါလော့။ (ထို့ပြင်လည်း) အရှင်သာရိပုတ္တရာအထံသို့ ဆည်းကပ်ပြီးလျှင် ငါ၏စကားဖြင့် ‘အရှင်ဘုရား…အနာထပိဏ်သူဌေးသည် ဖျားနာခနေ့, ဆင်းရဲနေ, အသည်းအသန် မမာနေပါသည်၊ ထိုအနာထပိဏ်သူဌေးသည် အရှင်သာရိပုတ္တရာ၏ ခြေတော်တို့ကို ဦးတိုက်ပါ၏’ဟု လျှောက်ထားကာ (ငါ့ကိုယ်စား) အရှင်သာရိပုတ္တရာ၏ ခြေတော်တို့ကို ဦးတိုက်ပါလော့။ ဆက်၍လည်း ‘အရှင်ဘုရား…မေတ္တာ(?)တောင်းပန်စကား လျှောက်ထားလိုပါသည်မှာ– အရှင်သာရိပုတ္တရာသည် အနာထပိဏ်သူဌေး၏အိမ်သို့ အမှတ္တာ(?)ရွေ့ထား သနားသမှု အကြောင်းပြု၍ ကြွတော်မူစေချင်ပါသတဲ့ဘုရား’ဟူ၍လည်း လျှောက်ထားလေလော့”ဟု ပြောဆိုမှာကြား၍ လွှတ်လိုက်လေ၏။

( အနာထပိဏ်သူဌေးကား ပကတိကျန်းမာနေစဉ် တနေ့လျှင် အနည်းဆုံး တကြိမ်၊ သို့မဟုတ် အကြောင်းညီညွတ်လျှင် ညီညွတ်သလို နှစ်ကြိမ်, သုံးကြိမ် ဇေတဝန်ကျောင်းသို့ သွားရောက်၍ မြတ်စွာဘုရားရှင်နှင့် မထေရ်ကြီးတို့ထံ ဆည်းကပ်မှုကို မကျိုးမပြတ် ပြုခဲ့လေသည်၊ သူသည် ယခုအခါ သေရာညောင်စောင်း လျောင်းနေသဲ ဖြစ်ရကား ခြေဖြင့် မသွားနိုင်တော့သဖြင့် အစေအပါး ယောကျ်ားတယောက်ကို လွှတ်ကာ ဤသို့လျှောက်ထားစေခြင်း ဖြစ်သည်)။

ထို အစေအပါး ယောကျ်ားသည် “ကောင်းပါပြီ အရှင်သူဌေး……”ဟု အနာထပိဏ်သူဌေး၏ စကားကို ဝန်ခံပြီးလျှင် သူဌေးမှာလိုက်သည့်အတိုင်း မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်, လျှောက်ထား, ဦးတိုက်ပြီးလျှင် (မြတ်စွာဘုရားရှင်ကို ပန်ကြား လျှောက်ထားပြီးမှ နေဝင်လုလုအချိန်၌) အရှင်သာရိပုတ္တရာထံသို့ ဆည်းကပ်, လျှောက်ထား, ဦးတိုက်ပြီးနောက် သူဌေးမှာလိုက်သည့်အတိုင်း ပင့်လျှောက်လေ၏။ အရှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေသဖြင့် ဝိုပင့်လျှောက်ချက်ကို လက်ခံတော်မူ၏။

WWW.DHAMMARANSI.COM



ထို့နောက် အရှင်သာရိပုတ္တရာသည် သင်္ကန်းကို ပြင်ဝတ်၍ သပိတ်, သင်္ကန်းကို ယူဆောင်ကာ အရှင်အာနန္ဒာကို အဖော် နောက်လိုက် ရဟန်းပြု၍ အနာထပိဏ်သူဌေးအိမ်သို့ ကြွရောက် လျက် အသင့်ခင်းထားအပ်သောနေရာ၌ ထိုင်နေပြီးသော် အနာ ထပိဏ်သူဌေးကို "သူဌေး .... အသို့နည်း = ဘယ့်နှယ်လဲ၊ သင့် အဖို့ရာ (ဒုက္ခဝေဒနာကို) ခံနိုင်စွမ်းရှိ၏လော = ခံ့ကျန်း၏လော၊ (ဇရိယာပထ) မျှတ၏လော၊ ဒုက္ခဝေဒနာတို့သည် ဆုတ်ယုတ် ကုန်၏လော၊ မတိုးတက်ပဲ ရှိကုန်၏လော၊ ထိုဒုက္ခဝေဒနာတို့၏ တိုးတက်မည့်အရိပ်မထင်ပဲ ဆုတ်ယုတ်မည့်အရိပ်ထင်၏လော" ဟု မေးမြန်းတော်မူလေ၏။

ထိုအခါ အနာထပိဏ်သူဌေးသည် အရှင်သာရိပုတ္တရာကို မိမိ အဖို့ရာ ဒုက္ခဝေဒနာကို ခံနိုင်စွမ်းမရှိကြောင်း=မခံ့ကျန်းကြောင်း, ဇရိယာပထ မမျှတကြောင်း, ဒုက္ခဝေဒနာတို့ မဆုတ်ယုတ်ပဲ တိုးတက်၍သာ နေကြောင်း, ဆုတ်ယုတ်မည့် အရိပ်မထင်ပဲ တိုးတက်မည့်အရိပ်သာ ထင်နေကြောင်းကို ဥပမာလေးချက် တို့ဖြင့် အကျယ်ပြန့်ကြား လျှောက်ထားလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာသည် "သူဌေးကြီး၏ ဤ ယခု ရောဂါဝေဒနာကား သေမှု အဆုံးသတ်ရပ်မည့် = မရဏန္တိက ရောဂါဝေဒနာ ဖြစ်သည်၊ တားမြစ်ခြင်းငှါ မတတ်နိုင်ချေ၊ ဤ အနေမျိုးတွင် အခြားစကားများသည် အကျိုးမရှိ၊ ထို သူဌေး ကြီးအား တရားစကားကိုသာ ငါဟောကြားတော့မည်" ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် ဤ ဆိုလတ္တံ့သော တရားစကား အကျယ်ကို ဟောကြားတော်မူလေ၏—

သူဌေး....(ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ဝိညာဏ် ၆-ပါး, ဖဿ ၆-ပါး, ဝေဒနာ ၆-ပါး အစရှိသော တရားတို့၌ တဏှာစွဲ, မာန စွဲ, ဒိဋ္ဌိစွဲတို့ဖြင့် ငါ၏ဥစ္စာ, ငါ, ငါ၏အတ္တဟု စွဲယူနေသောသူသည် မိမိသန္တာန်ဝယ် ဖြစ်ပေါ်လာသည့် သေမှုအဆုံးသတ်ရပ်မည့် = မရဏန္တိက ရောဂါဝေဒနာကို တားမြစ်ခြင်းငှါ စွမ်းနိုင်သော မည်သည် မရှိချေ)၊ ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည်

WWW.DHAMMARANSI.COM



"ငါသည် စက္ခုပသာဒ=မျက်စိသမုတ် အကြည်ရုပ်ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏စိတ်သည်လည်း မျက်စိသမုတ် အကြည်ရုပ်၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင်"ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည်။ (ဒွါရ ၆-ပါး အခက်း မဆုံးသေးပါ)။

(ဤ၌။ ။"စက္ခုပသာဒ=မျက်စိသမုတ် အကြည်ရုပ်ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင် ကျင့်ရမည်"ဟူသော စကားရပ်ဖြင့် စက္ခုပသာဒ=မျက်စိအကြည်ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ ရှုရမည်ဟူသော အနက်အဓိပ္ပါယ်ကို ပြ၏။ မှန်၏-စက္ခုပသာဒ=မျက်စိအကြည်ရုပ်ကို အနိစ္စဟု ရှုလျှင် ငါ-ဟူသော မာနစွဲသည် ထောက်တည်ရာမရနိုင် (=ငါ-ဟူ၍ မာနစွဲဖြင့် မစွဲတော့ချေ)၊ ထိုစက္ခုပသာဒ=မျက်စိအကြည်ရုပ်ကို ဒုက္ခဟု ရှုလျှင် ငါ့ဥစ္စာ-ဟူသော တဏှာစွဲသည် ထောက်တည်ရာမရနိုင် (=ငါ့ဥစ္စာ-ဟူ၍ တဏှာစွဲဖြင့် မစွဲတော့ချေ)။ ထိုစက္ခုပသာဒ=မျက်စိအကြည်ရုပ်ကို အနတ္တ-ဟု ရှုလျှင် ငါ့လိပ်ပြာ ဟူသော ဒိဋ္ဌိစွဲသည် ထောက်တည်ရာမရနိုင် (=ငါ့လိပ်ပြာ-ဟူ၍ ဒိဋ္ဌိစွဲဖြင့် မစွဲတော့ချေ)။ သို့ရကား ထိုပဌမစကားရပ်ဖြင့် စက္ခုပသာဒ=မျက်စိအကြည်ရုပ်၌ ငါ့ဥစ္စာ-ဟူသော တဏှာစွဲ, ငါ-ဟူသော မာနစွဲ, ငါ့လိပ်ပြာ-ဟူသော ဒိဋ္ဌိစွဲ=ဤအစွဲသုံးပါးတို့ ကင်းပြတ်အောင် ထိုစက္ခုပသာဒ=မျက်စိအကြည်ရုပ်ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု အဖန်ဖန် ရှုဆင်ခြင်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

ထို တဏှာဂါဟ=တဏှာစွဲ, မာနဂ္ဂါဟ=မာနစွဲ, ဒိဋ္ဌိဂ္ဂါဟ=ဒိဋ္ဌိစွဲ ဤ အစွဲသုံးမျိုးကား ရုန့်ရင်းကြမ်းတမ်းသောတရားများ ဖြစ်လေသည်၊ ထိုအစွဲ=ဂါဟတရား ကင်းသော်လည်း စက္ခုပသာဒ=မျက်စိအကြည်ရုပ်၌ နှစ်သက်သည့် နိကန္တိခေါ်သော သိမ်မွေ့သောတဏှာလောဘ တရားကား တည်ရှိနေသေးရာ၏၊ ထို့ကြောင့် ထိုနိကန္တိတဏှာကိုပါ ပယ်ရှင်းတော်မူစေလိုသဖြင့် အရှင်သာရိပုတ္တရာမထေရ်မြတ်သည် တဖန် ဆက်၍ "ငါ၏စိတ်သည်လည်း မျက်စိသမုတ် အကြည်ရုပ်၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်)မှီတွယ်သည်မဖြစ်အောင် ကျင့်ရမည်"ဟူသော တရားစကားကို ထပ်၍ မိန့်ကြား ဟောတော်မူလေသည်။ နောက်နောက်တရားတို့၌လည်း ဤနည်းအတူ မှတ်ယူရာ၏)။

WWW.DHAMMARANSI.COM



အရှင်သာရိပုတ္တရာသည် အနာထပိဏ်သူဌေးအား စက္ခု-ပသာဒ=မျက်စိအကြည်ရုပ်၌ အစွဲကြီးသုံးပါးနှင့်ဟူသော နိကန္တိတဏှာကို ပယ်ဖွင့်ရန် ဟောတော်မူပြီးနောက် ကျန်သောတရားတို့အတွက်လည်း ဤဆိုလတ္တံ့သောနည်းအတိုင်း ဆက်၍ ဟောတော်မူလေသည်—

သူဌေး…ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် “ငါသည် နားဟုသမုတ် အကြည်ရုပ်ကို (ပ)၊ နှာခေါင်းသမုတ် အကြည်ရုပ်ကို (ပ)၊ လျှာဟုသမုတ် အကြည်ရုပ်ကို (ပ)၊ ကိုယ်ဟုသမုတ် အကြည်ရုပ်ကို (ပ)၊ မနောတွင်မည် စိတ်အကြည်ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏စိတ်သည်လည်း မနောတွင်မည် စိတ်အကြည်၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင်”ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြီးကုတ် အားထုတ်ရမည်။ (၁)

သူဌေး…ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် “ငါသည် အဆင်းမျိုးစုံ ရူပါရုံကို (ပ)၊ အသံမျိုးစုံ သဒ္ဒါရုံကို (ပ)၊ အနံ့မျိုးစုံ ဂန္ဓာရုံကို (ပ)၊ ရသာမျိုးစုံ ရသာရုံကို (ပ)၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို (ပ)၊ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏စိတ်သည်လည်း ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင်”ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြီးကုတ် အားထုတ်ရမည်။ (၂)

သူဌေး…ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် “ငါသည် မြင်မှု=စက္ခုဝိညာဏ်ကို (ပ)၊ ကြားမှု=သောတဝိညာဏ်ကို(ပ)၊ နံမှု = ဃာနဝိညာဏ်ကို (ပ)၊ လျက်မှု = ဇိဝှါဝိညာဏ်ကို (ပ)၊ ထိမှု = ကာယဝိညာဏ်ကို(ပ)၊ သိမှု = မနောဝိညာဏ်ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏ စိတ်သည်လည်း သိမှု = မနောဝိညာဏ်၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင်”ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့်

WWW.DHAMMARANSI.COM



သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည် (၃)။

သူဌေး....ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ငါသည် မျက်စိအတွေ့ = စက္ခုသမ္ဖဿကို(ပ)၊ နားအတွေ့ = သောတသမ္ဖဿကို(ပ)၊ နှာခေါင်းအတွေ့ = ဃာနသမ္ဖဿကို (ပ)၊ လျှာအတွေ့ = ဇိဝှါသမ္ဖဿကို (ပ)၊ ကိုယ်အတွေ့ = ကာယသမ္ဖဿကို (ပ)၊ စိတ်အတွေ့ = မနောသမ္ဖဿကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏ စိတ်သည်လည်း စိတ်အတွေ့ = မနောသမ္ဖဿ၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင်"ဟု ဤကဲ့သို့ မှန်မြတ်သောရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည်(၄)။

သူဌေး....ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ငါသည် မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု = ဝေဒနာကို (ပ)၊ နားအတွေ့ကြောင့်ဖြစ်သော ခံစားမှု = ဝေဒနာကို(ပ)၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်သော ခံစားမှု = ဝေဒနာကို (ပ)၊ လျှာအတွေ့ကြောင့်ဖြစ်သော ခံစားမှု = ဝေဒနာကို (ပ)၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု = ဝေဒနာကို(ပ)၊ စိတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု = ဝေဒနာကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင် ငါ၏စိတ်သည်လည်း စိတ်အတွေ့ကြောင့်ဖြစ်သော ခံစားမှု=ဝေဒနာ၌(သိမ်မွေ့သောနိကန္တိတဏှာဖြင့်)မှီတွယ်သည် မဖြစ်အောင်"ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည် (၅)။

သူဌေး....ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ငါသည် ပထဝီဓာတ်ကို (ပ)၊ အာပေါဓာတ်ကို (ပ)၊ တေဇောဓာတ်ကို (ပ)၊ ဝါယောဓာတ်ကို (ပ)၊ အာကာသဓာတ်ကို (ပ)၊ ဝိညာဏဓာတ်ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏ စိတ်သည်လည်း ဝိညာဏဓာတ်၌(သိမ်မွေ့သော နိကန္တိတဏှာဖြင့်)မှီတွယ်သည် မဖြစ်အောင်"ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့်

WWW.DHAMMARANSI.COM



သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည် (၆)။

သူ့ရှေ့း ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ငါသည် ရုပ်ကို (ပ)၊ ဝေဒနာကို (ပ)၊ သညာကို (ပ)၊ သင်္ခါရတို့ကို (ပ)၊ ဝိညာဏ်ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏ စိတ်သည်လည်း ဝိညာဏ်၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင်"ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည် (၇)။

သူ့ရှေ့း .. ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ငါသည် အာကာသာနဉ္စာယတနဈာန်ကို (ပ)၊ ဝိညာဏဉ္စာယတနဈာန်ကို(ပ)၊ အာကိဉ္စညာယတနဈာန်ကို(ပ)၊ နေဝသညာနာသညာ-ယတနဈာန်ကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏စိတ်သည်လည်း နေဝသညာနာသညာယတနဈာန်၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်)မှီတွယ်သည် မဖြစ်အောင်"ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည် (၈)။

သူ့ရှေ့း....ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ငါသည် ဤမျက်မှောက်လောကကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏ စိတ်သည်လည်း ဤမျက်မှောက်လောက၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင်"ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည်။ သူ့ရှေ့း....ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ငါသည် တမလွန်လောကကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏ စိတ်သည်လည်း တမလွန်လောက၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ်သည် မဖြစ်အောင် = မမှီတွယ်အောင်"ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည်။

(ဤ၌။ ။ပဌမဝါရ, ဒုတိယဝါရ-စသော ရှေးဝါရတို့ဖြင့် သတ္တ-လောကကို ဟောအပ်ပြီးဖြစ်သောကြောင့် မျက်မှောက်လောကဆိုရ

WWW.DHAMMARANSI.COM



ယာဉ်ဘဏ ရရှိနေသည့် နေအိမ်, အဝတ်, အစား အသုံးအဆောင်-စသော သခင်ရလောကကို ဆိုလိုရင်း ဟောလိုရင်း ဖြစ်၏။ ။လူ့ပြည်လောကမှ ကျန်သမျှကို တမလွန်လောကအရ ကောက်ယူရာ၏၊ ထို တမလွန် လောကဝါရကို "ငါသည် ဤမည်သော နတ်ပြည်၌ ဖြစ်၍ ဤမည်သော ဌာန်၌ ဖြစ်ရပါစေ၊ ဤမည်သော ခဲဘွယ်ကို ဘောဇဉ်ကို အဝတ်ကို ခဲရပါစေ, စားရပါစေ, ဝတ်ရပါစေ (ဝါ) ဝတ်ရပါလို၏" ဟု ဤကဲ့သို့ တောင့်တမှုတဏှာတရား သူဌေးကြီးသန္တာန်၌ မဖြစ်ပွါးစေရန် ပယ်ရှား စေရန် မထေရ်မြတ်သည် ဟောကြားတော်မူအပ်၏။)

သူဌေး...ထို့ကြောင့် သင်သည် ဤသို့ ကျင့်ရမည် "ငါသည် မြင်ရ, ကြားရ, တွေ့ရ, သိရ, ရောက်ရ, ရှာမှီးရ, အဖန်ဖန်ရှာမှီးရ, စိတ်ဖြင့် လေ့လာရသော အာရုံ အလုံးစုံကို အစွဲသုံးပါးတို့ဖြင့် မစွဲယူမိအောင်, ငါ၏ စိတ်သည်လည်း ထိုမြင်ရ, ကြားရ, တွေ့ရ, သိရ, ရောက်ရ, ရှာမှီးရ, အဖန်ဖန်ရှာမှီးရ, စိတ်ဖြင့် လေ့လာရ သောအာရုံ အလုံးစုံ၌ (သိမ်မွေ့သော နိကန္တိတဏှာဖြင့်) မှီတွယ် သည် မဖြစ်အောင် = မမှီတွယ်အောင်" ဟု ဤကဲ့သို့ မှန်မြတ်သော ရည်ရွယ်ချက်ဖြင့် သိက္ခာသုံးပါး ကျင့်တရားကို ပွါးများကြိုးကုတ် အားထုတ်ရမည် (၉)—

ဟု အရှင်သာရိပုတ္တရာသည် အနာထပိဏ်သူဌေးကြီးအား ဝါရ ပေါင်း (၉) ကိုးဝါရတို့ဖြင့် တန်ဆာဆင်လျက် အကျယ်တဝင့် တရားဟောတော်မူလေ၏။ (ဤ၌—အရဟတ္တဖိုလ်သို့ ရောက်လျင် အစွဲသုံးပါး အမြစ်ပြတ်ပြုတ်လေတော့၏၊ ဝိဋ္ဋိစွဲမှာ သောတာပတ္တိ မဂ် ခဏကပင် ပြုတ်လေတော့သည်။ ထို့ကြောင့် "အစွဲသုံးပါးဖြင့် မစွဲယူမိအောင် ကျင့်ရမည်" ဟု ဟောတော်မူသဖြင့် အရဟတ္တ ဖိုလ်ပေါက် ကျင့်ရမည်ဟု ဟောဆိုခြင်းကိစ္စ ပြီးလေရကား အရှင် သာရိပုတ္တရာမထေရ်သည် အနာထပိဏ်သူဌေးကြီးအား ဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ, ဓာတ်, ခန္ဓာ, အရူပဈာန်, သမ္ဘဓမ္မတည်းဟူသော (၉) ကိုးဝါရတို့ဖြင့် အရဟတ္တဖိုလ် အထွတ် တပ်ကာ သုညတသဘောကို အကျယ်ဟောတော်မူလေသည်။)

ဤသို့ အရှင်သာရိပုတ္တရာမထေရ်မြတ် တရားဟောအပ်ပြီး သည်ရှိသော် အနာထပိဏ်သူဌေးကြီးသည် သည်းစွာ ငိုကြွေး

WWW.DHAMMARANSI.COM



လေ၏။ ထိုအခါ အရှင်အာနန္ဒာနှင့် အနာထပိဏ်သူဌေးကြီးတို့ အတုံ့အလှယ် ပြောဆိုကြသည်မှာ =

(အရှင်အာနန္ဒာ) သူဌေး··· သင်သည် စည်းစိမ်တို့၌ ငြိကပ်သလော၊ သူဌေး···သင်သည် ကုသိုလ်တို့၌ ဆုတ်နစ်သလော။

(အနာထပိဏ်သူဌေး) အရှင်ဘုရား အာနန္ဒာ····တပည့်တော်သည် စည်းစိမ်တို့၌ မငြိကပ်ပါ၊ ကုသိုလ်တို့၌လည်း မဆုတ်နစ်ပါ။ စင်စစ်သော်ကား တပည့်တော်သည် ကာလရှည်မြင့်စွာ မြတ်စွာဘုရားကိုလည်း ဆည်းကပ်ခဲ့ပါ၏၊ စိတ်နှလုံးကို ပွါးတိုး = စိုပြေစေတတ်သည့် = မနောဘာဝနီယ ရဟန်းတို့ကိုလည်း ဆည်းကပ်ခဲ့ပါ၏၊ သို့သော်လည်း တပည့်တော်သည် ဤသို့သဘောရှိသော တရားစကားကို မကြားနာရဘူးပါ။

(အရှင်အာနန္ဒာ) သူဌေး...အဝတ်ဖြူဝတ်သူ လူတို့ အဖို့ရာ ဤသို့သဘောရှိသော တရားစကားသည် မထင်နိုင် (= သူဌေး··· လူတို့အဖို့ရာ လယ်မြေ, ယာမြေ, ငွေ, ရွှေ, ကျွန်မိန်းမ, ကျွန်ယောက်ျား, သား, မယား-စသည်တို့၌ တွယ်တာမှု တပ်နှစ်သက်မှုကား ပြင်းထန်လှဘိ၏၊ ထိုလူတို့အဖို့ရာ "ဤလယ်မြေ, ယာမြေ-စသည်တို့၌ တွယ်တာမှုကို မပြုသင့်၊ တပ်မက်မှုကို မပြုသင့်" ဤသို့စသော တရားစကားသည် မထင်နိုင်=ဤတရားစကားမျိုးကို မနှစ်သက်နိုင်-ဟု ဆိုလိုသည်)၊ သူဌေး....ရဟန်းတို့အဖို့ရာသာလျှင် ဤသို့ ယဘောရှိသော တရားစကားသည် ထင်နိုင်၏ = ဤသို့သဘောရှိသော တရားစကားကို နှစ်သက်နိုင်၏။

(အနာထပိဏ်သူဌေး) အရှင်ဘုရား သာရိပုတ္တရာ···· တပည့်တော် တောင်းပန် တိုက်တွန်းပါရစေ၊ အဝတ်ဖြူဝတ်သူ လူတို့အဖို့ရာလည်း ဤသို့ သဘောရှိသော တရားစကားကို ထင်ပါစေ (= ဤသို့သော တရားမျိုးကို လူတို့

WWW.DHAMMARANSI.COM



အားလည်း ဟောကြားတော်မူပါ-ဟု ဆိုလိုသည်)၊ အရှင်ဘုရား...ဉာဏ်ပညာမျက်စိ၌ ကိလေသာမြူမှုန် နည်းပါးသော သဘောရှိကုန်သော အမျိုးကောင်းသားတို့သည် များစွာရှိကြပါကုန်သည်၊ ထိုသူတို့အဖို့ရာ တရားမနာရခြင်းကြောင့် လောကုတ္တရာတရားမှ ဆုံးရှုံးနစ်နာကြရပါကုန်၏။ အရှင်ဘုရားတို့ဟောကြားလျှင် တရားတော်ကို အရဟတ္တဖိုလ်ရောက် အသိဉာဏ်ပေါက်ကြမည့် သူများလည်း ထင်ရှားဖြစ်ပေါ်လာကြပါလိမ့်မည်။ ။ဤအား အတုံ့အလှယ် ပြောဆိုကြပုံတည်း။

(ဤ၌ ။ အနာထပိဏ်သူဌေးကြီးက "တပည့်တော်သည် မြတ်စွာဘုရား၏ အထံတော်မှလည်း ဤသို့ သဘောရှိသော တရားစကားကို မကြားနာရဘူးပါ"ဟု လျှောက်ဆို၏၊ မြတ်စွာဘုရားရှင်က အနာထပိဏ်သူဌေးကို ဤသို့ သဘောရှိသည့် သိမ်မွေ့ နက်နဲသော တရားစကားကို မဟောကြားဘူးလော-ဟု မေးဖွယ်ရှိ၏။ အဖြေကား- မဟောသည် မဟုတ်=ဟောပါ၏။ သို့သော်လည်း ဤယခု အနာထပိဏ်ဆိုကောဝါဒသုတ္တန်လာအတိုင်း ဒွါရ ၆-ပါး၊ အာရုံ၆-ပါး၊ ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး၊ဓာတ် ၆-ပါး၊ ခန္ဓာ ၅-ပါး၊ အရူပ-ဈာန်လေးပါး၊ ဤပစ္စုပ္ပန်လောကနှင့် တမလွန်လောကတို့ကို သူဝါရနှင့်သူ အသေးစိတ်ဖော်ပြလျက် မြင်အပ်၊ ကြားအပ်၊ ရောက်အပ်၊ သိအပ်သော တရားအလုံးစုံတို့၏ အစွမ်းဖြင့် အရဟတ္တဖိုလ် ထည့်ကာထည့်ကာ ဟောကြားအပ်သော တရားစကားကိုကား ဤအနာထပိဏ်သူဌေးကြီးသည် ရှေးကမကြားအပ်စဘူး၊ ထို့ကြောင့် ဤကဲ့သို့ လျှောက်ဆိုလေသည်။

တနည်းကား - ဤကျောင်းဒကာကြီးသည် ဒါနကောင်းမှု၌ စိတ်အလွန်ညွတ်ကိုင်းသူ၊ ဒါနကောင်းမှု၌ အလွန်မွေ့လျော်သူ ဖြစ်ရကား ဘုရားရှင်နှင့် မနောဘာဝနီယ ရဟန်းတို့ထံ သွားရောက်လျှင် လက်အချည်းနှီး တခါတခေါက်မျှ မသွားရောက်ဘူးချေ၊ နံနက်အခါ ကျောင်းတော်သို့သွားရောက်လျှင် ယာဂု ခဲဖွယ်-စသည်တို့ကို ယူဆောင်စေ၍သာ သွားလေ့ရှိ၏၊ နေလွဲအခါ ကျောင်းတော်သို့ သွားရောက်လျှင် ထောပတ်၊ ပျား၊ တင်လဲ-စသည်တို့ကို ယူဆောင်စေ၍သာ သွားလေ့ရှိ၏၊ မတတ်နိုင်သည့်အဆုံးဝယ် သဲနုနုကိုသော်လည်း မိမိ၏ အစေအပါးတို့ကို ယူဆောင်ခဲ့စေ၍ ဂန္ဓကုဋိကျောင်းတော် ပရိဝုဏ်အတွင်း၌

WWW.DHAMMARANSI.COM



ခင်းကျင်းကြဲဖြန့်စေလေသည်။ ကျောင်းတော်သို့ ရောက်လျှင်လည်း အလှူ့ဒါနကို ပေးလှူပြီး၊ သီလကို စောင့်ထိန်းပြီးလျှင် အိမ်သို့ ပြန်သွားလေ့ရှိသည်၊ ဤသည့်ကျောင်းဒကာ အနာထပိဏ်သူဌေးကြီးသည် ကား ဘုရားလောင်းကဲ့သို့သော ဖြစ်ရပ်အလားရှိသတဲ့။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည်၊ နှစ်ဆယ့်လေးနှစ်ကြာကာလတိုင်းပတ်လုံး အနာထပိဏ်သူဌေးအား များသောအားဖြင့် "ဒါယကာ....ဤ ဒါနကောင်းမှုမည်သည် ဘုရားအလောင်းတော်တို့၏ သွားရာလမ်းကြောင်းဖြစ်သည်၊ ငါဘုရားသည် လေးအသင်္ချေ ကမ္ဘာတသိန်းကြာ ဒါနကောင်းမှုကို ပြုအပ်ခဲ့လေသည်၊ သင်သည် ငါဘုရားလမ်းကြောင်းကို အစဉ်တစိုက် လိုက်ပါပေ၏"—ဤသို့ စသည်ဖြင့် ဒါနနှင့်စပ်သော တရားစကားကိုသာ ဟောကြားတော်မူ၏။ အရှင်သာရိပုတ္တရာ-အစရှိသော မဟာသာဝက ကြီးတို့ကလည်း မိမိတို့ထံမှောက် ကျောင်းဒကာကြီး လာရောက်သော အခါ များသောအားဖြင့် ဒါနကထာတရားကိုသာ ဟောတော်မူကြလေသည်။ ထို့ကြောင့် "သူဌေး....အဝတ်ဖြူဝတ်သူ လူတို့အဖို့ရာ ဤသို့သဘောရှိသော တရားစကားသည် (စိတ်၌ နှစ်နှစ်သက်သက်) မထင်နိုင်" ဟု အရှင်အာနန္ဒာမထေရ်က မိန့်ကြားတော်မူခြင်း ဖြစ်လေသည်။

ဤအရာဝယ် ဤသို့ ဆိုသဖြင့် "မြတ်စွာဘုရားရှင်က အနာထပိဏ် သူဌေးအား မဂ်၊ ဖိုလ်ရကြောင်း ဝိပဿနာတရားကို လုံးဝမဟော ကြား" ဟု မမှတ်ယူရာ၊ ဤ အနာထပိဏ္ဍိကောဝါဒသုတ္တန်၌လာသော အစီအစဉ်အတိုင်း (၉) ကိုးဝါရတို့ဖြင့် အကျယ်ဟောပြအပ်သည်ကိုသာ မနာဘူးလေသည်။ ဖြောင့်မှန်စွာ အရိယမဂ်သို့ရောက်ကြောင်း ဝိပဿနာ အကျဉ်းကိုကား ထိုသူဌေးကြီးသည် ကြားနာဘူးပေ၏၊ ထို့ကြောင့် ဥဇုမဂ္ဂါဝဟာ ဝိပဿနာ ဘာဂဝတာ ပနဿ ဂဟပတိကပုဗ္ဗာ=စင်စစ် သော်ကား မြတ်စွာဘုရားသည် ဤသူဌေးကြီးအား ဖြောင့်မှန်စွာ အရိယမဂ်သို့ရောက်ကြောင်း ဝိပဿနာတရားကို ရှေးက ဟောအပ်ဘူး လေပြီ-ဟု ဤသုတ်အဖွင့် ဋီကာ၌ အထူးဖွင့်ပြအပ်လေပြီ။ (ဤကား အထူးမှတ်ရန်တည်း)။

### အနာထပိဏ်သူဌေးကြီး တုသိတာနတ်ပြည်၌ နတ်သားဖြစ်ခြင်း

ထိုအခါ အရှင်သာရိပုတ္တရာနှင့် အရှင်အာနန္ဒာတို့သည် အနာထပိဏ်သူဌေးကို ဤအဆုံးအမဖြင့် ဆုံးမတော်မူကြ၍ နေရာမှ ထကာ ဖဲသွားတော်မူကြလေကုန်၏။ ထို့နောက် အနာထပိဏ်

WWW.DHAMMARANSI.COM



သူဌေးသည် အရှင်နှစ်ပါး ဖဲကြွသွား၍ မကြာမြင့်မီပင် စုတေ ကွယ်လွန်၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။

ထိုအခါ အနာထပိဏ်ကနတ်သားသည် သန်းခေါင်ယံအချိန်၌ မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ လာရောက်ရှိခိုးကာ အပြစ် လွတ်ရာအရပ်၌ ရပ်တည်လျက် မြတ်စွာဘုရားရှင်ကို ဤဆိုလတ္တံ့ သော ဂါထာတို့ဖြင့် လျှောက်ထားလေ၏—

(ဤ၌ ဂါထာတို့ကို နောက်မှဆက်၍ ဖော်ပြပေအံ့၊ အထူးမှတ်ဖွယ် ကို ရှေးဦးစွာ ဖော်ပြလိုသည်မှာ—"အဘယ့်ကြောင့် အနာထပိဏ်က နတ်သားသည် ဘုရားထံတော်မှောက်သို့ လာရောက်သနည်း" ဟု မေးဖွယ် ရှိ၏။ အဖြေကား—တုသိတာနတ်ပြည်၌ ဖြစ်လျှင်ဖြစ်ခြင်းပင် သုံးဂါ- ဝုတ်မျှ ပမာဏရှိသည့် ရွှေတုံးရွှေခိုင်ပမာ တောက်ပစွာသော နတ်၏ ကိုယ်ခန္ဓာ အတ္တဘောနှင့် နတ် ဥယျာဉ်, ဗိမာန်, ပဒေသာပင် အစ ရှိသော နတ်စည်းစိမ်တို့ကို မြင်ရလျှင် အနာထပိဏ်ကနတ်သား၏ စိတ်သန္တာန်၌ "ငါ၏ ဤစည်းစိမ်ကား ကြီးကျယ်လှဘိ၏၊ ငါသည် လူ့ပြည် လူ့လမ်းကြောင်း၌ အဘယ်ကောင်းမှုကိုများ ပြုအပ်ခဲ့လေ သနည်း" ဟု အကြံဖြစ်ကာ ဉာဏ်ပညာဖြင့် ဆင်ခြင် ကြည့်ရှုလေသော် ရတနာသုံးပါးတို့၌ အဓိကာရကောင်းမှု ပြုခဲ့သည့်ကုသိုလ်ကို မြင်လတ်၍ "ဤ နတ်အဖြစ်မည်သည် မေ့လျော့ရာဌာန ဖြစ်၏၊ မှန်၏—ဤနတ် စည်းစိမ်ဖြင့် ဝမ်းမြောက်ရွှင်ပျော် မေ့လျော့သော ငါ့အဖို့ရာ သတိမေ့ ပျောက်ခြင်းသည်လည်း ဖြစ်နိုင်၏၊ ငါသည် ယခုပင် သွားရောက်၍ ငါဆောက်လုပ်သည့် ဇေတဝန်ကျောင်းတိုက်ကြီး, ရဟန်းသံဃာတော်, မြတ်စွာဘုရား, အရိယမဂ်, အရှင်သာရိပုတ္တရာမထေရ်တို့၏ ဂုဏ်ကျေး ဇူးကို ချီးကျူးလျှောက်ထားပြီးလျှင် လူ့ပြည်က ပြန်လာသောအခါမှ ဤ နတ်စည်းစိမ်ကို သုံးဆောင်ခံစားပေအံ့" ဟု ကြံစည်မိလေသည်။ ထို့ကြောင့် အနာထပိဏ်ကနတ်သားသည် ဘုရားထံတော်မှောက်သို့ လာရောက်လေသည်။ ဤကား အဖြေတည်း။)

**အနာထပိဏ်ကနတ်သား လျှောက်ထားသော ၄-ဂါထာ**

ဣဒံ ဟိ တံ ဇေတဝနံ၊ ဣသိသံဃနိသေဝိတံ။
အာဝုတ္ထံ ဓမ္မရာဇေန၊ ပီတိသဉ္ဇနနံ မမ။

ဘန္တေ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ ဣဒံ တံ ဇေတဝနံ = ဇေတဝန်ခေါ် ဤကျောင်းတိုက်တော်ဒီ

WWW.DHAMMARANSI.COM



သည်။ ဣသိသံဃနိသေဝိတံ = သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်ပြီး, လေ့ကျက်ဆဲရှိကြသည့် အရိယသံဃာ ပုထုဇဉ်သံဃာတို့ မကွာနေ့ည နိစ္စအမြဲ မှီဝဲနေထိုင်ရာလည်းဖြစ်ပါပေ၏။ ဓမ္မရာဇေန = ဓမ္မရာဇ်မှန်ကင်း တရားမင်းဘုရားသည်။ အာဝုတ္ထံ = အမြိုက်အောင်ပွဲ ဆင်ယင်နွှဲလျက် အမြဲနေထိုင်တော်မူရာလည်း ဖြစ်ပါပေ၏။ (တသ္မာ = ထိုကြောင့်)။ မမ = အနာထပိဏ္ဍိက နာမတွင်ခေါ် တပည့်တော်၏။ ပီတိသဉ္ဇနနံ = နှစ်သိမ့်ခြင်း = ပီတိတရားကို အမြဲတမ်း ဖြစ်ပွါးစေပါ၏ဘုရား။

(ဤ၌။ ။ ဇေတဝန်ကျောင်းတိုက်တော်မှာ ဂန္ဓကုဋီကျောင်းတော်, လေးထောင့်ပြာသာဒ်, အပြောက်ခြယ်သောကျောင်းဆောင်တော်များ-စသည်အားဖြင့်၎င်း၊ သစ်ပင်, နွယ်ပင်, ပန်းပင်-စသည်အားဖြင့်၎င်း၊ နေစရာ ထိုင်စရာအားဖြင့်၎င်း အခြားတပါးသောအရာမ်တို့နှင့် မတူသည့် မွေ့လျော်ဖွယ်တို့ကား များလှစွာ၏၊ သို့သော် ထိုမွေ့လျော်ဖွယ်များမှာ အာရုံငါးပါး ကာမတရား၌ မှီသော မွေ့လျော်ဖွယ်များဖြစ်ခြင်းကြောင့် ဘုရားမြတ်စွာ အရိယာသံဃာတို့၏ နေထိုင်ရာဖြစ်ခြင်းကဲ့သို့ အရိယာသာဝကတို့ စိတ်နှလုံးကို မနှစ်သိမ့်စေနိုင်၊ အရိယာသံဃာတို့၏ နေထိုင်ရာဖြစ်ခြင်းကသာလျှင် အနာထပိဏ်တို့လို အရိယာသာဝကတို့၏ စိတ်နှလုံးကို ပိုလွန်၍ နှစ်သိမ့်စေနိုင်သည်၊ ထို့ကြောင့် ဘုရားမြတ်စွာနှင့် အရိယာသံဃာတို့၏နေထိုင်ရာဖြစ်ခြင်းတည်းဟူသော ဂုဏ်ဖြင့် ဇေတဝန်ကျောင်းတိုက်တော်ကို ချီးကျူးဖွဲ့ဆိုလေသည်)။

ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ၊ သီလံ ဇီဝိတမုတ္တမံ။
ဧတေန မစ္စာ သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေန ဝါ။

ကမ္မံ = မဂ်၌ယှဉ်သော စေတနာ၎င်း။ ဝိဇ္ဇာ စ = အရိယမဂ်၌ပါသည့် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါး၎င်း။ ဓမ္မော စ = အရိယမဂ်၌ပါသည့် သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင်သုံးပါး၎င်း။ သီလဉ္စ = အရိယမဂ်၌ ပါသည့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်သုံးပါး၎င်း။ (ဧတသ္မိံ သီလေ ပတိဋ္ဌိတဿ

WWW.DHAMMARANSI.COM



= ဤအရိယမဂ်သီလ၌ တည်ပြီးသောသူ၏)။ ဥတ္တမံ= အတုမရှိ လွန်မြတ်ဘိသော။ ဇီဝိတံ = အပြစ်လွတ်ကင်း အသက်မွေးခြင်း၎င်း။ ဓမ္မေန = ဤမဂ္ဂင်ရှစ်ပါး အကျင့် တရားဖြင့်။ မစ္စာ = သတ္တဝါတို့သည်။ သုဇ္ဈန္တိ = ကိလေ သာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်ကုန်၏။ ဂေါတ္တေန ဝါ = အနွယ်ဖြင့်၎င်း။ ဓနေန ဝါ = ဥစ္စာဖြင့် ၎င်း။ န သုဇ္ဈန္တိ=ကိလေသာအညစ်အကြေးတို့မှ မကင်း ဝေး မစင်ကြယ်နိုင်ကြကုန်။

(ဤဂါထာဖြင့် အရိယမဂ်၏ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆိုလေသည်။)

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ယောနိသော ဝိစိနေ ဓမ္မံ၊ ဧဝံ တတ္ထ ဝိသုဇ္ဈတိ။

တသ္မာ ဟိ—တသ္မာဧဝ = ထိုသို့ အနွယ်ဥစ္စာဖြင့် ကိလေ သာတို့မှ မစင်ကြယ်နိုင်, အဋ္ဌင်္ဂိကမဂ်ဖြင့်သာ ကိလေသာ တို့မှ စင်ကြယ်နိုင်သောကြောင့်သာလျှင်။ အတ္တနော = မိမိ၏။ အတ္ထံ = နိဗ္ဗာန်တိုင်ပွါးတိုး ကောင်းမြတ်သော အကျိုးကို။ သမ္ပဿံ—သမ္ပဿန္တော = ကောင်းစွာဆင်ခြင် မြော်သိမြင်သော။ ပဏ္ဍိတော ပေါသော = အမျိုးကောင်း သား ပညာရှိမင်းယောကျ်ားသည်။ ယောနိသော = မဂ်ကိုပွါးကြောင်း ဥပါယ်ကောင်းဖြင့်။ ဓမ္မံ=ဥပါဒါန က္ခန္ဓာငါးပါး တရားအစုကို။ ဝိစိနေ=အနိစ္စ,ဒုက္ခ,အနတ္တ ဟု လက္ခဏာယာဉ်သုံးချက်တင်၍ ဆင်ခြင်သမှု ဝိပဿနာ ရှုရာ၏။ ဧဝံ = ဤသို့ ရှုသည်ရှိသော်။ တတ္ထ=ထိုဥပါဒါန က္ခန္ဓာ အဦးပြုသည့် သစ္စာလေးပါး တရားအစုတည်း ဟူသော အာရုံအကြောင်း နိမိတ်ကြောင့်။ ဝိသုဇ္ဈတိ = ပဋိဝေဓဉာဏ်သက်ဝင် ကိလေသာတို့မှ စင်ကြယ်နိုင်၏။

(ဤ၌။ ။ပညာရှိသည် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားအစု ကို ဝိပဿနာရှုရမည်၊ ထိုသို့ ရှုသဖြင့် ဝိပဿနာဉာဏ် အထွတ်အထိပ်သို့ ရောက်သောအခါ မဂ်ဉာဏ်ပေါ်၍ ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဖြင့်၎င်း, သမုဒယသစ္စာကို ပဟာနပဋိဝေဓဖြင့်၎င်း,နိရောဓသစ္စာကို သစ္ဆိကိရိယာ

WWW.DHAMMARANSI.COM



ပဋိဝေဓဖြင့်ရှင်း, မဂ္ဂသစ္စာကို ဘာဝနာပဋိဝေဓဖြင့်ရှင်း ထိုးထွင်းကာ သိ၍ ကိလေသာတို့မှ အပြီးတိုင် လွတ်မြောက်စင်ကြယ်၏ဟု ဆိုလိုရင်း ဖြစ်သည်။ ။ဤဂါထာဖြင့် ဝိပဿနာဉာဏ်, အရိယမဂ်ဉာဏ်တို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆိုလေသည်)။

သာရိပုတ္တောဝ ပညာယ၊ သီလေန ဥပသမေန စ။
ယောပိ ပါရင်္ဂတော ဘိက္ခု၊ ဧတာဝပရမော သိယာ။

ယောပိ ဘိက္ခု = အမှတ်မထင် အကြင်ရဟန်းသည် လည်း။ ပါရင်္ဂတော=သံသရာတဖက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းထုတ်ချောက် ရောက်ဆိုက်ပေ၏။ သောပိ = ထိုရဟန်းသည်လည်း။ ဧတာဝပရမော = ဤနိဗ္ဗာန်ထုတ်ချောက် ရောက်ရခြင်းလျှင် လွန်သော မြတ်သော အပိုင်းအခြား ရှိသည်။ သိယာ = ဖြစ်၏။ သီလေန = သီလဂုဏ်ကျေးဇူးဖြင့်ရှင်း။ ပညာယ = ပညာဂုဏ်ကျေးဇူးဖြင့်ရှင်း။ ဥပသမေန စ = ကိလေသာငြိမ်းခြင်းဂုဏ်ဖြင့်ရှင်း။ သာရိပုတ္တောဝ = သာဝကများစွာ ထေရ်သံဃာတွင် ပညာဧတဒဂ်ရ သာရိပုတ္တရာမထေရ်သည်သာလျှင်။ သေယျော= အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူပါပေ၏။

( ဤဂါထာဖြင့် အရှင်သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးကို ချီးကျူးဖွဲ့ဆိုလေသည်)။

အနာထပိဏ္ဍိကနတ်သားသည် ဤ ၄-ဂါထာကို လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည် အနာထပိဏ္ဍိကနတ်သား လျှောက်ထားချက်ကို (မဟန့်မတား) ခွင့်ပြုတော်မူ၏။ ထိုအခါ အနာထပိဏ္ဍိကနတ်သားသည် "ငါ၏ လျှောက်ထားချက်ကို မြတ်စွာဘုရားသည် မဟန့်မတား ခွင့်ပြုတော်မူ၏" ဟု အောက်မေ့ဝမ်းမြောက်ကာ မြတ်စွာဘုရားရှင်ကို ရှိခိုးအရိုအသေ ပြုပြီးနောက် ထိုအရပ်မှာပင် ကွယ်ပျောက်လေ၏။

ထိုနောက် မြတ်စွာဘုရားသည် ထိုညဉ့်လွန်မြောက် နောက်တနေ့ရောက်သောအခါ ရဟန်းတို့ကို "ရဟန်းတို့....ဤညဉ့်၌

WWW.DHAMMARANSI.COM



နတ်သားတဦးသည် သန်းခေါင်ယံအချိန်၌ ငါဘုရားထံမှောက်သို့ လာရောက်ရှိခိုးလျက် အပြစ်လွတ်ရာအရပ်၌ ရပ်တည်ပြီးလျှင် ငါဘုရားကို ဤဂါထာတို့ဖြင့် လျှောက်ဆို၏" ဟု မိန့်တော်မူ၍ အနာထပိဏ်ကနတ်သား လျှောက်ထားသည့် ၄-ဂါထာတို့ကို ရဟန်းတို့အား တဖန်ပြန်၍ ဟောကြားတော်မူပြန်လေ၏။

(ဤ၌၊ ။မည်သည့် နတ်သားဟူ၍ နတ်သား၏အမည်ကို ဖော်ထုတ်၍ မိန့်တော်မမူခြင်းမှာ အရှင်အာနန္ဒာမထေရ်၏ အနုမာနဉာဏ် အစွမ်းကို ထင်ရှားစေလိုတော်မူသောကြောင့် ဖြစ်သည်)။

ထိုကြောင့်ပင် မြတ်စွာဘုရား မိန့်ကြားတော်မူချက် ပြီးဆုံးသောအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို အချိန်မဆိုင်းပဲ "မြတ်စွာဘုရား.... ထိုနတ်သားသည် ကေန်ပင် အနာထပိဏ်ကနတ်သား ဖြစ်ပါလိမ့်မည်၊ မြတ်စွာဘုရား.... အနာထပိဏ်သူဌေးသည် အရှင်သာရိပုတ္တရာ၌ အလွန်ကြည်ညိုသူ ဖြစ်ပါ၏ဘုရား" ဟု လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ.... ကောင်းပေစွ ကောင်းပေစွ၊ အာနန္ဒာ.... ကြံစည်တွေးဆခြင်းဖြင့် ရောက်သင့်ရောက်ထိုက်သော အရာမှန်သမျှသို့ သင်ချစ်သား ရောက်ပေ၏၊ အာနန္ဒာ.... ထိုနတ်သားသည် အနာထပိဏ်က နတ်သားပင်တည်း" ဟု မိန့်တော်မူလေ၏။

ဤကား အနာထပိဏ်သူဌေး အကြောင်းတည်း။

---

## (၃) စိတ္တသူကြွယ်အကြောင်း

(ဤ စိတ္တသူကြွယ်သည် အနာထပိဏ်တို့ကဲ့သို့ပင် သူဌေး ဖြစ်၏၊ သို့သော် သာသနာ့နယ်ပယ် ယနေ့ဝေါဟာရ၌ အနာထပိဏ်ကို "အနာထပိဏ်သူဌေး" ဟု ခေါ်တွင်သကဲ့သို့ ထို စိတ္တဒါယကာကိုကား "စိတ္တသူဌေး" ဟု မခေါ်တွင်ပဲ "စိတ္တသူကြွယ်" ဟူ၍သာ ခေါ်တွင် အသိများလေသည်၊ ထို့ကြောင့် ဤကျမ်း၌လည်း စိတ္တသူကြွယ်-ဟူ၍ပင် ရေးသား ပြဆိုပါအံ့) —

WWW.DHAMMARANSI.COM



## (က) သူကြွယ်၏ ရှေးဆုတောင်း

ဤစိတ္တသူကြွယ်အလောင်း သူတော်ကောင်းသည် ပဒုမုတ္တရ မြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသား ( = သူဌေးသား ) ဖြစ်၍ ဝံနောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားစကားကို နာကြားရစဉ် မြတ်စွာဘုရား ရှင်က ဥပါသကာတယောက်ကို "ဓမ္မကထိက = တရားဟော ကောင်းသောအရာ"ဝယ် တော်ဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီး လျှင် ထိုဓမ္မကထိက တေဒဂ်ရာထူး ဌာနန္တရကို ဆုတောင်း ပတ္ထနာမှု ပြုလေ၏။

### မုဆိုးသားဘဝ

ထိုအမျိုးကောင်းသားသည် ကမ္ဘာတသိန်းကြာ ကာလပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ကဿပ မြတ်စွာ လက်ထက်တော်အခါဝယ် သားမုဆိုး၏အိမ်၌ ဖြစ်၍ ( = သားသတ်သည့်မုဆိုးကြီး၏ သားဖြစ်၍) အရွယ်ကြီးမြောက် နောက်တချိန်ဝယ် တော၌ မုဆိုးအမှု ပြုနိုင်စွမ်းသော အခါ ကာလ၌ တနေ့သောအခါ မိုးရွာ၍နေစဉ် သားသတ်အလုပ် မှုလုပ်ရန် လှံကိုစွဲကိုင်၍ တောသို့ သွားရောက်ကာ သားကောင် များကို ထိုမှ ဤမှ ကြည့်ရှုရှာစမ်းရှာဖွေလတ်သော် မပြုမပြင်အဖိ သော ဘောင်ခေါင်းတခု၌ ပံသုကူသင်္ကန်းကို ခေါင်းမြီးခြုံ၍ ကျောက်ဖျာပေါ်၌ ထိုင်နေသော ရဟန်းတော်တပါးကို မြင်ရ လေလျှင် "အရှင်မြတ်ဘပါး ရဟန်းတရား ပွါးများအားထုတ်ကာ ထိုင်နေတော်မူသည် ဖြစ်လိမ့်မည်" ဟု သိမှတ်၍ လျှင်မြန်စွာ အိမ်သို့ ပြန်ခဲ့ပြီးလျှင် ခုံလောက်တခု၌ ယမန်နေ့က ဆောင်ယူ ခဲ့သောအသားကို, အခြားခုံလောက်တခု၌ ဆွမ်းကို (တပြိုင်နက် ဟင်းရော ဆွမ်းကိုပါ) ချက်စေလေ၏။

ထိုသို့ ဆွမ်းနှင့် ဆွမ်းဟင်းတို့ကို တပြိုင်နက် ချက်စေပြီးလျှင် မိမိအိမ်သို့ ဆွမ်းခံ ကြွရောက်လာကြသော ရဟန်းနှစ်ပါးတို့ကို

WWW.DHAMMARANSI.COM



မြင်ရ၍ ထိုရဟန်းနှစ်ပါးတို့၏ သပိတ်ကို ဆီးကြိုဆောင်ယူလျက် ခင်းအပ်ပြီးသော နေရာ၌ ထိုင်စေပြီးလျှင် “ အရှင်ဘုရားတို့…. တပည့်တော်အား ချီးမြှောက်မှုကို ပြုတော်မူကြပါ၊ ဤနေရာ၌ ထိုင်နေ၍ ဆွမ်းကို အလှူခံတော်မူကြပါဘုရား”ဟု မိမိ၏ ဆွမ်းကို ခံယူရန် ဆောက်တည်စေပြီး (= လျှောက်ထားပြီး)မှ အိမ်မှာ ကျန်ရှိမည့် အခြားလူများကို “အရှင်မြတ်နှစ်ပါးတို့ကို ဆွမ်း ပြုစု ရစ်ကြပါလော့”ဟု စေခိုင်းမှာထား၍ ထိုချက်ပြီးရှိသောဆွမ်းနှင့် ဆွမ်းဟင်းကို အိုးတလုံး၌ ခူးထည့်လျက် ငှက်ပျောဖက်စသည်ဖြင့် အိုးမျက်နှာဝကို ဖွဲ့ချည်ကာ ထိုအိုးကို ထမ်းယူ၍ တောစခန်းသို့ သွားလေသော် လမ်းခရီးအကြား၌ အထူးထူးသော ပန်းတို့ကို ဆွတ်ခူးခဲ့၍ ဖက်ဖြင့်ထုတ်ယူကာ မထေရ်ထိုင်နေရာသို့ရောက်လျှင် ထမ်းယူခဲ့သော ဆွမ်းအိုးကိုချ၍ လျှောက်ပတ်ရာအရပ်၌ ထားပြီးသော် “ အရှင်ဘုရား …. တပည့်တော်အား ချီးမြှောက်မှုကို ပြုတော်မူကြပါဘုရား”ဟု လျှောက်ထား၍ မထေရ်၏ သပိတ်ကို တောင်းယူကာ ဆွမ်း, ဆွမ်းဟင်း အပြည့်အစုံ အလုံအလောက် ထည့်ပြီးနောက် မထေရ်၏ လက်၌ သပိတ်ကို ဆက်ကပ်ပြီးလျှင် မိမိ ယူဆောင်ခဲ့သော ပန်းမျိုးစုံတို့ဖြင့် မထေရ်မြတ်ကို ပူဇော်လေ၏။

ထိုသို့ ပူဇော်ပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ရပ်တည်လျက် “အရှင်ဘုရား…. အရသာရှိသော ဆွမ်းနှင့် တကွသော ဤ ပန်း ပူဇော်ရမှုသည် တပည့်တော်၏ စိတ်ကို အထူးနှစ်သိမ့်စေသကဲ့သို့ ဤအတူ ဖြစ်လေရာရာ သံသရာဘဝ ဘုံဌာန၌ တပည့်တော်၏ အတွက်တာ လက်ဆောင်ပဏ္ဏာပေါင်း အထောင်တို့သည်လည်း လာရောက်ကြပါစေသတည်း၊ အဆင်း ငါးမျိုးရှိသည့် ပန်းမိုးသည်လည်း ရွာသွန်းပါစေသတည်း” ဟု ဆုတောင်းပတ္တနာ စကား လျှောက်ထားလေ၏။ မထေရ်မြတ်သည်လည်း ထို မုဆိုးသား၏ မဂ်ဖိုလ်ရကြောင်း ကောင်းမှုဥပနိဿယကို မြင်တော်မူ၍ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို အကျယ်ဟောကြား ချီးမြှောက်တော်မူလေ၏။ ။(ဝိဝဋ္ဋ ဉဒ္ဒိဿ ဥပမိတံ နိဗ္ဗာန =

WWW.DHAMMARANSI.COM



ဘာဂိယကုသလံ ဥပနိဿယော = ဝဋ်ကင်းရာနိဗ္ဗာန်ကို ရည်မြော်၍ ဆည်းပူးပွါးများအားထုတ်အပ်သော နိဗ္ဗေဓဘာဂိယ ကုသိုလ်သည် ဥပနိဿယ မည်၏။ ။အင်္ဂုတ္တရဋ္ဌကထာ ၁၊ မျက်နှာ ၂၀၁-မှ)။

ထို မုဆိုးသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်လေ၏။ ထို နတ်သားဖြစ်ရာဌာန၌ ပုဆစ်ဒူးနစ်လုမျှ နတ်ပန်းမိုး ဖြိုးဖြိုးရွာသွန်းလေ၏၊ ထို နတ်သားကိုယ်တိုင်ကလည်း အခြားသော နတ်တို့ထက် သာလွန်တင့်တယ်သော အဆင်းနှင့်ပြည့်စုံသူ ဖြစ်လေ၏။

## (စ) နောက်ဆုံးဘဝ ဥပါသကာဖြစ်ခြင်း

ထို အမျိုးကောင်းသားသည် ဗုဒ္ဓန္တရ အသင်္ချေယျတကပ်ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စား၍ ဤ အကျွန်ုပ်တို့၏ ဘုရားမြတ်စွာ ပွင့်တွန်းတော်မူရာကာလဝယ် မဂဓတိုင်း အဝင်အပါ မစ္ဆိကာသဏ္ဍမည်သောမြို့၌ သူဌေးသားဖြစ်၍ လာလေ၏၊ ထို သူဌေးသား မွေးဖွားသောအခါ၌ပင် မစ္ဆိကာသဏ္ဍ တမြို့လုံး၌ အံ့ဩဖွယ်ရာ ပုဆစ်ဒူးနစ်လုမျှ အဆင်းငါးမျိုးရှိသည့် ပန်းမိုး တဖြိုးဖြိုးရွာသွန်းလေ၏။ ထိုအခါ ထိုသူဌေးသား၏ မိဘနှစ်ပါးတို့သည် "ငါတို့သားကား မိမိ အမည်ကို မိမိပင် ယူ၍ လာသူဖြစ်၏၊ ငါတို့သား မွေးဖွားသောနေ့မှာပင် မစ္ဆိကာသဏ္ဍ တမြို့လုံးသည် အဆင်းငါးမျိုးရှိသော ပန်းတို့ဖြင့် အံ့ဩဘနန်း အဆန်းတကြယ် ဖြစ်ရလေ၏" ဟု နိမိတ်မင်္ဂလာစကား ပြောကြား ကြကာ ထိုသူငယ်၏အမည်ကို "စိတ္တသတို့သား" ဟု အမည်မှည့်ကြလေကုန်၏။

ထို စိတ္တသူဌေးသားသည် နောက်အဖို့ဝယ် အရွယ်ရောက်လတ်သော် အိမ်ရာတည်ထောင်လျက် ဘခင်သူဌေးကြီး ကွယ်လွန်အနိစ္စရောက်သောအခါ မစ္ဆိကာသဏ္ဍမြို့၌ သူဌေးရာထူးသို့ ဆိုက်ရောက်လေ၏၊ ထိုအခါ ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့တွင် တပါး အပါအဝင်ဖြစ်သော အရှင်မဟာနာမမထေရ်သည် မစ္ဆိကာသဏ္ဍ

WWW.DHAMMARANSI.COM



မြို့သို့ ဆိုက်ရောက်တော်မူလာလေ၏။ စိတ္တသူကြွယ်သည် အရှင်မဟာနာမမထေရ်၏ ငြိမ်သက်သောဣရိယာပုထ်များ၌ ကြည်ညို၍ သပိတ်ကို ဆီးကြိုယူငင်လျက် မထေရ်မြတ်ကို မိမိအိမ်သို့ ပင့်ဆောင်ကာ ဆွမ်းဆက်ကပ်လှူဒါန်း၍ ဆွမ်းဘုဉ်းပေးပြီးသောအခါ မထေရ်မြတ်ကို မိမိပိုင်သည့် အမ္ဗာဋကအရာမ်(= ဝွေးပင်တော)ဉယျာဉ်သို့ ပင့်ဆောင်သွားပြီးလျှင် ထိုဉယျာဉ်အတွင်း၌ မထေရ်မြတ်နေထိုင်ရန် ကျောင်းကို ဆောက်လုပ်စေပြီးနောက် မထေရ်မြတ်၏ အထံမှ အမြဲမပြတ် မိမိအိမ်၌ ဆွမ်းခံ၍ အမ္ဗာဋကအရာမ်ဉယျာဉ်ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူပါရန် ပဋိညာဉ်ဝန်ခံချက်ကို တောင်းယူလေ၏။ မဟာနာမမထေရ်သည်လည်း စိတ္တသူကြွယ်၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှု = ဉပနိဿယကို သိမြင်တော်မူ၍ စိတ္တသူကြွယ်အား တရားဟောတော်မူလျှင် အတွင်း အာယတနခြောက်ပါး,အပြင် အာယတနခြောက်ပါးတို့ကို အကျယ်ဝေဘန်စိတ်ဖြာခြင်းနှင့်စပ်သော တရားစကားကိုသာ ဟောတော်မူလေ့ရှိ၏။ (= မျက်စိ,နား,နှာ,လျှာ, ကိုယ်,စိတ်-ဟူသော အတွင်းအာယတန ၆ ပါး + အဆင်း,အသံ, အနံ့, အရသာ, အတွေ့အထိ, ဓမ္မသဘော - ဟူသော အပြင်အာယတန ၆-ပါးတို့နှင့် စပ်သော တရားစကားကိုသာ အကျယ်အားဖြင့် ဟောကြားတော် မူလေ့ရှိ၏ ဟု ဆိုလိုသည်။ ထိုသို့ အာယတန ၁၂-ပါးတို့ကို ဟောကြားတော် မူခြင်းမှာ စိတ္တသူကြွယ်က ဉာဏ်ပညာအလယ်အလတ်ရှိသူ = မဇ္ဈိမပုဂ္ဂိုလ်ဖြစ်သောကြောင့်တည်း)။

စိတ္တသူကြွယ်သည် ရှေးရှေးဘဝများက ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ဝိပဿနာရှုခဲ့ဘူးသူ (= သင်္ခါရတရားတို့ကို လက္ခဏာဉာဏ်ဖြင့် ကြိတ်ချေခဲ့ဘူးသူ)ဖြစ်သောကြောင့် ဝိပဿနာတရား ပွါးများ ကြိုးကုတ် အားထုတ်လေလျှင် မကြာမြင့်မီပင် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်လေ၏ = အနာဂါမ်အရိယာ ဖြစ်လေ၏။ (ဤ၌ မည်သည့်ကမ္မဋ္ဌာန်းကို စီးဖြန်း၍ အနာဂါမိဖိုလ်သို့ ရောက်ဆိုက်သည်ဟု တိုက်ရိုက်မဆိုသော်

WWW.DHAMMARANSI.COM



လည်း ဤစိတ္တသူကြွယ်၏ ရှေ့နောက် အဋ္ဌုပ္ပတ် အကြောင်းအရာတို့ကို ထောက်ရှုလျှင် အာယတနကမ္မဋ္ဌာနဲ့ စီးဖြန်းပွါးများ၍ မဂ်ဖိုလ်ရသည်ဟု ဆိုသင့်ပေ၏)။

(ဤ၌။ ။သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်ဒါယကာ အနာထပိဏ်သူဌေးကား သောတာပန် အရိယာ ဒါနာဘိရတ ပုဂ္ဂိုလ် ဖြစ်သည်၊ မစ္ဆိကာသဏ္ဍမြို့ အမ္ဗာဋကအရာမ် ကျောင်းတိုက်ကြီးဒါယကာ စိတ္တသူကြွယ်ကား အနာဂါမ်အရိယာ ဒါနာဘိရတ, ဓမ္မာဘိရတ နှစ်မျိုးရ ပုဂ္ဂိုလ် ဖြစ်သည်။ ဤသို့ ကျောင်းဒါယကာ နှစ်ဦးတို့၏ အရည်အချင်း ကွာခြားမှုကို ကြို့တင်သိမှတ်ထားရာ၏)။

### စိတ္တသူကြွယ်၏ ဒါနာဘိရတ, ဓမ္မာဘိရတ ဖြစ်ပုံ

ဤအရာဝယ် စိတ္တသူကြွယ်၏ ဒါနာဘိရတ = အလှူ၌ မွေ့လျော်ပုံ, ဓမ္မာဘိရတ = တရားတော်၌ မွေ့လျော်ပုံကို သိသာရုံ အမြွက်မျှ စိတ္တသံယုတ်မှ ထုတ်ဆောင်ပြဦးအံ့—

### ပဌမဣသိဒတ္တသုတ်

အခါတပါး များစွာသော မထေရ်တို့သည် မစ္ဆိကာသဏ္ဍမြို့ စိတ္တသူကြွယ်၏ ကောင်းမှုဖြစ်သော အမ္ဗာဋကအရာမ်ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူကြကုန်၏။ ထိုအခါ ကျောင်းဒကာ စိတ္တသူကြွယ်သည် ကျောင်းတိုက်သို့ သွားရောက်၍ မထေရ်တို့ကို ပင့်ပြီး နောက်တနေ့ မိမိအိမ်၌ ဆွမ်းအလှူခံတော်မူကြရန် ပင့်ဖိတ်၍ ပြန်လာခဲ့လေသည်။ နောက်တနေ့ရောက်၍ မထေရ်များ စိတ္တသူကြွယ်အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွရောက်ကြ၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူမိကြလျှင် စိတ္တသူကြွယ်သည် မထေရ်မြတ်တို့ထံ ချဉ်းကပ်ရှိခိုးကာ အပြစ်လွတ်ရာ အရပ်၌ ထိုင်နေပြီးလျှင် (ထိုမထေရ်တို့အနက် ဗုဒ္ဓကြီးဆုံး သံဃာထေရ်ဖြစ်သော)အရှင်ထေရ-အမည်တော်ရှိသော မထေရ်ကြီးကို "အရှင်ထေရ-မထေရ်မြတ်ဘုရား.... ဓာတ်တို့၏ ထူးခြားမှု, ဓာတ်တို့၏ ထူးခြားမှု-ဟု ဆိုအပ်ပါ၏၊ အဘယ်မျှဖြင့် ဓာတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောကြားအပ်ပါသနည်း"ဟု မေးလျှောက်လေ၏။

WWW.DHAMMARANSI.COM



ဤသို့ မေးလျှောက်အပ်လေသော် အရှင်ထေရ-မထေရ်ကြီးသည် သိပင်သိသော်လည်း ဖြေကြားရန် မရဲဝံ့သည့်အတွက် ဆိတ်ဆိတ်သာ နေတော်မူ၏။ ဒုတိယအကြိမ် မေးလျှောက်သောအခါမှာလည်း ထိုအတူ ဆိတ်ဆိတ်သာ နေတော်မူ၏။ တတိယအကြိမ် မေးလျှောက်သောအခါမှာလည်း ထိုအတူ ဆိတ်ဆိတ်သာ နေတော်မူ၏။

ထိုအခါ ထိုမထေရ်တို့အနက် သီတင်းသိက္ခာ ဝါအငယ်ဆုံး (=သံဃနဝက-သံဃနော)ဖြစ်သော အရှင်ဣသိဒတ္တမထေရ်သည် "ဤ အရှင်ထေရ-မထေရ်ကြီးသည်ကား ကိုယ်တိုင်လည်း မဖြေကြား သူတပါးတို့ကိုလည်း ဖြေကြားဘို့ရန် မတိုက်တွန်း၊ စိတ္တသူကြွယ်ဥပါသကာသည်လည်း ရဟန်းသံဃာကို (သံဃာ့ဖက်က အဖြေ မပေးနိုင်သည့်အတွက်) ညှဉ်းပန်းသကဲ့သို့ ဖြစ်နေ၏။ ငါသည် ဤပြဿနာကို ဖြေ၍ သံဃာအား ချမ်းသာစွာနေနိုင်အောင် ပြု၍ ပေးပေအံ့"ဟု ကြံစည်၍ အရှင်ထေရ-မထေရ်ကြီးကို "အရှင်ထေရ-မထေရ်မြတ်ကြီးဘုရား.... တပည့်တော်သည် စိတ္တသူကြွယ်၏ ပြဿနာကို ဖြေကြားပါရစေ" ဟု (မိမိ နေရာမှထကာ အရှင်ထေရ-မထေရ်ကြီးအနီးသို့ သွားရောက်၍) အခွင့်တောင်းလေ၏။ အရှင်ထေရ-သံဃမထေရ်ကြီးက "ငါ့ရှင် ဣသိဒတ္တ...သင်သည် စိတ္တသူကြွယ်၏ ဤပြဿနာကို ဖြေလော့" ဟု အခွင့်ပြုလေလျှင် အရှင်ဣသိဒတ္တသည် မိမိ နေရာ၌ ပြန်ထိုင်၍ စိတ္တသူကြွယ်နှင့် ဤ ဆိုလတ္တံ့သောအတိုင်း အပြန်အလှန် မေးဖြေမှု ပြုတော်မူလေ၏—

(အရှင်ဣသိဒတ္တ) သူကြွယ်...."အရှင်ထေရ-မထေရ်မြတ်ဘုရား...ဓာတ်တို့၏ ထူးခြားမှု, ဓာတ်တို့၏ ထူးခြားမှု-ဟု ဆိုအပ်ပါ၏၊ အဘယ်မျှဖြင့် ဓာတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောကြား အပ်ပါသနည်း" ဟု သင်မေးသည် မဟုတ်လော။

(စိတ္တသူကြွယ်) မှန်ပါသည် အရှင်ဘုရား....။

WWW.DHAMMARANSI.COM



(အရှင်ဂူလိဿဒတ္တ) သူကြွယ်...မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓာတ်တို့၏ ထူးခြားမှုကား စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်၊ ။သောတဓာတ်၊ သဒ္ဒဓာတ်၊ သောတဝိညာဏဓာတ်။ ။(ပ)။ ။မနောဓာတ်၊ ဓမ္မဓာတ်၊ မနောဝိညာဏဓာတ်တည်း။ သူကြွယ်.... ဤမျှဖြင့် ဓာတ်တို့၏ ထူးခြားမှုကို မြတ်စွာဘုရား ဟောကြားတော်မူအပ်ပေ၏။

ထိုအခါ စိတ္တသူကြွယ်သည် အရှင်ဣသိဒတ္တ၏ အဖြေစကားကို အလွန်နှစ်သက်ကာ မထေရ်မြတ်တို့ကို မွန်မြတ်သောဆွမ်း ခဲဖွယ်၊ ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ဆက်ကပ် ပြုစုလေသည်၊ ဆွမ်းဘုဉ်းပေးပြီးနောက် မထေရ်မြတ်တို့ ကျောင်းတိုက်သို့ ပြန်ရောက်ကြသောအခါ အရှင်ထေရ-မထေရ်မြတ်ကြီးသည် အရှင်ဣသိဒတ္တမထေရ်ကို "ငါ့ရှင်ဣသိဒတ္တ.... ဤ ပြဿနာသည် သင်၏ ဉာဏ်၌ ကောင်းစွာထင်ပါပေ၏၊ ဤပြဿနာသည် ငါ၏ ဉာဏ်၌ မထင်ပေ၊ ငါ့ရှင် ဣသိဒတ္တ....သို့ရကား ဤသို့ သဘောရှိသည့် အခြားသော ပြဿနာများ ရောက်လာလျှင် ငါ့ရှင်သည်ပင်လျှင် ဖြေဆိုပါလော့" ဟု မိန့်တော်မူလေ၏။

## ဒုတိယဣသိဒတ္တသုတ်

ဤ ဒုတိယဣသိဒတ္တသုတ်၌လည်း ပဌမဣသိဒတ္တသုတ်အတူပင် စိတ္တသူကြွယ်က မထေရ်ရဟန်းတို့ကို မိမိအိမ်သို့ ဆွမ်းစားပင့်၍ ရောက်ရှိကြလျှင် ဆွမ်းမဆက်ကပ်မီ သံဃထေရ်ကြီး ဖြစ်တော်မူသော အရှင်ထေရ-မထေရ်မြတ်ကြီးကို "လောကသည် မြဲ၏၊ လောကသည် မမြဲ"-စသော မိစ္ဆာဒိဋ္ဌိအယူတို့ကို သရုပ်ထုတ်ဖော်ပြလျက် ထိုမိစ္ဆာအယူတို့ ဖြစ်ခြင်း၊ မဖြစ်ခြင်း၏ အကြောင်းတရားကို မေးလေသည်။ အရှင်ထေရ-မထေရ်ကြီးက ပဌမဣသိ-ဒတ္တသုတ်အတူ သုံးကြိမ်တိုင် မေးအပ်ပါလျက် (သိသော်လည်း မရဲဝံ့သည့်အတွက်) မဖြေပဲ ဆိတ်ဆိတ်နေလေလျှင် အရှင်ဣသိ-ဒတ္တသည် အရှင်ထေရ-မထေရ်ကြီးထံ အခွင့်ပန်၍ စိတ္တသူကြွယ်

WWW.DHAMMARANSI.COM



အား "သက္ကာယဒိဋ္ဌိရှိလျှင် မိစ္ဆာအယူတို့ဖြစ်၍ သက္ကာယဒိဋ္ဌိ မရှိလျှင် မိစ္ဆာအယူတို့ မဖြစ်ကြောင်း" ဖြေကြားတော်မူသည်။

တဖန် စိတ္တသူကြွယ်က သက္ကာယဒိဋ္ဌိ ဖြစ်ပုံအခြင်းအရာ,မဖြစ်ပုံ အခြင်းအရာတို့ကို မေးမြန်းသောအခါမှာလည်း အရှင်ဣသိဒတ္တ သည် စိတ်ဖြာခွဲဝေ ဖြေကြားတော်မူလေ၏။ (အကြောင်းအရာ မေး, ဖြေပုံ အကျယ်ကို ပိဋကတ်မြန်မာပြန် သံယုတ်ပါဠိတော် သဠာယတန သံယုတ်၊ ၇-စိတ္တသံယုတ်၊ ၃-ဒုတိယဣသိဒတ္တသုတ်၊ စာမျက်နှာ ၄၇၁-မှ စ၍ ကြည့်ရှုကုန်ရာ၏)။

ထိုသို့ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ, မဖြစ်ပုံကို မေး,ဖြေပြီး နောက် အရှင်ဣသိဒတ္တနှင့် စိတ္တသူကြွယ်တို့ အပြန်အလှန် မေးကြ, ဖြေကြ ပြန်သည်မှာ—

(စိတ္တသူကြွယ်) အရှင်ဘုရား.... အရှင်ဣသိဒတ္တ သည် အဘယ်အရပ်မှ ကြွလာပါသနည်း။

(အရှင်ဣသိဒတ္တ) သူကြွယ်....အဝန္တီတိုင်းမှ ငါလာခဲ့၏။

(စိတ္တသူကြွယ်) အရှင်ဘုရား....အဝန္တီတိုင်း၌ အကျွန်ုပ် တို့ မမြင်ဘူးပဲ မိတ်ဆွေဖြစ်နေသည့် ဣသိဒတ္တ အမျိုး ကောင်းသားသည် ရဟန်းပြုနေပါ၏၊ ထိုအရှင်ကို အရှင် ဘုရား မြင်ဘူးပါသလော။

(အရှင်ဣသိဒတ္တ) သူကြွယ်....မြင်ဘူးပါ၏။

(စိတ္တသူကြွယ်) အရှင်ဘုရား...ထိုအရှင်သည် ယခုအခါ အဘယ်အရပ်၌ နေပါသနည်း။

ထိုသို့ မေးသောအခါ အရှင်ဣသိဒတ္တသည် အဖြေမပေးပဲ ဆိတ်ဆိတ်သာလျှင် နေတော်မူလေ၏။

(စိတ္တသူကြွယ်) အရှင်ဘုရား....အရှင်သည် အကျွန်ုပ်တို့ ၏ (အဒိဋ္ဌသဟာယ)မမြင်ဘူးသောသူငယ်ချင်း ဣသိဒတ္တ ပါလော။

WWW.DHAMMARANSI.COM



(အရှင်ဣသိဒတ္တ) ဟုတ်ပေ၏ သူကြွယ်....။

(စိတ္တသူကြွယ်) အရှင်ဘုရား... အရှင် ဣသိဒတ္တသည် မစ္ဆိကာသဏ္ဍာမြို့၌ မွေးလျှော်တော်မူပါလော့၊ အမ္ဗာဋကအရာမ်ကျောင်းတိုက်သည် မွေ့လျော်ဖွယ်ရှိပါ၏၊ တပည့်တော်သည် အရှင်ဣသိဒတ္တ အတွက် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး = ပစ္စည်း လေးရပ်တို့ဖြင့် ကြောင့်ကြပြုပါမည်။

(အရှင်ဣသိဒတ္တ) သူကြွယ်....ကောင်းသည်ကို ဆိုအပ်ပါပေ၏။ (ဤစကားကို အရှင်ဣသိဒတ္တသည် စိတ္တသူကြွယ် လျှောက်ထားသော ဖိတ်ကြားချက် စကားအတွက် အနုမောဒနာ ပြုတော်မူလို၍သာ မိန့်ဆိုလေသည်၊ ထိုပစ္စည်းလေးပါးမှ တပါးပါးကို ခံယူလိုသောအလိုဖြင့် မိန့်ဆိုတော်မူသည် မဟုတ်)။

ထိုအခါ စိတ္တသူကြွယ်သည် အရှင်ဣသိဒတ္တ၏ အဖြေစကားကို အလွန်နှစ်သက်ကာ မထေရ်မြတ်တို့ကို မွန်မြတ်သော ဆွမ်း,ခဲဖွယ်, ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ဆက်ကပ် ပြုစုလေသည်။ ဆွမ်းဘုဉ်းပေးပြီးနောက် မထေရ်မြတ်တို့ ကျောင်းတိုက်သို့ ပြန်ရောက်ကြသောအခါ အရှင်ထေရ-မထေရ်မြတ်ကြီးသည် အရှင်ဣသိဒတ္တမထေရ်ကို ရှေး(ပဌမဣသိဒတ္တသုတ်က) နည်းတူပင် မိန့်တော်မူလေ၏။

ထို့နောက် အရှင်ဣသိဒတ္တမထေရ်သည် (စိတ္တသူကြွယ်က မိမိကို ရှေးလူဖြစ်စဉ်အခါ မမြင်ဘူးသော သူငယ်ချင်းအဖြစ်ကို သိမြင်အပ်စေပြီးလျှင် "ငါသည် ဤအရပ်၌ မနေသင့်"ဟု ကြံစည်အောက်မေ့ ဆင်ခြင်တော်မူမိကာ) ကျောင်း, အိပ်ရာနေရာကို သိမ်းဆည်း၍ မိမိ၏ သပိတ်, သင်္ကန်းကို ယူဆောင်ပြီးလျှင် တဖန် ပြန်မလာသော ဖဲသွားခြင်းဖြင့် မစ္ဆိကာသဏ္ဍာမြို့မှ ဖဲကြွတော်မူလေ၏။

WWW.DHAMMARANSI.COM



ထေရဂါဒ္ဒိယာဂရိယသုတ်

အခါတပါး များစွာသောမထေရ်တို့သည် မန္တိကာသဏ္ဍာန်ရွာ ဝယ် မိတ္တသုကြွယ်၏ ကောင်းမှုဖြစ်သော အမ္ဗာဋကအရာမ် ကျောင်းတိုက်ကြီး၌ သီတင်းသုံး၍နေတော်မူကြကုန်၏။ ထိုအခါ ကျောင်းဒကာ မိတ္တသုကြွယ်သည် ကျောင်းတိုက်သို့ သွား ရောက်၍ မထေရ်တို့ကို ဝတ်ပြုပြီး နောက်တနေ့ မိမိ၏နွားခြံရှိရာ အရပ်၌ ဆွမ်းအလှူခံတော်မူကြရန် ပင့်ဖိတ်၍ ပြန်လာခဲ့လေသည်။ နောက်တနေ့ရောက်၍ မထေရ်များ မိတ္တသုကြွယ်၏ နွားခြံရှိရာ အရပ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွရောက်ကြ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူကြလျှင် မိတ္တသုကြွယ်သည် မထေရ်မြတ် တို့ကို မွန်မြတ်သော ယောပတ်နို့ယနာဆွမ်းဖြင့် ကိုယ်တိုင်ဆက် ကပ် ပြုစုလေသည်။

မိတ္တသုကြွယ်အား သုမင်း ကျွန်ယောက်ျား အလုပ်သမားတို့ သည် မထေရ်တို့နှင့် အတူတကွသာလျှင် ရှေ့ခွက်ကို ဆေးကြော၍ ယောပတ်နို့ယနာဆွမ်းကို ခူးတည်၍ ပေးကြလေသည်။ မိတ္တ သုကြွယ်သည် နို့ယနာဆွမ်းကို စားသုံးပြီးလတ်သော် မထေရ်မြတ် တို့နှင့် အတူတကွသာလျှင် လိုက်ပါလိုသည်ဖြစ်၍ "အိမ်မှာဖြစ် လျှင် အိမ်ရှင်သူဌေးကတော်သည် ကျန်သောနို့ယနာကို သင့် လျော်သလို စီမံနိုင်၏၊ ဤနွားခြံ၌ကား အလုပ်သမားများသည် ငါက တစုံတရာ မှာထားပြောဆိုမှု မပြုအပ်လျှင် သင့်လျော်သလို စီမံကြလိမ့်မည် မဟုတ်၊ ထိုသို့ မစီမံကြလျှင် ဤ မွန်မြတ်သော နို့ယနာဆွမ်းသည် အကျိုးမပြီး အချည်းနှီးပျက်စီးလိမ့်မည်" ဟု ကြံစည်ဆင်ခြင်မိကာ အလုပ်သမားများအား သင့်လျော်သလို စီမံခွင့်ပြုလိုရ၍ "အဓောင်တို့... ကြွင်းကျန်နေသောနို့ယနာကို သင့် လျော်သလို စွန့်ကျဲရစ်ကြလော့" ဟု ပြောဆိုမှာထားပြီးလျှင် မထေရ်တို့နောက်မှ အစဉ်တစိုက် လိုက်ပါခဲ့လေ၏။

ထိုအချိန်၌ နေအား ချစ်ချစ်တောက်ပူနေ၏၊ မထေရ်တို့သည် လည်း အာဟာရကို စားပြီးခါစ သူတို့ကဲ့သို့ တွန့်ဆုတ် လေးလံ အတုံ့သို့သောကိုယ်ဖြင့် ကြွသွားကြရကုန်၏။ ထိုအခါ ထိုမထေရ်

WWW.DHAMMARANSI.COM



တို့အနက် သီတင်းသိက္ခာ ဝါအငယ်ဆုံး (=သံဃနဝက—သံဃ-နော)ဖြစ်သော အရှင်မဟာက-မထေရ်သည် အရှင်ထေရ-သံဃမထေရ်ကြီးကို "အရှင်ထေရ-သံဃမထေရ်ကြီးဘုရား....လေအေးလည်းတိုက်, မိုးလည်းအုံ့, မိုးလည်း တပေါက်ချင်းရွာပါမူ ကောင်းပါမည်လော" ဟု လျှောက်ထားလေ၏။ အရှင်ထေရ-သံဃမထေရ်ကြီးက "ငါ့ရှင်မဟာက....လေအေးလည်းတိုက်, မိုးလည်းအုံ့, မိုးလည်းတပေါက်ချင်းရွာပါမူ ကောင်းပေရာ၏" ဟု မိန့်တော်မူသောအခါ အရှင်မဟာကမထေရ်သည် လေအေးလည်းတိုက်, မိုးလည်းအုံ့, မိုးလည်းတပေါက်ချင်းရွာအောင် တန်ခိုးဖန်ဆင်းတော်မူလေ၏။

ထိုအခါ စိတ္တသူကြွယ်၏ စိတ်သန္တာန်ဝယ် "ဤသံဃနောမထေရ်၏တန်ခိုးအာနုဘော်သည် ဤသို့ သဘောရှိပေစွ" ဟု အကြံအစည် ဖြစ်လေ၏။ ထို့နောက် အရှင်မဟာကသည် ကျောင်းတိုက်သို့ ရောက်လျှင် အရှင်ထေရ-သံဃမထေရ်ကြီး ကို "အရှင်ထေရ-သံဃမထေရ်ကြီးဘုရား.... ဤမျှလောက်ဆိုလျှင် သင့်တော်ပြီလော" ဟု မေးလျှောက်လေ၏။ အရှင်ထေရ-သံဃမထေရ်ကြီးက "ငါ့ရှင်မဟာက....ဤမျှဆိုလျှင် သင့်တော်ပြီ၊ ငါ့ရှင်မဟာက....ဤမျှဆိုလျှင် ပြုအပ်ပြီ၊ ငါ့ရှင်မဟာက...ဤမျှဆိုလျှင် ပူဇော်အပ်ပေပြီ" ဟု နှစ်သက်အားရစကား မိန့်ကြားတော်မူပြီးသောအခါ မထေရ်တို့သည် မိမိတို့နေမြဲကျောင်းသို့ အသီးအသီး ကြွကြကုန်၏၊ အရှင်မဟာကသည်လည်း မိမိနေရာကျောင်းသို့ ကြွလေ၏။

ထို့နောက် စိတ္တသူကြွယ်သည် အရှင်မဟာကထံသို့ ဆည်းကပ်၍ မိမိအား တန်ခိုးပြာဋိဟာ ပြသရန် တောင်းပန်လျှောက်ထားလေ၏။ အရှင်မဟာကမထေရ်က "သူကြွယ်....ထိုသို့ဖြစ်လျှင် သင်သည် ကျောင်းအဝင်ဝ၌ (ခွေးအိပ်၌) အပေါ်ရုံကို ခင်း၍ မြက်စည်းကို ကြဲဖြန့်လော့" ဟု မိန့်တော်မူလျှင် စိတ္တသူကြွယ်သည် "ကောင်းပါပြီ အရှင်ဘုရား...." ဟု ဝန်ခံ၍ အရှင်မဟာကမထေရ် မိန့်ဆိုသည့်အတိုင်း ကျောင်းအဝင်ဝ(=ခွေးအိပ်)၌ အပေါ်ရုံကို ခင်း၍ မြက်စည်းကို ကြဲဖြန့်လေ၏။ ထိုအခါ အရှင်မဟာကမထေရ်

WWW.DHAMMARANSI.COM



သည် ကျောင်းတွင်းသို့ ဝင်ပြီးလျှင် တံခါးကျည်း (=မင်းတုပ်) ကို ချ၍ သော့ပေါက်မှလည်း၊ တံခါးရွက်အကြားမှလည်း မီးအလျှံ ထွက်ပြီးလျှင် မြက်ဘိုကိုသာ မီးလောင်၍ အပေါ်ရုံကို မလောင်စေသည့် တန်ခိုးပြဒ္ဓိပါဋိဟာကို ဖန်ဆင်းတော်မူလေ၏။ ထိုသို့ မြက်တိုကိုသာ မီးလောင် ပြီးသောအခါ စိတ္တ သူကြွယ်သည် အပေါ်ရုံကို ခါထွက်ကောက်ယူကာ ထိတ်လန့်၊ ကြက်သီးမွေး ညှင်းထလျက် အပြစ်လွှတ်သော နေရာ၌ ရပ်တည်နေလေ၏။

ထိုအခါ အရှင်မဟာကမထေရ်သည် ကျောင်းတွင်းမှ ထွက်ပြီးလျှင် စိတ္တသူကြွယ်ကို "သူကြွယ်...ဤမျှလောက်ဆိုလျှင် သင့်တော်ပြီလော" ဟု မေးတော်မူလေ၏။ စိတ္တသူကြွယ်က "အရှင်မဟာကဘုရား....ဤမျှဆိုလျှင် သင့်တော်ပါပြီဘုရား၊ အရှင်မဟာကဘုရား....ဤမျှဆိုလျှင် ပြည့်အပ်ပါပြီဘုရား၊ အရှင်မဟာကဘုရား....ဤမျှဆိုလျှင် ပူဇော်အပ်ပါပြီဘုရား၊ အရှင်မဟာကသည် မစ္ဆိကာသဏ္ဍမြို့၌ မွေ့လျော်တော်မူပါလော့၊ အမ္ဗာဋကအရာမ်ကျောင်းတိုက်သည် မွေ့လျော်ဖွယ်ရှိပါ၏၊ တပည့်တော်သည် အရှင်မဟာကအတွက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးရပ်တို့ဖြင့် ကြောင့်ကြ ပြုပါမည်ဘုရား" ဟု လျှောက်ထားလေလျှင် အရှင်မဟာကမထေရ်သည် "သူကြွယ်....ကောင်းသည်ကို ဆိုအပ်ပါပေ၏" ဟု အနုမောဒနာစကား မိန့်ကြားတော်မူလေ၏။ ထိုနောက် အရှင်မဟာကမထေရ်သည် "ငါသည် ဤအရပ်၌ မနေသင့်" ဟု ကြံစည်အောက်မေ့ဆင်ခြင်တော်မူကာ ကျောင်း၊ အိပ်ရာနေရာတို့ကို သိမ်းသိမ်းဆည်း၍ မိမိ၏ သပိတ်၊ သင်္ကန်းကို ယူဆောင်ပြီးလျှင် တဖန်ပြန်မလာသော ဖဲသွားခြင်းဖြင့် မစ္ဆိကာသဏ္ဍမြို့မှ ဖဲကြွတော်မူလေ၏။

(ဤ–ဒုတိယဣသိဒတ္တသုတ်၊ မဟာကပါဋိဟာရိယသုတ်–နှစ်သုတ်လုံး၌ပင် စိတ္တသူကြွယ်အနေဖြင့် သာသနာတော်ဝယ် အလွန်ကြည်ညို၍ အရှင်ဣသိဒတ္တမထေရ်၊ အရှင်မဟာကမထေရ်တို့ကို မိမိ၏ကောင်းမှု အမ္ဗာဋကကျောင်းတိုက်အရာမ်၌ သီတင်းသုံး နေထိုင်တော်မူရန်နှင့် မိမိကပစ္စည်းလေးပါးအတွက် ကြောင့်ကြစိုက်မည့်အကြောင်း လျှောက်ထားပါသော်လည်း မထေရ်တို့ဖက်မှကြည့်လျှင် ထိုပစ္စည်းလေးပါးသည်

WWW.DHAMMARANSI.COM



တရားဟော၍ရသောပစ္စည်းမျိုး, တန်ခိုးပြ၍ရသော ပစ္စည်းမျိုးကဲ့သို့ ဖြစ်နေ၍ ထိုပစ္စည်းလေးပါးကို စွန့်လွှတ်တော်မူကြကာ ဖဲကြဉ်တော်မူသည်ဟု အထူးမှတ်ယူသင့်ပေသည်၊ အဋ္ဌကထာ, ဋီကာတို့၌ ထိုအတွက် အထူးမဖွင့်ကြ။

ဤသို့ ဂူသိဒတ္တသုတ်နှစ်သုတ်နှင့် မဟာကပါဠိဟာရိယသုတ်တို့ကို ဤ၌ ဖော်ပြခြင်းမှာ စိတ္တသူကြွယ်၏ ဓမ္မာဘိရတဖြစ်ပုံကို သိသာရုံ ဖော်ပြခြင်းဖြစ်ပေသည်။ အသင် ဗုဒ္ဓဝင်စာဖတ်ပရိတ်သတ် သူတော်စင်တို့သည် ပိဋကတ်မြန်မာပြန် သံယုတ်ပါဠိတော် ဒုတိယ သဠာယတနဝဂ္ဂ သံယုတ်လာ သုတ်ပေါင်း ၁၀-သုတ်ရှိသည့် ၇-စိတ္တသံယုတ်ကို ကြည့်ရှု ဖြစ်အောင် ကြည့်ရှုကြကုန်ရာ၏)။

## အရှင်သုဓမ္မမထေရ်အကြောင်းအကျဉ်း

တနေ့သ၌ အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါးတို့သည် တပည့်ရဟန်းတထောင် ခြံရံအပ်ကုန်လျက် အမ္ဗာဋကအရာမ်ကျောင်း တိုက်သို့ ကြွရောက်တော်မူလာကြလေသည်။ (ထိုအချိန်၌ ထိုကျောင်းတိုက်ဝယ် အရှင်သုဓမ္မမထေရ်သည် ကျောင်းတိုက်ကို အုပ်စီး အကြီးအကဲပြု၍နေသော အချိန်ဖြစ်သည်)။ ကျောင်းဒကာ စိတ္တသူကြွယ်သည် ထိုအဂ္ဂသာဝကမထေရ်နှစ်ပါး အမှူးပြုသော ရဟန်းတထောင်တို့အတွက် (အရှင်သုဓမ္မ မထေရ်ကို မတိုင်ပင်ပဲ) ကြီးစွာသော ပူဇော်သက္ကာရမှုကို ပြုစီရင်လေသည်။ ကျောင်းထိုင် အရှင်သုဓမ္မမထေရ်သည် ထိုအချက်ကို သည်းမခံနိုင်သဖြင့် စိတ္တသူကြွယ်ကို "ဤပူဇော်ဖွယ်တွေထဲမှာ နှမ်းပျစ်တခုတော့ လိုသေးသည်"ဟု ပြောဆိုခြင်းဖြင့် (သူကြွယ်ကို ဇာတိဝါဒ ဆဲရေးခြင်းဖြင့်) ဆဲရေးခဲ့လေသည်။ (စိတ္တသူကြွယ်၏ အနွယ်အဆက်တွင် အစပိုင်း၌ တဦးသောပုဂ္ဂိုလ်သည် မုန့်သည်ဖြစ်ခဲ့ဘူးလေသည်၊ ထို့ကြောင့် သူကြွယ်ကို ဇာတိဝါဒဖြင့် ဆဲရေးလို၍ ဤသို့ ပြောဆိုခြင်းဖြစ်သည်)။

ထိုအခါ စိတ္တသူကြွယ်က ရဟန်း စကားလည်းမဟုတ် လူစကားလည်းမဟုတ်သည့် ကြက်မပီ ကြီးမကျ ဩက္ကလိအာဝါဒဖြင့် ပြန်လည်ချေပသောကြောင့် အရှင်သုဓမ္မသည် အလွန်အမင်း

WWW.DHAMMARANSI.COM



အမျက်ထွက်ကာ မြတ်စွာဘုရားထံတော်သို့ သွားရောက်လျှောက်ထား၍ မြတ်စွာဘုရား၏ အဆုံးအမကို ရရှိပြီးလျှင် အဆုံးအမတော်၌တည်လျက် စိတ္တသူကြွယ်ကို တောင်းပန်ဝန်ချပြီးနောက် ထို အမ္ဗာဋကအရာမ်ကျောင်းတိုက်မှာပင် နေလျက် ဝိပဿနာ ကရား ပွါးများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူလေသည်။ (ဤကား အင်္ဂုတ္တရအဋ္ဌကထာ ဖွင့်ပြချက်တည်း၊ ဤဝတ္ထု၊ အကြောင်းအရာအကျယ်ကို ဓမ္မပဒအဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၃၂၇-မှစသော စိတ္တသူကြွယ်ဝတ္ထုနှင့် ပိဋကတ်မြန်မာပြန် ဝိနယ စူဠဝဂ္ဂ ၄-ပဋိသာရဏီယကံ မျက်နှာ ၃၅-မှစ၍ ကြည့်ရှုကုန်ရာ၏)။

### စိတ္တသူကြွယ် ဘုရားဖူးသွားရောက်ခြင်း

(ဤစိတ္တသူကြွယ် ဘုရားဖူးသွားရောက်ခြင်း အကြောင်းအရာကို ဓမ္မပဒအဋ္ဌကထာမှ ထုတ်ဆောင်ရေးသားပေအံ့)—အရှင်သုဓမ္မမထေရ် ရဟန္တာဖြစ်ပြီးခဲ့သောအခါ စိတ္တသူကြွယ်သည် "ငါကား မြတ်စွာဘုရားရှင်ကို မဖူးမြင်ရပဲပင် သောတာပတ္တိဖိုလ်သို့ ရောက်အပ်ခဲ့လေပြီ၊ မြတ်စွာဘုရားရှင်ကို မဖူးမြင်ရပဲပင် အနာဂါမိဖိုလ်၌ တည်ခဲ့လေပြီ၊ ငါသည် မြတ်စွာဘုရားရှင်ကို ဖူးမြော်မှ သင့်တော်တော့မည်" ဟု ကြံစည်ဆင်ခြင်ပြီးလျှင် နှမ်း, ဆန်, ထောပတ်, တင်လဲ, ပုဆိုး, အဝတ်-စသည် အပြည့် တင်ဆောင်ပါရှိသည့် လှည်းငါးရာတို့ကို ယှဉ်ကစေပြီးနောက် "ဘုရားဖူးမြင်လိုသော သူတို့သည် ငါနှင့်အတူတကွ လိုက်ပါလာကြကုန်၊ အစာအာဟာရ စသည်တို့ဖြင့် မပင်ပန်းအောင် အကျွန်ုပ်တာဝန်ယူမည်" ဟု မန္တိကာသဏ္ဍာမြို့၌ ရှိနေသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့အား ဗိုလ်ခေါ်ပြောကြားစေလေ၏။ ထိုသို့ ဗိုလ်ခေါ်ချက်အရ စိတ္တသူကြွယ်နှင့် အတူတကွ ရဟန်းငါးရာ, ရဟန်းမိန်းမငါးရာ, ဥပါသကာငါးရာ, ဥပါသိကာငါးရာတို့သည် ဘုရားဖူးထွက်ခွါ လိုက်ပါလာကြကုန်၏။

WWW.DHAMMARANSI.COM



စိတ္တသူကြွယ်သည် ဘုရားဖူးလိုက်ပါလာသော ပရိသတ် ၂၀၀၀-နှင့် မိမိ၏အခြံအရံပရိသတ် ၁၀၀၀=ပေါင်း လူပေါင်း ၃၀၀၀-တို့အတွက် ယူဇနာသုံးဆယ် ဝေးကွာသောခရီး၌ ယာဂု, ဆွမ်း, ခဲဖွယ်-စသည့်တို့ဖြင့် အနည်းငယ်မျှ ချို့တဲ့မှုမရှိရအောင် အသင့်စီမံယူဆောင်ခဲ့လေသည်။ သို့သော်လည်း စိတ္တသူကြွယ် ဘုရားဖူးထွက်ချီလာကြောင်းကို သိလျှင်ပင် တယူဇနာ တယူဇနာ စခန်း၌ နတ်တို့သည် ယာယီမဏ္ဍပ်တဲနန်းများ ဖန်ဆင်းကြ၍ အသင့်စောင့်ကြိုကာ နတ်၌ဖြစ်သော ယာဂု, ခဲဖွယ်, ဆွမ်း, အဖျော်ယမကာ-စသည့်တို့ဖြင့် ထိုလူပေါင်း ၃၀၀၀-ကို ပြုစု လုပ်ကျွေး ဧည့်ခံကြလေသည်။ တဦးတယောက်အားမျှ တစုံတရာ စားဖွယ်,သောက်ဖွယ်ဖြင့် ချို့တဲ့ခြင်းဟူ၍ မရှိချေ။

ဤနည်းဖြင့် နတ်တို့က ပြုစုလုပ်ကျွေးဧည့်ခံအပ်လျက် နေ့စဉ် နေ့စဉ် တယူဇနာမှန်မှန် ခရီးချီခဲ့သဖြင့် စိတ္တသူကြွယ်သည် တလ အချိန်ပိုင်းဖြင့် သာဝတ္ထိပြည်သို့ ဆိုက်ရောက်ခဲ့လေသည်။ လှည်း အစီးငါးရာတို့သည် တင်ဆောင်ခဲ့ရင်းအတိုင်း ပြည့်မြဲပြည့်လျက် သာ ရှိကုန်၏။ လမ်းခရီးအကြားဝယ် နတ်တို့ကငင်း, လူတို့က ငင်း ပို့သအပ်သည့် လက်ဆောင်ပဏ္ဏာကိုပင် စွန့်ကြဲပေးကမ်း လှူဒါန်း ကျွေးမွေးလျက် သာဝတ္ထိပြည်သို့ ရောက်ဆိုက်လာ လေသည်။

စိတ္တသူကြွယ် သာဝတ္ထိပြည်သို့ ရောက်မည့်နေ့ဝယ် မြတ်စွာ ဘုရားရှင်နှင့် အရှင်အာနန္ဒာမထေရ်တို့ ကြိုတင်၍ မိန့်ဆို လျှောက်ကားကြသည်မှာ—

(ဘုရားရှင်) ချစ်သားအာနန္ဒာ.......ယနေ့ ညနေချမ်း အခါဝယ် စိတ္တသူကြွယ်သည် ဥပါသကာငါးရာတို့ ခြံရံ အပ်လျက် လာရောက်ကာ ငါဘုရားကို ရှိခိုးလိမ့်မည်။

(အရှင်အာနန္ဒာ) မြတ်စွာဘုရား.......ထိုစိတ္တသူကြွယ်က အရှင်ဘုရားတို့အား ရှိခိုးလာသောအခါ တစုံတရာ မြော်ဦးဟာများ ဖြစ်ပွါးလိမ့်ဦးမည်လားဘုရား။

WWW.DHAMMARANSI.COM



(ဘုရားရှင်) ဖြစ်ပွါးလိမ့်မည် ချစ်သားအာနန္ဒာ...။

(အရှင်အာနန္ဒာ) အဘယ်သို့သော ပြာဋိဟာများ ဖြစ်ပွါးလိမ့်ပါမည်နည်းဘုရား။

(ဘုရားရှင်) ချစ်သားအာနန္ဒာ....တို စိတ္တသူကြွယ် လာရောက်၍ ငါဘုရားကို ရှိခိုးသောအခါဝယ် ရှစ်မင်းပယ်ခန့်ရှိသောမြေအရပ်၌ ပုဆစ်ဒူးနစ်လုမျှ အဆင်းငါးမျိုးရှိသည့် နတ်ပန်းမိုးကြီး တခဲနက် သွန်းဖြိုးရွာချလိမ့်မည်။

ထိုစကားကို ကြားသိကြ၍ သာဝတ္ထိပြည်သူပြည်သားတို့သည် "ဤသို့စင် ဘုန်းကြီးလှသည့် စိတ္တအမည်ရှိသော သူကြွယ်သည် ယနေ့လာရောက်ကာ မြတ်စွာဘုရားရှင်ကို ရှိခိုးလိမ့်မည်တဲ့၊ ဤသို့သော ပြာဋိဟာများလည်း ဖြစ်ပွါးလိမ့်မည်တဲ့၊ ငါတို့သည်လည်း ထိုဘုန်းကံရှင် စိတ္တသူကြွယ်ကို ယနေ့ တွေ့မြင်ခွင့်ရကြပေလိမ့်မည်" ဟု တိုင်ပင်ပြောဆိုကြကာ လက်ဆောင်ပဏ္ဏာများကို အသီးသီးယူခဲ့ကြ၍ လမ်းခရီး ဝဲ,ယာ နှစ်ဖက်တို့၌ အသင့်စောင့်ကြို ရပ်တည်နေလင့်ကြကုန်၏။

စိတ္တသူကြွယ်တို့ ဘုရားဖူးအဖွဲ့ ဇေတဝန်ကျောင်းတိုက်တော်အနီးသို့ ဆိုက်ရောက်လာသောအခါ အတူပါလာသော ရဟန်းငါးရာတို့သည် ရှေးဦးစွာ လာကြကုန်၏။ စိတ္တသူကြွယ်သည် ဥပါသိကာငါးရာတို့ကို "အမိတို့.... သင်တို့သည် နောက်မှလာကြကုန်"ဟု ပြောဆိုချန်ထားခဲ့၍ ဥပါသကာငါးရာတို့ ခြံရံအပ်လျက် မြတ်စွာဘုရား အထံတော်သို့ သွားရောက် ဆည်းကပ်လေ၏။ (အထူးအားဖြင့် မြတ်စွာဘုရားရှင်တို့၏ မျက်မှောက်တော်ဝယ် ရပ်တည်ကြသူ, ထိုင်နေကြသူတို့သည် ဟုတ်ဟုတ်ငြားငြား = စည်းမဲ့ကမ်းမဲ့ ရပ်တည်ကြ, ထိုင်နေကြသည် မဟုတ်၊ စည်းကမ်းသေဝပ်စွာအလယ်ခေါင်၌ ဘုရားကြွရန်လမ်းကိုထား၍ ထိုလမ်း၏ ဝဲ,ယာ နှစ်ဖက်တို့၌ မတုန်မလှုပ် တည်ငြိမ်စွာသာလျှင် ရပ်တည်, နေထိုင်ကြလေသည်)။

WWW.DHAMMARANSI.COM



စိတ္တသူကြွယ်သည် ဘုရားဖူးရန် ကြီးစွာသော ဘုရားကြွလမ်းသို့ သက်ရောက်လေ၏။ အောက်မိုလ်သုံးပါးတို့သို့ ရောက်ဆိုက်ပြီးသော အရိယသာဝက ကြည့်တိုင်း ကြည့်တိုင်းသော နေရာသည် တလှုပ်လှုပ် တရွရွ ဖြစ်၍နေ၏၊ ထိုကြည့်တိုင်း ကြည့်တိုင်းသော နေရာမှာ ထိုင်နေရင်းရှိကြသည့် လူများအပေါင်းသည် "ဤသူကား စိတ္တသူကြွယ်တဲ့"ဟု ပြောဆိုကြလျက် စိတ္တသူကြွယ်ကို အထူးအဆန်းသဖွယ် ကြည့်ရှုကြလေသည်။ စိတ္တသူကြွယ်သည် မြတ်စွာဘုရားရှင်၏ အနီးသို့ ဆည်းကပ်၍ ဗုဒ္ဓရောင်ခြည်တော်ခြောက်သွယ်တို့၏ အတွင်းသို့ ဝင်ရောက်ကာ ဖမျက်တော်နှစ်ဖက်တို့၌ အားပါးတရ ဆုပ်ကိုင်လျက် မြတ်စွာဘုရား၏ ခြေတော်အစုံတို့ကို ကော်ရော်မြတ်နိုး ရှိခိုးလေ၏။ ထိုခဏမှာပင် ရှေးဆိုအပ်ပြီးသည့် အဆင်းငါးမျိုး နတ်ပန်းမိုးကြီး ဖြိုးဖြိုးရွာသွန်းချလေသည်။လူအပေါင်း၏ သာဓုကောင်းကြီးအသောင်တို့သည် ဖြစ်လေကုန်၏။

စိတ္တသူကြွယ်သည် တလပတ်လုံး မြတ်စွာဘုရားရှင်၏ အနီးထံတော်ပါး၌ ဝပ်တွားဆည်းကပ် နေထိုင်ခဲ့လေ၏၊ ထိုသို့နေထိုင်စဉ်မှာလည်း ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အားလုံးကို ကျောင်းတိုက်တော်၌သာလျှင် နေဘော်မှုရန် တောင်းပန်လျှောက်ထား၍ အလှူကြီးကို ပေးလှူခဲ့လေသည်၊ မိမိနှင့်အတူ ဘုရားဖူး လိုက်ပါလာသူတို့ကိုလည်း ကျောင်းတိုက်အတွင်း၌ပင် ထား၍ မလိုရအောင် ပြုစုလေသည်။ ထိုသို့ပြုစုရာ၌ တရက်မျှပင် မိမိလှည်းတို့၌ တင်ဆောင်သယ်ယူအပ်ခဲ့သည့် တစုံတခုသော ဝတ္ထုကိုမျှ ယူရသောဟူ၍ မရှိ၊ နတ်, လူတို့က ပို့သအပ်သည့် လက်ဆောင်ပဏ္ဏာဖြင့်သာလျှင် အလှူဒါန ပေးလှူခဲ့ရလေ၏။

စိတ္တသူကြွယ်သည် တလပြည့်မြောက်သောအခါ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင်—

"မြတ်စွာဘုရား.... တပည့်တော်သည် 'အရှင်ဘုရားတို့အား အလှူပေးအံ့'ဟူ၍ လာရောက်ခဲ့ရာ လမ်းခရီးအကြား၌ တလတာ ကြာခဲ့ပါသည်၊ တပည့်တော်၏

WWW.DHAMMARANSI.COM



အဖို့ရာ ဤစေတဝန်ကျောင်းတိုက်တော်၌ပင် တလအချိန် လွန်ခဲ့ပါပြီ၊ တပည့်တော်ယူဆောင်ခဲ့သော လက်ဆောင် ပဏ္ဏာ တခုံတရာကိုမျှ ယူ၍လှူရန် အခွင့်မရခဲ့ပါ၊ ဤမျှ (၂-လ) အချိန်ကြာအောင် နတ်,လူတို့က ဝိုသအစ်သည့် လက်ဆောင်ပဏ္ဏာဖြင့်သာလျှင် အလှူဒါနကို ပေးလှူခဲ့ ရပါသည်။ တပည့်တော်သည် ရွှေသို့ဆက်၍ ဤအရပ်မှာ အကယ်၍ တနှစ်ကြာအောင် နေလျှင်လည်း တပည့်တော် ၏ လှူဖွယ်ဝတ္ထုကို လှူခွင့်ရမည်မဟုတ်ပါ။ တပည့်တော် သည် လှည်းအစီးငါးရာတို့၌ ပါရှိသော လှူဖွယ်ဝတ္ထု တို့ကို သံဃာအား ချထားလှူဒါန်း၍ ပြန်လိုပါသည်၊ တပည့်တော်အား ထိုလှူဖွယ်ဝတ္ထုများ ချထားသိမ်း ဆည်း သိုမှီးရမည့် နေရာဌာနကို ညွှန်ကြားစေတော်မူကြ ပါဘုရား"—

ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာမထေရ်ကို "ချစ်သား အာနန္ဒာ.... စိတ္တသူကြွယ်အား နေရာတခုကို အားလပ်အောင် ပြု၍ ပေးလိုက်လော့"ဟု မိန့်တော်မူလေလျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသည့်အတိုင်း နေရာတခုကို အားလပ်အောင် ပြု၍ ပေးလေ၏။ စိတ္တသူကြွယ်သည် အရှင် အာနန္ဒာရှင်းလင်း၍ ပေးအပ်သော ကပ္ပိယဘူမိကျောင်း၌ လှည်း အစီးငါးရာတိုက် လှူဖွယ်ဝတ္ထုတို့ကို ချထားသိုမှီး၊ သိမ်းဆည်း ကာ သံဃာအား လှူဒါန်းပြီးလျှင် မိမိနှင့် အတူတကွ ဘုရားဖူး လိုက်ပါလာကြသည့် ရဟန်းရှင်လူ သုံးထောင်တို့နှင့် အတူတကွ အချည်းနှီးသောလှည်း (= အားလပ်သောလှည်း)တို့ဖြင့် တဖန် မစ္ဆိကာသဏ္ဍမြို့ဖက်သို့ အပြန်ခရီး နှင်ခဲ့လေ၏။ နတ်, လူတို့သည် ထကာထကာ "အရှင်စိတ္တသူကြွယ်.... သင်သည် အချည်းနှီးသော လှည်း (= ပစ္စည်းမပါသောလှည်း)တို့ဖြင့် ခရီးသွားရမည့်ကိုကို မှုအပ်ခဲ့သလော" ဟု မခံနိုင်စကား ပြောကြား၍ ရတနာ ခုနစ်ပါးတို့ဖြင့် လှည်းများပြည့်အောင် တင်ဆောင်ပေးကြလေ

WWW.DHAMMARANSI.COM



ကုန်၏။ စိတ္တသူကြွယ်သည် မိမိအား နတ်, လူတို့က ပို့သအပ်သော လက်ဆောင်ပဏ္ဏာဖြင့်ပင်လျှင် အတူပါသူ ဘုရားဖူး ရှင်, လူအပေါင်းကို မြှုစုလုပ်ကျွေးလျက် မစ္ဆိကာသဏ္ဍာမြို့သို့ ချမ်းသာစွာ သွားရောက်လေ၏။

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင်—

"မြတ်စွာဘုရား... စိတ္တသူကြွယ်သည် အရှင်ဘုရားတို့ အထံတော်သို့ လာရာမှာလည်း တလအချိန်ကြာ လာခဲ့ရပါသည်၊ ဤဇေတဝန်ကျောင်းတိုက်၌လည်း တလပတ်လုံးပင် နေ၍သွားပါပြီ၊ ဤမျှ ကာလကြာအောင် နတ်, လူတို့ ပို့သအပ်သော လက်ဆောင်ပဏ္ဏာဖြင့်ပင် ကြီးစွာသော အလှူဒါနကို ပေးလှူခဲ့ပါပြီ၊ ယခုအခါ လှည်းအစီးငါးရာတို့ကို အချည်းနှီးဖြစ်အောင် (=အားလပ်အောင်) မြှုလုပ်၍ တလကြာအချိန်ဖြင့်ပင် မိမိမြို့သို့ သွားရောက်ရပါမည်တဲ့။ အထူးအားဖြင့် နတ်,လူတို့သည် ထကာ ထကာ 'အရှင်စိတ္တသူကြွယ် .... သင်သည် အချည်းနှီးသောလှည်း (=ပစ္စည်းမပါသောလှည်း) တို့ဖြင့် ခရီးသွားရမည့်ကံကို မြှုအပ်ခဲ့သလော' ဟု မခံနိုင်စကား ပြောကြား ကြ၍ ရတနာခုနစ်ပါးတို့ဖြင့် လှည်းများပြည့်အောင် တင်ဆောင်ပေးကြပါကုန်သတဲ့ဘုရား၊ စိတ္တသူကြွယ်သည် တဖန် မိမိအား နတ်,လူတို့က ပို့သအပ်သော လက်ဆောင်ပဏ္ဏာဖြင့်ပင်လျှင် အတူပါသူ ဘုရားဖူး ရှင်, လူအပေါင်းကို မြှုစုလုပ်ကျွေးလျက် မစ္ဆိကာသဏ္ဍာမြို့သို့ ချမ်းသာစွာ သွားရောက်ပါလိမ့်မည်တဲ့။

မြတ်စွာဘုရား...မေးလျှောက်ပါရစေ၊ ဤစိတ္တသူကြွယ်၏ အဖို့ရာ အရှင်ဘုရားတို့ အထံသို့ လာရောက်လျှင်သော်သာ ဤပူဇော်သက္ကာရမှု ဖြစ်ပါသလော၊ သို့မဟုတ် အခြားအရပ်တပါးသို့ သွားရောက်ရာမှာလည်း ဤပူဇော်သက္ကာရမှုသည် ဖြစ်ပါသလော"—

WWW.DHAMMARANSI.COM



ဟု မေးမြန်းလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို—

"ချစ်သား အာနန္ဒာ….ဤစိတ္တသူကြွယ်၏ အဖို့ရာ ငါဘုရား၏ အထံသို့ လာသော်ငှင်း, အခြားအရပ်တပါးသို့ သွားသော်ငှင်း ဤ ပူဇော်သက္ကာရသည် ဖြစ်သည်သာလျှင်တည်း၊ မှန်၏—ချစ်သားအာနန္ဒာ….ဤစိတ္တသူကြွယ် ဒါယကာကား ကံ, ကံ၏ အကျိုးကို လောကီ, လောကုတ္တရာ သဒ္ဓါနှစ်ပါးတို့ဖြင့် မပျက်မစီး ယုံကြည်သူ ဖြစ်သည့်ပြင် ရတနာသုံးပါးကိုလည်း လောကုတ္တရာသဒ္ဓါတရားဖြင့် အလွန်အလွန် ကြည်ညိုသူ ဖြစ်သည်။ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်၏အဖို့ရာ ရောက်လေရာရာ ဌာနတိုင်းမှာပင် လာဘ်ပူဇော်သက္ကာရကား ဖြစ်ပွါးမြဲမမှတာ ဖြစ်ချေသည်"—

ဟု မိန့်တော်မူပြီးလျှင် ဓမ္မပဒ ပကိဏ္ဏကဝဂ်လာ ဤဆိုလတ္တံ့သော ဂါထာကို ဟောကြားတော်မူလေ၏—

> သဒ္ဓေါ သီလေန သမ္ပန္နော၊
> ယသောဘောဂသမပ္ပိတော။
> ယံ ယံ ပဒေသံ ဘဇတိ၊
> တတ္ထ တတ္ထေဝ ပူဇိတော။

အာနန္ဒ = ချစ်သားအာနန္ဒာ….။ သဒ္ဓေါ=လောကီ, လောကုတ္တရာ သဒ္ဓါနှစ်ပုံ ကုံလုံပြည့်ဝသော။ သီလေန= လူတို့ကျင့်ရာ သီလသိက္ခာနှင့်။ သမ္ပန္နော = လောက်င ကုံလုံ ပြည့်စုံသော။ ယသောဘောဂသမပ္ပိတော = အရိယသာဝက ဥပါသကာငါးရာ များစွာသော အခြံအရံနှင့်တကွ လောကဥစ္စာ, သပ္ပုရိသဥစ္စာ ဤနှစ်ဖြာတို့နှင့် လွန်စွ ပြည့်ဝသော အရိယသာဝက ဘုရားတပည့်သားသည်။ ယံ ယံ ပဒေသံ = အရှေ့, အနောက်, တောင်, မြောက်-အမှတ်မထင် အကြင် အကြင်သို့သော အရပ်သို့။

WWW.DHAMMARANSI.COM



ဘဇတိ = သွားရောက်၏။ သော = ထို အရိယသာဝက
ဘုရားတပည့်သားကို။ တတ္ထ တဇ္ဇတ္တဝ=ရောက်လေရာရာ
ထိုထို အရပ်ဒေသဥ္စသာလျှင်။ ပူဇိတော=မေတ္တာ, သဒ္ဓါ
စေတနာလွှမ်းပတ် လူနှင့် နတ်တို့ လေးမြတ်ကော်ရော်
ပူဇော်အပ်ပေ၏။

ဒေသနာနိဂုံး ဆုံးလတ်သောအခါ များစွာသော သူတို့သည်
သောတာပတ္တိဖိုလ် စသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။
(ဓမ္မပဒ ဌ ၁၊ မျက်နှာ ၃၃၀-မှ)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

စိတ္တသူကြွယ်သည် ထိုအချိန်မှစ၍ အရိယသာဝက ဥပါသကာ
ငါးရာတို့ ခြံရံအပ်သျက် လှည့်လည်ကျက်စား သွားလာခဲ့လေ
သည်။ မြတ်စွာဘုရားသည် နောက်တချိန်ဝယ် ဥပါသကာတို့ကို
အစဉ်အတိုင်း ဧတဒဂ်ရာထူးဌာနန္တရ၌ ထားတော်မူလတ်သည်
ရှိသော် (သံ ၂၊ မျက်နှာ ၄၇၄-လာ) သဠာယတနဝဂ္ဂ စိတ္တ
သံယုတ်ကို အကြောင်းအဋ္ဌုပ္ပတ်ပြု၍ စိတ္တသူကြွယ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ဓမ္မ-
ကထိကာနံ ယဒိဒံ စိတ္တော ဂဟပတိ=ရဟန်းတို့....တရား
ဟော ကောင်းကြသည့် ငါဘုရား၏ တပည့်=သာဝက
ဥပါသကာတို့တွင် စိတ္တသူကြွယ်သည် အသာဆုံး အမြတ်
ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ဓမ္မကထိက = တရားဟော
ကောင်းသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး
၌ ထားတော်မူလေ၏။(ဤ၌ စိတ္တသူကြွယ်၏ တရားဟောကောင်း
ကြောင်းကို ပိဋကတ်တော်မြန်မာပြန် သံယုတ်ပါဠိတော် ဒုတိယ
အုပ်၊ သဠာယတနဝဂ္ဂသံယုတ်၊ ၇-စိတ္တသံယုတ်၊ စာမျက်နှာ ၄၆၉-
လာ ၁-သံယောဇနသုတ်နှင့် ၎င်းစာမျက်နှာ ၄၇၅-လာ ၅-ပဌမ
ကာမဘူသုတ်တို့ကို ကြည့်ရှုမှတ်ယူကုန်ရာ၏)။

WWW.DHAMMARANSI.COM



## စိတ္တသူကြွယ် ကွယ်လွန်ခါနီးပင် တရားဟောကြောင်း
### ဂိလာနဒဿနသုတ်

ဤစိတ္တသူကြွယ်ကား အနာဂါမ်အရိယာဖြစ်သောကြောင့် စုတိ ပြတ်ကြွေ သေလွန်ခါနီးမှာပင် ဓမ္မကထိက ဧတဒဂ်ရပုဂ္ဂိုလ်ပီပီ တရားဟောပြီးမှ ကွယ်လွန်စုတေကြောင်းကို ဤဆိုလတ္တံ့သော စိတ္တသံယုတ် ၁၀-ဂိလာနဒဿနသုတ် အကျဉ်းချုပ်ကို ကြည့်ရှု မှတ်ယူကုန်ရာ၏။ (အကျယ်ကို သံ မြန် ၂၊ မျက်နှာ ၄၇၄-မှစ၍ ကြည့်ရှုကုန်ရာ၏)။

တချိန်၌ စိတ္တသူကြွယ် မာရဏန္တိကရောဂါ = သေတော့မည့် ရောဂါ စွဲကပ်ရောက်ရှိလတ်သော် များစွာသော အရာမ်စောင့် နတ်, တောစောင့်နတ်, သစ်ပင်စောင့်နတ်, ဆေးပင် မြက်ပင် တောစိုးပင်တို့၌ မှီးအုပ်ကုန်သော နတ်တို့သည် စုဝေးလာရောက် ကြ၍ စိတ္တသူကြွယ်ကို "သူကြွယ် .... 'ငါသည် အနာဂတ်ကာလ ၌ စကြဝတေးမင်း ဖြစ်လို၏' ဟု တောင့်တပါလော့" ဟူ၍ တိုက်တွန်းစကား ပြောကြားကြကုန်၏။

ထိုအခါ စိတ္တသူကြွယ်သည် ထိုနတ်အပေါင်းကို "ထိုစကြ- ဝတေးမင်းအဖြစ်သည်လည်း မမြဲသောသဘောသာ ဖြစ်ချေ၏၊ မခိုင်မာသောသဘောသာ ဖြစ်ချေ၏၊ ထိုစကြဝတေးမင်းအဖြစ်= စကြာမင်းစည်းစိမ်သည်ကား နောက်ဆုံး ပယ်စွန့်၍သာ သွားရ မည့်အရာ ဖြစ်ချေ၏" ဟု ပြောဆိုလေ၏။ ထိုသို့ စိတ္တသူကြွယ်က ပြောဆိုအပ်လေသော် စိတ္တသူကြွယ်၏ မိတ်ဆွေခင်ပွန်း ဆွေမျိုး သားချင်းတို့သည် စိတ္တသူကြွယ်ကို "အရှင်သား .... သတိထားပါ လော့၊ မယောင်ယမ်းပါလင့်"ဟု ယောင်ယမ်းသည်ထင်မှတ်၍ ပြောဆိုကြလေ၏။

ထိုသို့ပြောဆိုကြသဖြင့် စိတ္တသူကြွယ်က "သင်တို့က ငါ့ကို 'အရှင့်သား .... သတိထားပါလော့၊ မယောင်ယမ်းပါလင့်' ဟု ယင်းစကားကို ဆိုကြရအောင် ငါသည် အဘယ်သို့လျှင် ပြောဆို သနည်း"ဟု မေးလေလျှင် ထိုမိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်း

WWW.DHAMMARANSI.COM



တို့သည် "အရှင့်သား…'ထိုစကြဝတေးမင်း အဖြစ်သည်လည်း မမြဲသောသဘောသာ ဖြစ်ချေ၏၊ မခိုင်မာသော သဘောသာ ဖြစ်ချေ၏၊ ထိုစကြဝတေးမင်းအဖြစ် = စကြာမင်းစည်းစိမ်သည် ကား နောက်ဆုံး ပယ်စွန့်၍သာ သွားရမည့်အရာ ဖြစ်ချေ၏' ဟု ဤသို့လျှင် အရှင့်သားသည် ပြောဆို၏" ဟု ပြန်လည်ဖြေကြား လေသော် စိတ္တသူကြွယ်သည် ထိုမိတ်ဆွေခင်ပွန်း ဆွေမျိုး သားချင်းတို့ကို "အမောင်တို့ … ငါ့ကို အရာမ်စောင့်နတ်, တော စောင့်နတ်, သစ်ပင်စောင့်နတ်, ဆေးပင် မြက်ပင် တောစိုးပင် တို့၌ စိုးအုပ်ကုန်သောနတ်တို့သည် 'သူကြွယ်….အနာဂတ်ကာလ၌ စကြဝတေးမင်းဖြစ်လို၏-ဟု တောင့်တပါလော့' ဟူ၍ တိုက်တွန်း စကား ပြောလာကြကုန်သဖြင့် ငါသည် ထိုနတ်တို့ကို 'ထိုစကြ-ဝတေးမင်းအဖြစ်သည်လည်း မမြဲသော သဘောသာ ဖြစ်ချေ၏၊ မခိုင်မာသောသဘောသာဖြစ်ချေ၏၊ ထိုစကြဝတေးမင်းအဖြစ် = စကြာမင်းစည်းစိမ်သည်ကား နောက်ဆုံး ပယ်စွန့်၍သာ သွားရမည့်အရာ ဖြစ်ချေ၏'ဟု ငါပြောဆိုပါ၏ (ယောင်ယမ်းပြောဆိုခြင်း မဟုတ်)"ဟု ရှင်းလင်းဖြေကြားလေ၏။

ထိုအခါ စိတ္တသူကြွယ်၏ မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်း တို့က "အရှင့်သား … ထိုနတ်တို့သည် အဘယ် အကျိုးထူးကို မြင်ကြ၍ အရှင့်သားကို 'သူကြွယ် … အနာဂတ်ကာလ၌ စကြ ဝတေးမင်း ဖြစ်လို၏-ဟု တောင့်တပါလော့' ဟူ၍ တိုက်တွန်း စကား ပြောကြားကြသနည်း"ဟု မေးကြလေသော် စိတ္တသူကြွယ် သည် ထိုမိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကို "အမောင်တို့…. ထိုနတ်တို့၏ စိတ်သန္တာန်ဝယ် 'ဤစိတ္တသူကြွယ်ကား သီလရှိသူ, ကောင်းသောအကျင့်ရှိသူဖြစ်၏၊ ဤစိတ္တသူကြွယ်သည် အကယ်၍ 'ငါသည် အနာဂတ်ကာလ၌ စကြဝတေးမင်း ဖြစ်လို၏' ဟု တောင့်တလျှင် သီလရှိသော ထိုစိတ္တသူကြွယ်၏အဖို့ရာ ဤစိတ်၏ တောင့်တမှုသည် သီလစင်ကြယ်သူဖြစ်ခြင်းကြောင့် မချွတ်ဧကန် အမှန်ပင် ပြည့်စုံလိမ့်မည်၊ တရားရှိသောသူသည် တရားအား လျော်သောအကျိုးကို မြင်နိုင်၏' ဟု ဤသို့ အကြံဖြစ်သောကြောင့်

WWW.DHAMMARANSI.COM



ထိုနတ်တို့သည် ဤအကျိုးထူးကို မြင်ကုန်လျက် 'သူကြွယ်…. အနာဂတ်ကာလ၌ စကြာဝတေးမင်း ဖြစ်လို၏-ဟု တောင့်တပါလော့'ဟူ၍ ငါ့ကို တိုက်တွန်းစကား ပြောကြားကြလေသည်။ ငါသည် ထိုနတ်တို့ကို 'ထို စကြာဝတေးမင်းအဖြစ်သည်လည်း မမြဲသော သဘောသာ ဖြစ်ချေ၏၊ မခိုင်မာသော သဘောသာ ဖြစ်ချေ၏၊ ထိုစကြာဝတေးမင်းအဖြစ် = စကြာမင်းစည်းစိမ်သည် ကား နောက်ဆုံးမှာ စွန့်ပယ်၍သာ သွားရမည့်အရာ ဖြစ်ချေ၏' ဟု ငါပြောဆိုပါ၏ (ယောင်ယမ်း၍ ပြောဆိုခြင်းမဟုတ်)" ဟု ပြန်လည်ဖြေကြားလေ၏။

မိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့က "အရှင်သား….ထိုသို့ ဖြစ်လျှင် အကျွန်ုပ်တို့ကိုလည်း ဆုံးမပါလော့"ဟု တောင်းပန် စကား ပြောကြားကြသောအခါ စိတ္တသူကြွယ်သည် ထိုမိတ်ဆွေ ခင်ပွန်း ဆွေမျိုးသားချင်းတို့ကို ဤဆိုလတ္တံ့သောအတိုင်း နောက် ဆုံးတရား ဟောကြားလေ၏—

"မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့….ထိုသို့ဖြစ်လျှင် သင်တို့သည်—

'ထို မြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူ ထိုက်သောအကြောင်းကြောင့်လည်း အရဟံ- မည်တော် မူ၏ (၁)။ အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏ (၂)။ အသိဉာဏ်=ဝိဇ္ဇာ,အကျင့်=စရဏ နှင့် ပြည့်စုံတော်မူသောအကြောင်းကြောင့်လည်း ဝိဇ္ဇာ, စရဏသမ္ပန္န-မည်တော်မူ၏ (၃)။ ကောင်းသော စကား ကို ဆိုတော်မူတတ်သောအကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏ (၄)။ လောကကို သိတော်မူတတ်သော အကြောင်းကြောင့်လည်း လောကဝိဒူ – မည်တော်မူ၏ (၅)။ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်းကြောင့်လည်း အနုတ္တရော- ပုရိသဒမ္မသာရထိ-မည်တော်မူ၏ (၆)။ နတ်လူတို့၏ဆရာ

WWW.DHAMMARANSI.COM



ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္ထာဒေဝမနုဿာနံ-မည်တော်မူ၏ (၇)။ သစ္စာလေးပါးတရားကို သိစေတော်မူသော အကြောင်းကြောင့်လည်း ဗုဒ္ဓ-မည်တော်မူ၏ (၈)။ ဘုန်းတော်ခြောက်ပါး ရှိတော်မူသော အကြောင်းကြောင့်လည်း ဘဂဝါ-မည်တော်မူ၏ (၉)'— ဟု မြတ်စွာဘုရားရှင့်အပေါ်၌ ငါတို့သည် သက်ဝင် ယုံကြည်ခြင်းနှင့် ပြည့်စုံကြကုန်အံ့-ဟူ၍ဇင်း,

'တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောထားသော တရားတော်ဖြစ်ပေ၏ (၁)။ ကိုယ်တိုင်သိမြင်နိုင်သော တရားတော်ဖြစ်ပါပေ၏ (၂)။ အခါမလင့် အကျိုးပေးတတ်သော တရားတော်ဖြစ်ပါပေ၏ (၃)။ လာလှည့်,ရှုလှည့်-ဟု ပြထိုက်သော တရားတော်ဖြစ်ပါပေ၏ (၄)။ မိမိ၏ကိုယ်ထဲ,စိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော်ဖြစ်ပါပေ၏ (၅)။ အရိယာပညာရှိတို့သည် ကိုယ်စီကိုယ်င သိနိုင် ခံစားနိုင်သော တရားတော်ဖြစ်ပါပေ၏ (၆)'—

ဟု တရားအပေါ်၌ ငါတို့သည် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံကြကုန်အံ့-ဟူ၍ဇင်း,

'အရိယာရှစ်ဖော် မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏ (၁)။ အရိယာရှစ်ဖော် မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ဖြောင့်မတ်သောအကျင့် ရှိတော်မူပါပေ၏ (၂)။ အရိယာရှစ်ဖော် မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် မှန်ကန်လျောက်ပတ်သော အကျင့်ရှိတော်မူပါပေ၏ (၃)။ အရိယာရှစ်ဖော် မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ရိုသေအပ်သော အကျင့်ရှိတော်မူပါပေ၏ (၄)။ (ဤကား အကြောင်းဂုဏ် ၄-ပါးတည်း)။ အစုံအားဖြင့် လေးစုံ, ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါးရှိသော အရိယာရှစ်ဖော် ဤ မြတ်စွာဘုရား၏

WWW.DHAMMARANSI.COM



တပည့်သား သံဃာတော်သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ပါပေ၏ (၅)။ ဧည့်သည်တို့အလို့ငှါ စီမံထားသော ဝတ္ထုကိုသော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်ပါပေ၏ (၆)။ တမလွန်အတွက် ရည်မြှော်သော အလှူကို ခံတော်မူထိုက်ပါပေ၏ (၇)။ လက်အုပ်ချီမိုး ရှိခိုးရန် ထိုက်တန်ပါပေ၏ (၈)။ သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေလည်း ဖြစ်တော်မူပါပေ၏ (၉)'—

ဟု သံဃာအပေါ်၌ ငါတို့သည် သက်ဝင်ယုံကြည်ခြင်းနှင့် ပြည့်စုံကြကုန်အံ့-ဟူ၍ငှင်း,

'ငါတို့အိမ်၌ရှိသော ပေးလှူဖွယ်ဟူသမျှကို သီလရှိ၍ အကျင့်ကောင်းသူတို့နှင့် မခွဲခြားအံ့-ဟူ၍ငှင်း ဤသို့လျှင် သင်တို့သည် ကျင့်ရမည်'—

ဟု နောက်ဆုံးတရား ဟောကြားလေ၏။ ထိုနောက် စိတ္တသူကြွယ်သည် မိတ်ဆွေခင်ပွန်း ဆွေမျိုးသားချင်းတို့ကို ဘုရား, တရား, သံဃာ,စွန့်ကြဲပေးကမ်းခြင်း=ဤ လေးဌာနတို့၌ ဆောက်တည်စေပြီးလျှင် ကွယ်လွန်လေ၏။

(ဤ၌ ။စိတ္တသူကြွယ် စုတေပြီးနောက် မည်သည့်ဘုံ၌ ဖြစ်လေသည်-ဟု ကျမ်းဂန်အဆို အထူးမရှိသော်လည်း ထို စိတ္တသူကြွယ်မှာ အနာဂါမ်အရိယာဖြစ်သောကြောင့် (အသညသတ်ကြဉ်သော)ရူပါဝစရ ဗြဟ္မာ့ဘုံ ၁၅-ဘုံတို့တွင် တ့ဘုံဘုံ၌ ဖြစ်လေ၏၊ အထူးအားဖြင့် သုဒ္ဓါဝါသဘုံ၌ ဖြစ်လေ၏-ဟု အထူး မှတ်ယူသင့်၏)။

ဤကား စိတ္တသူကြွယ် အကြောင်းတည်း။

---

## (၃) ဟတ္ထကာဠဝကသီတင်းသည်အကြောင်း

### (က) သီတင်းသည်၏ ရှေးဆုတောင်း

ဤ ဟတ္ထကာဠဝကသီတင်းသည်အလောင်း သူတော်ကောင်းသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ

WWW.DHAMMARANSI.COM



မင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်၍ နောက်တချိန်ဝယ် မြတ်စွာဘုရား၏ တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က သင်္ဂဟဝတ္ထုလေးပါးတို့နှင့် ပြည့်စုံသူ ဥပါသကာတယောက်ကို ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုလုပ်၍ ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

### (ခ) နောက်ဆုံးဘဝ အာဠဝကမင်းသား ဖြစ်လာခြင်း

ထိုအမျိုးကောင်းသားသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပွင့်ထွန်းရာ ကာလဝယ် အာဠဝီတိုင်း အာဠဝီပြည် အာဠဝကမင်း၏သားတော် အာဠဝကမင်းသား ဖြစ်လာလေသည်။

(ဤမှနောက်–အာဠဝကမင်းကြီး တောကစားထွက်တော်မူသည်မှအစ အာဠဝကမင်းသား အနာဂါမ်တည် ပိဋကတ်သုံးပုံတတ်သိသည့် ဥပါသကာ သီတင်းသည်ဖြစ်လျက် သီတင်းသည်ဥပါသကာ-၅၀၀ အခြံအရံ ရှိကြောင်း တိုင်အောင်သော အကြောင်းအရာ အလုံးစုံကို အောက်မဟာဗုဒ္ဓဝင် စတုတ္ထတွဲ စာမျက်နှာ ၂၅၇-မှ စ၍ ၃၀၇-တိုင်အောင် ကျယ်ဝန်းစွာ အပြည့်အစုံ ရေးသားအပ်ပြီးလေပြီ၊ ပြန်လည်ကြည့်ရှုကြပါကုန်)။

### (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

တနေ့သ၌ ဟတ္ထကာဠဝကသီတင်းသည်သည် ဥပါသကာငါးရာတို့နှင့် အတူတကွ မြတ်စွာဘုရားရှင့် အထံတော်သို့ သွားရောက်၍ ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ထိုင်နေလေ၏။ မြတ်စွာဘုရားသည် အလွန်ယဉ်ကျေး သိမ်မွေ့လှစွာသော ဟတ္ထကာဠဝကသီတင်းသည်၏ ပရိသတ်ကို တွေ့မြင်တော်မူရ၍ "ချစ်သားအာဠဝက.... သင်၏ ပရိသတ်ကား များလှ၏၊ သင်ချစ်သားသည် ထိုပရိသတ်ကို အဘယ်သို့ သင်္ဂြိုဟ်ချီးမြှင့်သနည်း" ဟု မေးတော်မူလတ်သော် ဟတ္ထကာဠဝကသီတင်းသည်သည် မြတ်စွာဘုရားရှင်ကို—

WWW.DHAMMARANSI.COM



"မြတ်စွာဘုရား…တပည့်တော်သည် ဖွန့်ကြဲပေးကမ်း လှူဒါန်းမှု နှစ်သက်အားရရှိမည့်သူကို ဖွန့်ကြဲပေးကမ်း လှူဒါန်းခြင်း = ဒါနဖြင့် သင်္ဂြိုဟ်ချီးမြှင့်ပါသည် (၁)၊ ချစ်ဖွယ်စကား ပြောကြားမှု နှစ်သက်အားရရှိမည့်သူကို ချစ်ဖွယ်စကား ပြောကြားခြင်း = ပိယဝါစာဖြင့် သင်္ဂြိုဟ် ချီးမြှင့်ပါသည် (၂)၊ ကိစ္စကြီးငယ် ဖြစ်ပေါ်လာသော် ထို ကိစ္စကြီးငယ်ကို ပြီးမြောက်အောင် စောင့်ရှောက် ရွက် ဆောင်ပေးမှု နှစ်သက်အားရရှိမည့်သူကို ဖြစ်ပေါ်လာ သောကိစ္စ ပြီးမြောက်အောင်ရွက်ဆောင်ပေးခြင်း = အတ္ထ- စရိယာဖြင့် သင်္ဂြိုဟ်ချီးမြှင့်ပါသည် (၃)၊ ကိုယ်တူလားမှု နှစ်သက်အားရရှိမည့်သူကို ကိုယ်တူထားခြင်း = သမာ- နတ္တတာဖြင့် သင်္ဂြိုဟ်ချီးမြှင့်ပါသည် (၄)"——

ဟူ၍ ဖြေကြားလျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်သည် ထိုအကြောင်းကို အစွဲပြု၍ နောက် အဖို့ဝယ် ဇေတဝန်ကျောင်းတိုက်တော်၌ နေတော်မူလျက် ဥပါ- သကာတို့ကို ဧတဒဂ်ရာထူးဌာနန္တရ၌ ထားတော်မူလတ်သည် ရှိသော် ဤဟတ္ထကာဠဝကသိတင်းသည်ကို——

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ ယဒိဒံ ဟတ္ထကော အာဠဝကော = ရဟန်းတို့…(ဒါန, ပိယဝါ- စာ, အတ္ထစရိယာ, သမာနတ္တတာ-ဟူသော) သင်္ဂဟ- ဝတ္ထုလေးပါးတို့ဖြင့် မိမိ၏ပရိသတ်ကို ချီးမြှောက်ကြသည့် ငါဘုရား၏ တပည့် = သာဝကဥပါသကာတို့တွင် ဟတ္ထ- ကာဠဝကသိတင်းသည်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"——

ဟု ချီးကျူးမိန့်မြွက်တော်မူကာ ပရိသသင်္ဂဏှန = ပရိသတ်ကို ချီးမြှောက်သော အရာဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

ဤကား ဟတ္ထကာဠဝကသိတင်းသည် အကြောင်းတည်း။

WWW.DHAMMARANSI.COM



## (၅) မဟာနာမသာကီဝင်မင်းအကြောင်း

### (က) သာကီဝင်မင်း၏ ရှေးကောင်းမှု

ဤ မဟာနာမ သာကီဝင်မင်းအလောင်း သူတော်ကောင်းသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီမင်း နေပြည်၌ အမျိုးကောင်းသား ဖြစ်လတ်၍ မြတ်စွာဘုရား၏တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဥပါသကာတယောက်ကို "ပဏီတရသဒါန = အရသာကောင်းမြတ်သည့် ဆွမ်း, ဆေး လှူဒါန်းသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူးနှင့် ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

### (ခ) နောက်ဆုံးဘဝ မဟာနာမသာကီဝင်မင်း ဖြစ်ခြင်း

ထိုသူတော်ကောင်း အမျိုးကောင်းသားသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် ကပိလဝတ်ပြည်သကျ=သာကီဝင်မင်းမျိုး၌ မဟာနာမ-အမည်ရှိသော သာကီဝင်မင်းသား(အရှင်အနုရုဒ္ဓါ၏ နောင်တော်)ဖြစ်၍ အရွယ်သို့ရောက်လတ်သော် မြတ်စွာဘုရားရှင်ကို ပဌမအကြိမ် ဖူးမြော်ရလျှင်ပင် သောတာပတ္တိဖိုလ်၌ တည်လေသည် = သောတာပန် အရိယာ ဖြစ်လေသည်။

### (ဂ) ဧတဒဂ်ရာထူး ရရှိခြင်း

တနေ့သ၌ မြတ်စွာဘုရားသည် ဝေရဉ္ဇာပြည်၌ ဝါလပတ်လုံး သီတင်းသုံးနေတော်မူပြီး၍ (ဝါကျွတ်ပြီး၍) အစဉ်သဖြင့် ဒေသစာရီ ကြွချီတော်မူခဲ့ရာ ကပိလဝတ်နေပြည်တော်သို့ ရောက်တော်မူ၍ နိဂြောဓာရုံကျောင်းတိုက်၌ ရဟန်းအပေါင်းခြံရံလျက် သီတင်းသုံး နေထိုင်တော်မူဆဲ ဖြစ်၏။

WWW.DHAMMARANSI.COM



မဟာနာမသာကီဝင်မင်းသည် "မြတ်စွာဘုရား ကြွလာပြီ"ဟု သတင်းကြား၍ ဘုရားရှင့်ထံတော်မှောက်သို့ သွားရောက်ရှိခိုးကာ အပြစ်လွတ်ရာအရပ်က ထိုင်နေပြီးလျှင် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား.... 'ရဟန်းအပေါင်းသည် ဝေရဉ္ဇာပြည်၌ ဆွမ်းခံလှည့်လည်ရခြင်းဖြင့် အလွန်ပင်ပန်းဆင်းရဲသတဲ့'ဟု တပည့်တော် သတင်းစကား ကြားသိအပ်ပါသည်၊ တပည့်တော်အား လေးလပတ်လုံး နေ့စဉ်ရက်ဆက် ရဟန်းသံဃာအား ပြုစုလုပ်ကျွေးရန် ခံဝန်ချက်ပေးတော်မူကြပါဘုရား၊ တပည့်တော်သည် ရဟန်းသံဃာ၏ ကိုယ်၌ ဩဇာကို သွင်းထည့်ပေးလိုပါသည်ဘုရား"ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူသဖြင့် မဟာနာမသာကီဝင်မင်း၏ လျှောက်ထားချက်ကို လက်ခံတော်မူလေ၏။

မဟာနာမသာကီဝင်မင်းသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နောက်တနေ့မှ အစပြုကာ ဘုရားအမှူးရှိသော ရဟန်းသံဃာကို လွန်စွာမွန်မြတ်သော ဘောဇဉ်ငါးပါး, စတုမဓုဆေး-စသည်တို့ဖြင့် နေ့စဉ် နေ့စဉ် ပြုစုလုပ်ကျွေး၍ လေးလစေ့ပြန်သောအခါ တဖန်ထပ်၍ လေးလပတ်လုံးပင် ပြုစုလုပ်ကျွေးရန် ခံဝန်ချက်ရယူကာ လေးလဆက်ကာပြုစု၍ ရှစ်လစေ့ပြန်လျှင် တဖန်ထပ်၍ လေးလပတ်လုံးပင် ပြုစုလုပ်ကျွေးရန် ခံဝန်ချက်ရယူ လျှောက်ထားကာ လေးလဆက်လက် ပြုစုလုပ်ကျွေး၍ တနှစ်ပြည့်မြောက်လေသည်။ တနှစ်ပြည့်သောအခါလည်း တဖန်ထပ်၍ ပြုစုလုပ်ကျွေးရန် ခံဝန်ချက်ရယူ လျှောက်ထားပါသော်လည်း မြတ်စွာဘုရားသည် ခံဝန်ချက်ကို ပေးတော်မမူတော့ချေ။

(ဤ၌။ ။တနှစ်မှ အထက်ကား မဟာနာမသိက္ခာပုဒ်ဖြင့် ဆေးပစ္စည်းဖြင့် ဖိတ်ကြားမှုအတွက် လက်ခံသာယာခြင်းကို တားမြစ်အပ်သောကြောင့် ပြုစုလုပ်ကျွေးရန် ခံဝန်ချက်=ခွင့်ပြုချက်ကို ပေးတော်မမူတော့ချေ။ ချဲ့ဦးအံ့-မြတ်စွာဘုရားသည် တတိယအကြိမ်၌ မဟာနာမသာကီဝင်မင်းက "မြတ်စွာဘုရား....တပည့်တော်သည် သံဃာကို အသက်ထက်ဆုံး ဆေးပစ္စည်းဖြင့် ဖိတ်မန်ခြင်းငှါ အလိုရှိပါ၏=ဖိတ်မန်

WWW.DHAMMARANSI.COM



လိုပါ၏"ဟူ၍ လျှောက်ဆိုလေလျှင် "သာဓု သာဓု မဟာနာမ်....၊ မဟာနာမ်....ထိုသို့ဖြစ်လျှင် သင်သည် သံဃာကို အသက်ထက်ဆုံး ဆေးပစ္စည်းဖြင့် ဖိတ်မန်လေလော့" ဟု ခံဝန်ချက်=ခွင့်ပြုချက်ကို ပေးတော်မူပြီးသည်သာ ဖြစ်၏။ ဤသို့ ခံဝန်ချက်=ခွင့်ပြုချက် ပေးတော်မူပြီးနောက် ဆဗ္ဗဂ္ဂီရဟန်းတို့သည် မဟာနာမသာကီဝင်မင်းအား စိတ်ညစ်ဖွယ် သဒ္ဓါတရား ပျက်ပြားလောက်ဖွယ် အတင်းအကြပ် ပြောဆိုညှဉ်းပန်းအပ်ကြောင်းကို ကြားသိတော်မူ၍ ထိုရဟန်းတို့ကို ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင် (ဝိ ၂။ ၁၃၆-၁၃၇-တို့၌လာသည့်) "မနာမဖျားသော ရဟန်းသည် နောက်ထပ် ဖိတ်ကြားခြင်းနှင့် အမြဲဖိတ်ကြားခြင်းကို ကြဉ်၍ (=နောက်ထပ် ဖိတ်ကြားခြင်း, အမြဲဖိတ်ကြားခြင်းမရှိပဲ) လေးလသာ ဆေးဖြင့် ဖိတ်ကြားခြင်းကို လက်ခံ=သာယာရမည်၊ ထိုထက်အလွန် သာယာ=လက်ခံငြားအံ့၊ ထိုရဟန်းအား ပါစိတ်အာပတ် သင့်၏"ဟူ၍ သိက္ခာပုဒ်ကို ပညတ်တော်မူလေသည်။ (ဤသိက္ခာပုဒ်ကို မဟာနာမသိက္ခာပုဒ်ဟူ၍ ခေါ်၏၊ ထိုသိက္ခာပုဒ်ဖြစ်ပေါ်ခြင်း၏ အကြောင်းအရာအကျယ်ကို ဝိနည်း ပါစိတ်ပါဠိတော်မြန်မာပြန်စာမျက်နှာ ၁၅၃-မှစ၍ ကြည့်ရှုကုန်ရာ၏)။ ထိုကြောင့် အလျှင်လက်ဦးက ခွင့်ပြုပြီးဖြစ်သော်လည်း နောက်အခါဝယ် သိက္ခာပုဒ်ဖြင့် တားမြစ်အပ်သောကြောင့် "ခံဝန်ချက်ကို ပေးတော်မမူတော့ချေ"ဟု ဆိုအပ်လေသည်)။

မဟာနာမ သာကီဝင်မင်းသည်ကား ထိုအချိန်မှ အစပြု၍ မိမိထံမှောက် ကြွရောက်လာတိုင်းသော ရဟန်းသံဃာအား တိုနည်းအတိုင်းပင်လျှင် အလွန်မွန်မြတ်အရသာရှိသည့် ဘောဇဉ်ငါးပါး, စတုမဓုဆေးများဖြင့် ပြုစုလုပ်ကျွေးလေသည်။ ထိုသို့ မဟာနာမသာကီဝင်မင်း၏ "ရဟန်းသံဃာအား အလွန်မွန်မြတ်အရသာရှိသည့် ဘောဇဉ်ငါးပါး, စတုမဓုဆေးများဖြင့် ပြုစုလုပ်ကျွေးခြင်းတည်းဟူသော" ဂုဏ်သတင်းသည် ဇမ္ဗူဒိပ်တကျွန်းလုံး၌ ထင်ရှားစွာ ဖြစ်လေတော့၏။

ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတိုက်တော်၌ နေတော်မူ၍ ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် ဤမဟာနာမသာကီဝင်မင်းကို—

WWW.DHAMMARANSI.COM



“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပဏီတဒါယကာနံ ယဒိဒံ မဟာနာမော သက္ကော = ရဟန်းတို့... မွန်မြတ်သောဘောဇဉ်ရသာ, ဆေးပစ္စည်းကို လှူဒါန်းကြသည့် ငါဘုရား၏တပည့် = သာဝက ဥပါသကာတို့တွင် မဟာနာမသာကီဝင်မင်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ “ပဏီတဒါန = အကောင်းအမွန်ကို လှူဒါန်းသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

ဤကား မဟာနာမသာကီဝင်မင်း အကြောင်းတည်း။

---

## (၆) ဥဂ္ဂသူဌေးအကြောင်း

### (က) သူဌေး၏ ရှေးကောင်းမှု

ဤဥဂ္ဂသူဌေးအလောင်း သူတော်ကောင်းသည် ပဒုမုတ္တရ မြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားဖြစ်လတ်၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဥပါသကာ တယောက်ကို “မနာပဒါန = နှစ်သက်ဖွယ်သော အလှူဝတ်ကို ပေးလှူသောအရာ” ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရ ကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

### (ခ) နောက်ဆုံးဘဝ ဥဂ္ဂသူဌေးဖြစ်ခြင်း

ထိုသူတော်ကောင်း အမျိုးကောင်းသားသည် ကမ္ဘာတသိန်း ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရား မြတ်စွာ ပွင့်ထွန်းတော်မူရာ ကာလဝယ် ဝေသာလီပြည်အရပ်၌ သူဌေးမျိုးဝယ် ဖြစ်၍လာလေ၏။

WWW.DHAMMARANSI.COM



## ဥဂ္ဂသူဌေး-ဟု အမည်တွင်ခြင်း

ထိုသူဌေးသား မွေးဖွားပြီးကာလဝယ် အမည်သီးခြား မမှတ်သား မမှည့်မခေါ်အပ်ပေ။ အရွယ်ရောက်လာသော နောက်အဖို့၌ကား ထိုသူဌေးသား၏ ကိုယ်ခန္ဓာ=အတ္တဘောသည်လည်း အလုံးအပေါက် ပြည့်ဖြိုးမြင့်မောက်လျက် တန်ဆာဆင်အပ်သော တုရိုဏ်တိုင်ကဲ့သို့ရင်း, မြောက်ဆွဲ၍ထားအပ်သော ရွှေပုဆိုးကဲ့သို့ရင်း အလွန်တင့်တယ်လှပေ၏၊ ထိုသူဌေးသား၏ ဂုဏ်ကျေးဇူးများသည်လည်း တနေ့တခြား ထင်ရှားကျော်လွှမ်း၍သာ လာကုန်၏၊ ဤသို့လျှင် ထိုသူဌေးသားသည် ကိုယ်ခန္ဓာနှင့် ဂုဏ်ကျေးဇူးတို့ မြင့်မောက်ထင်ရှား ကျော်လွှမ်းခြင်းကြောင့် နောက်တချိန်ဝယ် "ဥဂ္ဂသူဌေး" ဟူ၍ လူသူလေးပါးတို့ ပြောကြားခေါ်ဆိုအပ်သူ ဖြစ်လာလေသည်။

အထူးအားဖြင့် ဤဥဂ္ဂသူဌေးသည် မြတ်စွာဘုရားရှင်ကို ပဌမအကြိမ် ဖူးတွေ့ရသောအခါကပင် သောတာပတ္တိဖိုလ်၌ တည်၍ (=သောတာပန်အရိယာဖြစ်၍) နောက်အဖို့ဝယ် အောက်မဂ်သုံးပါး, အောက်ဖိုလ်သုံးပါးတို့ကို မျက်မှောက်ပြုရလေသည် (အနာဂါမ်အရိယာ ဖြစ်လေသည်)။

ထိုဥဂ္ဂသူဌေးသည် အသက်အရွယ်ကြီးရင့်သောအခါဆိတ်ငြိမ်ရာသို့ ကပ်ရောက်တိုင်နေလျက် "ငါသည် အကြင်အကြင် ဝတ္ထုကို နှစ်သက်အပ် မြတ်နိုးအပ်၏၊ ထိုထိုနှစ်သက်အပ် မြတ်နိုးအပ်သော ဝတ္ထုကိုသာလျှင် မြတ်စွာဘုရားရှင်အား လှူပေအံ့၊ ငါသည် မြတ်စွာဘုရားရှင်၏ မျက်မှောက်တော်မှ 'နှစ်သက်မြတ်နိုးအပ်သောဝတ္ထုကို လှူဒါန်းသောသူသည် နှစ်သက်မြတ်နိုးအပ်သော အကျိုးကို ရ၏' ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်ကိုလည်း ကြားနာအပ်ဘူးလေပြီ"ဟု ကြံစည်ဆင်ခြင်မိလေသည်။ ထို့နောက် ဥဂ္ဂသူဌေး၏ စိတ်သန္တာန်ဝယ် "စင်စစ်သော်ကား မြတ်စွာဘုရားသည် ငါ၏စိတ်အကြံကိုသိတော်မူကာ အိမ်တံခါးဝသို့ ကြွသော်မူ ကြွတော်မူလေရာ၏" ဟု ကြံစည်စဉ်းစားမှု အထူးထလည် ဖြစ်၍လာလေသည်။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားသည်လည်း ဥဂ္ဂသူဌေး၏စိတ်အကြံကို သိတော်မူ၍ ရဟန်းအပေါင်း ခြံရံအပ်လျက် (ထိုခဏမှာပင်) သူဌေး၏ နေအိမ်တံခါးဝ၌ အထင်အရှား အံ့ဩဘနန်း ရောက်ရှိတော်မူလာလေ၏။ ဥဂ္ဂသူဌေးသည် "မြတ်စွာဘုရား ကြွလာတော်မူပြီ" ဟု ကြားသိ၍ အတိုင်းထက်အလွန် အားတက်ဝမ်းမြောက်ကာ မြတ်စွာဘုရားအထံတော်သို့ သွားရောက်၍ တည်ခြင်းငါးပါးဖြင့် ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် မြတ်စွာဘုရား၏ သပိတ်တော်ကို ဆီးကြိုယူလင့်၍ အိမ်အတွင်းသို့ ပင့်ဆောင်ခဲ့ကာ ခင်းထားအပ်ပြီး အသင့်ရှိနေသော ဘုရားနေရာတော်၌ မြတ်စွာဘုရားကို ၎င်း, ကြွင်းကျန်သော နေရာတို့၌ ရဟန်းအပေါင်းကို၎င်း ထိုင်နေတော်မူစေပြီး နောက် ဘုရားအမှူးရှိသော ရဟန်းသံဃာကို အထူးထူး အပြားပြား များမြတ်သော အရသာတို့ဖြင့် ပြုစုလုပ်ကျွေးလျက် ဆွမ်းကိစ္စ ပြီးလတ်သောအခါ အပြစ်လွတ်ရာ အရပ်၌ ထိုင်နေလျက် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလေ၏—

"(၁)–မြတ်စွာဘုရား.... 'မနာပဒါယီ လဘတေ မနာပံ = နှစ်ခြိုက်ဖွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်အကျိုးကို ရ၏' ဟူသော ဤတရားစကားတော်ကို အကျွန်ုပ်သည် မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာရဘူး, ခံယူရဘူးပါသည်။ မြတ်စွာဘုရား.... အကျွန်ုပ်၏ အင်ကြင်းပွင့် အဆင်းရှိသော ခဲဖွယ်သည် နှစ်ခြိုက်ဖွယ်ရှိပါသည်၊ မြတ်စွာဘုရားသည် သနားသမှု အကြောင်းပြု၍ အကျွန်ုပ်၏ ထိုခဲဖွယ်ကို ခံယူတော်မူစေချင်ပါသည်" ဟု လျှောက်ထားဆက်ကပ် လှူဒါန်းလေ၏။ မြတ်စွာဘုရားသည် ကရုဏာရှေးရှု အလှူခံတော်မူလေ၏။

တဖန် "(၂)–မြတ်စွာဘုရား....'မနာပဒါယီ လဘတေ မနာပံ = နှစ်ခြိုက်ဖွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်အကျိုးကို ရ၏" ဟူသော ဤတရားစကားတော်ကို အကျွန်ုပ်သည် မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာရဘူး, ခံယူရဘူးပါသည်။ မြတ်စွာဘုရား....အကျွန်ုပ်၏ ဆီးသီးဖြင့် စိမ်ထားသော ဝက်သား

WWW.DHAMMARANSI.COM



ဟင်းသည် နှစ်ခြိုက်ဖွယ်ရှိပါသည်။ (ပ)။ (၃) အကျွန်ုပ်၏ ကန့်စွန်းရွက် ဆီပြန်ကြော်သည် နှစ်ခြိုက်ဖွယ်ရှိပါသည်။ (ပ)။ (၄) မြတ်စွာဘုရား....ဆန်မည်းကို ရွေးဆယ်ဖယ်ရှား၍ များသော အရည်သောက်ဟင်းနှင့် စားမဲဟင်းလျာပါရှိသော အကျွန်ုပ်၏ သလေးဆွမ်းသည် နှစ်ခြိုက်ဖွယ်ရှိပါသည်။ (ပ)။ (၅) မြတ်စွာဘုရား....အကျွန်ုပ်၏ ကာသိကတိုင်းဖြစ် အဝတ်တို့သည် နှစ်ခြိုက်ဖွယ် ရှိပါကုန်သည်။ (ပ)။ (၆) မြတ်စွာဘုရား......အကျွန်ုပ်၏ ပလ္လင်, မွေးရှည်ကော်ဇောကြီး, ပန်းပြောက်ခြယ် သားမွေး အခင်း, ဝံပိုင့်ရေအခင်း, နီသောမျက်နှာကြက်နှင့် ဒုံးနီနှစ်ဖက်ရှိသည့် နေရာသည် နှစ်ခြိုက်ဖွယ်ရှိပါသည်၊ မြတ်စွာဘုရား.... အကျွန်ုပ်တို့သည်လည်း "ဤအရာဝတ္ထုများကား စင်စစ်အားဖြင့် မြတ်စွာဘုရားအား မအပ်" ဟု သိပါကုန်၏။ မြတ်စွာဘုရား.... အကျွန်ုပ်တို့၏ ဤစန္ဒကူးနှစ်ထိုင်ခုံသည် အဖိုးတသိန်းကျော်တန်ပါ၏၊ အကျွန်ုပ်၏ ထိုအသုံးအဆောင်ဝတ္ထုတို့ကို မြတ်စွာဘုရားသည် သနားသမှု အကြောင်းပြု၍ ခံယူတော်မူစေချင်ပါသည်"ဟု လျှောက်ထားဆက်ကပ် လှူဒါန်းလေ၏။ မြတ်စွာဘုရားသည် ကရုဏာရှေး၍ အလှူခံတော်မူလေ၏။

(ဤ၌ အထူးမှတ်ရန်မှာ—ဥဂ္ဂသူဌေးသည် ယာဂုသောက်ပြီးလျှင် ထိုင်နေတော်မူသော မြတ်စွာဘုရားအား ဆွမ်းမကပ်မီ အကြားကာလ၌ ထို အလှူဝတ်များကို လှူဒါန်းလို၍ ဆိုအပ်ပြီးအတိုင်း လျှောက်ထားလေသည်။

"မြတ်စွာဘုရားသည် ကရုဏာရှေး၍ အလှူခံတော်မူလေ၏" ဟူသောစကားမှာ ဒေသနာဦးတည်ချက်မျှသာ ဖြစ်သည်၊ စင်စစ်သော်ကား ဥဂ္ဂသူဌေးသည် ထို အလှူဝတ်တို့ကို မြတ်စွာဘုရားအားရှင်း, ရဟန်းငါးရာတို့အားရှင်း လှူဒါန်းသည်သာ ဖြစ်၏။

(၆) အမှတ်ပါ စကားရပ်တွင် "ဤ အရာဝတ္ထုများကား စင်စစ်အားဖြင့် မြတ်စွာဘုရားအား မအပ်-ဟု-သိပါကုန်၏" ဟူသော ဤစကားရပ်၌ မအပ်စပ်သော အလှူဝတ်ကို အစွဲပြု၍ အပ်စပ်သော အလှူဝတ်တို့ကိုပါ "မအပ်" ဟူ၍ ပြောဆိုခြင်း ဖြစ်လေသည်။ အမှန် စင်စစ်သော်ကား ဥဂ္ဂသူဌေးသည် အလုံးစုံသော အိပ်ရာနေရာ လှူဖွယ်

WWW.DHAMMARANSI.COM



ဝတ္ထုများကို ယူဆောင်စေကာ အစုအပုံပြုလုပ်ပြီးလျှင် မအပ်စပ်သည်များကို မိမိ၏အိမ်ဈေးဆိုင်သို့ပို့၍ အပ်စပ်သော ကပ္ပိယအသုံးအဆောင် အိပ်ရာနေရာ ဘဏ္ဍာများကို မြတ်စွာဘုရားအမှူးပြုသော ရဟန်းငါးရာတို့အား လှူဒါန်းလေသည်။

ထို (၆)အမှတ်ပြ စကားရပ်တွင် ပါရှိသည့်"အဖိုးတသိန်းကျော်တန် စန္ဒကူးနှစ်ထိုင်ခုံ"မှာ အလွန်မကြီးလှ၊ အလျားနှစ်တောင်ထွာ, အနံ တတောင့်ထွာ ပမာဏရှိသည်၊ ခိုင်မာ၍ လောကပညတ် မြတ်သော ဥစ္စာဖြစ်သောကြောင့် အဖိုးတသိန်းကျော် တန်လေသည်၊ မြတ်စွာဘုရားသည် ထိုစန္ဒကူးနှစ်ထိုင်ခုံကို အလှူခံတော်မူပြီးလျှင် အပိုင်းပိုင်း ဖြတ်စေ၍ ရဟန်းတို့အား မျက်စဉ်းကြိတ်ဖို့ရန် လှူဒါန်းစေတော်မူသည်။ ဤကား အထူးမှတ်ရန်တည်း)။

ထို့နောက် မြတ်စွာဘုရားသည် ဥဂ္ဂသူဌေးကို ဤဆိုလတ္တံ့သော တရား ဂါထာဘို့ဖြင့် အနုမောဒနာ တရား ဟောကြားတော်မူ၏—

မနာပဒါယီ လဘတေ မနာပံ၊
ယော ဥဇ္ဇုဘူတေသု ဒဒါတိ ဆန္ဒသာ။
အစ္ဆာဒနံ သယနမန္နပါနံ၊
နာနာပ္ပကာရာနိ စ ပစ္စယာနိ။

ဂဟပတိ = ဥဂ္ဂသည့ာ ဒါယကာ...၊ မနာပဒါယီ = နှစ်ခြိုက်ဖွယ်အလှူဝတ်တို့ကို ဖြူဆွတ်သည့် စေတနာ သဒ္ဓါ ပြဋ္ဌာန်း လှူဒါန်းသောသူသည်။ မနာပံ = နှစ်ခြိုက်ဖွယ် အမျိုးမျိုး အလှူ၏အကျိုးကို။ လဘတေ = မုချပိုင်ပိုင် ရယူနိုင်၏။ ယော = အမှတ်မထင် အကြင်သူသည်။ ဥဇ္ဇုဘူတေသု = ကိုယ်, နှုတ်, နှလုံး = သုံးပါးဖြောင့်မတ် ရဟန္တာပုဂ္ဂိုလ်မြတ်တို့၌။ ဆန္ဒသာ = ကုသိုလ်ဆန္ဒ ပြင်းပြ သက်ဝင် လိုလိုချင်ချင်အားဖြင့်။ အစ္ဆာဒနံ = အဝတ်ကိုရင်း။ သယနံ = အိပ်ရာနေရာကိုရင်း။ အန္နပါနံ = စားဖွယ်, သောက်ဖွယ် အသွယ်သွယ်ကိုရင်း။ နာနာပ္ပကာရာနိ = ထိုမှတပါး အထူးထူး အပြားပြားကုန်သော။

WWW.DHAMMARANSI.COM



ပစ္စယာနိ စ = ပစ္စည်းတို့ကိုငှင်း။ ဒဒါတိ = သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပေ၏။

စတ္တဉ္စ မုတ္တဉ္စ အနဂ္ဂဟိတံ၊
ခေတ္တူပမေ အရဟန္တေ ဝိဒိတွာ။
သော ဒုစ္စဇံ သပ္ပုရိသော စဇိတွာ၊
မနာပဒါယီ လဘတေ မနာပံ။

ယေန = အမှတ်မထင် အကြင်သူသည်၊ ခေတ္တူပမေ = လယ်မြေကောင်းနှင့် မခေခင်းပုံယူ တူတော်မူကြ ကုန်သော။ အရဟန္တေ=ရဟန္တာသခင် အရှင်မြတ်တို့ကို။ ဝိဒိတွာ = ပညာသက်ဝင် လင်းလင်းသိမြင်၍။ စတ္တဉ္စ = စွန့်လည်း စွန့်အပ်ပေ၏။ မုတ္တဉ္စ = လွှတ်လည်း လွှတ်အပ်ပေ၏။ အနဂ္ဂဟိတဉ္စ=ငဲ့ကွက်သည့်စိတ် ဒိတ်မရှိနဲ့ စွဲလည်း မစွဲယူအပ်ချေ။ မနာပဒါယီ = နှစ်ခြိုက်ဖွယ်အလှူဝတ်တို့ကို ဖြူစွတ်သည့်စေတနာ သဒ္ဓါပြဋ္ဌာန်း လှူဒါန်းလေ့ရှိသော။ သော သပ္ပုရိသော = နှလုံးပျော့ပျောင်း ထိုသူတော် ကောင်းသည်။ ဒုစ္စဇံ = သာမန်စိတ်ဖွဲ့ သဒ္ဓါမဲ့တို့ စွန့်ခဲ နိုင်သော အလှူဝတ်ကို။ စဇိတွာ = သဒ္ဓါမတွန့် လှူစွန့်၍။ ဝါ-လှူစွန့်သောကြောင့်။ မနာပံ = နှစ်ခြိုက်ဖွယ် အမျိုးမျိုး အလှူ၏အကျိုးကို။ လဘတေ = မုချပိုင်ပိုင် ရယူနိုင်၏။

မြတ်စွာဘုရားသည် ဥဂ္ဂသူဌေးကို ဤတရားဂါထာတို့ဖြင့် အနု မောဒနာ ပြုတော်မူ၍ နေရာမှထကာ ဖဲကြွတော်မူလေ၏။ ။ (ဤစကားရပ်စုကို ပိဋကတ်တော်မြန်မာပြန် အင်္ဂုတ္တိုရ် ဒုတိယ အုပ် စာမျက်နှာ ၅၃-၄-၅။ မနာပဒါယီသုတ်မှ ထုတ်နုတ်ဖော်ပြ အပ်သည်)။

ဥဂ္ဂသူဌေးသည် မြတ်စွာဘုရားရှင်ကို ထိုအလှူပွဲ၌ပင် "မြတ်စွာ ဘုရား.... 'မနာပဒါယီ လဘတေ မနာပံ = နှစ်ခြိုက်ဖွယ်ဝတ္ထုကို ပေးလှူသူသည် နှစ်ခြိုက်ဖွယ်အကျိုးကိုရ၏' ဟူသော ဤတရား စကားတော်ကို အကျွန်ုပ်သည် မြတ်စွာဘုရားမျက်မှောက်တော်မှ

WWW.DHAMMARANSI.COM



ကြားနာရဘူး, ခံယူရဘူးပါသည်။ မြတ်စွာဘုရား...အကျွန်ုပ်၏ ဥစ္စာဖြစ်သည့် နှစ်ခြိုက်ဖွယ်ရာ အကြင်အကြင် ဝတ္ထုပစ္စည်းသည် ရှိပါ၏၊ ထိုထိုဝတ္ထုပစ္စည်းကို အကျွန်ုပ်သည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းအပ်ပြီးသောလျှင် ဖြစ်ပါတော့သည်”ဟု အသိပေး လျှောက်ထားပြီးလျှင် ထိုအချိန်မှစ၍ မိမိပိုင် နှစ်ခြိုက်ဖွယ်ရာ ထိုထိုအလှူဝတ်များကို မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား မပြတ်လှူဒါန်းလေ၏။

## (ဂ) ဧတဒဂ်ဘွဲ့ထူးရရှိခြင်း

ဤအကြောင်းကြောင့်ပင် မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်းတိုက်တော်၌ နေတော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် ဤဥဂ္ဂသူဌေးကို—

> “ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ မနာပဒါယကာနံ ယဒိဒံ ဥဂ္ဂေါ ဂဟပတိ ဝေသာလိကော =ရဟန်းတို့...နှစ်သက်ဖွယ်သော (=နှစ်ခြိုက်ဖွယ်သော) ဝတ္ထုကို လှူလေ့ရှိကြသည့် ငါဘုရား၏ တပည့်=သာဝက ဥပါသကာတို့တွင် ဝေသာလီပြည်သား ဥဂ္ဂသူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ “မနာပဒါနံ = နှစ်ခြိုက်ဖွယ်သော ဝတ္ထုကို လှူဒါန်းသောအရာ” ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

### ဥဂ္ဂသူဌေး၏ ဘဝနောက်ဆုံး

ထိုနောက် အခါတပါး၌ ဝေသာလီပြည်သား ဥဂ္ဂသူဌေးသည် ကွယ်လွန်လေ၏။ ကွယ်လွန်ပြီးသောအခါ ဥဂ္ဂသူဌေးသည် တခုသော သုဒ္ဓါဝါသဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။ ထိုစဉ်အခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူဆဲဖြစ်၏။ ထိုအခါ သန်းခေါင်ယံ၌ အလွန်နှစ်သက်ဖွယ်သော အဆင်းရှိလျက် ဇေတဝန် ကျောင်းတိုက်

WWW.DHAMMARANSI.COM



အလုံးကို ထိန်းလင်းတောက်ပစေကာ ဥဂ္ဂမြဟ္မာသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍ ရိုသေမြတ်နိုး ရှိခိုးဦးညွတ်ပြီးလျှင် အံမြွှစ်လွတ်ရာအရပ်၌ ရပ်တည်နေလေ၏။ ထို ဥဂ္ဂမြဟ္မာကို မြတ်စွာဘုရားသည်—

"ဥဂ္ဂ ... အသို့နည်း (= ဘယ့်နှယ်လဲ) သင့်အဖို့ရာ အလိုအတိုင်း ပြည့်စုံ၏လော"—

ဟု မေးတော်မူလေ၏။ ဥဂ္ဂမြဟ္မာသည် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား...တပည့်တော်၏အဖို့ရာ စင်စစ် အလိုအတိုင်း ပြည့်စုံပါ၏"—

ဟု ပြန်လည်ဖြေကြား လျှောက်ထားလေ၏။

(ဤ၌ "အဘယ်ကို မေး၍ အဘယ်ကို ဖြေသနည်း" ဟု မေးရန်ရှိ၏။ အဖြေကား—အရဟတ္တဖိုလ်ကို မေး၍ အရဟတ္တဖိုလ်ကို ဖြေ၏ဟု မှတ်ယူရာ၏။ ထင်ရှားစေဦးအံ့—ဥဂ္ဂမြဟ္မာ၏အဖို့ရာ လူဖြစ်စဉ်အခါ၌ အရဟတ္တဖိုလ်ကို ရရှိရန် အလိုဆန္ဒ ပြင်းပြစွာ ဖြစ်ရှိလေသည်၊ ထို့ကြောင့် ထိုအရဟတ္တဖိုလ်ကို ရည်တော်မူ၍ "သင့်အဖို့ရာ အလိုအတိုင်း ပြည့်စုံ၏လော" ဟု မေးတော်မူလေသည်။ ဥဂ္ဂမြဟ္မာသည်လည်း ထိုအချိန်ဝယ် အရဟတ္တဖိုလ်သို့ ရောက်ရှိပြီးဖြစ်သောကြောင့် ထိုအရဟတ္တဖိုလ်ကို ရည်ရွယ်၍ "တပည့်တော်၏အဖို့ရာ စင်စစ် အလိုအတိုင်း ပြည့်စုံပါ၏" ဟု ဖြေကြားလေသည်)။

ထို့နောက် မြတ်စွာဘုရားသည် ဥဂ္ဂမြဟ္မာကို ဤဆိုလတ္တံ့သော နှစ်ဂါထာတို့ဖြင့် တရားဟောတော်မူလေ၏—

မနာပဒါယီ လဘတေ မနာပံ၊
အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ။
ဝရဿ ဒါတာ ဝရလာဘိ ဟောတိ၊
သေဋ္ဌန္ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။

နှစ်မြို့က်ဖွယ်ကို ပေးလှူသူသည် နှစ်မြို့က်ဖွယ်ကို ရ၏၊ မွန်မြတ်သည်ကို ပေးလှူသူသည် တဖန် မွန်မြတ်သည်ကို ရ၏။

WWW.DHAMMARANSI.COM



တောင့်တအပ်သည်ကို ပေးလှူသူသည် တောင့်တအပ်သည်ကို ရ၏။

ချီးမွမ်းအပ်သည်ကို ပေးလှူသူသည် ချီးမွမ်းအပ်သည့်ဌာနသို့ ရောက်၏။

ယော အဂ္ဂဒါယီ ဝရဒါယီ၊
သေဋ္ဌဒါယီ စ ယော နရော။
ဒီဃာယု ယသဝါ ဟောတိ၊
ယတ္ထ ယတ္ထူပပဇ္ဇတိ။

အကြင်သူသည် အလွတ်အမြတ် ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ တောင့်တအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ အကြင်သူသည် ချီးမွမ်းအပ်သော ဝတ္ထုပစ္စည်းကို ပေးလှူလေ့ရှိ၏၊ ထိုသူသည် ဖြစ်လေရာရာ ဘုံဘဝ၌ အသက်ရှည်သူ အခြံအရံများသူ ဖြစ်ရ၏။

ဤကား ဥဂ္ဂသူဌေးအကြောင်းတည်း။

---

## (၇) ဥဂ္ဂတသူဌေးအကြောင်း

### (က) သူဌေး၏ ရှေးကောင်းမှု

ဤဥဂ္ဂတသူဌေးအလောင်း သူတော်ကောင်းသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားဖြစ်လတ်၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဥပါသကာ တယောက်ကို "သံဃုပဋ္ဌာက = ရဟန်းသံဃာအား စိတ်တူမျှစွာထား၍ ပြုစုလုပ်ကျွေးသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်းပတ္ထနာခဲ့မှု ပြုလေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

WWW.DHAMMARANSI.COM



## (ခ) နောက်ဆုံးဘဝ ဥဂ္ဂတသူဌေးဖြစ်ခြင်း

ထိုသူတော်ကောင်း အမျိုးကောင်းသားသည် ကမ္ဘာတသိန်း ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် ဟတ္ထိဂါမအရပ်၌ သူဌေးမျိုးဝယ် ဖြစ်လာလေ၏။ ထိုသူဌေးသား၏ အမည်ကို "ဥဂ္ဂတ သတို့သား" ဟူ၍ မှည့်ခေါ်ကြကုန်၏။ ထိုဥဂ္ဂတသူဌေး သားသည် အရွယ်ရောက်သည့် နောက်အဖို့ဝယ် ဘခင်သူဌေး ကွယ်လွန်သောအခါ၌ သူဌေးအရာသို့ ဆိုက်ရောက်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်း ခြံရံ အပ်လျက် ဓရီးဒေသစာရီ ကြွချီတော်မူလတ်သော် ဟတ္ထိဂါမ အရပ်သို့ ရောက်တော်မူ၍ နာဂဝနမည်သော ဥယျာဉ်၌ သီတင်း သုံး နေထိုင်တော်မူဆဲ ဖြစ်၏။ ထိုအခါ ဥဂ္ဂတသူဌေးသည် ခုနစ် ရက်ပတ်လုံး သေသောက်ကြူး ယစ်မူးလျက် ကချေသည်တို့ဖြင့် ခြံရံအပ်ကာ နာဂဝနဥယျာဉ်သို့ သွားရောက်၍ မြူးထူးပျော်ပါး ကစားလတ်သည်ရှိသော် မြတ်စွာဘုရားရှင်ကို ဖူးတွေ့ရ၍ အားကြီးသော အရှက်, အကြောက်ကို ဖြစ်စေလေ၏။ ထို့နောက် မြတ်စွာဘုရားရှင့်ထံတော်သို့ သွားရောက်ဆည်းကပ်လေလျှင် ထို ဥဂ္ဂတသူဌေး၏ သေယစ်မူးမှုအလုံးစုံသည် ချုပ်ငြိမ်းလေတော့၏။ ဥဂ္ဂတသူဌေးသည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ အပြစ်လွတ်ရာ အရပ်၌ ထိုင်နေလေ၏။ ထိုအခါ ဥဂ္ဂတသူဌေးအား မြတ်စွာ ဘုရားသည် တရားဟောတော်မူ၏။ ဒေသနာနိဂုံး ဆုံးသောအခါ ဥဂ္ဂတသူဌေးသည် အောက်မဂ်,အောက်ဖိုလ် သုံးပါးတို့သို့ ဆိုက် ရောက်လေ၏ (= အနာဂါမ်အရိယာ ဖြစ်လေ၏)။

ဥဂ္ဂတသူဌေးသည် ထိုအချိန်မှစ၍ ကချေသည်မိန်းမရှင်တို့ကို "သင်တို့သည် အလိုရှိတိုင်း ချမ်းသာစွာ သွားကြကုန်လော့" ဟု ပြောဆိုစွန့်လွှတ်လိုက်၍ အလှူပေးရခြင်း၌သာ မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်သူဖြစ်လျက် ရဟန်းသံဃာအား အလှူဒါနကိုသာလျှင် ပေးလှူ၍ နေလေတော့၏။ နတ်တို့သည် ညဉ့်အချိန်ပိုင်း၏ အခြား မဲ့ကာလ၌ လာရောက်ကြ၍ ဥဂ္ဂတသူဌေးအား "သူဌေး— ဤ

WWW.DHAMMARANSI.COM



မည်သော ရဟန်းသည် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသည့် တေဝိဇ္ဇ ရဟန္တာဖြစ်၏၊ ဤမည်သောရဟန်းသည် အဘိညာဏ်ခြောက်ပါး နှင့် ပြည့်စုံသည့် ဆဠဘိညရဟန္တာ ဖြစ်၏၊ ဤမည်သော ရဟန်း သည် သီလရှိ၏၊ ဤမည်သော ရဟန်းသည် သီလမရှိ = ဒုဿီလ ပုဂ္ဂိုလ်ဖြစ်၏”ဟု ပြောကြားကြကုန်၏။ ဥဂ္ဂတသူဌေးသည် နတ်တို့ ၏ စကားကို ကြားရ၍လည်း (ဒုဿီလပုဂ္ဂိုလ်တို့ အတွက်နှင့် သဒ္ဓါတရား ပျက်စီးခြင်း မရှိပဲ) သီလဝန္တရဟန်းသံဃာ အရိယာ အရှင်မြတ်တို့၏ဂုဏ်ကျေးဇူးကိုသာ အမှန်အတိုင်း သိမှတ်အာရုံပြု ကြည်ညိုလေသည်။ (ဒုဿီလပုဂ္ဂိုလ်တို့၏ အပြစ်ကိုမူ အာရုံမပြု ချေ၊ အတုယူဖွယ် ကောင်းလှ၏)။ လှူဖွယ်ဝတ္ထုပစ္စည်းကိုကား သီလဝန္တပုဂ္ဂိုလ်, ဒုဿီလပုဂ္ဂိုလ် = နှစ်မျိုးလုံးအားပင် တူမျှသော သဒ္ဓါစိတ်ဖြင့် လှူဒါန်းလေသည်။ မြတ်စွာဘုရားရှင်၏ အနီး ထံတော်ပါး၌ ထိုင်နေလျှင်လည်း (ဒုဿီလပုဂ္ဂိုလ်တို့၏ အပြစ် ကို လုံးဝမလျှောက်ထား မပြောကြားပဲ) သီလဝန္တအရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးကိုသာလျှင် ချီးမွမ်းစကား လျှောက်ထားလေသည်။

## (၈) တေဒဂ်ဘွဲ့ထူး ရရှိခြင်း

ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် နောက်အဖို့ဝယ် ဇေ- တဝန်ကျောင်းတိုက်တော်၌ နေတော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် ဤ ဥဂ္ဂတသူဌေးကို—

> ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ သံဃုပဋ္ဌာကာနံ ယဒိဒံ ဟတ္ထိဂါမကော ဥဂ္ဂတော ဂဟ- ပတိ = ရဟန်းတို့...သံဃာအား စိတ်တူမျှစွာထား၍ ပြုစု လုပ်ကျွေးကြသော ငါဘုရား၏ တပည့် = သာဝက ဥပါ- သကာတို့တွင် ဟတ္ထိဂါမအရပ်သား (ဆင်ရွာသား) ဥဂ္ဂတသူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

WWW.DHAMMARANSI.COM



ဟု ချီးကျူးမိန့်မြွက်တော်မူကာ "သံယုပဋ္ဌာန = သံဃာ့ကျော်အား စိတ်ဘူမျှစွာထား၍ ပြုစုလုပ်ကျွေးသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

**အထူးမှတ်ရန်—**

(ဤဥဂ္ဂတသူဌေး၏ နေရပ်ဖြစ်သည့် ဟတ္ထိဂါမအရပ်(ဆင်ရွာ)ကား ဝဇ္ဇီတိုင်း၌ ရှိလေသည်။ ဤယခု (၇) အမှတ်ပါ ဟတ္ထိဂါမအရပ်သား ဥဂ္ဂတသူဌေးနှင့် ရှေ့(၆)အမှတ်ပါ ဝေသာလီပြည်သား ဥဂ္ဂသူဌေး ဤနှစ်ဦးတို့သည် အံ့ဖွယ်ရှစ်ပါးစီရှိကြသော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြသည်။ အကြောင်းအရာ အကျယ်ကို ပိဋကတ်တော် မြန်မာပြန် အင်္ဂုတ္တိုရ်တဘ်ယအုပ် အဋ္ဌကနိပါတ် ပဌမပဏ္ဏာသက ဒုဂဟပတိဝဂ် ပဌမသုတ် ဒုတိယသုတ် စာမျက်နှာ (၄၇) မှ စ၍ ကြည့်ရှုမှတ်ယူကုန်ရာ၏။ ဤကျမ်း၌မူ အကျဉ်းချုပ်မျှ ဖော်ပြပေအံ့—

**( ၆ ) အမှတ်ပါ ဥဂ္ဂသူဌေး၏ အံ့ဖွယ်ရှစ်ပါး**

အခါတပါး၌ မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တောကူဋာဂါရသာလာ ကျောင်းတိုက်တော်၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းတော်တို့ကို "ရဟန်းတို့... ဝေသာလီပြည်သား ဥဂ္ဂသူဌေးကို အံ့ဖွယ်တရား ရှစ်ပါးတို့နှင့် ပြည့်စုံသောသူ ဟူ၍ မှတ်ယူကြကုန်လော့" ဟု အကျဉ်းမျှ မိန့်တော်မူပြီးလျှင် ကျောင်းတွင်း (ဂန္ဓကုဋီကျောင်းဆောင်)သို့ ဝင်တော်မူလေ၏။

ထို့နောက် ရဟန်းတပါးသည် နံနက်အခါ ဥဂ္ဂသူဌေး၏ နေအိမ်သို့ ကြွရောက်၍ အသင့်ခင်းထားအပ်သော နေရာ၌ ထိုင်နေလေ၏။ (ဥဂ္ဂသူဌေးအိမ်၌ ရဟန်းငါးရာ ထိုင်နေနိုင်ရန် နေရာငါးရာ အမြဲခင်းထားပြီး ရှိလေသည်)။ ထို့နောက် ထိုရဟန်းသည် မိမိထံမှောက်သို့ လာရောက်ရှိခိုးကာ အပြစ်လွတ်ရာအရပ်၌ ထိုင်နေသော ဥဂ္ဂသူဌေးကို "သူဌေး... သင့်ကို မြတ်စွာဘုရားရှင်က အံ့ဖွယ်ရှစ်ပါးတို့နှင့် ပြည့်စုံသူဟူ၍ မိန့်ကြားတော်မူအပ်ပြီ၊ သူဌေး... သင့်ကို မြတ်စွာဘုရားရှင်က အံ့ဖွယ်ရှစ်ပါးတို့နှင့် ပြည့်စုံသူဟူ၍ မိန့်ကြားတော်မူအပ်သည့် ထိုအံ့ဖွယ်ရှစ်ပါးတရားတို့ကား အဘယ်တရားတို့ပါနည်း" ဟု မေးမြန်းလေ၏။

ဥဂ္ဂသူဌေးက "အရှင်ဘုရား.... 'အဘယ်မည်သော အံ့ဖွယ်ရှစ်မျိုးတို့နှင့် တပည့်တော်ပြည့်စုံ၏' ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်

WWW.DHAMMARANSI.COM



ကိုမှ တပည့်တော် မသိပါ၊ စင်စစ်သော်ကား အရှင်ဘုရား.... တပည့်တော်၏ အဖို့ရာ အံ့ဖွယ်ရှစ်ပါးတို့ ရှိကြပါသည်၊ ထို အံ့ဖွယ်ရှစ်ပါးတို့ကို နာတော်မူပါ၊ ကောင်းစွာ နှလုံးသွင်းတော်မူပါ၊ တပည့်တော် လျှောက်ထားပါမည်”ဟု ဆိုလေလျှင် ထိုရဟန်းသည် “ကောင်းပြီ သူဌေး....” ဟူ၍ ဝန်ခံလေ၏။ ထိုအခါ ဥဂ္ဂသူဌေးသည် ထိုရဟန်းကို ဤသို့ လျှောက်ထားလေ၏—

(၁) အရှင်ဘုရား.... တပည့်တော်သည် မြတ်စွာဘုရားကို ရှေးဦးပဌမ အဝေးမှပင် ဖူးမြင်လိုက်ရသည်နှင့် တပြိုင်နက် တပည့်တော်၏ စိတ်သည် မြတ်စွာဘုရား၏ အပေါ်၌ အကြွင်းမဲ့ယုံကြည် ကြည်ညို၍ သွားပါသည်၊ (ဘုရား ဟုတ်လေသလော, မဟုတ်လေသလော - ဟု တွေးတောကြံစည်ခြင်း အလျှင်းမဖြစ်ပါ၊ ဤသူမြတ်သည် ဘုရားစင်စစ်ကေန်ဖြစ်၏-ဟု တပည့်တော်၏ စိတ်သည် အလွန်ကြည်ညို၍ သွားပါသည်။ နှောက်ကျုခြင်း အလျှင်းမရှိပါ)။ အရှင်ဘုရား....တပည့်တော်၏ အဖို့ရာ “မြတ်စွာဘုရားကို ဖူးတွေ့ရသည်နှင့်တပြိုင်နက်ပင် ဘုရားရှင်၏ အပေါ်၌ အကြွင်းမဲ့ယုံကြည် ကြည်ညိုခြင်း” တည်းဟူသော ဤ ပဌမ အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၂) အရှင်ဘုရား....တပည့်တော်သည် သဒ္ဓါရွှန်းစို ကြည်ညိုသော စိတ်ရှိလျက် မြတ်စွာဘုရားသို့ ဆည်းကပ်ပါသည်၊ တပည့်တော်အား မြတ်စွာဘုရားသည် မဂ်ဖိုလ်ရောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ=ဒါနနှင့်စပ်သော တရားစကား, (၂) သီလကထာ= သီလနှင့်စပ်သော တရားစကား, (၃) သဂ္ဂကထာ=နတ်ရွာသုဂတိနှင့် စပ်သော တရားစကား, (၄) မဂ္ဂကထာ= မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကျင့်စဉ်နှင့် စပ်သောတရားစကားတို့ကို အစဉ်အတိုင်း ဟောကြားတော်မူပါသည်၊ ထိုသို့ ဟောကြားတော်မူသဖြင့် တပည့်တော်၏အဖို့ရာ ခံ့သောစိတ်ရှိ, နူးညံ့သောစိတ်ရှိ, ပိတ်ပင်ခြင်း နီဝရဏမှ ကင်းသောစိတ်ရှိ, တက်ကြွဝမ်းမြောက်သောစိတ်ရှိ, ကြည်လင်သော စိတ်ရှိသည်ကို သိတော်မူသောအခါ မြတ်စွာဘုရားသည် တပည့်တော်အား ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ ဟူသော သစ္စာလေးဝ သာမုက္ကံသိက ဓမ္မဒေသနာကို ဟောကြားပြသတော်မူပါသည်။ ထိုအခါ တပည့်တော်သည် အနာဂါမိဖိုလ်ရောက် ဓမ္မစက္ခု အသိဉာဏ်ပေါက်ခဲ့ပါသည်=အနာဂါမ်အရိယာ ဖြစ်ခဲ့ပါသည်။ အနာဂါမ်အရိယာဖြစ်ပြီးလျှင် လောကုတ္တရာသရဏဂုံခံယူ၍ ဗြဟ္မစရိယပဉ္စမက သီလကို ဆောက်တည်ကျင့်သုံးခဲ့ပါသည်။ (အများဆောက်

WWW.DHAMMARANSI.COM



ဏည် ကျင့်သုံးနေကျဖြစ်သည့် ရိုးရိုးငါးပါးသီလတွင် "ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"ဟု ဆောက်တည်သော နေရာဝယ် "အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ" ဟု ဆို၍ ဆောက်တည်ကျင့်သုံးအပ်သော ငါးပါးသီလကို ဗြဟ္မစရိယပဉ္စမက သီလဟူ၍ ခေါ်၏)။ အရှင်ဘုရား... တပည့်တော်၏ အဖို့ရာ ဤကဲ့သို့ "မြတ်စွာဘုရားရှင်ကို ပဌမအကြိမ် ဖူးတွေ့ တရားနာရ၍ အနာဂါမ်အရိယာ ဖြစ်ရှိကာ လောကုတ္တရာသရဏဂုံနှင့်တကွ ဗြဟ္မစရိယပဉ္စမက သီလကို ခံယူဆောက်တည်ကျင့်သုံးခြင်း" တည်းဟူသော ဤဒုတိယ အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၃) အရှင်ဘုရား... တပည့်တော်မှာ ကုမာရီရွယ် နုနယ်ပျိုမျစ်သော မယားလေးယောက်တို့ ရှိကြပါသည်၊ အရှင်ဘုရား... တပည့်တော်သည် အနာဂါမ်အရိယာ ဖြစ်ပြီးသောအခါ အိမ်သို့ပြန်လာကာ ထိုမယားလေးယောက်တို့ကိုခေါ်၍ "နှမတို့...ငါသည် ဗြဟ္မစရိယပဉ္စမက သီလကို ဆောက်တည်ကျင့်သုံးအပ်လေပြီ၊ အလိုရှိသောနှမသည် ဤအိမ်၌ပင်လျှင် စည်းစိမ်တို့ကိုလည်း သုံးဆောင်ခံစားလော့၊ ကောင်းမှုကုသိုလ်တို့ကိုလည်း ပြုလော့၊ ဆွေမျိုးမိဘအိမ်သို့ ပြန်လိုလျှင်လည်း စားသုံးလောက်အောင် ဥစ္စာများကို ယူဆောင်၍ ဆွေမျိုးမိဘအိမ်သို့ ပြန်လော့၊ သို့မဟုတ် ယောကျ်ားတပါးကို အလိုရှိကြလျှင်လည်း 'အဘယ်ယောကျ်ားအား သင်တို့ကို ပေးရမည်-ဆိုသည်ကို' ပြောကြားကြလော့"ဟု ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုစကား ပြောကြားပါသည်။ အရှင်ဘုရား... ဤသို့ ပြောဆိုအပ်သော် မယားကြီးသည် "အရှင်... ကျွန်တော်မကို ဤမည်သော ယောကျ်ားအား ပေးစားပါလော့" ဟု ဆို၏၊ အရှင်ဘုရား...ထိုအခါ တပည့်တော်သည် ထိုယောကျ်ားကို ခေါ်စေ၍ လက်ဝဲလက်ဖြင့် မယားကြီးကို ကိုင်လျက်, လကျ်ာလက်ဖြင့် ရေကရားကို ကိုင်ပြီးလျှင် ထိုယောကျ်ားအား ထိုမယားကြီးကို စွန့်လှူ ပေးစားလိုက်ပါ၏။ အရှင်ဘုရား... တပည့်တော်သည် ကုမာရီရွယ် နုနယ်ပျိုမျစ်သော မယားကြီးကို ထိုသို့ စွန့်လှူ ပေးစားလိုက်သည် ရှိသော် စိတ်တမျိုး ပြောင်းလွဲဖောက်ပြန်သွားသည်ကို မသိရှိပါ (စိတ်တမျိုး ပြောင်းလွဲဖောက်ပြန်၍ (မသွားပါ-ဟု ဆိုလိုသည်)။ အရှင်ဘုရား...တပည့်တော်၏အဖို့ရာ "မယားကြီးကို ယောကျ်ားတပါးအား ပေးစားစွန့်လှူလိုက်ရသော်လည်း စိတ်တမျိုး ပြောင်းလွဲဖောက်ပြန်မှု မရှိခြင်း" တည်းဟူသော ဤတတိယ အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

WWW.DHAMMARANSI.COM



(၄) အရှင်ဘုရား...တပည့်တော်၏ အိမ်၌ ရှိသမျှစည်းစိမ်ဥစ္စာတို့ကို ကောင်းသောအကျင့်ရှိတော်မူကြသည့် သီလဝန္တပုဂ္ဂိုလ်မြတ်တို့နှင့် မခွဲခြားအပ်ပါကုန်။ (ဤမြေ့ ဤမျှကို ငါလှူအံ့, ဤမြေ့ ဤမျှကိုမူ ငါမလှူ၊ ဤဝတ္ထုများကို ငါလှူအံ့, ဤဝတ္ထုများကိုမူ ငါမလှူ-ဟူ၍ စိတ်ကိုဖြစ်စေသူသည် မိမိစည်းစိမ်ဥစ္စာတို့ကို သီလဝန္တပုဂ္ဂိုလ်မြတ်တို့နှင့် ခွဲခြားအပ်သည် မည်ကုန်၏။ တပည့်တော်၏အဖို့မှာ ထိုကဲ့သို့ စိတ်မဖြစ်ပါ၊ စင်စစ်သော်ကား တပည့်တော်၏ စည်းစိမ်ဥစ္စာရှိသမျှတို့သည် သံဃိက(သံဃာပစ္စည်း) ဥစ္စာတို့ကဲ့သို့၎င်း, ဂဏသန္တက (ဂိုဏ်းဓ်ပစ္စည်း)ဥစ္စာတို့ကဲ့သို့၎င်း သီလဝန္တပုဂ္ဂိုလ်မြတ်တို့နှင့် ဆက်ဆံကုန်၏=သက်ဆိုင်ကုန်၏ဟူ၍သာ စိတ်ထားပါသည်)။ အရှင်ဘုရား... တပည့်တော်၏အဖို့မှာ ယင်းကဲ့သို့ "မိမိ၏ စည်းစိမ်ဥစ္စာရှိသမျှတို့ကို သီလဝန္တပုဂ္ဂိုလ်မြတ်တို့နှင့် မခွဲခြားပဲ ဆက်ဆံကုန်၏=သက်ဆိုင်ကုန်၏ ဟူ၍ စိတ်ထားခြင်း"တည်းဟူသော ဤစတုတ္ထ အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၅) အရှင်ဘုရား...တပည့်တော်သည် ရဟန်းတော်မြတ် တပါးပါးသို့ ဆည်းကပ်, ပြုစုလျှင် ရိုသေစွာသာလျှင် ဆည်းကပ်, ကိုယ်တိုင်ကိုယ်ကြွပ်ပြုစုပါသည်၊ မရိုမသေ မဆည်းကပ် မပြုစုပါ။ အရှင်ဘုရား... တပည့်တော်၏အဖို့မှာ ယင်းကဲ့သို့သော "ရဟန်းသူမြတ်တို့ကို ရိုသေစွာ ဆည်းကပ် ပြုစုခြင်း"တည်းဟူသော ဤငါးခုမြောက် အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၆) အရှင်ဘုရား...ထိုအရှင်က တပည့်တော်အား တရားဟောလျှင် ရိုသေစွာသာလျှင် တရားနာပါ၏၊ မရိုမသေ မနာပါ။ အကယ်၍ ထိုအရှင်က တပည့်တော်အား တရားမဟောလျှင် တပည့်တော်သည် ထိုအရှင်အား တရားဟောပါ၏။ အရှင်ဘုရား... တပည့်တော်၏အဖို့မှာ ယင်းကဲ့သို့ "ရဟန်းသူမြတ်က တရားဟောလျှင် ရိုသေစွာ နာယူခြင်း, ရဟန်းသူမြတ်က တရားမဟောလျှင် မိမိကတရားဟောခြင်း" တည်းဟူသော ဤခြောက်ခုမြောက် အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၇) အရှင်ဘုရား...တပည့်တော်ကို နတ်တို့က ချဉ်းကပ်၍ "သူဌေး...မြတ်စွာဘုရားသည် တရားတော်ကို စ, လယ်, အဆုံး သုံးပါးအရံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပါပေ၏" ဟု ပြောလာကြပါသည်၊ အရှင်ဘုရား...ဤသို့ ပြောလာကြသည် ရှိသော် တပည့်တော်သည် ထိုနတ်တို့ကို "သင်နတ်တို့က ဤသို့

WWW.DHAMMARANSI.COM



ပြောကြသည်ဖြစ်စေ, မပြောကြသည်ဖြစ်စေ (=ပြောပြော, မပြော မပြော) စင်စစ်သော်ကား မြတ်စွာဘုရားသည် တရားတော်ကို စ,လယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပေ၏"ဟု ဤသို့ ပြန်လည်ပြောဆိုပါသည်၊ ဤသို့ တပည့်တော်ကို နတ်တို့က ချဉ်းကပ်၍ ပြောလာကြခြင်းသည် အံ့ဖွယ်မဟုတ်ပါ။ အရှင်ဘုရား...ထိုသို့ နတ်တို့ မိမိထံချဉ်းကပ်လာခြင်း, နတ်တို့နှင့် အတူတကွ စကားပြောရခြင်းဟူသော အကြောင်းကြောင့် "ငါ့ထံသို့ နတ်တို့ ချဉ်းကပ်ကုန်၏" ဟူ၍၎င်း, "ငါသည် နတ်တို့နှင့်အတူတကွ စကားပြောရ၏"ဟူ၍၎င်း စိတ်၏တက်ကြွမှုကို တပည့်တော် မသိစဘူးပါ (=စိတ်မတက်ကြွစဘူးပါ)။အရှင်ဘုရား...တပည့်တော်၏အဖို့ရာ ယင်းကဲ့သို့ "ငါ့ထံသို့ နတ်တို့ချဉ်းကပ်ကုန်၏, ငါသည် နတ်တို့နှင့်အတူတကွ စကားပြောရ၏-ဟု စိတ်မတက်ကြွခြင်း" တည်းဟူသော ဤခုနစ်ခုမြောက် အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၈) အရှင်ဘုရား တပည့်တော်သည် မြတ်စွာဘုရား ဟောတော်မူအပ်သည့် အောက်(ကာမ)ဘုံသို့ ဆွဲဆောင်တတ်သော ဩရမ္ဘာဂိယ သံယောဇဉ်ငါးမျိုးတို့တွင် မိမိ၌ မပယ်အပ်သေးသည့် တစုံတခုသော သံယောဇဉ်ကိုမျှ မတွေ့မြင်ပါ။ (ဤစကားရပ်ဖြင့် မိမိ၏ အနာဂါမိ အရိယာဖြစ်ကြောင်းကို ဖော်ပြသည်)။ အရှင်ဘုရား...တပည့်တော်၏ အဖို့ရာ "အနာဂါမိအရိယာဖြစ်ခြင်း"တည်းဟူသော ဤရှစ်ခုမြောက် အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

အရှင်ဘုရား....တပည့်တော်၏အဖို့ရာ ဤအံ့ဖွယ်တရား ရှစ်ပါးတို့ ထင်ရှားရှိကြပါသည်။ "အဘယ်မည်သော အံ့ဖွယ်ရှစ်မျိုးတို့နှင့် တပည့်တော်ပြည့်စုံ၏"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကိုကား တပည့်တော် မသိပါ-ဟု ဤကဲ့သို့ လျှောက်ထားလေ၏။

ထို့နောက် ထိုရဟန်းသည် ဥဂ္ဂသူဌေးအိမ်မှ ဆွမ်းခံခဲ့၍ နေရာမှ ထသွားခဲ့ကာ ဆွမ်းစားပြီးနောက် မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်ရှိခိုး၍ အပြစ်လွတ်ရာအရပ်၌ ထိုင်နေလျက် မိမိနှင့် ဥဂ္ဂသူဌေးတို့ မေး,ဖြေ=ပြောဆိုခဲ့သမျှ စကားအလုံးစုံကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းကို—

"ရဟန်း....ကောင်းစွ ကောင်းစွ၊ ကောင်းစွာ ဖြေကြား ပြောဆိုလိုသူသည် ဥဂ္ဂသူဌေးပြောကြားသည့်အတိုင်း ဖြေကြားပြောဆိုရာ၏။

WWW.DHAMMARANSI.COM



ရဟန်း....ဥဂ္ဂသူဌေးကို သူဖြေကြားသည့် အံ့ဖွယ်ရှစ်ပါးတို့နှင့် ပြည့်စုံ၏– ဟု ငါဘုရား မိန့်ကြားအပ်ပေ၏။ ရဟန်း....ဥဂ္ဂသူဌေးကို သူဖြေကြားသည့် အံ့ဖွယ်ရှစ်ပါးတို့နှင့် ပြည့်စုံသူဟူ၍ မှတ်ယူလေလော့"— ဟု မိန့်တော်မူ၏။ ။(ဤကား ဥဂ္ဂသူဌေး၏ အံ့ဖွယ်ရှစ်ပါးတို့ပေတည်း)။

## (၇) အမှတ်ပါ ဥဂ္ဂတသူဌေး၏ အံ့ဖွယ်ရှစ်ပါး

အခါတပါး၌ မြတ်စွာဘုရားသည် ဝဇ္ဇီတိုင်း ဟတ္ထိဂါမအရပ်(ဆင်ရွာ)၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတော်တို့ကို "ရဟန်းတို့.... ဟတ္ထိရွာသား (=ဆင်ရွာသား) ဥဂ္ဂတသူဌေးကို အံ့ဖွယ်တရား ရှစ်ပါးတို့နှင့် ပြည့်စုံသောသူဟူ၍ မှတ်ယူကြကုန်လော့" ဟု အကျဉ်းမျှ မိန့်တော်မူပြီးလျှင် ကျောင်းတွင်းသို့ ဝင်တော်မူလေ၏။

ထို့နောက် ရဟန်းတပါးသည် ရှေးနည်းအတူ နံနက်အခါ ဥဂ္ဂတသူဌေးနေအိမ်သို့ ကြွရောက်၍ ဥဂ္ဂတသူဌေးကို ရှေးဖော်ပြရာပါ ရဟန်းအတူ မေးလေ၏။ ဥဂ္ဂတသူဌေးက ရှေးဥဂ္ဂသူဌေးနည်းတူ လျှောက်ထား၍ မိမိ၏ အံ့ဖွယ်ရှစ်ပါးကို ဖြေကြား လျှောက်ဆိုသည်မှာ—

"(၁) အရှင်ဘုရား.... တပည့်တော်သည် မိမိပိုင်အညွှ နာဂဝနဥယျာဉ် (=ကံ့ကော်တောဥယျာဉ်)၌ အခရံ့ငါးပါး လိုက်စားမှုမိုက်ပျော်ပိုက်နေစဉ် မြတ်စွာဘုရားကို ရှေးဦးအစ အဝေးမှပင် ဖူးမြင်လိုက်ရသည်နှင့် တပြိုင်နက် တပည့်တော်၏ စိတ်သည် မြတ်စွာဘုရား၏ အပေါ်၌ အကြွင်းမဲ့ ယုံကြည် ကြည်ညိုရ၍ သွားပါသည်၊ သေယစ်မူးမှုသည်လည်း ချုပ်ငြိမ်း၍ သွားပါသည်။ အရှင်ဘုရား.... တပည့်တော်၏ အဖို့ရာ "မြတ်စွာဘုရားကို ဖူးတွေ့ရသည်နှင့် တပြိုင်နက်ပင် ဘုရားရှင်၏ အပေါ်၌ အကြွင်းမဲ့ ယုံကြည် ကြည်ညိုခြင်း, သေယစ်မူးမှု ချုပ်ငြိမ်းခြင်း" တည်းဟူသော ဤပဌမအံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၂) အရှင်ဘုရား....တပည့်တော်သည် သဒ္ဓါရှိန်းစို့ ကြည်ညိုသော စိတ်နှလျက် မြတ်စွာဘုရားသို့ ဆည်းကပ်ပါသည်၊ တပည့်တော်အား မြတ်စွာဘုရားသည် မင်္ဂလိုပ်မောက်ကြောင်း ကောင်းမြတ်သော တရားလမ်းစဉ်ဖြစ်သည့် (၁) ဒါနကထာ, (၂) သီလကထာ, (၃) သဂ္ဂကထာ, (၄) မဂ္ဂကထာ တို့ကို အစဉ်အတိုင်း ဟောကြားတော်မူပါသည်၊ ထိုသို့ ဟောကြားတော်မူသဖြင့် တပည့်တော်၏အဖို့ရာ နုံသော စိတ်ရှိ, နူးညံ့သောစိတ်ရှိ, ပိတ်ပင်ခြင်း နီဝရဏမှ ကင်းသော စိတ်ရှိ, ထက်ကြွဝမ်းမြောက်သော စိတ်ရှိ, ကြည်လင်သော စိတ်ရှိသည်ကို

WWW.DHAMMARANSI.COM



သိတော်မူသောအခါ မြတ်စွာဘုရားသည် တပည့်တော်အား ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂဟူသော သစ္စာလေးဝ သာမုက္ကံသိက ဓမ္မဒေသနာကို ဟောကြား ပြသတော်မူပါသည်၊ ထိုအခါ တပည့်တော်သည် အနာဂါမိဖိုလ်ရောက် ဓမ္မစက္ခုအသိဉာဏ် ပေါက်ခဲ့ပါသည်=အနာဂါမ် အရိယာ ဖြစ်ခဲ့ပါသည်။ အနာဂါမ်အရိယာ ဖြစ်ပြီးလျှင် လောကုတ္တရာ သရဏဂုံခံယူ၍ ဗြဟ္မစရိယပဉ္စမကသီလကို ဆောက်တည် ကျင့်သုံးခဲ့ပါသည်။ အရှင်ဘုရား ... တပည့်တော်၏အဖို့ရာ ဤကဲ့သို့ "မြတ်စွာဘုရားရှင်ကို ပဌမအကြိမ် ဖူးတွေ့ တရားနာရ၍ အနာဂါမ်အရိယာ ဖြစ်ရကာ လောကုတ္တရာသရဏဂုံနှင့်တကွ ဗြဟ္မစရိယပဉ္စမကသီလကို ခံယူဆောက်တည် ကျင့်သုံးခြင်း" တည်းဟူသော ဤဒုတိယ အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၃) အရှင်ဘုရား.... တပည့်တော်မှာ ကုမာရီအရွယ် နုနယ်ပျိုမျစ်သော မယားလေးယောက်တို့ ရှိကြပါသည်၊ အရှင်ဘုရား.... တပည့်တော်သည် အနာဂါမ်အရိယာ ဖြစ်ပြီးသောအခါ အိမ်သို့ ပြန်လာကာ ထိုမယားလေးယောက်တို့ကို ခေါ်၍ "နှမတို့....ငါသည် ဗြဟ္မစရိယပဉ္စမက သီလကို ဆောက်တည် ကျင့်သုံးအပ်လေပြီ၊ အလိုရှိသော နှမသည် ဤ., အိမ်၌ပင်လျှင် စည်းစိမ်တို့ကိုလည်း သုံးဆောင် ခံစားလော့၊ ကောင်းမှုကုသိုလ်တို့ကိုလည်း ပြုလော့၊ ဆွေမျိုးမိဘအိမ်သို့ ပြန်လိုလျှင်လည်း စားသုံးလောက်အောင် ဥစ္စာများကို ယူဆောင်၍ ဆွေမျိုးမိဘအိမ်သို့ ပြန်လော့၊ သို့မဟုတ် ယောကျ်ားတပါးကို အလိုရှိကြလျှင်လည်း 'အဘယ် ယောကျ်ားအား သင်တို့ကို ပေးရမည်ဆိုသည်ကို' ပြောကြားကြလော့" ဟု ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုစကား ပြောကြားပါသည်။ အရှင်ဘုရား.... ဤသို့ ပြောဆိုအပ်သော် မယားကြီးသည် "အရှင်.... ကျွန်တော်မကို ဤမည်သော ယောကျ်ားအား ပေးစားပါလော့" ဟု ဆို၏။ အရှင်ဘုရား.... ထိုအခါ တပည့်တော်သည် ထိုယောကျ်ားကို ခေါ်စေ၍ လက်ဝဲလက်ဖြင့် မယားကြီးကို ကိုင်လျက်, လကျ်ာလက်ဖြင့် ရေကရားကို ကိုင်ပြီးလျှင် ထိုယောကျ်ားအား ထိုမယားကြီးကို စွန့်လှူ ပေးစားလိုက်ပါ၏။ အရှင်ဘုရား....တပည့်တော်သည် ကုမာရီရွယ် နုနယ် ပျိုမျစ်သော မယားကြီးကို ထိုသို့ စွန့်လှူ ပေးစားလိုက်သည်ရှိသော် စိတ်တမျိုး ပြောင်းလွဲဖောက်ပြန်၍ မသွားပါ။ အရှင်ဘုရား....တပည့်တော်၏အဖို့ရာ "မယားကြီးကို ယောကျ်ားတပါးအား ပေးစားစွန့်လှူ လိုက်ရသော်လည်း စိတ်တမျိုး ပြောင်းလွဲ ဖောက်ပြန်မှု မရှိခြင်း" တည်းဟူသော ဤ တတိယ အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

WWW.DHAMMARANSI.COM



(၄) အရှင်ဘုရား ...တပည့်တော်၏အိမ်၌ ရှိသမျှစည်းစိမ်ဥစ္စာတို့ကို ကောင်းသောအကျင့်ရှိတော်မူကြသည့် သီလဝန္တပုဂ္ဂိုလ်မြတ်တို့နှင့် မခွဲခြားအပ်ပါကုန်။ အရှင်ဘုရား ......တပည့်တော်၏အဖို့မှာ ယင်းကဲ့သို့ "မိမိ၏ စည်းစိမ်ဥစ္စာရှိသမျှတို့ကို သီလဝန္တပုဂ္ဂိုလ်မြတ်တို့နှင့် မခွဲခြားပဲ ဆက်ဆံကုန်၏=သက်ဆိုင်ကုန်၏ဟူ၍ စိတ်ထားခြင်း" တည်းဟူသော ဤစတုတ္ထ အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၅) အရှင်ဘုရား.......တပည့်တော်သည် ရဟန်းတော်မြတ် တပါးပါးသို့ ဆည်းကပ်, ပြုစုလျှင် ရိုသေစွာသာလျှင် ဆည်းကပ်, ကိုယ်တိုင်ကိုယ်ကြပ် ပြုစုပါသည်၊ မရိုမသေ မဆည်းမကပ်, မပြုစုပါ။ ထိုအရှင်က တပည့်တော်အား တရားဟောလျှင် ရိုသေစွာသာလျှင် တရားနာပါ၏၊ မရိုမသေမနာပါ။ အကယ်၍ထိုအရှင်ကတပည့်တော်အား တရားမဟောလျှင် တပည့်တော်သည် ထိုအရှင်အား တရားဟောပါ၏။ အရှင်ဘုရား.... တပည့်တော်၏အဖို့မှာ ယင်းကဲ့သို့ "ရဟန်းသူမြတ်တို့ကို ရိုသေစွာ ဆည်းကပ်ပြုစုခြင်း, ရဟန်းသူမြတ်က တရားဟောလျှင် ရိုသေစွာ နာယူခြင်း, ရဟန်းသူမြတ်က တရားမဟောလျှင် မိမိက တရားဟောခြင်း" တည်းဟူသော ဤငါးခုမြောက် အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၆) အရှင်ဘုရား....တပည့်တော်က သံဃာကို ပင့်ဖိတ်အပ်သည်ရှိသော် နတ်တို့သည် ချဉ်းကပ်၍ တပည့်တော်ကို "သူဌေး........ဤမည်သောရဟန်းသည် ရူပကာယ, နာမကာယ=နှစ်ပါးစုံမှ လွတ်မြောက်သော=ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် ပညာဖြင့် လွတ်မြောက်သော=ပညာဝိမုတ္တပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် နာမကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းရှိသော=ကာယသက္ခိပုဂ္ဂိုလ်တည်း၊ ဤမည်သောရဟန်းသည် အထက်ဖိုလ်သို့ရောက်သော=ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်တည်း၊ ဤမည်သောရဟန်းသည် သဒ္ဓါဖြင့် လွတ်မြောက်သော=သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်တည်း၊ ဤမည်သောရဟန်းသည် ပညာတရားဖြင့် အထက်မဂ်သို့ အစဉ်လျှောက်သော= ဓမ္မာနုသာရီပုဂ္ဂိုလ်တည်း၊ ဤမည်သောရဟန်းသည် သဒ္ဓါဖြင့် အထက်မဂ်သို့ အစဉ်လျှောက်သော=သဒ္ဓါနုသာရီပုဂ္ဂိုလ်တည်း၊ ဤမည်သော ရဟန်းသည် သီလရှိ၏, ကောင်းသောအကျင့်ရှိ၏၊ ဤမည်သောရဟန်းသည် သီလမရှိ, ယုတ်ညံ့သော အကျင့်ရှိ၏" ဟု ပြောလာကြပါကုန်၏၊ ထိုသို့ နတ်တို့ လာရောက်ပြောကြားခြင်းသည် အံ့ဖွယ်မဟုတ်ပါ။ အရှင်ဘုရား...တပည့်တော်သည် သံဃာတော်ကို ပြုစု လုပ်ကျွေးသည်ရှိသော် "ဤမည်သောပုဂ္ဂိုလ်အားမူ ဒုသီလဖြစ်သည့်အတွက် ဆွမ်းနည်းငယ်

WWW.DHAMMARANSI.COM



ပေးလှူအံ့၊ ဤမည်သော ပုဂ္ဂိုလ်အားမူ သီလဝန္တဖြစ်သည့်အတွက် များစွာပေးလှူအံ့”ဟု ဤသို့ စိတ်ဖြစ်သည်ကို မသိစဘူးပါ(ထိုသို့သော စိတ်မျိုး မဖြစ်စဘူးပါ)၊ အရှင်ဘုရား....စင်စစ်သော်ကား တပည့်တော်သည် သီလဝန္တပုဂ္ဂိုလ်, ဒုဿီလပုဂ္ဂိုလ်=နှစ်မျိုးလုံး၌ပင် ညီမျှသော စိတ်ရှိလျက်သာ ပေးလှူပါ၏။ အရှင်ဘုရား.......တပည့်တော်၏အဖို့ရာ ယင်းကဲ့သို့ “သီလဝန္တပုဂ္ဂိုလ်, ဒုဿီလပုဂ္ဂိုလ်=နှစ်မျိုးလုံး၌ပင် ညီမျှသောစိတ်ရှိလျက်ပေးလှူပြုစုခြင်း”တည်းဟူသောဤခြောက်ခုမြောက် အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၇)., အရှင်ဘုရား.......တပည့်တော်ကို နတ်တို့က ချဉ်းကပ်၍ “သူဌေး...မြတ်စွာဘုရားသည် တရားတော်ကို စ, လယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ်ပါ ပေ၏”ဟု ပြောလာကြပါသည်၊ အရှင်ဘုရား....ဤသို့ပြောလာကြသည် ရှိသော် တပည့်တော်သည် ထိုနတ်တို့ကို “သင်နတ်တို့က ဤသို့ပြောကြ သည်ဖြစ်စေ, မပြောကြသည်ဖြစ်စေ (=ပြောပြော, မပြောမပြော) စင်စစ်သော်ကား မြတ်စွာဘုရားသည် တရားတော်ကို စ, လယ်, အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာ ဟောကြားတော်မူအပ် ပေ၏”ဟု ဤသို့ ပြန်လည်ပြောဆိုပါသည်၊ ဤသို့ တပည့်တော်ကို နတ်တို့က ချဉ်းကပ်၍ ပြောလာကြခြင်းသည် အံ့ဖွယ်မဟုတ်ပါ။ အရှင် ဘုရား...ထိုသို့ နတ်တို့ မိမိထံချဉ်းကပ်လာခြင်း, နတ်တို့နှင့်အတူတကွ စကားပြောရခြင်းဟူသော အကြောင်းကြောင့် “ငါ့ထံ နတ်တို့ ချဉ်းကပ်ကုန်၏” ဟူ၍၎င်း, “ငါသည် နတ်တို့နှင့် အတူတကွ စကား ပြောရ၏” ဟူ၍၎င်း စိတ်၏တက်ကြွမှုကို တပည့်တော် မသိစဘူးပါ (=စိတ် မတက်ကြွစဘူးပါ)။ အရှင်ဘုရား.......တပည့်တော်၏အဖို့ရာ ယင်းကဲ့သို့ “ငါ့ထံသို့ နတ်တို့ချဉ်းကပ်ကုန်၏, ငါသည် နတ်တို့နှင့် အတူတကွ စကားပြောရ၏-ဟု စိတ်မတက်ကြွခြင်း” တည်းဟူသော ဤခုနစ်ခုမြောက် အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

(၈) အရှင်ဘုရား....တပည့်တော်သည် မြတ်စွာဘုရား၏ အလျှင် လက်ဦး (=မြတ်စွာဘုရား၏ အလျှင်) အကယ်၍ သေရပါမူ တပည့် တော်ကို မြတ်စွာဘုရားက “ဟတ္ထိဂါမအရပ်သား (=ဆင်ရွာသား) ဥဂ္ဂတသူဌေးမှာ နောက်ထပ်တဖန် ဤကာမဘုံသို့ ပြန်လာရောက် ကြောင်း သံယောဇဉ်ဟူ၍ မရှိတော့ပြီ” ဟု မိန့်ကြားတော်မူရာသော အကြောင်းသည် အံ့ဖွယ်မဟုတ်ပါ၊ (ဤစကားရပ်ဖြင့် မိမိအနာဂါမ် အရိယာဖြစ်ကြောင်းကို ဖော်ပြသည်)။ အရှင်ဘုရား...တပည့်တော်၏

WWW.DHAMMARANSI.COM



အဖို့ရာ ယင်း၊ကဲ့သို့ "နောက်ထပ်တဖန် ဤကာမဘုံသို့ ပြန်လာရောက်ကြောင်း (=ဩရမ္ဘာဂိယ) သံယောဇဉ်ဟူ၍ မရှိခြင်း" တည်းဟူသော ဤရှစ်ခုမြောက် အံ့ဖွယ်တရားသည် ထင်ရှားရှိပါ၏။

အရှင်ဘုရား.... တပည့်တော်၏အဖို့ရာ ဤအံ့ဖွယ်တရား ရှစ်ပါးတို့ ထင်ရှားရှိကြပါသည်။ "အဘယ်မည်သော အံ့ဖွယ်ရှစ်ပါးတို့နှင့် တပည့်တော် ပြည့်စုံ၏" ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကိုကား တပည့်တော် မသိပါ" —

ဟု ဤကဲ့သို့ လျှောက်ထားလေ၏။ ။(ထိုနောက် အကြောင်းအရာများမှာ ရှေ့ ဥဂ္ဂသူဌေးဝတ္ထုနှင့် ထပ်မျှတူ၏။ ဤကား ဥဂ္ဂတသူဌေး၏ အံ့ဖွယ်ရှစ်ပါးတို့တည်း။ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဤ သူဌေးနှစ်ယောက်တို့၏အမည်ကို ဥဂ္ဂဟူ၍ချည်း လာရှိသော်လည်း ဤ ယခုစာအုပ်ပါဠိတော်အလာကို ထောက်ဆ၍ ဝေသာလီပြည်သား သူဌေးကို ဥဂ္ဂသူဌေးဟူ၍, ဟတ္ထိဂါမဆာရပ်သား (=ဆင်ရွာသား) သူဌေးကို ဥဂ္ဂတသူဌေးဟူ၍ ရေးသားဖော်ပြအပ်သည်။ ဤ သူဌေးနှစ်ဦးတို့အတွက် အံ့ဖွယ်ရှစ်ပါးကို အကျဉ်းသရုပ်မျှရေးသားဖော်ပြရန် ဖြစ်သော်လည်း ကြည်ညိုဖွယ်ရှိလှသောကြောင့် အကြောင်းအရာအကျယ်ကိုပါ ရေးသားဖော်ပြအပ်ပေသည်။ ။ဤကား အထူးမှတ်ဖွယ်တည်း)။

ဤကား ဥဂ္ဂတသူဌေး အကြောင်းတည်း။

---

## (ဂ) သူရမ္ဗဋ္ဌသူဌေးအကြောင်း

### (က) သူဌေး၏ ဧရှေးကောင်းမှု

ဤသူရမ္ဗဋ္ဌသူဌေးအလောင်း သူတော်ကောင်းသည်လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်လတ်၍ မြတ်စွာဘုရား၏ တရားစကားကို ကြားနာရသည်ရှိသော် မြတ်စွာဘုရားရှင်က ဥပါသကာ တယောက်ကို "အဝေစ္စပသာဒ = သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး—တဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို

WWW.DHAMMARANSI.COM



ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

## (စ) နောက်ဆုံးဘဝ သူရမ္မဋ္ဌသူဌေးဖြစ်ခြင်း

ထိုသူတော်ကောင်း အမျိုးကောင်းသားသည် ကမ္ဘာတသိန်း ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤ ဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် သာဝတ္ထိပြည်၌ သူဌေးမျိုးဝယ် ဖြစ်၍လာလေ၏။ ထိုသူဌေးသား၏ အမည်ကို "သူရမ္မဋ္ဌသတို့သား"ဟူ၍ မှည့်ခေါ်ကြကုန်၏။ ကိုသူရမ္မဋ္ဌသူဌေး သားသည် အရွယ်ရောက်သည့် နောက်အဖို့ဝယ် အိမ်ရာ၌တည်၍ (=အိမ်ထောင်ကျ၍) သာသနာပြင်ပ တိတ္ထိများ၏ အလုပ် အကျွေး ဒါယကာဖြစ်လျက် လှည့်လည်ကျက်စား သွားလာ နေထိုင်လေ၏။

## သူရမ္မဋ္ဌသူဌေး သောတာပန်ဖြစ်ခြင်း

ထို့နောက် တနေ့သ၌ မြတ်စွာဘုရားသည် နံနက်မိုးသောက်ထ အခါ သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် သူရမ္မဋ္ဌ သူဌေး၏ သောတာပတ္တိမဂ်ကိုရကြောင်း ရေးကောင်းမှုကို မြင် တော်မူ၍ ဆွမ်းခံချိန်၌ သူရမ္မဋ္ဌသူဌေးနေအိမ်တံခါးဝသို့ ဆွမ်းခံ ကြွတော်မူလေ၏။သူရမ္မဋ္ဌသူဌေးသည် မြတ်စွာဘုရားရှင်ကိုဖူးမြင် ရလျှင် "ရဟန်းဂေါတမသည် မြတ်သောမင်းမျိုး၌လည်း ဖြစ်သူ မှန်၏၊ လောက၌လည်း အလွန်ထင်ရှား ကျော်ကြားသူဖြစ်၏၊ သို့ရကား ထိုရဟန်းဂေါတမထံမှောက်သို့ မသွားရောက်လျှင် သင့် လျော်ပတ်မည် မဟုတ်ချေ" ဟု ကြံစည်အောက်မေ့၍ မြတ်စွာ ဘုရား၏ အထံတော်သို့ သွားရောက်လျက် ခြေတော်တို့၌ ရှိခိုး ပြီးသော် သပိတ်တော်ကို ယူဆောင်ကာ အိမ်တွင်းသို့ ပင့်သွင်း၍ သူမြတ်တို့နှင့်သာ ထိုက်တန်သောပလ္လင်၌ နေရာပေးထိုင်နေ စေပြီးလျှင် ဆွမ်းဆက်ကပ် ပြုစုလုပ်ကျွေးပြီးနောက် အပြစ်လွတ်ရာ အရပ်၌ ထိုင်နေလေ၏။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားသည် သူရမ္ဗဋ္ဌသူဌေးအား စရိုက်နှင့် သင့်လျော်လျောက်ပတ်သော တရားစကားကို ဟောကြားတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးသောအခါ သူရမ္ဗဋ္ဌသူဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏ = သောတာပန်အရိယာ ဖြစ်လေ၏။ မြတ်စွာဘုရားသည်လည်း သူရမ္ဗဋ္ဌသူဌေးကို သောတာပတ္တိဖိုလ်အရောက် ချီးမြှောက် ဆုံးမတော်မူပြီးလျှင် ကျောင်းတော်သို့ တဖန် ပြန်ကြွတော်မူလေ၏။

## မာရ်နတ် အကဲစမ်းလာခြင်း

ထို့နောက် မာရ်နတ်သည် "ဤသူရမ္ဗဋ္ဌမည်သည်ကား (တိတ္ထိတို့ တပည့် ဖြစ်၍) ငါတို့၏ ဥစ္စာ = ငါတို့လူသာ ဖြစ်ချေသည်၊ သို့သော် မြတ်စွာဘုရားသည် ယနေ့ သူ၏အိမ်သို့ ကြွတော်မူလေသည်၊ အသို့နည်း(=ဘယ့်နှယ်လဲ) သူရမ္ဗဋ္ဌသည် မြတ်စွာဘုရား၏ တရားကို ကြားနာရ၍ အရိယမဂ်တရား ထင်ရှားဖြစ်အောင် ပြုနိုင်လေသလော၊ သူ၏အဖို့ရာ ငါ့ပိုင်နက်ဖြစ်သော အာရုံငါးသွယ်ကာမနယ်ပယ်မှ လွန်မြောက်ခြင်း, မလွန်မြောက်ခြင်းကို လင်းလင်းသိအောင် ငါ စုံစမ်းပေအံ့" ဟု ကြံစည်၍ မိမိကိုယ်တိုင်က အလိုရှိရာရုပ်ကို ဖန်ဆင်းနိုင်သော တန်ခိုးရှင်ဖြစ်ရကား မာရ်နတ်သားသည် မြတ်စွာဘုရားနှင့်တူအောင် တန်ခိုးရုပ်ကို ဖန်ဆင်း၍ သက်န်းကိုင်ပုံ, သပိတ်ကိုင်ပုံ အလုံးစုံကိုလည်း မြတ်စွာဘုရား၏ အသွင်အပြင်အတိုင်း ပြုလုပ်ကာ မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့ကို ဆောင်သူ ဖြစ်လျက် သူရမ္ဗဋ္ဌသူဌေး၏ နေအိမ်တံခါးဝ၌ ရပ်တည်လာလေ၏။

သူရမ္ဗဋ္ဌသူဌေးသည်လည်း "မြတ်စွာဘုရား တဖန် ကြွလာတော်မူပြန်သည်"ဟု ကြားသိ၍ "ဘုရားရှင်တို့အဖို့ရာ အကြောင်းမဲ့ကြွလာခြင်းမည်သည် မရှိချေ၊ အဘယ်အကြောင်းကြောင့် တဖန်မြတ်စွာဘုရား ကြွလာတော်မူပြန်ပါလိမ့်"ဟု လျင်မြန်စွာ "မြတ်စွာဘုရား"ဟူသော အမှတ်ဖြင့် ဘုရားယောင်ဖန် ထိုမာရ်နတ်အထံသို့ သွားရောက်, ရှိခိုး, အပြစ်လွတ်ရာအရပ်၌ ရပ်တည်လျက်

WWW.DHAMMARANSI.COM



"မြတ်စွာဘုရား····အရှင်ဘုရားတို့သည် ယခုပင်လျှင် ဤအိမ်၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူ၍ ကြွသွားတော်မူပြီးစ ဖြစ်ပါသည်၊ အဘယ်အကြောင်းကို အစွဲပြု၍ တဖန် ကြွရောက်တော်မူလာပြန်ပါကုန်သနည်း" ဟု ရိုသေစွာ မေးလျှောက်လေ၏။

မာရ်နတ်သည် "ဒါယကာသူရမ္ဗဋ္ဌ····ငါဘုရားသည် တရားဟောစဉ်က တခုသောစကားကို မစဉ်းစားမဆင်ခြင်မိပဲ ဟောကြားအပ်မိလေပြီ၊ မှန်၏— ငါဘုရားသည် ခန္ဓာငါးပါးတို့ကို 'အားလုံးတို့ပင် အနိစ္စ, ဒုက္ခ, အနတ္တ' ဟူ၍ ဟောအပ်မိခဲ့ကုန်ပြီ၊ သို့သော်လည်း ထိုခန္ဓာငါးပါးတို့သည် အားလုံးပင် ဤသို့(အနိစ္စ, ဒုက္ခ, အနတ္တ) သဘောရှိကြသည်မဟုတ်ကုန်၊ မှန်ပေ၏—ထိုခန္ဓာငါးပါးတို့တွင် မြဲကြ, ခိုင်ကြ, အခါခပ်သိမ်း တည်ကြသည့် အချို့ခန္ဓာများလည်း ရှိကြကုန်သေး၏" ဟု အကဲစမ်းစကားပြောကြားလာလေ၏။

## သူရမ္ဗဋ္ဌ၏ မတုန်လှုပ်သော သဒ္ဓါတရား

ထိုအခါ သူရမ္ဗဋ္ဌ သောတာပန်သူဌေးသည် "ဤ ယခုစကားကား အလွန်ဝန်လေး အရေးကြီးသောစကား ဖြစ်ချေသည်၊ မှန်ပါပေသည်—မြတ်စွာဘုရားရှင်တို့အဖို့ရာ မစဉ်းစား မဆင်ခြင်ပဲ ဟောကြား ပြောဆိုခြင်းမည်သည် တစိုးတစိ မရှိချေ၊ မာရ်နတ်သည် မြတ်စွာဘုရား၏ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တယောက်ဖြစ်သတဲ့၊ ကေန်ပင် ဤယခုပုဂ္ဂိုလ်သည် မာရ်နတ်ဖြစ်ပေလိမ့်မည်" ဟု အမှန်အတိုင်း ဆင်ခြင်ကြံစည်မိ၍ "သင်သည် မာရ်နတ် မဟုတ်လော" ဟု တိုက်ရိုက်ပင် မေးလေ၏။ ထို မာရ်နတ်၏အဖို့ရာ အရိယာသာဝကကြီးတဦးက ပြောကြား မေးမြန်းအပ်သော စကားသည် ဗုဆိန်ဖြင့် ပေါက်လိုက်သကဲ့သို့ ဖြစ်လေ၏၊ သို့ရသား မာရ်နတ်သည် မိမိကိုယ် = ပင်ကိုယ်သဘောအတိုင်း မတည်နိုင်တော့ပဲ "ဟုတ်ပါသည် သူရမ္ဗဋ္ဌ····ငါသည် မာရ်နတ်ဖြစ်ပါသည်" ဟု ဖြောင့်မှန်စွာ ပြောဆိုလေ၏။

WWW.DHAMMARANSI.COM



ထိုအခါ သူရမ္ဗဋ္ဌသောတာပန်သူဌေးသည် "ဟယ်မာရ်နတ်.... သင်ကဲ့သို့သော မာရ်နတ်ပေါင်း အရာ,အထောင်ပင်သော်လည်း လာရောက်၍ ငါ၏သဒ္ဓါတရားကို တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ချေ၊ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားကြီးသည် ငါ့အား တရားဟောတော်မူသည်ရှိသော် 'သဗ္ဗေ သင်္ခါရာ အနိစ္စာ = ခပ်သိမ်းဥသုံ အလုံးစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် မမြဲကြကုန်'ဟူ၍ သောတာပတ္တိမဂ်ဉာဏ်တိုင် အသိပေး၍ ဟောကြားတော်မူခဲ့လေပြီ၊ သင်သည် ငါ၏အိမ်တံခါးဝ၌ မရပ်မတည်လာလင့်" ဟု ဆို၍ လက်ဖျစ်တီးကာ နှင်ထုတ်လိုက်လေ၏။ မာရ်နတ်သည် သူရမ္ဗဋ္ဌ၏ စကားကို ကြားရလျှင် တဖန် စကားကို ဖြန်း၍ မပြောဆိုနိုင်တော့ရကား ထိုနေရာ၌ပင်လျှင် ကွယ်ပျောက်လေ၏။ သူရမ္ဗဋ္ဌသည်လည်း ညနေချမ်းအခါ၌ မြတ်စွာဘုရားရှင့် အထံတော်သို့ သွားရောက်၍ မာရ်နတ်ပြုအပ်သော အမှုအရာ အားလုံးကို လျှောက်ထားပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....ဤသို့လျှင် မာရ်နတ်သည် တပည့်တော်၏ သဒ္ဓါတရားကို တုန်လှုပ်စေခြင်းငှါ အားထုတ်ခဲ့ပါပြီဘုရား"ဟု လျှောက်ထားလေ၏။

## (၈) ဧတဒဂ်ထူး ရရှိခြင်း

မြတ်စွာဘုရားသည် ဤအကြောင်းကိုပင် အဋ္ဌုပ္ပတ်ပြု၍ နောက်အခါဝယ် ဇေတဝန်ကျောင်းတော်၌ နေတော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် ဤသူရမ္ဗဋ္ဌသူဌေးကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ အဝေစ္စပ္ပသန္နာနံ ယဒိဒံ သူရော အမ္ဗဋ္ဌော = ရဟန်းတို့.... သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုကြကုန်သော ငါဘုရား၏ တပည့်=သာဝက ဥပါသကာတို့တွင် သူရမ္ဗဋ္ဌသူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

WWW.DHAMMARANSI.COM



ဟု ချီးကျူးမိန့်မြွက်တော်မူကာ "အဇ္ဈေဝသုပသာဒ = သာသနာ၌ သက်ဝင်၍ မတုန်မလှုပ် ကြည်ညိုသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား သူရမ္ဗဋ္ဌသူဌေး အကြောင်းတည်း။

---

## (၉) ဇီဝကဆေးဆရာအကြောင်း

### (က) ဇီဝက၏ ရှေးကောင်းမှု

ဤ ဆရာဇီဝကအလောင်း သူတော်ကောင်းသည် ပဒုမုတ္တရ မြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသား ဖြစ်လတ်၍ မြတ်စွာဘုရား၏ တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဥပါသကာတယောက်ကို "ပုဂ္ဂလပ္ပသာဒ = မြတ်စွာဘုရားအပေါ်၌ ပုဂ္ဂိုလ်ကို ကြည်ညိုသော အရာ = ပုဂ္ဂိုလ်၌ ကြည်ညိုသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို ဆုတောင်းပတ္တနာမှု ပြုခဲ့လေသည်၊ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ဇီဝကဖြစ်ခြင်း

ထိုအမျိုးကောင်းသား သူတော်ကောင်းသည် ကမ္ဘာတသိန်း ပတ်လုံး နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရား မြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် ရာဇဂြိုဟ်ပြည်၌ အဘယ မင်းသားကို အစွဲပြု၍ သာလဝတီမည်သော ပြည့်တန်ဆာမ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေကပ်စွဲ ဖြစ်ပွါးမွေးဖွားလာခဲ့လေသည်။

ပြည့်တန်ဆာမတို့ မည်သည် သား, သမီး မွေးဖွား လာသောအခါ အကယ်၍ သားယောကျ်ားကလေး ဖြစ်လျှင် တော်ရာလွှတ်ရာ စွန့်ပစ်ကြမြဲဓမ္မတာဖြစ်၍ သမီး မိန်းကလေးဖြစ်လျှင် မွေးကျွေးသုတ်သင်ကြမြဲ ဓမ္မတာ ဖြစ်လေသည်။

WWW.DHAMMARANSI.COM



သို့ရောက်သွား၊ သာလဝတီ ပြည့်တန်ဆာမသည် ထိုမွေးဖွားခဲ့သော သူငယ်ကို စကောအိုး စကောစုတ်ဖြင့် အိမ်စေမတစ်ယောက်ကို လူမသိရအောင် အမှိုက်ပုံ၌ စွန့်ပစ်စေခဲ့လေသည်။ ထိုအခါ ထိုသူငယ်ကို အဘယမင်းသားသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးထံသို့ အခစားသွားလေလျှင် အဝေးမှပင် မြင်ရ၍ မိမိ၏ မင်းချင်းများကို "အချင်းတို့...... ကျီးများဝိုင်းအုံဝန်းရံအပ်သော ထိုဝတ္ထုကား အဘယ်အရာနည်း"ဟု ပြောဆို စေလွှတ်၍ ကြည့်စေရာ မင်းချင်းတို့က "အရှင်မင်းသား... ဖွားသစ်စသူငယ်ကလေးပါတည်း"ဟု ပြောဆိုကြ၍ မင်းသားက တဖန် "အချင်းတို့... အသက်ရှင်သေး၏လော"ဟု မေးမြန်း၍ "အရှင်မင်းသား ...... အသက်ရှင်ပါသေး၏"ဟု မင်းချင်းတို့ ပြန်ကြားလျှောက်ထားသည်ကို ကြားသိရ၍ ထိုသူငယ်ကို မိမိ၏နန်းအိမ်သို့ ပို့ဆောင်စေကာ မိမိနန်းအိမ်မှာပင် ချမ်းသာစွာ မွေးကျွေးပြုစု၍ ထားစေလေ၏။ ထိုသူငယ်၏အမည်ကို မင်းချင်းတို့က "ဇီဝတိ= အသက်ရှင်ပါသေး၏"ဟု ပြန်ကြား ပြောဆိုအပ်သောကြောင့် ဇီဝတီတိ ဇီဝကော-ဟူသော ဝစနတ္ထအရ ဇီဝက-ဟူ၍ မှည့်ခေါ်ကြလေသည်။ ထိုဇီဝက-ဟူသော အမည်ရင်းပေါ်မှာ အဘယမင်းသား မွေးမြူအပ်သောကြောင့် "ကောမာရဘစ္စ" ဟူသော ဝိသေသနပုဒ်တိုးဆင့်ကာ "ဇီဝက, ကောမာရဘစ္စ = အဘယမင်းသားမွေးမြူအပ်သည့်=အဘယမင်း၏ မွေးစားသား, ဇီဝက" ဟူ၍ ခေါ်တွင်ကြလေသည်။

အဘယမင်းသား၏ မွေးစားသား ထိုဇီဝကသတို့သားသည် အသက် တဆယ့်ခြောက်နှစ် အရွယ်မြောက် ရောက်လတ်သော အခါ တက္ကသိုလ်ပြည်သို့ သွား၍ ဆေးအတတ်ကို တဖက်ကမ်း ရောက် သင်ကြားတတ်မြောက်ခဲ့ပြီးလျှင် ဗိမ္ဗိသာရမင်းကြီးအထံမှ လခရိက္ခာ ပူဇာသက္ကာရ ရရှိပြီးနောက် (=ဗိမ္ဗိသာရမင်းကြီး၏ သမားတော်ကြီးဖြစ်ပြီးနောက်) စဏ္ဍပဇ္ဇောတမင်း၏ ရောဂါကို ချမ်းသာအောင် ကုသပေးခဲ့လေသည်။ စဏ္ဍပဇ္ဇောတမင်းသည် သမားတော်ကြီး ဇီဝကအား ဆန်လှည်း အစီးငါးရာ, အသပြာ

WWW.DHAMMARANSI.COM



ပေါင်း တသောင်းခြောက်ထောင်, အရုံပုဆိုး အဝတ်အထည်ပေါင်း တထောင်နှင့်တကွ အဖိုးအနဂ္ဃထိုက်တန်သော သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ဉာဏ်ပူဇော်ခ ပို့သဆက်နှင်း စေခဲ့လေသည်။

ထိုအချိန်၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်း၌ သီတင်းသုံး နေတော်မူဆဲ ဖြစ်၏။ သမားတော်ကြီး ဇီဝကသည် မြတ်စွာဘုရား၏ ဒေါသမလဓာတ် အားကြီးသော ကိုယ်တော်၌ သိမ်မွေ့သည့် ဝမ်းလားဆေးကိုပေး၍ ဆေးကုသသည်ရှိသော် "မြတ်စွာဘုရား သုံးဆောင်တော်မူအပ်သော ပစ္စည်းလေးရပ်တို့သည် ငါ၏ဥစ္စာအလှူဒါနချည်းဖြစ်ကြစေကုန်သတည်း" ဟု ကြံစည်၍ မြတ်စွာဘုရားရှင်ကို မိမိပိုင် သရက်ဥယျာဉ်ကျောင်းတိုက် (=သရက်တောကျောင်းတိုက်)၌ သီတင်းသုံး နေတော်မူရန် တောင်းပန်လျှောက်ထား၍ မြတ်စွာဘုရားအား ဆေးကုသပေးပြီးလျှင် ထိုသိဝေယျက=သိဝိတိုင်းဖြစ်ပုဆိုးအစုံကို ကပ်လှူ၍ "မြတ်စွာဘုရား....ဤသိဝိတိုင်းဖြစ် ပုဆိုးအစုံကို အရှင်ဘုရားတို့သာလျှင် သုံးဆောင်တော် မူကြပါကုန်ဘုရား"ဟု လျှောက်ထား၍ ထိုပုဆိုးအစုံနှင့်တကွ အရုံဖြစ်သောပုဆိုးအဝတ်အထည် တထောင်ကို ရဟန်းသံဃာအား လှူဒါန်းလေ၏။

(ဤကား—ဤမဟာဗုဒ္ဓဝင်ကျမ်း၌ အင်္ဂုတ္တရအဋ္ဌကထာ ပဌမအုပ် ဧတဒဂ္ဂဝဂ်အဖွင့်၌ လာသည့်အတိုင်း ရေးသားအပ်သော ဇီဝကဆေးဆရာ၏ အကြောင်းအရာဝတ္ထု အကျဉ်းတည်း။ ဝတ္ထုကြောင်းအကျယ်ကို ပိဋကတ်တော် မြန်မာပြန် ဝိနယ မဟာဝဂ်ပါဠိတော် ၈-စီဝရက္ခန္ဓက စာမျက်နှာ ၃၈၁-မှ စ၍ ကြည့်ဖြစ်အောင် ကြည့်ရှုကုန်ရာ၏။)

## (၈) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူလျက် ဥပါသကာတို့ကို ဧတဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် ဇီဝကသမားတော်ကို—

WWW.DHAMMARANSI.COM



"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ ပုဂ္ဂလပ္ပသန္နာနံ ယဒိဒံ ဇီဝကော ကောမာရဘစ္စော = ရဟန်းတို့......ပုဂ္ဂိုလ်ကို ကြည်ညိုကြသည့် ငါဘုရား၏ တပည့်သာဝက ဥပါသကာတို့တွင် အဘယမင်းသား၏ မွေးစားသား ဇီဝကသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ပုဂ္ဂလပ္ပသာဒ = ပုဂ္ဂိုလ်၌ ကြည်ညိုသောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား ဇီဝကဆေးဆရာ အကြောင်းတည်း။

## (၁၀) နကုလပိတုသူဌေးအကြောင်း

### (က) သူဌေး၏ ရှေးကောင်းမှု

ဤ နကုလပိတုသူဌေးအလောင်း သူတော်ကောင်းသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါ၌ ဟံသာဝတီ မင်းနေပြည်ဝယ် အမျိုးကောင်းသား ဖြစ်လတ်၍ မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဥပါသကာ တယောက်ကို "ဝိဿာသက = ကိုယ်တော်မြတ်နှင့် အကျွမ်းဝင် = ရင်းနှီးသော စကားကို ပြောကြားသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ နကုလပိတုသူဌေးဖြစ်ခြင်း

ထိုသူတော်ကောင်း အမျိုးကောင်းသားသည် ကမ္ဘာတသိန်း ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤ ဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် ဘဂ္ဂတိုင်း အဝင် အပါ သုသုမာရဂိရိမြို့၌ သူဌေးမျိုးဝယ် လာရောက်ဖြစ်ပွါးလေ

WWW.DHAMMARANSI.COM



သည်။ (သူဌေးဇနီးမောင်နှံ နှစ်ယောက်လုံးပင် သားဖြစ်သူ "နကုလ"ကို အစွဲပြု၍ ဖခင်သူဌေးမှာ "နကုလပိတု"ဟု အမည် တွင်၍ မိခင်သူဌေးကတော်မှာ "နကုလမာတု"ဟု အမည် အသီး အသီး တွင်ကြလေသည်)။

မြတ်စွာဘုရားရှင်သည်လည်း ရဟန်းအပေါင်း ခြံရံအပ်လျက် ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် သုသုမာရဂိရမြို့သို့ ရောက်တော်မူ၍ ဘေသကဠာမည်သော တောအုပ်၌ သီတင်းသုံး နေထိုင်တော်မူ၏။ ။(မြို့တည်သောအခါ မိကျောင်းမြည်သည် ကို အစွဲပြု၍ မြို့အမည်ကို သုသုမာရဂိရမြို့ဟု မှည့်ခေါ်ကြလေ သည်။ ဘေသကဠာမည်သော ဘီလူးမ စိုးအုပ်သည့်တော ဖြစ် သောကြောင့် တောအမည်မှာ "ဘေသကဠာ" မည်တွင်လေ သည်)။

ထိုအခါ နကုလပိတုသူဌေးကြီး ဇနီးမောင်နှံတို့သည် သုသု မာရဂိရမြို့နေ လူအပေါင်းတို့နှင့် အတူတကွ မြတ်စွာဘုရားရှင် အထံတော်သို့ လာရောက်ကြသည်ရှိသော် ရှေးဦးပဌမအကြိမ် မြင်လျှင်မြင်ခြင်း ဇနီးမောင်နှံနှစ်ဦးလုံးပင် မြတ်စွာဘုရားရှင်ကို "ဤသူကား ငါတို့၏သားကြီးတည်း"ဟု သားဟူသောအမှတ် သညာကို ဖြစ်စေကြ၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ တုပ်ဝပ်ပြီး လျှင် "ချစ်သား....သင်သည် ဤမျှကာလကြာအောင် ငါတို့မိဘ များကို စွန့်ပစ်၍ အဘယ်အရပ်သို့ လှည့်လည်ကျက်စား သွား လာနေသနည်း"ဟု တညီတညွတ်တည်း ပြောဆိုကြလေသည်။

(နကုလပိတု သူဌေးကြီးသည် ရှေးအခါ ၅၀၀ ငါးရာတို့ပတ်လုံး မြတ်စွာဘုရား၏ အဖမည်းတော်ဖြစ်ခဲ့လေသည်၊ ၅၀၀ ငါးရာတို့ပတ်လုံး ဘထွေး(အဖေ၏ညီ), ၅၀၀ ငါးရာတို့ပတ်လုံး ဘကြီး (အဖေ၏အစ်ကို), ၅၀၀ ငါးရာတို့ပတ်လုံး ဦးကြီး (အမေ့မောင်) ဖြစ်ခဲ့လေသည်။ နကုလ-မာတု သူဌေးကတော်ကြီးသည်လည်း ၅၀၀ ငါးရာတို့ပတ်လုံး မြတ်စွာ ဘုရား၏ မယ်တော် ဖြစ်ခဲ့လေသည်၊ ၅၀၀ ငါးရာတို့ပတ်လုံး မိထွေး (=အမေ့ညီမ=ဒေါ်လေး), ၅၀၀ ငါးရာတို့ပတ်လုံး မိကြီး (အမေ့အမ =ဒေါ်ကြီး), ၅၀၀ ငါးရာတို့ပတ်လုံး အရီး(=အဖေ့နှမ)ဖြစ်ခဲ့လေသည်။ ဤသို့ ၂၀၀၀ သရာ ရှည်စွာသောကာလပတ်လုံး အချစ်နမ္တော်တော်

WWW.DHAMMARANSI.COM



ဆက်စပ်ကိန်းဝပ်ခဲ့လေသောကြောင့် မြတ်စွာဘုရားကို မြင်ကြ,တွေ့ကြ ရလျှင်ပင် သား-ဟူသော အမှတ်သညာကို ပြုကြ၍ မရပ်တည်နိုင်ကြပဲ ထိုကဲ့သို့ အကျွမ်းတဝင် တရင်းတနှီး ပြောဆိုကြလေသည်)။

မြတ်စွာဘုရားရှင်သည် ထိုသူဌေးကြီး ဇနီးမောင်နှံတို့ စိတ်ကျေနပ်ခြင်းသို့ မရောက်ကြသေးသမျှ“ဖယ်ကြလော့”ဟု မိန့်ကြားတော်မမူချေ၊ ထိုသူတို့ စိတ်ကျေနပ်ချိန်ကိုသာ ငံ့လင့်နေတော်မူ၏။ ထို့နောက် ထိုမိဘဟောင်းသူဌေးကြီးဇနီးမောင်နှံတို့ မိမိတို့ စိတ်အလိုအတိုင်း သတိရကြ၍ အလယ်အလတ် မဇ္ဈတ္တုပေက္ခာသို့ သဘောသို့ ရောက်ကြသောအခါမှ မြတ်စွာဘုရားသည် ထိုသူဌေးကြီး ဇနီးမောင်နှံတို့၏ အာသယဓာတ်ကို သိတော်မူကာ တရားဟောတော်မူလေသည်။ တရားဒေသနာနိဂုံး ဆုံးသောအခါ နှစ်ဦးလုံးတို့ပင် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏ = သောတာပန်အရိယာ ဖြစ်ကြလေကုန်၏။

နောက်တချိန်ဝယ် မြတ်စွာဘုရားရှင်သည် ထိုနကုလပိတုသူဌေးကြီးဇနီးမောင်နှံတို့ အသက်အရွယ် ကြီးရင့်ကြသောအခါ တဖန် သုသုမာရဂိရမြို့သို့ ကြွရောက်တော်မူလာပြန်လေသည်။ထိုသူဌေးကြီးဇနီးမောင်နှံတို့သည် “မြတ်စွာဘုရား ကြွလာတော်မူပြီ” ဟူသော သတင်းစကားကို ကြားသိရလျှင် ဘုရားရှင့်ထံတော်မှောက်သို့ သွားရောက်ရှိခိုးကြကာ နက်ဖြန်ခါ ဆွမ်းအလို့ငှါ ပင့်ဖိတ်ခဲ့ကြပြီး နောက်တနေ့၌ မိမိတို့အိမ်ဝယ် ဘုရားအမှူးရှိသော ရဟန်းသံဃာကို အထူးထူး အပြားပြားများမြတ်သည့် အရသာရှိသော ဆွမ်း, ခဲဖွယ်, ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးကြပြီးနောက် ဆွမ်းဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားရှင့်ထံတော်မှောက်သို့ ဆည်းကပ်ကြလျက် အပြစ်လွတ်ရာ အရပ်၌ ထိုင်နေကြပြီးလျှင် နကုလပိတုသူဌေးကြီးသည် မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား....တပည့်တော်သည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ နကုလမာတုသူဌေးမကို ထိမ်းမြားယူဆောင်ခဲ့သည်မှစ၍ စိတ်ဖြင့်လည်း နကုလမာတုသူဌေးမကို လွန်၍ကျင့်မိသည်ဟု တပည့်တော် မသိစဘူးပါ၊ ကိုယ်ဖြင့်မူကား အဘယ်

မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ မြတ်စွာဘုရား……တပည့်တော်တို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏" ဟု လျှောက်ထားလေ၏။

နကုလမာတု သူဌေးကတော်ကြီးကလည်း မြတ်စွာဘုရားရှင်ကို ထိုနည်းအတူပင် "မြတ်စွာဘုရား….နကုလပိတုသူဌေးသည် ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူ တပည့်တော်မကို ထိမ်းမြားယူဆောင်ခဲ့သည့်မှစ၍ စိတ်မျှဖြင့်လည်း နကုလပိတုသူဌေးကို လွန်၍ ကျင့်မိသည်ဟု တပည့်တော်မ မသိစဘူးပါ၊ ကိုယ်ဖြင့်မူကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။ မြတ်စွာဘုရား….တပည့်တော်တို့သည် ယခု ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏၊ နောင်တမလွန် ဘဝ၌လည်း အချင်းချင်း ရှုမြင်လိုပါကုန်၏"ဟု လျှောက်ထားလေ၏။ (အံ့ ၄ ၁-၌ ဤမျှသာ စကားအမြွက်မျှ ဖော်ပြသည်၊ စကားအပြည့်အစုံကို ဆက်၍ ပြဆိုပေအံ့)—

ထိုအခါ မြတ်စွာဘုရားသည် နကုလပိတုသူဌေးကြီး ဇနီးမောင်နှံတို့ကို "ဒါယကာတို့….ဇနီးမောင်နှံနှစ်ဦးသားတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန်, နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရန် အကယ်၍ အလိုရှိကုန်အံ့၊ နှစ်ဦးလုံးတို့သည် (၁) တူမျှသော သဒ္ဓါတရား ရှိကြကုန်ရာ၏၊ (၂)တူမျှသောသီလ ရှိကြကုန်ရာ၏၊ (၃) တူမျှသောစွန့်ကြဲမှု ရှိကြကုန်ရာ၏၊ (၄) တူမျှသော အသိဉာဏ်ပညာ ရှိကြကုန်ရာ၏။ ယင်းသို့ သဒ္ဓါ, သီလ, စာဂ, ပညာ တူမျှစွာရှိကြလျှင် ထိုဇနီးမောင်နှံတို့သည် ယခုဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်၏၊ နောင်တမလွန်ဘဝ၌လည်း အချင်းချင်း ရှုမြင်ကြရကုန်၏"ဟု မိန့်တော်မူပြီးလျှင် ဤတရားဂါထာတို့ကိုလည်း ဆက်၍ ဟောတော်မူ၏—

(၁) ဥဘော သဒ္ဓါ ဝဒညူ စ၊
သညတာ ဓမ္မဇီဝိနော။
တေ ဟောန္တိ ဇာနိပတယော၊
အညမညံ ပိယံဝဒါ။

WWW.DHAMMARANSI.COM



(ဂဟပတယော = ဒါယကာတို့…)။ ဥဘော = ဇနီးမောင်နှံနှစ်ဦးတို့သည်။ သဒ္ဓါ စ = သဒ္ဓါတရားနှင့်လည်း ပြည့်စုံကုန်၏။ ဝဒညူ စ = အလှူခံတို့၏ စကားအဓိပ္ပါယ်ကိုလည်း နားလည် သိရှိကုန်၏။ သညတာ စ = ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကိုလည်း စောင့်စည်းကြကုန်၏။ တေ ဇာနိပတယော = ထိုဇနီးမောင်နှံတို့သည်။ အညမညံ = အချင်းချင်း (= တယောက်သည် တယောက်ကို)။ ပိယံဝဒါ = ချစ်ဖွယ်စကား ပြောကြားကြကုန်လျက်။ ဓမ္မဇီဝိနော စ = တရားသဖြင့် အသက်မွေးခြင်းရှိကြကုန်သည်လည်း။ ဟောန္တိ = ဖြစ်ကုန်၏။

(၂) အတ္ထာသံ ပစုရာ ဟောန္တိ၊
ဖာသုကံ ဥပဇာယတိ။
အမိတ္တာ ဒုမ္မနာ ဟောန္တိ၊
ဥဘိန္နံ သမသီလိနံ။

အာသံ = ထိုဇနီးမောင်နှံတို့၏(အဖို့ရာ)။ အတ္ထာ = အကျိုးတရားတို့သည်။ ပစုရာ = ဆဆတက်ပွါး များကုန်သည်။ ဟောန္တိ = ဖြစ်ကုန်၏။ ဖာသုကံ = ဘေးရန်မဲ့လျှင်း ချမ်းသာစွာနေရခြင်းသည်။ ဥပဇာယတိ = ဖြစ်၏။ သမသီလိနံ = တူမျှသောသီလ ရှိကြကုန်သော။ ဥဘိန္နံ = ဇနီးမောင်နှံ နှစ်ဦးသားတို့၏ (အပေါ်၌)။ အမိတ္တာ = ရန်သူတို့သည်။ ဒုမ္မနာ = ကောင်းကျိုးတွေ ပြည့်ဖိုးသဖြင့် နှလုံးမသာ မျက်နှာမလှ မနာလိုကြကုန်သည်။ ဟောန္တိ = ဖြစ်ကုန်၏။

(၃) ဣဓ ဓမ္မံ စရိတ္ဝာန၊
သမသီလဗ္ဗတာ ဥဘော။
နန္ဒိနော ဒေဝလောကသ္မိံ၊
မောဒန္တိ ကာမကာမိနော။

ကာမကာမိနော = ဝတ္ထုကာမ အဝဝကို တောင့်တ လင့်ဆို အလိုရှိကြကုန်လျက်။ သမသီလဗ္ဗတာ = တူမျှ

WWW.DHAMMARANSI.COM



သော သီလအကျင့်ရှိကုန်သော။ ဥဘော = ဇနီးမောင်နှံ နှစ်ဦးသားတို့သည်။ ဣဓ = ပစ္စုပ္ပန္န ဤလူ့ဘဝ၌။ ဓမ္မံ = သူတော်ကောင်းတရားကို။ စရိတွာန = ကျင့်ကြံကြိုးကုတ် အားထုတ်ကြ၍။ နန္ဒိနော = နှစ်သက်ခြင်းပီတိ ကိုယ်ဝယ် ရှိကြကုန်လျက်။ ဒေဝလောကသ္မိံ = နတ်ပြည်လောက၌။ မောဒန္တိ = နှစ်လိုအားရမ်း ဝမ်းမြောက်ကြရကုန်၏။ ။ (အံ ၁၊ ၃၇၂-၃။ ပိဋကတ်တော်မြန်မာပြန် အင်္ဂုတ္တိုရ် ပါဠိတော် ပဌမအုပ် စာမျက်နှာ ၃၀၆-၇-မှ ထုတ်နုတ် ဖော်ပြသည်)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ရှေးဖော်ပြရာပါ နကုလပိတုသူဌေးကြီး ဇနီးမောင်နှံတို့ လျှောက်ထားအပ်သည်ကို အကြောင်းပြု၍ ဟောကြားအပ်သော သုတ္တန်ကို ပဌမသမဇီဝိသုတ္တန် ဟူ၍ ခေါ်၏။ ထို သုတ္တန်တရား သွားကို လေးနက်စွာ စဉ်းစားဆင်ခြင်လျှင် နကုလပိတု, နကုလ မာတု သူဌေးကြီး, သူဌေးကတော်ကြီး နှစ်ဦးလုံးတို့ပင် မြတ်စွာ ဘုရားရှင့်အပေါ်၌ သားအရင်းနှင့်မခြား အလွန် အကျွမ်းဝင် ရင်းနှီး အားထားခင်မင်သော စိတ်ရှိကြကြောင်း သိသာပေ၏။ ထိုသို့ အလွန်အကျွမ်းဝင် ရင်းနှီးအားထားခင်မင်သော စိတ်ရှိကြ သောကြောင့်ပင် မိမိတို့စိတ်၌ ရှိသမျှကို မရှက်မကြောက် အလုံးစုံ ဖွင့်၍ လျှောက်ထားကြခြင်း ဖြစ်လေသည်။

ထို့ကြောင့်ပင် နောက်အခါဝယ် မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ နေတော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး = ဌာနန္တရ၌ ထားတော်မူသည်ရှိသော် ဤနကုလ ပိတုသူဌေးကြီး ဇနီးမောင်နှံ နှစ်ယောက်လုံးတို့၏ ဖော်ပြရာပါ အကျွမ်းတဝင် ခင်မင်ရင်းနှီး အားထားသော စိတ်ရှိကြလျက် လျှောက်ထား မေးမြန်းအပ်သော စကားကို အကြောင်းအဋ္ဌုပ္ပတ် ပြုတော်မူ၍ နကုလပိတုသူဌေးကြီးကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ
ဝိဿာသကာနံ ယဒိဒံ နကုလပိတာ ဂဟပတိ=ရဟန်း

WWW.DHAMMARANSI.COM



တို့.... (ငါဘုရားနှင့်) အကျွမ်းတဝင် ခင်မင်ရင်းနှီးသော စကားကို ပြောကြားကြသည့် ငါဘုရား၏ တပည့် = သာဝက ဥပါသကာတို့တွင် နကုလပိတု သူဌေးသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူတာ "ဝိဿာသက = ကိုယ်တော်မြတ်နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးသောစကားကိုပြောကြားသော အရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား နကုလပိတု သူဌေးအကြောင်းတည်း။

ဤတွင် *ဥပါသကစရိတပိုင်း ပြီး၏။

---

*ဥပါသကစရိတ=ဒါယကာတို့၏ ကျင့်စဉ်လုပ်ငန်း။

WWW.DHAMMARANSI.COM

# ဥပါသိကာစရိတ

## (၁) သုဇာတာသူဌေးကတော်အကြောင်း

### (က) သူဌေးကတော်၏ ရှေးကောင်းမှု

ဤ သုဇာတာ သူဌေးကတော်လောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး ( =သူဌေးသမီး) ဖြစ်လတ်၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားစကားကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဥပါသိကာတယောက်ကို ရှေးဦးစွာသရဏဂုံ ခံယူ ဆောက်တည်သော အရာဝယ် အသာဆုံး အမြတ်ဆုံး= ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုလေသည်။ ထိုမြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ သုဇာတာသူဌေးကတော်ဖြစ်ခြင်း

ထိုအမျိုးကောင်းသမီး (=သူဌေးသမီး)သည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်,လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီကပင် ဥရုဝေလ တောအုပ်အနီး သေနာနိဂုံးဝယ် သေနိယ သူဌေးကြီး၏ သမီး သုဇာတာဖြစ်လာ၍ အရွယ်သို့ရောက်လတ်သော် ပညောင်ပင် တပင်၌ (ညောင်စောင့်နတ်ကို တိုင်တည်ကာ) "အကျွန်ုပ်သည် အကယ်၍ ဇာတ်တူအမျိုးအိမ်သို့ လိုက်ပါရ၍ ပဌမကိုယ်ဝန်၌ သားယောက်ျားကို ရရှိခဲ့ပါလျှင် နှစ်စဉ်နှစ်စဉ် ဗလိပူဇော်မှု ပြုပါမည်"ဟူ၍ ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ ထိုသုဇာတာ သူဌေးသမီး၏ ထိုဆုတောင်းသည် ပြည့်ဝခဲ့လေသည်။

(သုဇာတာသည် အရွယ်ရောက်လတ်သော် ဗာရာဏသီသူဌေးသားနှင့် အထိမ်းမြားခံရ၍ ပဌမကိုယ်ဝန်ဝယ် ယသ-သတို့သားကို ဖွားမြင်လေသည်။ ထိုအချိန်မှစ၍ မိမိဆုတောင်းပြည့်ဝသည့်အတွက် နှစ်စဉ်

WWW.DHAMMARANSI.COM



နှစ်စဉ် ထိုဆုတောင်းရာ ပညောင်ပင်သို့လာ၍ ညောင်စောင့်နတ်အား ဗလိပူဇော်မှု ပြုလေသည်။

ထိုသို့ ဗလိပူဇော်မှု ပြုနေ၍လာခဲ့ရာ မြတ်စွာဘုရား ပွင့်တော်မူမည့် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၌ကား အကြိမ်ပေါင်းအနည်းဆုံး ၂၀-ကျော်မျှ ဗလိပူဇော်မှု ပြုပြီးဖြစ်သည်ဟု မှတ်ယူခန့်မှန်းသင့်ပေ၏။ မှန်၏— မြတ်စွာဘုရား ဘုရားဖြစ်တော်မူမည့် ထိုမဟာသက္ကရာဇ် ၁၀၃-ခုနှစ် လောက်အချိန်၌ သုဇာတာသူဌေးကတော်၏သား ယသ-သူဌေးသားသည်ပင် အိမ်ထောင်ကျ၍ ပြာသာဒ်သုံးဆောင်၌ အလှည့်အလည် အာရုံငါးပါး ခံစားသုံးစွဲ ရှိနေလေပြီ။ ဤသို့ အထူးမှာတမ်းခြင်းမှာ— "မြတ်စွာဘုရား ဘုရားဖြစ်မည့်နေ့၌ ဃနာနို့ဆွမ်း ကပ်လှူလာသော သုဇာတာကို အရွယ်ခပ်ငယ်ငယ် သူဌေးသမီးကလေး အနေဖြင့်" ခန့်မှန်းတတ်ကြသောကြောင့် ဖြစ်သည်။)

သုဇာတာ သူဌေးကတော်သည် မြတ်စွာဘုရားအလောင်းတော် ဒုက္ကရစရိယာ ကျင့်တော်မူ၍ ခြောက်နှစ်ပြည့်မြောက်သော မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့ဝယ် "စောစောပင် ဗလိပူဇော်မှု ငါပြုပေအံ့"ဟူ၍ သန်းခေါင်ကျော် မိုးသောက်အချိန်ရောက်လျှင်ပင် ထ၍ နို့စားနွားမတို့ကို မိမိ၏အစေခံတို့ကို နို့ညှစ်စေလေသည်။ ထိုနေ့၌ နွားငယ်တို့သည် အမိနွားမ၏ နို့တိုင်နားသို့ (အလိုက်သိကြသည့်အလား) မလာရောက်ကြကုန်၊ နို့တိုင်အနီး၌ နို့ညှစ်ခွက်ကို ဆောင်အပ်လျှင်ပင် မညှစ်ရပဲ အလိုလို သူ့မမှုတာဖြင့် နို့ရည်အယဉ်တို့ သွင်သွင်ယိုစီး၍ ကျလာကုန်၏။ သုဇာတာသူဌေးကတော်သည် ထိုအံ့ဖွယ်ကို တွေ့မြင်ရ၍ ကိုယ်တိုင်ပင် နို့ရည်ကို ခံယူလျက် အိုးသစ်၌ ထည့်ပြီးလျှင် ကိုယ်တိုင်ပင် မီးမွေး၍ ဃနာနို့ဆွမ်းကို စတင် ကျိုချက်လေ၏။

ထို ဃနာနို့ဆွမ်းကို ကျိုချက်အပ်သည်ရှိသော် အလွန်အလွန် ကြီးကုန် ကြီးကုန်သော အမြှုပ်များ ထပေါ်၍ လက်ျာရစ်လှည့် ကြကာ အိုးအတွင်း၌သာ လည်၍နေကုန်၏၊ အမြှုပ်တပေါက်မျှ အပြင်သို့ မထွက်ကျချေ။ မဟာဗြဟ္မာကြီးသည် ဗြဟ္မာ့ထီးဖြူကို ဆောင်းမိုးလျက်, လောကပါလ နတ်မင်းကြီးလေးဦးတို့သည်

WWW.DHAMMARANSI.COM



သန့်လျက်ကိုယ်စီ စွဲကိုင်ကြကာ ခေါင့်ရှောက်ကုန်လျက်, သိကြား မင်းသည် မီးစများကိုညှိကာ မီးကိုမှုတ်လျက်, နတ်တို့သည် လေးကျွန်းတို့၌ရှိသည့် ဩဇာကို စုယူကြကာ နှံ့ဃနာအိုးအတွင်း သို့ ထည့်ကြကုန်လျက် ဤဆိုအပ်ပြီး နည်းအတိုင်း ဝေယျာဝစ္စကို ရွက်ဆောင်ကြလေသည်။

သုဇာတာသူဌေးကတော်သည် တနေ့တည်းမှာပင် ဤအံ့ဖွယ် တို့ကို တွေ့မြင်ရ၍ ပုဏ္ဏာကျွန်မကို ခေါ်ပြီးလျှင် "အမိပုဏ္ဏာ.... ယနေ့ ငါတို့၏ ညောင်စောင့်နတ်သည် အလွန်လျှင် စိတ်ကြည်ပုံ ရ၏၊ ငါသည် ဤမျှကာလကြာအောင် ဤသို့သော အံ့ဖွယ်များကို ရှေးအခါက တကြိမ်မျှ မမြင်အပ်ဘူးပါ၊ လျင်မြန်စွာသွား၍ နတ်မင်း၏ နေရာညောင်ပင်ကို သုတ်သင်ပါလော့" ဟု ပြောဆို လွှတ်လိုက်လေ၏။ ပုဏ္ဏာကျွန်မသည် "ကောင်းပါပြီ အရှင်မ..." ဟု သူဌေးကတော်၏ စကားကို ဝန်ခံ၍ ဆောဆော လျှင်လျှင် ပညောင်ပင်ရင်းသို့ သွားရောက်လေ၏။

ဘုရားအလောင်းတော်သည်လည်း ဆွမ်းခံချိန်ကိုငံ့မျှော်တော် မူကာ စောစောပင် သွားရောက်၍ ပညောင်ပင်ရင်း၌ ထိုင်နေ တော်မူလေသည်။ ပညောင်ပင်ရင်းကို သုတ်သင်ရန်သွားသော ပုဏ္ဏာကျွန်မသည် အိမ်သို့တဖန် ပြန်လာပြီးလျှင် သုဇာတာသူဌေး ကတော်အား "အရှင်မ.... ပညောင်ပင်စောင့် နတ်မင်းသည် ကိုယ်တိုင် ဆင်း၍ ပညောင်ပင်ရင်း၌ ထိုင်နေပါသည်" ဟု တအံ့ တဩ ပြောဆိုလေ၏။ သုဇာတာသူဌေးကတော်သည် "ဟယ် ကျွန်မ.... အကယ်၍ သင်ပြောသည့်အတိုင်း မှန်ကန်လျှင် သင့်ကို ငါ ကျွန်မအဖြစ်မှ လွှတ်မည်" ဟု ပြော၍ အဆင်တန်ဆာအစုံကို ဝတ်ဆင်လျက် အဖိုးတသိန်းတန် ရွှေခွက်၌ နို့ဃနာဆွမ်းကို ခူးထည့်ပြီးနောက် အခြားရွှေခွက်တခုဖြင့် ဖုံးအုပ်ပြီးလျှင် အဝတ် ဖြူပိတ်ချောများဖြင့် ရစ်ပတ်လျက် ထက်ဝန်းကျင်မှ နံ့သာပန်း ဆိုင်းများကို တွဲလျားချကာ ကိုယ်တိုင်ပင်ရွက်၍ သွားလေလျှင် ဘုရားအလောင်းတော်ကို မြင်ရ၍ အားကြီးသောပီတိကို ဖြစ်စေ ကာ မြင်ရာအရပ်မှစ၍ ကိုယ်ကို ညွတ်လျက်, ညွတ်လျက် သွား

WWW.DHAMMARANSI.COM



ရောက်ပြီးလျှင် ဦးခေါင်းမှ ခွက်ကိုချ၍ ဖွင့်ပြီးသော် ရွှေခွက်နှင့်တကွ နို့ဃနာဆွမ်းကို အလောင်းတော်၏လက်၌ ဆက်ကပ်, ရှိခိုးပြီးလျှင် "အကျွန်ုပ်၏ စိတ်နှလုံးအလိုဆန္ဒ ပြည့်ဝသကဲ့သို့ အရှင်တို့၏အလိုဆန္ဒလည်း ပြည့်ဝပါစေသတည်း"ဟု ဆုတောင်း မင်္ဂလာစကား ပြောကြား၍ ဖဲသွားလေ၏။

ဘုရားအလောင်းတော်သည် နေရဉ္ဇရာမြစ်ကမ်းနားသို့ သွားရောက်၍ ရွှေခွက်ကို ကမ်းနား၌ထားပြီးသော် ရေချိုးပြီး ကမ်းသို့ တဖန် ပြန်တက်တော်မူ၍ လေးဆယ့်ကိုးလုပ် ပြုလုပ်ကာ နို့ဃနာဆွမ်းကို ဘုဉ်းပေးပြီးလျှင် ရွှေခွက်ကို နေရဉ္ဇရာမြစ်ကြောသို့ မျှောပြီးနောက် အစဉ်သဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ သက်ရောက်တော်မူကာ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ မဟာဗောဓိမဏ္ဍိုင်၏ အနီး၌ပင် သတ္တသတ္တာဟ စံနေတော်မူပြီးနောက် ဣသိပတန မိဂဒါဝုန်သို့ ကြွရောက်ပြီးလျှင် ဓမ္မစကြာတရားဦးကို ဟောတော်မူပြီးလျှင် သုဇာတာသူဌေးကတော်၏သား ယသ-သတို့သား သူဌေးသား၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှု=ဥပနိဿယကို မြင်တော်မူသဖြင့် သစ်ပင်ရင်းတခုသို့ ကြွရောက်တော်မူကာ ထိုင်နေတော်မူလေ၏။

ယသ-သူဌေးသားသည်လည်း ထိုညဉ့်၏အခြားမဲ့၌ မောင်းမဆောင်ကို မြင်ရ၍ သံဝေဂဖြစ်ရှိကာ "ဥပဒ္ဒုတံ ဝတ ဘော = အိုး....သူ့ရော,ကိုယ်ပါ ခပ်သိမ်းသော သတ္တဝါတို့၏ ခန္ဓာကိုယ်ဆိုး၌ ဒုက္ခအိုးကြီးကို အမျိုးမျိုးသော ကိလေသာတရားတို့ ထိပါးနှိပ်စက်လှချည့်တကား၊ ဥပသဋ္ဌံ ဝတ ဘော = အိုး ····သူ့ရော, ကိုယ်ပါ ခပ်သိမ်းသော သတ္တဝါတို့၏ ခန္ဓာကိုယ်ဆိုး၌ဒုက္ခအိုးကြီးကို အမျိုးမျိုးသော ကိလေသာတရားတို့ ညှဉ်းပန်းနှိပ်စက်အပ်လှချည့်တကား"ဟု ညည်းတွားပြောဆိုကာ နေအိမ်မှထွက်ခဲ့၍ မြို့ပြင်ပ၌ မြတ်စွာဘုရားထံတော်သို့ သွားရောက်လျက် တရားဒေသနာကို ကြားနာရသောကြောင့် သောတာပတ္တိ မဂ်ဖိုလ်ကို ထိုးထွင်းကာ သိမြင်ဆိုက်ရောက်လေ၏။ (အင်္ဂုတ္တရအဋ္ဌကထာ ၁၊

WWW.DHAMMARANSI.COM



မျက်နှာ ၃၁၀-အလို အောက်မဂ် အောက်ဖိုလ် သုံးပါးတို့ကို ထိုးထွင်းကာ သိမြင်ဆိုက်ရောက်လေ၏)။

ထို့နောက် ယသ-၏ ဖခင် သူဌေးကြီးသည် ဖဝါးခြေထပ် လိုက်ပါလတ်၍ မြတ်စွာဘုရားထံတော်သို့ သွားရောက်ပြီးလျှင် ယသသူဌေးသား၏ သတင်းကို မေးလေသည်။ မြတ်စွာဘုရားသည် ယသသူဌေးသားကို တန်ခိုးတော်ဖြင့် ဖုံးကွယ်ထား၍ ဖခင် သူဌေးကြီးအား တရား ဟောတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးလတ်သောအခါ ဖခင်သူဌေးကြီး သောတာပတ္တိဖိုလ်၌တည်၍ ယသသူဌေးသား အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ယသသူဌေးသားကို ဧဟိဘိက္ခု ခေါ်တော်မူ၏။ ထိုခဏမှာပင် ယသသူဌေးသား၏အမှိုရာ လူ၏အသွင် ကွယ်ပျောက်၍ ဣဒ္ဓိမယသပိတ်,သင်္ကန်း ပရိက္ခရာတို့ကို ဆင်မြန်းပြီးဖြစ်ကာ ယသသူဌေးသားသည် ဧဟိဘိက္ခုရဟန်း ဖြစ်လေ၏။ သူဌေးကြီးသည် မြတ်စွာဘုရားကို ဆွမ်းဘုဉ်းပေးကြွရန် ဖိတ်မန်လေသည်။ မြတ်စွာဘုရားသည် အရှင်ယသကို နောက်ပါရဟန်း ပြု၍ သူဌေးကြီး၏အိမ်သို့ ကြွရောက်တော်မူလျက် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးစီးလတ်သော် တရား ဟောတော်မူလေ၏။ ဒေသနာနိဂုံး ဆုံးလတ်သောအခါ အရှင်ယသ၏ မယ်တော် သုဇာတာ သူဌေးကတော်ကြီးသည်၎င်း, အရှင်ယသ ၏ လူဖြစ်စဉ်က ဇနီးဟောင်းသည်၎င်း သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။ ထိုနေ့မှာပင် သုဇာတာသူဌေးကတော်ကြီးသည် ချွေးမနှင့်အတူတကွ တေဝါစိကသရဏဂုံ၌ တည်လေ၏။ (ဤကား အကျဉ်းသံခေပ အကြောင်းအရာတည်း။ အကြောင်းအရာ အကျယ်ကို အောက် မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ ၂၇၁-မှ ၂၇၈ တိုင်အောင်၎င်း, ၎င်းစာမျက်နှာ ၅၀၀-မှ ၅၂၇-တိုင်အောင်၎င်း ပြန်လည်ကြည့်ရှုကြကုန်ရာ၏)။

WWW.DHAMMARANSI.COM



### (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

မြတ်စွာဘုရားသည် နောက်အဖို့ဝယ် အစဉ်အတိုင်း ဥပါ-သိကာတို့ကို ဧတဒဂ်ရာထူး = ဌာနန္တရတို့၌ ထားတော်မူသည် ရှိသော် ဤသုဇာတာသူဌေးကတော် ဥပါသိကာကြီးကို—

> "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဌမံ သရဏံ ဂစ္ဆန္တီနံ ယဒိဒံ သုဇာတာ သေနိယဓီတာ = ရဟန်းတို့......ရှေးဦးစွာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်း = သရဏဂုံသို့ ရောက်ကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဥပါသိကာတို့တွင် သေနိယ သူဌေး၏သမီး သုဇာတာ သူဌေးမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ပဌမံသရဏဂမန = ရှေးဦးစွာ သရဏဂုံခံယူသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

ဤကား သုဇာတာသူဌေးကတော် အကြောင်းတည်း။

---

## (၂) ဝိသာခါကျောင်းအမကြီးအကြောင်း

### (က) ဝိသာခါ၏ ရှေးကောင်းမှု

ဤဝိသာခါအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရ မြတ်စွာ လက်ထက်တော်အခါ၌ ဟံသာဝတီ မင်းနေပြည်ဝယ် အမျိုးသမီး(သူဌေးသမီး)ဖြစ်လတ်၍ နောက်အဖို့ဝယ် မြတ်စွာ ဘုရား၏ တရားဒေသနာကို ကြားနာရစဉ် မြတ်စွာဘုရားရှင်က ဥပါသိကာ တယောက်ကို "ဒါယိကာ=အလှူအတန်း ပေးကမ်း ခြင်း၌ မွေ့လျော်သောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ် ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိ-ကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေသည်။

WWW.DHAMMARANSI.COM



### ကိကီမင်းကြီး၏ သမီးထွေးဘစ

ထိုအမျိုးကောင်းသမီးသည် ကဿပတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘဒ္ဒကမ္ဘာဝယ် ကဿပမြတ်စွာ လက်ထက်တော်အခါ၌ ကာသိတိုင်းရှင် ဘုရင်ကိကီမင်းကြီး၏ ရွှေနန်းတော်ဝယ် ဘုရင့်သမီးတော် ညီအမ ခုနစ်ဖော်တို့အနက် အငယ်ဆုံး အထွေးဆုံး ညီမ ဖြစ်ခဲ့လေသည်။ ထိုအခါ၌—

သမဏီ, သမဏဂုတ္တာ စ၊ ဘိက္ခုနီ, ဘိက္ခုဒါယိကာ။
ဓမ္မာ စေဝ, သုဓမ္မာ စ၊ သံဃဒါသီ စ သတ္တမာ—

ဟူသော သင်္ဂဟဂါထာအတိုင်း ကိကီမင်းကြီးမှာ (၁) သမဏီမင်းသမီး၊ (၂) သမဏဂုတ္တာမင်းသမီး၊ (၃) ဘိက္ခုနီမင်းသမီး၊ (၄) ဘိက္ခုဒါယိကာမင်းသမီး၊ (၅) ဓမ္မာမင်းသမီး၊ (၆) သုဓမ္မာမင်းသမီး၊ (၇) သံဃဒါသီမင်းသမီး ဟူ၍ သမီးတော် ညီအမ ခုနစ်ဖော်တို့ ရှိကြလေသည်။ ထိုသမီးတော် ခုနစ်ဖော်တို့သည် ဤယခု မြတ်စွာဘုရား လက်ထက်တော်အခါဝယ်—

ခေမာ, ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရာ စ, ဂေါတမီ။
ဓမ္မဒိန္နာ, မဟာမာယာ၊ ဝိသာခါ စေဝ သတ္တမီ—

ဟူသော သင်္ဂဟဂါထာအတိုင်း အစဉ်အတိုင်း (၁) ခေမာထေရီ၊ (၂) ဥပ္ပလဝဏ်ထေရီ၊ (၃) ပဋာစာရာထေရီ၊ (၄) မိထွေးတော် မဟာပဇာပတိ ဂေါတမီထေရီ၊ (၅) ဓမ္မဒိန္နာထေရီ၊ (၆) မယ်တော် မဟာမာယာမိဖုရား၊ (၇) ဝိသာခါ ကျောင်းအမကြီးတို့ အသီးအသီး ဖြစ်လာကြလေသည်။

### (စ) နောက်ဆုံးဘဝ ဝိသာခါဖြစ်ခြင်း

ကိကီမင်းကြီး၏ သမီးတော် ခုနစ်ဖော်တို့တွင် အငယ်ဆုံး အထွေးဆုံးဖြစ်သူ သံဃဒါသီမင်းသမီးသည် ဗုဒ္ဓန္တရအသင်္ချေယျ တကပ်ပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည် ကျက်စားခဲ့၍ ဤအကြွန်ုပ်တို့ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာ ကာလဝယ်

WWW.DHAMMARANSI.COM



အင်္ဂတိုင်းဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေး၏ အဂ္ဂမဟေသီ သုမနဒေဝီ သူဌေးကတော်ကြီးဝမ်း၌ ကိန်းဝပ် သန္ဓေ တည်နေဖြစ်ပွါးလာလေသည်။ ထိုသူဌေးသမီး၏အမည်ကို ဝိသာခါ-ဟူ၍ မိဘဆွေမျိုးတို့က မှည့်ခေါ်ကြလေသည်။ ဝိသာခါ သူဌေးသမီး ခုနစ်နှစ်အရွယ်ရှိသောအခါ၌ မြတ်စွာဘုရားရှင်သည် သေလပုဏ္ဏားနှင့် အခြား ကျွတ်ထိုက်သူ ဝေနေယျတို့၏ မဂ်ဖိုလ် ရကြောင်း ရှေးကောင်းမှုနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ များစွာသော ရဟန်းအပေါင်း ခြံရံအပ်လျက် ခရီးဒေသစာရီ ကြွချီတော်မူလတ်သည်ရှိသော် အင်္ဂတိုင်း ဘဒ္ဒိယမြို့သို့ ဆိုက်ရောက်တော်မူလေ၏။

## ဘုန်းကြီးသူ ၅-ဦး

ထိုအချိန်၌ မေဏ္ဍကသူဌေးသည် ဘဒ္ဒိယမြို့ဝယ် "ဘုန်းကြီးသူ ၅-ဦး"တို့၏ အကြီးအမှူးဖြစ်ကာ သူဌေး မြို့လုပ်နေထိုင်ဆဲ ဖြစ်၏။ ဘုန်းကြီးသူ ၅-ဦးတို့ ဟူသည်မှာ (၁) မေဏ္ဍက သူဌေးကြီး၊ (၂) ထိုသူဌေးကြီး၏ စန္ဒပဒုမာမည်သော သူဌေးကတော်ကြီး၊ (၃) ထိုသူဌေးကြီး၏သား ဓနဉ္စယသူဌေး (၄) ထို ဓနဉ္စယ သူဌေး၏ သုမနဒေဝီမည်သော သူဌေးကတော်၊ (၅) မေဏ္ဍက သူဌေးကြီး၏ ပုဏ္ဏမည်သောကျွန် = ဤသူ ၅-ဦးတို့ ဖြစ်သည်။ (ထိုသူ ၅-ဦးတို့၏ ဘုန်းအာနုဘော် ကြီးမားပုံကို ဓမ္မပဒ-အဋ္ဌကထာ ဒုတိယအုပ် ၁၈-မလဝဂ်၊ ၁၀-မေဏ္ဍကသူဌေးဝတ္ထု၊ စာမျက်နှာ ၂၃၇-၈-တို့မှ အကျဉ်းချုပ် ထုတ်၍ပြဦးအံ့)—

၁။ မေဏ္ဍကသူဌေးကြီး၏ အာနုဘော်။ ။တနေ့သ၌ မေဏ္ဍက သူဌေးကြီးသည် မိမိ၏ ဘုန်းအာနုဘော်ကို စုံစမ်းလိုသည်ဖြစ်၍ စပါးကျီအလုံးပေါင်း(၁၂၅၀)တထောင့်နှစ်ရာ့ ငါးဆယ်တို့ကို သုတ်သင်ရှင်းလင်းစေပြီးလျှင် ဦးခေါင်း ဆေးလျှော်ပြီးနောက် တံခါးဝ၌ ထိုင်နေ၍ အထက်ကောင်းကင်သို့မော်၍ ကြည့်လိုက်လေသည်၊ ထိုခဏဝယ် သလေးဒိစပါး-မိုးကြီး ဖြိုးဖြိုးဖြန်းဖြန်း အုန်းအုန်း ရွာချ၍ စပါးကျီအလုံးပေါင်း (၁၂၅၀) တထောင့်နှစ်ရာ့ ငါးဆယ်တို့မှာ သလေးဒိစပါးတို့ဖြင့် ပြည့်လျက်သား

WWW.DHAMMARANSI.COM



ဖြစ်ကြလေကုန်၏။ သူဌေးကြီးသည် ကျန်သည့် အိမ်ရှိလူများ၏ ဘုန်းအာနုဘော်ကိုလည်း စုံစမ်းလိုသည်ဖြစ်၍ သူဌေးကတော်ကြီး, သား, ချွေးမ, ကျွန် ဤသူ လေးဦးတို့ကို " သင်တို့၏ ဘုန်းအာနုဘော်တို့ကိုလည်း စုံစမ်းကြကုန်လော့"ဟု တိုက်တွန်းစကားပြောကြားလေ၏။

၂။ စန္ဒပဒုမာသူဌေးကတော်ကြီး၏ အာနုဘော်။ ။ထိုအခါ စန္ဒပဒုမာသူဌေးကတော်ကြီးသည် အဆင် တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် လူများအပေါင်း ကြည့်ရှုနေစဉ်ပင် ဆန်များကို(တပြည်ခန့်) ခြင်စေ၍ ထိုဆန်တို့ဖြင့် ထမင်းချက်စေပြီးနောက် တံခါးမုခ်ဝယ်ခင်းထားအပ်သောနေရာ၌ ထိုင်နေကာ ရွှေယောက်မကို ကိုင်လျက်"ထမင်းဖြင့် အလိုရှိသောသူတို့သည် လာရောက်ကြကုန်"ဟု ကြေးကြော်စေ၍ လာတိုင်း လာတိုင်းသော သူတို့အား ခွက်အပြည့်ထည့်၍ ပေးလှူလေသည်။ တနေ့လုံး ပေးလှူသော်လည်း ယောက်မဖြင့် ခပ်ယူသောနေရာသာ ထင်၍ ကျန်သည့်ထမင်းအိုးအရာမယွင်းပဲ ရှိလေသည်။

မန္ဒပဒုမာ အမည်ရခြင်းအကြောင်း။ ။ထိုသူဌေးကတော်ကြီး၏ အဖို့ရာ ရှေး ဘုရားရှင်တို့၏ လက်ထက်တော် အခါကလည်း ရဟန်းသံဃာအား လက်ဝဲလက် (ဗယ်ဘက်လက်)ဖြင့် ဆွမ်းအိုး ဆွမ်းဇလုံကို မချီလျက် လက်ျာလက် (ညာဘက်လက်)ဖြင့် ယောက်ချို, ယောက်မ, ဇွန်းကို စွဲကိုင်ကာ ဤနည်းနှင်နှင် သပိတ်အပြည့်ဆွမ်းလှူခဲ့ဘူးသောကြောင့် လက်ဝဲလက်(ဗယ်ဘက်လက်)ဖဝါးအပြည့် ပဒုမာကြာပန်း လက္ခဏာ အရေး အသားထင်ရှားဖြစ်ပေါ်၍ လက်ျာလက်(ညာဘက်လက်)ဖဝါးအပြည့် လဝန်း လက္ခဏာအရေးအသား ထင်ရှားဖြစ်ပေါ်လာလေသည်။ ထို့ပြင်လည်း သူဌေးကတော်ကြီးသည် ရှေးဘုရားရှင်များ လက်ထက်တော်အခါက ရဟန်းသံဃာအား လက်ဝဲလက်ဖြင့် မမကရိုက် = ရေစစ်ကိုယူကာ သောက်ရေကို စစ်၍ လှူဒါန်းလျက် ထိုမှ, ဤမှ သံဃာရှိရာသို့ မမောနိုင်, မပန်းနိုင် လှည့်လည်သွားလာခဲ့လေသည်။ ထို့ကြောင့် ထိုသူဌေးကတော်ကြီး၏

WWW.DHAMMARANSI.COM



လက်ျာခြေ(ညာဘက်ခြေ)ဖဝါးအပြည့်လဝန်း လက္ခဏာ အရေးအသား ထင်ရှားဖြစ်ပေါ်၍ လက်ဝဲခြေ (ဗယ်ဘက်ခြေ) ဖဝါးအပြည့် ပဒုမာကြာပန်း လက္ခဏာ အရေးအသား ထင်ရှား ဖြစ်ပေါ်လာလေသည်၊ ဤဖော်ပြရာပါ အကြောင်းများကြောင့် ထိုသူဌေးကတော်ကြီး၏ အမည်ကို မိဘဆွေမျိုးတို့က "စန္ဒပဒုမာ" ဟူ၍ မှည့်ခေါ်ကြလေသည်။

၃။ **သားဖြစ်သူ နန္ဒိယသူဌေး၏ အာနုဘော်။** ။မေဏ္ဍကသူဌေးကြီး၏သား နန္ဒိယသူဌေးသည်လည်း ဦးခေါင်းဆေးလျှော်ပြီးလျှင် အသပြာကောင်အိတ်ကို ယူ၍ "အသပြာကျပ်တို့ဖြင့် အလိုရှိသောသူတို့သည် လာရောက်ကြကုန်" ဟု ဆို၍ လာတိုင်း လာတိုင်းသောသူတို့အား ခွက်အပြည့် ကျပ်အသပြာတို့ကို ထည့်၍ ပေးလေသည်။ ထိုသို့ပေးသော်လည်း အသပြာ အိတ်ထဲ၌ ကျပ်အသပြာတထောင် ရှိမြဲရှိ၍ နေလေသည်။

၄။ **ချွေးမဖြစ်သူ သုမနဒေဝီသူဌေးကတော်၏ အာနုဘော်။** ။ထိုမေဏ္ဍကသူဌေးကြီး၏ ချွေးမဖြစ်သူ သုမနဒေဝီ သူဌေးကတော်သည်လည်း အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် ကောက်စပါးတောင်းကို ယူ၍ ဟင်းလင်းအပြင်၌ ထိုင်နေလျက် "မျိုးရိက္ခာထမင်းတို့ဖြင့် အလိုရှိသောသူတို့သည် လာရောက်ကြကုန်"ဟု ဆို၍ လာတိုင်း လာတိုင်းသောသူတို့အား ခွက်အပြည့် ထည့်၍ ပေးလေသည်။ ထိုသို့ပေးသော်လည်း ကောက်စပါး ထည့်သော တောင်းသည် ပြည့်မြဲတိုင်းသာလျှင် ပြည့်၍နေ၏။

၅။ **ကျွန်ယုံတော် မောင်ပုဏ္ဏ၏ အာနုဘော်။** ။မေဏ္ဍကသူဌေးကြီး၏ ကျွန်ယုံတော် မောင်ပုဏ္ဏသည်လည်း ကျွန်တို့ ဆိုင်ရာ အဆင်တန်ဆာစုံ ဝတ်ဆင်ပြီးလျှင် ရွှေထမ်းပိုးတို့၌ ရွှေချည်ကြိုးတို့ဖြင့် နွားတို့ကို ယှဉ်က၍ ရွှေနှင်တံကို စွဲကိုင်လျက် နွားတရှဉ်းတို့အား နံ့သာ လက် ၅-ချောင်းရာများပေးပြီး နွားဦး ချိုတို့၌ ရွှေအစွပ်တို့ကို စွပ်လျက် လယ်တောသို့ သွားရောက်ကာ မောင်းနှင် ထွန်၍ပြလေသည်။ ထိုအခါ အံ့ဩဖွယ်ရာ လက်ဝဲဘက်မှ ထွန်ရေး

WWW.DHAMMARANSI.COM



သုံးကြောင်း,လက်ျာဘက်မှ ထွန်ရေးသုံးကြောင်း, အလယ်ဗဟိုမှ ထွန်ရေးတကြောင်းအားဖြင့် ထွန်ရေးအကြောင်း ခုနစ်ကြောင်းတို့ ခွဲထွက်၍ သွားကြလေသည်။

ဇမ္ဗူဒိပ်ကျွန်းအပြင်၌ နေကြသော သူတို့သည် ထမင်း, မျိုးရိက္ခာ, ငွေ, ရွှေ-စသည်တို့တွင် မိမိတို့ အလိုရှိရာကို မေဏ္ဍကသူဌေးကြီးအိမ်မှသာလျှင် ယူငင်ကြရလေသည်။ ဤကား ဘုန်းကြီးသူ ၅-ဦးတို့အကြောင်းတည်း။

ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက်ပြန့်နှံ့ရာ ရာဇဂြိုဟ်ပြည်နယ်အတွင်း၌ ဤ မေဏ္ဍကသူဌေးကြီးအပြင် ဇောတိကသူဌေး, ဇဋိလသူဌေး, ပုဏ္ဏသူဌေး,ကာကဝလိယသူဌေးဟူ၍ သူဌေးကြီးလေးဦးတို့လည်း ရှိကြသေး၏၊ မေဏ္ဍကသူဌေးကြီးနှင့်သော် ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက် ပြန့်နှံ့ရာနယ်ပယ်၌ "အမိတဘောဂ = သုံးမကုန် စွဲမကုန် စည်းစိမ်ကုံလုံကြွယ်ဝသည့် သူဌေးကြီးပေါင်း" ၅-ဦးတို့ ရှိကြလေသည်။ ။(ထို ၅-ဦးတို့တွင် ပုဏ္ဏသူဌေးကြီး၏ အကြောင်းကား အထက် ဥတ္တရာဝတ္ထု၌ ထင်ရှားလတ္တံ့၊ ကျန်သူဌေးကြီး ၄-ဦးတို့၏ အကြောင်းအရာအကျဉ်းချုပ်ကို ဤဆဋ္ဌမတွဲအဆုံး ဤကျမ်းနိဂုံးအုပ်ခါနီးမှ ဖော်ပြပေအံ့)။

အမိတဘောဂသူဌေးကြီး ၅-ဦးတို့တွင် တဦးအပါ အဝင်ဖြစ်သော မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရားရှင် မိမိတို့၏ ဘဒ္ဒိယမြို့သို့ ရောက်တော်မူလာကြောင်း သတင်းစကား ကြားသိရလေလျှင် မိမိ၏မြေးမ(=ဓနဉ္စယသူဌေး၏သမီး) ဝိသာခါသတို့သမီးကို ခေါ်၍ "ချစ်မြေး…ဖိုးဖိုး ယခုပြောပြမည့် ကိစ္စသည် ချစ်မြေး၏အဖို့ရာလည်း မင်္ဂလာကောင်းမှု ကုသိုလ်ဖြစ်၏၊ ဖိုးဖိုးတို့၏ အဖို့ရာလည်း မင်္ဂလာကောင်းမှု ကုသိုလ်ဖြစ်၏၊ ချစ်မြေး၏ ရံရွေဖော် သတို့သမီးငါးရာတို့နှင့် အတူအကွ ရထားအစီးငါးရာတို့ကို ကိုယ်စီကိုယ်င စီးကြလျက် ကျွန်မငါးရာ ခြံရံအပ်ကာ ချစ်မြေးသည် မြတ်စွာဘုရားအား ခရီးဦးကြိုဆိုမှုပြုလေလော့" ဟု တိုက်တွန်းစကား ပြောကြားလေ၏။

WWW.DHAMMARANSI.COM



## ခုနှစ်နှစ်အရွယ်ကပင် ဝိသာခါ သောတာပန်ဖြစ်ခြင်း

ဝိသာခါသတို့သမီးသည် အဖိုး၏တိုက်တွန်းစကားကို ကြားရလေလျှင် အားရဝမ်းသာစွာ အဖိုးပြောဆိုသည့်အတိုင်း မြတ်စွာဘုရားအား ခရီးဦးကြိုဆိုမှု ပြုလေ၏၊အထူးအားဖြင့်-(အဖိုးဖြစ်သူ မေဏ္ဍကသူဌေးကြီးက သူဌေး၏ဇာတိမာန်ဖြင့် မြတ်စွာဘုရား၏ အနီးထံမှောက်သို့ ရောက်အောင် ရထားစီး၍ သွားရမည်ကဲ့သို့ ပြောဆို မှာကြား လိုက်သော်လည်း ) ဝိသာခါ သတို့သမီးသည် အကြောင်းဟုတ်သည်, မဟုတ်သည်တို့၌ လိမ္မာပါးနပ် ယဉ်ကျေးပြီးသူ ဖြစ်သောကြောင့် ရထားစီး၍ သွားသင့်လောက်သော မြေအရပ်တိုင်ရုံသာ ရထားစီး၍ သွားပြီးလျှင် (ရထားနှင့် သွားကအဂါရဝ = မရိုသေမှု ဖြစ်လောက်သည့် အရပ်သို့ ရောက်လျှင် ) ရထားမှ ဆင်းသက်၍ ခြေလျင်သာလျှင် မြတ်စွာဘုရား အထံတော်သို့ သွားရောက်, ရှိခိုးကာ အပြစ်လွတ်ရာအရပ်၌ ရပ်တည်နေလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဝိသာခါသတို့သမီး( = သူဌေးသမီး ) အား သူမ၏ စရိုက်နှင့် လိုက်လျောညီညွတ်စွာ တရားဒေသနာကို ဟောကြားတော်မူလေ၏၊ ဒေသနာနိဂုံး ဆုံးလတ်သောအခါ ဝိသာခါသူဌေးသမီးသည် ရံရွေဖော်သတို့သမီးငါးရာတို့နှင့် အတူတကွ သောတာပတ္တိဖိုလ်၌ တည်လေ၏ = သောတာပန်အရိယာ ဖြစ်လေ၏။

မေဏ္ဍက သူဌေးကြီးသည်လည်း မြတ်စွာဘုရားရှင့် ထံတော်မှောက်သို့ သွားရောက် ဆည်းကပ်၍ မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ရပ်တည် နေလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် မေဏ္ဍက သူဌေးကြီးအားလည်း သူ၏စရိုက်နှင့် လိုက်လျောညီညွတ်စွာ တရားဒေသနာကို ဟောကြားတော်မူလေ၏၊ မေဏ္ဍကသူဌေးကြီးသည် တရားဒေသနာနိဂုံး ဆုံးလတ်သောအခါ သောတာပတ္တိဖိုလ်၌ တည်၍ = သောတာပန်အရိယာဖြစ်ပြီး၍ မြတ်စွာဘုရားရှင်ကို နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှါ ပင့်ဖိတ်ပြီးလျှင် နောက်တနေ့၌ မိမိ၏ အိမ်ဝယ်

WWW.DHAMMARANSI.COM



ပွန်မြတ်သော ခဲဖွယ်, ဘောဇဉ်တို့ဖြင့် ဘုရားအမှူးရှိသော ရဟန်း သံဃာကို ဆွမ်းပွဲစုလုပ်ကျွေး ဆက်ကပ်လေ၏၊ ဤနည်းဖြင့် မေဏ္ဍကသူဌေးကြီး သည် လခွဲ (=၁၅-ရက်) ပတ်လုံး ကြီးစွာ သော အလှူဒါနကို ပေးလှူခဲ့လေသည်၊ မြတ်စွာဘုရားရှင်သည် ဘဒ္ဒိယမြို့၌ ချေချွတ်သင့်သော သတ္တဝါဝေနေယျ ရှိသလောက် သိတင်းသုံး နေထိုင်တော်မူ၍ လောလောဆယ် ချေချွတ်ရန် ဝေနေယျ မရှိသောအခါ ဘဒ္ဒိယမြို့မှ ဖဲကြွတော်မူလေ၏။

### ဝိသာခါတို့မိသားစု သာကေတမြို့သို့ ပြောင်းရွှေ့နေထိုင်ခြင်း

သာဝတ္ထိပြည်ဝယ် ပသေနဒီကောသလ မင်းတရားသည် (မိမိ တိုင်းနိုင်ငံ၌ အမိတဘောဂသူဌေးတဦးမျှ မရှိသေးရကား) ဗိမ္ဗိ- သာရမင်းတရား၏ အထံသို့ “အကျွန်ုပ်၏ အာဏာစက် ပြန့်နှံ့ရာ ကောသလတိုင်းနယ်ပယ်ဝယ် အမိတဘောဂသူဌေးအိမ်ထောင်စု တခုမျှ မရှိ ဖြစ်ပါသည်၊ ထို့ကြောင့် ကျွန်ုပ်တို့၏ နိုင်ငံသို့ အမိတ ဘောဂသူဌေးအိမ်ထောင်စု တခုခုကို ပို့လွှတ်စေလိုပါသည်”ဟူ၍ သဝဏ်လွှာ ပို့သစေလွှတ် တောင်းခံလေ၏။

ဗိမ္ဗိသာရမင်းတရားကြီးသည် အမတ်တို့နှင့် ထိုအကြောင်းကို တိုင်ပင်ဆွေးနွေးလေ၏။ အမတ်တို့သည် “ကျွန်ုပ်တို့သည် အမိတ ဘောဂသူဌေးကြီးများ အိမ်ထောင်စုကိုကား မည်သည့်နည်း ဖြင့်မျှ မပို့သနိုင်ကြပါကုန်၊ သို့သော်(ကောသလမင်းကြီး စိတ်ကျေ နပ်လောက်အောင်)သူဌေးသားတယောက်ကို ပို့သကြကုန်စို့”ဟု တိုင်ပင်ညီညွတ်ကြ၍ မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေး ကို ကောသလတိုင်းသို့ သွားရောက်နေထိုင်ရန် တောင်းပန် စကား ပြောကြားကြလေကုန်၏။ ဗိမ္ဗိသာရမင်းတရားကြီးသည် အမတ်တို့၏ စကားကို ကြားသိရ၍ မေဏ္ဍကသူဌေးကြီး ၏ သား ဖြစ်သူ ဓနဉ္စယသူဌေးကို ကောသလတိုင်းသို့ သွားရောက်နေထိုင် ရန် တောင်းပန်စကား ပြောကြား၍ ပို့သစေလွှတ်လေသည်။

(ဤ၌၊ ။ဓမ္မပဒအဋ္ဌကထာအလိုအားဖြင့် ကောသလမင်းကြီးနှင့် ဗိမ္ဗိသာရမင်းတရားကြီးတို့သည် အချင်းချင်း နှမ၏လင်=မောင်လယ်

WWW.DHAMMARANSI.COM



နှမလယ် တော်စပ်ကြ၍ ကောသလမင်းကြီးက ဗိမ္ဗိသာရမင်းကြီးထံသို့ သွားရောက်၍ သူဌေးကြီးတဦးဦးကို မိမိ၏ကောသလတိုင်းသို့ပို့လွှတ်ရန် တောင်းခံသောအခါ ဗိမ္ဗိသာရမင်းတရားကြီးသည် သူဌေးကြီးများကို မတုန်လှုပ်, မချောက်ချားစေနိုင်သဖြင့် မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေးကို ကောသလတိုင်းသို့ လိုက်ပါနေထိုင်ရန် တောင်းပန် တိုက်တွန်း၍ ဓနဉ္စယသူဌေးက ဝန်ခံဘာသာတူသဖြင့် ထိုဓနဉ္စယသူဌေး အိမ်ထောင်စုကို ကောသလမင်းကြီးနှင့်အတူ ထည့်လိုက်ခြင်းဖြစ်သည်)။

ဓနဉ္စယသူဌေးသည် ဘဒ္ဒိယမြို့မှ ပြောင်းရွှေ့ခဲ့၍ သာဝတ္ထိပြည်မှ ခုနစ်ယူဇနာ ဝေးကွာသည့် နေထိုင်ရန်ချမ်းသာမည့်အရပ်သို့ ရောက်လေလျှင် ကောသလမင်းကြီးကို "ဤအရပ်သည် မည်သူ၏ နိုင်ငံနည်း"ဟု မေး၍ ကောသလမင်းကြီး က "သူဌေး...ငါ၏ နိုင်ငံဖြစ်သည်" ဟု ပြောလေလျှင် ဓနဉ္စယသူဌေးသည် "ဤ အရပ်မှ သာဝတ္ထိပြည်သည် မည်မျှဝေးကွာပါသနည်း"ဟု မေး လေ၏။ ကောသလမင်းကြီးက "ခုနစ်ယူဇနာထက်၌ သာဝတ္ထိ ပြည် ရှိ၏"ဟု မိန့်ဆိုလေလျှင် ဓနဉ္စယသူဌေးသည် "အကျွန်ုပ်တို့ နေဖို့ရန် သာဝတ္ထိမြို့တွင်းသည် ကျဉ်းမြောင်းပါ၏၊ အကျွန်ုပ်တို့၏ အခြံအရံလူကားများလှစွာ၏၊ အရှင်မင်းကြီးတို့ နှစ်သက်ကျေနပ် တော်မူကြပါလျှင် အကျွန်ုပ်တို့သည် ဤအရပ်၌ပင် မြို့တည်၍ နေကြပါရစေ"ဟု ခွင့်ပန်စကား ပြောကြားလေ၏။ ကောသလ မင်းကြီးသည် "ကောင်းပြီ"ဟု ဝန်ခံ၍ ထိုအရပ်၌ မြို့သစ် ဖန်တီးပြီးလျှင် ဓနဉ္စယသူဌေးအား အပ်နှင်း၍ သွားလေ၏။ ထိုအရပ်ဝယ် ကိုယ်တိုင်ပင် နေထိုင်ရန်ဌာနကို ယူအပ်လေသော ကြောင့် မြို့၏အမည်မှာ "သာကေတ"မြို့ဟု မည်တွင်လေသည်။

သာဝတ္ထိပြည်၌ မိဂါရသူဌေးကြီး၏သား ပုဏ္ဏဝဍ္ဎနသတို့သား သည် အရွယ်သို့ရောက်ရှိလေပြီ၊ ထိုအခါ ပုဏ္ဏဝဍ္ဎနသတို့သား၏ ဖခင် မိဂါရသူဌေးကြီးသည် "ငါ့သား အရွယ်သို့ရောက်ခဲ့လေပြီ၊ ယခုအချိန်ကား ငါ့သားကို အိမ်ရာဖြင့် နှောင်ဖွဲ့ရမည့် အချိန် ဖြစ်လေသည်"ဟု ဆင်ခြင်စဉ်းစား၍ "ငါတို့နှင့် ဇာတ်တူအမျိုး အိမ်မှ သတို့သမီးကို ရှာကြလော့"ဟု မှာထားပြောဆိုကာ အကြောင်းဟုတ်သည်, မဟုတ်သည်၌ ကျွမ်းကျင်လိမ္မာကြသည့်

WWW.DHAMMARANSI.COM



ယောက်ျားတို့ကို စေလွှတ်လေ၏။ ထိုသတ္တိသမီးရှာသော လူများသည် သာဝတ္ထိပြည်၌ မိမိတို့ နှစ်သက်အပ်သည့် သတ္တိသမီးကို မတွေ့မမြင်ကြရ၍ သာကေတမြို့သို့ သတ္တိသမီးအရှာ သွားရောက်ကြလေ၏။

ထိုနေ့၌ ဝိသာခါသူဌေးသမီးသည် မိမိနှင့်အရွယ်တူ ရံရွေဖော် သတ္တိသမီးငါးရာတို့ ခြံရံအပ်လျက် ရေသဘင်ကစားရန် မြို့၏ အပြင်ဘက်ရှိ ရေကန်ကြီးတခုသို့ သွားရောက်လေ၏။ သတ္တိသမီးရှာသော သာဝတ္ထိပြည်သား လူများသည်လည်း သာကေတမြို့တွင်း၌ လှည့်လည်ကြ၍ မိမိတို့ ကျေနပ်နှစ်သက်လောက်သည့် သတ္တိသမီးကို မတွေ့မမြင်ကြရကား မြို့ပြင်ပတံခါးဝ၌ ရပ်တည်နေကြလေကုန်၏။ ထိုအချိန်၌ မိုးကြီး စ၍ ရွာသွန်းလေ၏။ ထိုအခါ ဝိသာခါနှင့်အတူ မြို့မှထွက်ခဲ့ကြသော သတ္တိသမီးငါးရာတို့သည် မိုးစွတ်မည်မှ ကြောက်ကြသောကြောင့် အလျင်အမြန် ပြေးသွားကြကာ စရပ်တဆောင်သို့ ဝင်ရောက်တည်းခိုကြလေ၏။ သတ္တိသမီးရှာသူများသည် ထိုသတ္တိသမီးငါးရာတို့ အတွင်းမှာလည်း မိမိတို့ကျေနပ်နှစ်သက်လောက်သော သတ္တိသမီးကို မတွေ့မမြင်ကြရကုန်။

အထူးအားဖြင့် ထိုသတ္တိသမီးငါးရာတို့၏နောက်မှ ဝိသာခါ သူဌေးသမီးသည် မိုးရွာသည်ကိုလည်း မရေမတွက်ပဲ မဆောမလျင် (ဇုဒန္တြရရ) သွားခြင်းဖြင့် မိုးအစွတ်ခံလျက်သာ နောက်ဆုံးမှ စရပ်အတွင်းသို့ ဝင်ရောက်လာလေ၏။ သာဝတ္ထိပြည်သား သတ္တိသမီးရှာသည့် လူကြီးများသည် ဝိသာခါကို မြင်ကြရသည်ရှိသော် "ဤလောကဝယ် ရုပ်ရည်အဆင်း တင့်တယ်လှပခြင်း ရှိသော သတ္တိသမီးသည် ဤ (ယခုတွေ့မြင်ရသည့်) သတ္တိသမီးလျှင် လွန်သောအတိုင်းအရှည်ရှိသည် ဖြစ်လေရာ၏ (= ဤယခု တွေ့မြင်ရသည့် သတ္တိသမီးထက် တင့်တယ်လှပသော သတ္တိသမီးဟူ၍ မရှိနိုင်လေရာ)။ ဤရုပ်ရည်အဆင်းဟူသည်ကား အချို့သော သတ္တိသမီးများ၏အဖို့ရာ သလဲသီးမှည့်ကဲ့သို့ နုနုထွတ်ထွတ် ဖြစ်ရှိနိုင်ပေသည်။ စကားစကို ဖြစ်စေ၍ ပြောဆိုကြည့်ကြမှသာလျှင်

WWW.DHAMMARANSI.COM



'ဤသတို့သမီးသည် ချိုမြိန်သော နှုတ်သံစကား ရှိ၏မရှိ၏' ဟု သိနိုင်ကြပေလိမ့်မည်"ဟု ကြံစည်ဆင်ခြင်မိကြလေ၏။ ထို့နောက် လူကြီးများနှင့် ဝိသာခါသူဌေးသမီးတို့ စကားအပြန်အလှန် မေးကြ, ဖြေကြသည်မှာ—

(လူကြီးများ) သမီး…အမိးသည် အလွန်အရွယ်ရင့် ရော်သော မိန်းမကြီးကဲ့သို့ သွားဘိတကား။

(ဝိသာခါ) ဖခင်တို့…ဖခင်တို့သည် အဘယ်ကို မြင်၍ ဤသို့ ပြောဆိုကြပါသနည်း။

(လူကြီးများ) သင်ချစ်သမီးနှင့် အတူတကွ ကစားဖော်ဖြစ်ကြသည့် အခြားသတို့သမီးများသည် မိုးစွတ်အံ့ သည်မှကြောက်ကြသောကြောင့် အဟုန်လျင်စွာ ပြေးလာကြ၍ ဤစရပ်အတွင်းသို့ ဝင်ရောက်မိုလှုံကြပါသည်၊ သင်ချစ်သမီးသည်ကား အရွယ်ကြီးသော မိန်းမကြီးကဲ့သို့ ခြေလှမ်းကိုလွန်၍ မလာခဲ့ချေ၊ ထဘီကို မိုးစွတ်မည်ကိုလည်း သင်ချစ်သမီးကား မရေတွက်ပေ၊ အကယ်၍များ ချစ်သမီးကို ဆင်ဖြစ်စေ, မြင်းဖြစ်စေ လိုက်လာခဲ့လျှင် ချစ်သမီးသည် ဤကဲ့သို့ပင် နံ့ဝနံ့ဝနှေးကန် ပြုလုပ်မည်လော။

(ဝိသာခါ) ဖခင်တို့…ထဘီများဆိုသည်မှာ လောကန္ဓ ဝယ်၍ရခဲသော အရာမဟုတ်ပါ၊ သမီး၏အိမ်မှာ ထဘီများကို ရလွယ်လှပါကုန်၏။ အရွယ်ရောက်သည့် မာတုဂါမ မင်းမိန်းမတို့ဟူသည်ကား ရောင်းကုန်နှင့်တူကြပါသည်၊ မတော်တဆ ပြေးသွားသဖြင့် လက်သော်ရင်း, ခြေသော်ရင်း ကျိုးသွားခဲ့ပါမူ အင်္ဂါချို့တဲ့သော မာတုဂါမ မင်းမိန်းမကို ယောကျ်ားတို့သည် စက်ဆုပ်ရွံရှာ တံတွေးထွေး၍သာ သွားကြပါကုန်၏၊ ထို့ကြောင့် သမီးသည် ဖြေးဖြေးသာ လာခဲ့ပါသည်။

WWW.DHAMMARANSI.COM



ထိုအခါ လူကြီးများသည် "ဤဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ဤသဘိုသမီးနှင့် တူညီသောမင်းမိန်းမသည် မရှိချေ၊ ရုပ်ရည်အဆင်းတင့်တယ်ခြင်းနှင့် ပြည့်စုံသကဲ့သို့ ခြေခြင်းငံ ပြောဆိုသောအသံမှာလည်း သာယာ ချိုမြိန်လှပေ၏။ အကြောင်းဟုတ်သည်, မဟုတ်သည်ကို သိ၍ ပြောဆိုပေ၏။ =အရည်အချင်း, အဆင်းအသံ= ဤနှစ်တန်နှင့် လောကင်ကိုလုံသူ ဖြစ်ပေ၏" ဟု ကြံစည်ဆင်ခြင်ကြပြီးလျှင် ဝိသာခါ၏အပေါ်၌ ပန်းလုံးကို ပစ်တင်လိုက်ကြလေကုန်၏။ ထိုအခါ ဝိသာခါသူဌေးသမီးသည် "ငါကား ရှေးအခါက အသိမ်းအပိုက် မခံရသေးသူ ဖြစ်ချေသည်၊ ယခုမှာကား အသိမ်းအပိုက်ခံရပြီးသူ ဖြစ်ချေပြီ" ဟု ကြံစည်ဆင်ခြင်၍ ယဉ်ကျေးသောအခြင်းအရာဖြင့် ထိုနေရာမှာပင် မြေ၌ ထိုင်လိုက်လေ၏။ ထိုအခါ လူကြီးများသည် ဝိသာခါသူဌေးသမီးကို ထိုနေရာ၌ပင် တင်းထိမ်ကန့်လန့်ကာဖြင့် ဝန်းရံကြလေကုန်၏။ ဝိသာခါသူဌေးသမီးသည် တင်းထိမ်ကန့်လန့်ကာ ဝန်းရံပြီး၍ ဖုံးလွှမ်းအုပ်ခြုံ လုံလဲသောအဖြစ်ကို သိရှိပြီးမှ ကျွန်မအပေါင်း ခြံရံလျက် မိမိအိမ်သို့ သွားလေ၏။ မိဂါရသူဌေး၏ လူကြီးများသည်လည်း ဝိသာခါသူဌေးသမီးနှင့် အတူတကွပင် ဓနဉ္စယသူဌေးကြီး၏အထံသို့ လိုက်ပါသွားရောက်ကြလေကုန်၏။

ထိုနောက် ဓနဉ္စယသူဌေးကြီးနှင့် လူကြီးများ အချင်းချင်း ကြောင်းလမ်းစကား ပြောကြားကြသည်မှာ—

(ဓနဉ္စယသူဌေးကြီး) အမောင်တို့....အမောင်တို့သည် အဘယ်ရွာ၌ နေသူများ ဖြစ်ကြပါသနည်း။

(လူကြီးများ) အရှင် သူဌေးမင်း.... အကျွန်ုပ်တို့သည် သာဝတ္ထိပြည်နေ မိဂါရသူဌေးမင်း၏ လူကြီးများ ဖြစ်ကြပါသည်။ အကျွန်ုပ်တို့၏ သူဌေးမင်းက အရှင်သူဌေးမင်းတို့၏အိမ်မှာ အရွယ်ရောက်သော သမီးကညာရှိသည်ဟု သတင်းကြား၍ အကျွန်ုပ်တို့ကို ကြောင်းလမ်းစကား ပြောကြားကြရန် စေလွှတ်အပ်ပါကုန်သည်။

WWW.DHAMMARANSI.COM



(ဓနဉ္စယသူဌေးကြီး) ကောင်းပြီ အမောင်တို့...အမောင်တို့၏ သူဌေးသည် စည်းစိမ်ဥစ္စာအနေအားဖြင့် ငါတို့နှင့် မတူညီသော်လည်း အမျိုးဇာတ်အားဖြင့်မူ (သူဌေးမျိုးဖြစ်၍) တူညီပေ၏၊ စည်းစိမ်ရော, အမျိုးဇာတ်ပါ ခပ်သိမ်းသော အခြင်းအရာဖြင့် တူညီမှုတည်းဟူသော ဂုဏ်နှင့် ပြည့်စုံသူကိုကား လောက၌ ရခဲလှပေ၏၊ အမောင်တို့သည် ပြန်ကြကုန်လော့၊ အမောင်တို့၏ သူဌေးအား ငါတို့ကလက်ခံလိုက်ကြောင်းကိုသာ ပြောကြားကြလော့။

မိဂါရသူဌေး၏ လူကြီးများသည် ဓနဉ္စယသူဌေးကြီး၏ စကားကို ကြားနာကြပြီးလျှင် သာဝတ္ထိပြည်သို့ ပြန်ခဲ့ကြ၍ မိဂါရသူဌေးအား ဝမ်းမြောက်ဖွယ်စကား, တိုးပွါးမည့်စကား ပြောကြားပြီးလျှင် "အရှင်သူဌေးမင်း.... အကျွန်ုပ်တို့သည် သာကေတမြို့ဝယ် ဓနဉ္စယသူဌေးကြီး၏ အိမ်၌ သမီးဝိသာခါ သတို့သမီးကို ရအပ်ခဲ့ပါပြီ"ဟု ပြောဆိုကြလေကုန်၏။ ထိုစကားကို ကြား၍ မိဂါရသူဌေးသည် "မြတ်သောအမျိုးကြီးအိမ်၌ ငါတို့သည် သတို့သမီးကို ရအပ်ပြီတဲ့"ဟု နှစ်လိုအားရမ်း ဝမ်းမြောက်သော စိတ်ရှိလျက် ထိုခဏမှာပင် ဓနဉ္စယသူဌေးကြီးအထံသို့ "ယခု (ရက်များမကြာမီ) ပင်လျှင် သတို့သမီးကို လာရောက်ဆောင်ယူကြပါမည်၊ ပြုသင့်ပြုထိုက်သော ကိစ္စများကို ပြုလုပ်ထားကြစေချင်ပါသည်"ဟု သတင်းစကား သဝဏ်လွှာပါးလိုက်လေ၏။ ဓနဉ္စယသူဌေးကြီးကလည်းမိဂါရသူဌေးအထံသို့ "၍ပြုသင့်ပြုထိုက်သောကိစ္စများကို အသင့်ပြုလုပ်ထားဖို့ရန် ငါတို့အဖို့ ဝန်မလေးပါ=တာဝန်မဟုတ်ပါ၊ စင်စစ်သော်ကား သူဌေးကြီးသည်သာ မိမိပြုလုပ်ရွက်ဆောင်ရမည့်ကိစ္စကိုပြုလုပ်ဆောင်ရွက်စေချင်ပါသည်"ဟု အတုံ့သတင်းစကား သဝဏ်လွှာပြန်၍ပါးလိုက်လေ၏။

**ကောသလမင်းကြီး ထိမ်းမြားမင်္ဂလာပွဲသို့ လိုက်ပါရခြင်း**

မိဂါရသူဌေးသည် ကောသလမင်းကြီး ထံသို့ သွားရောက်၍ "အရှင်မင်းကြီး....အကျွန်ုပ်မှာ မင်္ဂလာကိစ္စတခု ဖြစ်ရှိလာပါသည်၊ အရှင်မင်းကြီး၏ ကျွန်ရင်း ပုဏ္ဏဝဍ္ဎနသတို့သား၏အတွက် ဓနဉ္စယ

WWW.DHAMMARANSI.COM



သူဌေးကြီး၏သမီး ဝိသာခါမည်သော သတို့သမီးကို သွားရောက်ဆောင်ယူရပါမည်၊ အကျွန်ုပ်အား သာကေတမြို့သို့ သွားရောက်ရန် ခွင့်ပြုတော်မူကြပါကုန်လော့”ဟု ခွင့်ပန်စကား လျှောက်ထားလေ၏။ ကောသလမင်းကြီးက “ကောင်းပြီ သူဌေးကြီး....ငါတို့ကော လိုက်ပါရန် လိုအပ်ပါသေးသလော”ဟု မေးမြန်းလေလျှင် မိဂါရသူဌေးသည် “အရှင်မင်းကြီး....အရှင်မင်းကြီးတို့ကဲ့သို့သော ပုဂ္ဂိုလ်များ၏ လိုက်ပါခြင်းကို အကျွန်ုပ်တို့ကဲ့သို့သောသူများသည် အဘယ်သို့လျှင် ရနိုင်ပါမည်နည်း( = ရဖို့ရန်မလွယ်ကူ-ဟု ဆိုလိုသည်)”ဟူ၍ ပြန်ကြားလျှောက်ထားလေ၏။ ထိုအခါ ကောသလမင်းကြီးသည် အမျိုးကြီးနှစ်ဘက်အား ချီးမြှောက်မှုကို ပြုလိုရကား “ရှိပါစေ သူဌေးကြီး....၊ ငါသည်လည်း လိုက်ပါပေအံ့”ဟု ဝန်ခံစကား ပြောကြား၍ မိဂါရသူဌေးကြီးနှင့်အတူ သာကေတမြို့သို့ လိုက်ပါလေ၏။

ဓနဥ္စယသူဌေးကြီးသည်လည်း “ယခုအခါ မိဂါရသူဌေးသည် ကောသလမင်းကြီး ကိုပါ ခေါ်ဆောင်၍ ငါတို့၏ သာကေတမြို့သို့ လာနေပြီတဲ့”ဟု သတင်းစကား ကြားသိရလေလျှင် ကိုယ်တိုင်ပင် ခရီးဦး ကြိုဆို၍ မင်းကြီးကို တမြတ်တနိုး ခေါ်ယူခဲ့ကာ မိမိ၏ နေအိမ်သို့သွားလေ၏။ အိမ်ရောက်လျှင်ပင် မင်းကြီးအတွက်ငှင်း, မင်းကြီး၏ စစ်သည်ဗိုလ်ပါအတွက်ငှင်း, မိဂါရသူဌေးနှင့်တကွ လူများအတွက်ငှင်း နေရာထိုင်ခင်း, ပန်း, နံ့သာ, ထမင်း-စသည် အလုံးစုံကို အပြီးစီမံလေ၏။ “ဤသူအတွက် ဤအရာဝတ္ထုကို ရမှသင့်မည်၊ ဤသူအတွက် ဤအရာဝတ္ထုကို ရမှသင့်မည်”ဟု အားလုံးအတွက် လိုအပ်သည့် အရာဝတ္ထုမှန်သမျှကို ဓနဉ္စယသူဌေးကြီးသည် ကိုယ်တိုင်ပင် သိရှိဆင်ခြင် ပြည့်စုံအောင် စီရင်လေ၏။ ထိုထိုလူအများတို့သည် “ဓနဉ္စယသူဌေးကြီးသည် ငါတို့အားသာ ဂရုတစိုက်ပူဇော်မှုကိုပြု၍ နေ၏”ဟု ကြံစည်မှတ်ထင်ကြလေကုန်၏။

တနေ့သ၌ ပသေနဒီကောသလမင်းကြီးသည် ဓနဉ္စယသူဌေးကြီးအထံသို့ “သူဌေးကြီးသည် ငါတို့လူတွေ အလွန်များလှသည့်

WWW.DHAMMARANSI.COM



အတွက် အခါလေးမြင့် ငါတို့အား ပြုစု, ကျွေးမွေးမှုကို ပြုလုပ်နိုင်လိမ့်မည်မဟုတ်၊ သို့ရကား သတို့သမီး၏ သာဝတ္ထိသို့ လိုက်ပါသွားရောက်ရန်အခါကို ဆင်ခြင်စဉ်းစားစေချင်သည်”ဟု သတင်းစကား ပို့သစေလေ၏။ ဓနဉ္စယ သူဌေးကြီးကလည်း မင်းကြီးအထံသို့ “ ယခုအခါ မိုးကာလသို့ ရောက်ခဲ့လေပြီ၊ လေးလကြာ စစ်သည်ဗိုလ်ပါတို့ လှည့်လည်သွားနိုင်ကြမည် မဟုတ်ပါ၊ အရှင်မင်းကြီး၏ စစ်သည်ဗိုလ်ပါတို့အတွက် ရသင့်သမျှဉသုံ (လိုအပ်သမျှဉသုံ) အလုံးစုံသည် အကျွန်ုပ်၏တာဝန် ဖြစ်ပါစေ၊ စင်စစ်သော်မူ အရှင်မင်းကြီးသည် အကျွန်ုပ်က ပို့သသောအခါမှ သာဝတ္ထိပြည်သို့ ပြန်ကြွစေချင်ပါသည် ” ဟု သတင်းတုံ့ တဖန်ပို့သစေပြန်လေ၏။

ထိုအချိန်မှစ၍ သာကေတ တမြို့လုံးသည် အမြဲတမ်း ပွဲလမ်းသဘင် ခံနေသောရွာကြီးကဲ့သို့ ဖြစ်၍ နေလေ၏။ ဤနည်းဖြင့် ၃ါတွင်းသုံးလလွန်မြောက် သီတင်းကျွတ်လပြည့်ကျော်သို့ရောက်ခဲ့လေပြီ။ အထူးအားဖြင့် ဓနဉ္စယသူဌေးကြီးက မိမိ၏သမီး ဝိသာခါ ဆင်မြန်းဖို့ရန် စီမံနေသော မဟာလတာ တန်ဆာကြီးကား အပြီးသို့ မရောက်သေးချေ။ ထိုအခါ ဓနဉ္စယသူဌေးကြီး၏ အလုပ်အမှုဆောင်လူကြီးတို့သည် သူဌေးကြီးထံ လာရောက်ကြ၍“အရှင်သူဌေးမင်း...အခြား ကြွင်းကျန်သော ပစ္စည်းဝတ္ထုများ မရှိသောဟူ၍, မပြည့်စုံသောဟူ၍ မရှိပါ၊ မပြည့်စုံသော အရာဝတ္ထုမှာ စစ်သည်ဗိုလ်ပါ ပရိသတ်အတွက် ထမင်းချက်ဖို့ရန် ထင်းများ မလောက်မင ဖြစ်နေကြပါသည် ” ဟု ဓနဉ္စယ သူဌေးကြီးအား လာရောက် ပြောကြား ကြလေကုန်၏။ ထိုအခါ သူဌေးကြီးက “ အမောင်တို့ .... သွားကြကုန်၊ ဆင်တင်းကုပ်, မြင်းတင်းကုပ်များကို ဖျက်ခွါ၍ ထင်းအဖြစ် အသုံးပြုကာ ထမင်းချက်ကြကုန်လော့ ” ဟု အမိန့်ပေး ပြောဆိုသဖြင့် အလုပ်အမှုဆောင်လူကြီးများသည် သူဌေးကြီးပြောဆိုသည့်အတိုင်း ဆင်တင်းကုပ်, မြင်းတင်းကုပ်များကို ဖျက်ခွါ၍ ထင်းအဖြစ် အသုံးပြုကြကာ ထမင်းချက်ကြသဖြင့် လ·ဝက် (=၁၅-ရက်အချိန်) လွန်ခဲ့ပြန်လေ

WWW.DHAMMARANSI.COM



၏။ လ-ဝက် (၁၅-ရက်) လွန်သောအခါ အလုပ်အမှုဆောင် လူကြီးများသည် သူဌေးကြီးအား "အရှင်သူဌေးမင်း....ထင်းများ မလောက်ပေါကုန်"ဟု တဖန် ပြောကြားကြပြန်ကုန်၏။ ထိုအခါ ဓနဉ္စယသူဌေးကြီးသည် "အမောင်တို့....ယခုအခါ၌ မိုးကာလ ဖြစ်၍ ထင်းများကို ရနိုင်လိမ့်မည်မဟုတ်၊ မောင်တို့ကို ပြုလုပ်ကြစေ ချင်သည်မှာ ငါတို့၏ ပုဆိုးကျီတိုက် (= အဝတ်ဂိုဒေါင်) များကို ဖွင့်၍ ပုဆိုးကြမ်း အထည်ကြမ်းတို့ကို ယူဆောင်ကြကာ ကြိုး အလွှန်း ပြုလုပ်ကြလျက် ဆီအိုးကြီးများ၌ စိမ်ပြီးလျှင် ထမင်းချက် ကြစေလိုသည်" ဟု အမိန့်ပေးစကား ပြောကြားလေ၏။ ဤ နည်းဖြင့် ထမင်းချက်၍ လာခဲ့ကြရာ လေးလတင်းတင်းပြည့်၍ တန်ဆောင်မုန်းလပြည့်နေ့သို့ ရောက်ခဲ့လေ၏။ ထိုအခါ၌ မဟာ လတာ တန်ဆာကြီးလည်း ပြီးဆုံးလေ၏။

ထိုအခါ ဓနဉ္စယသူဌေးကြီးသည် သမီးဝိသာခါ အတွက် မဟာလတာတန်ဆာကြီး ပြီးဆုံးကြောင်းကို ကြားသိရ၍ "နက် ဖြန်ခါ၊ သတို့သမီးကို သတို့သားအိမ်သို့ ပို့သရတော့မည်" ဆိုရ သော ယနေ့၌ သမီးဝိသာခါကို မိမိအနီး၌ ထိုင်နေစေပြီးလျှင် "ချစ်သမီး....အရှင်သခင် လင်၏အိမ်၌ နေထိုင်သော အိမ့်ရှင်မ မည်သည် ဤမည် ဤမည်သောအကျင့်ကို သင်ကြားတတ်မြောက် ခြင်းငှါ သင့်၏" ဟု အဆုံးအမ = ဩဝါဒကို ပေးလေ၏။ ထို အချိန်၌ မိဂါရသူဌေးသည် အခြားမဲ့ဖြစ်သော တိုက်ခန်း၌ ထိုင်နေ လျက် ဓနဉ္စယသူဌေးကြီးက သမီးဝိသာခါအား ပေးအပ်သော ဩဝါဒ = အဆုံးအမကို နားစိုက်၍ ထောင်နေလေ၏။ ဓနဉ္စယ သူဌေးကြီးကလည်း သမီးဝိသာခါကို ဤ ဆိုလတ္တံ့သောအတိုင်း ဆုံးမ သင်ကြားပေးလေသည်။

"ချစ်သမီး....ယောက္ခမအိမ်၌နေသော ချွေးမမည်သည်—

(၁) အိမ်တွင်းကမီးကို အပြင်သို့ မထုတ်ဆောင်ရ၊

(၂) အပြင်အပ အိမ်က မီးကို မိမိအိမ်တွင်းသို့ မသွင်း ဆောင်ရ၊

WWW.DHAMMARANSI.COM



(၃) ပြန်ပေးသောသူတို့အားသာ ပေးရမည်၊

(၄) ပြန်မပေးသောသူတို့အား မပေးရ၊

(၅) ပေးသော်ငြားလည်း၊ မပေးသော်ငြား ပေးရမည်၊

(၆) ချမ်းသာစွာ ထိုင်နေရမည်၊

(၇) ချမ်းသာစွာ စားရမည်၊

(၈) ချမ်းသာစွာ အိပ်ရမည်၊

(၉) မီးကို ရှိသေစွာ ပြုစုလုပ်ကျွေးရမည်၊

(၁၀) အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်"—

ဟု ဩဝါဒ ၁၀-ပါးကို သင်ကြားဆုံးမပေးလေသည်။ (ဩဝါဒ ၁၀-ချက်၏ အဓိပ္ပါယ်ဆိုလိုရင်းကို အောက် မဟာဗုဒ္ဓဝင် စတုတ္ထတွဲ စာမျက်နှာ ၄၇၉-၄၈၀-တို့၌ ပြန်၍ကြည့်ရှုကုန်ရာ၏)။

ဓနဉ္စယသူဌေးကြီးသည် သမီးဝိသာခါအား ဩဝါဒ ၁၀-ပါးကို ပေးပြီးလျှင် နောက်တနေ့၌ အားလုံးသော အသင်းအပင်းတို့ကို စုဝေးစေ၍ မင်း၏စစ်တပ်အလယ်၌ ပညာရှင်သူကြွယ်ရှစ်ဦးတို့ကို အာမခံယူစေ၍ "အကယ်၍ ရောက်လေရာ အရပ်၌ ကျွန်ုပ်သမီး၏အတွက် အပြစ်တစုံတရာ ဖြစ်ရှိခဲ့သော် အမောင်ပညာရှင်သူကြွယ်ကြီးရှစ်ဦးတို့က သုတ်သင်ဖြေရှင်းပေးကြပါလေ"ဟု မှာထားပြောဆိုပြီးနောက် မိမိ၏သမီး ဝိသာခါကို ကိုးကုဋေတန်သော မဟာလတာတန်ဆာဖြင့် တန်ဆာဆင်စေလေသည်၊ သမီးအား နံ့သာမှုန့်ဖိုးအနေဖြင့် လှည်းအစီးပေါင်း (၁၅၄) တရာ့ငါးဆယ့်လေးစီးတိုက် ဥစ္စာကို ပေးလေသည်၊ သမီးနှင့် အတူတကွ အမြဲမပြတ် သွားလာ လှည့်လည်ကြမည့် ကျွန်မငါးရာတို့ကိုငြား၊ အာဇာနည်မြင်းကသော ရထားအစီးငါးရာတို့ကိုငြား၊ အသုံးအဆောင်အမျိုးစုံကိုလည်း တမျိုး တမျိုးလျှင် တရာစီ တရာစီကိုငြား ပေးလေသည်။ ထိုသို့ ပေးပြီးမှ ကောသလမင်းကြီးနှင့် မိဂါရသူဌေးကို အလျှင်လက်ဦး သွားရောက်နှင့်ရန် လွှတ်လိုက်လေ၏။

WWW.DHAMMARANSI.COM



ထိုနောင်မှ ဓနဉ္စယသူဌေးကြီးသည် သမီးဝိသာခါ သွားတော့မည့်အချိန်၌ နွားခြံအုပ်လူကြီးများကို ခေါ်စေပြီးလျှင် "အမောင်တို့.... ငါ့သမီး၏အဖို့ရာ ရောက်လေရာအရပ်၌ နွားနို့သောက်သုံးရန် နို့စားနွားမများကိုရင်း၊ ယာဉ်ကယ့်ရန် ဥသဘနွားလားတို့ကိုရင်း လိုပေလိမ့်မည်၊ သို့ရကား ငါ့သမီးသွားမည့်လမ်း၌ နွားခြံကိုဖွင့်၍ အနံ = အပြန့်ပမာဏအားဖြင့် ရှစ်ဥသဘ (တဥသဘလျှင် တာ ၂၀-ရှိသည်) အရပ်သို့တိုင်တိုင် နွားအပေါင်းဖြင့် ပြည့်စေ၍ သုံးဂါဝုတ်ထက်၌ ဤ အမည်ရှိသော ရေစားထားသည့် ချောက်ကြီး ရှိသည်၊ နွားအုပ်အဦးအဖျားထိုနေရာသို့ ရောက်မှ စည်သံ အချက်အမှတ်ပေး၍ နွားခြံကိုပိတ်ကြလော့" ဟု ပြောဆို အမိန့်ပေးလေ၏။ နွားခြံအုပ်လူကြီးများသည် ကောင်းပါပြီဟု ဝန်ခံ၍ သူဌေးကြီး ပြောဆိုမိန့်ကြားသည့်အတိုင်း ရွက်ဆောင်ဖိမ် ပြုလုပ်ကြလေကုန်၏။ နွားခြံတံခါးကို ဖွင့်အပ်သည်ရှိသော် အရေအသား ကြီးထွားဖွံ့ဖြိုးကြသည့် နို့စားနွားမတို့သာလျှင် ထွက်ကြလေကုန်၏၊ တံခါးကိုပိတ်အပ်သော်ကား ဝိသာခါ၏ ရှေးကောင်းမှု (= ကဿပမြတ်စွာသာသနာဝယ် သံဃာတော်များ ဆွမ်းစားပြီးသော်လည်း "အရှင်တို့.... ဤခဲဖွယ်, ဘောဇဉ်ကား သလိပ်, သည်းခြေ, လေဒေါသကို အထူးနိုင်နင်းပါသည်" ဤသို့ အစရှိသည်ဖြင့် မစားချင် စားချင်အောင် လျှောက်ထားကာ လိုသည်ထက်ပို၍လှူဒါန်းခဲ့သော ကောင်းမှု) ကုသိုလ်အစွမ်းကြောင့် အားအင်နိုင်ဖြိုးနိုင်းနွားကြီးများ, နွားသိုးများသည်လည်း ခြံကို ခုန်ကျော်၍ အပြင်သို့ ထွက်ကြကာ လမ်းခရီးသို့ အပြီးလိုက်ပါကြလေကုန်၏။

## ဝိသာခါ သာဝတ္ထိပြည်သို့ ဝင်ပုံ

ထိုနောက် ဝိသာခါသူဌေးမသည် သာဝတ္ထိပြည် မြို့တံခါးဝသို့ ရောက်လတ်သော် "ငါသည် ဖုံးကွယ်သောယာဉ်၌ ထိုင်၍တည်း မြို့သို့ ဝင်ရ ကောင်းမည်လော၊ သို့မဟုတ် ရထား၌ ရပ်တည်ကာ ကိုယ်ကို ထင်စွာပြ၍ ဝင်ရကောင်းမည်လော" ဟု စဉ်းစားဆင်ခြင်မိလေ၏။ ထိုနောက်ဆက်၍ ဝိသာခါသူဌေးမ၏ စိတ်သန္တာန်ဝယ်

WWW.DHAMMARANSI.COM



"ဖုံးကွယ်သောယာဉ်ဖြင့် မြို့သို့ ဝင်သည်ရှိသော် ငါ့အဖို့ရာ မဟာလတာ တန်ဆာ၏ ထူးကဲသောဂုဏ်ကျေးဇူးသည် ထင်ရှားလိမ့်မည်မဟုတ်"ဟု အကြံအစည် ဖြစ်ရှိလာလေသည်။ ဝိသာခါသူဌေးမသည် သာဝတ္ထိပြည်အလုံးအား မိမိကိုယ်ကို ထင်ရှားပြလျက် ရထားနှင့် ရပ်တည်ကာ မြို့တွင်းသို့ ဝင်လေ၏။ သာဝတ္ထိပြည်သူပြည်သားတို့သည် ဝိသာခါ၏ အသရေကို မြင်ကြရ၍ "ဝိသာခါသူဌေးမ ဆိုသည်မှာ ဤအမျိုးသမီးတဲ့, ဤသို့စင် အဆင်းရုပ်ရည် အသရေနှင့် ပြည့်စုံပါဘိ၏၊ ဤစည်းစိမ်အသရေသည်လည်း ဤအမျိုးသမီးအားသာလျှင် သင့်လျော် လျောက်ပတ်လှပါပေ၏" ဟု ပြောဆိုချီးမွမ်းကြလေကုန်၏။ ဤသို့လျှင် ဝိသာခါသူဌေးမသည် ကြီးစွာသော စည်းစိမ်, အသရေဖြင့် မိဂါရသူဌေးအိမ်သို့ ဝင်လေသည်။

ဝိသာခါသူဌေးမ ရောက်လာသောနေ့မှာပင် မြို့သူမြို့သားအားလုံးတို့သည် "ငါတို့အား ဓနဉ္စယသူဌေးကြီးသည် မိမိမြို့ (သာကေတ)သို့ ရောက်ရှိကြစဉ်က ကြီးစွာသော ပူဇော်သက္ကာရ ယူယမှု ပြုစုခဲ့ပါပေသည်"ဟု ကြံစည်အောက်မေ့ကြကာ မိမိတို့ စွမ်းအားအလျောက် လက်ဆောင်ပဏ္ဏာများကို ဝိသာခါသူဌေးမ ထံသို့ ပို့သကြလေ၏။ ဝိသာခါသူဌေးမသည် ပို့တိုင်းပို့တိုင်းသော လက်ဆောင်ပဏ္ဏာကို ထိုမြို့မှာပင် အခြားအခြားသော အိမ်တို့နှင့် အလုံးစုံပင် နှံ့စပ်အောင် ပေးစေပြန်လေ၏။ (ဤသို့လျှင် ဝိသာခါသည် ရောက်သည့်နေ့မှာပင် ပေးကမ်းခြင်း = ဒါနသင်္ဂဟ တရားဖြင့် သာဝတ္ထိပြည်သူပြည်သားများ၏ စိတ်နှလုံးကို ယူကျုံးမိလေ၏။)

ထိုအခါ ဝိသာခါ၏အဖို့ရာ ညဉ့်ဦးယံ၏ အခြားမဲ့ကာလ၌ ထိုမိဂါရသူဌေးအိမ်ဝယ် အာဇာနည်မြည်းမတကောင်၏ ကိုယ်ဝန်သားဖွားမြင်ခြင်းကိစ္စတရပ် ဖြစ်ပေါ်ကြုံတွေ့၍လာလေ၏။ ဝိသာခါသူဌေးမသည် မိမိ၏အစေခံကျွန်မများကို ဆီမီးတိုင်များကို ကိုင်စေ၍ ထိုမြည်းမ (= လားမ) သားဖွားရာနေရာသို့ သွားရောက်ကာ မြည်းမ (= လားမ) ကို ရေနွေးဖြင့် ရေချိုးပေးစေ

WWW.DHAMMARANSI.COM



ပြီး ဆီဖြင့် လိမ်းကျံစေပြီးနောက် မိမိနေရာဌာနသို့သာလျှင် သွားလေ၏။

## မိဂါရသူဌေး၏ ညှော်ခံပွဲ

မိဂါရသူဌေးသည်လည်း ခုနစ်ရက်ပတ်လုံး သားအတွက် ထိမ်းမြားမင်္ဂလာ ညှော်ခံပွဲ ကျင်းပပြုလုပ်လေသည်၊ ထိုသို့ ပြုလုပ်သည်ရှိသော် မိမိတို့မြို့ဦး ဇေတဝန်ကျောင်းတိုက်တော်၌ မြတ်စွာဘုရားရှင် သီတင်းသုံးနေထိုင်တော်မူသည်ကိုပင် (မိစ္ဆာအယူရှိသူဖြစ်၍) နှလုံးမသွင်း = အမှတ်မရပဲ ခုနစ်ရက်မြောက် ရောက်သောနေ့၌ မိမိတအိမ်လုံးပြည့်အောင် အဝတ်မဆီး အချည်းနှီးသော တက္ကတွန်းရဟန်းတို့ကို ဖိတ်ခေါ်နေရာပေးပြီးလျှင် "ငါ၏သမီးသည် လာလော့၊ရဟန္တာတို့ကိုရှိခိုးလှည့်လော့"ဟု ဝိသာခါထံသို့ သတင်းပို့စေလေ၏။ဝိသာခါသူဌေးမသည်"ရဟန္တာများ"ဟူသော စကားကို ကြားရလျှင်ပင် သောတာပန် အရိယာသာဝိကာဖြစ်ရကား အားရဝမ်းသာ ဖြစ်ရှိကာ ထိုတက္ကတွန်းရဟန်းတို့ ထိုင်နေရာအရပ်သို့ သွားရောက်၍ ထိုတက္ကတွန်းတို့ကို မြင်ရလေလျှင် "ဤသို့ သဘောရှိသော ပုဂ္ဂိုလ်တို့မည်သည် အဘယ်နည်းဖြင့်မျှ ရဟန္တာများမဟုတ်ကြကုန်၊ အရှက်, အကြောက် = ဟိရီ, ဩတ္တပ္ပ လုံးဝကင်းသည့် တက္ကတွန်းအထံသို့ အဘယ့်ကြောင့် ငါ့ကို ယောက္ခမကြီးသည် ခေါ်ဘိသနည်း"ဟု စိတ်အပျက်ကြီးပျက်ကာ "ဓိ, ဓိ = ထွီ, ထွီ" ဟု ကဲ့ရဲ့၍ မိမိနေရာတိုက်ခန်းသို့သာလျှင် ပြန်သွားလေ၏။

အဝတ်မလွှမ်း တက္ကတွန်းတို့သည် ထိုအခြင်းအရာကို မြင်ကြရ၍ အားလုံးတပြိုင်နက် တညီတညွတ်တည်းပင် မိဂါရသူဌေးကို "သူဌေး—သင်သည် အခြားတပါးသော ချွေးမသတို့သမီးကို မရနိုင်ဘူးလော၊ (= ရနိုင်သည်သာ)၊ ရဟန်းဂေါတမ၏ တပည့်မကျက်သရေယုတ်မကြီးကိုမှ အဘယ့်ကြောင့် ဤသင့်အိမ်သို့ သွင်းဘိသနည်း၊ လျင်လျင်မြန်မြန် ထိုကာဠကဏ္ဏိ = ကျက်သရေမဲ့သည့် အယုတ်တမာမကို ဤအိမ်မှ နှင်ထုတ်လော့" ဟု ကဲ့ရဲ့စကားပြောကြားကြလေ၏။ ထိုအခါ မိဂါရသူဌေးသည် "ငါကား ဤ

WWW.DHAMMARANSI.COM



တက္ကတွန်းရဟန်းတို့၏ စကားကြောင့် ဤဝိသာခါချွေးမကို အိမ်မှ မနှင်ထုတ်နိုင်၊ ဤဝိသာခါချွေးမကား အမျိုးကြီး၏သမီး ဖြစ်လေသည်”ဟု ကြံစည်ဆင်ခြင်၍ “ဆရာတို့...ငယ်ရွယ်သူတို့မည်သည် သိ၍ဖြစ်စေ, မသိမှု၍ဖြစ်စေ စိတ်လိုက်မာန်ပါ ပြုတတ်,ပြောတတ်ကုန်ရာပါသည်၊ ဆရာတို့သည် ဆိတ်ဆိတ်သာ နေကြပါကုန်လော့”ဟု တက္ကတွန်းတို့ကို ချွေးသိပ်စကား ပြောကြား၍ လွှတ်လိုက်လေ၏။

## မိဂါရသူဌေး မခံမရပ်နိုင်အောင် ဖြစ်ခြင်း

ထို့နောက် ဝိသာခါသည် ယောက္ခမမိဂါရသူဌေးကို (ချွေးမလိမ္မာဝိဝိ) မြတ်သောပလ္လင်၌ ထိုင်နေစေ၍ ရွှေယောက်ချိုကို ကိုယ်တိုင်ကိုင်ကာ ရွှေခွက်၌ ရေမရောသည့် ချိုမြိန်သောနို့ဃနာ အပြည့်ထည့်လျက် တရိုတသေ ပြုစုလုပ်ကျွေးလေ၏။ မိဂါရသူဌေးသည်လည်း ချွေးမလိမ္မာ ဝိသာခါ၏ အပြုအစု အမူအယာကို ခံယူကာ ရွှေခွက်၌ထည့်ထားသည့် ရေမရောသော ချိုမြိန်သော နို့ဃနာကို မြိန်ရှက်စွာ စားသုံး၍ နေလေ၏။ ထိုအချိန်၌ ဆွမ်းခံမထေရ်မြတ်တပါးသည် ဆွမ်းခံကြွယင်း မိဂါရသူဌေး၏ အိမ်တံခါးဝသို့ ရောက်တော်မူလာလေ၏။ ဝိသာခါသည် ထိုဆွမ်းခံမထေရ်ကို မြင်၍ “ငါကိုယ်တိုင် ယောက္ခမ (မိစ္ဆာဒိဋ္ဌိကြီး) အား ပြောကြားရန် မသင့်”ဟု ဆင်ခြင်စဉ်းစားမိ၍ မထေရ်မြတ်ကို မိဂါရသူဌေး မြင်လောက်အောင် မိမိက ဖယ်ရှား၍ ရပ်တည်နေလေ၏။ မိဂါရသူဌေးသည်ကား ပညာမဲ့သူဖြစ်၍ မထေရ်ကို မြင်ပါလျက်လည်း မမြင်ယောင်ဆောင်ကာ မျက်နှာကို အောက်ချ၍ နို့ဃနာကိုသာ စားသုံး၍နေလေ၏။

ဝိသာခါသူဌေးမသည် “မထေရ်ကို မြင်ပါလျက်လည်း ငါ့ယောက္ခမ လူ့ဗာလကြီးသည် အမှတ်သညာကိုမျှ မပြုချေ”ဟု သိရှိရိပ်မိကာ မထေရ်မြတ်အထံသို့ သွားရောက်၍ “ကန်တော့ ဆွမ်းပါဘုရား...၊ တပည့်တော်မ၏ ယောက္ခမကြီးသည် အဟောင်း အမြင်းကိုသာ စားသုံး၍ နေပါသည်ဘုရား”ဟု ရှိခိုးလျှောက်ထားလေ၏။

WWW.DHAMMARANSI.COM



မိဂါရသူဌေးသည် တက္ကတွန်းတို့ ပြောဆိုတုန်းကမူ သည်းခံနိုင်သေး၏၊ "အဟောင်းအမြင်းကိုသာ စားသုံး၍နေပါသည်" ဟု ပြောဆိုအပ်သော်ကား ထိုခဏမှာပင် မခံမရပ်နိုင်တော့ပဲ ရွှေခွက်မှ လက်ကိုဖဲပြီးလျှင် "ဤနို့ဃနာကို ဤနေရာမှ လွှတ်ရာဖယ်ရှား ဆောင်ယူသွားကြလော့၊ ဤဝိသာခါကိုလည်း ဤအိမ်မှနှင်ထုတ်ကြ,ဆွဲထုတ်ကြလော့၊ မှန်၏—ဤဝိသာခါသည် ငါ့ကို ဤသို့စင် မင်္ဂလာရှိသောအိမ်၌ မင်္ဂလာနို့ဃနာထမင်း စားသုံးနေပါသည်ကို မစင်ကို စားသုံးသူဖြစ်အောင် ပြုမူပြောဆိုဘိ၏"ဟု အမိန့်ပေးစကား ပြောကြားလေ၏။ ထိုသို့ပင် မိဂါရသူဌေးက ပြောကြားအပ်သော်လည်း ထိုအိမ်မှာရှိသမျှ အလုံးစုံသော ကျွန်များ,အလုပ်သမားများသည် ဝိသာခါ၏ ဥစ္စာများ=လူများသာ ဖြစ်ကြကုန်၏၊ သို့ရကား အဘယ်သူသည် ဝိသာခါကို လက်၌ဖြစ်စေ, ခြေ၌ဖြစ်စေ ဆွဲကိုင်ဝံ့အံ့နည်း = မဆွဲမကိုင်ဝံ့သည်သာတည်း၊ (ဆွဲကိုင်ဖို့ နေနေသာသာ) ခံတွင်းဖြင့် = နှုတ်ဖြင့် ပြောဆိုစွမ်းနိုင်သောသူဟူ၍ တလူမျှ မရှိချေ။

## ဝိသာခါ အရေးဆိုခြင်း

ထိုနောင်မှ ဝိသာခါသူဌေးမသည် ယောက္ခမ၏ စကားကို ကြားပြီးလျှင် "အိုဖခင်....ဤမျှသော တရားမဝင်သည့် စကား အစဉ်ဖြင့် ကျွန်တော်မတို့သည် ဤအိမ်မှ မထွက်နိုင်ကြပါ၊ ကျွန်တော်မကို အသင်ဖခင်သူဌေးတို့သည် ရေဆိပ်မှ ရေအိုးရွက်သော ကျွန်မကဲ့သို့ ဆောင်ယူအပ်ခဲ့သည် မဟုတ်ပါ၊ ထင်ရှားရှိသော မိဘနှစ်ပါးတို့၏ သမီးကောင်းများမည်သည် ဤမျှဖြင့် အိမ်မှ ထွက်သွားရိုး မရှိပါကုန်။ ဤ အကြောင်းကြောင့်ပင် ကျွန်တော်မ၏ ဖခင်သည် ဤ သာဝတ္ထိသို့ လာမည့်နေ့၌ ပညာရှိသူကြွယ်လူကြီးမင်း ရှစ်ဦးတို့ကို ခေါ်စေ၍'ငါ့သမီးကို အကြောင်းပြု၍ အပြစ်တစုံတရာဖြစ်ပေါ်ခဲ့လျှင် အမောင်တို့ ဖြေရှင်းသုတ်သင်ကြရမည်'ဟု မှာတမ်းပြောဆိုကာ ထိုသူကြွယ်ပညာရှိကြီး ရှစ်ဦးတို့၏ လက်၌ ကျွန်တော်မကို အပ်နှံထည့်လိုက်ပါသည်။ ထိုသူကြွယ်ပညာရှိလူကြီး ရှစ်ဦးတို့ကို ခေါ်စေ၍ ကျွန်တော်မ၏

WWW.DHAMMARANSI.COM



အပြစ်ဟုတ်, မဟုတ်ကို သုတ်သင်ရှင်းလင်းကြစေလိုပါသည်”ဟု ကြောင်းကျိုးပြည့်လျှံ ခြေငံသောစကားကို ပြောကြားလေ၏။

### အရေးအခင်း ရှင်းလင်းပွဲ ကျင်းပခြင်း

ထိုအခါ မိဂါရသူဌေးသည် “ဤဝိသာခါကား ကောင်းသော စကားကိုသာ ပြောဆိုပေ၏”ဟု စဉ်းစားဆင်ခြင်မိကာ သူကြွယ် ပညာရှိကြီး ရှစ်ဦးတို့ကို ခေါ်စေပြီးလျှင်“အာမခံလူကြီးမင်းတို့— ဤဝိသာခါသတို့သမီးသည် ဤအိမ်သို့ရောက်၍ ခုနစ်ရက်မျှ မပြည့် သေးမီပင် မင်္ဂလာရှိသောအိမ်၌ နေထိုင်သော အကျွန်ုပ်ကို‘မစင် စား’ဟူ၍ ပြောဆိုပါသည်”ဟု အမှုဖွင့် တိုင်တမ်းစကား ပြော ကြားလေ၏။ ထို့နောက် အာမခံလူကြီးများ, ဝိသာခါသူဌေးမ, မိဂါရသူဌေး = ဤသုံးဦးသားတို့ မေးမြန်း, ရှင်းလင်း, တိုင် ကြားခြင်း ပြုကြပုံမှာ—

(လူကြီးများ) သမီး.... ဤယခု သူဌေးကြီး တိုင်ကြား သည့်အတိုင်း ချစ်သမီး ပြောဆိုမိသလော။

(ဝိသာခါ) ဖခင်တို့...သမီး၏ ယောက္ခမသည် မစင်ကို စားလို၍ ဖြစ်ပါလိမ့်မည်၊ သမီးသည်ကား ဤကဲ့သို့ ယောက္ခမကို မစင်စား ပြု၍ မပြောဆိုမိပါ။ အမှန်မှာ— ပိဏ္ဍပါတ်ဓုတင်ဆောင် မထေရ်မြတ်တပါး ဤအိမ်တံခါး ဝ၌ ကြွရောက်ရပ်တည်လာသည်ရှိသော် ဤမိဂါရ(ယော- က္ခမ) သူဌေးကြီးသည် ရေမရောသည့် နို့ဃနာယာမင်းကို စားသုံးနေစဉ် ထိုပိဏ္ဍပါတ်ဓုတင်ဆောင်အရှင်ကို စိတ်၌ မထားပါ။ သမီးသည် ဤအကြောင်းကြောင့် (မထေရ်ထံ သို့ သွားရောက်ကာ) “ကန်တော့ဆွမ်းပါ အရှင်ဘုရား....၊ တပည့်တော်မ၏ ယောက္ခမသည် ယခုဘဝ ဤကိုယ် အဖြစ်၌ ကုသိုလ်ကောင်းမှု အသစ်ကို မပြုပါ၊ ရှေး အဟောင်းအမြင်း ကုသိုလ်ကောင်းမှု၏ အကျိုးကိုသာ စားသုံးနေပါသည်”ဟု ဤမျှကိုသာ ပြောဆိုမိပါသည်။

WWW.DHAMMARANSI.COM



(လူကြီးများ) အရှင်သူဌေးမင်း....ဤကိစ္စ၌ ကျွန်ုပ်တို့၏ သမီးမှာ အပြစ်မရှိပါ၊ ကျွန်ုပ်တို့၏ သမီးသည် အကြောင်း ဟုတ်သည်ကို ပြောဆို၏၊ အရှင်သူဌေးမင်းသည် အဘယ့် ကြောင့် အမျက်ထွက်ရသနည်း။

(မိဂါရ) အာဝမခံလူကြီးမင်းတို့... ဤပြောဆိုချက်သည် အပြစ်မဟုတ်လျှင် ရှိစေဦး၊ ဤဝိသာခါသူငယ်မသည်ကား ဤအိမ်သို့ ရောက်သောနေ့မှာပင် ကျွန်ုပ်၏သားအပေါ်၌ ရှိသည်ဟူ၍ အမှတ်မပြုပဲ မိမိအလိုရှိရာ အရပ်သို့ သွား ရောက်ခဲ့ပါသည်။

(လူကြီးများ) သမီး.... ဤယခု သူဌေးကြီး တိုင်ကြား သည့်အတိုင်း ချစ်သမီး သွားရောက်မိသလော။

(ဝိသာခါ) ဖခင်တို့... သမီးသည် (ဤ သူဌေးကြီး တိုင်ကြားသည့်အတိုင်း) အလိုရှိရာ အရပ်သို့ မသွားပါ၊ အမှန်မှာ–ထိုနေ့က ဤအိမ်၌ အာဇာနည်မြည်းမ (= လားမ) သားဖွားခြင်းကိစ္စ ဖြစ်ခဲ့ပါသည်၊ ထိုသို့ ဤ အာဇာနည်မြည်းမသားဖွားနေပါလျက် အသိအမှတ်ကိုမျှ မပြုပဲ နေထိုင်ခြင်းမည်သည် ငါ့အဖို့ရာ မသင့်လျော်ပါ တကား-ဟု စဉ်းစားမိ၍ ဆီမီးတိုင်များကို စွဲကိုင်စေကာ ကျွန်မိန်းမတို့ ခြံရံအပ်လျက် ထို သားဖွားရာ အရပ်သို့ သွားရောက်၍ မြည်းမ(= လားမ)အတွက် သားဖွားခြင်း ကိစ္စ စောင့်ရှောက်ပြုစုမှုကို သမီး ပြုစေခဲ့ပါသည်။

(လူကြီးများ) အရှင်သူဌေးမင်း....ကျွန်ုပ်တို့ သမီးသည် သူဌေးမင်း၏အိမ်၌ ကျွန်မိန်းမများပင် မပြုလုပ်နိုင်သည့် ကိစ္စကို ပြုလုပ်ရွက်ဆောင်ခဲ့ပါသည်၊ ထိုသို့ ပြုလုပ်ရွက် ဆောင်ရာ၌ အရှင်သူဌေးမင်းသည် အဘယ့်ကြောင့် အပြစ်ဟု ရှုဘိသနည်း။ (= ထိုသို့ ပြုလုပ်ရွက်ဆောင် ခြင်းသည် ကျေးဇူးပင် မဟုတ်ပါလော)။

WWW.DHAMMARANSI.COM



**(မိဂါရ)** အာမခံလူကြီးမင်းတို့ ···· ဤသို့ မြဲလုပ်ရှက် ဆောင်ခြင်းသည် ဂုဏ်ကျေးဇူးပဲ ဖြစ်သည်ထားပါဦး၊ ကျွန်ုပ် အထူးတင်ပြလိုသည်မှာ– ဤ ဝိသာခါသူငယ်မ၏ ဖခင်က ဤအိမ်သို့ လာမည့်နေ့၌ အဆုံးအမ ဩဝါဒကို ပေးသည်ရှိသော် "(၁) အိမ်တွင်းကမီးကို အပြင်သို့ မထုတ်ဆောင်ရ" ဟူ၍ ပြောဆိုမှာကြား လိုက်ပါသည်၊ ကျွန်ုပ်တို့သည် ဝဲ,ယာနှစ်ဘက် အိမ်နီးခြင်းများအား မီးကို မပေးပဲ နေခြင်းငှါ အဘယ်မှာ စွမ်းနိုင်ပါမည်နည်း။

**(လူကြီးများ)** သမီး....ဤယခု သူဌေးကြီး တင်ပြ ပြော ဆိုသည့်အတိုင်း သမီး၏ဖခင် ဓနဥ္စယသူဌေးကြီးက ပြော ဆိုမှာကြားလိုက်သည် မှန်ပါသလော။

**(ဝိသာခါ)** ဖခင်တို့ ...သမီး၏ဖခင် ဓနဥ္စယသူဌေးကြီး က ဤယခု ယောက္ခမသူဌေး·ကြီး တင်ပြ ပြောဆိုသည့် ပကတိမီးကိုစွဲ၍ ပြောသည်မဟုတ်ပါ၊ စင်စစ်သော်ကား အိမ်အတွင်း၌ ယောက္ခမ-စသူတို့၏ ကျိုက်အင်ဒ္ဒါသာ စကား ( အကြောင်းအရာ ) များကို ကျွန်မိန်းမ, ကျွန် ယောကျ်ား-စသူတို့အား မပြောကြားသင့်ပါ၊ မှန်ပါ သည်——ဤသို့သော စကားများသည် ကျယ်ပွါးလာလျှင် ခိုက်ရန် ငြင်းခုံမှုပြုရန် ဖြစ်လာတတ်ပါသည်၊ ဤအတွင်း မီးကို ရည်စူး၍ သမီး၏ ဖခင်က ပြောဆိုမှာကြားလိုက် ပါသည်။

**(မိဂါရ)** အာမခံလူကြီးမင်းတို့....ဤ ပြောဆိုချက်သည် အပြစ်မဟုတ်လျှင် ရှိစေဦး၊ ဤဝိသာခါသူငယ်မ၏ဖခင်က "(၂) အပြင်အပ အိမ်က မီးကို မိမိအိမ်တွင်းသို့ မသွင်း ဆောင်ရ" ဟူ၍ ပြောဆိုမှာကြားလိုက်ပါသည်၊ ကျွန်ုပ်တို့ သည် အိမ်တွင်းကမီး ငြိမ်းနေလျှင် အပြင်အပ အိမ်ကမီးကို မဆောင်ယူခြင်းငှါ အဘယ်မှာ စွမ်းနိုင်ပါမည်နည်း = ဆောင်ယူရမည်သာ ဖြစ်၏။

WWW.DHAMMARANSI.COM



(လူကြီးများ) သမီး.... ဤယခု သူဌေးကြီး တင်ပြ ပြော ဆိုသည့်အတိုင်း မှန်ပါသလော။

(ဝိသာခါ) ဖခင်တို့....သမီး၏ဖခင် မနေ့ဥယသူဌေးကြီး က ဤယခု ယောက္ခမသူဌေးကြီး တင်ပြ ပြောဆိုသည့် ပကတိမီးကို ရည်ရွယ်၍ ပြောသည် မဟုတ်ပါ၊ စင်စစ် သော်ကား ကျွန်အလုပ်သမားတို့က ပြောဆိုအပ်သော အပြစ်ကို အိမ်နေ့အတွင်းလူများအား မပြောကြားသင့်ပါ၊ ပြောကြား၍ စကားကျယ်ပွါးလာလျှင် ခိုက်ရန်ငြင်းခုံမှု ဖြစ်နိုင်ပါသည်၊ ဤအပြင်မီးကို ရည်စူး၍ သမီး၏ဖခင်က ပြောဆိုမှာကြားလိုက်ခြင်း ဖြစ်ပါသည်။ ။သမီး၏ဖခင် သူဌေးကြီးက "(၃) ပြန်ပေးသောသူတို့အားသာ ပေးရ မည်" ဟူသော ဤအမှာစကားကိုလည်း "မိမိအိမ်မှ ငှါး ရမ်းအပ်သော အသုံးအဆောင်ကို တဖန်ပြန်ပေးသော သူတို့အားသာလျှင် နောက်ထပ်တဖန် ငှါးရမ်းပေးကမ်း ရမည်" ဟူသော ဤအနက်အဓိပ္ပါယ်ကိုရည်ရွယ်၍ ပြောဆို မှာကြားလိုက်ပါသည်။ ။"(၄) ပြန်မပေးသော သူတို့ အား မပေးရ" ဟူသော ဤအမှာစကားကိုလည်း "မိမိ အိမ်မှ ငှါးရမ်းအပ်သော အသုံးအဆောင်ကို တဖန်ပြန်၍ မပေးသောသူတို့အား နောက်ထပ် တဖန် မငှါးရမ်းရ, မပေးကမ်းရ" ဟူသော ဤအနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။ ။"(၅) ပေးသော်၎င်း, မပေးသော်၎င်း ပေးရမည်" ဟူသော ဤအမှာစကားကို ကား "ဆင်းရဲနွမ်းပါးသည့်ဆွေမျိုးမိတ်သင်္ဂဟများ မိမိတို့ ထံမှောက် ရောက်လာကြလျှင် တဖန်ပြန်၍ ပေးခြင်းငှါ စွမ်းနိုင်ကြသည်ဖြစ်စေ, မစွမ်းနိုင်ကြသည်ဖြစ်စေ ပေးကမ်း မှသာ သင့်လျော်မည်" ဟူသော ဤအနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။ ။"(၆) ချမ်း သာစွာ ထိုင်နေရမည်" ဟူသော ဤအမှာစကားကိုလည်း "ယောက္ခမ ယောက်ျားသူ, ယောက္ခမ မိန်းမသူတို့ကို

WWW.DHAMMARANSI.COM



မြင်လျှင် ကိုယ်က မတ်တတ်ထရမည့်နေရာ၌ ထိုင်နေရန် မသင့်လျော်=အလျှင်လက်ဦး ကိုယ်ကထ၍ အရိုအသေ ပြုရမည်"ဟူသော ဤ အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆို မှာကြားလိုက်ပါသည်။ ။"(၇) ချမ်းသာစွာ စားရမည်"ဟူသော ဤအမှာစကားကိုကား "ယောက္ခမ ယောက်ျားသူ, ယောက္ခမ မိန်းမသူ, အရှင်သခင် လင် ယောက်ျားတို့ အလျှင်လက်ဦး ကိုယ်က မစားမူ၍ ထိုသူ တို့ကို ပြုစုကျွေးမွေး၍ အားလုံးတို့ ခဲဖွယ်, ဘောဇဉ် ရ,မရကို ကိုယ်တိုင်သိမြင်ပြီး နောက်မှ မိမိက စားသုံးမှ သင့်လျော်မည်"ဟူသော အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆို မှာကြားလိုက်ပါသည်။ ။"(၈) ချမ်းသာစွာ အိပ်ရမည်"ဟူသော ဤအမှာစကားကိုလည်း"ယောက္ခမ ယောက်ျားသူ, ယောက္ခမ မိန်းမသူ, အရှင်သခင် လင် ယောက်ျားတို့ အလျှင်လက်ဦး ကိုယ်က အိပ်ရာသို့ တက် ရောက်ကာ မအိပ်စက်ရ၊ ထိုသူတို့အတွက် ပြုရန်သင့်လျော် သော ဝတ်ကြီး, ဝတ်ငယ်များကို ပြုပြီး နောက်မှ မိမိက အိပ်စက်မှ သင့်လျော်မည်"ဟူသော အနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။ ။"(၉)မီးကို ရိုသေစွာ လုပ်ကျွေးရမည်"ဟူသော ဤအမှာစကားကို ကား "ယောက္ခမ ယောက်ျားသူကိုငင်း,ယောက္ခမ မိန်းမ သူကိုငင်း, အရှင်သခင်ယောက်ျားကိုငင်း ဤသူများကို မီးပုံကြီးကဲ့သို့ငင်း, မြွေနဂါးမင်းကဲ့သို့ငင်း အောက်မေ့ ပြုလုပ်ကာ ရိုသေလေးခန့်စွာ ကြည့်ရှုမှ သင့်လျော်မည်" ဟူသော အနက်အဓိပ္ပါယ်ကို ရယ်ရွယ်၍ ပြောဆိုမှာကြား လိုက်ပါသည်။

(မိဂါရ) လူကြီးမင်းတို့ ···· ဤ ယခု ပြောဆိုခဲ့သည့် အချက်ကြီး ရှစ်ချက်တို့မှာ အပြစ်မဟုတ်=ဂုဏ်ကျေးဇူး တို့ပင် ဖြစ်ကြသည် ထားပါဦးတော့၊ ဤဝိသာခါသူငယ်

WWW.DHAMMARANSI.COM



မ၏ ဖခင်သည် အိမ်တွင်းနတ်တို့ကို ရှိခိုးရန် စေခိုင်းလိုက်ပါ၏၊ ဤအချက်၏အနက်အဓိပ္ပါယ်ကားအဘယ်ပါနည်း။

(လူကြီးများ) သမီး....ဤယခု သူဌေးကြီး တင်ပြပြောဆိုသည့်အတိုင်း မှန်ပါသလော။

(ဝိသာခါ) ဖခင်တို့....သမီး၏ဖခင် သူဌေးကြီးက အိမ်တွင်းနတ်များကို ရှိခိုးရန် စေခိုင်းလိုက်သည် မှန်ပါ၏၊ မှန်ပါပေသည်—"(၁၀) အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်" ဟူသော ဤအမှာစကားကိုလည်း သမီး၏ဖခင်သည် "အသီးအခြား အိမ်ရာကို စိုးအုပ်နေထိုင်သောအချိန်ကစ၍ မိမိ၏အိမ်တံခါးဝသို့ ကြွရောက်လာသော ရဟန်းတော်ကို မြင်ရလျှင် မိမိအိမ်မှာရှိသော ခဲဖွယ်, ဘောဇဉ်မှ တတ်နိုင်သလောက် ရဟန်းတော်များအား လှူဒါန်းပြီးမှသာလျှင် မိမိ စားသင့်သည်"ဟူသော ဤအနက်အဓိပ္ပါယ်ကို ရည်ရွယ်၍ ပြောဆိုမှာကြားလိုက်ပါသည်။

ထို့နောက် အာမခံလူကြီးများက သူဌေးကြီး....သင့်အဖို့မှာကား ရဟန်းတော်တို့ကို မြင်ရလျှင် မပေးမကမ်း မလှူဒါန်းရခြင်းကိုသာ နှစ်သက်အပ်သည် ထင်ပါရဲ့" ဟူ၍ မှတ်ချက်ချ, ရှုတ်ချစကား ပြောကြားကြသောအခါ မိဂါရသူဌေးသည် အခြားချေပပြောဆိုရန် စကားကို မတွေ့မမြင်တော့ရကား မျက်နှာအောက်ချ လျက်သာ ထိုင်နေလေတော့၏။

### ဝိသာခါ၏ နောက်ပိုင်း အရေးဆို အောင်မြင်ပွဲ

ထို့နောက် အာမခံလူကြီးရှစ်ဦး, မိဂါရသူဌေးကြီးနှင့် ချွေးမ ဝိသာခါတို့ ဆက်၍ အရေးဆိုကြပြန်သည်မှာ—

(လူကြီးများ) အသို့နည်း=ဘယ့်နှယ်လဲ သူဌေးကြီး= ကျွန်ုပ်တို့၏ သမီးအဖို့ရာ အခြားသော အပြစ်များကော ရှိပါသေးသလော။

(မိဂါရ) မရှိတော့ပါ လူကြီးမင်းတို့....။

WWW.DHAMMARANSI.COM



(ထူကြီးများ) သူဌေးမင်း....ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် အပြစ်မရှိသော ကျွန်ုပ်တို့၏သမီးကို အကြောင်းမရှိပဲ အိမ်မှ နှင်ထုတ်စေဘိသနည်း။

(ထိုခါတွင် ဝိသာခါက ထ၍ ပြောသည်မှာ)–ဖခင်တို့....သမီး၏အဖို့ရာ သမီး၏ ဓယာက္ခမကြီး(မဆင်မခြင်)ပြောသောစကားဖြင့် အလျင်လက်ဦး ဤအိမ်မှထွက်ခွါသွားရန် မသင့်လျော်ချေ၊ အမှန်မှာ သမီး ဤအိမ်သို့ လိုက်ပါလာသောနေ့က သမီး၏ အပြစ် ရှိ,မရှိ (အရေးပေါ်ခဲ့သော်) သုတ်သင်ရှင်းလင်းရန် သမီး၏ဖခင် သူဌေးကြီးက ဖခင်တို့လက်၌ ထည့်အပ်၍ ပေးလိုက်ပါသည်၊ (ယခုမူ သမီးအပြစ်မရှိကြောင်း သုတ်သင်ရှင်းလင်း၍ပြီးပြီ)၊ ယခုအခါ သမီးအဖို့ရာ သွားဖို့ရန် ချမ်းသာပေပြီ—

ဤကဲ့သို့ ပြောဆို၍ ဝိသာခါသည် (မိမိနေရာ တိုက်ခန်းသို့ လာရောက်ကာ) ကျွန်မိန်းမ,ကျွန်ယောကျ်ားတို့ကို"ယာဥ်စသည်တို့ကို စီရင်ပြင်ဆင်မှု ပြုကြလော့"ဟု အမိန့်ပေးလေ၏၊ထိုအခါ မိဂါရသူဌေးသည် အာမခံသူကြွယ်ကြီးရှစ်ဦးတို့ကို ခေါ်ယူခဲ့ကာ ချွေးမ ဝိသာခါကို "သမီး....ငါသည် မသိမဆင်ခြင်၍ ပြောမှားအပ်ခဲ့ပါပြီ၊ ငါ့အား သည်းခံပါလော့"ဟု တောင်းပန်စကား ပြောကြားလေ၏၊ ထိုအခါ ဝိသာခါသည် အခွင့်ကောင်းကြုံပြီ ဖြစ်ရကား "အိုဖခင်တို့....ဖခင်တို့အပေါ်မှာ သည်းခံသင့်သောအရာကို သမီး စောစီးစွာပင် သည်းခံပါ၏၊ သမီး အထူးတင်ပြပြောဆိုလိုပါသည်မှာ—သမီးကား ဘုရားမြတ်စွာသာသနာ၌ မတုန်မလှုပ်သက်ဝင်ယုံကြည်သည့် သဒ္ဓါတရားရှိသော အမျိုး၏သမီး ဖြစ်ပါသည်၊ သမီးတို့သည် ရဟန်းသံဃာနှင့် ကင်းကွာ၍ နေထိုင်ရန် မဖြစ်နိုင်ပါ၊ အကယ်၍ သမီးအလိုကျအတိုင်း ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခွင့် ရပါမူ သမီး ဤအိမ်၌ ဆက်၍နေပါမည် = မရလျှင် မနေနိုင်ပါ"ဟု အရေးဆိုစကား ပြောကြားလေ၏၊ မိဂါရသူဌေးကြီးသည်လည်း "ချစ်သမီး....သင်ချစ်သမီးသည် အလို

WWW.DHAMMARANSI.COM



ရှိတိုင်း သမီး၏ ရဟန်းတို့ကို ပြုစုလုပ်ကျွေးပါလော့”ဟု ကြည်ကြည်ဖြူဖြူ ခွင့်ပြုစကား ပြောကြားလေ၏။

## မိဂါရသူဌေး သောတာပန်ဖြစ်ခြင်း

ထို့နောင်မှ ဝိသာခါသူဌေးမသည် မြတ်စွာဘုရားရှင်ကို (နက်ဖြန် ဆွမ်းအလှူခံတော်မူရန်) ပင့်ဖိတ်စေပြီးလျှင် နောက်တနေ့၌ သူဌေးအိမ်ကြီးအပြည့် ဘုရားအမှူးရှိသော သံဃာတော်ကို ထိုင်နေစေလေသည်။အဝတ်မလွှမ်း တက္ကတွန်းပရိသတ်တို့သည်လည်း မြတ်စွာဘုရား မိဂါရသူဌေးအိမ်သို့ ကြွတော်မူကြောင်း သတင်းကြားကြ၍ ထိုအရပ်သို့ သွားရောက်ကြလျက် အိမ်ကို ဝန်းရံကာ ထိုင်နေကြလေကုန်၏။

ဝိသာခါသူဌေးမသည် အလှူရေစက်ကို သွန်ချလှူဒါန်းပြီးလျှင် ယောက္ခမသူဌေးကြီးထံသို့ “ပူဇော်ဖွယ်မှု အစုစုအားလုံး စီမံ၍ပြီးပါပြီ၊ ကျွန်တော်မ၏ ယောက္ခမကြီးသည် လာရောက်၍ မြတ်စွာဘုရားကို ကိုယ်တိုင်ကိုယ်ကြပ် ပြုစုလုပ်ကျွေးစေချင်ပါသည်”ဟု သတင်းပို့စေလေ၏။ မိဂါရသူဌေးသည် တက္ကတွန်းဆရာတို့၏ စကားကို လိုက်နာ၍ “ငါ့သမီးပဲ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးပါတော့”ဟု တိမ်းရှောင်စကား ပြန်ကြားလိုက်လေ၏။ ဝိသာခါသူဌေးမသည် ထူးထွေစုံစွာ များမြတ်သောအရသာတို့ဖြင့် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေး၍ ဆွမ်းကိစ္စ ပြီးဆုံးလတ်သော် တဖန်ထပ်၍ ယောက္ခမသူဌေးကြီးထံသို့ “ဆွမ်းကပ်လှူခြင်းကိစ္စ ပြီးပါပြီ၊ ကျွန်တော်မ၏ ယောက္ခမကြီးသည် လာရောက်၍ တရားစကားကို နာကြားစေချင်ပါသည်” ဟု သတင်းပို့စေပြန်လေ၏။

ထိုအခါ မိဂါရသူဌေးသည် ရှေးကသိုလ်ကံ ဆော်ဖန်တိုက်တွန်းအပ်ပြီဖြစ်ရကား“ငါ့အဖိုရာ ယခုအခါ၌ မသွားရောက်ခြင်း မည်သည် အလွန်လျှင် အကြောင်းမဟုတ်စွာ့တကား”ဟု စဉ်းစားဆင်ခြင်မိ၍ တရားနာယူလိုသော ဆန္ဒ ပြင်းပြစွာ ဖြစ်ရှိကာ မြတ်စွာဘုရား တရားဟောတော်မူမည့် နေရာသို့ သွားလေ၏၊

WWW.DHAMMARANSI.COM



ထိုသို့ သွားနေသဲသော မိဂါရသူဌေးကို တက္ကတွန်းဆရာတို့က “ ရဟန်းဂေါတမ၏ တရားကို နာကြားလျှင် တင်းထိမ်ကန့်လန့်ကာ၏ အပြင်ဖက်၌ ထိုင်နေ၍ နာကြားလော့ ” ဟု အကြံပေး စကား ပြောကြားကြလေ၏။ ထိုပြောကြားချက် အတိုင်းပင် သူဌေး၏လူများသည် ရှေးဦးစွာ သွားနှင့်ကြ၍ တင်းထိမ်ကန့်လန့်ကာဖြင့် ဝန်းရံ ကာကြလေကုန်၏။

မြတ်စွာဘုရားသည် “ သင် မိဂါရသူဌေးကား တင်းထိမ်ကန့်လန့်ကာ အပြင်ဖက်၌ နေလိုမူလည်း နေစေ၊ နံရံတဖက်,သို့မဟုတ် တောင်တဖက်, သို့မဟုတ် စကြဝဠာတိုက်တဖက်၌ နေလိုမူလည်း နေစေ ငါကား ဘုရားစင်စစ် ဖြစ်ချေသည်၊ မည်မျှပင် ခရီးဝေးကွာ ခြားနေစေကာမူ သင့်ကို ငါဘုရား၏ အသံတော်ကို ကြားစေခြင်းငှါ စွမ်းနိုင်၏”ဟု မိန့်ဆိုတော်မူသည့်ပမာ ရွှေရောင်အဆင်း မှည့်ဝင်းသောအသီးရှိသည့် သရက်ပင်ကြီးကို ပင်စည်မှ ဆွဲကိုင်၍ လှုပ်လိုက်သကဲ့သို့ မိဂါရသူဌေးအား ဒါနကထာ, သီလကထာ, သဂ္ဂကထာ-အစရှိသော မဂ်ဖိုလ်ရကြောင်း တရားစကားကို ဟောကြားတော်မူလေ၏။

( **အထူးမှတ်ရန်မှာ** — မြတ်စွာဘုရား တရားဟောတော်မူလျှင် ရှေ့တော်၌ တည်နေသူများ, နောက်တော်၌ တည်နေသူများ, စကြဝဠာတိုက် အရာအထောင်ကို ကျော်လွန်၍ တည်နေသူများ, အကနိဋ္ဌ ဗြဟ္မာ့ပြည်၌ တည်နေသူများ အားလုံးတို့သည်ပင် “မြတ်စွာဘုရားသည် ငါ့ကိုသာလျှင် ကြည့်နေတော်မူ၏၊ ငါ့အားသာလျှင် တရားဟောတော်မူ၏” ဟု ပြောဆိုကြရလေသည်။ မှန်၏—မြတ်စွာဘုရားသည် တရားဟောနေတော်မူသောအခါ ထိုထို တရားနာပရိသတ်ကို ကြည့်နေတော်မူသကဲ့သို့ရင်း, ထိုထို တရားနာပရိသတ်နှင့် အတူတကွ စကားပြောနေတော်မူသကဲ့သို့ရင်း ဖြစ်ရှိလေသည်။

အနည်းငယ်ချဲ့၍ ဖော်ပြရလျှင်—မြတ်စွာဘုရားတို့သည် လစန်းနှင့် တူတော်မူကြကုန်၏၊ လစန်းသည် ကောင်းကင်အလယ် သူ၏လမ်း၌ တည်လျက်ကပင် “လစန်းသည် ငါ့အထက်၌ တည်ရှိ၏၊ လစန်းသည် ငါ့အထက်၌ တည်ရှိ၏” ဟု လူတိုင်း လူတိုင်း၏ စိတ်ဝယ် ထင်ရသကဲ့သို့ ဤအတူပင် မြတ်စွာဘုရားတို့ တရားဟောတော်မူနေသောအခါ ဝဲ,

WWW.DHAMMARANSI.COM



ယာ, ရွှေ, နောက်, အထက် အရပ်ရှိ တရားနာ ပရိသတ်အားလုံးတို့၏ စိတ်သန္တာန်ဝယ် မိမိတို့၏ မျက်နှာရှေး၌ တည်နေတော်မူသကဲ့သို့ ထင်ရကုန်၏။

ဤသို့ဖြစ်ခြင်းသည် ထိုဘုရားရှင်တို့ ပါရမီဖြည့်စဉ်အခါက ဦးခေါင်းကိုဖြတ်၍, မျက်ရေးကွင်းအပ်သည့် မျက်လုံးတော်အစုံကို ထုတ်၍, နှလုံးသားကို ထုတ်၍, သူတပါး၏ အစေအပါး ကျွန်ဖြစ်စေရန် ဇာလီမင်းသားကဲ့သို့သော သားတော်များ ကဏှာဇိန် မင်းသမီးကဲ့သို့သော သမီးတော်များ မဒ္ဒီဒေဝီတို့ကဲ့သို့သော ဇနီးများကို ရက်ရက်ကြီးစွန့်၍ အလှူခံတို့အား လှူဒါန်းအပ်ခဲ့သည့် ဒါနကောင်းမှု၏ အကျိုးဖြစ်သည်။ ။ဓမ္မပဒ ဋ္ဌ ၁၊ ဓာမျက်နှာ ၂၅၆-မှ)။

ဒေသနာနိဂုံး ဆုံးသောအခါ မိဂါရသူဌေးသည် သောတာပတ္တိဖိုလ်၌ တည်၍ (=သောတာပန်အရိယာဖြစ်၍) တင်းထိမ်ကန့်လန့်ကာကို မ-ချိပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့ကို တည်ခြင်းငါးပါးဖြင့် ရိုသေမြတ်နိုး ရှိခိုးလျက် မြတ်စွာဘုရား၏ မျက်မှောက်တော်မှာပင် "ချစ်သမီး....သင်ချစ်သမီးသည် ယနေ့ကို အစပြု၍ ငါ၏မိခင်ပါပေ" ဟု ဝမ်းမြောက်စကား ပြောကြားကာ ချွေးမဝိသာခါကို မိမိ၏ အမိအရာ၌ ထားလေ၏။ ထိုအချိန်မှစ၍ ဝိသာခါသူဌေးမသည် "မိဂါရမာတာ = မိဂါရသူဌေး၏ မယ်တော်" အမည်ရှိသူ ဖြစ်လေတော့၏။

(ဤကား—အင်္ဂုတ္တိုရ်အဋ္ဌကထာ ဖွင့်ပြချက်တည်း။ ဓမ္မပဒ အဋ္ဌကထာ၌မူ ဘာဏကမထေရ်များ၏ အလိုသို့လိုက်၍ "မိဂါရသူဌေးသည် သောတာပန် အရိယာဖြစ်ပြီးနောက် တင်းထိမ်ကန့်လန့်ကာ အနားကို ချီမ၍ လာရောက်ကာ ချွေးမ၏သားမြတ်ကို ခံတွင်းဖြင့်ငုံ၍ 'သင်သည် ယနေ့မှစ၍ ငါ့မိခင်ပါပေ' ဟု ပြောဆို၍ အမိအရာ၌ ထားလေ၏။ ထိုအချိန်မှစ၍ ဝိသာခါသည် 'မိဂါရမာတာ=မိဂါရသူဌေး၏မယ်တော်' အမည်ရှိသူ ဖြစ်လေတော့၏။ နောက်အဖို့ဝယ် သားကို ရသည့်ရှိသော် (မိဂါရမယ်တော် - ဟူသော အမည် နှင့် လိုက်လျော စွာ) ထိုသား၏ အမည်ကို 'မိဂါရသူဌေးသား' ဟု မှည့်ခေါ်လေသည်"—ဤသို့ဖွင့်ပြ၏။

ဤအရာဝယ် ဝိသာခါ၏ အကြောင်းအရာကို အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လိုရင်းအကျဉ်းမျှကိုသာ ဖွင့်ပြသဖြင့် ဗုဒ္ဓဝင်စာဖတ် ပရိသတ်သူတော်

WWW.DHAMMARANSI.COM



ဝင်တို့ အခြားသိမှတ်သင့်သော ဝိသာခါ၏ အကြောင်းအရာတို့ကိုလည်း ဓမ္မပဒအဋ္ဌကထာ ပဌမအုပ်မှ ထုတ်နုတ်၍ ပြဆိုဦးအံ့)—

**ယောက္ခမသူဌေးကတော်ကြီးလည်း သောတာပန် အရိယာဖြစ်ခြင်း**

မိဂါရသူဌေးကြီးသည် ချွေးမကို မိခင်အရာ၌ ထားပြီးသော် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ကာ မြတ်စွာဘုရား၏ ခြေတော်အစုံတို့၌ ဦးတိုက်ပြီးနောက် ခြေတော်တို့ကို လက်ဖြင့် ဆုပ်နယ်လျက်ရင်း, ခံတွင်းဖြင့် စုပ်လျက်ရင်း "မြတ်စွာဘုရား....တပည့်တော်သည် မိဂါရ-ဖြစ်ပါသည် ဘုရား၊ တပည့်တော်သည် မိဂါရ-ဖြစ်ပါသည် ဘုရား"ဟု သုံးကြိမ်တိုင်တိုင် မိမိအမည်ကို ထုတ်ဖော်လျှောက်ထား၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား...တပည့်တော်သည် ဤလွန်ခဲ့ပြီးသမျှ ကာလပတ်လုံး အဘယ်မည်သော အလှူခံပုဂ္ဂိုလ်၌ လှူအပ်သောအလှူသည် အကျိုးကြီးမြတ်၏ဟု မသိခဲ့ပါ၊ ယခုအခါ၌မှ တပည့်တော်သည် ချွေးမကို အမှီပြု၍ သိအပ်ပါပြီ၊ အလုံးစုံသော အပါယ်ဆင်းရဲမှ လွတ်မြောက်ရပါပြီ၊ တပည့်တော်၏ ဤအိမ်သို့ ချွေးမ ဝိသာခါ လာရောက်သည်မှာ တပည့်တော်၏ အကျိုး, စီးပွါး, ချမ်းသာ ဖြစ်ဖို့ရန် လာရောက်ခဲ့ပါပြီ"ဟု လျှောက်ထားပြီးနောက် ဤဆိုလတ္တံ့သော ဂါထာကိုလည်း ရွတ်ဆိုလျှောက်ထားလေ၏—

> သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
> အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏိသာ ဃရမာဂတာ။

ဘန္တေ=မြတ်စွာဘုရား....။ သော အဟံ = ထိုတပည့်တော်သည်။ ယတ္ထ = အကြင် အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ = လှူအပ်သော အလှူဒါနသည်။ မဟပ္ဖလံ = အကျိုးကြီးမြတ်၏။ (တံ = ထိုသို့ သဘောရှိသော အလှူခံပုဂ္ဂိုလ်ကို)။ အဇ္ဇ = ယနေ့။ ပဇာနာမိ = ခွဲခြမ်းစိတ်ဖွင့် သိမြင်ရပါပြီဘုရား။ ဘဒ္ဒါ = ကောင်းခြင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော။ သုဏိသာ = ချွေးမလိမ္မာ ဝိသာခါသည်။ မေ=တပည့်တော်၏။ အတ္ထာယ = အကျိုးငှါ။ မေ = မိဂါရတွင်ခေါ် တပည့်တော်၏။ ဃရံ = အိမ်သို့။

WWW.DHAMMARANSI.COM



အာဂတာ ဝတ = ရှေးကုသိုလ် ကံကောင်း ထောက်၍ ရောက်ခဲ့ပါပြီဘုရား။

ချွေးမလိမ္မာ ဝိသာခါသည် နောက်တနေ့ အတွက်လည်း မြတ်စွာဘုရားကို ပင့်ဖိတ်ပြန်လေ၏။ ထိုအခါ နောက်တနေ့၌ လည်း ဝိသာခါ၏ ယောက္ခမမိန်းမသူ သူဌေးကတော်ကြီးသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏ = သောတာပန် အရိယာ ဖြစ်လေ၏။ ထိုအချိန်မှ စ၍ မိဂါရသူဌေးကြီး၏အိမ် သည် ဘုရားမြတ်စွာ သာသနာတော်အတွက် တံခါးဟင်းလင်း ဖွင့်ပြီးသား ဖြစ်လေတော့၏။

**သူမြတ်တယောက်၊ အိမ်သို့ရောက်က၊ မြွားမြောက်မြောထူ၊ အိမ်နေလူတို့၊ နိဗ္ဗူနန်းခွင်၊ အသော့ဝင်ဖို့၊ မဂ္ဂင်ရှစ်ဆင့်၊ တံခါးပွင့်၏"။**

### ဝိသာခါအား ယောက္ခမကြီး ချီးမြှောက်ခြင်း

ထို့နောက် မိဂါရသူဌေးကြီးသည် "ဩ...ငါ့ချွေးမကား ငါ့ အပေါ်ဝယ် ဥပကာရကျေးဇူး အထူးများလှဘိ၏၊ထိုချွေးမလိမ္မာ အတွက် ငါသည် ကြည်ညိုသူတို့ပြုမြဲအမှု အမှုအရာကို ပြုပေတော့ အံ့၊ ဤငါ့ချွေးမလိမ္မာအဖို့ရာ ဝန်လေးလှစွာသော မဟာလတာ တန်ဆာကြီးကို အမြဲဆင်ထားခြင်းငှါ မတတ်နိုင်၊ ငါ့ချွေးမ လိမ္မာအတွက် နေ့နေ့,ညဥ့်ညဥ့် ဣရိယာပုထ်လေးပါးတို့၌ ဆင်ယင် နိုင်ကြမည့် အဆင်တန်ဆာကို ငါပြုမေအံ့"ဟု ကြံစည်ဆင်ခြင်ပြီး လျှင် အဖိုးတသိန်းထိုက်သော "ဃနမဋ္ဌက = တခဲနက် ပြေပြစ် သည့်" အဆင်တန်ဆာကို ပြုလုပ်စေပြီးနောက် ထိုအဆင် တန်ဆာ ပြီးလတ်သည်ရှိသော် ဘုရားအမှူးရှိသော သံဃာကို ပင့်ဖိတ်၍ ရိုသေစွာ ဆွမ်းဆက်ကပ်ပြီးလျှင် ချွေးမလိမ္မာ ဝိသာခါ ကို နံ့သာရေအိုး (၁၆) တဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုးစေ၍ မြတ်စွာဘုရား ရှေ့တော်မှောက်၌ ထားကာ တန်ဆာဆင်ပေး၍ မြတ်စွာဘုရားကို ရှိခိုးစေလေသည်။ မြတ်စွာဘုရားသည် အနု- မောဒနာတရား ဟောကြားတော်မူပြီးလျှင် ကျောင်းတော်သို့ တဖန် ပြန်ကြွတော်မူလေ၏။

WWW.DHAMMARANSI.COM



ဝိသာခါသူဌေးမသည်လည်း ထိုအချိန်မှစ၍ ဒါန-အစရှိသော ကောင်းမှုတို့ကို စိတ်အလိုရှိတိုင်း ပြုလုပ်လျက် မြတ်စွာဘုရားရှင့် အထံတော်မှ*ဆုရှစ်ပါးတို့ကိုရ၍ ကောင်းကင်အပြင်ဝယ် လစန်း အရေးကဲ့သို့ အလူးထင်ရှားကာ သား,သမီး တို့ဖြင့် ပွါးစီး စည်ပင်ခြင်းသို့ ရောက်လေ၏။ ထင်ရှားစေဦးအံ့–ဝိသာခါသူဌေး မမှာ သားတကျိပ်, သမီးတကျိပ်တို့ ထွန်းကားခဲ့လေသည်။ ထို သား, သမီး နှစ်ကျိပ်တို့တွင် တယောက်တယောက်မှာ သား တကျိပ်စီ, သမီးတကျိပ်စီ ထွန်းကားပြန်လေသည်၊ (သို့ရကား ဝိသာခါမှာ မြေး လေးရာတို့ ရှိကြလေသည်)။ ထိုမြေးလေးရာ တို့တွင်လည်း တယောက်တယောက်မှာ သားတကျိပ်စီ, သမီး တကျိပ်စီပင် ထွန်းကားလေပြန်သောကြောင့် မြစ်ပေါင်း ရှစ် ထောင်တို့ ရှိကြလေသည်။ ထိုကြောင့် ရှေးမထေရ်မြတ်တို့သည်–

ဝိသာခါ ဝီသတိ ပုတ္တာ၊
နတ္တာ စ စတုရော သတာ။
ပနတ္တာ အဋ္ဌသဟဿာ၊
ဇမ္ဗုဒီပေ သုပါကဋာ။

ဝိသာခါ=မိဂါရသူဌေး၏ ချွေးမလိမ္မာ ဝိသာခါသည်။ ဝီသတိ ပုတ္တာ=သား သမီး နှစ်ကျိပ် ရှိသည်ဖြစ်၍၎င်း။ စတုရော သတာ နတ္တာ စ=မြေးလေးရာရှိသည်ဖြစ်၍၎င်း။ အဋ္ဌသဟဿာ ပနတ္တာ စ = မြစ်ရှစ်ထောင်ရှိသည်ဖြစ်၍

*ဆုရှစ်ပါးဟူသည်မှာ– (၁) သံဃာအား အသက်ထက်ဆုံး မိုးရေခံ သင်္ကန်း လှူဒါန်းခွင့်ရခြင်း၊ (၂)ဧည့်သည်=အာဂန္တုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊ (၃)ခရီးသွားရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့် ရခြင်း၊ (၄) သူနာရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊ (၅) သူနာ ပြုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊ (၆) သူနာရဟန်းတို့အား ဆေးလှူဒါန်းခွင့်ရခြင်း၊ (၇)အမြဲယာဂုလှူဒါန်းခွင့်ရခြင်း၊ (၈)ဘိက္ခုနီ သံဃာအား ရေသနုပ် သင်္ကန်း လှူဒါန်းခွင့် ရခြင်း=ဤရှစ်ပါးတို့ တည်း။ ဤဆုရှစ်ပါး အကြောင်းအရာ ဝတ္ထုအကျယ်ကို ဝိနယ မဟာဝဂ် ပါဠိတော် မြန်မာပြန် စာမျက်နှာ (၄၀၇) ဝိသာခါဝတ္ထုမှစ၍ ကြည့်ရှု မှတ်ယူကုန်ရာ၏။

WWW.DHAMMARANSI.COM



ၛင်း။ ဇမ္ဗုဒီပေ = ဇမ္ဗူဒိပ်ခေါ်တွင် ကျွန်းအပြင်၌။ သုပါ-
ကဋ္ဌာ = အလွန်ထင်ရှား ကျော်ကြားလှစွာ၏—

ဟူသော ဤဂါထာကို ဖွဲ့ဆိုချီးကျူးတော်မူကြလေသည်။

**ဝိသာခါ၏ ထူးခြားချက်များ**

ဝိသာခါသည် အသက်နှစ်ပေါင်း (၁၂၀) တရာ့နှစ်ဆယ် ရှည်သူ ဖြစ်၏။ ဦးခေါင်း၌ ဆံပင်ဖြူ တပင်မျှ မပေါက်ရောက်ချေ။ အမြဲတစေ (၁၆) တဆယ့်ခြောက်နှစ် အရွယ်ရှိသူကဲ့သို့ ပျိုနုလျက် နေ၏။ သား, သမီး, မြေး, မြစ်တို့ ခြံရံလျက် ဝိသာခါ ကျောင်းသို့ သွားသည်ကို မြင်ရလျှင် "ဤအမျိုးသမီးများအလယ်တွင် အဘယ် သူသည် ဝိသာခါပါနည်း" ဟု မေးယူရလောက်အောင်ပင် ပျိုမျစ် နုနယ်၏။

ဝိသာခါ သွားနေသည့်ကို မြင်ကြသောသူတို့သည် "ယခုအခါ ဖြေးဖြေးသွားပါစေ၊ ငါတို့၏ အရှင်မ ဝိသာခါသည် သွားနေမှ သာ တင့်တယ်လှဘိ၏" ဟု ကြံစည် ဆင်ခြင်အောက်မေ့ကြလေ သည်။ ဝိသာခါ ရပ်နေသည်ကို၊(ပ)၊ ထိုင်နေသည်ကို၊ပ၊ လျောင်း စက်နေသည်ကို မြင်ကြသောသူတို့သည် "ယခုအခါ အနည်းငယ် ဆက်၍ လျောင်းစက်ပါစေ၊ ငါတို့၏ အရှင်မ ဝိသာခါသည် လျောင်းစက်နေမှသာ တင့်တယ်လှဘိ၏" ဟု ကြံစည် ဆင်ခြင် အောက်မေ့ကြလေသည်။ ဤသို့လျှင် ဝိသာခါကား သွား,ရပ်, ထိုင်, လျောင်း = ဣရိယာပုထ်လေးပါးတို့အနက် "ဤမည်သော ဣရိယာပုထ်ဖြင့်တော့ မတင့်တယ်ဘူး" ဟု ပြောဆိုဖွယ်မရှိအောင် ပင် တင့်တယ်လေသည်။

(**ဆင်ပြောင်ငါးစီး အားရှိသည်**) — ဝိသာခါကား ဆင်ပြောင် ငါးစီးတို့၏ အားကို ဆောင်နိုင်သည်။ တချိန်က ကောသလ မင်းကြီးသည် "ဝိသာခါကား ဆင်ပြောင်ငါးစီးတို့၏ အားကို ဆောင်သတဲ့" ဟူသော သတင်းစကားကို ကြားသိရ၍ ဝိသာခါ ကျောင်းသို့သွား၍ တရားနာပြီး ပြန်လာသောအခါ၌ အား အစွမ်းကိုစုံစမ်းလိုရကား ဆင်ပြောင်ကြီးတစီးကိုအလွှတ်ခိုင်းလေ

WWW.DHAMMARANSI.COM



သည်။ ဆင်ပြောင်သည် နှာမောင်းကို ချီမြှောက်၍ ဝိသာခါသို့ ရှေးရှု ထိုးသတ်မည့်အမှုဖြင့် ပြေးလာနေ၏။ ဝိသာခါ၏ အခြွေအရံ မိန်းမငါးရာတို့သည် အချို့က ကြောက်လန့်၍ ထွက်ပြေး တိမ်းရှောင်ကြလေသည်။ ( ဤမှ နောက်ဝါကျ၌ သီဟိုဠ်မူ၀ယ် ကေစ္စာ န ပရိစ္စဇိတ္ဗာ-ရှိ၏၊ ဆဋ္ဌမူ၀ယ် ကေစ္စာ န ပရိသင့္ဇိတ္ဗာ ရှိ၏၊ ကေစ္စာ ပန ပရိသဇ္ဇိတ္ဗာ-ဟု ရှိသောပါဠိသည် ပို၍ ယုတ္တိ တန်၏၊ ထိုအတိုင်း မြန်မာပြန်၍ ဖော်ပြပေအံ့ )။ အချို့သော အခြွေအရံ မိန်းမတို့ကမူကား ဝိသာခါကို ဝိုင်းဝန်းဖက်ကြ၍ ဝိသာခါက "အဘယ့်ကြောင့် ဤသို့ဖြစ်သနည်း"ဟု မေးအပ်လေ သော် "အရှင်မ....မင်းကြီးသည် အရှင်မ၏ အားအစွမ်းကို စုံစမ်း လိုသည်ဖြစ်၍ ဆင်ပြောင်ကို အလွှတ်ခိုင်းသတဲ့ " ဟု ပြောဆိုကြ လေ၏။

ဝိသာခါသူဌေးမသည် " ဤ ဆင်ပြောင်ကို မြင်ရ = တွေ့ရ၍ ပြေးသဖြင့် အဘယ်အကျိုး ရှိအံ့နည်း ( = အကျိုးမရှိ)၊ ထိုဆင် ပြောင်ကို အဘယ်ပုံ ဖမ်းယူရမည်နည်း" ဟု ကြံစည်၍ "ငါသည် အကယ်၍ ထို ဆင်ပြောင်ကို ငါ့ အားရှိသလောက် တင်းတင်း ကြပ်ကြပ် ဖမ်းယူလိုက်လျှင် ထို ဆင်ပြောင်သည် ပျက်စီးသေဆုံး လေရာ၏" ဟု ဆင်ခြင်မိ၍ မိမိအနီးသို့ ရောက်လာသော ထိုဆင် ပြောင်ကို လက်ချောင်းကလေး ၂-ချောင်းတို့ဖြင့်သာ နှာမောင်း၌ ညှပ်ကိုင်ကာ အသာအယာ တွန်းလှဲလိုက်လေသည်။ ဆင်ပြောင် သည် မိမိကိုယ်ကိုဆောင်၍ ကြံ့ကြံ့ရပ်တည်ခြင်းငှါ မစွမ်းနိုင်ချေ၊ ( = မိုင်းမိုင်းလဲ၍ သွားလေ၏)။ လူများအပေါင်းသည် သာဓု ကောင်းကြီး ပေးကြလေ၏။ ဝိသာခါသည်လည်း မိမိအခြွေအရံ ပရိသတ်နှင့်တကွ ချမ်းသာစွာ အိမ်သို့ ပြန်သွားလေ၏။

### ဖုဗ္ဗာရုံကျောင်းဆောက်ရန် အကြောင်းဖန်ခြင်း

ထိုအချိန်၌ သာဝတ္ထိပြည်၀ယ် မိဂါရမယ်တော် ဝိသာခါ သူဌေးမသည် သား, မြေး များသူဖြစ်၍ ကျန်းမာသန်စွမ်းသော သားများ, မြေးများ ရှိသူဖြစ်၍ "အလွန်မင်္ဂလာရှိသော အမျိုးသမီး သူဌေးကတော်ကြီး"ဟူ၍ လူတိုင်းက အသိအမှတ်ပြု သမုတ်အပ်

WWW.DHAMMARANSI.COM



လေသည်။ ထိုမျှလောက်သော သား, မြေးတို့အနက် တယောက်မျှလည်း အကြားကာလ သေပျောက်သူဟူ၍ မရှိဘူးသေးချေ။ သာဝတ္ထိပြည်သူပြည်သားတို့သည် မင်္ဂလာပွဲသဘင်တို့၌ ဝိသာခါကို ရှေးဦးစွာ ဖိတ်ကြား၍ ကျွေးမွေးကြလေသည်။ ထိုနောက် တရက်သောပွဲသဘင်နေ့ဝယ် လူအများ ဝတ်စားတန်ဆာ စုံလင်ဆင်ယင်ကြလျက် တရားနာရန် ကျောင်းသို့ သွားကြစဉ် ဝိသာခါသည်လည်း ဖိတ်ကြားအပ်သောအရပ်၌ ညှော်ခံကျွေးမွေးသည်ကို စားသောက်ပြီးလျှင် မဟာလတာတန်ဆာကြီးကို ဆင်ယင်၍ လူများနှင့် အတူတကွ တရားနာရန် ကျောင်းသို့ လိုက်ပါခဲ့လျက် ကျောင်းတိုက်သို့ ဝင်လုလတ်သော် "မြတ်စွာဘုရားရှင်တို့၏ အထံတော်သို့ ဤကဲ့သို့သော ဖျံလွင့်သူတို့၏ အသွင်အပြင်ဖြင့် သွားရောက်ရန် မသင့်လျော်"ဟု ဆင်ခြင်မိ၍ ထိုမဟာလတာတန်ဆာကို ချွတ်ပြီးလျှင် အထုပ်ထုပ်လျက် မိမိဘုန်းကံကြောင့် ဖြစ်ပေါ်လာသော ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သည့် ကျွန်မ၏ လက်၌ ပေးအပ်လေ၏။

(ထိုမဟာလတာတန်ဆာကို ထိုကျွန်မသာလျှင် ရွက်နိုင် သယ်နိုင်၏၊ အခြားသူများ မရွက်နိုင် မသယ်နိုင်။ ထို့ကြောင့် ဝိသာခါသည် ထိုကျွန်မကို "အမိ...ဤတန်ဆာကို ယူထားလော့၊ မြတ်စွာဘုရားအထံတော်မှ တရားနာပြီး ပြန်သောအခါကျမှ ထိုတန်ဆာကို ဆင်ယင်ပေအံ့" ဟု ပြောဆို၍ ကျွန်မ၏လက်၌ ပေးအပ်လေသည်။)

ဝိသာခါသည် မဟာလတာတန်ဆာကို ကျွန်မလက်၌ ပေးအပ်ပြီးနောက် ဃနမဋ္ဌကတန်ဆာကို ဆင်၍ မြတ်စွာဘုရားသို့ ဆည်းကပ်ပြီးလျှင် တရားနာလေသည်။ တရားနာ၍ ပြီးဆုံးသောအခါ ဝိသာခါသည် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုး၍ နေရာမှထကာ ဖဲသွားခဲ့လေသည်။ ကျွန်မသည်လည်း ထိုမဟာလတာတန်ဆာကြီးကို တရားနာရာနေရာ၌ပင် မေ့၍ထားခဲ့လေသည်။ အထူးအားဖြင့် တရားနာပြီး ပြန်သွားသောပရိသတ်၏ တစုံတရာသောဝတ္ထုမေ့ကျန်နေရစ်ခဲ့လျှင် ထိုဝတ္ထုကို အရှင်အာနန္ဒာမထေရ်သည် သိမ်းဆည်း၍ ထားတော်မူမြဲဖြစ်သည်။ ဤသို့လျှင် အရှင်အာနန္ဒာသည် ထိုနေ့၌ ဝိသာခါ၏ မဟာလတာတန်ဆာကြီးကို

WWW.DHAMMARANSI.COM



တွေ့ရသဖြင့် မြတ်စွာဘုရားအား "မြတ်စွာဘုရား....ဝိသာခါသည် မဟာလတာတန်ဆာကြီးကို မေ့၍ သွားခဲ့ပါသည်ဘုရား" ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်က "ချစ်သားအာနန္ဒာ...။ သင့်လျော်ရာအရပ်၌ သိမ်းထားလော့" ဟု မိန့်တော်မူသဖြင့် အရှင်အာနန္ဒာ မထေရ်သည် ထို မဟာလတာတန်ဆာကြီးကို မ-ချီ၍ စောင်းတန်းလှေကားတဖက်၌ ချိတ်ဆွဲ၍ ထားတော်မူလိုက်လေ၏။

ဝိသာခါသူဌေးမသည်လည်း *သုပ္ပိယာဥပါသိကာမနှင့်အတူ တကွ အာဂန္တုရဟန်း, ခရီးသွားရဟန်း, သူနာရဟန်း-စသည်တို့အတွက် ပြုသင့်ပြုထိုက်သည်ကို သိရအောင်ဟူ၍ ဇေတဝန်ကျောင်းတိုက်တော်အတွင်း၌ လှည့်လည်လေ၏၊ အထူးအားဖြင့် ဝိသာခါဒါယိကာမကြီးနှင့် သုပ္ပိယာဒါယိကာမကြီးတို့ ကျောင်းတိုက်အတွင်း လှည့်လည်ကြသည်တို့ကို မြင်ကြရလျှင် ထောပတ်, ပျား, ဆီ-စသည်ကို အလိုရှိကုန်သော ရဟန်းငယ်များ,သာမဏေ

*သုပ္ပိယာဒါယိကာမ-ဟူသည်မှာ ဗာရာဏသီပြည်မှ သုပ္ပိယဥပါသကာ၏ ဇနီးဖြစ်သည်၊ သူတို့ ဇနီးမောင်နှံ နှစ်ဦးလုံးတို့သည် ရတနာသုံးပါးကို အလွန်ကြည်ညိုကုန်၏၊ သံဃာအား ပစ္စည်း ၄-ပါးကို လှူလေ့ရှိကုန်၏၊ သံဃာ့အမှုခပ်သိမ်းကို ရွက်ဆောင်လေ့ ရှိကုန်၏။ တချိန်က (မြတ်စွာဘုရား ဗာရာဏသီပြည် မိဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ်က) သုပ္ပိယာဒါယိကာမကြီးသည် မိဂဒါဝုန်ကျောင်းတိုက်သို့ သွား၍ မမာမကျန်းသော ရဟန်းတပါးကို တွေ့ရလျှင် "အရှင်ဘုရားအား အဘယ်ခေါက်စာဖြင့် အလိုရှိပါသနည်း" ဟုမေး၍ ရဟန်းက "သားဟင်းမျိုးရည်=အသားစွပ်ပြုတ်ဖြင့် အလိုရှိ၏" ဟု ဆိုလေသော် ရှိပါစေ အရှင်ဘုရား....၊ ပို့လိုက်ပါမည်" ဟု လျှောက်ထားခဲ့၍ နောက်နေ့၌ ကပ္ပိယအသားကို မရနိုင်သည်ဖြစ်၍ မိမိ၏ ပေါင်သားဖြင့် ရဟန်းအတွက် သားဟင်းမျိုးရည် = အသား စွပ်ပြုတ်ရည် ကျိုချက်ကာ လှူဒါန်း၍ တဖန် မြတ်စွာဘုရား၌ ကြည်ညိုခြင်းပြင်းစွာသောကြောင့် အမာရွတ်မျှမထင် ပကတိ နဂိုရ်ကိုယ်ရှိသူ ဖြစ်ခဲ့လေသည်၊ အကြောင်းအရာအကျယ်ကို ဝိနည်း မဟာဝဂ်ပါဠိတော် မြန်မာပြန် မျက်နှာ ၄၁၁ မှစ၍ ကြည့်ရှုကုန်ရာ၏။

WWW.DHAMMARANSI.COM



များသည် ခွက်,ပန်းကန်-စသည်ကို စွဲကိုင်ကြလျက် ထိုဒါယိကာမကြီးတို့ထံ ချဉ်းကပ်ကြစမြဲ ဖြစ်လေသည်၊ ထိုနေ့မှာလည်း ထို့အတူပင်ပြုကြလေသည်။

ဝိသာခါဒါယိကာမကြီးသည်လည်း သူနာရဟန်းများ,ရဟန်းငယ်များ, သာမဏေများကို ကြည့်ရှုကာ လိုအပ်ရာရာကို လှူဒါန်းပြီးလျှင် အခြားတံခါးတခုဖြင့် ဇေတဝန်ကျောင်းတိုက်တော်မှ ထွက်၍ ကျောင်းတိုက်ဥပစာ၌ ရပ်တည်လျက်ပင် မိမိ၏ ကျွန်မကို "အမိ.... မဟာလတာတန်ဆာကို ယူခဲ့လော့၊ ဆင်ယင်ပေအံ့"ဟု ပြောဆိုလေ၏၊ ထိုအချိန်ကျမှ ကျွန်မသည် မိမိမေ့၍ ကျောင်းတိုက်မှ ထွက်ခဲ့မိကြောင်း ကောင်းစွာအမှတ်ရ သိရှိ၍ "ဟော.... အရှင်မ....ကျွန်တော်မ မေ့ထားခဲ့ပြီ"ဟူ၍ ပြောဆိုလေ၏၊ ထိုအခါ ဝိသာခါသူဌေးမသည် "ထိုသို့ဖြစ်လျှင် သွား၍ယူပြီး ပြန်ခဲ့လော့၊ အထူးအားဖြင့် အကယ်၍များ ငါ့အရှင် အာနန္ဒာမထေရ်မြတ်က ထိုမဟာလတာတန်ဆာကို ချီမ၍ အခြားတနေရာရာ၌ သိမ်းထားအပ်ခဲ့လျှင် မယူခဲ့လင့်၊ အရှင်မြတ်အားသာလျှင် ထိုတန်ဆာကို ငါသည် စွန့်လှူအပ်ပြီးဖြစ်သည်"ဟု မှာကြားပြောဆို၍ ကျွန်မကို လွှတ်လိုက်လေ၏၊ ဝိသာခါကား "အမျိုးလေးပါး လူအများတို့ ကျောင်းတိုက်အတွင်းဝယ် မေ့ကျန်၍ထားခဲ့သော ပစ္စည်းဘဏ္ဍာများကို မပျောက်မပျက်ရအောင် အရှင်အာနန္ဒာမထေရ်သည် သိမ်းဆည်း၍ ထားတော်မူ၏"ဟူသော ဤအချက်ကို ကြိုတင်၍ သိပြီးဖြစ်သောကြောင့် ဤသို့ မှာကြား ပြောဆိုလိုက်လေသည်။

အရှင်အာနန္ဒာမထေရ်သည်လည်း ကျွန်မကို မြင်လျှင်ပင် "အဘယ်အကျိုးငှါ လာသနည်း"ဟု မေးတော်မူ၍ ကျွန်မက "တပည့်တော်မ အရှင်မ၏ မဟာလတာတန်ဆာကို မေ့ထားခဲ့သောကြောင့် လာပါသည်ဘုရား"ဟု လျှောက်ထားလေလျှင် "ထိုမည်သော စောင်းတန်းလှေကား နံပါးတဘက်၌ ငါ ချိတ်၍ ထားအပ်သည်၊ သွားလော့, ထိုတန်ဆာကို ယူချေလော့"ဟု မိန့်တော်မူလေ၏၊ ကျွန်မသည် "အရှင်ဘုရား....အရှင်ဘုရားတို့၏ လက်ဖြင့် သုံးသပ်ပြီးသော ဘဏ္ဍာကို တပည့်တော်မ၏ အရှင်မ

WWW.DHAMMARANSI.COM



သည် (လှူအပ်ပြီးသား နှလုံးထားး၍) တဖန် ပြန်မယူအပ်သော ဝတ္ထုပြုအပ်ပါပြီဘုရား"ဟု လျှောက်ထားခဲ့၍ လက်အချည်းနှီးသာ ဝိသာခါထံသို့ ပြန်လာခဲ့၍ ဝိသာခါက "ဘယ့်နှယ်လဲ အမိ····"ဟု မေးအပ်လေလျှင် ထိုအကြောင်းကို ဝိသာခါအား ပြန်ကြားပြော ဆိုလေ၏။

ထိုအခါ ဝိသာခါသည် ကျွန်မကို "အမိ ငါသည် အရှင်မြတ် သုံးသပ်ကိုင်တွယ်အပ်ပြီးသော မဟာလတာ အဆင်တန်ဆာကို မဆင်မြန်းတော့ပါ၊ ငါသည် စွန့်လှူအပ်ပြီးသားပင် ဖြစ်ပါ၏၊ သို့သော် အရှင်မြတ်များအဖို့ရာ စောင့်ရှောက်ထိန်းသိမ်းရန် ဝန် လေးလှ ဆင်းရဲလှပါသည်၊ ထိုတန်ဆာကို စွန့်ကြဲရောင်းချ၍ သိသာအား အပ်စပ်သော ပစ္စည်းဘဏ္ဍာကို ဆက်ကပ်လှူဒါန်း မပအံ့၊ သွားချေ့, ထိုမဟာလတာတန်ဆာကို ယူခဲ့လေ"ဟု ပြောဆိုစေလွှတ်လိုက်လေ၏၊ ကျွန်မသည်လည်း ကျောင်းတိုက်သို့ သွား၍ မဟာလတာတန်ဆာကို ယူဆောင်ခဲ့လေ၏၊ ဝိသာခါ သည် မဟာလတာတန်ဆာကို မဆင်မြန်းပဲသာလျှင် ရွှေပန်းထိမ် သည်တို့ကို အခေါ်ခိုင်း၍ တန်ဖိုးဖြတ်စေလေသည်၊ ရွှေပန်းထိမ် သည်တို့က "ဤတန်ဆာသည် ကိုးကုဋေ အဖိုးထိုက်တန်၏၊ လက်ခကားးတသိန်းကန်၏"ဟုတန်ဖိုးဖြတ်ပြောဆိုအပ်လေသော် ဝိသာခါသည် ထိုတန်ဆာကို ယာဉ်၌ တင်ထားစေ၍ "ထိုသို့ ဖြစ်လျှင် ထိုမဟာလတာတန်ဆာကို ရောင်းချကြကုန်လော့" ဟု ပြောဆိုလေသည်။

ထိုမျှလောက်သော အဖိုးဥစ္စာကို ပေး၍ ဝယ်ယူခြင်းငှါ တဦး တယောက်မျှ စွမ်းနိုင်လိမ့်မည်မဟုတ်၊ မှန်၏–ထိုမဟာလတာ တန်ဆာကို ဆင်ယင်ရန် ထိုက်တန်သော အမျိုးသမီးမိန်းမတို့ ကား ရခဲလှစွာကုန်၏၊ မှန်ပါပေသည်–မဟာပထဝီ ဤမြေ အဝန်း၌ (၁) ဝိသာခါဒါယိကာမကြီး၊ (၂) ဗန္ဓုလစစ်သေနာ ပတိကတော် မလ္လိကာ(=မလ္လတိုင်းသူ)နှင့် (၃) ဗာရာဏသီ သူဌေးကြီး၏သမီး–ဤသုံးယောက်သော မိန်းမတို့သည်သာလျှင် မဟာလတာတန်ဆာကို ရရှိကြလေသည်။

WWW.DHAMMARANSI.COM



သို့ရကား ဝိသာခါ သူဌေးသည် မိမိကိုယ်တိုင်သာလျှင် မဟာလတာတန်ဆာ၏ အဖိုး (ကိုးကုဋေနှင့်တသိန်း)ကို ပေး၍ ထိုကိုးကုဋေနှင့်တသိန်းသော အသပြာဒေါ်လာတို့ကို လှည်း၌ တင်စေကာ ကျောင်းတော်သို့ ယူဆောင်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် "မြတ်စွာဘုရား....တပည့်တော်မ၏ အရှင်အာနန္ဒာ မထေရ်မြတ်သည် တပည့်တော်မ၏ မဟာလတာတန်ဆာကို မပျောက်ပျက်အောင် သိမ်းဆည်းရန် လက်ဖြင့် သုံးသပ်အပ်ခဲ့ပါပြီ၊ မထေရ်မြတ် သုံးသပ်ပြီးချိန်မှစ၍ ထိုတန်ဆာကို တပည့်တော်မသည် ဆင်မြန်းခြင်းငှါ မစွမ်းနိုင်တော့ပါ၊ သို့အတွက် ထိုမဟာလတာတန်ဆာကို စွန့်ကြဲ၍ သံဃာတော်အား အပ်စပ်သော = ကပ္ပိယပစ္စည်းကို ဆက်ကပ်မည်ဟု ရောင်းစေရမည်မှာ တပည့်တော်မမှတစ်ပါး ထိုတန်ဆာကို ဝယ်ယူစွမ်းနိုင်မည့် အခြားသူတဦးကိုမျှ မတွေ့ရ၍ တပည့်တော်မသည်ပင်လျှင် ထိုတန်ဆာ၏တန်ဖိုး(ကိုးကုဋေနှင့်ကျပ်တသိန်း)ကို ယူဆောင်စေ၍ လာခဲ့ပါသည်ဘုရား၊ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး = ပစ္စည်းလေးပါးတို့တွင် အဘယ်ပစ္စည်းဖြင့် ဆက်ကပ်ရလျှင် သင့်လျော်ပါမည်နည်းဘုရား"ဟု လျှောက်ထားမေးမြန်းလေ၏၊ မြတ်စွာဘုရားရှင်က "ဝိသာခါ....၍သာဝတ္ထိမြို့ အရှေ့တံခါးအနီး၌ သံဃာတော်များ နေထိုင်ရန် ကျောင်းဆောက်လုပ်ဖို့ သင့်အဖို့ရာ သင့်လျော်၏"ဟု မိန့်တော်မူလေလျှင် ဝိသာခါသူဌေးမသည် "သင့်လျော်ပါသည် မြတ်စွာဘုရား...."ဟု လျှောက်ထား၍ အားရဝမ်းမြောက်သော စိတ်ရှိလျက် ပုဗ္ဗာရုံကျောင်းနေရာ မြေအရပ်ကိုပင် (၉၀၀၀၀၀၀၀ဝ) ကိုးကုဋေသော ကျပ်အသပြာတို့ဖြင့် ဝယ်ယူလေ၏၊ အခြားကိုးကုဋေသော ဥစ္စာတို့ဖြင့် ပုဗ္ဗာရုံကျောင်းတိုက်ကြီးကို စတင် တည်ဆောက်လေ၏။

### အရှင်မောဂ္ဂလာန်ထေရ် ကြီးကြပ်တော်မူ၍ ကိုးလဖြင့်အပြီး ပုဗ္ဗာရုံကျောင်းတိုက်ကြီး ဆောက်လုပ်ခြင်း

တနေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ထအခါ သတ္တလောကကို ကြည့်ရှုတော်မူလေသော် နတ်ပြည်မှ စုတေ၍ ဘဒ္ဒိယ

WWW.DHAMMARANSI.COM



မြို့ဝယ် သူဌေးမျိုး၌ဖြစ်လာသော ဘဒ္ဒိယသူဌေးသား၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှု ဥပနိဿယနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် သာဝတ္ထိမြို့ မြောက်တံခါးသို့ ရှေးရှု ကြွတော်မူလေ၏။

**(အထူးမှတ်ရန်မှာ – ပြုလုပ် ရှက်ဆောင်တော်မူနေကျ ပကတိအားဖြင့် မြတ်စွာဘုရားသည် ဝိသာခါ၏အိမ်၌ ဆွမ်းခံ၍ တောင်တံခါးဖြင့် ထွက်ကြွတော်မူပြီးလျှင် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူ၏။ အနာထပိဏ်သူဌေးအိမ်၌ ဆွမ်းခံတော်မူပြီးလျှင် အရှေ့တံခါးဖြင့် ထွက်ကြွတော်မူ၍ ပုဗ္ဗာရုံကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူ၏၊ မြောက်တံခါးသို့ ရှေးရှု မြတ်စွာဘုရား ကြွတော်မူသည်ကို မြင်ကြရလျှင်ပင် "ဒေသစာရီ ကြွချီတော်မူလိမ့်မည်" ဟု အားလုံးသိကြရ၏)။**

ဝိသာခါသူဌေးမသည်လည်း ထိုနေ့၌ "မြတ်စွာဘုရား မြောက်တံခါးသို့ ရှေးရှု ကြွတော်မူပြီ" ဟူသော သတင်းစကားကို ကြားသိရ၍ လျင်မြန်စွာမြတ်စွာဘုရားထံတော်သို့ သွားရောက်ရှိခိုးပြီးလျှင် "ဒေသစာရီ ကြွချီတော်မူလိုကြပါသလား ဘုရား" ဟု လျှောက်ထား၍ မြတ်စွာဘုရားရှင်က "အိမ်း....ဟုတ်ပေသည် ဝိသာခါ...." ဟူ၍ မိန့်တော်မူလေလျှင် "မြတ်စွာဘုရား....ဤမျှ (= ကိုးကုဋေ) သော ဥစ္စာကိုစွန့်၍ အရှင်ဘုရားတို့၏အတွက် ကျောင်းဆောက်နေဆဲရှိပါသည်၊ ပြန်နစ်တော်မူကြပါဦး မြတ်စွာဘုရား...." ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားရှင်က "ဝိသာခါ....ဤယခုသွားခြင်းကား ပြန်နစ်၍ မဖြစ်သော သွားခြင်း ဖြစ်သည်" ဟု မိန့်တော်မူလေလျှင် ဝိသာခါသည် "ကေန်ပင် မြတ်စွာဘုရားသည် မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုနှင့်ပြည့်စုံသူ တဦးဦးကို မြင်တော်မူလိမ့်မည်" ဟု ဆင်ခြင်စဉ်းစားမိ၍ "မြတ်စွာဘုရား.... ထိုသို့ဖြစ်လျှင် တပည့်တော်မ၏အဖို့ရာ ကျောင်းဆောက်ရာ၌ ပြီး,မပြီးရသေးသည်ကို ခွဲခြမ်းသိမြင် စီရင်ပေးမည့် ရဟန်းတော်တပါးကို ပြန်နစ်စေပြီးမှ (= ထားခဲ့ပြီးမှ) ကြွတော်မူကြပါဘုရား" ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က

WWW.DHAMMARANSI.COM



ဝိသာခါကို "ဝိသာခါ...သင် သဘောကျသည့် ရဟန်း၏သပိတ်ကို ယူလော့"ဟု မိန့်တော်မူလေ၏။

ဝိသာခါသူဌေးမသည် ပကတိအားဖြင့် အရှင်အာနန္ဒာမထေရ်ကို ချစ်ခင် သဘောကျသော်လည်း "အရှင်မဟာမောဂ္ဂလာန်မထေရ်သည် တန်ခိုးကြီးတော်မူ၏၊ ထိုမထေရ်ကို အမှီပြုရလျှင် ငါ၏ ကျောင်းဆောက်ခြင်းကိစ္စသည် လျင်မြန်စွာ ပြီးစီးပေလိမ့်မည်"ဟု ကြံစည်မိ၍ အရှင်မောဂ္ဂလန်မထေရ်၏ သပိတ်ကို တောင်းယူလေ၏။ မထေရ်မြတ်သည် မြတ်စွာဘုရားကို ကြည့်လျက်နေ၏၊ ထိုအခါ မြတ်စွာဘုရားရှင်က "ချစ်သားမောဂ္ဂလာန်.... သင်ချစ်သား၏ အခြံအရံ ရဟန်းငါးရာတို့ကို ခေါ်ယူ၍ သင်ချစ်သား ပြန်နစ်လော့"ဟု မိန့်တော်မူသဖြင့် မထေရ်မြတ်သည် မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း မိမိ၏တပည့် ရဟန်းငါးရာတို့ကို ခေါ်ယူ၍ ပြန်နစ် ကျန်ရစ်တော်မူလေ၏။

မထေရ်မြတ်၏ အာနုဘော်ကြောင့် ယူဇနာငါးဆယ်, ခြောက်ဆယ်တို့တိုင်တိုင် သစ်သား, ကျောက်တို့ အလို့ငှါ သွားရောက်ကြသူ လူတို့သည်လည်း ကြီးကုန်, ကြီးကုန်သော သစ်သား, ကျောက်များကို ယူခဲ့ကြ၍ ထိုနေ့၌ပင်လျှင် (= နေ့ချင်းပြန်) ပြန်လာနိုင်ကြကုန်၏။ လှည်းပေါ်၌ သစ်သားများ, ကျောက်များကို တင်ကြရာမှာလည်း မပင်ပန်းကြကုန်၊ လှည်းဝင်ရိုး ကျိုးသော ဟူ၍ မရှိ။ မကြာမီပင် ဘုံနှစ်ဆင့်ရှိသော (= ၂-ထပ်)ပြာသာဒ်ကျောင်းကြီး ဆောက်လုပ်၍ ပြီးကြလေသည်။ ထိုပြာသာဒ်ကျောင်းကြီးမှာ အောက်ထပ်၌ တိုက်ခန်း ၅၀၀, အထက်ထပ်၌ တိုက်ခန်း ၅၀၀ = ဤသို့ တိုက်ခန်းပေါင်း (၁၀၀၀) တထောင်တို့ဖြင့် တန်ဆာဆင်အပ်သော ပြာသာဒ်ကြီး ဖြစ်လေသည်။ ဝိသာခါကျောင်းအမကြီးသည် ရှစ်မင်းပယ်မျှ ကျယ်ဝန်းသန့်ရှင်းသော မြေအပြင်၌ ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ်စေလေသည်။ ထိုပြင်လည်း "ပြာသာဒ်တော်ကြီး ထီးထီးသက်သက်ကား မတင့်တယ်ချေ"ဟု ကြံစည်ဆင်ခြင်မိ၍ ထိုပြာသာဒ်မကြီးကို ဝန်းရံလျက် ကမ္မဋ္ဌာန်းကျောင်းပေါင်း ၅၀၀, ပြာသာဒ်ငယ်

WWW.DHAMMARANSI.COM



၅၀၀, တန်ဆောင်းရှည်ပေါင်း ၅၀၀-တို့ကိုလည်း ဆောက်လုပ်ပြီးစေပြန်လေ၏။

**ကျောင်းဆောက်ချပွဲကြီး ၄-လကြာ ကျင်းပခြင်း**

ထိုနောက် မြတ်စွာဘုရားသည် ကိုးလကြာ ဒေသစာရီ လှည့်လည်တော်မူပြီး၍ သာဝတ္ထိပြည်သို့ တဖန် ပြန်ကြွတော်မူလာလေ၏။ ဝိသာခါကျောင်းအမကြီး၏ ပုဗ္ဗာရုံ ကျောင်းပြာသာဒ်ကြီး၌လည်း ပြဲ့ဖွယ်ကိစ္စ အဝဝသည် အရှင်မောဂ္ဂလာန်မထေရ်၏ စောင့်ရှောက်ခြင်းခံရသည့်အတွက် ကိုးလဖြင့် အလုံးစုံ ပြီးစီးလေ၏။ ကျောင်းအမကြီးသည် ပြာသာဒ်အတွက် ထုပိကာကို ရေအိုးအလုံး ခြောက်ဆယ်ခန့် ဆံ့ဝင်လောက်အောင် တခဲနက် ခတ်အပ်သော ရွှေနီဖလံဖြင့် ပြုလုပ်စေလေသည်။ ဝိသာခါကျောင်းအမကြီးသည် "မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်သို့ ကြွရောက်တော်မူလာ၏" ဟူသော သတင်းစကားကို ကြားရလျှင် ခရီးဦးကြိုဆို၍ မြတ်စွာဘုရားကို မိမိ၏ကျောင်းတိုက်သို့ ပင့်ဆောင်သွားပြီးလျှင် "မြတ်စွာဘုရား....ဤ မိုးလေးလပတ်လုံး ရဟန်းသံဃာကိုပါ ခေါ်ယူတော်မူ၍ ဤတပည့်တော်မ၏ ပုဗ္ဗာရုံတိုက်ကျောင်း၌သာ သီတင်းသုံးနေတော်မူကြပါ ဘုရား။ ကျောင်းလွှတ်ပူဇော်ပွဲ ပြုလုပ်ပါမည်ဘုရား"ဟု လျှောက်ထား၍ မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူရန် ခံဝန်ချက်ကို တောင်းယူလေ၏။ မြတ်စွာဘုရားသည် ဝိသာခါ ကျောင်းအမကြီး လျှောက်ထားချက်ကို လက်ခံတော်မူလေ၏။

ဝိသာခါကျောင်းအမကြီးသည် ထိုနေ့မှအစပြု၍ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ကျောင်းတိုက်မှာပင် အလှူဒါနကြီး ပေးလှူလေ၏။ ထိုနောက် ဝိသာခါ၏ သူငယ်ချင်းမတယောက်သည် အဖိုး တသိန်းတန်သော အဝတ်တထည်ကို ယူဆောင်ခဲ့၍ ဝိသာခါထံ လာရောက်ပြီးလျှင် "သူငယ်ချင်းမ........ငါသည် ဤ

WWW.DHAMMARANSI.COM



အဝတ်ကို သင်၏ပြာသာဒ်ကျောင်းတော်၌ မြေအခင်းအနေဖြင့် ခင်းလှူလိုပါသည်၊ ခင်းရမည့်နေရာကို ငါ့အား ပြောကြားကြစေ ချင်ပါသည်”ဟု ပြောဆိုလာ၏။ ထိုအခါ ဝိသာခါကျောင်းအမ ကြီးက“ကောင်းပါပြီ သူငယ်ချင်းမ....၊အကယ်၍ ငါက သင့်အား ‘ခင်းဖို့ရန် နေရာမရှိ’ဟု ဟုတ်မှန်သည့်အတိုင်း ပြောဆိုလျှင် သင်က ငါ့အပေါ်မှာ “အခွင့်မပေးလို၍”ဟု အထင်လွဲပေလိမ့် မည်၊ သို့ရကား ကိုယ်တိုင်သာလျှင် ပြာသာဒ် ကျောင်းကြီး၏ အထက်ထပ်, အောက်ထပ် အခန်းတထောင်လုံး နှံ့စပ်အောင် ကြည့်ပြီးလျှင် ခင်းရမည့်နေရာကို စဉ်းစား ရှာကြံပါလော့”ဟု ခွင့်ပြုစကား ပြောကြားသဖြင့် ထို သူငယ်ချင်းမသည် အဖိုး တသိန်းတန်သော အဝတ်ကို ယူဆောင်၍ အထက်ထပ်,အောက် ထပ် ပိုထိုခနော်ကျိုင်၌ နှံ့စပ်အောင် လှည့်လည် ရှာကြံကြည့်ရှုလေ သော် သူမ ယူဆောင်လာသည့် အဝပ်အောက် အဖိုးလျော့၍ တန်သော အခင်းအဝတ်ကို မတွေ့ရ၍ “ငါကား ဤသူငယ်ချင်းမ ၏ ကောင်းမှု ပြာသာဒ်ကျောင်းတော်ကြီး၌ ကုသိုလ်ကောင်းမှု အဖို့အစုကို မရနိုင်တော့ချေ”ဟု ဆင်ခြင်မိကာ နှလုံး မသာယာ ခြင်းသို့ ရောက်လျှက် တနေရာ၌ ငိုကြွေးလျက်သာ ရပ်နေလေ၏။

ထိုအခါ ထိုသူငယ်ချင်းမကို အရှင်အာနန္ဒာမထေရ် မြင်တော် မူ၍ “အဘယ့်ကြောင့် ငိုကြွေးသနည်း”ဟု မေးတော်မူလေ၏။ ထို သူငယ်ချင်းမက ထိုအကြောင်းကို ပြန်ကြား လျှောက်ထားလေ လျှင် အရှင်အာနန္ဒာမထေရ်သည် “အကြံပြောလူ စိတ်ပူ၍ မနေ လင့်၊ ငါသည် သင့်အား ခင်းရမည့်နေရာကို ပြောကြားပေအံ့”ဟု မိန့်တော်မူ၍ “စောင်းတန်း=လှေကားခြေရင်း သံဃာတော်များ ခြေဆေးကြမည့် နေရာအနီးဝယ် ဤ သင်၏ အဝတ်ကို ခြေသုတ် စရာပြု၍ ခင်းလေလော့၊ ရဟန်းတို့သည် ခြေဆေးကြပြီးလျှင် ရှေးဦးစွာ ဤ သင်၏အဝတ်၌ ခြေကိုသုတ်ပြီးမှ ကျောင်းတွင်းသို့ ဝင်ကြလိမ့်မည်၊ ဤသို့ ဖြစ်သည်ရှိသော် သင့်အဖို့ရာ အကျိုး ကြီးမြတ်သည် ဖြစ်ပေလိမ့်မည်”ဟု အကြံပေးစကား မိန့်ကြား

WWW.DHAMMARANSI.COM



တော်မူလေ၏။ (ဤနေရာကား ဝိသာခါ အမှတ်တမဲ့ မစဉ်းစားမိသော နေရာ ဖြစ်သတဲ့။)

**ပစ္စည်း ၄-ပုံ စုံအောင် လှူခြင်း**

ဝိသာခါကျောင်းအမကြီးသည် မိုးလေးလတို့ ကာလပတ်လုံး ကျောင်းတိုက်အတွင်း၌ မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသော အလှူဒါနကို လှူဒါန်းလေသည်။ နောက်ဆုံး(တန်ဆောင်မုန်း လပြည့်နေ့)၌ ရဟန်း သံဃာအား သင်္ကန်းလျာ အထည်အဝတ်တို့ကို လှူဒါန်းလေ၏၊ အငယ်ဆုံး သံဃာ(=သင်္ဃနော)ရအပ်သော သင်္ကန်းလျာအဝတ်တို့သည်ပင် အဖိုးတစထောင် ထိုက်တန်ကုန်၏။ အားလုံးသော ရဟန်းတို့အား သပိတ်နှင့် အပြည့်ထည့်၍ ဆေးကို လှူဒါန်းလေ၏။ လေးလကြာ ကျောင်းလွှတ်ပူဇော်ပွဲကျင်းပရာ၌(၉၀၀၀၀၀၀၀/၀၀)ကိုးကုဋေသော အသပြာတို့ ကုန်လေသည်။

> ဤသို့လျှင် ကျောင်းမြေရာ ဝယ်ရာ၌ ကိုးကုဋေ, ကျောင်းဆောက် စေရာ၌ ကိုးကုဋေ, ကျောင်းလွှတ် ပူဇော်ပွဲ(=ကျောင်းရေစက်ချပွဲ)လေးလကြာကျင်းပရာ၌ ကိုးကုဋေ = ပေါင်း နှစ်ဆယ့် ခုနစ်ကုဋေသော ဥစ္စာတို့ကို ဝိသာခါကျောင်းအမကြီးသည် ဘုရားသာသနာ၌ စွန့်ကြဲ လှူဒါန်းခဲ့လေသည်။ မိန်းမအဖြစ်၌ တည်လျက် မိစ္ဆာဒိဋ္ဌိအယူရှိသူ ယောက္ခမအိမ်ဝယ် နေထိုင်ပြီး ဤသို့ စင် ကြီးစွာသော စွန့်ကြဲလှူဒါန်းမှု မည်သည် အခြား မိန်းမများအဖို့ရာ မရှိချေ။

**ကျောင်းရေစက်ချပွဲအပြီး ဥဒါန်း ကျူးရင့်ခြင်း**

ကျောင်းအမကြီး ဝိသာခါသည် ကျောင်းရေစက်ချပွဲကြီး ပြီးဆုံးသောနေ့ ညနေချမ်းအခါဝယ် သား, သမီး, မြေး, မြစ် အပေါင်း ခြံရံလျက် "ငါတောင့်တခဲ့သမျှ ဆုတောင်းခဲ့သမျှဥဿုံ အလုံးစုံ အတွတ် အထိပ်သို့ အပြီးအဆုံးသို့ ရောက်လေပြီ"ဟု ကြီးစွာသောအောက်မေ့ ဝမ်းမြောက်ကာ ပြာသာဒ်ကျောင်းတော်ကြီး

WWW.DHAMMARANSI.COM



ကို လှည့်လည်လျက် ၅-ဂါထာတို့ဖြင့် အလွန် ချိုမြိန် သာယာသော အသံဖြင့် ဤဆိုလတ္တံ့သောအတိုင်း ဥဒါန်းကျူးရင့်လေသည်။

ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။(၁)

အဟံ = သိန်းကမ္ဘာတည့် အခါပြည့်အောင် အဘိနီဟာရ ပုညသမ္ဘာ ဆည်းပူးခဲ့ပါသော အကျွန်ုပ် ဝိသာခါသည်။ ရမ္မံ = ရောက်လာသသူ ရှင်ရှင်လူတို့ ကြည်ဖြူနှလုံး ရွှင်ပြုံးမွေ့လျော် ပျော်ဖွယ်ရာဖြစ်သော။ သုဓာမတ္တိကလေပနံ = အင်္ဂတေ, မြေသရွက်တို့ဖြင့် ချောမွတ်အောင် မွမ်းမံ လိမ်းကျံအပ်ပေထသော။ ပါသာဒံ = ပုဗ္ဗာရုံတွင်ခေါ် ပြာသာဒ်ကျောင်းတော် တည်း ဟူသော။ ဝိဟာရဒါနံ = သံဃာတော်အရှင်မြတ်တို့ကိန်းဝပ်ပျော်စံရာ မဟာဝိဟာရ ကျောင်းအလှူဒါနကို။ ကဒါ = ဘယ်ခါ သမယ ဘယ်ကာလများမှာမှ။ ဒဿာမိ = နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ လှူဒါန်းကော်ရော် ပူဇော်ရပါမည်နည်း။ ဣတိ = ဤသို့။ မယှံ = ဝိသာခါသမုတ် ကျောင်းအမ အကျွန်ုပ်၏။ သက်ပွေါ = လွန်ခဲ့သည့် သိန်းကမ္ဘာ ရှည်မြင့်လှ ထိုအခါက သဒ္ဓါ, ပညာ နှစ်ဖြာညီမျှ ကြံစည် တောင့်တချက် အဝဝသည်။ ပူရိတော = အလိုရှိတိုင်း မဆိုင်းပြည့်မြောက် သိဒ္ဓိပေါက်ခဲ့လေပြီတကား။

ကဒါဟံ မဉ္စပီဌဉ္စ၊ ဘိသိဗိမ္ဗောဟနာနိ စ။
သေနာသနဘဏ္ဍံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။(၂)

အဟံ=တသိန်းကမ္ဘာရှည်မြင့်ကြာအောင် မဟာပုညကုသလကို လို့လကြိုးကုတ် အကျွန်ုပ်ဝိသာခါသည်။ မဉ္စပီဌဉ္စ = ညောင်စောင်း,အင်းပျဉ် = ခင္ဂင်နှင့်ထိုင်စရာ သင်္ချာမြားမြောင် သံဃာ့အသုံးအဆောင်ကိုရင်း။ ဘိသိဗိမ္ဗောဟနာနိ စ = သံဃာ့အသုံး ဘုံလျှို (= ဖုံနှင့်)

WWW.DHAMMARANSI.COM



ခေါင်းအုံးတို့ကိုငှင်း။ သေနာသနဘဏ္ဍံ = ဆိုင်း, မပြီး ကျောင်းအသုံးအဆောင်အသီးသီးကို။ ကဒါ = ဘယ်ခါ သမယ ဘယ်ကာလများမှာမှ။ ဒဿာမိ = နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အားရမ်းကော်ရော် ပူဇော်လှူဒါန်းရပါမည် နည်း။ ( ဇာတိ = ဤသို့ )။ မယှံ = ကျောင်းအမ-ဟု အပေါင်းကခေါ်သမုတ် အကျွန်ုပ်ဝိသာခါ၏။ သက်ပွေါ= ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါက ပဋ္ဌမာဒိက လက်မှန်စခဲ့သည့် တောင့်တကြီးစည်ချက် ဝိဝဋ္ဋကုသိုလ် စက်သည်။ ပူရိတော = လူနတ်နှမော် သာဓုခေါ်လျက် ရည်မြော်သည့်တိုင်း လူ့သမိုင်းတွင် ကြီးတိုင်းပြည့်မြောက် (ယခုဖြင့်)သိဒ္ဓိပေါက်ခဲ့လေတကား။

ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေစနံ။
ဘောဇနဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။ (၃)

အဟံ = ပုဗ္ဗာရုံကျောင်းအမ-ဟု အပေါင်းကသမုတ် အကျွန်ုပ်ဝိသာခါသည်။ သုစိံ = ဆန်ကွဲဆန်ညှာ စပါးလုံးနှင့် ခဲမပါအောင် ကောင်းစွာ ရွေးဆယ် စင်ကြယ်စွာ ထသော။ မံသူပသေစနံ = ဟင်းလျာအခန်းခန်း အသားတို့ဖြင့် ပြွမ်းပေထသော ( = ဒံပေါက်ဆွမ်း အမျိုးမျိုးကို ဆိုလိုသည်)။ သလာကဘတ္တံ=စာရေးတံခေါ်မှတ် ဆွမ်းဟူ၍သမုတ်အပ်သော။ (ဝါ) သလာကဘတ္တံ=စာရေးတံ ဆွမ်းအစ ခုနစ်ဝသော။ ဘောဇနဒါနံ = အာယု, ဝဏ္ဏ, သုခ, ဗလံ ပဋိဘာန်ဟု ငါးတန်ကျိုးရ ဆွမ်းအလှူဒါန ကို။ ကဒါ = ဘယ်ခါသမယ ဘယ်ကာလများမှာမှ။ ဒဿာမိ = နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အားရမ်းကော် ရော် သံဃာတော်အား ပူဇော် လှူဒါန်းရပါမည်နည်း။ (ဇာတိ=ဤသို့)။ မယှံ = ကျောင်းအမ-ဟု အပေါင်းက ခေါ်သမုတ် အကျွန်ုပ်ဝိသာခါ၏။ သက်ပွေါ = ပဒုမုတ္တရ မြတ်စွာ လက်ထက်တော်အခါက ပဋ္ဌမာဒိက လက်မှန် စခဲ့သည့် တောင့်တကြီးစည်ချက် ဝိဝဋ္ဋကုသိုလ်စက်သည်။

WWW.DHAMMARANSI.COM



ပူရိတော = လူနတ်နမော် သာခုံခေါ်လျက် ရည်မြော်ခဲ့တိုင်း လူ့သမိုင်းတွင် ကြီးတိုင်းပြည့်မြောက် (ယခုဖြင့်) သိဒ္ဓိပေါက်ခဲ့လေပြီတကား။

ကဒါဟံ ကာသိကဝတ္ထံ၊ ခေါမကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။ (၄)

အဟံ = သံဃဒါယိကာ အကျွန်ုပ် ဝိသာခါသည်။ ကာသိကဝတ္ထံ = ကာသိတိုင်းဖြစ် အသစ်စက်စက် အနဋ္ဌမျိုးမှန် အဖိုးတန်အဝတ်လည်းဖြစ်သော။ ခေါမကပ္ပါသိကာနိ စ = ခုံချည်သက်နိး, ဝါချည်သက်န်းများလည်းဖြစ်သော။ စီဝရဒါနံ—ဆိုပြီး, မပြီး အသီးသီး အဝဝ သက်န်းအလှူဒါနကို။ ကဒါ = ဘယ်ခါသမယ ဘယ်ကာလများမှာမှ။ ဒဿာမိ = နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အခြားရမ်းကော်ရှော် သံဃာတော်အား ပူဇော်လှူဒါန်းရပါမည်နည်း။ (ဧ=ဏ္ဍသို့)။ မယှံ = မေတ္တာကဏ် မြေးမနဥ္စယ၏ရင်သွေး သူဌေးမကျောင်းဒါယိကာ အကျွန်ုပ် ဝိသာခါ၏။ သက်ပွေါ = ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါက ပဌမာဒိက လက်မွန်စခဲ့သည့် တောင့်တကြီးစည်ချက် ဝိဝဋ္ဋကုသိုလ်စက်သည်။ ပူရိတော = လူနတ်နမော် သာခုံခေါ်လျက် ရည်မြော်ခဲ့တိုင်း လူ့သမိုင်းတွင် ကြီးတိုင်းပြည့်မြောက် (ယခုဖြင့်) သိဒ္ဓိပေါက်ခဲ့လေပြီတကား။

ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖာဏိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သက်ပွေါ မယှ ပူရိတော။ (၅)

အဟံ = သာသနမာတာ အကျွန်ုပ် ဝိသာခါသည်။ သပ္ပိနဝနီတံ = ထောပတ်ကြည်နှ ဩဇာစုသား ဆီဦးလည်းဖြစ်သော။ မဓုတေလဉ္စ = ပျားနှင့်နှမ်းဆီ နှစ်မည်လည်းဖြစ်သော။ ဖာဏိတဉ္စ = ရသာချိုကဲ တင်လဲလည်းဖြစ်သော။ ဘေသဇ္ဇဒါနံ = သမားတို့ဥစ္စာ ရသာယ

WWW.DHAMMARANSI.COM



ဆေးအလှူဒါနကို။ ကဒါ = ဘယ်ခါသမယ ဘယ်ကာလ များမှာမှ။ ဒဿာမိ = နှလုံးစိတ်ဝမ်း ပီတိလွှမ်း၍ အားရမ်းကော်ရော် သံဃာတော်အား ပူဇော်လှူဒါန်းရပါမည်နည်း။ (ဣတိ = ဤသို့)။ မယှံ = မိဂါရမာတာ အကျွန်ုပ် ဝိသာခါ၏။ သင်္ကပ္ပေါ = ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါက ပဋ္ဌမာဒိက လက်မှန်စခဲ့သည့် တောင့်တကြီးစည်ချက် ဝိဝဋ္ဋကုသိုလ်စက်သည်။ ပူရိတော = လှူနတ်နုမော် သာမုခေါ်လျက် ရည်မြော်ခဲ့တိုင်း လူ့သမိုင်းတွင် ကြီးတိုင်းပြည့်မြောက်-(ယခုဖြင့်)သိမ္မီပေါက်ခဲ့လေပြီတကား....။ ။(ဤဆိုအပ်ပြီးသော စကားရပ်စုကို ဓမ္မပဒအဋ္ဌကထာမှ ထုတ်နုတ်ဖော်ပြအပ်သည်)။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

ကျောင်းအမကြီးဝိသာခါ၏ အိမ်သည်ကား နံနက်အခါဝယ် (သံဃာအဝင်အထွက် များလှသောကြောင့်) သင်္ကန်းရောင်တို့ဖြင့် ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းလျက် ရှိသည့်ပြင် အထွက်အဝင် သံဃာတော်တို့ သွားလာလှုပ်ရှားသဖြင့် ဖြစ်ပေါ်လာသောလေ, ဖန်ရည်ရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်လျက် ရှိပေ၏။ အနာထပိဏ် သူဌေးအိမ်မှာကဲ့သို့ ကျောင်းအမကြီး ဝိသာခါ၏ အိမ်မှာလည်း အာဂန္တုဆွမ်း, ခရီးသွားဆွမ်း-အစရှိသော ဆွမ်းမျိုးစုံတို့သည် အသင့်စီမံချက်ပြုတ်ပြီးသားလျှင် ရှိကုန်၏။

ကျောင်းအမကြီးသည် နံနက်အခါဝယ် ရဟန်းသံဃာအား ဆိုင်ရာဆိုင်ရာ ဆွမ်းများလှူဒါန်းဆက်ကပ်ပြီးနောက် နေမွန်းလွဲသောအခါ မိမိ၏ တပည့်များကို ထောပတ်, ဆီဦ, ပျား, ဆီ, တင်လဲ-ဟူသော ဆေးပစ္စည်းများကို၎င်း (သပြေ, သရက်၊ မုဒရက်၊ ဖက်သက်, သစ်မည်စည်။ ။ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုးအဖျော်ရည်-ဟူသော) အဖျော် ရှစ်မျိုးတို့ကို၎င်း ထမ်း,ရွက် ယူဆောင်ခဲ့စေပြီးလျှင် ဘုရားသီတင်းသုံးတော်မူရာ ကျောင်းတိုက်တော်သို့ သွားရောက်ကာ ရဟန်းသံဃာအား လိုအပ်သလို

WWW.DHAMMARANSI.COM



ဆေးပစ္စည်းများ, အရှေ့ဘ်ယမကာများကို လှူဒါန်းဆက်ကပ်လေသည်။ ထိုနေ့ဝင်မှ မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးလျှင် အိမ်သို့ ပြန်လာလေ၏။ (ဤကား ဝိသာခါ၏ နိမန္တကောင်းမှုဝတ် ဖြစ်သည်)။

ထိုကြောင့်ပင် မြတ်စွာဘုရားသည် နောက်အဖို့ဝယ် ဥပါသိကာဒါယိကာမကြီးများကို အစဉ်အတိုင်း ဧတဒဂ်ရာထူး = ဌာနန္တရ တို့၌ ထားတော်မူသည်ရှိသော် မိဂါရမယ်တော် ဤကျောင်းအမကြီး ဝိသာခါကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဒါယိကာနံ ယဒိဒံ ဝိသာခါ မိဂါရမာတာ=ရဟန်းတို့....ခွန့်ကြဲပေးကမ်း လှူဒါန်းရခြင်း၌ နှစ်မြိုက် မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဥပါသိကာတို့တွင် မိဂါရမယ်တော် ဝိသာခါသူဌေးမသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ဒါယိက = လှူဒါန်းရခြင်း၌ မွေ့လျော်သောအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား ဝိသာခါကျောင်းအမကြီး အကြောင်းတည်း။

---

## (၃-၄) ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့အကြောင်း

### (က) ဥပါသိကာ ၂-ဦးတို့၏ ရှေးဆုတောင်း

ဤ ခုဇ္ဇုတ္တရာနှင့် သာမာဝတီအလောင်း သူတော်ကောင်းအမျိုးသမီးတို့ နှစ်ဦးလုံးပင် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါ၌ ဟံသာဝတီ မင်းနေပြည်ဝယ် အမျိုးကောင်းသမီး (=သူဌေးသမီး)များ ဖြစ်ကြ၍ နောက်အဖို့ဝယ် မြတ်စွာဘုရား၏ တရားဒေသနာကို ကြားနာကုန်အံ့-ဟု ကျောင်းတော်သို့ သွားကြလေ၏။ ထိုသို့ သွားရောက်ရာ၌ ခုဇ္ဇုတ္တရာအလောင်း သူဌေးသမီးသည် မြတ်စွာဘုရားရှင်က ဥပါသိကာ တယောက်ကို

WWW.DHAMMARANSI.COM



"ဗဟုဿုတ = အကြားအမြင်များသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား ကြားတော်မူခဲ့လေသည်။

သာမာဝတီအလောင်း သူဌေးသမီးသည်လည်း မြတ်စွာဘုရားရှင်က ဥပါသိကာတယောက်ကို "မေတ္တာဝိဟာရီ = မေတ္တာဖြင့်နေလေ့ရှိသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ ပဒုမုတ္တရမြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား ကြားတော်မူခဲ့လေသည်။

ထိုသူဌေးသမီး နှစ်ဦးတို့ ထိုဘဝ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကြ၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်ကြပြီးလျှင် နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားကြစဉ်ပင် ကမ္ဘာတသိန်းလွန်မြောက်၍ ဤဘဒ္ဒကမ္ဘာသို့ ရောက်ခဲ့လေသည်။

ထိုစဉ်အခါ အကျွန်ုပ်တို့ မြတ်စွာဘုရား ပွင့်တွန်းတော်မူလာနိုက်ဝယ် ကောသမ္ဗီပြည်အရပ်၌ ဃောသကသူဌေးကြီး ဇနီးမောင်နှံတို့သည် နေ့တိုင်းနေ့တိုင်း အသပြာတထောင်တထောင်ကို စွန့်လွှတ်၍ နိဗဒ္ဓဒါနဝတ်ကို တည်ထား ဖြစ်စေလေသည်။ (ဤဃောသကသူဌေးကြီး ဇနီးမောင်နှံတို့၏ အကြောင်းအရာအကျယ်ကို အောက်မဟာဗုဒ္ဓဝင် တတိယတွဲ အခန်း-၂၇၊ စာမျက်နှာ ၆၉၃-မှ ၇၁၂-တိုင်အောင် ပြန်လည်သုံးသပ် ကြည့်ရှုကုန်ရာ၏)။

(၈) နောက်ဆုံးဘဝ ခုဇ္ဇုတ္တရာနှင့် သာမာဝတီ ဖြစ်ကြခြင်း

ထိုသို့ ဃောသကသူဌေးကြီး ဇနီးမောင်နှံတို့နိဗဒ္ဓဒါနဝတ်ကို ဖြစ်စေကြသောအခါဝယ် ရှေးဖော်ပြရာပါ ပါရမီရှင်နှစ်ဦးတို့တွင်

WWW.DHAMMARANSI.COM



ခုဇ္ဇုတ္တရာအလောင်း နတ်သမီးသည် နတ်ပြည်မှ စုတေခဲ့၍ ဃောသကသူဌေး၏အိမ်ဝယ် အထိန်းတော်ကြီးဝမ်း၌ ပဋိသန္ဓေတည်နေ ကပ်စွဲလာ၏။ ထိုသူငယ်မကို ဖွားမြင်လာသောအခါ ထိုသူငယ်မ၏ကိုယ်ခန္ဓာသည်ကုန်းကုန်းကလေး ဖြစ်လာလေသည်။ (ပါရမီရှင်ဖြစ်ပါလျက် အထိန်းတော်၏သမီး ကျွန်မဖြစ်ရခြင်း, ခါးကုန်းရခြင်း ရှေးကံ အကြောင်းအရာ နောက်၌ ထင်ရှားလတ္တံ့)။ ထိုသို့ ကိုယ်ခန္ဓာ ကုန်းကုန်းကလေး ဖြစ်လာသောကြောင့် ထိုသူငယ်မ၏ အမည်ကို ခုဇ္ဇုတ္တရာ-ဟူ၍ မှည့်ခေါ်ကြလေ၏။ (ခုဇ္ဇ = ကုန်းသော ကိုယ်ရှိသော+ဥတ္တရာ = ဥတ္တရာ သူငယ်မ-ဟု ဆိုလိုသည်)။

**သာမာဝတီ သူဌေးသမီး**

ထိုအချိန်မှာပင် သာမာဝတီအလောင်း နတ်သမီးသည်လည်း နတ်ပြည်မှ စုတေခဲ့၍ ဘဒ္ဒဝတိယတိုင်း ဘဒ္ဒိယမြို့ဝယ် ဘဒ္ဒဝတိယ သူဌေးကြီး၏သမီး ဖြစ်လာလေသည်။ ထိုသူဌေးသမီးအမည်ကို "သာမာ"ဟူ၍ မိဘတို့က မှည့်ခေါ်ကြလေသည်။ နောက်တချိန် ဝယ် ဘဒ္ဒိယမြို့၌ **ဆာ**လောင်မွတ်သိပ်ခြင်း = ဒုဗ္ဘိက္ခဘေးကြီး ဖြစ်ပွါးလာလေသည်။ မြို့နေလူများတို့သည် ဆာလောင်မွတ်သိပ်ခြင်း = ဒုဗ္ဘိက္ခဘေးမှ ကြောက်လန့်ကြသည် ဖြစ်၍ ဟုတ်ဟုတ်ငြားငြား မိမိတို့အဆင်ပြေမည့် အရပ်တပါးသို့ ပြေးသွားကြကုန်၏။

ထိုအခါ သာမာ၏ဖခင် ဘဒ္ဒဝတိယသူဌေးကြီးသည် သူဌေးကတော်ကြီးနှင့် "အဘယ် = သူဌေးကတော်ကြီး.... ဤဘဒ္ဒိယမြို့၌ ယခု ကျရောက်နေသော ဆာလောင်မွတ်သိပ်ခြင်းဘေး၏အဆုံးကို မသိအပ်ချေ။ (=မည်သည့် ရက်,လကျမှ ထိုသည့်ဆာလောင်မွတ်သိပ်ခြင်းဘေး ပြီးဆုံးမည်ကို မသိနိုင်ချေ)။ ကောသမ္ဗီမြို့နေ ငါတို့၏သူငယ်ချင်း ဃောသကသူဌေးကြီး အထံသို့ သွားကြကုန်စို့၊ ထိုသူဌေးကြီးသည် ငါတို့ကိုတွေ့မြင်ရလျှင် မေ့လျော့လိမ့်မည်မဟုတ်"ဟု တိုင်ပင်စကား ပြောကြားလေ၏။ ဃောသက

WWW.DHAMMARANSI.COM



သူဌေးကြီးသည် ဘဒ္ဒဝတိယသူဌေးကြီး၏ အဒိဋ္ဌသဟာယ = မတွေ့ဘူးသော သူငယ်ချင်း ဖြစ်သည်၊ ထို့ကြောင့် ဤသို့ တိုင်ပင်စကား ပြောကြားလေသည်။ ဘဒ္ဒဝတိယ သူဌေးကြီးသည် ဤကဲ့သို့ တိုင်ပင်စကား ပြောကြားပြီးနောက် ကျန်လူများကို ထားခဲ့၍ သူဌေးကတော်ကြီးနှင့် သမီးဖြစ်သူ သာမာဝတီကို ခေါ်ယူ၍ ကောသမ္ဗီမြို့ဘက်သို့ ခရီးထွက်ခဲ့လေ၏။ မိသားစုသုံးဦး လုံးတို့ပင် လမ်းခရီးအကြား ဆင်းရဲကြီးစွာကို ခံစားကြရလျက် အစဥ်သဖြင့် ကောသမ္ဗီပြည်သို့ ဆိုက်ရောက်ကြ၍ စတုဗိသာစရပ် တခုဝယ် တည်းခို နေထိုင်ကြလေကုန်၏။

### သာမာဝတီ တွေ့ကြုံရသည့် အနိဋ္ဌလောကဓံ

ဃောသကသူဌေးကြီးသည်လည်း မိမိ၏ အိမ်တံခါးဝယ် အထီးကျန် = ဆင်းရဲသား, ခရီးသွားများနှင့် ဖုန်းတောင်း ယာစကာတို့အား နေ့စဥ်နေ့စဥ် ကြီးစွာသောအလှူဒါနကို နိဗဒ္ဓ ပေးလှူစေလေ၏။ ထိုအခါ ဘဒ္ဒဝတိယသူဌေးကြီးသည် "ငါတို့ သည် ဤယခု ဆင်းရဲသောအသွင်ဖြင့် ငါ့သူငယ်ချင်းဃောသက သူဌေးအား မိမိကိုယ်ကို ပြဖို့ရန် မဝံ့ပေ၊ မိမိ၏ခန္ဓာကိုယ် နဂိုရ် ပကတိအနေဖြစ်မှ ကောင်းစွာဝတ်,ရုံကြကာ ဃောသကသူဌေး ကြီးကို တွေ့ကြကုန်အံ့"ဟု ကြံစည် ဆင်ခြင်မိလေ၏။ ထိုအခါ ဘဒ္ဒဝတိယသူဌေးကြီး ဇနီးမောင်နှံတို့သည် သမီးသာမာဝတီကို ဃောသက သူဌေး၏ အလှူတင်းကုပ် = အလှူမဏ္ဍပ်သို့ ထမင်း အတောင်း လွှတ်လိုက်ကြလေကုန်၏။

သာမာဝတီသူဌေးသမီးသည် ခွက်ကိုလက်စွဲလျက် အလှူ မဏ္ဍပ်သို့ သွားရောက်ပြီးလျှင် တိုးဝှေ့နေသော လူအုပ်ကြီးထဲသို့ မတိုးဝှေ့ဝံ့သဖြင့် လူအုပ်မှလွတ်ရာ တခုသောနေရာ၌ ရှက်နိုးသော အမူအရာဖြင့် ရပ်၍နေလေ၏။ ထိုသို့ ဣန္ဒြေရစွာ ရှက်နိုးသော အမူအရာဖြင့် ရပ်၍နေသော သာမာဝတီသူဌေးသမီးကို မြင်ရ၍ အလှူဝေယျာဝစ္စ အလုပ်သမားမှူးသည် "အခြားလူများသည် ဦးတည့်ရာရာအရပ်၌ တံငါများ ငါးဝေသည့် ငါးလုသည့်အရပ် မှာကဲ့သို့ ကျယ်စွာသောအသံကို မြုကြ = အော်ကြကာ အစာ

WWW.DHAMMARANSI.COM



ထမင်းကို လုယက်တောင်းယူ၍ သွားကြလေသည်၊ ဤသူငယ်မကား အမျိုးကောင်းသမီးတဦး ဖြစ်ပေလိမ့်မည်၊ ဤသူငယ်မ အဖို့ရာ အဆင်းလက္ခဏာ ကြန်အင်္ဂါ၏ပြည့်စုံခြင်း = ဥပမိသမ္ပတ္တိလည်း ရှိပေသည်”ဟု ကြံစည်ဆင်ခြင်ပြီးနောက် သာမာဝတီ သူဌေးသမီးကို “အမိ...သင်သည် အဘယ့်ကြောင့် အခြားလူများကဲ့သို့ တောင်းယူကာ မသွားဘိသနည်း” ဟု မေးလေ၏။ သာမာဝတီက “ဖခင်....ဤသို့စင် ကြပ်တည်းကျဉ်းမြောင်းလှသော အရပ်အတွင်းသို့ သမီးလို ရှုခြေ့ရှင် မိန်းခလေး တယောက်သည် အဘယ်သို့ပြု၍ ( = ဘယ်လိုလုပ်ပြီး)ဝင်နိုင်ပါမည်နည်း = မဝင်နိုင်သည်သာ”ဟု ပြော၍ ဝေယျာဝစ္စအလုပ်သမားမှူးက “အမိ.... အမိတို့မှာ လူ ဘယ်နှစ်ယောက်ရှိကြသနည်း”ဟု မေးလေလျှင် သာမာဝတီ သူဌေးသမီးသည် “အိုဖခင်....သမီးတို့မှာ မိသားစု သုံးယောက်ရှိကြပါသည်”ဟု ပြန်လည်ဖြေကြားလေ၏။ ဝေယျာဝစ္စ အလုပ်သမားမှူးသည် မိသားစုသုံးယောက်စာ ထမင်းထုပ် သုံးထုပ်တို့ကို ပေးလိုက်လေ၏။

သာမာဝတီသည် ထိုထမင်းကို မိဘတို့အား ပေးလေ၏။ဖခင် သူဌေးကြီးသည် ကာလရှည်စွာ ဆာလောင်မွတ်သိပ်ခဲ့သူဖြစ်ခြင်းကြောင့် အလွန်အကျွံစားသဖြင့် ထိုနေ့မှာပင် ကွယ်လွန်သွားရှာလေ၏။ သာမာဝတီသည် နောက်တနေ့၌ အလှူတင်းကုပ် = အလှူစရပ်သို့ သွား၍ နှစ်ယောက်စာ ထမင်းနှစ်ထုပ်တို့ကိုသာ တောင်းယူခဲ့လေ၏။ ထိုနေ့၌ မိခင် သူဌေးကတော်ကြီးသည် အစာထမင်း ဆင်းရဲခြင်းကြောင့် တကြောင်း, သူဌေးကြီး ကွယ်လွန်သဖြင့် စိုးရိမ် ပူဆွေးခြင်းကြောင့် တကြောင်း = ဤအကြောင်းများကြောင့် သန်းခေါင်ယံ ကျော်လွန်သော အခါ ကွယ်လွန်သွားရှာပြန်လေ၏။ သာမာဝတီ သူဌေးသမီးသည် နောက်တနေ့၌ တယောက်စာ ထမင်းတထုပ်ကိုသာ တောင်းယူရှာလေ၏။

ဝေယျာဝစ္စအလုပ်သမားမှူးသည် သာမာဝတီ၏ အပြုအမူကို စုံစမ်းလို၍ “အမိ....အမိသည် ပဌမနေ့က သုံးယောက်စာ ထမင်း

WWW.DHAMMARANSI.COM



တို့ကို ယူအပ်ကုန်ပြီ၊ ဒုတိယနေ့၌ကား နှစ်ယောက်စာ, ယခုယနေ့ တတိယနေ့၌ကား တယောက်စာသာ အမိသည် တောင်းယူ၏၊ အကြောင်းကား အဘယ်သို့နည်း”ဟု မေးလေ၏။ သာမာဝတီက ပဌမနေ့၌ ဖခင်ကွယ်လွန်ကြောင်း, ဒုတိယနေ့ ညဉ့်သန်းခေါင် ကျော်တွင် မိခင် ကွယ်လွန်ကြောင်းနှင့် ထိုကြောင့် ဤယနေ့ = တတိယနေ့တွင် မိမိတယောက်စာသာ ထမင်းကို တောင်းယူ ကြောင်းကို ရှင်းလင်း ပြောကြားလေလျှင် ဝေယျာဝစ္စ အလုပ် သမားမှူးသည် “အမိ....အမိတို့သည် အဘယ်မြို့ရွာ၌ နေသူများ ဖြစ်ကြသနည်း” ဟု မေးပြန်လေ၏။ သာမာဝတီသည် မိမိတို့ မိဘ သုံးယောက် ဘဒ္ဒိယမြို့မှ ဆာဓလောင်မှုတ်သိပ်ခြင်း‌ဘေး ကြောင့် လာရောက်ရကြောင်း အကြောင်းအရာစုံလင်စွာ ပြောကြား လေသော် ဝေယျာဝစ္စအလုပ်သမားမှူးသည်“အမိ....ဤသို့ဖြစ်လျှင် (= ဒီလိုဆိုလျှင်) အမိသည် ငါတို့ ဃောသကသူဌေးကြီး၏ သမီးဟုဆိုရမည့်သူ ဖြစ်ပေသည်၊ ငါ့မှာလည်း အခြားသမီး ဟူ၍ မရှိချေ၊ သို့ရကား သင်သည် ယနေ့မှစ၍ ငါ၏သမီးဖြစ်လေပြီ အမိ....”ဟု ပြောဆိုကာ သဒ္ဒါးပြုလုပ် မွေးယူနေသတော့၏။

အလုပ်သမားမှူးကြီး၏ မွေးစားသမီးဖြစ်သူ သာမာဝတီသည် အလှူမဏ္ဍပ်၌ အလှူခံများ ထ၍ ထ၍ တစ်အော် ကျယ်စွာသော အသံကို ကြားရ၍ “အိုဖခင်....အဘယ့်ကြောင့် ဤ ယခု မြင့်သော အသံ, ကျယ်သောအသံ ဖြစ်ရသနည်း”ဟု မေးလေ၏။ ဖခင် အလုပ်သမားမှူးက “လူများစွာ၏ အတွင်းမှာ အသံနည်း အောင်=တိတ်အောင် ပြုလုပ်ရန် မတတ်နိုင်ဘူး သမီး...”ဟု ပြောလေလျှင် သာမာဝတီသည် “အို ဖခင် ....ကျွန်ုပ်သည် အသံ နည်းအောင် = တိတ်အောင် ပြုနိုင်သည့် နည်းလမ်းဥပါယ်ကို သမီး စဉ်းစားမိပါသည်”ဟု ဆိုလေလျှင် အလုပ်သမားမှူးသည် “အဘယ်သို့ ပြုလုပ်ရန် သင့်သနည်း သမီး......”ဟု မေးလေ၏။ သာမာဝတီက “အို ဖခင်.... ပတ်ဝန်းကျင်မှ စည်း စောင်ရန်း (= သွပ်ဆူးကြိုး), ကာပြီးလျှင် ထွက်ပေါက်, ဝင်ပေါက် နှစ်ပေါက်သာထား၍ စည်း စောင်ရန်းအတွင်း၌ အိုးခွက်များကို

WWW.DHAMMARANSI.COM



ချထားကာ အလှူခံပုဂ္ဂိုလ်များ ဝင်ပေါက်=ဝင်တံခါးမှ ဝင်၍ အစာထမင်းကို ခံယူပြီးနောက် ထွက်ပေါက်=ထွက်တံခါးမှ ထွက်နိုင်ကြအောင် ဖခင်တို့သည် စီမံပြုလုပ်ကြကုန်လော့” ဟု နည်းပေးစကား ပြောကြားလေလျှင် ဖခင် ဝေယျာဝစ္စ အလုပ်သမားမှူးသည် “ကောင်းပြီ သမီး...”ဟု ဝန်ခံပြီးလျှင် နောက်တနေ့မှစ၍ သာမာဝတီနည်းပေးသည့်အတိုင်း ပြုလုပ်စေလေ၏။ ထိုအချိန်မှစ၍ အလှူတင်းကုပ်=အလှူမဏ္ဍပ်ကြီးသည် ပဒုမာကြာဒိုင်ကြီးပမာ အလွန်သာယာ တိတ်ဆိတ်လျက်ရှိလေ၏။

## သာမာဝတီ ဃောသကသူဌေးကြီးသမီး ဖြစ်ခြင်း

ထိုနောက် တနေ့သ၌ ဃောသကသူဌေးကြီးသည် ရှေးအခါက မိမိ၏ အလှူမဏ္ဍပ်၌ မြင့်သောအသံ, ကျယ်သောအသံများကို ကြားရလျက် ထိုအချိန်၌ ထိုအသံမျိုးကို မကြားရတော့သည်ဖြစ်၍ အလှူဒါန ဝေယျာဝစ္စ အလုပ်သမားမှူးကို အခေါ်ခိုင်း၍ အပြန်အလှန် မေး, မြေကြသည်မှာ—

(သူဌေး) အမောင် ယနေ့ အလှူဒါနကို မပေးစေဘူးလော။

(ဝေယျာဝစ္စမှူး) ပေးအပ်ပါသည် အရှင်သူဌေးမင်း....။

(သူဌေး) ထိုသို့ပေးအပ်ပါလျက် အဘယ့်ကြောင့် ရှေးအခါကကဲ့သို့ အလှူမဏ္ဍပ်ဝယ် မြင့်,ကျယ်သောအသံများကို မကြားရသနည်း။

(မှူး) မှန်ပါသည် အရှင်သူဌေးမင်း....၊ အကျွန်ုပ်မှာ သမီးလိမ္မာတယောက်ရှိပါသည်၊ အကျွန်ုပ်သည် ထိုသမီးလိမ္မာပြောဆိုညွှန်ပြအပ်သည့် နည်းလမ်းဥပါယ်၌ တည်၍ အလှူမဏ္ဍပ်ကို အသံတိတ်အောင် ပြုနိုင်ခဲ့ပါသည်။

(သူဌေး) သင့်အဖို့ရာ သမီးမည်သည် မရှိ၊ (မရှိကြောင်းကို ငါသိ၏)၊ သင်သည် သမီးလိမ္မာကို အဘယ်မှ ရအပ်သနည်း—

WWW.DHAMMARANSI.COM



ဤသို့ ပြောဆိုလေလျှင် ဝေယျာဝစ္စမှူးသည် မလိမ်နိုင်တော့ ရကား ဃောသကသူဌေးကြီးအား သမီးသာမာဝတီ လာရောက် ပုံ အကြောင်းအရာအစုံကို ဖွင့်ဟ ပြောဆိုလေ၏။ ထိုအခါ ဃောသကသူဌေးကြီးသည် ဝေယျာဝစ္စမှူးကို "အမောင်....... သင်သည် အဘယ့်ကြောင့် ဤသို့သော ဝန်လေးသည့် အမှုကို ပြုဘိသနည်း၊ သင်သည် ဤမျှကာလကြာအောင် ငါ၏သမီး မိမိ ထံ၌ နေသည်ကို မပြောကြားခဲ့ချေ၊ ယခုပင် အမြန် လိုက်၍သမီးကို ငါ့အိမ်သို့ ပို့စေလော့"ဟု ပြောဆိုလေ၏။ ဝေယျာဝစ္စမှူးသည် သူဌေးကြီး၏ စကားကို ကြားရ၍ အလိုမတူပဲ သာမာဝတီကို သူဌေးကြီးအိမ်သို့ ပို့ရလေ၏။ ထိုအချိန်မှစ၍ ဃောသကသူဌေး ကြီးသည် သာမာဝတီကို သမီးရင်း အရာ၌ ထားပြီးလျှင် "သမီးအား ချီးမြှောက်မှု ငါပြုပေအံ့"ဟု မိမိနှင့် အမျိုးဇာတ်တူ သော အိမ်တို့မှ သမီး = သာမာဝတီနှင့် အရွယ်တူသည့် သတို့ သမီး ငါးရာတို့ကို သာမာဝတီ၏ ရံရွေအဖော်များ ပြု၍ ထား လေ၏။

### သာမာဝတီကို ဥဒေန်မင်းက မိဖုရားမြှောက်ခြင်း

တနေ့သ၌ ကောသမ္ဗီပြည့်ရှင် ဥဒေနဘုရင်သည် မြို့တွင်း၌ လှည့်လည်လတ်သော် သတို့သမီး ရံရွေဖော် ငါးရာတို့ ခြံရံအပ် လျက် ကစားနေသော သာမာဝတီ သူဌေးသမီးကို မြင်၍ မေတ္တာ တိမ်းညွတ်ပြီးလျှင် "ဤသူငယ်မကား အဘယ်သူ၏သမီး သူငယ်မ ဖြစ်သနည်း"ဟု မေး၍ "ဃောသကသူဌေးကြီး၏ သမီးတည်း" ဟု ကြားသိရလျှင် အရှင်သခင် လင် ရှိ,မရှိကို မေးပြန်လေ၏။ ထိုအခါ အရှင်သခင် လင် မရှိကြောင်း ပြောကြားအပ်လေသော် "သွားကြလော့, ဃောသကသူဌေးကြီးအား 'အသင်သူဌေးကြီး တို့၏သမီး သာမာဝတီကို ပြည့်ရှင်မင်းကြီးက အလိုတော်ရှိ၏'ဟု ပြောကြားကြလော့"ဟု ဆို၍ မင်းချင်းတို့ကို ဃောသကသူဌေး ကြီးထံသို့ စေလွှတ်လိုက်လေ၏။ ထိုသတင်းစကားကို ကြားသိရ၍ သူဌေးကြီးသည် "ငါတို့မှာ ဤသာမာဝတီမှတပါး အခြားသမီး မရှိချေ၊ တယောက်တည်းသော ချစ်သမီးငယ်ကို ရန်သူမ-များ

WWW.DHAMMARANSI.COM



ပိုင်းပိုင်းလည်နေရာဖြစ်သည့် ရွှေနန်းအိမ်၌ မပေးနိုင်ကြကုန်”ဟု ပြတ်ပြတ်တောင်းတောင်း ပြန်ကြားလိုက်လေ၏။ ဥဒေနမင်းသည် ထိုစကားကို ကြားသိရလျှင် (ပြင်းစွာ အမျက်ထွက်၍) ဃောသကသူဌေးကြီးကိုရင်း, သူဌေးကတော်ကြီးကိုရင်း အိမ်ပြင်သို့ ထုတ်၍ တအိမ်လုံးကို မင်းတံဆိပ် ခတ်နှိပ်စေလေ၏=ချိပ်ပိတ်စေလေ၏။

သမီးသာမာဝတီသည် အပြင်ပ၌ ကစားပြီး၍ အိမ်သို့ပြန်လာလတ်သော် မိဘနှစ်ပါး အားငယ်စွာ အိမ့်ပြင်၌ ထိုင်နေကြသည်ကို တွေ့မြင်၍ “အိုမိခင်,ဖခင်တို့...အဘယ့်ကြောင့် ဤအိမ်အပြင်ဘက်၌ ထိုင်နေကြသနည်း”ဟု မေးမြန်းလေ၏။ ထိုအခါ ဃောသကသူဌေးကြီးဇနီးမောင်နှံတို့က ထိုအကြောင်းကို ပြန်ကြားပြောဆိုကြလေလျှင် သမီးလိမ္မာ သာမာဝတီသည် “အိုမိခင် ဖခင်တို့........ မိခင်, ဖခင် ကျေးဇူးရှင်တို့သည် ငါ့သမီးသည် ရန်သူပိုင်းပိုင်းလည်သည့် ရွှေနန်းအိမ်၌ နေရလျှင် တယောက်တည်းတော့ မနေနိုင်၊ အကယ်၍ ငါ့သမီး၏ ရံရွေဖော် သတို့သမီးငါးရာတို့ကိုပါ နေစေတော်မူကြမည်ဆိုပါလျှင် ငါတို့သမီးသည် နေပါလိမ့်မည်’ဟု ဤသို့သောစကားတို့ကို အဘယ့်ကြောင့် မသိလိုက်ကြ=မပြန်ကြားလိုက်ကြသနည်း။ အိုမိခင်, ဖခင်တို့...ယခုအခါ ဤကဲ့သို့ ဘုရင်မင်းမြတ်ထံသို့ ပြန်ကြားစေကြပါလော့”ဟု ပြောဆိုလေ၏။ ထိုအခါ သူဌေးကြီးဇနီးမောင်နှံတို့သည် “ကောင်းပါပြီ သမီး...၊ ငါတို့က သမီး၏စိတ်ကို သိမှမသိကြပဲကိုး”ဟု ပြောကြ၍ ဥဒေနမင်းကြီးအား သာမာဝတီ ပြောသည့်အတိုင်း ပြန်ကြားပြောဆိုစေကြလေကုန်၏။

ဥဒေနမင်းသည်(ထိုစကားကို ကြားရလေလျှင်)အတိုင်းထက်အလွန် စိတ်ကြည် (=ကျေနပ်)တော်မူ၍ “တထောင်ပင် ရှိချင်ရှိပါစေ၊ အားလုံးတို့ကို သိမ်းယူ ခေါ်ဆောင်ကြရမည်”ဟု မိန့်ဆိုလေ၏။ ထို့နောက် နက္ခတ်ကောင်း, အခါကောင်းကို ရွေးချယ်ကြ၍ သာမာဝတီသူဌေးသမီးကို အခြံအရံသတို့သမီး မင်းမိန်းမငါးရာတို့နှင့် အတူတကွ ရွှေနန်းတော်သို့ ပို့ဆောင်ကြလေကုန်၏။

WWW.DHAMMARANSI.COM



ဥဒေနမင်းသည် ထိုရုံရွှေဖော် သတို့သမီးငါးရာလုံးတို့ကို သာမာဝတီ၏ အခြွေအရံများ ပြုလုပ်ခန့်ထား၍ သာမာဝတီမိဖုရားကို အဘိသိက်ရေချမ်း သွန်းဖျန်းပြီးလျှင် ရွှေနန်းပြာသာဒ်တဆောင်၌ ခမ်းနားစွာ နေစေလေ၏။

ထိုအချိန်ဝယ် ကောသမ္ဗီပြည်၌ ဃောသကသူဌေး, ကုက္ကုဋသူဌေး, ပါဝါရိကသူဌေး တည်းဟူသော သူငယ်ချင်းသူဌေး သုံးယောက်တို့သည် မိမိတို့ ကိုးကွယ်ရင်းဖြစ်သည့် ရသေ့ငါးရာတို့ အထံမှ မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေကြောင်းနှင့် ယခုအခါ သာဝတ္ထိပြည်၌ သီတင်းသုံးနေတော် မူကြောင်း ကြားသိရ၍ သာဝတ္ထိပြည်သို့ သွားရောက်, တရားနာကြသဖြင့် သောတာပန် အရိယာများ ဖြစ်ကြပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်အား ၁၅-ရက်ကြာ မဟာဒါန ပေးလှူကြပြီးနောက် မြတ်စွာဘုရားကို မိမိတို့က ပင့်လျှောက်သောအခါ ကောသမ္ဗီပြည်သို့ ကြွရောက်တော်မူပါရန် တောင်းပန်လျှောက်ထား ခံဝန်ချက်ရယူကြပြီးလျှင် ကောသမ္ဗီပြည်သို့ ပြန်ခဲ့ကြ၍ တယောက်လျှင် ကျောင်းတိုက်ကြီး တတိုက်ကျစီ တည်ဆောက်ပြီးနောက် မြတ်စွာဘုရား အထံတော်သို့ အပင့်လွှတ်ကြလေသည်။ မြတ်စွာဘုရားသည် "ကောသမ္ဗီပြည်သို့ သွားရောက်အံ့" ဟု ရဟန်းသံဃာ များစွာ ခြံရံလျက် ခရီးဒေသစာရီ ထွက်ချီတော်မူလတ်သော် လမ်းခရီး အကြားဝယ် မာဂဏ္ဍိယပုဏ္ဏားကြီး ဇနီးမောင်နှံတို့၏ အရဟတ္တဖိုလ်ရောက်ကြမည့် ရေးကောင်းမှုကို မြင်တော်မူသဖြင့် ကောသမ္ဗီပြည်ဖက်သို့ အသွားဖြတ်တော်မူ၍ ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးသို့ ကြွရောက်တော်မူကာ မာဂဏ္ဍိယပုဏ္ဏားကြီး ဇနီးမောင်နှံတို့အား ချေချွတ် ဆုံးမတော်မူပြီးလျှင် ကောသမ္ဗီပြည်ဘက်သို့ ခရီးဆက်၍ ကြွတော်မူခဲ့ရာ အစဉ်သဖြင့် ကောသမ္ဗီပြည်သို့ ရောက်ရှိ, သူဌေးသုံးဦးတို့ လှူဒါန်းအပ်သည့် ကျောင်းတိုက်ကြီး သုံးတိုက်တို့ကို အလှူခံပြီး နောက်တနေ့၌ သူဌေးတို့ ပင့်လျှောက်ချက်အရ ကောသမ္ဗီပြည်အတွင်းသို့ ရဟန်းသံဃာအပေါင်း ခြံရံလျက် ကြွရောက်တော်မူလေသည်၊ မြို့တွင်းတို့ ဝင်တော်မူလျှင်ပင် ရန်ငြိုး

WWW.DHAMMARANSI.COM



ဖွဲ့ရင်းရှိသူ မာဂဏ္ဍီမိဖုရား၏ စီမံချက်အရ သေသောက်ကြူးများက အမျိုးမျိုးဆဲရေးကြလေလျှင် အရှင်အာနန္ဒာသည် အခြားမြို့ရွာသို့ ပြောင်းရွှေ့ရန် လျှောက်ထားလေသော် မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ဓမ္မပဒကျမ်းလာ အတ္တဒဏ္ဍဝဂ္ဂတရားဒေသနာကို ဟောတော်မူ၍ သူဌေးသုံးဦးတို့ လှူဒါန်းအပ်သော ကျောင်းတိုက်ကြီး သုံးတိုက်၌ အလှည့်အလည် ကိုးတင်းသုံး နေထိုင်ချီးမြှောက်တော်မူလေသည်။ ။(ဤစာပိုဒ်ပါ အကြောင်းအရာအကျယ်ကို အောက်မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၇၁၂-မှ ၇၂၇-တိုင်အောင် ပြန်လည်သုံးသပ်ကြည့်ရှုကုန်ရာ၏)။

## ခုဇ္ဇုတ္တရာ သောတာပန် ဖြစ်ခြင်း

ကောသမ္ဗီပြည် သူဌေးကြီးသုံးဦးတို့သည် အလှည့်ကျအားဖြင့် ဘုရားအမှူးရှိသော သံဃာတော်အား တလပတ်လုံး ကြီးစွာသော အလှူဒါနကြီးများကို ပေးလှူကြပြီးနောက် သဘောထားကြီးစွာဖြင့် မြို့သူမြို့သားတို့အားလည်း ကုသိုလ်ကောင်းမှု ပြုလုပ်ရန် အခွင့်ပြုကြသဖြင့် လူအများတို့သည်လည်း လမ်းအလိုက်, ရပ်ကွက်အလိုက်, အသင်းအဖွဲ့အလိုက် ကြီးစွာသော အလှူဒါနကို ပေးလှူကြလေသည်။

တနေ့သ၌ မြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံအပ်လျက် ပန်းသည်ကြီး၏ ပင့်ဖိတ်ချက်အရ ထိုပန်းသည်ကြီး၏ အိမ်၌ ထိုင်နေတော်မူ၏။ ထိုခဏဝယ် သာမာဝတီမိဖုရား၏ အလုပ်အကျွေး လူယုံတော်ဖြစ်သော ခုဇ္ဇုတ္တရာသည် (နေ့စဉ်ပန်းဝယ်နေကျအတိုင်း) အသပြာ ရှစ်ကျပ်တို့ကို ယူခဲ့၍ ပန်းဝယ်ရန် ထိုအိမ်သို့ ရောက်ရှိလာလေ၏။ ပန်းသည်ကြီးသည် ခုဇ္ဇုတ္တရာကို မြင်လျှင် အိုအမိ ဥတ္တရာ...ယနေ့ အမိအား ပန်းများကို ပေးနိုင်ခွင့် မရှိတော့ချေ၊ ငါသည် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဆွမ်းပြုစုနေရ၏။ အမိသည်လည်း ဆွမ်း ပြုစုရန် အဖော်သဟဲမ ဖြစ်စေချင်ပါ၏၊ ဤသို့ ဝေယျာဝစ္စကောင်းမှု

WWW.DHAMMARANSI.COM



သင် ပြုသည်ရှိသော် သူတပါးတို့၏ ဝေယျာဝစ္စကို ပြုရသည့် အလုပ်အကျွေးဘဝမှ သင် လွတ်မြောက်ရပါလိမ့်မည်”ဟု အကြံ ပေးစကား ပြောကြားလေ၏။ ထိုအခါ ခုဇ္ဇုတ္တရာသည် မိမိ ရသောအစာကို စားပြီးနောက် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းပြုစုဆက်ကပ်ရာ၌ ဝေယျာဝစ္စအမှု ကူညီ၍ ပြုလေ၏။

သူမသည် မြတ်စွာဘုရားရှင်က ဥပနိသိန္နကထာ = အနီးသို့ ရောက်လာသူတို့အား ဟောကြားသည့် တရားစကားအနေဖြင့် ဟောကြားအပ်သော တရားအလုံးစုံကို နှုတ်ငုံရအောင် သင်ယူ လေ၏။ အနုမောဒနာ တရားစကား ကြားနာရသော်ကား သောတာပတ္တိဖိုလ်၌ တည်လေ၏ = သောတာပန် အရိယာမ ဖြစ်လေ၏။

## သာမာဝတီတို့ တဖွဲ့လုံး သောတာပန် ဖြစ်ကြခြင်း

ခုဇ္ဇုတ္တရာသည် အခြားနေ့များ၌ ပန်း(၄)လေးကျပ်ဖိုးသာ ဝယ်၍ (၄)ကို မိမိ ခိုးယူထာ မြဲဖြစ်သော်လည်း ထိုနေ့၌မူ သစ္စာလေးပါး တရားကိုသိမြင် အရိယာသူတော်စင် ဖြစ်ပြီ ဖြစ် သောကြောင့် သူတပါးဥစ္စာ၌ ခိုးယူလိုစိတ်ငိတ်(မိတ်)မရှိတော့ ပဲ ငွေ(၈)ရှစ်ကျပ်ဖိုး ပန်းများကို ဝယ်၍ ခြင်းတောင်းအပြည့် ထည့်ဆောင်ကာ သာမာဝတီမိဖုရားအထံသို့ ပြန်လာလေ၏။ ထိုအခါ သာမာဝတီမိဖုရားနှင့် ခုဇ္ဇုတ္တရာတို့ အပြန်အလှန် မေး မြန်း ပြောဆိုကြသည်မှာ—

> (**သာမာ**) အမိ ဥတ္တရာ…အမိသည် အခြား နေ့များ၌ တုန်းက ပန်းတို့ကို များစွာ မယူဆောင်ခဲ့၊ ယနေ့မူ ပန်း တို့သည် များလှကုန်စွာတကား၊ အသို့နည်း (= ဘယ့် နှယ်လဲ)ငါတို့၏အပေါ်မှာ မင်းကြီးသည် တိုး၍ သဒ္ဓါ ကြည်ညိုတော်မူသလော။

ခုဇ္ဇာသည် မုသားပြောရန် မထိုက်တန်သည့် အရိယာ သူမွန် ဖြစ်ပြီ ဖြစ်သောကြောင့် ရှေး ရက်, လ, နှစ်များက

WWW.DHAMMARANSI.COM



မိမိပြုခဲ့သည့် လိမ်လည်မှုအားလုံးကို မဖုံး မကွယ်တော့ပဲ အလုံးစုံ ဝန်ခံ ဖွင့်ဟ ပြောကြားလေ၏။

(သာမာ) သို့ဖြစ်လျှင် အဘယ့်ကြောင့် ယနေ့ ပန်းတွေ အများကြီး ယူဆောင်ခဲ့သနည်း။

(ခုဇ္ဇာ) ကျွန်တော်မသည် ယနေ့ မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုရ လေပြီ၊ ထို့ကြောင့် အရှင်မတို့ကို မလိမ်လည် မလှည့်ပတ် တော့ပါ။

ထိုအခါ သာမာဝတီမိဖုရားနှင့်ဝါကွ ရံရွေတော်ငါးရာ တို့ကပါ လက်ကိုယ်စီဖြန့်ကြ၍ "အမိ ဥတ္တရာ...အမိ ရအပ် ခဲ့သည့် အမြိုက်နိဗ္ဗာန်တရားကို ငါတို့အားလည်း ပေးပါ လော့"ဟု တောင်းခံကြလေသည်။

(ခုဇ္ဇာ) ရှင်မတို့....ဤကဲ့သို့ တလက်မှ တလက်သို့ အထည်ဝတ္ထုပမာ ပေးခြင်းငှါ မတတ်ကောင်း( = ပေး၍ မရနိုင်ပါ)၊ အမှန်မှာ—ငါသည် မြတ်စွာဘုရားဟောကြား တော်မူအပ်သော နည်းအတိုင်း ရှင်မတို့အား တရား ဟောပြပါမည်၊ ရှင်မတို့သည် မဂ်ဖိုလ်၏ အကြောင်း ရေး ကောင်းမှု ရှိကြပါလျှင် ထိုအမြိုက်နိဗ္ဗာန်တရားကို ရကြပါ လိမ့်မည်။

(သာမာတို့) ထိုသို့ ဖြစ်လျှင် အမိ ဥတ္တရာ....ယခုပင် ဟောပြပါလော့။

(ခုဇ္ဇာ) ဤကဲ့သို့ (ကျွန်ုပ်က နိမ့်သောနေရာ၌ နေ၍ မြင့်သောနေရာ၌နေကြသော ရှင်မတို့အား)ဟောခြင်းငှါ မတတ်ကောင်း(=မဟောကောင်းပါ)၊ ကျွန်ုပ်၏အတွက် မြင့်သောနေရာကို ခင်းပေးပြီးလျှင် ရှင်မတို့က နိမ့်သော နေရာတို့၌ ထိုင်နေကြရပါမည်။

ထိုအခါ သာမာဝတီအမှူးပြုသော မင်းမိန်းမအပေါင်း ငါးရာ တို့သည် ခုဇ္ဇုတ္တရာအား မြင့်သောနေရာကို ပေးကြ၍ မိမိတို့ကမူ

WWW.DHAMMARANSI.COM



နှိမ့်သောနေရာများကို ယူကြကာ ထိုင်နေလေကုန်၏။ ခုဇ္ဇုတ္တရာသည်လည်း (ပဋိသမ္ဘိဒါ ဉာဏ်ကို ရသည့် သေက္ခအရိယာ သောတာပန် အရိယာ ဖြစ်ရကား) သေက္ခပဋိသမ္ဘိဒါဉာဏ်၌ တည်၍ သာမာဝတီ အမှူးပြုသော မင်းမိန်းမပေါင်း ငါးရာတို့အား တရားဟောလေ၏။ တရားဒေသနာ နိဂုံး ဆုံးသောအခါ သာမာဝတီ မိဖုရားကို အကြီးအမှူးပြု၍ အလုံးစုံသော မင်းမိန်းမ ငါးရာတို့သည် သောတာပတ္တိ ဖိုလ်၌ တည်ကြလေကုန်၏ = သောတာပန်အရိယာ ဖြစ်ကြလေကုန်၏။ ထိုအချိန်မှစ၍ခုဇ္ဇုတ္တရာကို ဝေယျာဝစ္စအလုပ်မှ ဖယ်ရှားပြီးလျှင် (= ဝေယျာဝစ္စ အလုပ်ကို မလုပ်စေကြတော့ပဲ)“အမိဥတ္တရာ... သင်သည် မြတ်စွာဘုရား၏ တရားစကားကို ကြားနာပြီးလျှင် ဆောင်ယူ မှတ်သားခဲ့၍ ငါတို့ကို တဆင့် ဟောကြားပါလော့”ဟု ပြောဆိုကြလေ၏။ ခုဇ္ဇုတ္တရာသည်လည်း ထိုအခါမှစ၍ မင်းမိန်းမတို့ ပြောဆိုသည့် အတိုင်း(နေ့စဉ် မြတ်စွာဘုရားထံမှ တရားနာပြီးလျှင် ဆောင်ယူ မှတ်သားခဲ့၍ မင်းမိန်းမတို့ကို ရွှေနန်းတော်မှာပင် တဆင့်ပြန်၍ ဟောကြားမှုကို)ပြုလေ၏။

### ခုဇ္ဇုတ္တရာ၏ ရှေး ကုသိုလ်အကုသိုလ်ကံများ

(ဤ၌- “အဘယ့်ကြောင့် ဤ ခုဇ္ဇုတ္တရာသည် ကျွန်မ ဖြစ်ရသနည်း”ဟု မေးဖွယ်ရှိ၏။ အဖြေကား- သူမသည် ကဿပမြတ်စွာ သာသနာခေတ်အတွင်းက သာမဏေရီမ တပါးအား မိမိ၏ ဝေယျာဝစ္စ အမှုကို အပြုခိုင်းခဲ့လသည်။ ထိုအကုသိုလ်ကံကြောင့် ဘဝငါးရာ ဆက်လျက် သူတပါးတို့၏ ကျွန်မ ဖြစ်ခဲ့ရလေသည်။

တဖန် “အဘယ့်ကြောင့် ခန္ဓာကိုယ် ကုန်းကွသူ ဖြစ်ရသနည်း”ဟု မေးဖွယ် ရှိပြန်၏။ အဖြေကား—ဘုရားပွင့်တော်မမူမီ ဤခုဇ္ဇုတ္တရာ အလောင်းအမျိုးသမီးသည် ဗာရာဏသီမင်း၏ ရွှေနန်းတော်၌ မောင်းမမိဿံဖြစ်၍နေရစဉ် ရွှေနန်းတော်သို့ ဆွမ်းခံကြွဝင်သည့် ခါးကုန်းသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တပါးကို ဖူးမြင်ရ၍ မိမိနှင့်အတူနေ မင်းမောင်းမ တို့၏ရှေ့ဝယ် ပြက်ရယ် ပြောင်လှောင်မှု ပြုလိုသည်ဖြစ်၍ ကုန်းကွသော အမူအရာဖြင့် သွားလာ လှည့်လည်ခဲ့လေသည်။ ထို့ကြောင့် ကိုယ်ခန္ဓာ ကုန်းကွသူ ဖြစ်ရလေသည်။

WWW.DHAMMARANSI.COM



"ခုဇ္ဇုတ္တရာသည် အဘယ်ကြောင့် ကုသိုလ်ကို ပြုခဲ့သောကြောင့် ယခုဘဝဝယ် ပညာရှိသူ ဖြစ်ရသနည်း"ဟု မေးဖွယ်ရှိပြန်၏။ အဖြေကား–ဤခုဇ္ဇုတ္တရာအလောင်း အမျိုးသမီးသည် ဘုရားပွင့်တော်မမူမီ ဗာရာဏသီမင်း နန်းတော်၌ နေရစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရှစ်ပါးတို့ ရွှေနန်းတော်မှ ပူဇော်ဆွမ်း အပြည့်ပါသည့် သပိတ်တို့ကို ယူ၍ ကြွတော်မူကြသည်ကို မြင်ရလျှင် "ဤ (တပည့်တော်မ လှူဒါန်းအပ်သည့်) လက်ကောက်၌ သပိတ်ကို တင်ထား၍ ကြွတော်မူကြပါ အရှင်ဘုရားတို့...."ဟု ဆောက်ထား၍ (သပိတ်ခြေပြုလုပ်ရန်) မိမိ ဝတ်ထားသည့် ရွှေလက်ကောက်ရှစ်ကွင်းတို့ကို ချွတ်၍လှူဒါန်းခဲ့လေသည်။ ထိုကံ၏ အကျိုးဆက်ကြောင့် ပညာရှိသူ ဖြစ်လေသည်။ ဤကား အထူးမှတ်ရန် ခုဇ္ဇုတ္တရာ၏ ရှေးကံမျှသာတည်း။ အံ·ဋ္ဌ ၁မျက်နှာ ၃၃၇–မှ)

## မာဂဏ္ဍီမိဖုရား၏ ရန်တိုက်မှုများ

ထိုနောက် သာမာဝတီမိဖုရား၏ အခြံအရံဖြစ်ကြသည့် မင်းမိန်းမငါးရာတို့သည် မိမိတို့ကိုယ်နှိုက်က သစ္စာလေးပါး တရားသိမြင် သောတာပန် အရိယာသူတော်စင်များဖြစ်ကြပါသော်လည်း ဥဒေနမင်းက သာသနာတော်၌ သဒ္ဓါတရား မရှိသူ ဖြစ်သောကြောင့် အခါမပြတ် ဘုရားရှင့်ထံသို့ သွားရောက်ကြ၍ ဘုရားဖူးခွင့်ကို မရကြကုန်၊ (သောတာပန် အရိယာ ဖြစ်ကြခြင်းကြောင့် ဘုရားရှင်ကိုလည်း အလွန်ပင် ဖူးမြင်လိုကြကုန်၏)။ သို့ရကား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကောသမ္ဗီမြို့တွင်း လမ်းခရီးသို့ ကြွတော်မူသည်ရှိသော် လေသာပြူတင်းပေါက်တို့က နည်းသဖြင့် မိန်းမငါးရာ မကြည့်လောက်ကုန်ရကား မိမိ့မိမိ၏ အိပ်ခန်း၌ အပေါက်ဖောက်၍ ထိုအပေါက်များမှ မြတ်စွာဘုရားကို ဖူးမြော်ကြည့်ရှုကြရကုန်၏။

တနေ့သ၌ မာဂဏ္ဍီမိဖုရားသည် မိမိ၏ ပြာသာဒ်အပြင်မှ ထွက်၍ စင်္ကြံလျှောက်၍လာရာ ထိုမင်းမိန်းမတို့၏ နေရာဌာနသို့ ရောက်၍ဘိုက်ခန်း(=အိပ်ခန်း)အပေါက်များကို မြင်ရလေလျှင် "ဤအရာကား အဘယ်နည်း=ဒါ ဘာလဲ"ဟု မေးမြန်းလေ၏။ မင်းမိန်းမ ငါးရာတို့က မာဂဏ္ဍီမိဖုရား၏ ဘုရားရှင် အပေါ်၌ ရန်ငြိုးဖွဲ့ထားခြင်းကို မသိကြသဖြင့် "မြတ်စွာဘုရားသည် ဤ

WWW.DHAMMARANSI.COM



ကောသမ္ဗီမြို့သို့ ကြွတော်မူခဲ့ပါပြီ၊ ကျွန်တော်မတို့သည် ဤအိပ်ခန်း ပေါက်များအနီး၌ ရပ်ကြ၍ မြတ်စွာဘုရားကို ဖူးလည်း ဖူးမြော် ကြရပါ၏၊ ပူလည်း ပူဇော်ကြရပါ၏”ဟု ရိုးသားစွာ ပြောဆို ကြလေလျှင် မာဂဏ္ဍီမိဖုရားသည် “ယခုအခါ ရဟန်းဂေါတမ၏ အပေါ်၌ ငါပြုရမည့်အမှုကို သိစိမ့်မည်။ ဤ မိန်းမတို့သည်လည်း ရဟန်းဂေါတမ၏ အလုပ်အကျွေး = တပည့်မများ ဖြစ်ကြသည်၊ ဤမိန်းမတို့၏ အပေါ်၌လည်း ငါပြုရမည့်အမှုကို သိစိမ့်မည်”ဟု ကြံစည် အံကြိတ်၍ သွားလေ၏။

ထိုသို့ သွားပြီးလျှင် ဥဒေနမင်းနှင့်အတူ ဆိတ်ကွယ်ရာသို့ ကပ်ရောက်သောအခါ၌ “ မြတ်သော မင်းကြီး .... သာမာဝတီ မိဖုရား၏ မောင်းမမိဿံများ၏အဖို့ရာ အရှင်မင်းကြီးမှ အပြင် အပ၌ တောင့်တမှု ရှိနေပါသည်၊ ထိုသူမတို့သည် နှစ်ရက် သုံးရက် အတွင်း၌ပင် အရှင်မင်းကြီး၏ အသက်ကို လုပ်ကြံ သတ်ဖြတ်ကြပါလိမ့်မည်၊ သာမာဝတီ မိဖုရားသည် မောင်းမ မိဿံ အခြံအရံနှင့်တကွပင် အရှင်မင်းကြီးတို့အပေါ်၌ ချစ်ခြင်း ခင်မင်ခြင်းကို အလျှင်းမပြုပါ၊ ရဟန်းဂေါတမကိုကား မြို့တွင်း လမ်းခရီးဖြင့် သွားသည်ကိုပင် မြင်ကြ၍ လေသာ ပြူတင်းပေါက် များ မလောက်သည့်အတွက် ပြူတင်းတို့ကို ချိုးဖွဲ့ အိပ်ခန်းတို့ကို ဖောက်ကြလျက် ကြည့်ခွင့် မရ-ရအောင် ပြုကြကာ ကြည့်ရှုကြ ပါသည်”ဟု ရန်တိုက်စကား ပြောကြားလေ၏၊ ဥဒေနမင်းသည် “ထိုမိန်းမတို့ကား ဤသို့သဘောရှိသော အမှုကို ပြုကြလိမ့်မည် မဟုတ်”ဟု ကြံစည်အောက်မေ့ကာ မာဂဏ္ဍီမိဖုရား ပြောကြား ချက်ကို လက်မခံ, မယုံကြည်ချေ၊ နောက်တဖန် ပြောသော် လည်း မယုံကြည်မြဲ မယုံကြည်ချေ၊ ထို့နောက် သုံးကြိမ်မြောက် ပြောကြားအပ်သော်လည်း မယုံကြည်သော ဥဒေနမင်းကို မာ-ဂဏ္ဍီမိဖုရားသည် “မြတ်သောမင်းကြီး... အကယ်၍ ကျွန်တော်မ၏ စကားကို မယုံကြည်လျှင် အရှင်မင်းကြီးကိုယ်တိုင် ထိုမိန်းမ တို့၏နေရာတိုက်ခန်းသို့သွားရောက်၍ စုံစမ်းတော်မူပါလော့”ဟု ပြောဆိုလေ၏၊ ဥဒေနမင်းသည် သွား၍ အိပ်ခန်းတို့၌ အပေါက်

WWW.DHAMMARANSI.COM



များကို မြင်ရလေလျှင် "ဤ အပေါက်များကား အဘယ်နည်း = ဘယ့်နှယ်ဟာလဲ"ဟု မေးမြန်း၍ မောင်းမတို့က ထိုအကြောင်းကို ရိုးသာစွာပင် ပြန်ကြား ပြောဆိုအပ်လေသော် ထို မောင်းမတို့အား အမျက်မထွက်မူ၍ တစုံတရာ ဘာဘိုမျှ မပြောဆိုပဲ အပေါက်များကိုသာ ပိတ်စေလေ၏၊ ဥဒေနမင်းသည် ထိုအချိန်မှစ၍ ထို မောင်းမငါးရာတို့ နေရာပြာသာဒ်၏ အထက်၌သာ အပေါက်ရှိသည့် သံဇာခလ်သာပြူတင်းတို့ကို ပြုလုပ်စေလေ၏။ (ဤကား ပဉ္စမအကြိမ် ရန်တိုက်ခြင်းတည်း)။

မာဂဏ္ဍီမိဖုရားသည် ထိုအကြောင်းဖြင့် မင်းကြီးကို အမျက်ထွက်စိမ့်သောငှါ ( = စိတ်ဆိုးစိမ့်သောငှါ) မတတ်နိုင်ရကား "အရှင်မင်းကြီး....ဤ သာမာဝတီ အမှူးရှိသည့် မောင်းမ ငါးရာတို့က အရှင်မင်းကြီးဘို့၌ ချစ်ခင်မှုရှိသည်, မရှိသည်ကို သိအောင် စုံစမ်းကြဦးလော့၊ ကြက်ရှင် ရှစ်ကောင်တို့ကို ထိုသူမတို့ထံ အပို့ခိုင်း၍ အရှင်မင်း ကြီးတို့အတွက် အချက်ခိုင်းတော်မူကြပါလော့" ဟု ပြောဆိုလေ၏။ မင်းသည် မာဂဏ္ဍီမိဖုရား၏စကားကို ကြား သိပြီးသော် "ဤကြက်တို့ကို ချက်၍ ငါ့ထံသို့ ပို့ဆက်စေချင်၏"ဟု ပြောဆိုကာ သာမာဝတီ၏အထံသို့ ကြက်အရှင် ရှစ်ကောင်တို့ကို ပို့စေလေ၏၊ သောတာပန်ဖြစ်သူ အရိယာသာဝိကာ = မြတ်စွာ ဘုရား၏ တပည့်မသည် အသက်ရှင်သောကြက်တို့ကို အဘယ် မှာလျှင် ချက်လိမ့်မည်နည်း( = အသက်ကို အသေခံမည်၊ မချက် အံ့သည်သာ)။ သို့ရကား သာမာဝတီသည် "မသင့်လျော်ပါ"ဟု ပြောဆို၍ ထိုကြက်ရှင်တို့ကို လက်ဖြင့် တို့ထိရန်ပင် အလိုမရှိပဲ ဖြစ်၍ နေလေ၏။

ထိုအခါ မာဂဏ္ဍီသည် "ရှိပါစေ အရှင်မင်းကြီး....ထိုကြက်တို့ ကိုပင် ရဟန်းဂေါတမ၏အတွက် ချက်ပေးရန် ပို့စေတော်မူပါ"ဟု ပြောဆိုလေ၏၊ ဥဒေနမင်းသည် မာဂဏ္ဍီမိဖုရား ပြောဆိုသည့် အတိုင်း ပြုလေ၏။ မာဂဏ္ဍီမိဖုရားသည် လမ်းခရီးအကြား၌ပင် ကြက်တို့ကို သတ်စေ၍ "ဤကြက်တို့ကို ချက်စေ၍ ရဟန်းဂေါတမ အား လှူစေချင်၏"ဟု ပြောဆိုမှာထား၍ သာမာဝတီထံသို့ အပို့

WWW.DHAMMARANSI.COM



လွှတ်လိုက်လေ၏။ အလွန်မိုးဖြောင့်လှစွာသောသာမာဝတီသည် ကြက်တို့က သေပြီးဖြစ်သောကြောင့်၎င်း, မြတ်စွာဘုရားကို ရည်ညွှန်းပြောဆို၍ ပို့စေအပ်သောကြောင့်၎င်း ထိုကြက်သေသားတို့ကိုချက်၍ မြတ်စွာဘုရားရှင့်အထံတော်သို့ ပို့စေလေ၏၊ မာဂန္ဒီမိဖုရားသည် "ကြည့်လော့ အရှင်မင်းကြီး...."ဟု ပြောဆို၍ ဤမျှဖြင့်လည်း ဥဒေနမင်းကို အမျက်ထွက်စိမ့်သော၄ါ (=စိတ်ဆိုးစိမ့်သော၄ါ) မတတ်နိုင်ချေ။ (ဤကား ဒုတိယအကြိမ် ရန်တိုက်ခြင်းတည်း)။

တတိယအကြိမ် ရန်တိုက်ခြင်း

ဥဒေနမင်းမှာ (၁) သာမာဝတီမိဖုရား၊ (၂) ဥဇ္ဇေနီပြည် စဏ္ဍပဇ္ဇောတမင်း၏သမီး ဝါသုလဒတ္တာမိဖုရား၊ (၃) မာဂန္ဒီမိဖုရားဟူ၍ မိဖုရားသုံးယောက်တို့ ရှိလေရာ မိဖုရားတယောက်တယောက်လျှင် မောင်းမမိဿံ ရံရွေဖော် ငါးရာ ငါးရာစီ ရှိလေသည်။ ဥဒေနမင်းသည် ထိုမိဖုရားသုံးယောက်တို့တွင် တယောက်တယောက်သော မိဖုရား၏နေရာ နန်းပြာသာဒ်၌ ခုနစ်ရက်စီ ခုနစ်ရက်စီ အလှည့်အလည် စံနေမြဲ ဖြစ်သည်။ ထို့နောက် မာဂန္ဒီမိဖုရားသည် မြွေဟောက်ငယ် တကောင်ကို ဝါးကျည်ဆစ်၌ ထည့်စေ၍ မိမိ၏နေရာအနီး၌ ထားလေ၏၊ ဥဒေနမင်း၏အဖို့ရာမှာလည်း မည်သည့်နေရာသို့ သွားသွား ဆင်ချစ်သောစောင်းကို ယူ၍သာလျှင် သွားမြဲဓမ္မတာဖြစ်၏၊ မာဂန္ဒီမိဖုရားသည် မင်းကြီး မိမိထံသို့ လာသောအခါ၌ မင်းကြီးမသိအောင် ထိုမြွေဟောက်ငယ်ကို စောင်းခွက်အတွင်း၌ထည့်၍ အပေါက်ကို ပိတ်စေလေ၏။

ထို့နောင်မှ သာမာဝတီ မိဖုရားထံသို့ သွားခါနီး ဖြစ်သော မင်းကြီးကို "အရှင်မင်းကြီး .... သာမာဝတီ မိဖုရား ဆိုသည်မှာ ရဟန်းဂေါတမ၏ အပင်းအသင်း ဖြစ်ပါသည်၊ အရှင်မင်းကြီးတို့ကို မြက်တပင်လောက်မျှ မရေတွက်ပါ၊ တစုံတခု ဖြစ်မြီးလျှင် အရှင်မင်းကြီးတို့၏ အပြစ်ကိုသာလျှင် ကြံစည်နေသူ ဖြစ်ပါသည်

WWW.DHAMMARANSI.COM



မမေ့မလျော့ သတိရှိရှိ နေတော်မူခဲ့ကြပါ”ဟု (အကျိုးလိုသည့် အဟန်)မှာကြားပြောဆိုလိုက်လေ၏။

ဥဒေနမင်းကြီးသည် သာမာဝတီမိဖုရား၏ နန်းပြာသာဒ်၌ ခုနစ်ရက် အချိန်ကုန်လွန်စေပြီး၍ တဖန် ခုနစ်ရက်၌ မာဂဏ္ဍီမိဖုရား၏ နန်းအိမ်သို့ သွားရောက်လေ၏။ မာဂဏ္ဍီမိဖုရားသည် မင်းကြီးလာလျှင်ပင် “အရှင်မင်းကြီး....အသို့နည်း (= ဘယ့်နှယ်လဲ) အရှင်မင်းကြီး၏အပေါ်မှာ သာမာဝတီ မိဖုရားသည် အခွင့်အပေါက်ကို မရှာပဲ ရှိပါ၏လော”ဟု အကျိုးလိုဟန် ပြောဆို၍ မင်းကြီး၏လက်မှ စောင်းကိုယူကာ လှုပ်ပြီးလျှင် “အသို့နည်း (=ဘယ့်နှယ်လဲ)မြတ်သောမင်းကြီး....ဤစောင်းတော်အတွင်းမှာ အကောင် တကောင်ကောင် လှည့်လည်ရွေ့ရှား သွားနေပါတကား”ဟု ဆို၍ မြွေထွက်ရန် အပေါက်ကို ပွင့်လုပ်ပြီးလျှင်(မူလက မိမိပြုလုပ်ထားသည့် အပေါက်ကိုဖွင့်ပြီးလျှင်) “အဗ္ဘုမေ့ = အလိုလေး ကျွန်ုပ်တော်မ၏ ပျက်စီးခြင်းပါတကား၊ အန္တောသပ္ပေါ = စောင်းတော်အတွင်းမှာ မြွေကြီး”ဟုဆိုကာ စောင်းကို စွန့်ပစ်၍ ပြေးလေ၏၊ (မာဂဏ္ဍီ၏ ရန်တိုက်ခြင်းကား အောင်မြင်လေပြီ)။ ထိုအခါ ဥဒေနမင်းသည် မီးလောင်သည့်ဝါးတောအလား,ဆားထည့်လိုက်သည့် မီးဖိုပမာ အမျက်ဒေါသဖြင့် တဖျစ်ဖျစ်မြည်လျက် “အလျင်အမြန် အခြံအရံနှင့်တကွသော သာမာဝတီကို ခေါ်ခဲ့ကြလော့”ဟု အမိန့်ပေးလေ၏၊ မင်းချင်းတို့သည် သွား၍ ခေါ်ကြလေကုန်၏။

> “သူတပါက်သား၊ မျက်မာန်ပွါးသော်၊ တရားမကွာ၊ ထိန်းစောင့်ကာပြင့်၊ မေတ္တာနှလုံး၊ ကိုယ်ကသုံးလျှင်....၊ အရှုံး ဘယ်မှာ ရှိချိမ့်နည်း”။ ။ဓမ္မပဒေသ။

သာမာဝတီမိဖုရားသည် မင်းကြီး အမျက်ထွက်သည်ကို သိ၍ မိမိမှ ကြွင်းသော မင်းမိန်းမတို့အား “မင်းကြီးသည် သင်တို့ကို သတ်လို၍ ခေါ်၏၊ ယနေ့ တနေ့လုံးလုံး ဩဒိသက မေတ္တာဖြန့်ခြင်းဖြင့် မင်းကြီးကို မေတ္တာ ဖျန်းကြလော့”ဟု တရားအချက်အမှတ်ပေးလေ၏၊ ဥဒေနမင်းသည် သာမာဝတီမိဖုရားနှင့်တကွ

WWW.DHAMMARANSI.COM



ထိုမောင်းမ ငါးရာတို့ကို အခေါ်ခိုင်းပြီးလျှင် အားလုံးတို့ကို အစဉ်လိုက် တန်းစေပြီးမှ လေးကြီးကို စွဲကိုင်၍ အဆိပ်လူးမြားကို နွဲ့ပြီးလျှင် လေးကို ဖြည့်လျက် (= လေးညို့ကို ညို့လျက်) ရပ်တည် လာလေ၏။

ထိုခဏ၌ သာမာဝတီအမှူးပြုသော မင်းမိန်းမ ငါးရာလုံး တို့သည် မင်းကြီးအား စူးစိုက်၍ မေတ္တာကို ဖြန့်ကြ လေ၏၊ မင်းကြီးသည် မြားကို ပစ်ရန်လည်း မစွမ်းနိုင်, ဖယ်ရှား ရန်လည်း မစွမ်းနိုင်ပဲ ကိုယ်တို့မှ ချွေးပေါက်များ တဖြိုင်ဖြိုင် ယိုထွက်၍ လာလေကုန်၏၊ တကိုယ်လုံးလည်း တုန်လှုပ်၍ နေသည့်ပြင် ခံတွင်းမှလည်း တံတွေးများ စီးကျလာလေ၏၊ ကိုင်ယူသင့် ကိုင်ယူစရာကို မမြင်ပဲ ရှိလေ၏။

ထိုအခါ မင်းကြီးကို သာမာဝတီက "မြတ်သောမင်းကြီး···· ပင်ပန်းတော်မူသလော"ဟု မေးလေလျှင် မင်းကြီးသည် "အိမ်း.... ဟုတ်ပေသည် ရှင်မိဖုရား....ငါပင်ပန်းလှ၏၊ သင်သည် ငါ၏မှီရာ ဖြစ်ပါလော့" ဟု ဆိုလေ၏။ သာမာဝတီမိဖုရားက "ကောင်းပါပြီ အရှင်မင်းကြီး....မြားကို မဟာပထဝီမြေကြီးသို့ ရှေးရှုပြုတော်မူ ပါလော့" ဟု ပြောဆိုလေလျှင် မင်းကြီးသည် သာမာဝတီမိဖုရား ဆိုသည့်အတိုင်း ပြုလေ၏။ ထိုအခါ သာမာဝတီမိဖုရားသည် "မင်းကြီးလက်မှ မြားသည် လွတ်စေသတည်း" ဟု အဓိဋ္ဌာန်လိုက် လေ၏၊ ထိုခဏမှာပင် မြားသည် မင်းကြီးလက်မှ လွတ်၍ သွား လေ၏။

ဥဒေနမင်းကြီးသည် ထိုခဏမှာပင် ရေ၌ ငုပ်၍ ပြန်လာ ပြီးသော် စိုသောဆံ, စိုသောအဝတ်ရှိလျက် သာမာဝတီ၏ ခြေ တို့၌ တုပ်ဝပ်ပြီးလျှင် "ရှင်မိဖုရား....ငါ့အား သည်းခံပါလော့၊ ငါသည် ကုန်းချောသူ မာဂဏ္ဍီ၏စကားဖြင့် မစူးစမ်း မဆင်ခြင်ပဲ ဤအမှုကို ပြုမှားအပ်ခဲ့လေပြီ" ဟု တောင်းပန်ဝန်ချစကား ပြော ကြားလေ၏။ သာမာဝတီမိဖုရားက "သည်းခံပါသည် အရှင် မင်းကြီး...." ဟု ခွင့်ပြုသည်းခံစကား ပြောကြားလေလျှင် ဥဒေန မင်းကြီးသည် "ကောင်းပါပြီ ရှင်မိဖုရား....ဤသို့လျှင် သင်မိဖုရား

WWW.DHAMMARANSI.COM



သည် ငါ့အား သည်းခံအပ်သည် မည်ပါပေ၏၊ ယနေ့ ဤအချိန်မှစ၍ ရှင်မိဖုရားတို့၏ အလိုအတိုင်း မြတ်စွာဘုရားအား အလှူဒါနကို ပေးလှူကြပါလော့၊ နေလွှဲအခါ ကျောင်းတော်သို့သွား၍ တရားစကား နာကြားကြပါကုန်လော့၊ ယနေ့မှစ၍ သင်တို့အား အစောင့်အရှောက်ကို ငါပေးအံ့”ဟု ပြောဆိုလေ၏။ ထိုအခါ သာမာဝတီမိဖုရားက အခွင့်ရသဖြင့် “အရှင်မင်းကြီး.... ထိုသို့ဖြစ်လျှင် ယနေ့မှစ၍ ကျွန်တော်မတို့အား တရားသင်ပြပေးမည့် ရဟန်းတော် တပါးကို မြတ်စွာဘုရားအထံတော်မှ တောင်းပန်၍ ပင့်ဆောင်ပေးကြပါလော့”ဟု ဆိုလေလျှင် ဥဒေနမင်းကြီးသည် မြတ်စွာဘုရားအထံတော်သို့ သွားရောက်၍ ရဟန်းတပါးကို တောင်းပန် လျှောက်ထားလေလျှင် အရှင်အာနန္ဒာမထေရ်ကို ရခဲ့လေ၏။ ထိုအချိန်မှစ၍ သာမာဝတီအမှူးပြုသော မင်းမိန်းမငါးရာတို့သည် အရှင်အာနန္ဒာမထေရ်ကို ပင့်စေကြ၍ နေ့စဉ်နေ့စဉ် ဆွမ်းဆက်ကပ်ပူဇော်မှု ပြုကြပြီးလျှင် ဆွမ်းဘုဉ်းပေးပြီးသော အရှင်အာနန္ဒာမထေရ်၏ အထံ၌ တရားစာပေကို သင်ယူကြလေကုန်၏။

သာမာဝတီမိဖုရား အမှူးပြုသော မင်းမိန်းမငါးရာတို့သည် တနေ့သ၌ မထေရ်မြတ်၏ အနုမောဒနာတရားဝယ် သဒ္ဓါကြည်ညို ဖြစ်ရှိကြသဖြင့် မထေရ်မြတ်အား (တယောက်လျှင် တထည်ကျစီ) အခပါ ရုံအဝတ်အထည် ငါးရာတို့ကို လှူဒါန်းကြလေကုန်၏။

မထေရ်မြတ်သည် ရှေးနှစဉ်အခါ တခုသော ဘဝဝယ် အပ်လျှိုသမား = အဝတ်ချုပ်သမား ဖြစ်သောအခါ၌ ပစ္စေကဗုဒ္ဓါအရှင်မြတ် တပါးအား အပ်တချောင်းနှင့် လက်တဝါးစာ(=လက်တဝါးခန့်ရှိသည့်) အဝတ်ကြမ်းပိုင်းကို လှူဒါန်းခဲ့လေသည်။ မထေရ်မြတ်သည် အပ်လှူခဲ့သော ကောင်းမှုကြောင့် ဤကိုယ်အဖြစ်၌ ပညာကြီးသူဖြစ်၍ အဝတ်ကြမ်းပိုင်းကို လှူခဲ့သောကောင်းမှုကြောင့် ဤနည်းနှင်နှင် အကြိမ်ငါးရာတိုင်တိုင် သက်နှီးလျှာအဝတ်တို့ကို ရရှိတော်မူလေသည်)။

WWW.DHAMMARANSI.COM



## သာမာဝတီတို့ မီးတိုက်၍ အသတ်ခံရခြင်း

ထို့နောက် မာဂဏ္ဍီမိဖုရားသည် အခြားပြုဖွယ်ကို မမြင်ရတော့ရကား တနေ့သ၌ ဥဒေနမင်းကြီးကို "အရှင်မင်းကြီး....ဥယျာဉ်တော်သို့ အပျော်အပါး သွားကြကုန်အံ့"ဟု တိုင်ပင်ပြောဆိုလေ၏။ ဥဒေနမင်းကြီးက (မာဂဏ္ဍီ၏ အကြံကို မသိသဖြင့်) "ကောင်းပြီ ရှင်မိဖုရား"ဟု ဝန်ခံလေလျှင် မာဂဏ္ဍီ မိဖုရားသည် မိမိ၏ဘထွေးဖြစ်သူ စူဠမာဂဏ္ဍီပုဏ္ဏားကို ခေါ်စေ၍ "ဘထွေး....ကျွန်တော်မတို့ ဥယျာဉ်သို့ သွားသောအခါ၌ သာမာဝတီ၏ နေရာ နန်းပြာသာဒ်သို့ သွားရောက်ပြီးလျှင် မောင်းမမိဿံ အခြံအရံငါးရာနှင့်တကွသော သာမာဝတီကို ပြာသာဒ်အတွင်း သွင်းထားမှုပြု၍ 'မင်းကြီး၏ အမိန့်အာဏာ'ဟု ပြောဆိုကာ တံခါးကို ပိတ်ပြီးနောက် ကောက်ရိုးများဖြင့် ရစ်ပတ်ဝန်းဝိုင်း၍ သာမာဝတီ၏ နန်းပြာသာဒ်ကို မီးတိုက်ရစ်လော့"ဟု တိတ်တဆိတ် ပြောဆိုမှာထားခဲ့လေ၏။ စူဠမာဂဏ္ဍီပုဏ္ဏားမိုက်သည် ဥဒေနမင်းကြီးနှင့် မာဂဏ္ဍီမိဖုရားတို့ အပျော်အပါးဥယျာဉ်သို့ သွားကြသောအခါ မာဂဏ္ဍီမိဖုရား မှာကြားထားခဲ့သည့်အတိုင်း သာမာဝတီ၏ နန်းပြာသာဒ်ကို မီးတိုက်လေတော့၏။

ထိုနေ့အဖို့၌ ထိုမင်းမိန်းမ ငါးရာလုံးတို့ပင် ရှေးကပြုအပ်ခဲ့သော ဥပပီဠကအကုသိုလ်ကံ၏အာနုဘော်ကြောင့်သမာပတ်ကို ဝင်စားဖို့ရန် မစွမ်းနိုင်ကြတော့ချေ။ သာမာဝတီ မိဖုရားနှင့်တကွ ငါးရာလုံးတို့ပင် တပြိုင်နက်တည်း ဖွဲ့အစု ဖွဲ့ဆုပ်ကဲ့သို့မီးအလောင်ခံကာ သေဆုံးကြရှာလေကုန်၏။ ထိုမင်းမိန်းမတို့အား စောင့်ရှောက်ရသည့် မင်းချင်းယောကျ်ားတို့သည် မင်းကြီးထံသွားကြ၍ "အရှင်မင်းကြီး....ဤမည်သောအမှု(သာမာဝတီ၏ နန်းပြာသာဒ်ကို မီးတိုက်ခြင်းအမှု)ကို ပြုကုန်ကြပါပြီ"ဟု လျှောက်ထားကြလေကုန်၏။

## ဥဒေနမင်း၏ ဈာပနရိယာယ်

ဥဒေနမင်းကြီးသည် "အဘယ်သူသည် မီးတိုက်မှု ပြုအပ်သနည်း"ဟု လက်သည်တရားခံကိုရှာကြံ ထောက်လှမ်းလတ်သည်

WWW.DHAMMARANSI.COM



ရှိသော် မာဂဏ္ဍီမိဖုရားက ပြုစေအပ်သည်၏ အဖြစ်ကို သိရှိရ၍ မာဂဏ္ဍီမိဖုရားကို ရှေ့တော်မှောက်သို့ အရောက်ခေါ်စေပြီးလျှင် "အဘယ် = မာဂဏ္ဍီမိဖုရား.......ငါပြုလုပ်ရမည့် အလုပ်ကို ပြုလုပ်သောသင်သည် ကောင်းသောအမှုကို ပြုအပ်ပါပေပြီ၊ အမျိုးမျိုး ထကြွကာ ငါ့ကို သတ်ဖို့ရန် အားထုတ်နေသည့် သာမာဝတီ မိဖုရားကို သင်ကား သတ်စေအပ်လေပြီ၊ သင့်အပေါ်မှာ ငါသည် အလွန်ကြည်ညိုပေ၏၊ သင့်အား ဆုလာဘ်စည်းစိမ်ကို ငါပေးမပေအံ့၊ သင်၏ဆွေမျိုးများကို ခေါ်စေလော့"ဟု ရာဇပရိယာယ်ဖြင့် ပြောဆိုလေ၏။

မာဂဏ္ဍီမိဖုရားသည် ဥဒေနမင်းကြီး၏စကားကို ကြားရလျှင် အလွန်အားရ နှစ်သက်လျက် ဆွေမျိုးမဟုတ်သူများကိုလည်း ဆွေမျိုးများပြုလုပ်ကာ ခေါ်စေလေ၏။ ဥဒေနမင်းကြီးသည် အားလုံးသော ရာဇဝတ်ခကောင်များ စုဝေးမိပြီးအဖြစ်ကို သိရှိလတ်သော် မင်းယင်ပြင်၌ (= နန်းတော်မြေကွက်လပ်၌) ထို ရာဇဝတ်သားများကို လည်ပင်းပမာဏနက်သော တွင်းများ၌ မြှုပ်သတ်မြေဖို့ပြီးလျှင် မြေပေါ်၌တည်ရှိနေသော ဦးခေါင်းတို့ကို ရိုက်ခွဲစေလျက် သံထွန်သွား သံထွန်တုံးတပ်သော ထွန်များဖြင့် ထွန်ယက်စေ၏။ မာဂဏ္ဍီမိဖုရားကိုလည်း အပိုင်းအပိုင်းခုတ်သတ်စေပြီးလျှင် မုန့်ကြော်သော အိုးကင်း၌ ထည့်၍ ကြော်စေလေ၏။

### သာမာဝတီတို့၏ ရှေးအကုသိုလ်ကံ

(ဤ၌–"မောင်းမမိဿံ အခြံအရံငါးရာနှင့် တကွသော သာမာဝတီ မိဖုရား၏ မီးလောင်တိုက်အသွင်းခံ၍ သေဆုံးရခြင်း၏ ရှေးမကောင်းမှု အကုသိုလ်ကံကား အဘယ်နည်း"ဟု မေးဖွယ်ရှိ၏။

အဖြေကား–သာမာဝတီမိဖုရားအလောင်း အမျိုးသမီးသည် ဘုရားပွင့်တော်မမူမီ တခုသောဘဝယ် ထိုမိန်းမ ငါးရာတို့နှင့် အတူတကွ ဂင်္ဂါမြစ်၌ ရေကစားပြီး ဆိပ်ကမ်း၏ အပြင်အပ၌ ရပ်တည်နေစဉ် အချမ်းအအေးဒဏ် ပြင်းထန်စွာ ဖြစ်လာလတ်သော် မနီးမဝေးသော အရပ်၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါး၏ သစ်မ်းကျောင်း=သစ်ရွက်မိုးသည့် ကျောင်းကလေးကို မြင်ရ၍ သစ်မ်းကျောင်းအတွင်း၌ ပစ္စေကဗုဒ္ဓါ ရှိ မရှိကို မစူးစမ်းမဆင်ခြင်ပဲ ပြင်ပမှမီးတိုက်၍ မီးလှုံကြလေသည်။

WWW.DHAMMARANSI.COM



သစ်မ်းကျောင်းအတွင်း၌ကား ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နီဗာ္ဗ သမာပတ်ကို ဝင်စား၍ ထိုင်နေတော်မူဆဲ ဖြစ်၏(=ထိုင်ရင်း နိရောဓ သမာပတ်ကို ဝင်စားနေတော်မူဆဲဖြစ်၏)။ ထိုမိန်းမတို့သည် မီးတောက် မီးလျှံများ ပြတ်စဲသွားသောအခါ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်ကို မြင်ကြရ၍(ဤ၌–လွန်ခဲ့ပြီးခဲ့သည့် မီးတိုက်မှုအတွက် သတ်လို့သေစေလိုသော စေတနာမရှိ၍ အပြစ်မရှိသော်လည်း နှလုံးသွင်းမတတ်ကြ၍အကြောက်လွန်ကြသည့်အတွက်) "ရှင်မတို့...ငါတို့သည် အဘယ်အမှု ပြုမိကြသနည်း=အပြုမှားကုန်ပေါ့၊ ဤပစ္စေကဗုဒ္ဓါအရှင်မြတ်သည် မင်းကြီး၏ ရွှေနန်းတော်၌ နေ့စဉ် ဆွမ်းခံကြသော အရှင်မြတ် ဖြစ်လေသည်၊ ဤပစ္စေကဗုဒ္ဓါအရှင်မြတ် ပျံလွန်တော်မူနေသည်ကို မြင်ရလျှင် မင်းကြီးသည် ငါတို့အား ပြင်းစွာအမျက်ထွက်ပေလိမ့်မည်၊ ယခုအခါ မင်းကြီး မကြားသိမီ ထိုပစ္စေကဗုဒ္ဓါကို အစပျောက်၊ အနပျောက် ပြာကျအောင် မီးသင်္ဂြိုဟ်မှ ငါတို့ပြုမှ သင့်တော်တော့မည်"ဟု အတိုင်ပင်မှား၊ အကြံမှားကြကာ နောက်ထပ်၍ အခြားထင်းတို့ကိုလည်း တည့်ပြီးလျှင် မီးတိုက်မှားကြပြန်လေ၏။ (ဤနောက်ဆပ် မီးတိုက်ခြင်းကား သေစေလိုသော စေတနာ ပါရှိသောကြောင့် အပြစ်ကြီးလေးလေသည်)။

တဖန် (နောက်ထပ်တိုက်သည့်) မီးတောက်မီးလျှံများ ပြတ်လတ်သော် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နိရောဓသမာပတ်မှ ထတော်မူ၍ ထိုမိန်းမများ ကြည့်ရှုနေကြစဉ်ပင် သင်္ကန်းတို့ကို ခါ၍ ကောင်းကင်သို့ ပျံတက်ကာ ကြွသွားတော်မူလေ၏။ ထိုမိန်းမများ အကုသိုလ်ကံကြောင့် ငရဲ၌ ကျက်ကြရပြီးလျှင် ဝိပါက်ကြွင်းအနေဖြင့် ဤယခု မီးလောင်တိုက်အသွင်းခံရ၍ သေဆုံးပျက်စီးခြင်းသို့ ထိုမိန်းမတို့ ရောက်ကြရလေသည်။ ဤကား အဖြေတည်း)။

## (ဂ) ဧအာဏာ်အဲ့ရှေး ရရှိကြခြင်း

သာမာဝတီမိဖုရား အမှူးပြုသော မင်းမိန်းမငါးရာတို့ အကျိုးမဲ့ ပျက်စီးဆုံးရှုံးကြပြီးသည့်နောက် ၁-ဘိက္ခု = ရဟန်းယောက်ျား, ၂-ဘိက္ခုနီ = ရဟန်းမ, ၃-ဥပါသကာ = ဒါယကာ, ၄-ဥပါသိကာ = ဒါယိကာမ တည်းဟူသော = ပရိသတ်လေးပါးတို့ အလယ်၌ ဤ ဆိုလတ္တံ့သောအတိုင်း ချီးမွမ်းစကား ဖြစ်ပွါးခဲ့လေသည်၊ ဖြစ်ပွါးပုံမှာ——

WWW.DHAMMARANSI.COM



“ခုဇ္ဇုတ္တရာကား အကြားအမြင် = ဗဟုဿုတ များပါပေစွ၊ မာတုဂါမကိုယ်အဖြစ်နှင့် တည်သူ ဖြစ်ပါလျက် (= မိန်းမသားဖြစ်ပါလျက်) မင်းမိန်းမငါးရာတို့အား တရားကို ဟောကြား၍ သောတာပတ္တိဖိုလ်၌ တည်စေပါပေ၏။

သာမာဝတီမိဖုရားသည်လည်း ဥဒေနမင်းကြီးက မိမိ (သာမာဝတီ)သို့ ပစ်အပ်သောမြားကို ဩဒိဿကမေတ္တာ ဖြန့်ခြင်းဖြင့် ဖြန့်၍ တားမြစ်နိုင်ပါပေ၏”—

ဤကဲ့သို့ ချီးမွမ်းစကား ဖြစ်ပွါးခဲ့လေသည်။

နောက်အဖို့ဝယ် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူလျက် ဥပါသိကာတို့ကို အစဉ်အတိုင်း ဧတဒဂ်ရာထူး၌ ထားတော်မူလတ်သည်ရှိသော် ခုဇ္ဇုတ္တရာရှင်မကို—

“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ယဒိဒံ ခုဇ္ဇုတ္တရာ = ရဟန်းတို့...အကြားအမြင် ဗဟုဿုတများကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဥပါသိကာတို့တွင် ခုဇ္ဇုတ္တရာဥပါသိကာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

ဟု ချီးကျူး မိန့်မြွက်တော်မူကာ “ဗဟုဿုတ = အကြားအမြင်များသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

(ဧတဒဂ်ရာထူးဖြင့် ချီးသည်းချီးကျူးလောက်ပါပေသည်။ ထင်ရှားစေဦး အံ့—သာမာဝတီမိဖုရားအမှူးရှိသော မင်းမိန်းမငါးရာတို့ သောတာပန်အရိယာ ဖြစ်ကြပြီးသောအခါ ဤခုဇ္ဇုတ္တရာကို “အမိ ဥတ္တရာ ...... အမိသည် နေ့တိုင်း နေ့တိုင်း မြတ်စွာဘုရားအထံတော်သို့ သွား၍ ဘုရားရှင်ဟောသမျှတရားကို နာပြီးလျှင် အကျွန်ုပ်တို့အား တဖန်ပြန်၍ ဟောပါလော့”ဟု ဆိုကြလေသည်၊ သူမသည် ထိုမင်းမိန်းမတို့ ဆိုသည့်အတိုင်း ပြုလျက် နောက်အဖို့ဝယ် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရအမျိုးသမီး ဖြစ်ခဲ့လေသည်။ ထို့ကြောင့်ပင် မြတ်စွာဘုရား

WWW.DHAMMARANSI.COM



သည် ခုဇ္ဇုတ္တရာကို နောက်အဖို့ဝယ် ဗဟုဿုတ အရာ၌ ဧတဒဂ် ထားတော်မူလေသည်။

ဤသို့လျှင် ဥပါသိကာ=ဒါယိကာမတို့အနက် ဗဟုဿုတများလှသူ ဖြစ်သောကြောင့် မြတ်ဘုရားကပင် ဧတဒဂ်ရာထူး၌ ထားတော်မူအပ်သော သေက္ခပဋိသမ္ဘိဒါပတ္တ ခုဇ္ဇုတ္တရာ အရိယာသာဝိကာသည် မြတ်စွာဘုရားရှင် ကောသမ္ဗီပြည်၌ သီတင်းသုံးနေတော်မူစဉ် အခါမြတ် ဖြစ်ဘုရားထံသို့သွား၍ တရားနာပြီးလျှင် နန်းတော်သို့တဖန် ပြန်လာ၍ သာမာဝတီအမှူးပြုသော မင်းမိန်းမငါးရာ အရိယာသာဝိကာတို့အား ဘုရားဟောတော်မူသည့်နည်းအတိုင်း မိမိကြားနာခဲ့ရသော တရားများကို "ဝုတ္တံ ဟေတံ ဘဂဝတာ၊ ဝုတ္တမရဟတာတိ မေ သုတံ"ဟု နိဒါန်းပျိုးကာ တဖန်ပြန်၍ ဟောပြလေသည်။

ထိုသို့ ခုဇ္ဇုတ္တရာ တဖန်ပြန်၍ ဟောကြားအပ်သည့် သုတ်ပေါင်း (၁၁၂) တရာ့တဆယ့်နှစ်သုတ်ရှိသော ဇိနဝစန=ဘုရားရှင်၏ စကားတော်အစဉ်ကို သံဂါယနာတင် မထေရ်မြတ်တို့သည် "ဣတိဝုတ္တက ပါဠိတော်"ဟူသော အမည်ဖြင့် သံဂါယနာတင်တော်မူခဲ့ကြလေသည်။ ဣတိဝုတ္တက ဋ္ဌ၊ မျက်နှာ ၂၉-မှ)။

မြတ်စွာဘုရားသည် ဧတဒဂ်ပွဲကြီးသဘင် ယင်ရာ၌ သာမာ-ဝတီမိဖုရားကိုကား—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ မေတ္တာဝိဟာရီနံ ယဒိဒံ သာမာဝတီ=ရဟန်းတို့…. မေတ္တာဈာန်ဖြင့် နေလေ့ရှိကြသည့် ငါဘုရား၏တပည့်မ=သာဝိကာ ဥပါသိကာတို့တွင် သာမာဝတီသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "မေတ္တာဝိဟာရီ=မေတ္တာဈာန်ဖြင့် နေလေ့ရှိသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ် ရာထူး၌ ထားတော်မူလေ၏။

ဤကား ခုဇ္ဇုတ္တရာနှင့် သာမာဝတီတို့ အကြောင်းတည်း။

WWW.DHAMMARANSI.COM



## (၅) ဥတ္တရာ နန္ဒမာတာ ဥပါသိကာ အကြောင်း

### (က) ဥတ္တရာ၏ ရှေးကောင်းမှု

ဤ ဥတ္တရာ နန္ဒမာတာ ဥပါသိကာအလောင်း အမျိုးကောင်း သမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသမီး ( = သူဌေးသမီး)ဖြစ်၍ တနေ့သ၌ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာစဉ် မြတ်စွာဘုရားရှင်က ဥပါသိကာတယောက်ကို "ဈာနာဘိရတာ = ဈာန်တရားဖြင့် နေလေ့ရှိသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး = ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေသည်။ မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား ကြားတော်မူခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ပုဏ္ဏသူဌေးကြီး၏ သမီး ဥတ္တရာ ဖြစ်လာခြင်း

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤအကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလဝယ် ရာဇဂြိုဟ်ပြည်၌ သုမနသူဌေးကြီးကို မှီခို၍ နေရသည့် "ပုဏ္ဏသီဟ" အမည်ရှိသော အလုပ်သမားနှင့် ဇနီးဖြစ်သူ ဥတ္တရာတို့၏ သမီး ဖြစ်လာလေသည်။ ထိုသမီး၏ အမည်ကိုလည်း အမိအမည်နှင့် အလားတူ **"ဥတ္တရာ"ဟူ၍ မှည့်ခေါ်ကြကုန်၏။**

### ပုဏ္ဏသီဟ သူဌေးဖြစ်ချိန်

**တို့နောက် တနေ့သ၌ နက္ခတ်ပွဲသဘင်နေ့ဝယ် ရာဇဂြိုဟ်** သူဌေးကြီးသည် ပုဏ္ဏကို ခေါ်စေ၍ "အမောင်ပုဏ္ဏ...နက္ခတ်ပွဲသဘင်သည်ရှင်း, ဥပုသ်စောင့်သုံးခြင်းသည်ရှင်း ဆင်းရဲသော (မောင်တို့လို) လူ့အဖို့ရာ အဘယ်ပြုအံ့နည်း၊ သို့သော်လည်း အမောင်သည် 'ပွဲသဘင်အဖိုးအခရိက္ခာကို ယူ၍ ပွဲလမ်းသဘင် ကိုပင် ပျော်ရွှင်မည်လော၊ သို့မဟုတ် အားကောင်းသည့်နွားများ,

WWW.DHAMMARANSI.COM



ထွန်တုံး, ထွန်သွားများကို ယူကာ လယ်ထွန် မည်လော၊ အမောင်နှစ်သက်ရာကို ပြောပါလော့”ဟု ဆိုလေ၏။ ထိုအခါ ပုဏ္ဏသူဆင်းရဲသည် သူဌေးကြီးကို“အရှင်........ကျွန်ုပ်၏ အိမ်ရှင်မနှင့် တိုင်ပင်ပြီးမှ စဉ်းစားပါရစေ”ဟု ပြောခဲ့၍ ထိုသူဌေးကြီး မေးသည့်စကားကို အိမ်ရှင်မ-ဥတ္တရာအား ပြောကြားလေ၏။ ဇနီးဥတ္တရာသည် “အိုအရှင်....သူဌေးဟူသည်မှာ အကျွန်ုပ်တို့၏ အရှင်သခင် အစိုးရသူဖြစ်သည်၊ သို့ဖြစ်သည့်အတွက် ထိုသူဌေးမင်း၏ အဖို့ရာ အရှင်နှင့် အတူတကွ စကားပြော ဆိုလတ်သော် ပြောသမျှ စကားသည် တင့်တယ်၏ (= အရှင်သခင် အစိုးရသူဖြစ်၍ သူ့အဖို့ရာ သူပြောသမျှ တင့်တယ်၏)၊ သို့သော်လည်း အရှင်သည် မိမိ၏ လုပ်ငန်းဖြစ်သည့် လယ်ထွန်မှုကို မစွန့်ပစ်ပါလင့်”ဟု တိုက်တွန်းစကား ပြောကြားလေ၏။ ပုဏ္ဏသူဆင်းရဲသည် ဇနီး၏ စကားကို နားထောင်ပြီးလျှင် လယ်ထွန်ရမည့် ထွန်တုံး, ထွန်သွား, နွား-စသည့် ဘဏ္ဍာများကို အပြည့်အစုံ ယူကာ လယ်တောသို့ သွားရောက်၍ လယ်ထွန်နေလေ၏။

အကြောင်းထူး တိုက်ဆိုင်လာသည်မှာ ထိုနေ့၌ အရှင်သာရိပုတ္တရာ မထေရ်သည် နိရောဓသမာပတ်မှ ထ၍ “ယနေ့ ငါသည် အဘယ်သူအား ချီးမြှောက်မှုပြုရလျှင် သင့်မည်နည်း”ဟု ဆင်ခြင်တော်မူလတ်သည်ရှိသော် ဤပုဏ္ဏသူဆင်းရဲ၏ *ရှေးကောင်းမှု = ဥပနိဿယကို မြင်တော်မူ၍ ဆွမ်းခံချိန်၌ သပိတ်,သင်္ကန်း

* ရှေးကောင်းမှု=ဥပနိဿယကို မြင်တော်မူ၍- ဟူသောစကားရပ်ဖြင့် မဂ်ဖိုလ်တရားထူးကို ရရှိရေးအတွက် ပစ္စုပ္ပန် ဤဘဝ၌ ပြည့်စုံရမည့် အကြောင်းတို့ ပေါင်းဆုံ ညီညွတ်မှုပင် ရှိသော်လည်း မချွတ်ကေန်အမှန်ပင် ရှေးကောင်းမှုကုသိုလ်နှင့် ပြည့်စုံခြင်းကို အလိုရှိအပ်သကဲ့သို့ ဤအတူပင် ဒိဋ္ဌဓမ္မဝေဒနီယကံအဖြစ်ဖြင့် မျက်မှောက်ဘဝ အကျိုးရမည့်ကံ၏ အဖို့ရာ၌လည်း ပစ္စုပ္ပန် အကြောင်းအပေါင်း ကဲ့သို့ပင် ရှေးကောင်းမှု=ဥပနိဿယနှင့် ပြည့်စုံခြင်းကို အလို ရှိအပ်လေသည်ဟု ပြတော်မူ၏။ ထို့ကြောင့်ပင် အထွတ်အထိပ်ရောက်သည့် သမ္ပုဂ္ဂိုလ်-သူပနိဿယ,ယောနိသော မနသိကာရ-ဟူသော (ပစ္စုပ္ပန်) အကြောင်းတို့

WWW.DHAMMARANSI.COM



ကို ယူဆောင်တော်မူကာ ပုဏ္ဏသူဆင်းရဲ လယ်ထွန်ရာ အရပ်သို့ ကြွတော်မူလျက် မနီးမဝေးဝယ် ကိုယ်တော်ကို ပြလေ၏။ ပုဏ္ဏသူဆင်းရဲသည် မထေရ်မြတ်ကို မြင်လျှင် လယ်ထွန်ခေတ္တရပ်ထား ခဲ့၍ မထေရ်၏အထံသို့ သွားပြီးလျှင် တည်ခြင်းငါးမျိုးဖြင့် ရှိခိုးလေ၏။ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ပုဏ္ဏသူဆင်းရဲကို (ချီးမြှောက်တော်မူလိုသဖြင့်) ကြည့်တော်မူ၍ ရေ ချမ်းသာမည့် အရပ်ကို မေးတော်မူလေ၏။ ပုဏ္ဏသူဆင်းရဲသည် "အရှင်မြတ် ကြီးကား မျက်နှာသစ်တော်မူလိုသည် ဖြစ်ပေလိမ့်မည်"ဟုကြံစည် အောက်မေ့ကာ လျင်မြန်စွာ သွားတည့်၍ တံပူကို ယူဆောင် ခဲ့ပြီးလျှင် အပ်စပ်အောင်ပြုလျက် မထေရ်မြတ်အား ဆက်ကပ် လှူဒါန်းလေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ် တံပူကို ဝါးနေ တော်မူစဉ်ပင် သပိတ်နှင့်တကွ မကရိုက် = ရေစစ်ကို ထုတ်ယူ ခဲ့၍ ရေအပြည့် ခပ်ဆောင်လာခဲ့လေ၏။

အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် မျက်နှာတော် သစ်ပြီး လျှင် ဆွမ်းခံခရီးသို့ ကြွတော်မူလေ၏။ ထိုအခါ ပုဏ္ဏသူဆင်းရဲ သည် "အခြားတပါးသော နေ့တို့၌ မထေရ်မြတ်သည် ဤခရီးသို့ ကြွတော်မမူ၊ ယနေ့မူကား ငါ့အား ချီးမြှောက်ရန် ကြွလာတော် မူသည် ဖြစ်ပေလိမ့်မည်။ သြ...ငါ၏ အိမ့်ရှင်မသည် ငါ့အတွက် ယူဆောင်လာမည့် ထမင်းကို မထေရ်မြတ်၏ သပိတ်၌ လောင်း ထည့်၍ လှူလိုက်ရပါမူ ကောင်းလေစွ"ဟု ကြံစည် ဆင်ခြင်မိ လေ၏။

ထို့နောက် ပုဏ္ဏသူဆင်းရဲ၏ အိမ့်ရှင်မသည် "ယနေ့ကား ပွဲသဘင်နေ့ဖြစ်သည်"ဟု ကြံစည်အောက်မေ့၍ စောစောပင် မိမိ အတွက် ရရှိသောရိက္ခာဖြင့် ခဲဖွယ်, ဘောဇဉ်များကို စီမံချက်ပြုတ် ကာ ယူဆောင်ခဲ့၍ အရှင်သခင် ခင်ပွန်းသည် မောင်ပုဏ္ဏ၏ လယ်ထွန်ရာ လယ်တောသို့ လာလတ်သည်ရှိသော် လမ်းခရီး

---

ကောင်းကောင်းကြီး ပြည့်စုံသော်လည်း မင်္ဂိုလ်ရကြောင်း ရှေး ကောင်းမှု=ဥပနိဿယမှ ကင်းသောသူ၏အဖို့ရာ မဂ်,ဖိုလ်ရခြင်းသည် မပြည့်စုံနိုင်။ ဋီကာ ၂၀၈-မှ။

WWW.DHAMMARANSI.COM



အကြားနှင့် မထေရ်မြတ်ကို မြင်၍ "ဩ...အခြားတပါးသောနေ့များ၌ ငါ့အဖို့ရာ မထေရ်မြတ်ကို ဖူးတွေ့ရသော်လည်း လှူဖွယ်ဝတ္ထုက မရှိပဲ ဖြစ်နေ၏၊ လှူဖွယ်ဝတ္ထုရှိပြန်ပါတော့လဲ ငါ၏အရှင်မြတ်ကို မဖူးတွေ့ရချေ။ ယနေ့မူကား လှူဖွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ် = နှစ်မျိုးလုံးတို့ပင် မျက်မှောက်ဖြစ်၍ နေချေပြီ၊ ငါ့အရှင်သခင် ခင်ပွန်းသည်၏အတွက် တဖန် အိမ်ပြန်၍ ချက်ပြုတ်စီမံပြီးမှ ထမင်းကို ပို့တော့မည်၊ ငါ ယခု ဆောင်ယူခဲ့သည့် ဤထမင်းအစာအာဟာရကို မထေရ်မြတ်အား လှူဦးမှပဲ" ဟု ဆင်ခြင်မိကာ စေတနာသုံးတန် ပြည့်စွာနှင့်လျက် ထိုမိမိယူဆောင်ခဲ့သောဘောဇဉ်ထမင်းကို အရှင်သာရိပုတ္တရာမထေရ်မြတ်၏ သပိတ်၌ လောင်းထည့်လှူဒါန်းလိုက်ပြီးလျှင် "ဤသို့ သဘောရှိသည့် ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းမှ လွတ်မြောက်ရပါလို၏ဘုရား" ဟု ဆုတောင်းစကား လျှောက်ထားလိုက်လေ၏၊ မထေရ်မြတ်သည်လည်း "သင်၏ အလိုဆန္ဒ ပြည့်ဝပါစေ" ဟု ထိုအမျိုးသမီးအား ဝမ်းမြောက်ဖွယ်ရာ = အနုမောဒနာစကား မိန့်ကြားတော်မူ၍ ထိုအရပ်မှပင် ပြန်နစ်ကာ ကျောင်းတော်သို့ ကြွလေ၏။

(ဤ၌-ဒါနကောင်းမှု တခုခုပြုလျှင် မဟာကုသိုလ်ဇောဝါရ ဝီထိတို့များစွာ ဖြစ်ကြလေရာ တဝီထိ တဝီထိတို့၌ ကုသိုလ်ဇော ခုနစ်ကြိမ်တို့ ဖြစ်ရှိလေသည်၊ ထို ဇောခုနစ်ကြိမ်တို့အနက် ပဌမဇောစိတ်တို့၌ ပါရှိသော ကုသိုလ်စေတနာကို (အကြောင်းညီညွတ်လျှင် မျက်မှောက်ဘဝ၌ အနုပါဒိဏ္ဏက = သက်မဲ့ဖြစ်သည့် ရွှေ, ငွေ-စသော ရှပ်ဝတ္ထု အကျိုးတရားတို့ကို ဖြစ်စေတတ်သောကြောင့်) ဒိဋ္ဌဓမ္မဝေဒနီယကံဟူ၍ ခေါ်ဆိုအပ်၏။

ထို ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးရန်မှာ - (က) ဝတ္ထုသမ္ပဒါ = အလှူခံပုဂ္ဂိုလ်က အနာဂါမ်အရိယာ (သို့မဟုတ်) ရဟန္တာပုဂ္ဂိုလ်ဖြစ်ခြင်း၊ (ခ) ပစ္စယသမ္ပဒါ = လှူဖွယ် ဝတ္ထုက တရားသဖြင့် ရအပ်သော ပစ္စည်းဖြစ်ခြင်း၊ (ဂ) စေတနာသမ္ပဒါ = အလှူပေးပုဂ္ဂိုလ်၏ စေတနာသုံးတန်နှင့် ပြည့်စုံညီညွတ်ခြင်း၊ (ဃ) ဂုဏာတိရေကသမ္ပဒါ = အလှူခံပုဂ္ဂိုလ်က သမာပတ်မှ ထသစ်စဖြစ်ခြင်း (ပစ္စုပ္ပန်ဘဝအတွက်) = ဤအကြောင်းလေးပါးနှင့်ပြည့်စုံ၍ အလှူရှင်ကလည်း ရှေးကောင်းမှု = ဥပနိဿယနှင့်

WWW.DHAMMARANSI.COM



ပြည့်စုံခြင်း–ဤအကြောင်းများ ညီညွတ်မှ မျက်မှောက်ဘဝ၌ အကျိုးပေးရလေသည်။

ယခု ပုဏ္ဏသူဆင်းရဲ ဇနီးမောင်နှံတို့၏ အလှူဒါနမှာလည်း ဖော်ပြရာပါ ပစ္စုပ္ပန်ဘဝအတွက် အကြောင်းလေးပါးတို့နှင့် ပြည့်စုံသည့်ပြင် မောင်ပုဏ္ဏကိုယ်တိုင်ကပင် သူဌေးဖြစ်ရန် အတိတ်ဘဝ ရှေးကောင်းမှု–ဥပနိဿယနှင့်လည်း ပြည့်စုံသူဖြစ်၍ ထိုနေ့မှာပင် မဟာဓနသူဌေးကြီးဖြစ်အောင် အနုပါဒိဏ္ဏက–သုံးမကုန် စွဲမကုန်နိုင်သည့် သက်မဲ့ ရွှေတုံးရွှေစိုင် ရုပ်ဝတ္ထုအကျိုးတို့ကို ပေးလေသည်)။

ပုဏ္ဏသူဆင်းရဲ၏ ဇနီးသည်လည်း တဖန် မိမိအိမ်သို့ ပြန်၍ ခင်ပွန်းသည်အတွက် ထမင်းအစာအာဟာရကို ချက်ပြုတ်စီမံကာ ယူဆောင်ခဲ့၍ ပုဏ္ဏလယ်ထွန်ရာအရပ်သို့ရောက်လေသော် ခင်ပွန်းသည်၏ အမျက်ထွက်အံ့သော ဘေးမှ ကြောက်ရွံ့သည်ဖြစ်၍ (ခင်ပွန်းသည် အမျက်ထွက်ခဲ့လျှင် ထိုဆွမ်းအလှူဒါန အဟောသိကံဖြစ်ကာ အကျိုးမရမည်ကို စိုးရိမ်ရွံ့သည်ဖြစ်၍) "အို–အရှင်……ယနေ့ တရက်လောက်တော့ အရှင်၏စိတ်ကို အမျက်မထွက်အောင် စောင့်ရှောက် ထိန်းသိမ်းစေလိုပါသည်"ဟု ကြိုတင်၍ ပြောလေ၏၊ ပုဏ္ဏသူဆင်းရဲက "အဘယ်အကြောင်းကြောင့်နည်း"ဟု မေးလေလျှင် ဇနီးသည်သည် "အရှင်…. ကျွန်တော်မသည် ယနေ့ အရှင်၏ (အတွက်တာ) ထမင်း–အာဟာရကို ဆောင်ယူလာစဉ် လမ်းခရီးအကြား၌ အရှင်သာရိပုတ္တရာမထေရ်ကို ဖူးတွေ့ရ၍ အရှင်၏ ဝေစုကျထမင်းကို မထေရ်မြတ်၏ သပိတ်၌ လောင်းလှူလိုက်ပြီးမှ အိမ်သို့ တဖန် ပြန်ကာ ထမင်းအသစ်ချက်၍ ယူဆောင်ပြီး (ယခုလို နေမြင့်မှ)လာရောက်ရပါသည်"ဟု ကြောင်း, ကျိုး လုံလောက်စွာ ပြောဆိုလေ၏။

### လွန်စိုင်မြေတုံးတို့ ရွှေတုံးများ ဖြစ်လေပြီ

ပုဏ္ဏသူဆင်းရဲကလည်း "ရှင်မ….သင်သည် နှစ်သက်ဖွယ်သောအမှုကို ပြုအပ်လေပြီ၊ ငါသည်လည်း စောစောကပင် မထေရ်မြတ်ကြီးအား တံပူနှင့် မျက်နှာသစ်ရေတော်ကို ပူဇော်ဆက်ကပ်လှူဒါန်းအပ်လေပြီ၊ ယနေ့ ငါတို့အဖို့ရာ ကောင်းသော မိုးသောက်

WWW.DHAMMARANSI.COM



ခြင်း ဖြစ်ပါပေ၏၊ မတေရိမြတ်၏ ယနေ့ ကိုယ်ရေးကိုယ်တာ အတွက် သုံးဆောင်အပ်သမျှ အလုံးစုံပင် ငါတို့၏ ဥစ္စာသာလျှင် ဖြစ်ပေ၏" ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုကာ ဇနီးမောင်နှံ နှစ်ဦးလုံးတို့၏ သန္တာန်ဝယ် တထပ်တည်း တူမျှသည့် ကုသိုလ် စိတ်များ တဖွားဖွားဖြစ်၍ နေလေ၏။

ထိုနောက် ပုဏ္ဏသူဆင်းရဲသည် ထမင်းစားပြီးလျှင် ဇနီးသည်၏ ပေါင်ပေါ်၌ ဦးခေါင်းချ၍ ခေတ္တမျှ လဲလျောင်းလေ၏၊ ထိုအခါ ပုဏ္ဏ၏ ခန္ဓာအစဉ်ဝယ် အိပ်ပျော်ခြင်း = ဘဝင်စိတ်အစဉ်သည် သက်လေတော့၏ (= အိပ်ပျော်သွား၏ဟု ဆိုလိုသည်)။ ပုဏ္ဏ သူဆင်းရဲသည် အချိန်အနည်းငယ် အိပ်ပျော်ပြီး၍ နိုးလာလတ် လျှင် မိမိထွန်ယက်ထားသောအရပ်ကိုကြည့်ရှုလေ၏၊ မောင်ပုဏ္ဏ ကြည့်တိုင်း ကြည့်တိုင်းသော အရပ်သည် သပွတ်ခါးပွင့်ကြီးတို့ဖြင့် ကြဲ၍ထားသကဲ့သို့ ဝါဝါဝင်းရွှေ ထိန်ထိန်ဝေလျက် ရှိလေ၏၊ ပုဏ္ဏ သူဆင်းရဲသည် ဇနီးသည်ကို "ရှင်မ....ထိုဝတ္ထုများကား အဘယ် မည်သော ဝတ္ထုများနည်း (ထွန်စိုင်မြေတုံးတို့ကို လက်ဖြင့်ညွှန်၍ ပြောနေသည်)၊ ယနေ့ ငါထွန်ယက်ပြီးသမျှ ဤလယ်မြေအရပ် ဌာနသည် ငါ့အဖို့ရာ ရွှေရောင်အဆင်းရှိသည်ဖြစ်၍ ထင်နေရ၏" ဟု ပြောဆိုလေ၏၊ ဇနီးသည်က "အရှင်····ယနေ့ အရှင်သည် တနေ့လုံး ပင်ပန်းလှသောကြောင့် မျက်စိများ လည်၍ = မှောက် မှား၍ နေကြသည် ထင်ပါ၏" ဟု ပြောလေလျှင် ပုဏ္ဏသူဆင်းရဲ သည် "ရှင်မ....ငါ့အား မယုံကြည်လျှင် ရှင်မကိုယ်တိုင် ကြည့်ပါ လော့" ဟု ပြောဆိုလေ၏၊ ထိုအခါကျမှ ဇနီးသည်သည် လယ် မြေကိုကြည့်ပြီးလျှင် "အရှင်....အရှင်သည် ဟုတ်မှန်သောသဘော ကို ပြောဆိုပါ၏၊ ဤဝတ္ထုများသည် အရှင်ပြောသည့်အတိုင်း ရွှေစိုင်တုံးများ ဖြစ်ကြပေလိမ့်မည်" ဟု ပြောဆိုလေ၏။

ပုဏ္ဏသူဆင်းရဲသည် ကိုယ်တိုင်ထသွား၍ ထွန်စိုင်မြေတုံးတခုကို ကောက်ယူပြီးလျှင် ထွန်တုံးဦး၌ ထုနှက်ကြည့်လေ၏၊ ထွန်စိုင် မြေတုံးကြီးသည် ရွှေတုံးရွှေစိုင်ကြီးဖြစ်ကာ တင်လဲခဲကြီးကဲ့သို့ ထွန်တုံးဦး၌ ကပ်ငြိလျက် တည်လေ၏၊ ပုဏ္ဏသူဆင်းရဲသည် ဇနီး

WWW.DHAMMARANSI.COM



သည်ကို ခေါ်၍ "ရှင်မရေ... အခြားသူများ စိုက်ပျိုးအပ်သော မျိုးစေ့သည် သုံးလ (သို့မဟုတ်) လေးလကြာမှ အသီး သီး၏၊ ငါတို့၏ အရှင်သာရိပုတ္တရာမထေရ်မြတ်တည်းဟူသော လယ်မြေကောင်းအတွင်း၌ စိုက်ပျိုးအပ်သည့် သဒ္ဓါမျိုးစေ့သည်ကား ယနေ့ပင် မချွတ်ကျန် အမှန်ပင် အသီးကို သီးစေအပ်=အကျိုးကို ပေးအပ်လေပြီ၊ ဤတပယ်မျှလောက်သောမြေအရပ်၌ သို့သွားသီးမျှသော မြေစိုင်ခဲသော်မှလည်း ရွှေမဟုတ်သော မည်သည် မရှိချေ" ဟု လက်ခုပ်တွေ့ပြ၍ ပြောဆိုလေ၏။

ဇနီးသည်က "ယခုအခါ အဘယ်သို့ ပြုလုပ်ကြမည်နည်း အရှင်...." ဟု မေးမြန်းလေလျှင် ပုဏ္ဏသူဆင်းရဲသည် "ရှင်မ.... ဤမျှ များပြားလှသော ဤရွှေတော့ကို ငါတို့ ခိုးဝှက်၍ စားသုံးခြင်းငှါ အဘယ်နည်းဖြင့်မျှ မတတ်နိုင်" ဟု ပြောဆို၍ ဇနီးသည်ကို ထိုနေရာ၌ ထားခဲ့ပြီးလျှင် ထမင်းအပြည့် ထည့်၍လာသော ခွက်အပြည့် ရွှေတုံးရွှေစိုင်တို့ကို ထည့်၍ မင်းနန်းတော်သို့ သွားရောက်ကာ မင်းကြီးအား "လူတယောက် ရွှေခွက်ကို ယူဆောင်လာ၍ ရွှေနန်းတော်တံခါးဝ၌ ရပ်တည်လာနေပါ၏" ဟု လျှောက်ကြားစေလေ၏၊ မင်းကြီးသည် ပုဏ္ဏသူဆင်းရဲကို ရွှေတော်မှောက်သို့ အရောက် ခေါ်သွင်းစေပြီးလျှင် မင်းကြီးနှင့် ပုဏ္ဏသူဆင်းရဲတို့ အပြန်အလှန် မေး, ဖြေကြသည်မှာ—

(မင်းကြီး) အမောင်...သင်သည် ဤရွှေများကို အဘယ် အရပ်၌ ရအပ်သနည်း။

(ပုဏ္ဏ) အရှင်မင်းကြီး····ယနေ့ အကျွန်ုပ် လယ်ထွန်အပ်သည့် မြေအရပ်တခုလုံး ရွှေတုံး ရွှေစိုင်ချည်း ဖြစ်၍ နေပါသည်၊ မင်းမှုထမ်းများကို စေလွှတ်၍ မင်းဘဏ္ဍာအဖြစ် သိမ်းပိုက်တော်မူကြစေချင်ပါသည်။

(မင်းကြီး) သင်သည် အဘယ်အမည် ရှိသနည်း။

(ပုဏ္ဏ) အရှင်မင်းကြီး····အကျွန်ုပ်သည် ပုဏ္ဏ-အမည် ရှိပါ၏။

WWW.DHAMMARANSI.COM



ထိုနောက် မင်းကြီးသည် "အချင်းတို့...သွားကြလော့၊ လှည်းများကို က-ပြီးလျှင် ပုဏ္ဏ၏ လယ်တွန်ရာအရပ်မှ ရွှေများကို တိုက်ခဲ့ ဆောင်ခဲ့ကြကုန်လော့"ဟု ဆို၍ မင်းမှုထမ်းတို့ကို လှည်းများနှင့်တကွ စေလွှတ်လိုက်လေ၏။

## ပုဏ္ဏတို့မိသားစု သူဌေးလည်းဖြစ် သောတာပန်အရိယာများလည်း ဖြစ်ကြခြင်း

လှည်းတို့ဖြင့် သွားရောက်ကြပြီးသော မင်းမှုထမ်းတို့သည် "မင်းကြီး၏ ဘုန်းတည်း"ဟု နှုတ်က မြွက်ဆို၍ ရွှေစိုင်ခဲတို့ကို ကောက်ယူကြကုန်၏၊ ကောက်ယူသမျှ ရွှေစိုင်ခဲများသည် ပကတိ ထွန်စိုင်မြေခဲများသာလျှင် ဖြစ်ကြလေ၏၊ မင်းချင်းတို့သည် ရွှေနန်းတော်သို့ သွားရောက်ကြ၍ မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားကြလေကုန်၏။ မိဋ္ဌိသာရမင်းကြီးက "အချင်းတို့.... ထိုသို့ဖြစ်လျှင် သင်တို့သည် 'မောင်ပုဏ္ဏ၏ ဘုန်းကံတည်း' ဟု နှုတ်က မြွက်ဆိုကာ ကောက်ယူကြကုန်လော့"ဟု အကြံပေး စကား ပြောကြားလိုက်ရာ မင်းချင်းတို့သည် တဖန်ပြန်သွားကြ၍ မင်းကြီး မှာကြားလိုက်သည့်အတိုင်း "မောင်ပုဏ္ဏ၏ ဘုန်းကံတည်း"ဟု နှုတ်က မြွက်ဆိုကြကာ ကောက်ယူကြလေကုန်၏၊ ယူတိုင်း ယူတိုင်းသည် ရွှေသားအတိသာလျှင် ဖြစ်လေ၏။

မင်းမှုထမ်းတို့သည် ထိုရွှေအားလုံးကို လှည်းအစီးပေါင်း များစွာဖြင့် တိုက်ဆောင်ခဲ့ကြ၍ မင်းကြီး၏အမိန့်အရ နန်းယင်ပြင် (= နန်းတော်မြေကွက်လပ်)၌ ပုံ၍ ထားကြလေကုန်၏၊ ရွှေတုံး ရွှေစိုင်အပုံကြီးကား အမြင့်ပမာဏအားဖြင့် ထန်းတဆင့်ခန့်မြင့်၍ နေလေ၏၊ မင်းကြီးသည် ကုန်သည်တို့ကို ထိုအရပ်သို့ ခေါ်စေပြီးလျှင် "ဤမြို့ဝယ် အဘယ်သူ၏အိမ်၌ ဤမျှ များပြားသော ရွှေများ ရှိသနည်း"ဟု မေးလေ၏။ ကုန်သည်တို့က "အရှင်မင်းကြီး... တဦးတယောက်၏ အိမ်မှာမှ ဤမျှ များပြားသော ရွှေများ မရှိပါ"ဟု လျှောက်ထားကြလေလျှင် မင်းကြီးက တဖန် "ဤမျှ များလှသော ဥစ္စာ၏ အရှင်ဖြစ်သူ မောင်ပုဏ္ဏအား အဘယ်သို့

ပြုရသော် သင့်မည်နည်း"ဟု မေးပြန်လေ၏။ ကုန်သည်တို့က
"ထိုပုဏ္ဏကို 'ဓနသေဋ္ဌိ'အမည်ရှိသော သူဌေးကြီး ခန့်အပ်သင့်ပါ
သည် အရှင်မင်းကြီး..."ဟု တညီတညွတ်တည်း တင်လျှောက်ကြ
လေလျှင် ဗိမ္ဗိသာရမင်းကြီးသည် "ထိုသို့ဖြစ်လျှင် မောင်ပုဏ္ဏကို
ဤရာဇဂြိုဟ်မြို့ဝယ် 'ဓနသေဋ္ဌိ'ဟူသော ဘွဲ့တံဆိပ် သတ်မှတ်၍
သူဌေးကြီးအရာကို ခန့်အပ်ကြကုန်လော့"ဟု မိန့်တော်မူပြီးလျှင်
ထိုရွှေအားလုံးကို မောင်ပုဏ္ဏအားသာ တဖန် ပြန်ပေး၍ ထိုနေ့
မှာပင်လျှင် မောင်ပုဏ္ဏအား ကြီးကျယ် ခမ်းနားစွာသော (မင်း
ပေး) အဆောင်အယောင်များဖြင့် မဟာဓနသေဋ္ဌိ သူဌေးကြီး
ရာထူးကို ပေးအပ် ချီးမြှောက်လေ၏။

ဓနသေဋ္ဌိအမည်ရှိသော ပုဏ္ဏသီဟသူဌေးကြီးသည် သူဌေး
ဘွဲ့ရ မင်္ဂလာပွဲသဘင် ဆင်ယင် ကျင်းပလတ်သော် ခုနစ်ရက်
ပတ်လုံး မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား ကြီးစွာ
သော အလှူဒါနကို ပေးလှူလေ၏။ ခုနစ်ရက်မြောက်သောနေ့၌
မြတ်စွာဘုရား၏ ဒါန အနုမောဒနာတရားကို ကြားနာကြရခြင်း
ကြောင့် (၁) ပုဏ္ဏသူဌေးကြီး၊ (၂) သူဌေးကတော်ကြီး ဥတ္တရာ၊
(၃) သမီးဥတ္တရာ=ဤမိသားစု သုံးယောက်တို့ပင် သောတာ-
ပတ္တိဖိုလ်၌ တည်ကြလေကုန်၏=သောတာပန် အရိယာ ဖြစ်ကြ
လေကုန်၏။ ။ဤကား ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက် ပြန့်နှံ့
ရာ နယ်အတွင်းဝယ် သုံးမကုန် စွဲမကုန်သည့် စည်းစိမ်ဥစ္စာရှိကြ
သော=အမိတဘောဂ သူဌေးကြီး ၅-ဦးတို့အနက် ပုဏ္ဏသီဟ
(ဓနသေဋ္ဌိဘွဲ့ခံ)သူဌေးကြီး၏ အကြောင်းတည်း။

## ပုဏ္ဏသီဟသူဌေးကြီး (မိစ္ဆာဒိဋ္ဌိ)သုမနသူဌေးကြီးနှင့်
## ခမည်းခမက် တော်စပ်ရခြင်း

နောက်အခါ၌ဝယ် ရာဇဂြိုဟ်သူဌေးကြီး(သုမန)သည် "ပုဏ္ဏ-
သူဌေးကြီး၏အိမ်မှာအရွယ်ရောက်သောသတို့သမီးရှိ၏"ဟူသော
သတင်းစကားကို ကြားသိ၍ မိမိ၏ သားနှင့် ထိမ်းမြားလိုသော
ကြောင့် ပုဏ္ဏသူဌေးကြီးအိမ်သို့ တမန် စေလွှတ်လေ၏။ ပုဏ္ဏ-

WWW.DHAMMARANSI.COM



သီဟသူဌေးကြီးသည် သုမနသူဌေး မှာကြားလိုက်သည့် သတင်းစကားကို ကြားရလေလျှင် "ငါသည် သမီးကို ဘယ်နည်းဖြင့်မျှ မပေးနိုင်"ဟု စကားပြတ် သတင်းတုံ့တဖန် ပြန်လိုက်လေ၏။ သုမနသူဌေးသည်လည်း သူဌေးမာန်ဖြင့် မခံ မရပ်နိုင်ဖြစ်ကာ "သင်သည် ငါ၏အိမ်ကို မှီ၍နေသွားပြီးမှ ယခုအခါ တပြိုင်နက်တည်းပင် အစိုးရသူ အထက်တန်းစား ဖြစ်သွားခြင်းကြောင့် ငါ့အား (မာန်တက်ကာ)သမီးကို မပေးသလော"ဟု သတင်းတဖန် ပို့စေပြန်လေ၏။ ပုဏ္ဏသီဟသူဌေးကြီးကလည်း အညှံ့မခံပဲ "အမောင်တို့၏ သုမနသူဌေးက ဤယခု မခြေမင်ံ စကားကို (ပြောကြားလိုက်သည်မှာ) သဘာဝ ဟုတ်မှန်သည်ကိုပင် ပြောကြားဦးတော့၊ မင်းယောကျာ်းသားမည်သည်ကို အခါခပ်သိမ်း ဤကဲ့သို့ချည်း(=သူဆင်းရဲဖြစ်နေရမည်) ဟု မမှတ်ယူသင့်ပါ။ မှန်ပါသည်=ငါကား ယခုအခါဝယ် ထိုသုမနသူဌေးကဲ့သို့သော ပုဂ္ဂိုလ်များကို ကျွန်ပြုလုပ်၍ သိမ်းယူခြင်းငှါပင် စွမ်းနိုင်ပါ၏။ အမှန်မှာ—အသင် သုမနသူဌေး၏ မျိုးရိုးဇာတိ, အနွယ်ကို ငါ မဖျက်ဆီးပါ=ဖျက်လိုဖျက်ဆီး ပြောကြားသည်မဟုတ်ပါ၊ စင်စစ်သော်ကား ငါ့သမီးသည် သောတာပန် အရိယသာဝိကာ=မြတ်စွာဘုရား၏ တပည့်မ-ဖြစ်သည့်အတွက် နေ့စဉ် နေ့စဉ် အသပြာ တကျပ်တန် ပန်းတို့ဖြင့် ရတနာသုံးပါးအား ပူဇော်မှုပြုနေသူ ဖြစ်သည်၊ ထိုငါ့သမီးကို သင်ကဲ့သို့သော မိစ္ဆာဒိဋ္ဌိ အယူရှိသူ၏အိမ်သို့ ဘယ်နည်းဖြင့်မျှ မပို့သနိုင်"ဟု တင်းတင်းမာမာပင် ပြန်ကြား ပြောဆိုလိုက်လေ၏။

ဤသို့လျှင် ပုဏ္ဏသီဟ သူဌေးကြီး၏ တားမြစ်သော အဖြစ် (=တင်းမာသောအဖြစ်)ကို သိရလေလျှင် သုမနသူဌေးသည် လေပျော့သွားကာ "အဟောင်း ဖြစ်သော=ရှိရင်းစွဲ ဖြစ်သော အကျွမ်းဝင်မှု=ခင်မင်ရင်းနှီးမှုကို မဖျက်ဆီးစေချင်ပါ၊ ငါသည် ငါ့ချွေးမအတွက် နေ့စဉ် နေ့စဉ် အသပြာ နှစ်ကျပ်တန် ပန်းတို့ကို စီမံစေပါမည်"ဟု သတင်းတဖန် ပို့စေပြန်လေ၏။ ထိုအခါကျမှ ပုဏ္ဏသီဟသူဌေးကြီးသည် ကျေးဇူးသိတတ်သူ ကတညုပုဂ္ဂိုလ်

WWW.DHAMMARANSI.COM



ဖြစ်သောကြောင့်"ကောင်းပါပြီ"ဟု ဝန်ခံ၍ သမီးဖြစ်သူ ဥတ္တရာကို သုမနသူဌေးအိမ်သို့ ပို့စေလေ၏။

## ဥတ္တရာ၏ ကြီးစွာသော သဒ္ဓါတရား

တနေ့သ၌ ပုဏ္ဏသူဌေးကြီး၏သမီး ဥတ္တရာသည် မိမိ၏အရှင်ခင်ပွန်းသည်ဖြစ်သော သူဌေးသားကို "အရှင်····အကျွန်ုပ်သည် မိမိ၏ မိဘအိမ်ဝယ် တလလျှင် ရှစ်သီတင်း အမြဲမပြတ် အဋ္ဌင်္ဂဥပုသ် စောင့်သုံးခဲ့ပါသည်၊ ယခု အခါလည်း အရှင်တို့က သဘောတူလက်ခံကြပါလျှင် အဋ္ဌင်္ဂဥပုသ်တို့ကို ဆောက်တည် ကျင့်သုံးလိုပါသည်"ဟု သာယာ ညွတ်ပျောင်း တောင်းပန်ရှာလေ၏။ သူဌေးသားသည်"ခွင့်မပြုနိုင်" ဟု ပြတ်ပြတ် တောင်းတောင်းပင် ပြောဆိုကာ လက်မခံခဲ့ချေ။ ဥတ္တရာသည်လည်း သူဌေးသားကို အသိမှန်=အမြင်မှန်ကို ရစေရန် မတတ်နိုင်ရှာသည်ဖြစ်၍ ဆိတ်ဆိတ်နေခဲ့ရလေ၏။ နောက်တကြိမ် ဝါတွင်း၌ "ဥပုသ်စောင့်ထိန်းသူ ဖြစ်တော့မည်"ဟု ကြံစည်၍ ထိုအခါ၌ အခွင့်ကို ပြုစေပါသော်လည်း . (ခွင့်တောင်း ပြန်ပါသော်လည်း) အခွင့်မရပဲ ရှိရှာလေ၏။

ဥတ္တရာ သူဌေးသမီးသည် ဝါတွင်း သုံးလအနက် နှစ်လခွဲ လွန်မြောက်၍ လဝက်(=၁၅-ရက်)သာကျန်လတ်သော် မိဘတို့၏ အထံသို့ "မိခင်, ဖခင်တို့...သမီးသည် မိ, ဘ တို့က အိမ်ထောင်တည်းဟူသော လှောင်အိမ်တွင်း သွင်းထားအပ်ခဲ့သည် ဖြစ်ပါ၍ ဤမျှရှည်ကြာ အခါကာလအတွင်း၌ တရက်တာမျှ ဥပုသ် အင်္ဂါတို့ကို ဆောက်တည် ကျင့်သုံးခွင့်ကို မရခဲ့ပါ၊ သမီးအထံသို့ အသပြာ (၁၅၀၀၀/၀၀) တသောင်းငါးထောင်တို့ကို ပို့လိုက်ကြစေချင်ပါသည်"ဟု သတင်းစကား ပို့သစေလေ၏။ မိ,ဘ တို့သည် သမီးပို့လိုက်သော သတင်းကို ကြားကြရ၍"အဘယ်အကြောင်းကြောင့်နည်း"ဟု အကြောင်းကိုပင် မမေးတော့ပဲ အသပြာ (၁၅၀၀၀/၀၀)ကျပ် တသောင်း ငါးထောင်ကို ပို့လိုက်ကြလေကုန်၏။

WWW.DHAMMARANSI.COM



ဥတ္တရာသူဌေးသမီးသည် ထိုအသပြာတို့ကိုယူ၍ ရာဇဂြိုဟ်မြို့မှာ ရှိသည့် (ဆရာဇီဝက၏ နှမ) "သိရိမာ အမည်ရှိသော ပြည့်တန်ဆာမကို ခေါ်စေပြီးလျှင် "အမိ သိရိမာ···· ငါသည် ဤ လဝက် (= ၁၅-ရက်) ပတ်လုံး ဥပုသ် အင်္ဂါတို့ကို ဆောက်တည် ကျင့်သုံးပါအံ့ (= ဆောက်တည်ကျင့်သုံးလို၍ပါ)၊ အမိသည် ဤ အသပြာ (၁၅၀၀၀/၀၀) တသောင်း ငါးထောင်တို့ကို ယူ၍ ဤ လဝက် (= ၁၅-ရက်) ပတ်လုံး သူဌေးသားကို ပြုစုယုယ ဖျော်ဖြေ စေချင်ပါသည်" ဟု ပြောဆိုလေ၏။ သိရိမာသည် ကောင်းပါပြီ အရှင်မ···" ဟု ဥတ္တရာ၏ ပြောဆိုချက်ကို လက်ခံ သဘောတူ လေ၏။ ထိုအခါမှစ၍ သူဌေးသားသည် "ငါကား သိရိမာနှင့် အတူ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ရတော့မည်" ဟု ဥတ္တရာ၏ လဝက် ဥပုသ်စောင့်သုံးမှုကို လက်ခံ သဘောတူလိုက်လေ၏။

ဥတ္တရာသူဌေးသမီးသည် သူဌေးသားက လက်ခံ သဘောတူ ကြောင်း သိရ၍ နေ့တိုင်း နေ့တိုင်း စောစောပင်လျှင် ကျွန်မ အပေါင်း ခြံရံအပ်လျက် မြတ်စွာဘုရားရှင်အတွက် ကိုယ်တိုင် ကိုယ်ကျ ခဲဖွယ်, ဘောဇဉ်များကို စီမံပြီးလျှင် ဘုရားအမှူးရှိသော သံဃာအား ဆက်ကပ်၍ မြတ်စွာဘုရားရှင် ဆွမ်းဘုဉ်းပေးပြီး ကျောင်းတော်သို့ ကြွသွားလေသော် ဥပုသ်အင်္ဂါတို့ကို ဆောက် တည်လျက် မြတ်သော ပြာသာဒ်ထက်သို့ တက်ရောက်ကာ မိမိ၏ သီလတို့ကို ဆင်ခြင်လျက် ထိုင်နေလေ၏။ ဤသို့လျှင် (သီတင်း ကျွတ် လဆန်း ၁-ရက်နေ့မှစ၍) လဝက် (=၁၅-ရက်) လွန်မြောက် ဥပုသ်ကို ချရတော့မည့် (သီတင်းကျွတ်လပြည့်ကျော် ၁-ရက်) နေ့ သို့ ရောက်သောအခါ စောစောစီးစီးပင် ယာဂု, ခဲဖွယ် စသည် တို့ကို ကိုယ်တိုင်အုပ်ချုပ် ချက်ပြုတ်စီမံလျက် လှည့်လည်နေလေ၏။

> "ဝတ္ထုကာမ၊ သဘာဝကား၊ ကာလရှည်ကြာ၊ သုံးမိပါက၊ ပမာဒ စိုး၊
> လွှမ်းမိုးမှုကြောင့်၊ သူ့ဟာကိုပင်၊ ကိုယ့်ဟာ ထင်၏"။ ။ဓမ္မပဒေသ။

ထိုအချိန်၌ သူဌေးသားသည် သိရိမာနှင့်အတူတကွ ပြာသာဒ် ထက်ဝယ် မွေ့လျော် ပျော်ပါးနေရာက ဇာလေသာပြူတင်းကို ဖွင့်၍ အိမ်ဝိုင်းအတွင်းကို ကြည့်ကာ ရပ်တည်နေလေ၏။ ဥတ္တရာ

WWW.DHAMMARANSI.COM



သည် ထိုအခိုက်မှာ လေသာပြူတင်းပေါက်ဖြင့် အထက်ကိုမော့၍ ကြည့်မိလေ၏။ (အကြည့်ချင်းဆုံ၍ သွားလေပြီ)။ သူဌေးသား သည် ဥတ္တရာကို ကြည့်၍ "ဤဥတ္တရာသည် ငရဲသူမ သဘောရှိစွာ တကား၊ ဤသို့ သဘောရှိသော သူဌေးမ-စည်းစိမ်ကို စွန့်ပယ်၍ ထမင်းအိုး, ဟင်းအိုး မီးသွေး (မင်) များဖြင့် လူးလဲ ညစ်ပေကာ အကြောင်းမဲ့ ကျွန်မတို့၏အကြားနှင့် ဟိုသွား ဒီသွား လှည့်လည် ကျက်စားနေဘိ၏"ဟု ကြံစည်အောက်မေ့ကာ ပြုံးရွှင်မှုပြုလေ၏။ ဥတ္တရာ သူဌေးသမီးကလည်း သူဌေးသား မေ့လျော့သည်ကို သိ၍ "ဤသူမိုက်မည်သည်ကား မိမိ၏ စည်းစိမ်သည် အခါခပ်သိမ်း တည်နေလိမ့်မည်ဟု မှတ်ထင်သည် ဖြစ်ပေလိမ့်မည်" ဟု ဆင်ခြင်မိကာ ပြုံးရွှင်မှု ပြုလေ၏။

ထိုအခါ သိရိမာသည် "ဤကျွန်မကား ငါရှိလျက်ပင် ဤကဲ့သို့ ငါ့အရှင်နှင့် ပြုံးရွှင်မှု ပြုဘိ၏"ဟု အမျက်ထွက်ကာ အောက်ထပ်သို့ ပြေးဆင်းလာလေ၏။ ဥတ္တရာသူဌေးသမီးသည် သိရိမာ၏ ပြေးဆင်းလာပုံဖြင့်ပင် "ဤအမိုက်မသည် လဝက်မျှ ဤအိမ်၌ နေရခြင်းကြောင့် 'ဤအိမ်သည် ငါ့အိမ်' ဟု အမှတ်ရှိသူ ဖြစ်မှားလေပြီ"ဟု သိ၍ ထိုခဏမှာပင် မေတ္တာအပ္ပနာဈာန်ကို ဝင်စား၍ ဗုန္ဓေမပျက် ရပ်တည်လျက်သာ နေလေ၏။ သိရိမာသည်လည်း ကျွန်မတို့အကြားမှ ပြေးလာ၍ ယောက်ချိုတခုကို ဆွဲယူကာ မုန့်ကြော်ရာအရပ်၌ရှိသည့် အိုးကင်းထဲမှကျိုက်ကျိုက်ဆူ(ပွက်ပွက် ဆူ) နေသော ဆီကို ယောက်ချိုအပြည့် ခပ်ယူခဲ့ပြီးလျှင် ဥတ္တရာ၏ ဦးခေါင်းပေါ်၌ တအားသွန်လောင်းချလိုက်လေ၏။ မေတ္တာဈာန် ကို ဖြန့်ထားခြင်းကြောင့် ဥတ္တရာ၏ ဦးခေါင်းပေါ်၌ လောင်းချ အပ်သည့် ကျိုက်ကျိုက်ဆူ (ပွက်ပွက်ဆူ) သော ဆီပူသည် ပဒုမာ ကြာရွက်ပေါ်၌ လောင်းချအပ်သည့် ရေကဲ့သို့ လျော၍သာ ကျ သွားလေ၏။

ထိုခဏ၌ သိရိမာ၏ အနီး၌ ရပ်တည်ရှိနေကြသော ဥတ္တရာ၏ ကျွန်မတို့သည် သိရိမာကို ကြည့်ရှုကြ၍ "ဟယ် ကျွန်မ....သင်ကား ငါတို့၏ အရှင်မလက်မှ အဖိုးအခ ရယူ၍ လာနေသူဖြစ်လျက်

WWW.DHAMMARANSI.COM



ဤအိမ်ဝယ် ဆယ့်ငါးရက်တာ အနေရကြသည် ဖြစ်၍ ငါတို့၏ အရှင်မနှင့် တူမျှသူဖြစ်အောင် အားထုတ်ဘိတကား”ဟု မျက်မှောက်ထင်ထင်မှာပင် သိရိမာကို ရေရွတ်စကား ပြောကြားကြလေကုန်၏။ ထိုအခါကျမှ (မူးလျော့နေသော) သိရိမာသည် မိမိမှာ ညွှသည်ဖြစ်ကြောင်း ကောင်းစွာသိမြင် ဆင်ခြင်မိလေ၏။ သိရိမာ မိမိမှားကြောင်း ကောင်းစွာသိမြင် သင်ခြင်ပြီးနောက် ထိုနေရာမှပင် သွားရောက်ကာ ဥတ္တရာ၏ ခြေရင်း၌ တုပ်ဝပ်၍ “အရှင်မ.... ကျွန်တော်မသည် မစူးမစမ်းမူ၍ ပြုမှားအပ်ခဲ့ပါပြီ၊ ကျွန်တော်မအား သည်းခံကြပါကုန်လော့”ဟု တောင်းပန်ဝန်ချစကား ပြောကြားလေ၏။ ထိုအခါ ဥတ္တရာသူဌေးသမီးသည် “အမိ သိရိမာ....ငါကား သင့်အား ဤနေရာ၌ အကန်တော့ မခံနိုင်ပါ၊ ငါကား ဖခင်ရှိသောသမီးဖြစ်သည်၊ မြတ်စွာဘုရားရှင်တည်းဟူသော ငါ၏ဖခင်ကို သည်းခံစေမှ=ကန်တော့မှ ငါသည် သည်းခံပေအံ့”ဟု ပြောဆိုလေ၏။

ထိုခဏမှာပင် မြတ်စွာဘုရားရှင်သည်လည်း ရဟန်းအပေါင်း ခြံရံလျက် ဥတ္တရာ၏ နေအိမ်ဝယ် အသင့်ခင်းထားအပ်သော နေရာ၌ ကြွရောက်ထိုင်နေတော်မူလေ၏။ သိရိမာသည် မြတ်စွာဘုရားရှင် အထံတော်သို့ သွားရောက်၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးတိုက်တုပ်ဝပ်၍ “မြတ်စွာဘုရား....တပည့်တော်မသည် အရှင်မ ဥတ္တရာ၏အပေါ်၌ အပြစ်တခု လွန်ကျူးပြုအပ်ခဲ့ပါပြီ၊ အရှင်ဘုရားတို့က သည်းခံတော်မူကြမှ ငါ သည်းခံမည်ဟု ပြောပါသည်။ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တပည့်တော်မအား သည်းခံတော်မူကြပါဘုရား” ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်က“သိရိမာ....သင့်အား ငါဘုရားသည်းခံ၏”ဟု မိန့်တော်မူလေလျှင် သိရိမာသည် ဥတ္တရာထံသို့ သွားရောက်၍ ဥတ္တရာကိုလည်း သည်းခံစေ = ကန်တော့လေ၏။

ဆက်၍ဖော်ပြလိုသည်မှာ– ထိုနေ့၌ သိရိမာသည် မြတ်စွာဘုရားရှင်၏ ဆွမ်းအနုမောဒနာတရား နာကြားရ၍—

WWW.DHAMMARANSI.COM



အဏ္ဏော်ဓေန ဇိနေ ကောစ်၊ အသာဝံ သာဗုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

ကောစ် = ဒေါသအမျက် ခြောင်းခြောင်းထွက်သူကို။ အကြောဓေန = အမျက်မပါ မေတ္တာနှလုံး ကိုယ်ကသုံး သဖြင့်။ ဇိနေ = ချမ်းမြေ့ကြည်ဖြူ အနိုင်ယူရာ၏။ အသာ-ဓုံ = သူတော်မဟုတ် လူသူနုပ်ကို။ သာဓုနာ = သူတော် နှလုံး ကိုယ်ကသုံးသဖြင့်။ ဇိနေ = ချမ်းမြေ့ ကြည်ဖြူ အနိုင် ယူရာ၏။ ကဒရိယံ = ကိုယ်ကလည်းမလှူလို သူလှူမည် ကိုလည်း ဟန့်တား အလွန်ကြမ်းတမ်းသော မစ္ဆရိယ သမားကို။ ဒါနေန = စွန့်ကြဲပေးကမ်း ကိုယ်က လှူဒါန်း သဖြင့်။ ဇိနေ = ချမ်းမြေ့ကြည်ဖြူ အနိုင်ယူရာ၏။ အလိက-ဝါဒိနံ = မမှန်စကား ပြောကြားလေ့ရှိသောသူကို။ သစ္စေန=အမှန်စကား ကိုယ်ကပြောကြားသဖြင့်။ ဇိနေ= ချမ်းမြေ့ကြည်ဖြူ အနိုင်ယူရာ၏”—

ဟူသော ဤတရားဂါထာအဆုံး၌ သောတာပတ္တိဖိုလ်၌ တည် လေ၏ = သောတာပန်အရိယာ ဖြစ်လေ၏။ ထိုသို့ သောတာပန် အရိယာဖြစ်ပြီးနောက်သိရိမာသည် မြတ်စွာဘုရားရှင်ကိုပင့်ဖိတ်၍ နောက်တနေ့၌ ဘုရားအမှူးရှိသော သံဃာအား ကြီးစွာသော အလှူဒါနကို ပေးလှူလေ၏။ ဤသို့လျှင် နန္ဒမည်သောသူဌေး၏ အမိဖြစ်၍ နန္ဒမာတာဟူ၍ ခေါ်ဆိုအပ်သော ဤဥတ္တရာသူဌေး သမီး၏အကြောင်းအရာ အဋ္ဌုပ္ပတ်သည် ဖြစ်ပေါ်ခဲ့လေသည်။

## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

နောက်အခါ၌ မြတ်စွာဘုရားသည်ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူ၍ ဥပါသိကာ ဒါယိကာမများကို ဧတဒဂ်ရာထူး၌ ထားတော်မူသည်ရှိသော် ဤနန္ဒမာတာ ဥတ္တရာ သူဌေးသမီးကို—

“ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဈာယိနီနံ ယဒိဒံ ဥတ္တရာ နန္ဒမာတာ = ရဟန်းတို့····

WWW.DHAMMARANSI.COM



ဈာန်ဝင်စားလေ့ရှိကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဥပါသိကာတို့တွင် နန္ဒသူငယ်၏ အမိဖြစ်သူ ဥတ္တရာဥပါသိကာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ “ဈာယီ = ဈာန်ဝင်စားလေ့ရှိသော အရာ” ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား ဥတ္တရာ နန္ဒမာတာ ဥပါသိကာအကြောင်းတည်း။

---

## (၆) သုပ္ပဝါသာ (ကောလိယ) သာကီဝင်မင်းသမီးအကြောင်း

### (က) မင်းသမီး၏ ရှေးကောင်းမှု

ဤသုပ္ပဝါသာ ကောလိယ သာကီဝင် မင်းသမီးအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ မြတ်စွာဘုရားရှင်၏ တရားဒေသနာကို ကြားနာရစဉ် ပဒုမုတ္တရမြတ်စွာဘုရားရှင်က ဥပါသိကာတယောက်ကို“ပဏီတဒါယိကာ= မွန်မြတ်သည်ကို လှူသောအရာ”ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်းပတ္ထနာမှု ပြုခဲ့လေ၏။

### (ခ) နောက်ဆုံးဘဝ ကောလိယသာကီဝင်မင်းသမီး သုပ္ပဝါသာ ဖြစ်လာခြင်း

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် ကောလိယပြည်၌ သာကီဝင်မင်းသမီး ဖြစ်လာလေသည်။ ထိုမင်းသမီး၏အမည်ကို သုပ္ပဝါသာ-ဟု မှည့်ခေါ်ကြလေသည်။ သုပ္ပဝါသာ သာကီဝင်မင်းသမီးသည် အရွယ်သို့ ရောက်လတ်သော် သာကီဝင်မင်းသားတယောက်၏ အိမ်သို့

WWW.DHAMMARANSI.COM



လိုက်ပါ အိမ်ရှင်မ ပြုလုပ်နေထိုင်ရစဉ် မြတ်စွာဘုရားရှင်ကို ပဌမ အကြိမ် ဖူးတွေ့ရစဉ်ကပင် ဘုရားရှင်၏ တရားစကားကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထို သုပ္ပဝါသာ သာကီဝင်မင်းသမီးသည် နောက်အဖို့ဝယ် သီဝလိသူငယ်ကို ဖွားမြင်လေသည်။ (၎င်း အကြောင်းအရာအကျယ်ကို အောက် ထေရာပဒါနခဏ်း ၌ ဆဋ္ဌမတွဲ ပဌမပိုင်း စာမျက်နှာ ၃၀၅-မှ စ၍ ကြည့်ရှုကုန်ရာ၏)။

## (ဂ) တောဒက်ဘွဲ့ထူး ရရှိခြင်း

အရှင်သီဝလိ၏မယ်တော် ၎င်းသုပ္ပဝါသာ ကောလိယ သာကီဝင်မင်းသမီးသည် အခါတပါး၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အထူးထူးအပြားပြား များမြတ်ချိုမြိန်သော အရသာရှိသည့် ပဏီတဘောဇဉ်ကို လှူဒါန်းဆက်ကပ်လေသည်။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီး၍ အနုမောဒနာတရား ဟောကြားတော်မူလတ်သည်ရှိသော် သုပ္ပဝါသာမင်းသမီးအား—

"ဘောဇနံ သုပ္ပဝါသေ ဒေန္တီ အရိယသာဝိကာ ပဋိဂ္ဂါဟကာနံ ပဉ္စ ဌာနာနိ ဒေတိ-အစရှိသည်ဖြင့် သုပ္ပဝါသာ.... ဆွမ်းခဲဖွယ်ဘောဇဉ်ကို လှူဒါန်းသော ငါဘုရား၏ တပည့်မ = သာဝိကာသည် အလှူခံပုဂ္ဂိုလ်တို့အား ၅-ဌာနတို့ကို လှူဒါန်းသည် မည်၏။ အသက်အလှူကို လှူသည်မည်၏, အဆင်းအလှူကို လှူသည် မည်၏, ချမ်းသာသုခအလှူကို လှူသည် မည်၏, ခွန်အားဗလအလှူကို လှူသည် မည်၏, ဉာဏ်ပညာပဋိဘာန် အလှူကို လှူသည် မည်၏။

အာယုဒါနကို ပေးလှူရခြင်းကြောင့် နတ်၌ဖြစ်, လူ၌ဖြစ်သော အသက်၏ အဖို့ဝေစုရသူ (အသက်ရှည်သော နတ်, အသက်ရှည်သောလူ) ဖြစ်၏။ (ပ)။ ဉာဏ်ပညာပဋိဘာန်အလှူဒါနကို ပေးလှူရခြင်းကြောင့် နတ်၌ဖြစ်, လူ၌ဖြစ်သော ဉာဏ်ပညာပဋိဘာန်၏ အဖို့ဝေစုရသူ

WWW.DHAMMARANSI.COM



(=ဉာဏ်ပညာ ကြီးသောနတ်, ဉာဏ်ပညာ ကြီးသောလူ) ဖြစ်၏"—

ဟူသော ဤတရားဒေသနာကို ဟောကြားတော်မူလေ၏၊ ဤသို့လျှင် တေဒဂ်ဘွဲ့ပေးရန် ဤအကြောင်းဝတ္ထုကား ဖြစ်ပေါ်ခဲ့လေသည်။

ထိုမှ နောက်အခါ၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်တော်ဝယ် သီတင်းသုံးနေထိုင်တော်မူ၍ ဥပါသိကာ = ဒါယိကာမများကို တေဒဂ်ရာထူး = ဌာနန္တရ၌ ထားတော်မူသည်ရှိသော် ကောလိယသာကီဝင်မင်း၏ သမီး ဖြစ်သူ ဤသုပ္ပဝါသာ ဥပါသိကာမကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ပဏီတဒါယိကာနံ ယဒိဒံ သုပ္ပဝါသာ ကောလိယဓီတာ = ရဟန်းတို့...မွန်မြတ်သောဝတ္ထုကို ပေးလှူကြသည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဥပါသိကာတို့တွင် ကောလိယ သာကီဝင် မင်း၏ သမီး သုပ္ပဝါသာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ပဏီတဒါယိကာ = မွန်မြတ်သောဝတ္ထုကို လှူလေ့ရှိသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး =တေဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား သုပ္ပဝါသာမင်းသမီး အကြောင်းတည်း။

---

## (၇) သုပ္ပိယာ ဥပါသိကာအကြောင်း

### (က) သုပ္ပိယာ၏ ရှေးကောင်းမှု

ဤ သုပ္ပိယာ ဥပါသိကာအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသမီးဖြစ်၍ နောက်အဖို့ဝယ်မြတ်စွာဘုရား၏ တရားတော်ကို နာယူစဉ် ပဒုမုတ္တရမြတ်စွာဘုရားရှင်က ဥပါ-သိကာတယောက်ကို "ဂိလာနုပဋ္ဌာကီ = သူနာရဟန်းကို ထူး

WWW.DHAMMARANSI.COM



ညွန်ကြွ ပြုစုသောအရာ"ဝယ် အသာဆုံး အမြတ်ဆုံး = တေဒဂ်
ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အဓိကာရ ကောင်းမှု
ကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်းပတ္ထနာမှု
ပြုခဲ့လေ၏။

## (၁) နောက်ဆုံးဘဝ သုပ္ပိယာ ဥပါသိကာဖြစ်ခြင်း

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလ၌ဝယ် ဗာရာဏသီပြည် အမျိုးကောင်းအိမ် = သူဌေးအိမ်၌ သူဌေးသမီး ဖြစ်လာလေသည်၊ ထိုသတို့သမီး၏ အမည်ကို သုပ္ပိယာ-ဟူ၍ မှည့်ခေါ်ကြလေသည်။ သုပ္ပိယာသူဌေးသမီး အရွယ်ရောက်သောအခါ သုပ္ပိယမည်သော အမျိုးကောင်းသား = သူဌေးသားအိမ်သို့ လိုက်ပါ (= အိမ်မှုရှင်မ ဖြစ်ခဲ့)ရ လေသည်။

နောက်အဖို့ဝယ် မြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် ဗာရာဏသီပြည်သို့ကြွရောက်တော်မူကာ ဣသိပတန မိဂ-ဒါဝုန်ကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်တော်မူလေ၏၊ သုပ္ပိယာသူဌေးကတော်သည် မြတ်စွာဘုရားရှင်ကို ပဌမအကြိမ် ဖူးမြင်ရသောအခါ၌ပင်လျှင် တရားတော်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်လေ၏=သောတာပန်အရိယာ ဖြစ်လေ၏။

## သုပ္ပိယာ၏ အံ့ဩလောက်သော ဒါနစေတနာ

တနေ့သ၌ သုပ္ပိယာဥပါသိကာသည် မိဂဒါဝုန်ကျောင်းတိုက်တော်သို့ သွားရောက်ကာ တရားနာပြီးလျှင် ကျောင်းစဉ် လှည့်လည်လတ်သော် ရဟန်းတပါး ဝမ်းလျှောဆေးစားထား၍ အားနည်းကာ မမာမကျန်း ဖြစ်နေသည်ကို ဖူးတွေ့ရ၍ ထိုရဟန်းကို ရှိခိုး, အစေ့အစပ်စကား ပြောကြားပြီးလျှင် "အရှင်ဘုရား၏ ကျန်းမာရေးအတွက် အဘယ်အရာကို ရမှ သင့်ပါမည်နည်းဘုရား"ဟု မေးလျှောက်လေ၏၊ ဂိလာနရဟန်းက "ဒါယိကာမကြီး....သားမျိုးဟင်းရည် = စွပ်ပြုတ်ရည်ကို ရလျှင် သင့်လျော်ပါ၏"ဟု

WWW.DHAMMARANSI.COM



မိန့်ဆိုလေလျှင် သုပ္ပိယာဥပါသိကာသည် "ရှိပါစေ အရှင်ဘုရား....၊ တပည့်တော်မသည် ပို့လိုက်ပါမည်" ဟု လျှောက်ထား၍ နိုးကာ မြို့တွင်းသို့ ပြန်လာ၍ နောက်တနေ့ဝယ် အလိုလိုဖြစ်သော အသား = ပံသုကူအသား ရယူဖို့ရန် အိမ်စေကျွန်မကို ဈေးသို့ လွှတ်လိုက်လေ၏၊ အိမ်စေကျွန်မသည် တမြို့လုံး၌ပင် ပံသုကူ အသား(=မိမိပယောဂမပါပဲ အလိုလိုဖြစ်ပေါ်သောအသား)ကို ရှာမရ၍ မရသည့်အကြောင်းကို သုပ္ပိယာဥပါသိကာအား ပြန်ကြားပြောဆိုလေ၏။

သုပ္ပိယာဥပါသိကာ သူဌေးကတော်သည် "ငါကား အရှင်မြတ်၏အတွက်တာ သားမျိုးဟင်းရည်=စွပ်ပြုတ်ရည်ကို ပို့လိုက်ပါမည်ဟု လျှောက်ထားခဲ့ပြီးမှ အကယ်၍ ပံသုကူအသားကို မရသဖြင့် မပို့သပဲ နေချေလျှင် အရှင်မြတ်သည် အခြားမှလည်း သားမျိုးဟင်းရည် = စွပ်ပြုတ်ရည်ကို မရသည်ဖြစ်၍ ငြိုငြင်ပင်ပန်းတော်မူရှာလိမ့်မည်၊ တစုံတခု(=ရသည့်နည်း)ကို မြင်၍ ပို့စေမှ သင့်တော်မည်" ဟု ကြံစည်အောက်မေ့ကာ အိပ်ခန်းတွင်းသို့ ဝင်သွား၍ မိမိ၏ ပေါင်သားကို ဖြတ်ပြီးလျှင် အိမ်စေကျွန်မအား "အမိ....ဤအသားကို ယူသွားပြီးလျှင် ဟင်းမျိုးရည်ဆိုင်ရာ အဆောက်အဦ(=ငြုတ်, ကြက်သွန်, ဇီရာ, ကရဝေး-စသည်)တို့နှင့် ရောစပ်၍ သားမျိုးဟင်းရည်=စွပ်ပြုတ်ရည် ပြုလုပ်ပြီးလျှင် ကျောင်းတိုက်သို့ ယူဆောင်သွား၍ ဂိလာနရဟန်းတော်အရှင်အား လှူဒါန်းလိုက်ပါလေ၊ အကယ်၍များ ထိုဂိလာန အရှင်မြတ်က ငါ့ကို မေးတော်မူခဲ့လျှင် နေမကောင်းဘူး ဟူ၍ ပြောဆိုလျှောက်ထားပါလေ့" ဟု ပြောဆိုကာ ပေးအပ်လိုက်လေ၏၊ ကျွန်မသည် သုပ္ပိယာဥပါသိကာ သူဌေးကတော် ပြောသည့်အတိုင်း ပြုလုပ်ဆက်ကပ်လေ၏။

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍ နောက်တနေ့ ဆွမ်းခံချိန်၌ ရဟန်းအပေါင်းခြံရံအပ်လျက် သုပ္ပိယာဥပါ-သိကာ၏ အိမ်သို့ ကြွတော်မူလေ၏၊ (သုပ္ပိယဒါယကာ ပင့်လျှောက်ချက်အရ ကြွတော်မူခြင်းဖြစ်သည်)၊ မြတ်စွာဘုရားသည်

WWW.DHAMMARANSI.COM



ခင်းထားပြီးသော နေရာ၌ ထိုင်နေတော်မူပြီးလျှင် သုပ္ပိယဒါယကာနှင့် အပြန်အလှန် မေးမြန်းပြောဆိုတော်မူသည်မှာ—

(ဗုဒ္ဓ) သုပ္ပိယာဥပါသိကာမ အဘယ်မှာနည်း။

(သုပ္ပိယဒကာ) မမာမကျန်းဖြစ်နေပါသည် မြတ်စွာဘုရား။

(ဗုဒ္ဓ) ထိုသို့ပင် မမာမကျန်းသော်လည်း လာပါစေလော့။

(သုပ္ပိယ) မလာနိုင်ပါ မြတ်စွာဘုရား....။

(ဗုဒ္ဓ) ထိုသို့ မလာနိုင်လျှင် ပွေ့ချီ၍သော်လည်း ခေါ်ဆောင်ခဲ့ကြလော့။

ထိုအခါ သုပ္ပိယဥပါသကာသည် သုပ္ပိယာဥပါသိကာကို ပွေ့ချီ၍ ဆောင်ယူခဲ့လေ၏။ သုပ္ပိယာဥပါသိကာ၏အဖို့ရာ မြတ်စွာဘုရားရှင်ကို ဖူးမြင်လိုက်ရသည်နှင့် တပြိုင်နက်ပင် ထိုမျှ ကြီးစွာသောအနာသည် အသားနုတက်ကာ ပကတိ အရေ, အမွေးတို့ ဖြစ်လေ၏။ ထိုအခါ ဇနီးမောင်နှံနှစ်ယောက်လုံးတို့ပင် "အချင်းတို့....မြတ်စွာဘုရား၏ တန်ခိုးအာနုဘော် ကြီးမြတ်သည်၏ အဖြစ် (= ကြီးမြတ်ခြင်း)သည် အံ့ဖွယ်ရှိစွတကား, မဖြစ်စဘူး အထူးဖြစ်စွတကား၊ မြတ်စွာဘုရားကို ဖူးမြင်လိုက်ရသည်နှင့် တပြိုင်နက်ပင် ထိုမျှကြီးစွာသောအနာသည် အသားနုတက်ကာ ပကတိ အရေ, အမွေးတို့ ဖြစ်တုံဘိ၏" ဟု ပြောဆိုကြကာ ရွှင်လန်းနှစ်သက် တက်ကြွသောစိတ် ရှိကြလျက် ဘုရားအမှူးရှိသော သံဃာတော်ကို မွန်မြတ်သော ဆွမ်း, ခဲဖွယ်, ဘောဇဉ်တို့ဖြင့် ပြုစုဆက်ကပ် လုပ်ကျွေးကြလေ၏။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးလတ်သော် သုပ္ပိယဥပါသကာ, သုပ္ပိယာဥပါသိကာတို့အား တရားဟောတော်မူပြီး၍ ကျောင်းတော်သို့ ပြန်ကြွတော်မူကာ ရဟန်းသံဃာကို စည်းဝေးစေတော်မူ၍ ထို အစည်းအဝေး၌ မေးမြန်း မိန့်ဆိုတော်မူသည်မှာ—

WWW.DHAMMARANSI.COM



(ဗုဒ္ဓ) ရဟန်းတို့····အဘယ်သူသည် သုပ္ပိယာဥပါသိကာမကို အသားတောင်းသနည်း။

(ထိုရဟန်း) မြတ်စွာဘုရား.......... တပည့်တော်သည် သုပ္ပိယာဥပါသိကာမကို အသားတောင်းမိပါသည်။

(ဗုဒ္ဓ) ရဟန်း····ပို့ဆောင်အပ်သလော။

(ထိုရဟန်း) ပို့ဆောင်အပ်ပါသည် မြတ်စွာဘုရား....။

(ဗုဒ္ဓ) ရဟန်း....သင်သည် သုံးဆောင်သလော။

(ထိုရဟန်း) တပည့်တော်သည် သုံးဆောင်မိပါသည် မြတ်စွာဘုရား....။

(ဗုဒ္ဓ) ရဟန်း........သင်သည် (မည်သည့်အသားဟု) စုံစမ်း မေးမြန်းမိ၏လော။

(ထိုရဟန်း) မစုံစမ်း မမေးမြန်းမိပါ မြတ်စွာဘုရား....။

ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းကို များစွာသော အကြောင်းတို့ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင်—

"ရဟန်းတို့....သဒ္ဓါတရားရှိ၍ ကြည်ညိုသောလူတို့သည် မိမိ၏ အသားတို့ကိုသော်လည်း စွန့်လှူကုန်၏။ ရဟန်းတို့....လူသားကို မစားအပ် = မစားကောင်း၊ စားသော ရဟန်းအား ထုလ္လစ္စည်းအာပတ် သင့်စေ။ ရဟန်းတို့.... မစုံစမ်းမမေးမြန်းပဲအသားကို မစားအပ်=မစားကောင်း၊ စားသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"—

ဟု သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။ (အကြောင်းအရာ အကျယ်ကို ဝိနည်းပိဋကတ်တော်မြန်မာပြန် ဝိနည်း မဟာဝဂ်ပါဠိတော် မျက်နှာ ၃၁၁-မှ စ၍ ကြည့်ရှုမှတ်ယူကုန်ရာ၏)။ ဤသို့လျှင် ဤ သုပ္ပိယာဥပါသိကာ၏ ဧတဒဂ်ရကြောင်း အကြောင်းဝတ္ထုကား ဖြစ်ပေါ်ခဲ့လေသည်။

WWW.DHAMMARANSI.COM



## (ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

နောက်အဖို့ဝယ်မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတိုက်၌ နေတော်မူစဉ် ဥပါသိကာတို့ကို ဧတဒဂ်ရာထူး=ဌာနန္တရတို့၌ ထားတော်မူသည်ရှိသော် ဤ သုပ္ပိယာဥပါသိကာတို့—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဂိလာနုပဋ္ဌာကီနံ ယဒိဒံ သုပ္ပိယာ ဥပါသိကာ=ရဟန်းတို့...သူနာကို လုပ်ကျွေးပြုစုတတ်ကုန်သော ငါဘုရား၏ တပည့်မ=သာဝိကာ ဥပါသိကာတို့တွင် သုပ္ပိယာဥပါသိကာသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "ဂိလာနုပဋ္ဌာကီအရာ" ဝယ် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား သုပ္ပိယာဥပါသိကာ အကြောင်းတည်း။

---

## (ဂ) ကာတိယာနီ ဥပါသိကာအကြောင်း

### (က) ဥပါသိကာ၏ ရှေးကောင်းမှု

ဤ ကာတိယာနီ ဥပါသိကာအလောင်း အမျိုးကောင်းသမီးသည် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသမီး(သူဌေးသမီး)ဖြစ်၍ မြတ်စွာဘုရားရှင်က ဥပါသိကာတယောက်ကို "အဝေစ္စပသန္န=သာသနာတော်ဝယ် မတုန်မလှုပ် သက်ဝင်ယုံကြည်သောအရာ" ၌ ဧတဒဂ်ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျကာ အဓိကာရကောင်းမှုကုသိုလ်ကိုပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်းပတ္ထနာပြု ပြုလေ၏။

### (ခ) နောက်ဆုံးဘဝ ကာတိယာနီသူဌေးမ ဖြစ်ခြင်း

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည် ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာ ကာလဝယ် ကုရရဃရ-မည်သောမြို့၌ သူဌေးသမီး

WWW.DHAMMARANSI.COM



ဖြစ်လာလေသည်၊ ထိုသူဌေးသမီး၏အမည်ကို "ကာတိယာနီ" ဟု မိဘတို့က မှည့်ခေါ်ကြလေသည်။ ထိုကာတိယာနီသူဌေးသမီးသည် အရွယ်သို့ရောက်လတ်သော် (အောက်ထေရာပဒါနခဏ်း၌ ဖော်ပြရာပါ) သောဏကုဋိကဏ္ဏမထေရ်၏မယ်တော်ဖြစ်သူ ကာဠီသူဌေးကတော်နှင့် အလွန်ရင်းနှီးသည့် သူငယ်ချင်းမ ဖြစ်လေ၏။

## ကာတိယာနီသူဌေးမ၏ အစလသဇ္ဇါတရား

နောက်အဖို့ဝယ် သောဏ-ကုဋိကဏ္ဏမထေရ်မြတ်သည် ဘုရားရှင့်အထံတော်မှ ပြန်လာ၍ မယ်တော် ကာဠီသူဌေးကတော်အား "မြတ်စွာဘုရားအား ရွတ်ဆိုလျှောက်ထားခဲ့သည့် နည်းအတိုင်း မယ်တော်အားလည်း တရားဟောတော်မူပါ"ဟု တောင်းပန်လျှောက်ထားအပ်ရကား ညဉ့်အဖို့ဝယ် ကုရရဃရမြို့လယ် တရားမဏ္ဍပ်အတွင်း ခင်းထားအပ်သော ဓမ္မာသနပလ္လင်တော်၌ ထိုင်နေတော်မူ၍ မယ်တော်ကာဠီသူဌေးကတော်ကို ကိုယ်တော်၏မျက်မှောက်၌ တရားနာခံအဖြစ်ထားကာ တရားဟောမှုကို စတင်အားထုတ်တော်မူလေ၏။ ထိုအခါ ဤကာတိယာနီသူဌေးမသည် ကာဠီနှင့် အတူတကွ သွား၍ ပရိသတ်အစွန်မှ တရားကို ရိုသေစွာ နာယူလျက် တည်နေလေ၏။

ထိုအချိန်၌ ခိုးသားငါးရာတို့သည် မြို့တွင်း၌ နေ့အခါကပြုလုပ်အပ်ခဲ့သော အမှတ်ဖြင့် မြို့အစွန်မှစ၍ ဥမင်လိုဏ်ခေါင်း တူးကြ၍ ဤကာတိယာနီသူဌေးမ၏ အိမ်သို့ ရောက်ကြလေကုန်၏။ ထိုအခါ ခိုးမှူး (ဓားပြ = ဒမြဲဗိုလ်)သည် ငယ်သားများနှင့်အတူ ဥမင်လိုဏ်ခေါင်းသို့ မဝင်ပဲ "ဤပရိသတ်ကား အဘယ့်ကြောင့် စည်းဝေးနေပါလိမ့်"ဟု စုံစမ်းရန် သောဏမထေရ် တရားဟောရာ အရပ်သို့ သွားရောက်၍ ပရိသတ်အစွန်း၌ ရပ်တည်လျက် ဤကာတိယာနီသူဌေးမ၏ ကျောနောက်က ရပ်၍နေလေ၏။

ထိုအခါ ကာတိယာနီသူဌေးမသည် အစေအပါး ကျွန်မကို "သွားပါချေ မယ်မင်း....၊ အိမ်တွင်းသို့ဝင်၍ ဆီမီးထွန်းရန် ဆီကို ယူခဲ့ပါလော့၊ ငါတို့သည် ဆီမီးများကို ညှိထွန်း၍ တရားနာကြ

WWW.DHAMMARANSI.COM



ကုန်အံ့ (သီဟိုဠ်မှုအလို) ဆိမ်းညှိထွန်းကြကုန်အံ့၊ သူငယ်ချင်းမကာဠီ၏ကုသိုလ်မှု၌ အဖို့အစု ယူကြကုန်အံ့”ဟု ပြောဆိုစေလွှတ်လိုက်လေ၏။ ထိုကျွန်မသည် အိမ်သို့ရောက်၍ ဥမင်လိုဏ်ခေါင်းအတွင်း၌ သူခိုး(ခေးပြ)တို့ကို တွေ့မြင်ရ၍ မီးထွန်းရန်ဆီကိုမျှ မယူငဲ့တော့ပဲ တရားပွဲသို့ပြန်လာ၍ မိမိ၏အရှင်မအား “အရှင်မ.... အိမ်မှာ ခိုးသူ(ခေးပြ)တို့သည် ဥမင်လိုဏ်ခေါင်း တူးဖောက်၍ နေကြပါ၏”ဟု ပြောကြားလေ၏။ ခေးပြဗိုလ်သည် ထိုစကားကို ကြား၍“အကယ်၍များ ဤကာတိယာနီသူဌေးမသည် ဤကျွန်မ၏စကားကို နာယူ၍ မိမိအိမ်သို့ လိုက်ပါသွားရောက်လျှင် ဤနေရာ၌ပင် ထိုသူဌေးမကို သန်လျက်ဖြင့် နှစ်ပိုင်း ဖြတ်ပေအံ့၊ ထိုသို့မဟုတ်ပဲ အကယ်၍ နာယူမြဲတိုင်းသော တရား အာရုံနိမိတ်ဖြင့်ပင် ဆက်လက်၍ တရားကို နာယူနေခဲ့သော် ခိုးသားများ ယူအပ်ပြီးသော ဘဏ္ဍာကိုလည်း တဖန် ပြန်၍ ပေးစေအံ့”ဟု စိတ်ထဲ၌ ကြံစည်၍ထားလေ၏။

ကာတိယာနီသူဌေးမသည်လည်း ကျွန်မပြောသောစကားကို ကြားသိရလေလျှင် “အမိ....အသံမပြုပါလင့် = တိတ်တိတ်နေပါ၊ ခိုးသူတို့ ခိုးယူကြလျှင် မိမိတွေ့မြင်သောဝတ္ထုကိုသာ ခိုးယူကြပါလိမ့်မည်၊ ငါကား ယခု ကြားနာရန်ခဲယဉ်းလှသော တရားတော်ကို နာကြားနေပါ၏၊ အမိသည် တရား၏အန္တရာယ် ( = ဓမ္မန္တ-ရာယ်)ကို မပြုပါလင့်” ဟု ပြောဆိုလေ၏။ ခေးပြဗိုလ်သည် ကာတိယာနီ သူဌေးမ၏စကားကို နောက်မှနေ၍ ကြားရလေသော် “ဤသို့စင် ကြီးမြတ်လှသည့် ကုသိုလ်ဆန္ဒ အဇ္ဈာသယဖြင့် တည်နေသူ သူဌေးမ၏ အိမ်က ဥစ္စာကို ခိုးယူကြမည်ဆိုလျှင် ငါတို့သည် မဟာပထဝီမြေအတွင်းသို့သာ ဝင်ကြရတော့မည် ကေန် အမှန်ဖြစ်ချေ၏ = မြေမျိုခံကြရတော့မည် ကေန်”ဟု ဆင်ခြင်စဉ်းစားမိ၍ ထိုခဏမှာပင် ကာတိယာနီသူဌေးမ၏ အိမ်သို့ သွား၍ ခိုးသားများ ယူအပ်ပြီးသော ဥစ္စာအားလုံးကို စွန့်ထားခဲ့စေပြီးလျှင် ခိုးသားတို့နှင့် အတူတကွ လာ၍ တရားနာလျက် ပရိသတ် အစွန်အဖျား၌ ရပ်တည်နေလေ၏။

WWW.DHAMMARANSI.COM



ကာတိယာနီသူဌေးမ ဥပါသိကာသည် အရှင်သောဏ-ကုဋိကဏ္ဏမထေရ်၏ တရားဒေသနာဒိုဂုံး ဆုံးလတ်သောအခါ သောတာပတ္တိဖိုလ်၌ တည်လေ၏ = သောတာပန်အရိယာ ဖြစ်လေ၏။ ထို့နောက် အရုဏ်တက်လတ်သော် ခေါးပြဇိုလ်သည် ကာတိယာနီသူဌေးမ ဥပါသိကာ၏ ခြေတို့၌ ဦးတိုက်တုပ်ဝပ်၍ "အရှင်မ.... အကျွန်ုပ်တို့အားလုံးအားပင် သည်းခံပါလော့" ဟု တောင်းပန်စကား ပြောကြားလေ၏။ ကာတိယာနီသူဌေးမ ဥပါသိကာက "သင်တို့သည် ငါ့အပေါ်၌ အဘယ်သို့သော ပြစ်မှားမှုကို ပြုအပ်သနည်း" ဟု မေးမြန်းလေလျှင် ခေါးပြဇိုလ်သည် မိမိ ပြုမှားကြံမှားခဲ့သည့် အပြစ်အားလုံးကို ပြန်ကြားပြောဆိုလေ၏။ ကာတိယာနီ သူဌေးမ ဥပါသိကာက "အမောင်တို့....ထိုသို့ဖြစ်လျှင် ငါသည် သင်တို့အား သည်းခံ၏" ဟု ဆိုလေလျှင် ခေါးပြဇိုလ်သည် "အို အရှင်မ....အကျွန်ုပ်တို့အား ဤသို့(သည်းခံပါ၏-ဟု ပြောဆို၍) မျှဖြင့် အပြေအလည် သည်းခံအပ်သည် မမည်ပါ၊ စင်စစ်သော်ကား အရှင်မတို့၏သား သောဏ-ကုဋိကဏ္ဏမထေရ်မြတ်အထံ၌ အကျွန်ုပ်တို့ ငါးရာလုံးအားပင် ရှင်ရဟန်းပြုပေးစေချင်ပါ၏" ဟု တောင်းပန်စကား ပြောကြားလေ၏။ ကာတိယာနီသူဌေးမ ဥပါသိကာသည် ထိုခိုးသားငါးရာလုံးတို့ကို ခေါ်ဆောင်၍ အရှင်သောဏ-ကုဋိကဏ္ဏမထေရ်၏အထံ၌(ရဟန်းဒါယိကာမအဖြစ် ခံယူကာ) ရှင်ရဟန်း ပြုပေးစေလေ၏။ ထိုခိုးသားငါးရာတို့သည်လည်း မထေရ်၏အထံ၌ ရှင်ရဟန်းပြုကြပြီးသော် ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ကြသဖြင့် ငါးရာလုံးတို့ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြလေ၏ = ရဟန္တာဖြစ်ကြလေကုန်၏။ ဤသို့လျှင် ဤကာတိယာနီဥပါသိကာမ၏ မတုန်မလှုပ် သာသာနာ၌ သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားနှင့်စပ်သော အကြောင်းဝတ္ထုသည် ဖြစ်ပေါ်ခဲ့လေသည်။

## (ဂ) တေဇင်္ဘဲ့ထူး ရရှိခြင်း

နောက်အဖို့ဝယ် မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသိကာတို့ကို အစဉ်အတိုင်း

WWW.DHAMMARANSI.COM



တေဒဂ်ရာထူး = ဌာနန္တရတို့၌ ထားတော်မူသည်ရှိသော် ဤ ကာတိယာနီသူဌေးမ ဥပါသိကာကို—

"တေဒဂ္ဂံ ဘိက္ခဝေ. မံမ သာဝိကာနံ ဥပါသိကာနံ အဝေစ္စပ္ပသန္နာနံ ယဒိဒံ ကာတိယာနီ = ရဟန်းတို့...... သာသနာတော်ဝယ် မတုန်မလှုပ် သက်ဝင်ယုံကြည်ကြ သည့် ငါဘုရား၏ တပည့်မ = သာဝိကာ ဥပါသိကာတို့ တွင် ကာတိယာနီ ဥပါသိကာသည် အသာဆုံး အမြတ် ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူး မိန့်မြွက်တော်မူကာ "အဝေစ္စပသန္နအရာ" ဝယ် အသာဆုံး အမြတ်ဆုံး = တေဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား ကာတိယာနီဥပါသိကာ အကြောင်းတည်း။

---

## (၉) နကုလမာတု ဥပါသိကာအကြောင်း

(ဤ နကုလမာတုဥပါသိကာအကြောင်းကို အောက်ဥပါသကစရိတ ခဏ်း ၁၀-နကုလပိတုဥပါသကာအကြောင်း၌ ဆိုအပ်ခဲ့ပြီးသော နည်း အတိုင်း သိမှတ်ရာ၏။ အထူးအားဖြင့် နကုလပိတု ဥပါသကာနေရာ၌ နကုလမာတု ဥပါသိကာကို အဦးပြု၍ သိမှတ်ရာ၏။

နကုလပိတုဥပါသကာနှင့် နကုလမာတုဥပါသိကာတို့ ဇနီးမောင်နှံ နှစ်ဦးလုံးပင် ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါ၌ နကုလပိတု ဥပါသကာအလောင်း အမျိုးကောင်းသားက ဥပါသကာတယောက်ကို ပဒုမုတ္တရမြတ်စွာဘုရားက ဝိဿာသကအရာ၌ တေဒဂ်ထားတော်မူသည် ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထို ဝိဿာ- သက တေဒဂ်ရာထူးကို ဆုပန်ခဲ့သည့်နည်းတူ နကုလမာတုဥပါသိကာ အလောင်း အမျိုးကောင်းသမီးသည်လည်း ဥပါသိကာမတယောက်ကို ပဒုမုတ္တရမြတ်စွာဘုရားရှင်က ဝိဿာသိကအရာ၌ တေဒဂ်ထားတော်မူ သည်ကို တွေ့မြင်ရ၍ အဓိကာရကောင်းမှု ကုသိုလ်ကိုပြုပြီးလျှင် ထို ဝိဿာသိကရာထူးကို ဆုပန်ခဲ့လေသည်။ ဝတ္ထုသွားပုံ အလားတူသော ကြောင့် အဋ္ဌကထာ၌ အထူး မဖွင့်ပြတော့ချေ။

ဤ နကုလမာတုဥပါသိကာသည်လည်း နကုလပိတုဥပါသကာ နည်းတူပင် မြတ်စွာဘုရားရှင်က "တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ

WWW.DHAMMARANSI.COM



ဥပါသိကာနံ ဝိသာခါသိကာနံ ယဒိဒံ နကုလမာတာ ဂဟပတာနီ =ရဟန်းတို့....(ငါဘုရားနှင့်)အကျွမ်းတဝင် ခင်မင်ရင်းနှီးသောစကား ကို ပြောကြားကြသည့် ငါဘုရား၏ တပည့်မ=သာဝိကာ ဥပါသိကာ တို့တွင် နကုလမာတု သူဌေးကတော်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”ဟု ဝိသာသိကာအရာဝယ် ဧတဒဂ်ရာထူး၌ ထားတော်မူ သည်ကို ခံရလေသည်)။

ဤကား နကုလမာတုဥပါသိကာ အကြောင်းတည်း။

---

## (၁၀) ကုရရဃရမြို့နေ ကာဠီဥပါသိကာအကြောင်း

### (က) ဥပါသိကာ၏ ရှေးကောင်းမှု

ဤ ကာဠီဥပါသိကာအလောင်း အမျိုးကောင်း သမီးသည် လည်း ပဒုမုတ္တရမြတ်စွာ လက်ထက်တော်အခါဝယ် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသမီး ( =သူဌေးသမီး ) ဖြစ်ခဲ့၍ မြတ်စွာဘုရားရှင်၏ တရားစကားကို ကြားနာစဉ် ပဒုမုတ္တရ မြတ်စွာဘုရားရှင်က ဥပါသိကာတယောက်ကို “အနုဿဝပ္ပ- သန္န=ကိုယ်တိုင် ဘုရားရှင်ကို မဖူးတွေ့ရပဲလျက် တဆင့်ကြား သဖြင့် ဘုရားဂုဏ်ကို သက်ဝင်ယုံကြည်သောအရာ”ဝယ် အသာ ဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျ-အတုယူကာ အဓိကာရကောင်းမှု ကုသိုလ်ကို ပြုပြီးလျှင် ထိုရာထူး=ဌာနန္တရကို ဆုတောင်းပဏ္ဍနာမှု ပြုခဲ့လေသည်။

### (ခ) နောက်ဆုံးဘဝ ကာဠီသူဌေးသမီး ဖြစ်ခြင်း

ထိုအမျိုးကောင်းသမီးသည် ကမ္ဘာတသိန်းပတ်လုံး နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့၍ ဤဘုရားမြတ်စွာ ပွင့်ထွန်း တော်မူရာကာလဝယ် ရာဇဂြိုဟ်ပြည်၌ သူဌေးသမီး ဖြစ်လာလေ သည်။ ထိုသူဌေးသမီး၏ အမည်ကို မိဘတို့က “ကာဠီ” ဟူ၍ မှည့်ခေါ်ကြလေသည်။

ကာဠီသူဌေးသမီးသည် အရွယ်သို့ ရောက်လတ်သော် အဝန္တိ ဒက္ခိဏာပထတိုင်း ( ဇာနိန္ဒပြည် တောင်ပိုင်း ) ကုရရဃရမြို့နေ

WWW.DHAMMARANSI.COM



သူဌေးသားနှင့်မိဘတို့က ယိမ်းမြှားပေးစားသဖြင့် ထိုကုရရဃရမြို့ သူဌေးသားအိမ်သို့ လိုက်ပါခဲ့ရလေသည်။ ထို့နောက် ကာဠီ သူဌေးကတော်ကလေးမှာ သူဌေးသားနှင့်ဆက်ဆံမှု အကြောင်း ကြောင့် နှုတ်ငုံသန္ဓေ တည်ခဲ့လေသည်။

ကာဠီသူဌေးကတော်ကလေးသည် နှုတ်ငုံသန္ဓေ ရင့်ကျက် လတ်သော် "မိဘနှင့် ဝေးကွာ သူတပါးတို့၏ ရပ်ရွာအိမ်၌ ကိုယ်ဝန်မှ ထရခြင်း (=မီးရှူးသန့်စင်ရခြင်း) မည်သည် မသင့် လျော်ချေ"ဟု ဆင်ခြင်စဉ်းစားမိ၍ မိမိ၏ ဇာတိမြို့ဖြစ်သည့် ရာဇ ဂြိုဟ်ပြည် မိဘတို့အိမ်သို့ပြန်လာကာတနေ့သောညဉ့်သန်းခေါင်ယံ အချိန် (မဟာသက္ကရာဇ် ၁၀၃-ခု၊ ဝါဆိုလပြည့် ဓမ္မစကြာတရား ဟောကြားတော်မူသောနေ့ သန်းခေါင်ယံအချိန်)၌ မိမိနေထိုင်ရာ အိုန်န်းပြာသာဒ် အထက်ကောင်းကင်၌ ရပ်တည်ကြလျက် ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးကို မေးမြန်းပြောဆိုနေကြသည့် သာတာ ဂိရနတ်မင်း, ဟေမဝတနတ်မင်းတို့၏ တရားစကားကို ကြားနာ ရ၍ တဆင့်ကြားဖြင့် သာသနာတော်၌ သက်ဝင်ယုံကြည်မှု သဒ္ဓါ တရားကို အထပ်ထပ်ဖြစ်ပွါးစေပြီးလျှင် မြတ်စွာဘုရားရှင်ကို မဖူး မြင်ရပဲလျက်လျှင် သောတာပတ္တိဖိုလ်၌ တည်လေသည်=သော- တာပန်အရိယာ ဖြစ်လေသည်။ ။(ဤ အကြောင်းအရာများကို အောက်မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ ၄၅၇-၌ ပြည့်စုံစွာ ရေးသားဖော်ပြခဲ့ပြီ၊ ထိုကို တဖန် ပြန်လည်သုံးသပ် မှတ်ယူကုန် ရာ၏)။

ထို ကာဠီ အမျိုးသမီးသည် မာတုဂါမ မင်းမိန်းမတို့အနက် ရှေးဦးစွာ သောတာပန်တည် အရိယာသာဝိကာဖြစ်၍ အမျိုးသမီး ပိုင်းတွင် အကြီးဆုံး အမကြီးသဖွယ် ဖြစ်လေသည်။ ထိုညဉ့်မှာပင် ကာဠီအမျိုးသမီးသည် (သောဏ-ကုဋိကဏ္ဏမထေရ်အလောင်း) သတို့သားကို ဖွားမြင်ပြီးနောက် မိဘအိမ်တွင် အလိုရှိသလောက် နေထိုင်ပြီးလျှင် ကုရရဃရမြို့သို့ တဖန် ပြန်သွားလေ၏။

WWW.DHAMMARANSI.COM



(ဂ) ဧတဒဂ်ဘွဲ့ထူး ရရှိခြင်း

နောက်အဖို့ဝယ် မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတိုက်တော်တွင် ရဟန်းတို့အလယ်၌ တင့်တယ်စွာ ထိုင်နေတော်မူလျက် ဥပါသိကာတို့ကို ဧတဒဂ်ရာထူး = ဌာနန္တရတို့၌ အသီးအသီး ထားတော်မူလတ်သည်ရှိသော် ဤကုရရဃရမ္မိနေ ကာဠီဥပါသိကာ သူဌေးကတော်ကို—

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အနုဿဝပ္ပသန္နာနံ ယဒိဒံ ကာဠီ ဥပါသိကာ ကုရရဃရိကာ = ရဟန်းတို့····ငါဘုရားကို အဆင့်ဆင့် ကြားဖြင့် ကြည်ညိုကြသည့် ငါဘုရား၏ တပည့်မ=သာဝိကာ ဥပါသိကာတို့တွင် ကုရရဃရမ္မိနေ ကာဠီဥပါသိကာ သူဌေးကတော်သည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏”—

ဟု ချီးကျူး မိန့်မြွက်တော်မူကာ “အနုဿဝပ္ပသန္နအရာ” ဝယ် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ရာထူး၌ ထားတော်မူလေ၏။

ဤကား ကုရရဃရမ္မိနေ ကာဠီဥပါသိကာ အကြောင်းတည်း။

ဤတွင် ဥပါသိကာစရိတပိုင်း ပြီး၏။

ဤတွင် အခန်း-၄၅ ပြီး၏။

WWW.DHAMMARANSI.COM

## နောက်ဆက်တွဲ

# အာမိတာဖောဂ သူဌေးကြီးများအကြောင်း

## (၁) ဇောတိကသူဌေးအကြောင်း

### (က) ကြံခင်းရှင် ဘဝ

လွန်လေပြီးသောအခါ (ဤကမ္ဘာမှ အထက် ကိုးဆယ့်တစ်ကမ္ဘာဝယ် ဝိပဿီမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူရာကာလမှ ရှေးဖြစ်သောအခါ) ဗာရာဏသီပြည်၌ သူကြွယ်ညီနောင်နှစ်ဦးတို့သည် မိမိတို့ အလုပ်သမားများကို ကြံခင်းစိုက်စေကြလေသည်။ တနေ့သ၌ ညီဖြစ်သူ သူကြွယ်သည် ကြံခင်းသို့ သွား၍ „တပင်ကို ငါ့နောင်တော်အား ပေးမည်၊ တပင်ကား ငါ့ဖို့ ဖြစ်လိမ့်မည်”ဟု ရည်ရွယ်အောက်မေ့၍ ကြံပင်ကြီးရိုး ၂-ပင်တို့ကို ဖြတ်ယူကာ ကြံရည် အပြင်သို့ ထွက်၍ မကျစိမ့်သောငှါ ခုတ်ဖြတ်ရာနေရာ၌ သစ်ရွက်စသည်ဖြင့် ဖွဲ့စည်း၍ ယူခဲ့လေသည်။

> ထိုခေတ် ထိုအခါ၌ ကြံရိုးတို့ကို ယခုခေတ်မှာကဲ့သို့ ယန္တယားဖြင့် ကြိတ်ရမှုလုံးဝ မရှိချေ၊ ကြံပင်တို့ကို အရင်းက ဖြစ်စေ, အဖျားက ဖြစ်စေ ဖြတ်၍ မြှောက်လိုက်သောအခါ မေကာရိုက်ရေစစ်မှ ရေယို၍ကျသကဲ့သို့ အလိုလိုပင် ကြံရည်များ ယိုထွက်၍ ကျလာလေသည်။

ထိုသူကြွယ် ကြံခင်းမှ ကြံရိုး ၂-ပင်တို့ကို ယူဆောင်၍ အိမ်သို့ ပြန်လာသောအချိန်မှာ ဟိမဝန္တာဂန္ဓမာဒနတောင်ဝယ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးသည် သမာပတ်မှ ထ၍ “ငါသည် ယနေ့ အဘယ်သူအား ချီးမြှောက်ရပါမည်နည်း”ဟု စူးစမ်း ဆင်ခြင်တော်မူလတ်သော် မိမိ၏ ဉာဏ်ကွန်ရက်၌ ထိုညီဖြစ်သူ သူကြွယ်ဝင်လာသည်ကို မြင်တော်မူ၍ငင်း, ထိုသူကြွယ်၏ ဒါနတည်းဟူသော သင်္ဂဟမှုပြုလုပ်ရန် စွမ်းနိုင်သည်၏အဖြစ်ကို သိတော်မူ၍ငင်း သပိတ်,သင်္ကန်းကို ယူ၍ တန်ခိုးဖြင့် လာရောက်ကာ ထို

WWW.DHAMMARANSI.COM



သူကြွယ်၏ ရှေ့သို့ ရပ်တည်တော်မူလာလေ၏။ သူကြွယ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်ရလျှင်ပင် ကြည်ညိုသောစိတ် ဖြစ်ရှိလျက် မိမိ၏အပေါ်ရုံ စုလျားတဘက်ကို မြင့်သောမြေ အရပ်၌ ခင်းထား၍ "အရှင်ဘုရား....ဤ နေရာ၌ ထိုင်နေတော်မူကြပါကုန်"ဟု လျှောက်ဆိုကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ထိုင်နေစေပြီးလျှင်"သပိတ်ကို တဆိတ်လောက် စောင်းငဲ့ ပေးတော်မူကြပါဘုရား"ဟုလျှောက်ထား၍ ကြံရိုး ကြံပင်၏ ဖွဲ့စည်းရာ ဌာနကိုဖြေလျက် သပိတ်ထက်၌ စိုက်လိုက်လေ၏။ ကြံရည်သည် အလိုလိုလျှောကျကာ သပိတ်ကို ပြည့်စေလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ် ထိုကြံရည်ကို သောက်သုံးတော်မူပြီးလတ်သော်ကား သူကြွယ်သည် "ငါ၏ကြံရည်ကို အရှင်မြတ် သောက်သုံးတော်မူအပ်သည်မှာ အလွန် ကောင်းမြတ်လှတကား၊ အကယ်၍ ငါ့နေခင်ကြီးသည် အဖိုးကို ဆောင်စေလိုပါက အဖိုး (တန်ဖိုး) ကို ငါပေးပေအံ့။ အကယ်၍ ကုသိုလ်ကောင်းမှု အဖို့အစုကို ဆောင်စေလိုပါက ကုသိုလ်ကောင်းမှု အဖို့အစုကိုပင် ငါပေးပေအံ့။ (နေခင်တော်အတွက် ယူဆောင်လာသည့် ကြံရည်ကိုလည်း ငါလှူတော့အံ့)"ဟု ကြံစည်ပြီးလျှင် "အရှင်ဘုရား....သပိတ်တော်ကို တပည့်တော်ဖက်သို့ တဆိတ်လောက် စောင်းငဲ့ပေးတော်မူကြပါဘုရား"ဟု လျှောက်ထား၍ ဒုတိယ ကြံရိုးကြံပင်ကိုလည်း အဖွဲ့အစည်းကိုဖြေကာ ကြံရည်ကို လောင်းလှူလိုက်ပြန်လေ၏။ (ဤ၌ သူ့နေခင်တော်အတွက် သူယူဆောင်လာသည်ကို သူ၏ နေခင်တော်ကလည်း မသိပါချေ၊ သို့စေကာမူ "ငါ့နေခင်တော်သည် ကြံခင်းမှ အခြား ကြံကို ယူဆောင်၍ စားသုံးလိမ့်မည်"ဟု ဤမျှလောက်ပင်လျှင် ထိုသူကြွယ်၏ စိတ်သန္တာန်မှာ လှည့်ပတ် ကောက်ကျစ်လိုစိတ် ဝိတ်မရှိချေ)။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်ကား လက်ဦး(ပဌမကြံရိုးကို လှူစဉ်ကပင် ကြံရည်)ကို သောက်သုံးတော်မူပြီးဖြစ်သောကြောင့် ထိုနောက်ထပ်လှူအပ်သော ကြံရည်ကို မိမိမှတပါး အခြားပစ္စေက

WWW.DHAMMARANSI.COM



ဗုဒ္ဓါ အရှင်မြတ်တို့နှင့်လည်း အတူတကွ ခွဲဝေသုံးဆောင်တော်မူလိုသည်ဖြစ်၍ ထိုဒုတိယလှူအပ်သော ကြံရည်ကို အလှူခံရုံသာ ခံယူပြီး သုံးဆောင်တော်မမူပဲ ထိုင်မြဲ ထိုင်နေတော်မူလေသည်။ သူကြွယ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အမူအရာကို အကဲခပ် သိမြင်၍ တည်ခြင်းငါးမျိုးဖြင့် ရှိခိုးပြီးလျှင် "အရှင်ဘုရား.... တပည့်တော် လှူဒါန်းအပ်သည့် အမြတ်ရသော ကြံရည်အလှူဒါန၏ အကျိုးဆက်ကြောင့် နတ်ပြည်, လူ့ပြည်တို့၌ စည်းစိမ်ကို ခံစံ သုံးဆောင်ပြီးလျှင် အဆုံးဘဝ နောက်ကာလ၌ အရှင်ဘုရားတို့ ဆိုက်ရောက် မျက်မှောက်ပြုအပ်သော တရားသို့သာလျှင် ရောက်ရလိုပါ၏"ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်သည်လည်း "ဧဝံ ဟောတု = ဤသင် ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေသတည်း"ဟု မိန့်တော်မူ၍ "ဣစ္ဆိတံ ပတ္ထိတံ တုယှံ" အစရှိသော ၂-ဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူပြီးလျှင် ထိုသူကြွယ်မြင်နိုင်အောင် အဓိဋ္ဌာန်တော်မူ၍ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူကာ အဖော်ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့အား ထိုကြံရည်ကို လှူဒါန်းဆက်ကပ်လေ၏။

ထို ညီဖြစ်သူ သူကြွယ်သည် ထို တန်ခိုးပြာဋိဟာကို မြင်ရပြီးနောက် နောင်တော် သူကြွယ့်ထံသို့ သွားရောက်၍ နောင်တော် သူကြွယ်က "အဘယ်အရပ်သို့ သင်သွားနေသနည်း"ဟု မေးအပ်လေသော် "ကြံခင်းကို ကောင်း မကောင်း ကြည့်ရှုရန် သွားရောက်ခဲ့ပါသည်"ဟု ဖြေကြားပြောဆိုလေ၏။ တဖန် နောင်တော် သူကြွယ်က "သင်ကဲ့သို့သောသူသည် ကြံခင်းသို့ သွားရောက်သဖြင့် အဘယ် အကျိုးရှိအံ့နည်း (ကြံရိုး မပါလာ၍ အပြစ်တင်ခြင်း ဖြစ်သည်)၊ တကယ်ဆိုလျှင် ကြံရိုး တပင်, နှစ်ပင်တို့ကို ယူဆောင်၍ လာသင့်သည် မဟုတ်လော"ဟု အပြစ်တင် စကားပြောကြားအပ်လေသော် ညီဖြစ်သူ သူကြွယ်သည် "သြ....... နောင်တော်....ကျွန်ုပ်သည် ကြံရိုးနှစ်ပင်တို့ကို ယူအပ်ခဲ့ပါသည်၊ အထူးသော်ကား လမ်းခရီးမှာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးကို ဖူးတွေ့ရ၍ ညီတော့်အတွက် ကြံရိုးမှ ကြံရည်ကို လှူပြီးလျှင်

WWW.DHAMMARANSI.COM



'နောင်တော်အလိုရှိရာ တန်ဖိုးကိုဖြစ်စေ, ကုသိုလ်ကောင်းမှု အဖို့အစုကိုဖြစ်စေ ငါ ပေးတော့မည်' ဟု ကြံစည်မိ၍ နောင်တော်တို့အတွက် ယူဆောင်လာသော ကြံရိုးမှ ကြံရည်ကိုလည်း ထို အရှင်ပစ္စေကဗုဒ္ဓါအား အကျွန်ုပ် လှူဒါန်းအပ်ခဲ့ပါသည်။ အသို့နည်း (=ဘယ့်နှယ်လဲ) ယိုနောင်တော်အတွက် ယူခဲ့သော ကြံရိုး၏ တန်ဖိုးကိုတည်း ယူကြမည်လော၊ သို့မဟုတ် ကုသိုလ်ကောင်းမှု အဖို့အစုကိုတည်း ယူကြမည်လော" ဟု ရိုးသားစွာပင် မေးမြန်းလေ၏။

ထိုအခါ နောင်တော်သူကြွယ်က "ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် အဘယ်သို့ ပြုတော်မူအပ်သနည်း" ဟု မေးလေလျှင် ညီတော်သူကြွယ်သည် မိမိမြင်ခဲ့ရသည့်အတိုင်း "အိုနောင်တော်...ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ညီတော်၏ ကြံရိုးမှ ကြံရည်ကို သောက်သုံးတော်မူပြီးလျှင် နောင်တော်တို့၏ ကြံရိုးမှ ကြံရည်ကိုကား တရိုတသေ ယူဆောင်သွားတော်မူကာ ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွ၍ ပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးရာတို့အား လှူဒါန်းတော်မူပါသည်"ဟု ပြန်ကြား ပြောဆိုလေ၏။

နောင်တော်သူကြွယ်သည် ညီဖြစ်သူ သူကြွယ် ပြောကြားစဉ်ပင် တကိုယ်လုံး ပီတိအဟုန်ဖုံးအုပ်လျက် "အကျွန်ုပ်၏အဖို့ရာ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ် သိမြင်အပ်သော တရားထူးကို ရခြင်းသည်သာလျှင် ဖြစ်ပါစေသတည်း"ဟု ဆုတောင်းပတ္ထနာမှုပြုလေ၏၊ ဤသို့လျှင် ညီဖြစ်သူကား လူ,နတ်,နိဗ္ဗာန်=သုံးတန်သောသမ္ပတ္တိချမ်းသာတို့ကို တောင့်တအပ်ကုန်၏၊ နောင်တော်သည်ကား တပုဒ်တည်းဖြင့်ပင် အရဟတ္တဖိုလ်ကို တောင့်တအပ်လေသည်၊ ဤကား ထိုညီနောင်နှစ်ဦးတို့၏ ရှေးကံကောင်းမှု ကုသိုလ်တည်း။

### တဖန် သူကြွယ်ညီနောင်ဘဝ

ထိုသူကြွယ်ညီနောင်တို့သည် အသက်တမ်းအတိုင်း တည်နေကြ၍ ထိုဘဝမှ စုတေကြသည်ရှိသော် နတ်ပြည်၌ ဖြစ်ကြ၍ ဖုဿဘုရားရှင်နှင့် ဝိပဿီမြတ်စွာဘုရားရှင် နှစ်ဆူတို့၏အကြား မရေမတွက်နိုင်သော နှစ်ကာလအပိုင်းအခြားတည်းဟူသော ဗုဒ္ဓန္တရ

WWW.DHAMMARANSI.COM



အသင်္ချေယျတကပ်ကာလကို နတ်ပြည်၌သာ ကုန်လွန်စေကြလေကုန်၏၊ ထိုညီနောင်နှစ်ယောက်တို့ နတ်ပြည်၌ တည်နေကြစဉ်ပင် ဝိပဿီမြတ်စွာဘုရားသည် လောက၌ ပွင့်ထွန်းတော်မူလာလေ၏၊ ထို ညီနောင်နှစ်ယောက်တို့သည်လည်း နတ်ပြည်မှ စုတေခဲ့ကြ၍ ဗန္ဓုမတီ မင်းနေပြည်ဝယ် အမျိုးကောင်းသူကြွယ်အိမ်၌ နောင်တော်ကား ,, နောင်တော်ပင်, ညီတော်ကား ညီတော်ပင် ဖြစ်လျက် ပဋိသန္ဓေ ယူနေဖြစ်ပွါး လာကြပြန်လေ၏၊ ထိုညီနောင်နှစ်ယောက်တို့တွင် နောင်တော်၏ အမည်ကို သေန-ဟူ၍, ညီတော်၏အမည်ကိုကား အပရာဇိတ-ဟူ၍ မိဘတို့က မှည့်ခေါ်ကြလေသည်။

ထိုသူကြွယ်ညီနောင် နှစ်ယောက်တို့ အရွယ်သို့ ရောက်ကြသောအခါ အိမ်ထောင်ဖက်ကို ကောင်းစွာတည်တံ့စေ၍ နေထိုင်ကြစဉ် "အိုသူတော်ကောင်း သူမြတ်လောင်းတို့...လောက၌ ဘုရားမြတ်ရတနာ, တရားရတနာ, သံဃာရတနာတို့ နေဝါ,လဝန်း ဖြစ်ထွန်းပွင့်ပေါ်ခဲ့လေပြီ၊ အလှူဒါနတို့ကို ပေးလှူကြကုန်လော့၊ ကောင်းမှုတို့ကို ပြုကြကုန်လော့၊ ယနေ့သည် ရှစ်ရက်မြောက် = အဋ္ဌမီဥပုသ်နေ့ ဖြစ်သည်၊ ယနေ့ကား ဆယ့်လေးရက်မြောက် = စာတုဒ္ဒသီဥပုသ်နေ့ ဖြစ်သည်၊ ယနေ့ကား ဆယ့်ငါးရက်မြောက် = ပန္နရသီဥပုသ်နေ့ ဖြစ်သည်၊ ဥပုသ်စောင့်သုံးမှု ပြုကြပါကုန်လော့၊ တရားတော်ကို နာကြားကြပါကုန်လော့" ဟု ခမ္မဃောသက = နိဗ္ဗာန်ဆော်ပုဂ္ဂိုလ်၏ ဗန္ဓုမတီ နေပြည်တော်အတွင်း၌ လှည့်လည်ကြွေးကြော်သော အသံကို ကြားရသဖြင့် လူများအပေါင်း နံနက်ခင်း အလှူ လှူကြ၍, နေမွန်းလွဲသောအခါ တရားနာသွားကြသည်ကို မြင်ရကား နောင်တော်ဖြစ်သော သေန-သူကြွယ်သည် "အဘယ်အရပ်သို့ သွားကြမည်နည်း" ဟု မေး၍ လူအများက "မြတ်စွာဘုရားရှင့်ထံ တရားနာရန် သွားကြပါမည်" ဟု ပြန်ကြားပြောဆိုအပ်လေသော် "ကျွန်ုပ်လည်း လိုက်ပါပါရစေ" ဟု ပြောဆိုကာ ထိုလူများအပေါင်းနှင့် အတူတကွ လိုက်ပါခဲ့၍ ပရိသတ်အစွန်အဖျား၌ ထိုင်နေလျက် တရားနာယူလေ၏။)

WWW.DHAMMARANSI.COM



ဝိပဿီမြတ်စွာဘုရားသည် ထိုသေန-သူကြွယ်၏ အလိုအဇ္ဈာသယကို သိတော်မူပြီးလျှင် ဒါနကထာ, သီလကထာ-စသော အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူလေ၏။ သေန-သူကြွယ်သည် မြတ်စွာဘုရား၏ တရားတော်ကို နာပြီးလျှင် ရှင်ရဟန်းပြုရန် အလွန်ထက်သန်သော လုံ့လဝီရိယ ဖြစ်ရှိလာရကား ဝိပဿီမြတ်စွာဘုရားရှင်ကို (မိမိကို) ရဟန်းပြုပေးရန် တောင်းပန်လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က “ဒါယကာ···သင့်အဖို့ရာ ပန်ကြားရမည့် ဆွေမျိုးများ ရှိကြသလော”ဟု မေးတော်မူသဖြင့် သေန-သူကြွယ်က “ရှိကြပါသည် မြတ်စွာဘုရား....”ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်က “ထိုသို့ဖြစ်လျှင် ဆွေမျိုးများကို ပန်ကြားပြီးမှ လာခဲ့လော့”ဟု မိန့်တော်မူလေ၏။

ထို့နောက် သေန-သူကြွယ်သည် ညီဖြစ်သူ အပရာဇိတ-သူကြွယ်ထံသို့ သွားရောက်၍ ညီ, အစ်ကို နှစ်ယောက်တို့ တိုင်ပင်ပြောဆိုကြသည်မှာ—

(သေန) ချစ်ညီ....ဤအိမ်မှာ ရှိရှိသမျှ စီးပွါးဥစ္စာနှစ်ဟူသမျှသည် ချစ်ညီ၏ဥစ္စာ ဖြစ်ပါစေ။

(အပရာဇိတ) အရှင်နောင်တော်....အရှင်နောင်တော်တို့ကတော့(ဘာလုပ်ကြမည်နည်း)။

(သေန) ငါသည် မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုတော့အံ့။

(အပရာဇိတ) အရှင်နောင်တော်····ဘယ့်နှယ် ပြောလိုက်ကြကုန်သနည်း၊ အကျွန်ုပ်သည် မိခင်ကွယ်လွန်ပြီးနောက် မိခင်ကဲ့သို့၎င်း, ဖခင်ကွယ်လွန်ပြီးနောက် ဖခင်ကဲ့သို့၎င်း နောင်တော်တို့ကို ရခဲ့ပါပြီ၊ ဤအိမ်ကားများသော အသုံးအဆောင်ရှိပါ၏၊ အိမ်၌ စိုးအုပ် တည်နေယင်းကပင် ကောင်းမှုတို့ကို ပြုနိုင်ပါကုန်သည်၊ ဤကဲ့သို့ (ရဟန်း)မပြုကြပါလင့်။

WWW.DHAMMARANSI.COM



(သေန်) ငါသည် မြတ်စွာဘုရားအထံတော်၌ တရားတော်ကို ကြားနာအပ်ခဲ့ပြီ၊ ထိုတရားတော်ကို အိမ်၏ အလယ်၌ တည်နေသူသည် ဖြည့်ကျင့်ရန် မတတ်နိုင်ချေ၊ သို့ရကား ငါသည် ကေန်ပင် ရဟန်းပြုပေတော့အံ့၊ ချစ်ညီသည် နေရစ်လော့—

သေန-သူကြွယ်သည် ဤကဲ့သို့ ပြော၍ ညီဖြစ်သူ အပရာဇိတ သူကြွယ်ကို ပြန်နှစ်စေပြီးလျှင် ဝိပဿီမြတ်စွာဘုရား အထံတော်၌ ရှင်ပြုပြီးနောက် ရဟန်းအဖြစ်ကို ဆက်လက်ရယူကာ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏ = ရဟန္တာဖြစ်လေ၏။

ဂန္ဓကုဋီ ဆောက်လုပ်လှူဒါန်းခြင်း

ညီဖြစ်သူ အပရာဇိတ-သူကြွယ်သည်လည်း "နောင်တော်၏ ရှင်, ရဟန်းပြုပွဲ ပူဇော်သဘင် ဆင်ယင်ကျင်းပအံ့"ဟူ၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူဒါန ပေးလှူပြီးလျှင် နောင်တော် သေန-မထေရ်မြတ်ကို ရှိသေမြတ်နိုး ရှိခိုး၍ "အရှင်ဘုရား....အရှင်မြတ်တို့သည် မိမိ၏ ဘဝလွတ်မြောက်ရေး အလုပ်ကို ပြုလုပ်အပ်ပြီးပါပြီ၊ အကျွန်ုပ်သည်ကား ကာမဂုဏ် ငါးပါးတို့ဖြင့် အနှောင်အဖွဲ့ ခံနေရပါသဖြင့် တောထွက်၍ ရှင်, ရဟန်းပြုခြင်းငှါ မစွမ်းနိုင်ပါ၊ အကျွန်ုပ်အား အိမ်၌ တည်နေယင်းပင် သင့်လျော်လျောက်ပတ်မည့် ကြီးမြတ်သော ကောင်းမှုကို မိန့်ကြားတော်မူကြစေချင်ပါသည်"ဟု လျှောက်ထားလေ၏၊ ထိုအခါ အပရာဇိတ-သူကြွယ်ကို နောင်တော် သေန-မထေရ်မြတ်သည် "ကောင်းစွ ကောင်းစွ ပညာရှိ....မြတ်စွာဘုရား၏ အတွက် ဂန္ဓကုဋီ ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းလေလော့"ဟု အကြံပေးစကား မိန့်ကြားတော်မူလေ၏။

အပရာဇိတ(ညီဖြစ်သူ)သူကြွယ်သည် "ကောင်းပါပြီ"ဟု ဝန်ခံစကား လျှောက်ထားပြီးလျှင် အမျိုးမျိုးသော သစ်တို့ကို တိုက်ဆောင်စေ၍ တိုင်စသည်အလို့ငှါ ရွေစေ, တိုက်ခွဲစေပြီး နောက်

WWW.DHAMMARANSI.COM



ရွှေစီခြယ်သောတိုင်တလုံး, ငွေစီခြယ်သောတိုင်တလုံး, ပတ္တမြားစီခြယ်သောတိုင်တလုံး–ဤသို့ စသည်ဖြင့် ရတနာခုနစ်မျိုးစီခြယ်အပ်သော တိုင်တို့ကို ပြုလုပ်စေလျက် ထိုတိုင်တို့ဖြင့် ဂန္ဓကုဋီကျောင်းတော်ကြီး ဆောက်လုပ်စေပြီးလျှင် ရတနာ ခုနစ်သွယ်စီခြယ်အပ်သော အမိုးအုတ်တို့ဖြင့်ပင် ကျောင်းတော်ကြီးကို မိုးစေလေ၏။

**တူဝတော်မောင် အပရာဇိတ-က ဆင်ဝင်ဆောင် လှူဒါန်းခြင်း**

အထူးအားဖြင့် ဂန္ဓကုဋီ အုတ်ကျောင်းတော်ကြီးကို ဆောက်လုပ်နေသောအခါ၌ပင် အပရာဇိတ-သူကြွယ့်ထံသို့ မိမိနှင့်အမည်တူ(နှမ၏သား)အပရာဇိတပင်မည်သော တူတော်မောင်သည် လာလတ်၍ "ဦးကြီး…ကျွန်တော်လည်း ကုသိုလ်ကောင်းမှု ပြုလုပ်လိုပါသည်၊ ကျွန်တော်အားလည်း ကုသိုလ်ဝေစု ပေးကြစေချင်ပါသည်"ဟု တောင်းပန်စကား ပြောကြားလာလေ၏၊ဦးကြီးတော်သူ အပရာဇိတ-သူကြွယ်သည်"မပေးနိုင်ပါတူတော်မောင်….၊ ငါသည် သူတပါးတို့နှင့် မဆက်ဆံသည့် ကောင်းမှုကုသိုလ်ကို ပြုလုပ်ပေအံ့"ဟု ပယ်မြစ်စကား ပွင့်ပွင့်လင်းလင်းပင် ပြောကြားလေ၏။

တူတော်မောင် အပရာဇိတ-သူကြွယ်သည် အကြိမ်များစွာ တောင်းပန်ပါသော်လည်း ဂန္ဓကုဋီ အုတ်ကျောင်းတော်ကြီး၌ ပါဝင်ခွင့်ဝေစုကို အယ်နည်းနှင့်မှ မရနိုင်ရကား "ဂန္ဓကုဋီအုတ်ကျောင်းမကြီး ရှေ့တည့်တည့်မှ ဆင်ဝင်ဧည့်ခံဆောင်ကို ရမှသင့်မည်"ဟု ကြံစည်ဆင်ခြင်မိကာ ရတနာ ခုနစ်ပါးဖြင့် ပြီးသော ဆင်ဝင်ဧည့်ခံဆောင်ကို ဆောက်လုပ်စေလေ၏၊ ထိုတူတော်မောင် အပရာဇိတ-သူကြွယ်သည် ဤဘုရားမြတ်စွာပွင့်ထွန်းတော်မူရာ ကာလ၌ "မေဏ္ဍက"သူဌေးကြီး ဖြစ်လာလေသည်၊ (အကြောင်းအရာအကျယ် နောက်၌ ထင်ရှားလတ္တံ့)။

WWW.DHAMMARANSI.COM



## ဂန္ဓကုဋီအုတ်ကျောင်းတော်ကြီး၏ ရှုမျှော်ခင်းနှင့် တင့်တယ်ပုံ

အထူးအားဖြင့် ဂန္ဓကုဋီအုတ်ကျောင်းတော်ကြီး၌ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော လေသာပြူတင်းကြီး သုံးပေါက်တို့ ပါရှိကြလေသည်၊ ထိုလေသာပြူတင်းကြီး သုံးပေါက်တို့၏ ရှေ့မျက်မှောက်တည့်တည့်၌ အပရာဇိတ-သူကြွယ်သည် အောက်မြေအပြင်၌ အင်္ဂတေတို့ဖြင့် အပြေအပြစ် ပြုအပ်သည့် လေးထောင့်ရေကန်ကြီး သုံးလုံးတို့ကို ပြုလုပ်စေပြီးလျှင် နံ့သာလေးမျိုးရေ အပြည့်ထည့်၍ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး ဂန္ဓကုဋီအုတ်ကျောင်းတော်အတွင်း၌ ထိုင်နေတော်မူသောအခါ လေအဟုန်တိုက်ခတ် ယူဆောင်လာသည့် ကြာဝတ်မှုန်တို့ဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်ကို ကြဲဖြန့်ရန် ရည်သန်လျက် ကြာမျိုးငါးပါးတို့ကို ထိုကန်သုံးလုံးတို့၌ စိုက်ပျိုးစေလေ၏။

ဂန္ဓကုဋီအုတ်ကျောင်းတော် ထုပိကာ၏ လေးမျက်နှာအလွှာများကား ရွှေနီဖလံဖြင့် ပြီးလေသည်၊ အထွတ်ကား သန္တာဖြင့် ပြီးလေသည်၊ ထိုထုပိကာ၏ အောက် အမိုးအုတ်များကား မြကျောက်ဖြင့် ပြီးလေသည်၊ ဤသို့လျှင် ဂန္ဓကုဋီအုတ်ကျောင်းတော်ကြီး၏ အထွတ်ထုပိကာသည် က-နေသော ဥဒေါင်းပမာ တင့်တယ်လှပစွာ၏။ ထို့ပြင်လည်း ဂန္ဓကုဋီအုတ်ကျောင်းတော်ကြီး ဒါယကာ အပရာဇိတ-သူကြွယ်သည် ရတနာခုနစ်ပါးတို့အနက် ခတ်သင့်သောရတနာမျိုးကို ခတ်၍ငင်း, မခတ်သင့်သော ရတနာမျိုးကိုကား အတုံးလိုက် အခဲလိုက်သာလျှင်ငင်း ယူဆောင်ခဲ့၍ ဂန္ဓကုဋီအုတ်ကျောင်းတော်ကြီးကို ဝန်းပတ်လျက် ပုဆစ်ဒူးဝန်း နစ်လုမျှမြင့်အောင် ပရိဝုဏ်ကြီးတခုလုံးကို ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေလေ၏။

### မြတ်စွာဘုရားအား ဂန္ဓကုဋီအုတ်ကျောင်းကြီးကို တင်လှူခြင်း

ဤသို့ ဂန္ဓကုဋီအုတ်ကျောင်းတော်ကြီးကို ပြီးဆုံး, တင့်တယ်စေပြီးလျှင် အုတ်ကျောင်းတော်ကြီး ဒါယကာ အပရာဇိတ သူကြွယ်သည် နောင်တော် အရှင်သေန-မဟာလ်ရုံမြတ်ထံသို့ ဆည်း

WWW.DHAMMARANSI.COM



ကပ်၍ "အရှင်ဘုရား...ဂန္ဓကုဋီ အုတ်ကျောင်းတော်ကြီးကား ပြီးစီးပါပြီ၊ ထိုအုတ်ကျောင်းတော်ကြီးကို မြတ်စွာဘုရားရှင် သုံးဆောင်တော်မူခြင်းကို ဘုရားတပည့်တော် လိုလားတောင့်တပါသည်၊ သုံးဆောင်ခြင်းဖြင့် ကြီးမြတ်သော ကုသိုလ်တရား ဖြစ်ပွါးပါသည်တဲ့ဘုရား" ဟု လျှောက်ထားလေ၏။ နှောင်တော် အရှင်သေန-မထေရ်မြတ်သည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်သွားရောက်၍ "မြတ်စွာဘုရား.... ဤ အပရာဇိတ-သူကြွယ်သည် ရှင်တော်ဘုရားတို့အတွက်ဂန္ဓကုဋီအုတ်ကျောင်းတော်ကိုဆောက်လုပ်ပြီးစေအပ်ပါပြီတဲ့၊ ယခုအခါ၌ကား ရှင်တော်ဘုရားတို့၏ သုံးဆောင်တော်မူခြင်းကို လိုလား တောင့်တပါသည်တဲ့" ဟု လျှောက်ထားလေ၏။

ဝိပဿီမြတ်စွာဘုရားရှင်သည် နေရာတော်မှ ထ၍ ဂန္ဓကုဋီအုတ်ကျောင်းတော်သို့ ရှေးရှု ကြွတော်မူပြီးလျှင် ဂန္ဓကုဋီအုတ်ကျောင်းတော်ကြီးကို ဝန်းရံ၍ ပရိဝုဏ်အပြည့် ပုဆစ်ဒူးဝန်းနစ်လုမျှ မြင့်အောင် ကြဲဖြန့်ထားသော ရတနာခုနစ်ပါး အစုအပုံကို ကြည့်ရှုတော်မူလျက် တံခါးမုခ်၌သာ ရပ်၍ နေတော်မူလေ၏။ ထိုအခါ မြတ်စွာဘုရားကို အပရာဇိတ-သူကြွယ်က "မြတ်စွာဘုရား....ဝင်တော်မူကြပါ" ဟု လျှောက်ထားသော်လည်း မြတ်စွာဘုရားရှင်သည် ဝင်တော်မမူဘဲ ထိုတံခါးမုခ်မှာပင် ရပ်တည်တော်မူ၍ တတိယအကြိမ် ထပ်၍ လျှောက်ထားသောအခါ၌ကား သူကြွယ်၏နှောင်တော် အရှင်သေန-မထေရ်မြတ်ကို ကြည့်ရှုတော်မူလေ၏။

မထေရ်သည် ကြည့်တော်မူပုံ အခြင်းအရာဖြင့်ပင် မြတ်စွာဘုရား၏ အလိုတော်ကို သိ၍ ညီဖြစ်သူ သူကြွယ်ကို "သွားလော့ ချစ်ညီ....၊ 'တပည့်တော်၏သာ စောင့်ရှောက်မှု ဖြစ်ပါလိမ့်မည်၊ ရှင်တော်ဘုရားတို့သည် အလိုရှိတိုင်း ချမ်းသာစွာ သီတင်းသုံးနေတော်မူကြပါ' ဟု မြတ်စွာဘုရားကို လျှောက်ထားလော့" ဟု နည်းပေးစကား မိန့်ကြားတော်မူလေ၏။ သူကြွယ်သည် မထေရ်၏ စကားကို ကြားရလျှင် မြတ်စွာဘုရားကို တည်ခြင်းငါးမျိုးဖြင့်

WWW.DHAMMARANSI.COM



ရှိခိုး၍ "မြတ်စွာဘုရား...လူအများသည် သစ်ပင်ရင်း၌ ဝင်၍ မငဲ့မကွက် ဖဲသွားကြသကဲ့သို့၎င်း, မြစ်တဖက်ကမ်း ကူးသန်းကြပြီးလျှင် ဖောင်ကို မငဲ့မကွက် စွန့်ပစ်သွားကြကုန်သကဲ့သို့၎င်း ဤအတူပင် ရှင်တော်ဘုရားတို့သည် ငဲ့ကွက်တော်မူခြင်းမှ လုံးဝ ပြုတော်မမူကြပဲ အလိုရှိတိုင်း ချမ်းသာစွာ သီတင်းသုံး နေထိုင်တော်မူကြပါဘုရား" ဟု လျှောက်ထားလေ၏။

(ဤ၌။ ။"မြတ်စွာဘုရားသည် အဘယ့်ကြောင့် ကျောင်းတော်သို့ ဝင်တော်မမူပဲ ရပ်တည်နေတော်မူသနည်း" ဟု မေးဖွယ်ရှိ၏။ အဖြေကား--မြတ်စွာဘုရားသည် "ဘုရားရှင်တို့၏အထံသို့ နံနက်အခါ၌၎င်း, နေလွဲအခါ၌၎င်း များစွာသောသူတို့ လာရောက်ကြလေသည်၊ ထိုသူများသည် ရတနာတို့ကို(မြင်နေရ၍)ကောက်ယူ၍ ဖဲသွားကြလျှင် ငါဘုရားကိုသည် မတားမြစ်နိုင်ကုန်ချေ၊ အကယ်၍များ ကျောင်းဒါယကာ အပရာဇိတ-သူကြွယ်သည် 'ကျောင်းပရိဝုဏ်အတွင်း၌ ဤမျှသော ရတနာများ ရောပြွမ်းနေပါလျက် မိမိ၏ အလုပ်အကျွေးဒကာများ ခိုးယူသွားကြသည်ကိုလည်း (မြင်နေပါလျက် ဘုရားသည်) တားမြစ်တော်မမူ' ဟု ငါဘုရားအပေါ်၌ ရန်ငြိုးမှု ပြုမှားခဲ့လေလျှင် အပါယ်သို့သို့ လားရောက်ရှာချေတော့မည်" ဟု ကြံစည် ဆင်ခြင်တော်မူမိလေသည်၊ ထို့ကြောင့် ရပ်တည်နေတော်မူ၏။ ဤကား အဖြေတည်း။)။

ထိုသို့ အပရာဇိတ-သူကြွယ်က "မြတ်စွာဘုရား...တပည့်တော်၏သာလျှင် စောင့်ရှောက်မှုဖြစ်ပါလိမ့်မည် = စောင့်ရှောက်ရန်မှာ တပည့်တော်၏ တာဝန်သာ ဖြစ်ပါသည်၊ အရှင်ဘုရားတို့သည် ချမ်းသာစွာ နေတော်မူကြပါကုန်လော့" ဟု လျှောက်ထား(တာဝန်ယူ)သောအခါ မြတ်စွာဘုရားသည် ဂန္ဓကုဋီအုတ်ကျောင်းတော်သို့ ဝင်တော်မူလေ၏။ ကျောင်းဒါယကာ သူကြွယ်သည် ပယ်ဝန်းကျင်မှ အစောင့်အနေကို ချထားပြီးလျှင် အစောင့်လူများကို "အမောင်တို့...ရင်ခွင် (ခါးပိုက်, ပုဆိုးခါးပုံ) ဖြင့်၎င်း, ခြင်းတောင်းများ အိတ်များဖြင့်၎င်း ယူ၍သွားကြသောသူများကို တားမြစ်ကြကုန်၊ လက်ဆုပ်ဖြင့် ယူ၍သွားသော သူများကိုကား မတားမြစ်ကြကုန်လင့်" ဟု ပြောဆိုမှာထားလေသည်။

WWW.DHAMMARANSI.COM



မြို့တွင်း၌လည်း ကျောင်းဒါယကာအပရာဇိတ-သူကြွယ်သည် "ဂန္ဓကုဋိကုတ်ကျောင်းတော် ပရိဝုဏ်အတွင်း၌ ငါသည် ရတနာ ခုနစ်ပါးတို့ကို ပုဆစ်ဒူးနစ်မျှ ကြဲချအပ်ခဲ့ကုန်ပြီ၊ မြတ်စွာဘုရား အထံတော်၌ တရားနာ၍ ပြန်လာကြသော လူဆင်းရဲတို့သည် လက်နှစ်ဖက်အပြည့် ရတနာတို့ကို ဆုပ်ယူကြကုန်လော့၊ ချမ်းသာ သောသူများသည်လည်း လက်တဖက်ဖြင့် ရတနာတို့ကို ဆုပ်ယူ ကြကုန်လော့"ဟု အိမ်ပေါက်စေ့လှည့်လည် ပြောကြားစေလေ၏။ ကျောင်းဒါယကာသူကြွယ်၏ စိတ်သန္တာန်မှာ "သဒ္ဓါတရားရှိကြ သူတို့သည် တရားနာလိုကြကုန်သည်ဖြစ်၍ သွားရောက်ကြမည် ကောန် အမှန်ပင်ဖြစ်သည်၊ သဒ္ဓါတရား မရှိကြသောသူများသည် လည်း ဥစ္စာကို ရယူလိုသော လောဘဖြင့် သွားရောက်ကြကာ တရားနာကြ၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြပေလိမ့်မည်" ဤကဲ့သို့ အကြံအစည် ဖြစ်ရှိလာလေသည်။ ထို့ကြောင့် လူအပေါင်း အား ချီးမြှောက်ရန် ဤကဲ့သို့ လှည့်လည်ပြောကြားစေခြင်း ဖြစ်သည်။

လူများအပေါင်းသည် အပရာဇိတ-သူကြွယ် ပြောကြားသည့် အတိုင်းပင် ဆင်းရဲသူများက လက်နှစ်ဖက်အပြည့်, ချမ်းသာ သောသူများက လက်တဖက်ဖြင့် ရတနာတို့ကို ယူကြလေသည်။ ပဌမအကြိမ် ကြဲအပ်သောရတနာတို့ ကုန်ပြန်သော် ဒုတိယအကြိမ် ထိုနည်းအတူ ပုဆစ်ဒူးနစ်လုမျှ ကြဲပြန်လေ၏၊ ထိုဒုတိယအကြိမ် ကြဲအပ်သောရတနာတို့ ကုန်ပြန်သော် တတိယအကြိမ်လည်း ထိုနည်းအတူ ပုဆစ်ဒူးနစ်လုမျှ ကြဲပြန်လေ၏။

အထူးအားဖြင့် ကျောင်းဒါယကာ အပရာဇိတ-သူကြွယ်သည် "မြတ်စွာဘုရား၏ ကိုယ်တော်မှ ထွက်ကွန့်သော ရွှေရောင်တော် နှင့် အမျက်ကျောက်ရတနာ၏ အရောင် ဤနှစ်ပါးကို ကြည့်ရှုကြရ သော လူများအဖို့ ကြည့်၍အားမရ မရောင့်မရဲနိုင်အောင် ဖြစ်ပေ လိမ့်မည်"ဟု ကြံစည်အောက်မေ့ကာ မြတ်စွာဘုရား၏ ခြေတော် ရင်း၌ သန္ဒါးငှက်သီး (ကဆစ်သီးလုံးကြီးခန့်) ပမာဏရှိသော အဖိုးအတိုင်းမသိလိုက်တန်သည့် အမျက်ကျောက် ရတနာကြီးကို

WWW.DHAMMARANSI.COM



ထားရှိလေသည်။ လူများအပေါင်းသည်လည်း သူကြွယ်ကြီးစည် အောက်မေ့သည့်အတိုင်း မြတ်စွာဘုရား၏ ကိုယ်တော်ရောင်နှင့် အမျက်ကျောက် ရတနာရောင်ကို အားမရမရောင့်ရဲနိုင်လောက် အောင်ပင် ကြည့်ရှုကြလေ၏။

### ကျောက်မျက်ရတနာကြီးကို ပုဏ္ဏားတဦး ပြောင်ပြောင်ခိုးယူခြင်း

တနေ့သ၌ မိစ္ဆာအယူရှိသော ပုဏ္ဏားတယောက်သည် "မြတ်စွာဘုရား၏ ခြေတော်ရင်း၌ အဖိုးများစွာ ထိုက်တန်သော ကျောက်မျက်ရတနာကြီးကို ချထားအပ်သတဲ့၊ ငါသည် ထို ကျောက်မျက်ရတနာကြီးကို ခိုးဆောင်ပေအံ့" ဟူသော အကြံ နှလုံးသွင်းဖြင့် ကျောင်းတော်သို့ သွားရောက်၍ ဘုရားဖူးလာကြ သူ လူများအကြားမှ ဘုရားရှင့်ရှေ့တော်သို့ ဝင်ရောက်လာလေ သည်။ ကျောင်းဒါယကာသူကြွယ်သည် ထိုပုဏ္ဏား၏(မရိုးဖြောင့် သော) ဝင်လာပုံ အခြင်းအရာဖြင့်ပင် "ကျောက်မျက်ရတနာကို ခိုးယူလို၏" ဟု ရိပ်မိသိရှိ၍ "ဩ…ဤပုဏ္ဏားသည် ကျောက်မျက် ရတနာကို မခိုးယူပါမူ ကောင်းလေစွာ" ဟု ကြံစည်မိလေသည်။

ပုဏ္ဏားသည်လည်း မြတ်စွာဘုရားရှင်ကို ရှိခိုးဘိသကဲ့သို့ ခြေ တော်ရင်း၌ မိမိလက်ကို တုပ်ဝပ်သွတ်စေကာ ကျောက်မျက် ရတနာကြီးကို ကောက်ယူ၍ မိမိ၏ ခါးပိုက်ကြား၌ ဖွက်ထားပြီး လျှင် ဖဲသွားလေ၏။ ကျောင်းဒါယကာ အပရာဇိတ-သူကြွယ် သည် ထိုပုဏ္ဏား(အပြုအမူ)အပေါ်၌ မည်သည့်နည်းနှင့်မျှ စိတ်ကို ကြည်ကြည်လင်လင် မထားနိုင်ပဲ မြတ်စွာဘုရား တရားဟော၍ အပြီးတွင် မြတ်စွာဘုရား အထံတော်သို့ ဆည်းကပ်၍ "မြတ်စွာ ဘုရား… တပည့်တော်သည် သုံးကြိမ်တိုင်တိုင် ဂန္ဓကုဋိအုတ် ကျောင်းတော်ပရိဝုဏ်အပြည့် ပုဆစ်ဒူးဝန်းနစ်လုမျှ ရတနာခုနစ် ပါးတို့ကို ကြဲဖြန့်အပ်ခဲ့ပါကုန်သည်၊ ထို ရတနာတို့ကို ယူဆောင် သွားကြသော လူများအပေါ်၌ တပည့်တော်၏ စိတ်သည် မကျေ မချမ်းမှု အလျှင်းပင်မဖြစ်ပဲ တိုး၍ တိုး၍သာလျှင် သဒ္ဓါကြည်လင် ဖြစ်ခဲ့ပါသည်၊ ယနေ့မူကား 'ဩ…ဤပုဏ္ဏားသည် ကျောက်မျက်

WWW.DHAMMARANSI.COM



ရတနာကြီးကို မခိုးယူပါမူ ကောင်းလေစွ’ ဟု တပည့်တော် ကြံစည်မိပါလျက် ထိုပုဏ္ဏားကျောက်မျက်ရတနာကြီးကို ခိုးယူ၍ သွားလတ်သော် မိမိစိတ်ကို မည်သည့်နည်းနှင့်မျှ ကြည်ကြည် လင်လင် မထားနိုင်ဲ ရှိရပါသည်ဘုရား” ဟု လျှောက်ထားလေ၏။

## မြတ်စွာဘုရား၏ နည်းညွှန်းအရ အပရာဇိတ-သူကြွယ် ဆုတောင်းခြင်း

ဝိပဿီမြတ်စွာဘုရားသည် သူကြွယ်၏ စကားကိုကြားသိတော်မူလေလျှင် “ဒါယကာ...မိမိ၏ ဥစ္စာကို သူတပါးတို့ မခိုးယူ မဖျက်ဆီးနိုင်အောင် ပြုလုပ်ခြင်းငှါ စွမ်းနိုင်သည်မဟုတ်လော”ဟု နည်းညွှန်းစကား အရိပ်အမြွက် မိန့်ကြားတော်မူလေ၏။ သူကြွယ်သည် မြတ်စွာဘုရားပေးအပ်သည့် နည်းညွှန်း၌ တည်၍ မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင်—

> “မြတ်စွာဘုရား....ယနေ့ကို အစပြု၍ တပည့်တော်၏ ဥစ္စာကို မြတ်ဆာချည်မျှင် တပင်မျှကိုပင်သော်လည်း တပည့်တော်ကို လွှမ်းမိုးအနိုင်ကျင့်၍ ရာပေါင်းများစွာသောမင်းများ, ခိုးသူများသည် သိမ်းပိုက် လုယက်ခိုးယူခြင်းငှါ စွမ်းနိုင်ကြသောမည်သည် မဖြစ်ပါစေကုန်သတည်း = ရာပေါင်းများစွာသော မင်း, ခိုးသူတို့ မသိမ်းပိုက်နိုင်, မလုယက်နိုင်, မခိုးယူနိုင်ကြပါစေကုန်သတည်း၊ မီးသည်လည်း တပည့်တော်၏ ဥစ္စာကို မလောင်ကျွမ်းပါစေသတည်း၊ ရေသည်လည်း မတိုက်မျောနိုင်ပါစေသတည်း”—

ဟု ဆုတောင်းပတ္ထနာမှုကို ပြုလေ၏။ မြတ်စွာဘုရားသည်လည်း သူကြွယ်အား “ဧဝံ ဟောတု = ဤ ယခု သင်ဆုတောင်းသည့်အတိုင်း ဖြစ်ပါစေ”ဟု အနုမောဒနာမှုကို ပြုတော်မူလေ၏။ အပရာဇိတ-သူကြွယ်သည် ဂန္ဓကုဋိ အုတ်ကျောင်းတော် ရေစက်ချပွဲ ပြုလုပ်သည်ရှိသော် ရဟန်းတော်ပေါင်း (၆၈၀၀၀၀၀)

WWW.DHAMMARANSI.COM



ခြောက်သန်းရှစ်သိန်းတို့အား ကျောင်းတိုက်တော်အတွင်းမှာပင် ကိုးလတို့ပတ်လုံး ကြီးစွာသောအလှူကို ပေးလှူ၍ ရေစက်ချ အလှူပွဲကြီး ပြီးဆုံးသောနေ့၌ အားလုံးသော ရဟန်းတို့အား တိစီဝရိက်သက်န်းသုံးထည်စီ ဆက်ကပ်လှူဒါန်းလေ၏။ အငယ်ဆုံးသံဃာ (=သင်္ဃနောကိုယ်တော်) အား လှူဒါန်းအပ်သည့် သင်္ကန်းလျာသုံးထည်စာ အဝတ်တို့သည်ပင် အဖိုးတသိန်းထိုက်တန်ကုန်၏။

## နောက်ဆုံး ဇောတိကသူဌေးဘဝ

ထို အပရာဇိတ ကျောင်းဒါယကာသူကြွယ်သည် ဤနည်းဖြင့် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြု၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်ပြီးလျှင် ဤမျှ ကိုးဆယ့်တကမ္ဘာရှည်လျားစွာသော အခါကာလပတ်လုံး အပါယ်လေးပါး မလားမရောက်မူ၍ ဤအကျွန်ုပ်တို့၏ ဘုရားမြတ်စွာ ပွင့်ထွန်းတော်မူရာကာလဝယ် ရာဇဂြိုဟ်ပြည်၌ သူဌေးမျိုး တအိမ်ဝယ် ပဋိသန္ဓေယူနေခဲ့၍ ကိုးလခွဲကြာ မယ်တော်ဝမ်း၌ ကိန်း နေခဲ့လေသည်။ ထိုသူဌေးသားကို ဖွားမြင်သောနေ့၌ကား ရာဇဂြိုဟ်တပြည်လုံးဝယ် ရှိသမျှ လက်နက်အားလုံးတို့သည် မီးဟုန်းဟုန်းတောက်သည့် အဟန် အလျှံတပြောင်ပြောင် တောက်လောင်ကြလေကုန်၏၊ လူအားလုံးတို့၏ ကိုယ်ဝယ် ဝတ်ဆင်၍ထားအပ်သည့် အဆင်တန်ဆာတို့သည်လည်း အလျှံလွှတ်ကြသည့်ပမာ အရောင်အဝါကို လွှတ်ကြလေကုန်၏။ သို့ရကား ရာဇဂြိုဟ် တပြည်လုံးသည် တခဲနက် အရောင် တောက်ပြောင်လျက် ရှိလေ၏။

ထိုသူငယ်၏ ဖခင်သူဌေးသည်လည်း စောစောပင် ဗိမ္ဗိသာရမင်းကြီးထံသို့ အခစား သွားရောက်လေ၏၊ ထိုအခါ ဗိမ္ဗိသာရမင်းကြီးနှင့် သူဌေးကြီးတို့ အပြန်အလှန် မေး,ဖြေကြသည်မှာ—

(မင်းကြီး) ယနေ့ လက်နက်အားလုံး အလျှံတပြောင်ပြောင် တောက်လောင်ကြလေသည်း မြို့အလုံးသည် တခဲနက်အရောင် တောက်ပြောင်လျက် ရှိချေသည်၊ ဤသို့ ဖြစ်ရာ၌ အကြောင်းကို အသင်သူဌေးသည် သိ၏လော။

WWW.DHAMMARANSI.COM



(သူဌေး) သိပါသည် အရှင်မင်းကြီး....။

(မင်းကြီး) အဘယ် အကြောင်းကြောင့်နည်း သူဌေးကြီး....၊

(သူဌေး) အကျွန်ုပ်၏ အိမ်၌ အရှင်မင်းကြီးတို့၏ ကျွန်တယောက် ဖွားမြောက်ခဲ့ပါပြီး၊ ထို အကျွန်ုပ်သား၏ မကောင်းမှုရှိန်စော် အာနုဘော်ကြောင့် ဤကဲ့သို့ (တမြို့လုံး အလျှံအရောင် ဖုံးခြင်း) ဖြစ်ပါသည်။

(မင်းကြီး) သူဌေး.... အသို့နည်း = ဘယ့်နှယ်လဲ ထိုသင့်သားသည် ခိုးသူဖြစ်လိမ့်မည်လော။

(သူဌေး) အရှင်မင်းကြီး.... ဤကဲ့သို့ အကျွန်ုပ်၏သား ခိုးသူဖြစ်ရန် အကြောင်းမရှိပါ။ဘုန်းကံကြီးလှသည့် ရှေးကပြုဘူး ကုသိုလ်ထူးရှိသည့် သူတယောက် ဖြစ်ပါသည်။

(မင်းကြီး) ထိုသို့ဖြစ်လျှင် ထိုသူငယ်ကို ကောင်းစွာ စောင့်ရှောက် မွေးမြူမှ သင့်လျော်မည်၊ ဤ အသပြာ တထောင်သည် ထိုသူငယ်၏ နို့ဖိုးဖြစ်စေ။

ဤကဲ့သို့ပြောဆို၍ ဗိမ္ဗိသာရမင်းကြီးသည် နေ့စဉ်ပင်နို့ဖိုးအနေဖြင့် အသပြာ တထောင် တထောင် ပေးစေလေ၏။ ထို့နောက် ထိုသူငယ်ကို အမည်မှည့်သောနေ့၌ တမြို့လုံး တခဲနက် အလျှံတပြောင်ပြောင် အရောင်တလက်လက် တောက်ပမှုကို အကြောင်းပြု၍ "ဇောတိကသတို့သား"ဟု အမည်မှည့်ကြလေကုန်၏။

### ဇောတိကသူဌေးအိမ်ကို သိကြားမင်း ဖန်ဆင်းပေးခြင်း

ထို့နောက် ဇောတိကသူဌေးသား အရွယ်ရောက်သောအခါ သူ့အတွက် နေအိမ်ဆောက်လုပ်ရန် မြေအပြင်ကို သုတ်သင်ရှင်းလင်းအပ်သည် ရှိသော် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်နေရာသည် ပူနွေးသောအခြင်းအရာကို ပြလေ၏။ သိကြားမင်းသည်"အဘယ့်ကြောင့် ဤသို့(ပဏ္ဍုကမ္ဗလာပူနွေးမှု)ဖြစ်သနည်း" ဟု စူးစမ်းဆင်ခြင်လတ်သော် "ဇောတိကအတွက် အိမ်နေရာကို

WWW.DHAMMARANSI.COM



ယူကြကုန်၏”ဟု သိ၍“ဤဇောတိကကား ထိုလူတို့ ဆောက်လုပ်အပ်သော အိမ်၌ နေရမည့်သူမဟုတ်၊ ငါသည်လည်း ထိုအရပ်သို့ သွားမှ သင့်လျော်မည်” ဟု ကြံစည်ပြီးလျှင် လက်သမားအသွင်ဖြင့် ထိုအရပ်သို့ သွားရောက်၍ “အမောင်တို့.... အဘယ်အမှုပြုကြသနည်း” ဟု မေးမေလ၏။ လူအများက “ဇောတိကသူဌေးသားအတွက် အိမ်နေရာကို ယူကြပါသည်”ဟု ပြန်ကြားပြောဆိုကြလေလျှင် သိကြားမင်းသည် “အမောင်တို့... ဖယ်ရှားကြလော့၊ ဤ ဇောတိကသူဌေးသည် အမောင်တို့ ဆောက်လုပ်အပ်သော အိမ်၌ နေရမည့်သူ မဟုတ်ချေ” ဟု ပြောဆိုပြီးလျှင်(၁၆)တဆယ့်ခြောက်မင်းပယ် ကျယ်ဝန်းသော မြေအရပ်ကို ရှုးရှုးစိုက်စိုက်ကြည့်ရှုလိုက်လေ၏။ ထိုမြေအရပ်သည် ထိုခဏမှာပင် ကသိုဏ်းဝန်းပမာ ညီညွတ်သော မြေအရပ် ဖြစ်၍ သွားလေ၏။ (၁)

သိကြားမင်းသည် တဖန် “ဤ အရပ်၌ မြေကို ဖောက်ခွဲ၍ ရတနာ ခုနစ်ပါးဖြင့်ပြီးသော ဘုံခုနစ်ဆင့်(ခုနစ်ထပ်)ရှိ ပြာသာဒ်ကြီး ထပေါ်စေသတည်း”ဟု ကြံစည်၍ ရှုးရှုးစိုက်စိုက် ကြည့်ပြန်လေ၏၊ ထိုခဏမှာပင် ဘုံခုနစ်ဆင့် (ခုနစ်ထပ်)ရှိ ပြာသာဒ်ကြီး မြေကိုခွဲ၍ တက်ပေါ်လာလေ၏။ (၂)

သိကြားမင်းသည် တဖန်“ဤပြာသာဒ်ကြီးကိုဝန်းရံ၍ ရတနာခုနစ်ပါးဖြင့်ပြီးသော တံတိုင်းကြီး ခုနစ်ထပ်တို့ ထပေါ်ကြစေသတည်း” ဟု ကြံစည်၍ ရှုးရှုးစိုက်စိုက် ကြည့်ပြန်လေ၏၊ ထိုခဏမှာပင် ရတနာ ၇ ခုနစ်ပါးဖြင့်ပြီးသော တံတိုင်းကြီး ခုနစ်ထပ်တို့ မြေကိုခွဲ၍ တက်ပေါ်လာလေကုန်၏။ (၃)

ထို့နောက် သိကြားမင်းသည် “တံတိုင်း ခုနစ်ထပ် တို့၏ အပိုင်းအခြား အကြားအကြား၌ ပဒေသာပင်တို့ ထပေါ်ကြစေသတည်း”ဟု ကြံစည်၍ ရှုးရှုးစိုက်စိုက် ကြည့်ပြန်လေ၏၊ ထိုခဏမှာပင် ပဒေသာပင်တို့သည် သိကြားမင်း ကြံစည်သည့်အတိုင်း ထပေါ်၍ လာလေကုန်၏။ (၄)

ထို့နောက် တဖန် သိကြားမင်းသည် “ဘုံခုနစ်ဆင့်ရှိသည့် ပြာသာဒ်ကြီး၏ ထောင့်လေးထောင့်တို့၌ ရွှေအိုးကြီးလေးလုံးတို့

WWW.DHAMMARANSI.COM



ထပေါ်ကြစေသတည်း” ဟု ကြံစည်၍ စူးစူးစိုက်စိုက် ကြည့်ပြန်လေ၏၊ အလုံးစုံသည် သိကြားမင်း ကြံစည်သည့်အတိုင်းပင် ဖြစ်လာလေ၏။ ။ (အထူးအားဖြင့်—မြတ်စွာဘုရားအလောင်းတော်အတွက် ဖြစ်ပေါ်လာသည့် ရွှေအိုးကြီးလေးလုံးတို့၏ အဝပမာဏမှာ—တလုံးက တယူဇနာ, အခြားတလုံးက သုံးဂါဝုတ်, အခြားတလုံးက နှစ်ဂါဝုတ်, အခြားတလုံးက တဂါဝုတ် အဝပမာဏရှိ၏၊ အောက်အဖို့မှာ မဟာပထဝီမြေကြီး အဆုံးရှိလေသည်။ ဇောတိကသူဌေးအတွက် ဖြစ်ပေါ်လာသော ရွှေအိုးကြီးလေးလုံးတို့၏ အဝပမာဏကို အဋ္ဌကထာ(ရှေးအဋ္ဌကထာ) ၌ အထူးမဖွင့်ပြအပ်ချေ၊ လေးလုံးတို့သည်ပင် မျက်နှာဝ ဖြတ်၍ထားအပ်သည့် ထန်းသီးပမာဏ ရတနာအပြည့်သာလျှင် ထပေါ်၍လာကြလေကုန်သည်၊ ဤကား အထူးတည်း)။ (၅)

ပြာသာဒ်ကြီး၏ ထောင့်လေးထောင့်တို့၌ပင် ထန်းပင်ပျို ပင်စည်လုံးခန့် လုံးပတ်ပမာဏရှိကြသည့် ရွှေကြံပင်ကြီး လေးပင်တို့ပေါက်၍လာကုန်၏။ ထိုကြံပင်ကြီးတို့၏ အရွက်တို့မှာ မြရတနာဖြင့် ပြီးကုန်၍ ပင်စည်တို့မှာ ရွှေဖြင့် ပြီးကုန်၏။ ဤကြံပင်ကြီးတို့သည် ဇောတိကသူဌေး၏ ရှေးကောင်းမှုကုသိုလ်ကံကို ထင်ရှားပြသရန် ဖြစ်ပေါ်လာကြကုန်သတဲ့။ (၆)

တံခါးခုနစ်မုခ်တို့၌ နတ်ဘီလူးစစ်မှူး ခုနစ်ဦးတို့ အစောင့်အရှောက်ကို ယူကြလေသည် (=စောင့်ရှောက်ကြလေသည်)၊ (၁) ပဌမတံခါးမုခ်၌ ယမကောဠိ-မည်သော နတ်ဘီလူးစစ်မှူးသည် မိမိ၏ အခြံအရံ နတ်ဘီလူး (၁၀၀၀) တထောင်နှင့် အတူတကွ စောင့်ရှောက်၏၊ (၂) ဒုတိယတံခါးမုခ်၌ ဥပ္ပလ-မည်သော နတ်ဘီလူး စစ်မှူးသည် မိမိ၏ အခြံအရံ နတ်ဘီလူး (၂၀၀၀) နှစ်ထောင်တို့နှင့် အတူတကွ, (၃) တတိယတံခါးမုခ်၌ ဝဇိရ-မည်သော နတ်ဘီလူးစစ်မှူးသည် မိမိ၏ အခြံအရံ နတ်ဘီလူး (၃၀၀၀)သုံးထောင်တို့နှင့် အတူတကွ, (၄) စတုတ္ထတံခါးမုခ်၌ ဝဇိရဗာဟု-မည်သော နတ်ဘီလူးစစ်မှူးသည် မိမိ၏ အခြံအရံ နတ်ဘီလူး(၄၀၀၀)လေးထောင်တို့နှင့် အတူတကွ, (၅) ပဉ္စမ

WWW.DHAMMARANSI.COM



တံခါးမုခ်၌ ကာသကန္ဒ-မည်သော နတ်ဘီလူးစစ်မှူးသည် မိမိ၏ အခြံအရံ နတ်ဘီလူး (၅၀၀၀) ငါးထောင်တို့နှင့် အတူတကွ, (၆) ဆဋ္ဌတံခါးမုခ်၌ ကဋတ္တ-မည်သော နတ်ဘီလူး စစ်မှူးသည် မိမိ၏ အခြံအရံ နတ်ဘီလူး(၆၀၀၀)ခြောက်ထောင်တို့နှင့် အတူ တကွ, (၇) သတ္တမတံခါးမုခ်၌ ဒိသာမုခ-မည်သော နတ်ဘီလူး စစ်မှူးသည် မိမိ၏ အခြံအရံ နတ်ဘီလူး(၇၀၀၀)ခုနစ်ထောင်တို့ နှင့် အတူတကွ စောင့်ရှောက်နေလေ၏။

ယမကောဠိ စ ဥပ္ပလော၊
ဝဇိရော ဝဇိရဗာဟု။
ကာသကန္ဒော ကဋတ္တော စ၊
ဒိသာမုခေါ စ သတ္တမော။
ဧတေ ဂဏ္ဍိ သ အာရက္ခံ၊
ဇောတိကဿ နိဝေသနေ။
(ပဋ္ဌာနဒီပနီဂါထာ)

**ဗိမ္ဗိသာရမင်းကြီးက သူဌေးထီးဖြူပို့သ၍ သူဌေးအဖြစ် ခန့်အပ်ခြင်း**

"ဇောတိကသူဌေးသားအတွက် ရတနာခုနစ်ပါးဖြင့်ပြီးသော ဘုံခုနစ်ဆင့်ရှိ (= ခုနစ်ထပ်ရှိ) ပြာသာဒ်ကြီး မြေမှ တက်ပေါ် လာသတဲ့၊ တံတိုင်းကြီး ခုနစ်ထပ်, တံခါးမုခ်ခုနစ်ရပ်တို့နှင့်တကွ ရွှေအိုးကြီးလေးလုံးတို့မြေမှထပေါ်ကြကုန်သတဲ့" ဟူသောသတင်း စကားကို ကြားသိရ၍ ဗိမ္ဗိသာရမင်းတရားသည် ဇောတိကထံသို့ သူဌေးထီးဖြူနှင့်တကွ အဆောင်အယောင် အခမ်းအနားများ ပို့သစေလေ၏။ ထိုသူဌေးသားသည် ထိုအချိန်မှစ၍ "ဇောတိက သူဌေး" ဟူ၍ အမည်ထင်ရှား ကျော်ကြားလာလေ၏။

**"သတုလကာယီ" သူဌေးကတော် မြောက်ကျွန်းသူကို နတ်တို့ ယူဆောင်ပို့သခြင်း**

ဇောတိကသူဌေးနှင့်အတူတကွ ကုသိုလ်ကောင်းမှု ပြုခဲ့သော အမျိုးသမီးသည်ကား ထိုအချိန်ဝယ် ဥတ္တရကုရုကျွန်း၌ ဖြစ်ရှိနေ

WWW.DHAMMARANSI.COM



လေသည်။ ဇောတိကသူဌေးသား သူဌေးဖြစ်လာသောအခါ ထို ကောင်းမှုပြုဖော် မြောက်ကျွန်းသူ "သတုလကာယီ"ကို နတ်တို့ သည် မြောက်ကျွန်းမှ ယူဆောင်ခဲ့ကြ၍ ဇောတိက၏ ခုနစ်ထပ် တိုက်ကြီး ကျက်သရေတိုက်ခန်း၌ ထိုင်နေစေကြလေကုန်၏။ သတုလကာယီ သူဌေးကတော်သည် မြောက်ကျွန်းမှ လာသော အခါ ဆန်တစလယ်နှင့် မီးကျောက်သုံးလုံးတို့ကိုသာ ယူဆောင် ခဲ့လေသည်၊ ထိုသူဌေး ဇနီးမောင်နှံတို့အဖို့ရာ အသက်ထက်ဆုံး ထိုဆန်တစလယ်ဖြင့်ပင် ထမင်းဖြစ်ရှိလေသည်။ အကယ်၍ ထိုသူ များက ဆန်လှည်း အစီးတရာ (ထိုဆန်ထည့်သည့် ခွက်၌) ဖြည့် လောင်းကြစေကာမူ ထိုဆန်တစလယ်သည် တစလယ်သာလျှင် ဖြစ်၍ တည်လေသည်။ (အံ့ဖွယ်ပါပေ)။

ထမင်းချက်လိုသောအခါ ဆန်တို့ကို ထမင်းအိုး၌ ထည့်၍ မီးကျောက်သုံးလုံးတို့၏ အပေါ်၌ တည်ထားလိုက်ရလေသည်၊ ကျောက်တို့သည် ထိုခဏမှာပင် အလျှံတပြောင်ပြောင် တောက် လောင်လာ၍ ထမင်းကျက်လျှင် ကျက်ခြင်း မီးအလျှံများ ငြိမ်းစဲ၍ သွားကြလေ၏၊ ထိုသို့ မီးငြိမ်းသောအမှတ်ဖြင့်ပင် ထမင်းကျက် သည်၏အဖြစ်ကို သိကြရကုန်၏၊ ဟင်းလျာ-စသည် ချက်သော အခါ၌လည်း ဤနည်းအတူပင်တည်း။ ဤသို့လျှင် ထိုဇောတိက သူဌေး ဇနီးမောင်နှံတို့အဖို့ရာ မီးကျောက်တို့ဖြင့်သာလျှင် အစာ အာဟာရသည် ကျက်ရလေ၏၊ (ထင်းမီး-စသည်ဖြင့် မချက်ရ)။ မြကျောက်ရတနာအရောင်ဖြင့်သာလျှင် နေကြကုန်၏၊ သူတို့သည် မီးရောင် ဆီမီးရောင်ကို လုံးဝ မသိကြကုန်။

"ဇောတိကသူဌေးကြီး၏ စည်းစိမ်ချမ်းသာကား ဤသို့စင် ခမ်းနားကြီးကျယ်လှသတဲ့"ဟူသော သတင်းစကားသည် ဇမ္ဗူ- ဒိပ်ကျွန်းအလုံး နှံ့၍သွားလေသည်၊ လူများအပေါင်းသည် ယာဉ် စသည်တို့ကို က-စေ၍ ဇောတိကသူဌေး၏စည်းစိမ်ကိုကြည့်ရှုရန် ဥဒဟို လာရောက်ကြလေ၏။ ဇောတိကသူဌေးသည် လာတိုင်း လာတိုင်းသောသူတို့အား မြောက်ကျွန်းဆန်ဖြင့် မီးကျောက် ပေါ်ဝယ် ထမင်းအချက်ခိုင်း၍ ပေးလှူ ကျွေးမွေးစေလေ၏၊

WWW.DHAMMARANSI.COM



"ပဒေသာပင်တို့မှ မောင်တို့, အမိတို့ အလိုရှိရာ အဝတ်အထည်' အဆင်တန်ဆာတို့ကို ဆွတ်ခူးယူကြကုန်လော့"ဟု တိုက်တွန်း စေခိုင်းသည့်ပြင် တဂါဝုတ်ရှိသော ရွှေအိုးကြီး၏ အဝကို ဖွင့် စေ၍ "မောင်တို့,အမိတို့ သုံးစွဲလောက်အောင် ရွှေငွေဥစ္စာများကို ယူ၍ သွားကြကုန်လော့"ဟူ၍လည်း တိုက်တွန်း စေခိုင်းလေ၏။ ဇမ္ဗူဒိပ်ကျွန်း၌နေသူ လူအားလုံးတို့သည် ရွှေငွေဥစ္စာကို အလို ရှိသမျှ ယူငင်၍ ပြန်သွားကြသည်ရှိသော် ရွှေအိုးကြီးမှာ လက် တသစ်ခန့်မျှပင် ယုတ်လျော့မှုမရှိပဲ ပြည့်မြဲပြည့်၍နေလေ၏၊ ဤသို့ ဖြစ်ခြင်းသည် ထို ဇောတိကသူဌေး၏ ဂန္ဓကုဋီအုတ်ကျောင်းကြီး ဒါယကာ အပရာဇိတသူကြွယ်ဖြစ်စဉ်က ဂန္ဓကုဋီပရိဝုဏ်အတွင်း သဲဖြူခင်း၍ သုံးကြိမ်တိုင်တိုင် ရတနာခုနစ်ပါးတို့ကို ပုဆစ်ဒူးနစ် လုမျှ ကြဲဖြန့်၍ လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်၏ အကျိုးဆက် ဖြစ်လေသည်။

## ဗိမ္ဗိသာရမင်းကြီး ဇောတိက၏ ပြာသာဒ်ကို လာရောက်ကြည့်ရှုခြင်း

ဤသို့ လူများအပေါင်း အဝတ်အထည်, အဆင်တန်ဆာ, ဥစ္စာရွှေငွေများကို အလိုရှိသမျှ ယူငင်သွားကြစဉ်အခါဝယ် ဗိမ္ဗိ-သာရမင်းကြီးသည် ဇောတိက၏ ပြာသာဒ်ကို ကြည့်ရှုလို သော်လည်း လူအများ လာနေဆဲဖြစ်၍ ကြည့်ရှုခွင့်ကို မရခဲ့ချေ၊ နောက်အဖို့ဝယ် အလိုရှိသမျှ ယူငင်ကြ၍ သွားကြပြီဖြစ်ရကား လာရောက်ယူငင်သူများ နည်းပါးလတ်သည်ရှိသော် ဗိမ္ဗိသာရ မင်းကြီးသည် ဇောတိက၏ ခမည်းတော် သူဌေးကြီးကို "သင့် သား၏ ပြာသာဒ်ကို ငါတို့ ကြည့်လိုကုန်၏"ဟု ပြောဆိုလေ၏။ ဖခင်သူဌေးကြီးသည် "ကောင်းပါပြီ အရှင်မင်းကြီး····"ဟု ဝန်ခံ စကား ပြောကြားခဲ့၍ သားထံသို့ သွားရောက်ကာ "ချစ်သား.... ပြည့်ရှင်မင်းကြီးသည် သင်ချစ်သား၏ ပြာသာဒ်ကို ကြည့်ရှုတော် မူလိုသည်"ဟု ပြောဆိုလေ၏။ သားဖြစ်သူ ဇောတိကသူဌေး ကလည်း "ကောင်းပါပြီ ဖခင်....ပြည့်ရှင်မင်းကြီး ကြွလာတော် မူပါစေ"ဟု လက်ခံစကား ပြောကြားလေ၏။

WWW.DHAMMARANSI.COM



မိဗ္ဗိသာရမင်းကြီးသည် များစွာသောအခြံအရံဖြင့် ဇောတိကသူဌေး၏ ဘုံနန်းပြာသာဒ်သို့ သွားရောက်လေ၏။ ရှေးဦးစွာသော တံခါးမုခ်၌ တံမြက်လှည်း၍ အမှိုက်စွန့်သွန်သော ကျွန်မသည် မင်းကြီးအား မိမိလက်ကို ကမ်းလိုက်လေ၏၊ မင်းကြီးသည် "သူဌေးကတော်"ဟူသော အမှတ်ဖြင့် ရှက်နိုးရကား ထိုကျွန်မ၏ လက်ရုံး၌ မိမိလက်ကို မတင်ထားချေ၊ ဤနည်းအတူပင် ကြွင်းသောတံခါးမုခ်တို့၌လည်း ကျွန်မတို့ကို "သူဌေးကတော်များ" ဟု မှတ်ထင် အောက်မေ့ရကား ထိုကျွန်မတို့၏ လက်ရုံး၌ မိမိလက်ကို မတင်ထားချေ။ (ဤသို့လျှင် ဇောတိက၏ ဘုံနန်းပြာသာဒ်၌ ကျွန်မများပင် သူဌေးကတော်တွေဟု ထင်မှားယောက်အောင် ခမ်းနားတင့်တယ်လှကုန်၏)။

ဇောတိကသူဌေးသည် လာရောက်၍ မင်းကြီးကို ခရီးဦးကြိုဆိုကာ ရှိသေစွာ ရှိခိုးပြီးလျှင် မင်းကြီးနောက်မှ လိုက်ပါလျက် "ရှေ့မှ ကြွတော်မူကြပါ အရှင်မင်းကြီး····"ဟု ပြောဆိုလေ၏။ မင်းကြီး၏ အဖို့ရာ မြခကျောက်ရတနာ ခင်း၍ ထားအပ်သော မြေသည် အသူတရာနက်သော ချောက်ကမ်းပါးကြီးကဲ့သို့ ဖြစ်၍ ထင်နေလေ၏။ မင်းကြီးသည် "ဤဇောတိကသူဌေးကား ငါ့ကို ဖမ်းယူရန် တွင်းကြီးကို တူးထားအပ်လေပြီ"ဟု အထင်လွဲကာ ခြေမချဝံ့ပဲ ရှိလေ၏။ ဇောတိကသူဌေးသည် "အရှင်မင်းကြီး···· ဤအရာသည် တွင်းမဟုတ်ပါ၊ ကျွန်တော်မျိုး၏ နောက်မှ လိုက်ပါတော်မူခဲ့ကြပါလော့"ဟု ပြောဆိုကာ မင်းကြီး၏ရှေ့မှ သွားလေ၏။ မင်းကြီးသည် ဇောတိကသူဌေး နင်းကာနင်း၍သွားသော အခါမှ မြရတနာမြေကို နင်း၍ အောက်အပြင်မှ အစပြုကာ ပြာသာဒ်ကို ကြည့်ရှုလျက် လှည့်လည်လေ၏။

(အဇာတသတ်မင်းသားငယ်၏ အကြံ။ ။ထိုအချိန်ဝယ် အဇာတသတ်မင်းသားကလေးသည် ခမည်းတော်၏ လက်ချောင်းကို ဆွဲကိုင်လိုက်ပါ လှည့်လည်ရင်းက "ဩ ငါ၏ ဖခမည်းတော်သည် မသိဆိုးဝါး မိုက်ကန်းလှဘိတကား၊ ငါတို့အောက် ဇာတ်နိမ့်သည့် သူကြွယ်ဖြစ်သူက ရတနာ ခုနစ်ပါးဖြင့်ပြီးသော ပြာသာဒ်ကြီး၌ နေထိုင်ပါရပြီး ထို ငါ့ ခမည်းတော်ကြီးသည် ကျေးရွာမင်းစစ် ဖြစ်ပါလျက် သစ်သားဖြင့်

WWW.DHAMMARANSI.COM



ပြီးသော နန်းအိမ်၌ နေဘိ၏၊ ယခုအခါ ငါသည် မင်းဖြစ်ခဲ့လျှင် ဤသူဌေးအား ဤရတနာပြာသာဒ်ကြီး၌ သယ်နည်းနှင့်မျှ နေဖို့ရန် ခွင့်ပေးလိမ့်မည်မဟုတ်”ဟု ကြံစည်အောက်မေ့လေ၏)။

မင်းကြီး၏ အဖို့ရာမှာလည်း ပြာသာဒ်အထက်ထပ်များသို့ တက်ရောက်စဉ်ပင် နံနက်ပွဲတော်စာ စားသုံးရန် အခါရောက်လာလေ၏။ မင်းကြီးသည် ဇောတိကသူဌေးကို “သူဌေးကြီး...... ငါတို့သည် နံနက်ပွဲတော်စာကို ဤမှာပင် စားကြကုန်အံ့”ဟု ပြောဆိုလေ၏။ ဇောတိကသူဌေးကလည်း “သိပါသည် အရှင်မင်းကြီး...၊ အရှင်မင်းကြီး၏အတွက် နံနက်ပွဲတော်စာကို အသင့်စီမံအပ်ပြီးဖြစ်ပါသည်”ဟု လျှောက်ထားလေ၏။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် နံ့သာရေအိုး (၁၆) တဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုးပြီးလျှင် ဇောတိကသူဌေး၏ နေထိုင်ရာမဏ္ဍပ်အတွင်း ခင်းထားအပ်သော သူဌေး၏ထိုင်နေရာ ပလ္လင်၌ပင် ထိုင်နေလေ၏။ ထိုအခါ မင်းကြီးအား လက်ဆေးရေကို ပေးပြီးနောက် အဖိုးတသိန်းတန် ရွှေခွက်၌ ပျော့ပျောင်းသော (လက်ကော်ရ) နို့ဃနာထမင်းကို ခူးထည့်ပြီးလျှင် မင်းကြီး၏ ရှေ့၌ ပဋ္ဌမဦးစွာ လာရောက်ချထားကြလေ၏။ မင်းကြီးသည် “စားရမည့်ဘောဇဉ်”ဟူသော အမှတ်ဖြင့် စားဖို့ရန် ဟန်ပြင်လိုက်လေသည်။ ထိုအခါ ဇောတိကသူဌေးက “အရှင်မင်းကြီး... ဤအရာသည်ကား စာသုံးရန် မဟုတ်သေးပါ၊ ဤအရာသည်ကား အငွေ့ကောင်းကောင်း ပေးဖို့ရန် စီမံအပ်သည့် ပျော့ပျောင်းသော (လက်ကော်ရ) နို့ဃနာထမင်းသာ ဖြစ်ပါသေးသည်”ဟု ပြောဆိုပြီးမှ ဇောတိကသူဌေး၏ တပည့်များသည် အခြား အဖိုးတသိန်းတန် ရွှေခွက်တခွက်၌ မြောက်ကျွန်းဆန်ဖြင့် ချက်အပ်သည့် ထမင်းကို ခူးကြ၍ ရှေး (နို့ဃနာ) ရွှေခွက်၏ အပေါ်၌ တင်ထားလာကြလေကုန်၏။ (ထိုသို့ ပြုလုပ်မှသာ အောက်နို့ဃနာရွှေခွက်မှ အငွေ့မပြတ်ဟပ်သဖြင့် အထက်ရွှေခွက်၌ တည်သော မြောက်ကျွန်းဆန်ထမင်းမှာ အစ, အဆုံး ပူနွေးလျက် စားသုံး၍ ချမ်းသာမှု ဖြစ်သတဲ့)။

WWW.DHAMMARANSI.COM



မင်းကြီးသည် အလွန်ချိုမြိန်အရသာရှိသော မြောက်ကျွန်းဆန် ထမင်းကို စားသုံးရလေသော် (အလွန်စား၍ကောင်းသဖြင့်) အတိုင်းအရှည်ကို မသိနိုင်ပဲ ရှိလေ၏။ ထိုအခါ မင်းကြီးကို ဇောတိကသူဌေးသည် ရှိခိုး၍ လက်အုပ်ချီပြီးလျှင် "သင့်တော်လောက်ပါပြီ အရှင်မင်းကြီး....၊ ဤမျှသာလျှင် ဖြစ်စေချင် (စားသုံးစေချင်) ပါသည်၊ ဤထက် ပိုလွန်သွားလျှင် အစာကြေနိုင်လိမ့်မည်မဟုတ်ပါ" ဟု လျှောက်ထားလေ၏၊ ဗိမ္ဗိသာရမင်းကြီးက "ဘယ့်နှယ်လဲ သူဌေးကြီး....မိမိ၏ ထမင်းကိုအလေးပြု၍ (= ဂုဏ်တင်၍) ပြောဆိုသလော" ဟု ဆိုလေလျှင် ဇောတိကသူဌေးသည် "အရှင်မင်းကြီး....ဤသို့ မိမိ၏ထမင်းကို အလေးပြု၍ ပြောခြင်း (= ဂုဏ်တင်၍ပြောခြင်း) အလျှင်းပင် မဟုတ်ပါ၊ မှန်ပါသည်— အရှင်မင်းကြီးတို့၏ စစ်သည်ဗိုလ်ပါ အားလုံးအတွက်လည်း ဤ မြောက်ကျွန်းဆန် ထမင်းနှင့် ကျောက်ချက်ဟင်းပင် ဖြစ်ပါသည်၊ စင်စစ်သော်ကား အကျွန်ုပ်သည် အရှိန်အစော်မှဲ့ (သတင်းမကောင်းဖြစ်) မည်မှ ကြောက်လန့်ပါ၏" ဟု ပြန်ကြား လျှောက်ထားလေ၏၊ "အဘယ် အကြောင်းကြောင့်နည်း" ဟု မင်းကြီးက မေးလေလျှင် ဇောတိကသူဌေးသည် "အကယ်၍များ အရှင်မင်းကြီး၏ ကိုယ်ခန္ဓာမှာ (အစာက ဩဇာများလှသောကြောင့်) လေးလံပျင်းတွဲမှု အနည်းငယ်မျှ ဖြစ်ရှိခဲ့ပါလျှင် 'မင်းကြီးသည် ယမန်နေ့က ဇောတိကသူဌေးအိမ်၌ ထမင်းပွဲတော်စာ စားသုံးခဲ့လေသည်၊ ဇောတိကသူဌေးက တစုံတရာ ပြုလုပ်လိုက်သည် ဖြစ်လိမ့်မည်' ဟု အထင်မှား အမြင်မှား လူအများ အပြစ်တင်စကား ပြောကြားကြမည်မှ ကြောက်လန့်ပါသည် အရှင်မင်းကြီး...." ဟု ပြန်လည်ဖြေကြား လျှောက်ထားလေ၏၊ ထိုအခါကျမှ မင်းကြီးသည် "ထိုသို့ဖြစ်လျှင် ထမင်းပွဲကို သိမ်းလော့၊ ရေကြည်တော်ကို ဆက်သလော့" ဟု အမိန့်ပေးလေသည်၊ မင်းကြီး ပွဲတော်စာတည်ပြီးသော အဆုံး၌ အလုံးစုံသော မင်း၏ အခြွေအရံ ဗိုလ်ပါပရိသတ်သည် ထိုမြောက်ကျွန်းဆန်ထမင်းကိုပင် စားသုံးကြလေ၏။

WWW.DHAMMARANSI.COM



### မင်းကြီးထံ သတုလကာယီသူဌေးကတော် အခစားဝင်ခြင်း

ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် ကျန်းမာ, ချမ်းသာကြောင်း စကားနီးနှော ပြောဆိုနေထိုင်ယင်းက ဇောတိကသူဌေးကြီးနှင့် စကားစပ်ရာ မေး, မြေကြသည်မှာ—

(မင်းကြီး) သူဌေးကြီး...၏အိမ်၌ သူဌေးကတော် မရှိဘူးလော။

(ဇောတိက) ရှိပါသည် အရှင်မင်းကြီး...။

(မင်းကြီး) ယခု သူဌေးကတော် အဘယ်မှာ နေသနည်း။

(ဇောတိက) ကျက်သရေတိုက်ခန်း၌ ထိုင်နေပါသည်၊ မင်းကြီးလာရောက်ကြောင်းကို မသိ၍ ဖြစ်ပါသည်။ (မှန်၏—မင်းကြီး အခြွေအရံပရိသတ်နှင့်တကွ အစောကြီးကပင် လာရောက်သော်လည်း သူဌေးကတော် သတုလကာယီကား မင်းကြီးလာရောက်သည်ကို အမှန်ပင် မသိပါချေ)။

ထိုနေ့ခင်မှ ဇောတိကသူဌေးကြီးသည် "မင်းကြီးသည် ငါ၏ဇနီး သူဌေးကတော်ကို တွေ့မြင်တော်မူလို၏"ဟု ဆင်ခြင်မိ၍ သူဌေးကတော်ထံသို့ သွားပြီးလျှင် "မင်းကြီး ငါတို့အိမ်သို့ ကြွရောက်တော်မူလာသည်၊ သင့်အဖို့ရာ မင်းကြီးကို ဖူးတွေ့ရန် မသင့်လျော်ဘူးလော"ဟု မေးမြန်းလေ၏၊ သတုလကာယီသည် ကျက်သရေတိုက်ခန်းဝယ် လျောင်းစက်ယင်းက "အရှင်...၏မင်းဆိုသော သူသည် အဘယ်သို့သောသူ ဖြစ်သနည်း"ဟု မေး၍ ဇောတိကသူဌေးက "မင်းဆိုသည်မှာ ငါတို့၏အပေါ်၌ အစိုးရသောသူ ဖြစ်သည်" ဟု ပြောဆိုလေလျှင် သတုလကာယီသည် မနှစ်သက်ကြောင်း ထင်ရှားစွာ ထုတ်ဖော် ပြောကြားလိုရကား "ငါတို့သည် ကုသိုလ်ကောင်းမှုတို့ကို မကောင်းသဖြင့် ပြုအပ်ခဲ့လေကုန်ပြီတကား၊ ယင်း ငါတို့အပေါ်၌ အစိုးရသောသူ ဟူ၍လည်း ရှိရတုံဘိသေး၏၊ ငါတို့သည် သဒ္ဓါတရားအတုဖြင့် ကုသိုလ်

WWW.DHAMMARANSI.COM



ကောင်းမှုတို့ကို ပြုခဲ့မိကြ၍ စည်းစိမ်ဥစ္စာ ကုံထံကြွယ်ဝခြင်းသို့ ရောက်ကြပါသော်လည်း သူတပါး၏ စိုးမိုးပိုင်သရာနေရာ၌ လူ ဖြစ်၍လာကြရကုန်၏၊ ကောန်ပင် ငါတို့သည် ကံ, ကံ၏အကျိုးကို မယုံကြည်ကြဘဲ အလှူဒါန ပေးကမ်းခဲ့ကြသည် ဖြစ်ပေလိမ့်မည်၊ ဤသို့ သူတပါးစိုးမိုးပိုင်သရာနေရာ၌ လူဖြစ်လာရခြင်းသည် ထိုသို့ သဒ္ဓါတရားမရှိဘဲ ဝတ်ကြေဝတ်ကုန် လှူဒါန်းခဲ့သည့် ကောင်းမှု၏ အကျိုးတည်း"ဟု ညည်းတွား ပြောဆိုပြီးလျှင် "အရှင်....ယခု ကျွန်တော်မ အဘယ်အမှုကို ပြုရမည်နည်း"ဟု မေးမြန်းလေ၏၊ ထိုအခါ ဇောတိကသူဌေးကြီးက"ထန်းရွက်ယပ်ဝန်းကို ယူဆောင် ကာ လာရောက်၍ မင်းကြီးကို ယပ်လေခပ်ပေးလော့"ဟု ပြော ဆိုလေ၏။

ထိုသို့ ဇောတိကသူဌေး၏ ပြောဆိုစေခိုင်းချက်အရ သံတုလ ကာယိသူဌေးကတော်သည် ထန်းရွက်ယပ်ဝန်းကို ယူဆောင်ကာ လာလတ်၍ မင်းကြီးကို ယပ်လေခပ်ပေးနေစဉ် မင်းကြီး၏ဦးရစ် (ခေါင်းပေါင်းတော်)မှ အနံ့ကို ယူဆောင်လာသော လေသည် သူဌေးကတော်၏မျက်လုံးနှက်ဖက်တို့ကိုတိုက်ခတ်လေ၏၊ထိုအခါ သူဌေးကတော်၏ မျက်လုံးတို့မှ မျက်ရည်အယဉ်တို့သည် သွင်သွင် ဖြစ်၍ စီးကျလာလေကုန်၏၊ ထိုအခြင်းအရာကို မြင်ရ၍ မင်းကြီး သည် ဇောတိကသူဌေးကြီးကို "သူဌေးကြီး....မာတုဂါမ မင်း မိန်းမသည်မှာ ဉာဏ်ပညာ နည်းပါးလှ၏၊ 'မင်းကြီးသည် ငါ့အရှင်၏ စည်းစိမ်ကို သိမ်းယူလေရာ၏' ဟု အောက်မေ့ကာ မင်းဘဏ္ဍာအဖြစ် သိမ်းယူမည်မှ ကြောက်ရွံ့ရှာသောကြောင့် ငိုကြွေးနေသည် ထင်ပါ၏၊ ထိုသင့်သူဌေးကတော်ကို 'ငါ့အဖို့ရာ သင်၏စည်းစိမ်ဖြင့် အလိုမရှိ'ဟု ပြောပြကာ နှစ်သိမ့်စေပါလော့ = သက်သာရာ ရစေပါလော့"ဟု ပြောဆိုလေ၏။

**ဇောတိကသူဌေးက ဗိမ္ဗိသာရမင်းကြီးအား**
**သန္ဓါးစေ့သီးခန့်ရှိ ကျောက်မျက်ရတနာကြီး ပေးဆိုက်ခြင်း**

ထိုအခါ ဇောတိကသူဌေးက "အရှင်မင်းကြီး....ဤသူဌေး ကတော်သည် မငိုပါ"ဟု ဆိုလေလျှင် မင်းကြီးက "မငိုလျှင် ယခု

WWW.DHAMMARANSI.COM



မျက်ရည် တဝေ့ဝေ့ကျနေသည်ကား အဘယ့်ကြောင့်နည်း”ဟု မေးသဖြင့် သူဌေးကြီးသည် “အရှင်မင်းကြီးတို့၏ ဦးရစ်(ခေါင်းပေါင်းတော်) ရနံ့ကြောင့် ဤသူဌေးကတော်မှာ မျက်ရည်များ ဖြစ်ပွါးခဲ့ကြပါသည်၊ မှန်ပါသည်—ဤသူဌေးကတော်ကား ဆီမီးအရောင်, ပကတိ မီးအရောင်များကို မကြည့်ရပဲ ကျောက်မျက်ရတနာအရောင်ဖြင့်သာလျှင် စားသောက်, နေထိုင်, အိပ်စက်သူဖြစ်ပါသည်၊ အရှင်မင်းကြီးသည်ကား ဆီမီးအရောင်ဖြင့် နေထိုင်သည် ဖြစ်တော်မူပါလိမ့်မည်”ဟု ရှင်းလင်းလျှောက်ထားလေ၏။ မင်းကြီးက “အိမ်း····ဟုတ်ပေသည်သူဌေး····”ဟု ဆိုလေလျှင် ဇောတိကသူဌေးကြီးသည် “အရှင်မင်းကြီး...ထိုသို့ဖြစ်လျှင် ယနေ့မှစ၍ ကျောက်မျက်ရတနာ အရောင်ဖြင့်သာ နေတော်မူကြပါ”ဟု လျှောက်ထား၍ သခွါးဆစ်သီး (=ကဆစ်သီးလုံးကြီး) ခန့် ပမာဏရှိသည့် အဖိုးအနဂ္ဃ ထိုက်တန်သော ကျောက်မျက်ရတနာကြီးကို ဆက်သလိုက်လေ၏၊ ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကသူဌေးကြီး၏ ဘုံခုနစ်ဆင့်ရှိ (=ခုနစ်ထပ်ရှိ) ပြာသာဒ်ကြီးကို စေ့စေ့စပ်စပ် ကြည့်ရှုပြီးလျှင်“ဇောတိကသူဌေး၏ စည်းစိမ်ကားကြီးကျယ်ခမ်းနားလှပါတကား”ဟု ချီးမွမ်းစကား ပြောကြားကာ ရွှေနန်းကော်သို့ ပြန်သွားလေ၏။

### အဇာတသတ်မင်း၏ မတရားအပြုအမူကြောင့် ဇောတိကသူဌေးကြီး သံဝေဂရ၍ ရဟန်းပြု, ရဟန္တာဖြစ်ခြင်း

နောက်တချိန်ဝယ် အဇာတသတ်မင်းသားသည် ဒေဝဒတ်အညွှန်းဟူသော မိတ်မကောင်း(=ပါပမိတ်)နှင့် ပေါင်းမိသောကြောင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို ရှားမီးကျီးတို့ဖြင့် ကင်ကာ လုပ်ကြံသတ်ဖြတ်ပြီးနောက် မင်းအဖြစ်သို့ ရောက်ရှိလတ်သော် “ဇောတိကသူဌေး၏ ပြာသာဒ်ကြီးကို တိုက်ခိုက်သိမ်းယူမည်” ဟူသော အကြံဖြင့် စစ်ကြီးဆင်ကာ ထွက်လာလတ်၍ ဇောတိကသူဌေး၏ ပြာသာဒ်ကြီး အရံအကာ ကျောက်မျက်ရတနာတံတိုင်း၌ အခြံအရံစစ်တပ်ကြီးနှင့်တကွသော မိမိအရိပ်ကို မြင်လေလျှင် “ဇောတိကသူဌေးသည် စစ်ကြီးဆင်လျက်

WWW.DHAMMARANSI.COM



ဗိုလ်ပါကို ခေါ်ဆောင်ကာ ငါ့ကို တိုက်ခိုက်ရန် ထွက်လာလေပြီ”ဟု အောက်မေ့၍ တံတိုင်းအနီးသို့ပင် မချဉ်းကပ်ဝံ့ပဲရှိလေ၏။

ဇောတိက သူဌေးကြီးသည်လည်း ထိုနေ့၌ ဥပုသ်စောင့်သုံးဆောက်တည်ကာ စောစောစီးစီးကပင် နံနက်စာကို စားပြီးလျှင် ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားရှင့် အထံတော်၌ တရားတော်ကို နာယူကာ ချမ်းသာစွာ ထိုင်နေလျက်ရှိ၏။

“ဝိသမလောဘ၊ ပြွမ်းပြွမ်းထ၍၊ အန္ဓကြောဲ့ကြမ်း၊ လူသော့သွမ်းတို့၊
ညှိုးနွမ်းဖုတ္တ၊ ရောက်သမျှပင်၊ ဓမ္မကိန်းပျော်၊ သူ့ လူဘော်ကား၊
စိတ်သော်ရှင်မွေ့၊ ကိုယ်ချမ်းမြေ့၏။ ။မေ့ပြဒေသ။”

ထိုသို့ အဇာတသတ်မင်း စစ်ကြီးဆင်၍ လာရောက်သော အခါ ဇောတိကသူဌေး၏ နန်းပြာသာဒ် ပဉ္စမတံခါးမုခ်၌ အစောင့်ယူနေသော ယမကောဠိ နတ်ဘီလူးသည် “သင် ဘယ်ပြေးနိုင်ဦးမည်နည်း” ဟု ခြိမ်းခြောက်ဟစ်ကြွေးကာ အခြံအရံနှင့် တကွသော အဇာတသတ်မင်းကို တိုက်ခိုက်ဖျက်ဆီးလျက် စစ်ကြီး ပျက်စေကာ တူရူအရပ်, အယောင့်အရပ် နှံ့စပ်အောင် လိုက်လေတော့၏။ ထိုအခါ အဇာတသတ်မင်းသည် စစ်ကြီးပျက်ရှုံး၍ ဦးတည်မိရာ ကျောင်းတော်သို့သာ ပြေးသွားလေ၏။

ထိုအခါ အဇာတသတ်မင်းကို ဇောတိကသူဌေးကြီး မြင်လေလျှင်“အရှင်မင်းကြီး....အကြောင်းအသို့ရှိသနည်း”ဟု ပြောဆိုကာ ထိုင်နေရာမှထ၍ ရပ်တည်လာလေ၏။ အဇာတသတ်မင်းက “သူဌေး....သင်သည် သင့်လူများကို “ငါနှင့် စစ်ထိုးရစ်ကြ”ဟု စေခိုင်းမှာတမ်းပြီး ဤကျောင်းတော်သို့ လာရောက်ကာ တရားနာသကဲ့သို့ အဘယ့်ကြောင့်နေထိုင်ဘိသနည်း”ဟု ရန်တွေ့စကားပြောကြားလေလျှင် ဇောတိကသူဌေးကြီးသည် “ဩ....အရှင်မင်းကြီးသည် ကျွန်ုပ်၏အိမ်ကို သိမ်းယူရန် သွားရောက်တော်မူခဲ့ပါသလော”ဟု မေးလေ၏။အဇာတသတ်မင်းက “အိမ်း....ငါသွားရောက်ခဲ့သည်”ဟု ဒေါသသံပါပါဖြင့် ပြောကြားလေလျှင် ဇောတိက သူဌေးကြီးသည် “အရှင်မင်းကြီး.......အကျွန်ုပ်က အလိုမရှိ (= သဘောမတူ) လျှင် ကျွန်ုပ်၏အိမ်ကို (အရှင်မင်းကြီး တဦး

WWW.DHAMMARANSI.COM



တည်းမဆိုထားဘိ) မင်းဖေါင်းအထောင်ဆောင်မှုလည်း သိမ်းယူခြင်းငှါမတတ်နိုင်"ဟု တည်ငြိမ်ရဲရင့်စွာ ပြန်ကြားပြောဆိုလေ၏။

ထိုအခါ အဇာတသတ်မင်းသည် "သင်သည် မင်းဖြစ်လိမ့်မည်လော=မင်းက မင်းဖြစ်မည်လူမို့လိုလား" ဟု ပြောဆိုကာ ဒေါသအမျက် ခြောင်းခြောင်း ထွက်လာလေ၏။ ဇောတိက သူဌေးကြီးက တည်ငြိမ်စွာပင် "ကျွန်ုပ်ကား မင်းမဟုတ်ပါ၊ သို့သော်လည်း ကျွန်ုပ်၏ဥစ္စာကို မြိတ်ဆာချည်မျှင် တပင်ကိုမျှ ကျွန်ုပ်က အလိုမရှိ(=သဘောမတူ)လျှင် မင်းများ, ခိုးသူများ သိမ်းပိုက်, ကိုက်ယူခြင်းငှါ မစွမ်းနိုင်ပါ"ဟု ဆိုလေလျှင် အဇာတသတ်မင်းသည် "ငါက သင်သဘောတူမှ သင့်ပစ္စည်းကို ယူရမှာတဲ့လား=ငါသည် မင်းဖြစ်သောကြောင့် သင့်ပစ္စည်းကို သင်အလိုမတူစေကာမူ ယူနိုင်သည်"ဟု မင်းမာန်တက်ကာ ပြောဆိုလေ၏။ ထိုအခါ ဇောတိကသူဌေးကြီးကလည်း "အရှင်မင်းကြီး........ထိုသို့ဖြစ်လျှင် (လက်ဖမိုးနှစ်ဖက်ကို ဆန့်တန်းကာ) အကျွန်ုပ်၏ လက်ဆယ်ချောင်းတို့၌ ဤလက်စွပ်ကွင်း (၂၀) နှစ်ဆယ်တို့ ရှိကြပါသည်၊ ဤလက်စွပ်ကွင်းများကို ကျွန်ုပ်သည် အရှင်မင်းကြီးအား မပေး၊ အကယ်၍ စွမ်းနိုင်ကြပါမူ ဖြုတ်ယူကြကုန်လော့"ဟု ရဲရင့်စွာ ပြောဆိုလေ၏။

အဇာတသတ်မင်းကား မြေ၌ ဆောင့်ကြောင့်ထိုင်၍ ခုန်လိုက်လျှင် တဆယ့်ရှစ်တောင် အမြင့်အရပ်သို့တက်၏၊ ရပ်တည်၍ခုန်လိုက်လျှင် အတောင်ရှစ်ဆယ် အမြင့်အရပ်သို့ တက်၏။ ဤသို့စင် အားကောင်းသူ ဖြစ်လင့်ကစား ဇောတိက သူဌေး၏ လက်မှ လက်စွပ်များကို ဖယ်မှ, ညာမှ အပြန်ပြန်လှည့်လည်၍ ချွတ်ယူပါသော်လည်း ရာဇဗ္ဗြေသာ ပျက်၍ လက်စွပ် တကွင်းကိုမျှပင် ရအောင် မဖြုတ်ယူနိုင်ချေ။ ထိုအခါ ဇောတိကသူဌေးကြီးသည် "အရှင်မင်းကြီး....အလိုတော်ရှိလျှင် ဝတ်လဲတော်ကိုဖြန့်၍ ခံတော်မူလော့"ဟု ပြောဆိုကာ လက်ချောင်းများကို ဖြောင့်တန်းအောင် ပြုလိုက်လေ၏=လက်ချောင်းများကို ဖြောင့်ဖြောင့် အောက်သို့ စိုက်ချလိုက်လေ၏။ ထိုခဏ၌ လက်စွပ်ကွင်း နှစ်ဆယ်တို့သည်

WWW.DHAMMARANSI.COM



အလွယ်နှင့် ထွက်ကျလာလေကုန်၏။ ထိုနောက် အဇာတသတ်မင်းကို ဇောတိကသူဌေးကြီးသည် "မင်းကြီး... ဤသို့ (မင်းကြီး မျက်မြင်အတိုင်း)ပင် ကျွန်ုပ်၏ ဥစ္စာကို ကျွန်ုပ်က အလိုမရှိ ( = သဘောမတူ ) လျှင် သိမ်းယူခြင်းငှါ မစွမ်းနိုင်ပါ" ဟု ပြောဆို၍ အဇာတသတ်မင်း၏ ရိုင်းပြသော အပြုအမူများကြောင့် သံဝေဂကြီးစွာ ဖြစ်ရှိပြီးလျှင် "ခရှင်မင်းကြီး....အကျွန်ုပ်အား ရှင်ရဟန်းပြုလုပ်ရန် ခွင့်ပြုပါလော့"ဟု ပြောဆိုလေ၏။

အဇာတသတ်မင်းသည်လည်း "ဤဇောတိကသူဌေး ရဟန်းပြုလျှင် ငါသည် သူ၏ပြာသာဒ်ကို အလွယ်တကူ သိမ်းယူနိုင်လိမ့်မည်"ဟု ကြံစည်အောက်မေ့ကာ တခွန်းတည်းသောတောင်းပန်စကားဖြင့်ပင် "သင် ရဟန်းပြုလိုမူ ပြုလော့"ဟု အလွယ်ပင် ပြောဆိုလိုက်လေ၏။ ဇောတိကသူဌေးကြီးသည် သံဝေဂကြီးစွာ ဖြစ်ရှိ၍ မြတ်စွာဘုရား၏ အထံတော်၌ ရဟန်းပြုပြီးသော် မကြာမီပင် ရဟန်းတရား ပွါးများအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ဇောတိကမထေရ်ဟု အမည်ထင်ရှား ဖြစ်ပွါးလေတော့၏။ ဇောတိကမထေရ် အရဟတ္တဖိုလ်သို့ ရောက်သောခဏမှာပင် တိုနန်းပြာသာဒ်-အစရှိသော စည်းစိမ်ဥစ္စာ အလုံးစုံသည် ပျောက်ခြင်းမလှ ပျောက်ကွယ်၍ သွားကြလေ၏။ ဇောတိ-ကသူဌေး၏ သတုလကာယီအမည်ရှိသော ထိုသူဌေးကတော်ကိုလည်း နတ်တို့သည် ဥတ္တရကုရုကျွန်းသို့သာလျှင် တဖန်ပြန်၍ ပို့ဆောင်ကြလေကုန်၏။

တနေ့သ၌ ရဟန်းတို့သည် ဇောတိကမထေရ်ကို "ငါ့ရှင် ဇောတိက....သင့်အဖို့ရာ ထိုပြာသာဒ်ကြီး၌၎င်း, သတုလကာယီ သူဌေးကတော်၌၎င်း တွယ်တာ တပ်မက်မှု တဏှာ လောဘ ရှိသေးသလော"ဟု မေးကြ၍ ဇောတိကမထေရ်က "မရှိတော့ပါ ငါ့ရှင်တို့..."ဟု ဖြေကြားလေလျှင် ရဟန်းတို့သည် မြတ်စွာဘုရားအား "မြတ်စွာဘုရား...ဤဇောတိကရဟန်းသည် မဟုတ်မမှန် ပြောကြား၍ အရဟတ္တဖိုလ်ကို ဖြေကြား ဝန်ခံဘိ၏" ဟု လျှောက်ထားကြလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည်

WWW.DHAMMARANSI.COM



"ရဟန်းတို့……ငါ့သားတော် ဇောတိကရဟန္တာ၏ စိတ်အစဉ် ခန္ဓာအစဉ်ဝယ် ထိုတုံနန်းပြာသာဒ်စည်းစိမ်နှင့် သူဌေးကတော် အပေါ်၌ တပ်မက်မှုတဏှာလောဘ မရှိကြောင်း ဝင်စစ်မှန်၏"ဟု မိန့်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော တရားဂါထာကို ဟောကြားတော်မူလေ၏—

ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ဘိက္ခဝေ=ရဟန်းတော်များ အိုချစ်သားတို့….။ယော= အမှတ်မထင် အကြင်သူသည်။ ဣဓ=ပစ္စုပ္ပန္န ဤလောက၌။ တဏှံ = ခြောက်ဒွါရဝယ် မှီတွယ် ဖြစ်ပွါး တဏှာ တရားကို။ ပဟန္တွာန = သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန် ဖြတ်တောက်၍။ အနာဂါရော = အိမ်ရာ၌ နေခြင်းကို အလျှင်းပင် အလိုမရှိတော့ပဲ။ ပရိဗ္ဗဇေ = ရဟန်းဘောင် ရောက် ထွက်မြောက်ခဲ့ပေ၏။ တဏှာဘဝပရိက္ခီဏံ = တဏှာခြောက်သင်း ဘဝသုံးခင်းတို့ အကြွင်းမဲ့ ကုန်ခန်း ပြီးသော။ တံ-တာဒိသံ = ထိုသို့ ရှုအပ် ရဟန္တာပုဂ္ဂိုလ် မြတ်ကို။ အဟံ = လူသုံးပါးတို့ဆရာ ဘုရား ငါသည်။ ဗြာဟ္မဏံ = ထိုထိုပါပ မကောင်းမှုဟူသမျှကို အပပြုပြီး ပယ်စွန့်ပြီး၍ ဘုန်းမီးလျှံပ ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ် ဟူ၍။ ဗြူမိ = ချီးမွမ်းနှုတ်ဖျား ဟောကြားပေ၏—

ဒေသနာနိဂုံး ဆုံးလတ်သောအခါ များစွာသောသူတို့ သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။

ဤကား ဇောတိကသူဌေး အကြောင်းတည်း။

---

## (၂) မေဏ္ဍကသူဌေးအကြောင်း

### သူဌေး၏ ရှေးကောင်းမှု

ဤမေဏ္ဍကသူဌေးအလောင်း သူတော်ကောင်းသည် လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာထက်ဝယ် ဝိပဿီ မြတ်စွာဘုရားရှင်

WWW.DHAMMARANSI.COM



လက်ထက်တော်အခါ၌ (ဇောတိကသူဌေးအလောင်း) အပရာ-ဇိတသူကြွယ်၏ တူ (နှမသား) ဦးလေးနှင့်အမည်တူ အပရာ-ဇိတ-အမည်ရှိသူ ဖြစ်ခဲ့လေသည်။ ထိုနောက် ထိုတူဖြစ်သူ အပရာ-ဇိတသူကြွယ်၏ ဦးလေးဖြစ်သူ အပရာဇိတသူကြွယ်သည် မြတ်စွာဘုရားရှင်အတွက် ဂန္ဓကုဋီအုတ်ကျောင်းတော်ကို စတင် ဆောက်လုပ်လေ၏။

တူဖြစ်သူ အပရာဇိတသူကြွယ်သည် ဦးလေး အပရာဇိတသူကြွယ့်ထံသို့ သွားရောက်၍ "ဦးလေး……ကျွန်ုပ်တို့ တူ, ဝရီးနှစ်ယောက် အတူတကွပင် ဂန္ဓကုဋီအုတ်ကျောင်းတော် ဆောက်လုပ်ကြပါကုန်စို့"ဟု ခွင့်ပန် တိုင်ပင်စကား ပြောကြား၍ ဦးလေးဖြစ်သူက "ငါသည် အခြားသူတို့နှင့် မဆက်ဆံအောင်ပြု၍ တဦးတည်းသာ ဂန္ဓကုဋီအုတ်ကျောင်းတော်ကို ဆောက်လုပ်ပေအံ့"ဟု ဖြစ်ပယ်စကားပြောကြားသောအခါ၌ တူဖြစ်သူသည် "ဤနေရာ၌ ဂန္ဓကုဋီအုတ်ကျောင်းတော် ဆောက်လုပ်လျှင် ဤကျောင်းရှေ့ဥပစာနေရာ၌ ညှော့ခံဆင်ဝင် ခန်းမဆောင်ကိုရမှ သင့်တော်မည်" ဟု ဆင်ခြင်ကြံစည်၍ တောမှ သစ်အဆောက်အဦများကို တိုက်ဆောင်စေခဲ့ပြီးလျှင် ရွှေစီခြယ်သော တိုင်တလုံး, ငွေစီခြယ်သော တိုင်တလုံး, ပတ္တမြားစီခြယ်သော တိုင်တလုံး, ရတနာ ခုနစ်ပါး စီခြယ်သော တိုင်တလုံး = ဤသို့ စသည်ဖြင့် ထုပ်, ပျောက်, ဒိုင်း, မြား, တံခါးရွက်, လေသာပြူတင်း, အခြင်, ရနယ်, အမိုးအုတ်များကိုပါ အလုံးစုံတို့ကိုပင် ရွှေ, ငွေ-စသည် ခြယ်စီအပ်သည်ချည်း ပြုလုပ်စေ၍ ဂန္ဓကုဋီအုတ်ကျောင်းတော်၏ ရှေ့မျက်နှာစာနေရာ၌ မြတ်စွာဘုရားရှင့်အတွက် ဆင်ဝင်ညှော့ခံခန်းမဆောင်ကို ဆောက်လုပ်စေလေ၏။

ထိုခန်းမဆောင်၏ အထက်၌ တခဲနက် ရွှေနီဖလံဖြင့်ပြီးသော အမိုးအုတ်များ, သန္တာကျောက်ဖြင့်ပြီးသော အထွတ်တုပိကာများကို တပ်ဆင်၍ ထားလေ၏၊ ဆင်ဝင်ညှော့ခံခန်းမဆောင် အလယ်၌ ရတနာမဏ္ဍပ် (တရားမဏ္ဍပ်) ကို ထိုးပြီးလျှင် ဓမ္မာသနပလ္လင်ကို ခင်းထားစေလေသည်။ ထိုဓမ္မာသနပလ္လင်၏ ပုံပန်းမှာ – အခြေ

WWW.DHAMMARANSI.COM



လေးခုတို့နှင့် အပေါင် (ဘောင်) လေးခုတို့သည် တခဲနက် ရွှေနီဖလံဖြင့် ပြီးကုန်၏ (၁)၊ ရွှေဆိတ်ရုပ် လေးရုပ်တို့ကို သွန်းလုပ်စေပြီးလျှင် ပလ္လင်အခြေလေးခုတို့၏အောက်က ခံထားစေ၏ (၂)၊ အခြားရွှေဆိတ်ရုပ် နှစ်ရုပ်တို့ကို သွန်းလုပ်စေပြီးလျှင် ခြေတင်အင်းပျဉ် = ခြေတင်ခုံ၏အောက်က ခံထားစေ၏ (၃)၊ အခြားရွှေဆိတ်ရုပ် ခြောက်ရုပ်တို့ကို သွန်းလုပ်စေပြီးလျှင် တရားမဏ္ဍပ်ကို ဝန်းရံလျက် ထားစေလေ၏ (၄)၊ တရားဟောရာ နေရာထိုင်ကို ရှေးဦးစွာ ချည်ကြိုးငယ်တို့ဖြင့် ရက်စေပြီးနောက် အလယ်၌ ရွှေနန်းချည်ကြိုးများ ထပ်၍လိုက်စေပြီးလျှင် အထက်၌ပုလဲကြိုးများဖြင့် ထပ်၍ ရက်စေလေသည် (၅)၊ ထိုဓမ္မာသနပလ္လင်၏ နောက်ခံမှီရာ တံကဲပျဉ်မှာ စန္ဒကူးနံ့သာသားဖြင့် ပြီးလေသည်။ (၆)။

ဤသို့ ဆင်ဝင်ညွှန့်ခံ ခန်းမဆောင်ကို ဆောက်လုပ်ပြီးပြေလတ်၍ ဆင်ဝင်ခန်းမဆောင် ရေစက်ချပွဲ ကျင်းပဆင်ယင်လတ်သည်ရှိသော် ရဟန်းတော်ပေါင်း (၆၈၀၀၀၀၀) ခြောက်သန်း၊ ရှစ်သိန်းတို့နှင့် အတူတကွ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ လေးလတို့ပတ်လုံး အလှူဒါနကို နေ့စဉ်ရက်ဆက် ပေးလှူပြီး နောက်ဆုံးနေ့၌ တိစီဝရိတ်=သင်္ကန်းသုံးထည်စီ လှူဒါန်းဆက်ကပ်လေသည်။ ထိုအလှူပွဲ၌ အငယ်ဆုံး သံဃာ (သင်္ဃနော) အား လှူဒါန်းသော သင်္ကန်းသည်ပင် အဖိုး တသိန်း (သိဟိုဠ်မူအလို အဖိုးတထောင်) ထိုက်တန်လေသည်။

## ဗာရာဏသီ သူဌေးကြီးဘဝ

ဤသို့လျှင် မေဃ္ဃကသူဌေးအလောင်း သူတော်ကောင်းသည် ဝိပဿီမြတ်စွာ လက်ထက်တော်အခါ၌ ကုသိုလ်ကောင်းမှု ပြုခဲ့၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်ကျက်စားခဲ့ရလျက် ဤဘဒ္ဒကမ္ဘာသို့ ရောက်သောအခါ ဗာရာဏသီပြည်ဝယ် မဟာဘောဂသူဌေးမျိုး၌ ဖြစ်၍ အရွယ်ရောက်သောအခါ ဗာရာဏသီသူဌေးကြီး ဖြစ်၍လာလေ၏။ ထိုမဟာဘောဂသူဌေးကြီးသည် တနေ့သ၌ မင်းကို ခစားရန် သွားလေသော်

WWW.DHAMMARANSI.COM



ပုရောဟိတ်ပုဏ္ဏားကို မြင်၍ "ဆရာ....အသို့နည်း(=ဘယ့်နှယ်လဲ) နက္ခတ်,အချိန်မုဟုတ်များကိုစုံစမ်းဆင်ခြင်မိကြပါကုန်၏လော" ဟု မေး၍ ပုရောဟိတ်ဆရာကြီးက "အိမ်း....စုံစမ်းရှုကြည့် ဆင်ခြင်မိပါ၏၊ ဆရာတို့မှာ နက္ခတ်, အချိန်မုဟုတ်များကို စုံစမ်း ရှုကြည့်ခြင်းမှတပါး အခြားအမှု အဘယ်မှာ ရှိအံ့နည်း" ဟု ပြောဆိုလေလျှင် သူဌေးကြီးသည် ဆက်၍ "ထိုသို့ဖြစ်လျှင် ဇနပုဒ်တိုက်နယ်၌ ဖြစ်မည့်အရေးကား အဘယ်သို့များ ရှိလေသနည်း" ဟု မေးမြန်းလေ၏။ ထိုနောက် ဆက်၍ ပြောဆိုကြသည်မှာ—

(ပုရောဟိတ်) ဘေးတခု ဖြစ်ပေါ်လိမ့်မည်။

(သူဌေး) ဘယ်လို ဘေးပါလဲဆရာ....။

(ပုရောဟိတ်) ဆာလောင် မွတ်သိပ်ခြင်းဘေး ဖြစ်လိမ့်မည် သူဌေး....။

(သူဌေး) ဘယ့် အချိန်လောက်မှာ ဖြစ်ပါမည်နည်း ဆရာ—။

(ပုရောဟိတ်) ဤအချိန်မှနောက် သုံးနှစ် လွန်မြောက်သောအခါ၌ ဖြစ်လိမ့်မည် သူဌေး....။

ထိုစကားကို ကြားသိရ၍ မဟာဘောဂသူဌေးကြီးသည် လယ်ထွန်ခြင်းအလုပ်ကို တိုးချဲ့၍ များစွာလုပ်စေကာ အိမ်မှာရှိသော ဥစ္စာဖြင့်လည်း စပါးကိုသာ ဝယ်ယူ၍ စပါးကျီ အလုံးပေါင်း (၁၂၅၀)တထောင့်နှစ်ရာ့ငါးဆယ်တို့ကို ဆောက်လုပ်စေပြီးလျှင် အလုံးစုံသော စပါးကျီတို့ကို ကောက်စပါးအပြည့် ထည့်သွင်း သိုလှောင်၍ ထားလေ၏။ စပါးကျီတို့၌ ထည့်သွင်းသိုလှောင်၍ ပိုလျှံသောစပါးတို့ကို အိုးစရည်း (=အိုးတုတ်ကြီး) များ အပြည့် ထည့်သွင်း သိုလှောင်၍ တဖန် ပိုလျှံသောစပါးတို့ကို မြေ၌ တွင်းတူး၍ မြှုပ်သိမ်းစေပြီးလျှင် ထိုမှ ပိုလျှံသောစပါးတို့ကိုမူ မြေညက်နှင့် နယ်၍ အိမ်နံရံ(=ဘိတ္တိ) တို့ကို လိမ်းကျံစေလေ၏။ (နည်းယူ မှတ်သားဖွယ် ကောင်းလှ၏)။

WWW.DHAMMARANSI.COM



မဟာဘောဂသူဌေးကြီးသည် နောက်တချိန် (ပုရောဟိတ် ဆရာကြီး ပြောသည့်အခါ)၌ ဆာလောင် မွတ်သိပ်ခြင်းဘေး (=ဒုဗ္ဘိက္ခဘေး) ဆိုက်ရောက်လတ်သော် မိမိ သိမ်းဆည်း သိုလှောင်ထားသည့် စပါးများကို နေ့ရှည်ရက်များ စားသုံးလျက် စပါးကျီများ, အိုးစရည်းကြီးများ၌ သိုလှောင်ထားသည့် စပါး ကုန်လတ်သည်ရှိသော် အခြံအရံ အစေအပါးလူများကိုခေါ်စေ၍ "အမောင်တို့...သွားကြဦးလော့၊ တောင်ခြေသို့ ဝင်ကြကာ ဖြစ်သလို အသက်မွေး ထိန်းကျောင်းကြလျက် ဆန်ရေစပါး ပေါများ ဝပြောသောအခါ ငါ၏အထံသို့ လာလိုသူများ ပြန်၍ လာကြကုန်လော့၊ မလာလိုသူများသည် ထိုထို မိမိတို့ နှစ်သက်ရာ အရပ်၌ပင် အသက်ရှင် နေထိုင်ကြလော့" ဟု ခွင့်လွှတ်လိုက်လေ၏။ ထိုလူများသည် ငိုကြွေး မြည်တမ်းကြကာ မျက်ရည်ဖြိုင်ဖြိုင် စီးကျကုန်လျက် သူဌေးကြီးကို ရှိခိုး, ကန်တော့ပြီးလျှင် ခုနစ်ရက်ကြာ သူဌေးကြီးအထံမှာပင် နေထိုင်ကြပြီးနောက် သူဌေးကြီး ပြောဆိုသည့်အတိုင်း ပြုကြလေကုန်၏။

သူဌေးကြီး၏ အထံ၌ကား ဝေယျာဝစ္စရွက်ဆောင်မည့် ပုဏ္ဏ-မည်သော ကျွန်တယောက်သာ ကျန်ရစ်လေ၏။ ထိုပုဏ္ဏကျွန်နှင့် တကွ သူဌေးကတော်ကြီး, သူဌေးသား, သူဌေးချွေးမ, သူဌေးကြီး ပါ အိမ်သား ၅-ယောက်သာ ရှိကြလေကုန်၏။ ထို သူဌေးကြီး အိမ်သားစု ၅-ယောက်တို့သည် မြေတွင်းတို့၌ မြှုပ်နှံထားသော စပါးများလည်း ကုန်ပြန်လေသော် နံရံလိမ်းသည့် မြေညက်ကို ခွါယူ၍ ရေစိမ်လျက် ထိုမှရသော စပါးဖြင့် မျှတကြလေကုန်၏။ ထိုနောက် သူဌေးကတော်ကြီးသည် ဆာလောင်မွတ်သိပ်ခြင်း (=ဒုဗ္ဘိက္ခ) ဘေး တိုးတက် လွှမ်းမိုး ပြင်းထန်လာလေသော် နံရံ မြေညက်များ ကုန်လုနီးပါးဖြစ်လေလျှင် နံရံခြေတို့၌ကျန်နေသော မြေညက်ကို ခွါယူ, ရေစိမ်၍ တခွက်မျှလောက်သော ကောက်စပါးကိုရရှိ,ဆန်ဖွပ်လေလျှင် ဆန်တစလယ် ရရှိ၍ "ဒုဗ္ဘိက္ခဘေး ရောက်သောအခါ ခိုးသူတို့သည် အလွန် များကုန်၏"ဟု လူဆိုး

WWW.DHAMMARANSI.COM



သူခိုးရန်မှကြောက်သဖြင့် ထိုဆန်တစလယ်ကို လိုရမယ်ရ အိုးငယ်တလုံး၌ ထည့်သွင်း, ဝိတ်ဖုံးကာ မြေ၌ မြှုပ်၍ထားလေ၏။

ထို့နောက် တနေ့သ၌ သူဌေးကြီးသည် မင်းကို ခစားရာမှ ပြန်လာ၍ သူဌေးကတော်ကြီးကို "ရှင်မ....ငါ အလွန်ဆာလောင်လှ၏၊ တစုံတရာ စားဖွယ်ရာများ ရှိသလော"ဟု မေးလေ၏။ သူဌေးကတော်ကြီးသည် ရှိသည်ကို "မရှိ"ဟု မပြောဆိုပဲ သူဌေးကြီးနှင့် အပြန်အလှန်ပြောဆိုကြသည်မှာ—

(သူဌေးကတော်) အရှင်....ဆန်တစလယ်တော့ ရှိပါ၏။

(သူဌေး) ထိုဆန်တစလယ်သည် ယခု အဘယ်မှာနည်း။

(ကတော်) သူခိုးဘေးမှ ကြောက်သဖြင့် ကျွန်တော်မသည် မြေ၌ မြှုပ်၍ထားအပ်ပါသည်။

(သူဌေး) ထိုသို့ဖြစ်လျှင် ထိုဆန်တစလယ်ကို တူးဖော်ထုတ်ယူ၍ တစုံတရာ ချက်စမ်းပါလော့။

(ကတော်) အရှင်....ကျွန်တော်မသည် အကယ်၍ ထိုဆန်တစလယ်ကို ယာဂုကျိုရပါလျှင် နှစ်ကြိမ်စာ (=၂-ထပ်စာ) ရနိုင်ပါသည်၊ အကယ်၍ ထမင်းချက်ရပါလျှင် တကြိမ်စာ (=၁-ထပ်စာ)သာ ရနိုင်ပါသည်။ ယာဂုနှင့် ထမင်း ဤနှစ်မျိုးတွင် အဘယ်ကို ကျိုရ, ချက်ရ ပါမည်နည်း=ယာဂု ကျိုရမည်လော, ထမင်းချက်ရမည်လော အရှင်....။

(သူဌေး) ရှင်မ....ငါတို့အဖို့ရာ အခြားအထောက်အပံ့ မရှိချေ။ ထမင်းကိုသာ ဝစွာစား၍ သေကြကုန်စို့၊ ထမင်းကိုသာ ချက်လော့။

သူဌေးကတော်ကြီးသည် သူဌေးကြီး၏ အမိန့်အတိုင်း ထမင်းချက်ပြီးလျှင် ၅-ပုံ ၅-စုပြု၍ သူဌေးကြီး၏ အပုံအစုကို ခူးထည့်ပြီးလျှင် သူဌေးကြီး၏ရှေ့၌ အသင့်ချထားလေ၏။ ထိုခဏ၌ ဂန္ဓမာ-

WWW.DHAMMARANSI.COM



ဒုနတောင်ဝယ် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သမာပတ်မှ ထတော်မူစ ဖြစ်၏။

(အထူးအားဖြင့်— သမာပတ် ဝင်စားနေချိန်အတွင်း၌ သမာပတ်အစွမ်းကြောင့် ဆာလောင်မွတ်သိပ်ခြင်းသည် မနှိပ်စက်နိုင်၊ သမာပတ်မှ ထတော်မူကြသော အရှင်မြတ်တို့အဖို့မှာကား ဆာလောင် မွတ်သိပ်ခြင်းသည် အားရှိသည်ဖြစ်၍ ဝမ်းရေလှောကို လောင်မြိုက်သကဲ့သို့ ပြင်းစွာ ဖြစ်ရှိလေသည်၊ ထို့ကြောင့် သမာပတ်မှ ထတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဆွမ်းရနိုင်မည့်အရပ်ကို ကြည့်ရှုဆင်ခြင်၍ ထိုအရပ်သို့ ကြွတော်မူကြမြဲ ဓမ္မတာ ဖြစ်သည်။ အထူးအားဖြင့် ထိုသမာပတ်မှ ထသောနေ့၌ ထိုအရှင်မြတ်တို့အား အလှူဒါန တခုခုကို ပေးလှူကြရသော သူတို့သည် စစ်သေနာပတိ ဆုထူး စသည်တို့တွင် တမျိုးမျိုးသော စည်းစိမ်ကို ရကြမြဲ ဖြစ်ကုန်၏)။

ထို့ကြောင့် ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်လည်း ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် ဆင်ခြင် ကြည့်ရှုတော်မူလေသော် "ဇမ္ဗူဒိပ်တကျွန်းလုံး၌ ဆာလောင်မွတ်သိပ်ခြင်း(=ဒုဗ္ဘိက္ခ)ဘေး ဖြစ်ပွါးနေလေသည်၊ မဟာဘောဂ မာရာဏသီသူဌေးကြီးအိမ်၌ကား လူ ၅-ယောက်စာ ဆန်တစလယ်ချက် ထမင်းသည်သာ ကျက်ပြီးအသင့်ရှိလေသည်။ ဤသူဌေးကြီး အိမ်သားစုတို့သည် သဒ္ဓါတရားရှိကြကုန်၏လော၊ ငါ့အား ချီးမြှောက်(=လှူဒါန်း)မှုကို ပြုခြင်းငှါ စွမ်းနိုင်ကြပါကုန်၏လော"ဟု ကြံစည်တော်မူသည်တွင် ထိုသူ ၅-ဦးလုံးတို့၏ သဒ္ဓါတရား ရှိကြသောအဖြစ်, ချီးမြှောက်=လှူဒါန်းမှုကို ပြုစွမ်းနိုင်ကြသောအဖြစ်ကို မြင်တော်မူ၍ သပိတ်, သင်္ကန်းကို ယူဆောင်ကာ သူဌေးကြီး၏ရှေ့၌ တံခါးဝဝယ် မိမိကိုယ်ကို ရပ်တည်လျက်သား ထင်ရှားပြတော်မူလေ၏။

သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်လေလျှင် သဒ္ဓါကြည်ညိုစိတ် တဖိတ်ဖိတ်ဖြစ်ရှိလျက် "ငါသည် ရှေးကလည်း အလှူဒါနကို မလှူခဲ့သောကြောင့် ဤကဲ့သို့သော ဆာလောင်မွတ်သိပ်ခြင်း=ဒုဗ္ဘိက္ခဘေးကို ရင်ဆိုင် တွေ့နေရသည်၊ ဤယခုငါ့အတွက် ထမင်းသည် (ငါ စားသုံးလိုက်ပါက) ငါ့ကို တရက်မျှသာ စောင့်ရှောက်နိုင်လေရာ၏၊ အရှင်မြတ်အား လှူဒါန်းအပ်

WWW.DHAMMARANSI.COM



ပါမူကား ကမ္ဘာ့ ကုဋေပေါင်းများစွာတို့၌ ငါ၏ စီးပွါးချမ်းသာကို ရွက်ဆောင်နိုင်သည့် ဖြစ်ပေလိမ့်မည်''ဟု ကြံစည်၍ ထိုထမင်းခွက်ကို ဖယ်ရှားစေပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံသို့ သွားရောက်ကာ တည်ခြင်း ၅-မျိုးဖြင့် ရှိခိုးပြီးနောက် အိမ်အတွင်းသို့ ပင့်သွင်းခဲ့၍ ပစ္စေကဗုဒ္ဓါအရှင်မြတ် နေရာ၌ ထိုင်နေမိလတ်သော် ခြေတို့ကို ဆေးကြော ပွတ်သုတ်ပေးပြီးလျှင် ရွှေ့အခြေတစ်သော အင်းပျဉ်(=ထိုင်ခုံ) ၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုထား၍ ထမင်းခွက်ကို ယူဆောင်ခဲ့ကာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ သပိတ်၌ လောင်းလှူလေ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် (တဝက်လောင်းလှူပြီး၍) ခွက်ထဲ၌ ထမင်းတဝက်သာ ကျန်ရှိလတ်သော် လက်ဖြင့် သပိတ်ကို ပိတ်တော်မူလိုက်လေသည်။ ထိုအခါ သူဌေးကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို "အရှင့်ဘုရား....ဆန်တစလယ်ဖြင့် လူ ၅-ဦးအတွက် ချက်အပ်သောထမင်းမှ ဤထမင်းသည် တဦးစာ ဖြစ်ပါသည်၊ ဤထမင်းကို နှစ်ပုံပြုခြင်းငှါ မစွမ်းနိုင်ပါ=နှစ်ယောက်စာခွဲဝေ၍ မဖြစ်နိုင်တော့ပါ။ တပည့်တော်အား ဤပစ္စုပ္ပန်လောကအတွက်သာ ချီးမြှောက်မှု ပြုတော်မမူကြပါလင့်၊ (တမလွန်လောကအတွက်ပါ ချီးမြှောက်တော်မူကြပါ)၊ တပည့်တော်သည် အကြွင်းအကျန်မထားရှိပဲ လှူလိုပါသည်" ဟု လျှောက်ထား၍ အလုံးစုံကိုပင် လောင်းလှူပြီးလျှင် "အရှင်ဘုရား····တပည့်တော်သည် နောက်ထပ်တဖန် ဖြစ်လေရာရာ သံသရာဘဝ ဘုံဌာနဝယ် ဤကဲ့သို့သော ဆာလောင်မွတ်သိပ်ခြင်း = ဒုဗ္ဘိက္ခဘေးကို မတွေ့မမြင်ရသည့်ကိုယ် ဖြစ်ရပါလို၏၊ ဤနေ့မှအစပြု၍ ဇမ္ဗူဒိပ်ကျွန်း၌ နေသူ လူအားလုံးတို့အား မျိုးရိက္ခာထမင်းကို ပေးစွမ်းနိုင်သည့်ကိုယ် ဖြစ်ရပါလို၏၊ မိမိလက်ဖြင့် အလုပ်လုပ်၍ အသက်မွေးမှုကို မပြုရပါလို၊ စပါးကျီပေါင်း (၁၂၅၀) တထောင်နှစ်ရာငါးဆယ်တို့ကို သုတ်သင်ရှင်းလင်းစေပြီးလျှင် ဦးခေါင်းဆေးလျှော်၍ ထိုစပါးကျီတို့၏ တံခါးဝ၌ ထိုင်နေလျက် အထက်ကောင်းကင်သို့ မော်၍ ကြည့်လိုက်သော ခဏ၌ပင် သလေးနီစပါးမိုးအယဉ်တို့

WWW.DHAMMARANSI.COM



သည် ဖြိုးဖြိုးကျလာကာ တပည့်တော်၏ ကျီအားလုံးတို့ကို ပြည့်ပါစေကုန်သတည်း။ ဖြစ်လေရာရာ သံသရာဘဝ တို့၌ဘနန္ဒ ဤယခုသူဌေးကတော်သည်ပင် ဇနီး, ဤယခုသားသည်ပင် သား, ဤယခုချွေးမသည်ပင် ချွေးမ, ဤယခုကျွန်သည်ပင် တပည့်တော်၏ကျွန် ဖြစ်ပါစေသတည်း''ဟု ဤ၅-ချက်ကို ဆုတောင်းပတ္ထနာမှု ပြုလေ၏။

## အိမ်သားစုအားလုံး၏ ထူးကဲသောဆုတောင်းပတ္ထနာ

သူဌေးကတော်ကြီးသည်လည်း ''ငါ၏အရှင် သူဌေးကြီးကို ဆာလောင်မွတ်သိပ်ခြင်း=ဒုဗ္ဘိက္ခဘေးက နှိပ်စက်အပ်နေပါလျက် ငါသည်(တကိုယ်ကောင်း)စားသုံးရန် ဘယ်နည်းဖြင့်မျှ မတတ်နိုင်''ဟု ကြံစည်ဆင်ခြင်၍ မိမိ၏ဝေစုကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းပြီးလျှင် ''အရှင်ဘုရား....ယခုအခါ ဖြစ်လေရာရာ သံသရာဘဝ တို့၌ဘနန္ဒ ဤကဲ့သို့သော ဆာလောင်မွတ်သိပ်ခြင်း =ဒုဗ္ဘိက္ခဘေးကို မတွေ့မမြင်ရသည့်ကိုယ် ဖြစ်လိုပါ၏၊ တပည့်တော်မ၏အဖို့ရာ ထမင်းခွက်ကို ရှေ့ကထား၍ ဇမ္ဗူဒိပ်ကျွန်း၌ နေသူ လူအားလုံးတို့အား ထမင်းအစာ ပေးရပါသော်လည်း တပည့်တော်မ ထိုင်ရာမှ မထမချင်း ယူတိုင်း, ယူတိုင်းသော နေရာသည် ပြည့်မြဲပြည့်ပါစေသတည်း၊ ဖြစ်လေရာရာ သံသရာဘဝ ဘုံ၌ဘနန္ဒ ဤသူဌေးကြီးသည်ပင် တပည့်တော်မ၏ အိမ်ရှင်သခင်, ဤသားသည်ပင် တပည့်တော်မ၏သား, ဤချွေးမသည်ပင် တပည့်တော်မ၏ချွေးမ, ဤကျွန်သည်ပင် တပည့်တော်မ၏ကျွန် ဖြစ်ပါစေသတည်း''ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။

သူဌေးကြီး၏ သားသည်လည်း မိမိ၏ဝေစုကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်းပြီးလျှင် ''အရှင်ဘုရား....ဤနေ့မှစ၍ ဤကဲ့သို့သော ဆာလောင်မွတ်သိပ်ခြင်း=ဒုဗ္ဘိက္ခဘေးကို မတွေ့မမြင်ရသည့်ကိုယ် ဖြစ်လိုပါ၏၊ တပည့်တော်၏အဖို့ရာ အသပြာ တထောင်အိတ်ကို စွဲကိုင်၍ ဇမ္ဗူဒိပ်ကျွန်း၌ နေသူ လူအားလုံး တို့အား အသပြာကို ပေးရပါသော်လည်း ဤထောင်ဝင်အိတ်

WWW.DHAMMARANSI.COM



သည် ပြည့်မြဲပြည့်ပါစေသတည်း၊ ဖြစ်လေရာရာ သံသရာဘဝ တို့၌ ဤမိဘနှစ်ပါးတို့သည်ပင် အမိအဘတို့ ဖြစ်ကြပါစေကုန် သတည်း၊ ဤဇနီးသည်ပင် တပည့်တော်၏ ဇနီး, ဤ ကျွန်သည်ပင် တပည့်တော်၏ကျွန် ဖြစ်ပါစေသတည်း”ဟု ဆုတောင်း ပဏ္ဍနာခံမှု ပြုလေ၏။

သူဌေးကြီး၏ ချွေးမသည်လည်း မိမိ၏ဝေစုကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်းပြီးလျှင် “အရှင်ဘုရား....ဤနေ့မှစ၍ ဤ ကဲ့သို့သော ဆာလောင်မွတ်သိပ်ခြင်း = ဒုဗ္ဘိက္ခဘေးကို မတွေ့ မမြင်ရသည့်ကိုယ် ဖြစ်ပါလို၏၊ တပည့်တော်မ၏အဖို့ရာ စပါး တတောင်းကို ရွေကထား၍ ဇမ္ဗူဒိပ်ကျွန်း၌နေသူ လူအားလုံး တို့အား မျိုးရိက္ခာယမင်းကို ပေးရပါသော်လည်း ကုန်ခန်းသော အဖြစ် မထင်ပါစေသတည်း၊ ဖြစ်လေရာရာ သံသရာဘဝ ဘုံဌာနတို့ ဤယောက္ခမတို့သည်သာ တပည့်တော်မ၏ ယောက္ခမများ ဖြစ် ကြပါစေသတည်း၊ ဤ သူဌေးသားသည်ပင် တပည့်တော်မ၏ အိမ်ရှင်သခင် သူဌေးသား,ဤကျွန်သည်ပင် တပည့်တော်မ၏ကျွန် ဖြစ်ပါစေသတည်း”ဟု ဆုတောင်းပဏ္ဍနာမှု ပြုလေ၏။

ကျွန်ဖြစ်သူ မောင်ပုဏ္ဏသည်လည်း မိမိ၏ဝေစုကို ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား လှူဒါန်းပြီးလျှင် “အရှင်ဘုရား....ဤနေ့မှစ၍ ဤ ကဲ့သို့သော ဆာလောင်မွတ်သိပ်ခြင်း = ဒုဗ္ဘိက္ခဘေးကို မတွေ့ မမြင်ရသည့်ကိုယ် ဖြစ်ပါလို၏၊ အလုံးစုံသော ဤအရှင်သခင်တို့ သည်ပင် ဖြစ်လေရာရာ သံသရာဘဝ ဘုံဌာနတို့ အကျွန်ုပ်၏ အရှင် သခင်များ ဖြစ်ကြပါစေသတည်း၊ တပည့်တော်၏အဖို့ရာ တကြိမ် ထွန်လိုက်လျှင်ပင် ဝဲဘက်မှ ထွန်ရေးသုံးကြောင်း, ယာဘက်မှ ထွန်ရေးသုံးကြောင်း, အလယ်မှ ထွန်ရေးတကြောင်း = ဤသို့ အားဖြင့် တအမ္ဗဏ(လေးတင်း)မျိုးကြဲနိုင်လောက်သည့် ထွန်ရေး ခုနစ်ကြောင်း ခုနစ်ကြောင်းတို့ ခရီးရောက်ကြပါစေသတည်း” ဟု ဆုတောင်းပဏ္ဍနာမှု ပြုလေ၏။

(ပုဏ္ဏသည် ထိုနေ့၌ သေနာပတိရာထူးကို ဆုတောင်းလျှင် ရနိုင် သော်လည်း အရှင်တို့၌ ချစ်ခင်လှသောကြောင့် ဤ အရှင်သခင်တို့

WWW.DHAMMARANSI.COM



သည်ပင် ဖြစ်လေရာရာ သံသရာတ၀ ဘုံဌာနနှင့် အကျွန်ုပ်၏ အရှင် သခင်များ ဖြစ်ကြပါစေသတည်း-ဟု မိမိအဖို့ ကျွန်ဖြစ်ရန်ကိုသာ ဆုတောင်းမိလေ၏)။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ထိုသူအားလုံးတို့၏ စကားဆုံး သောအခါ၌ "ဧဝံ ဟောတု = ဤသို့ (သင်တို့ ဆုတောင်းသည့် အတိုင်း)ဖြစ်ပါစေသတည်း"ဟု မိန့်တော်မူပြီးလျှင်—

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။

တုယှံ = သင်၏။ ဣစ္ဆိတံ = အလိုရှိအပ်သမျှသည်။ ပတ္ထိတံ = တောင့်တအပ်သမျှသည်။ ခိပ္ပမေဝ = လျင်စွာ သာလျှင်။ သမိဇ္ဈတု = ပြည့်စုံစေသတည်း။ သဗ္ဗေ = ခပ် သိမ်းကုန်သော။ သင်္ကပ္ပါ = အကြံအစည်တို့သည်။ ပန္န- ရသော စန္ဒော ယထာ = တဆယ့်ငါးရက် ရှန်းစက် ပေါ်ထွန်း လပြည့်ဝန်းကဲ့သို့။ ပူရေန္တု = ပြည့်စေကုန် သတည်း။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိ ဇောတိရသော ယထာ။

တုယှံ = သင်၏။ ဣစ္ဆိတံ = အလိုရှိအပ်သော။ ပတ္ထိတံ = တောင့်တအပ်သော။ သဗ္ဗမေဝ = အလုံးစုံသည်ပင်။ သမိဇ္ဈတု = ပြည့်စုံစေသတည်း။ သဗ္ဗေ = ခပ်သိမ်းကုန် သော။ သင်္ကပ္ပါ = အကြံအစည်တို့သည်။ ဇောတိရသော မဏိ ယထာ = ဇောတိရသ်ပတ္တမြားကဲ့သို့။ ပူရေန္တု = ပြည့်စေကုန်သတည်း—

ဤပစ္စေကဗုဒ္ဓါ ဆုပေးသော ဂါထာတို့ဖြင့် အနုမောဒနာပြုပြီး လျှင် "ငါသည် ဤသူတို့၏ စိတ်ကို တိုးတက် ကြည်ညိုစေမှ သင့် တော့မည်"ဟု ကြံစည်ဆင်ခြင်တော်မူ၍ "ဂန္ဓမာဒန တောင်သို့ တိုင်အောင် ဤသူများသည် ငါ့ကို မြင်ကြစေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူ၍ ကြွသွားလေ၏။ထိုသူဌေးကြီးအိမ်သားစု ၅-ဦး

WWW.DHAMMARANSI.COM



တို့သည်လည်း ကြည့်လျက်သာ ရပ်တည်နေကြလေကုန်၏။ ပဉ္စ-ကဖုဋ္ဌါအရှင်မြတ်သည် ဂန္ဓမာဒနတောင်သို့ ရောက်လေလျှင် ထို ဆွမ်းကို အဖော် ပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးရာတို့နှင့် အတူတကွ ခွဲဝေ သုံးဆောင်တော်မူလေ၏၊ ထို ၅-ယောက်စာ ဆွမ်းသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ အာနုဘော်ကြောင့် ငါးရာလုံးတို့အား လောက်လောက်ငငရှိလေ၏၊ သူဌေးကြီးအိမ်သားစု ၅-ဦးတို့ သည်လည်း ကြည့်ရှု ကြည်ညိုကြလျက်သာလျှင် ရပ်တည်နေကြ လေကုန်၏။

**နေ့ချင်းပင် ကောင်းကျိုးပေးခြင်း**

အထူးအားဖြင့် နေမွန်းတည့်ချိန် လွန်သောအခါ သူဌေး ကတော်ကြီးသည် ထမင်းအိုးကို ဆေးကြော၍ ဖုံးပိတ်၍ ထားလိုက် လေ၏။ သူဌေးကြီးသည်လည်း ဆာလောင်မွတ်သိပ်ခြင်း အပြင်း နှိပ်စက်အပ်ရကား လျောင်း၍ အိပ်ပျော်သွားလေ၏၊ သူဌေး ကြီးသည် ညနေချမ်းအချိန်၌ နိုးလတ်၍ သူဌေးကတော်ကြီးကို "ရှင်မ...ငါသည် အလွန်ဆာလောင်လှပါ၏။ ထမင်းအိုးအပြင်၌ ထမင်းချိုး,ထမင်းလုံး အကပ်အသပ်ကလေးများ ရှိသေးသလော (ကြည့်ပါဦးလော့)"ဟု ပြောဆိုလေ၏။ သူဌေးကတော်ကြီးသည် အိုးကို ပြောင်စင်အောင်ဆေး၍ မိမိထားအပ်သော အဖြစ်ကို သိပါလျက်လည်း "မရှိပါ"ဟူ၍ မပြောဆိုပဲ "ထမင်းအိုးကို ဖွင့် ကြည့်ပြီးမှ ငါပြောတော့မည်"ဟု ကြံစည်ကာ ထ၍ ထမင်းအိုး အနီးသို့ သွားပြီးလျှင် ထမင်းအိုးကို ဖွင့်၍ ကြည့်လေ၏။

ထိုခဏ၌ပင်လျှင် မုလေးပန်းငုံ(မြတ်လေးပန်းဖူး)နှင့်တူသော အဆင်းရှိသည့် ထမင်းဖြင့်ပြည့်၍နေသော ထမင်းအိုးသည် အဖုံး (စလောင်းဖုံး)ကို ကြွအောင် မ-ချီ၍ တည်ရှိနေလေ၏။ သူဌေး ကတော်ကြီးသည် ထိုအခြင်းအရာကိုမြင်လျှင် ပီတိဖြင့် နှံ့သော ကိုယ်ရှိလျက်(=တကိုယ်လုံး ပီတိဖုံးလျက်)သူဌေးကြီးကို "အရှင်... ထပါလော့၊ ကျွန်တော်မသည် ထမင်းအိုးကို ပြောင်စင်အောင် ဆေးပြီးမှ အုပ်၍ထားခဲ့ပါသည်၊ ထိုထမင်းအိုးသည်ကား ယခု

WWW.DHAMMARANSI.COM



အခါ မုလေးပန်းငုံ = မြတ်လေးပန်းဖူးနှင့်တူသောအဆင်းရှိသည့် ထမင်းဖြင့် ပြည့်နေပါပြီ၊ ကုသိုလ်ကောင်းမှုတို့မည်သည် ပြုသင့် ပြုထိုက်သောသဘော ရှိပါပေကုန်စွ၊အလှူဒါနမည်သည် ပြုသင့် ပြုထိုက်သောသဘော ရှိပါပေစွ၊ အရှင်...ထလော့,ချမ်းသာစွာ စားသုံးပါလော့”ဟု ပြောဆိုလေ၏။

သူဌေးကတော်ကြီးသည် ရှေးဦးစွာ အဘနှင့် သားတို့အား ထမင်းကို ပေးကမ်းကျွေးမွေးလေသည်၊ ထိုအဘနှင့်သားတို့ စား ပြီး၍ ထသွားကြတော့မှ ချွေးမနှင့်အတူတကွထိုင်၍ မိမိပါ စား ပြီးလျှင် ကျွန်ဖြစ်သူ မောင်ပုဏ္ဏအား ထမင်းကို ပေးလေ၏၊ ယူတိုင်း,ယူတိုင်းသောနေရာသည် မကုန်နိုင်ပဲ ရှိလေ၏၊ယောက်မ ဖြင့် ပဌမအကြိမ် ခူးခပ်ယူသောနေရာသာလျှင် ထင်ရ၏။ ထိုနေ့ မှာပင် စပါးကျီ,အိုးစရည်း စသည့်တို့သည် ရှေးက စပါးဖြင့် ပြည့်မြဲသောအတိုင်းပင် တဖန် ပြည့်၍နေကြလေကုန်၏။ သူဌေး ကြီးသည် “မဟာဇောဂသူဌေးကြီး၏ အိမ်၌ ရိက္ခာထမင်း ပြည့်တင်းစွာ ဖြစ်လျက်ရှိသည်၊ မျိုးရိက္ခာထမင်းကို ရယူလိုသူတို့ သည် လာရောက်၍ အလိုရှိတိုင်း ယူကြကုန်လော့”ဟု မြို့အတွင်း၌ လှည့်လည်ကြွေးကြော်စေလေ၏။ လူတို့သည် သူဌေးကြီး၏အိမ်မှ မျိုးရိက္ခာထမင်းကို အလိုရှိသမျှ ယူကြလေကုန်၏၊ ဇမ္ဗူဒိပ်ကျွန်း၌ နေသူ လူခပ်သိမ်းတို့သည် ထိုမဟာဇောဂသူဌေးကြီးကို အမှီပြု၍ အသက်ရှင်မှုကို ရကြလေကုန်၏။

## နောက်ဆုံးဘဝ မေဏ္ဍကသူဌေးဖြစ်ခြင်း

ထိုမဟာဇောဂသူဌေးကြီးသည် ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ဖြစ်၍ နတ်ပြည်,လူ့ပြည်တို့ဝယ် ကျင်လည်ကျက်စား ခဲ့ရလျက် ဤအကျွန်ုပ်တို့ ဘုရားမြတ်စွာပွင့်ထွန်းတော်မူရာကာလ ဝယ် ဘဒ္ဒိယမြို့မှာ သူဌေးမျိုး၌ဖြစ်လာလေသည်။သူ၏ဇနီး သူဌေး ကတော်သည်လည်း မဟာဇောဂသူဌေးမျိုး၌ ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် ထိုသူဌေး၏ သူဌေးကတော်ကြီးပင် ဖြစ်လာ လေ၏။

WWW.DHAMMARANSI.COM



**မေဏ္ဍကသူဌေးဟု အမည်တွင်ခြင်း**

ထိုသူဌေးကြီး၏ အိမ့်နောက်ပိုင်း ရှစ်မင်းပယ်မျှ ကျယ်ဝန်းသော မြေအရပ်၌ ဝိပဿီမြတ်စွာ လက်ထက်တော်အခါက ရွှေဆိတ်ရုပ်ပြုလုပ်ကာ ပူဇော်ခဲ့သော ကောင်းမှု ကုသိုလ်ကံ အဟုန်ကြောင့် ဆင်,မြင်း,ဥသဘ ပမာဏရှိသော ရွှေဆိတ်ရုပ်ကြီးများသည် မြေကိုဖောက်ခွဲ၍ ကျောက်ကုန်းချင်းဟိုက်ခတ် ထိစပ်ကာ ဖြစ်ပေါ်၍လာလေကုန်၏။ ထိုရွှေဆိတ်ရုပ်ကြီးတို့၏ ခံတွင်းများ၌ အဆင်း ၅-မျိုးရှိသည့် ချည်ဂေါ်လီလုံးများ အသင့်ထည့်အပ်ပြီးသား ဖြစ်၍နေကုန်၏။ ထောပတ်,ဆီ,ပျား,တင်လဲ-စသည်တို့ကိုဖြစ်စေ၊ အဝတ်အထည်,ရွှေ,ငွေ-စသည်တို့ကိုဖြစ်စေ အလိုရှိလတ်လျှင် ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းမှ ချည်ဂေါ်လီလုံးများကို ဖယ်ရှားပစ်ကြရကုန်၏။ ရွှေဆိတ်ရုပ်တရုပ်တည်း၏ ခံတွင်းမှပင် ဇမ္ဗူဒိပ် ကျွန်း၌နေသူ လူအားလုံးတို့အတွက် လောက်ငအောင် ထောပတ်, ဆီ, ပျား, တင်လဲ, အဝတ်အထည်, ရွှေ, ငွေ-တို့ ထွက်၍လာကုန်၏။ ထိုအချိန်မှစ၍ သူဌေးကြီး၏အမည်သည် "မေဏ္ဍက သူဌေးကြီး"ဟူ၍ ထင်ရှားကျော်ကြားလာလေ၏။ (မေဏ္ဍက = ရွှေဆိတ်ရုပ်ရှင်သူဌေးဟု ဆိုလိုသည်)။

ထို သူဌေးကြီး ဇနီးမောင်နှံတို့၏ ရှေးဘဝက သားသည်ပင် ယခုဘဝ၌လည်း သားဖြစ်၍လာလေ၏ (ထိုသားမှာ ဝိသာခါ၏ ဖခင် ဓနဥ္စယသူဌေး ဖြစ်သည်)။ ရှေးဘဝက ချွေးမသည်ပင် ယခုဘဝ၌လည်း ချွေးမဖြစ်လာလေ၏။ ရှေးဘဝကကျွန်သည်ပင် ယခုဘဝ၌လည်း ကျွန်ဖြစ်၍လာလေ၏။ (မေဏ္ဍကသူဌေးကြီး၏ သူဌေးကတော်ကြီးကား စန္ဒပဒုမာ-အမည်ရှိသည်၊ ချွေးမဖြစ်သူ ဓနဥ္စယသူဌေးကတော်ကား သုမနဒေဝီ-အမည်ရှိသည်၊ မေဏ္ဍက သူဌေးကြီး၏ကျွန်ကား ပုဏ္ဏ-အမည်ရှိသည်)။

(ဤ မေဏ္ဍကသူဌေးကြီး, သူဌေးကတော်ကြီး, သား-ဓနဥ္စယသူဌေး, ချွေးမ သုမနဒေဝီ,ကျွန်ယုံတော် မောင်ပုဏ္ဏတို့၏ အာနုတော်အကြောင်းနှင့်တကွ မေဏ္ဍကသူဌေးကြီး သောတာပန်အရိယာ ဖြစ်သည့်တိုင်အောင်သော အကြောင်းအရာများကို ဤမဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ

WWW.DHAMMARANSI.COM



အောက်ဥပါသိကာဝတ္ထုအခန်း ဝိသာခါအကြောင်း စာမျက်နှာ ၂၅၅-မှ စ၍ ပြန်လည်ကြည့်ရှု သုံးသပ်ကုန်ရာ၏)။

အထူးအားဖြင့် မေဏ္ဍကသူဌေးကြီးသည် မြတ်စွာဘုရားအထံတော်၌ တရားတော်ကို နာရ၍ သောတာပန်ဖြစ်ပြီးသောအခါ မြတ်စွာဘုရားရှင့်အထံတော်သို့ မိမိလာရောက်စဉ်အခါဝယ် တိတ္ထိတို့က မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောကြား၍ မိမိအား တားမြစ်ကြသည့်အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားလေသည်။ ထိုအခါ မြတ်စွာဘုရားရှင်သည် မေဏ္ဍကသူဌေးကြီးကို "ဒါယကာသူဌေး....၌ သတ္တဝါတို့မည်သည် ကြီးစွာသော မိမိ၏အပြစ်ကိုကား မမြင်ကြကုန်၊ သူတပါးတို့၏ အပြစ်ကိုကား မရှိသည်ကိုပင် အရှိပြုကာ ထိုထိုအရပ်၌ ဖွဲဖျင်းကဲ့သို့ လေ့လွင့်ပြောကြားတတ်ကုန်၏" ဟု မိန့်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော တရားဂါထာကို ဟောကြားတော်မူလေ၏—

သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။
ပရေသံ ဟိ သော ဝဇ္ဇာနိ၊ ဩပုနာတိ ယထာ ဘုသံ။
အတ္တနော ပန ဆာဒေတိ၊ ကလိံဝ ကိတဝါ သဌော။

ဂဟပတိ = မေဏ္ဍကသူဌေး အိုဒါယကာ...။ ဣမေသံ သတ္တာနံ = ဤသတ္တဝါတို့သည်။ အညေသံ = သူတပါးတို့၏။ ဝဇ္ဇံ = အပြစ်ကို။ သုဒဿံ = အလွယ်ဖြင့်သာ ရှုမြင်နိုင်စွာ၏။ အတ္တနော = မိမိ၏။ ဝဇ္ဇံ ပန = အပြစ်ကိုကား။ ဒုဒ္ဒသံ = အလွန်ပင်ကြီးကဲသော်လည်း မြင်ခဲလှစွာ၏။ ဟိ = မှန်၏။ သော = ထို ကိုယ့်အပြစ်ကိုကား လျစ်လျူပြု၍ သူ့အပြစ်ကိုသာ ရှုလေ့ရှိသောသူသည်။ ပရေသံ = သူတပါးတို့၏။ ဝဇ္ဇာနိ = အပြစ်တို့ကို။ ဘုသံ ယထာ = ဖွဲဖျင်းကိုကဲ့သို့။ ဩပုနာတိ = လေ့လွင့်သောအား ပြောကြားတတ်ပေ၏။ အတ္တနော = မိမိ၏။ ဝဇ္ဇံ ပန = အပြစ်ကိုကား။ ကိတဝါ = ကောက်ကျစ်သော။ သဌော = ငှက်မုဆိုးသည်။ (တနည်း) သဌော = ကောက်ကျစ်သောငှက်မုဆိုးသည်။

WWW.DHAMMARANSI.COM



ကိတဝါ-ကိတဝါယ = သစ်ခက် စသည်ဖြင့်။ တလိံ = မိမိကိုယ်ကို။ ဆာဒေတိ ဇူဝ = ဖုံးလွှမ်းသကဲ့သို့။ ဆာဒေတိ = ဖုံးလွှမ်းတတ်၏—

ဤဒေသနာ ဂါထာနိဂုံး ဆုံးလတ်သောအခါ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် - စသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။ (ဓမ္မပဒ ၌ ၂၊ ၂၃၂-မှစ၍)။

ဤကား မေဏ္ဍကသူဌေး အကြောင်းတည်း။

---

## (၃) ဇင္ဂိလသူဌေးအကြောင်း

### ဇင္ဂိလ၏ ရှေးကံအကြောင်း

ဤ ဇင္ဂိလသူဌေးအလောင်းသည် ကဿပမြတ်စွာ သာသနာခေတ်၌ ရွှေပန်းထိမ်သည် ဖြစ်ခဲ့လေသည်။ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဓာတုစေတီတော်ကြီး တည်ထား အပ်ဆဲဖြစ်လတ်သော် ရဟန္တာမထေရ်မြတ်တပါးသည် စေတီတော်တည်ရာအရပ်သို့ သွားရောက်ကြည့်ရှု၍ "အမောင်တို့.... အဘယ့်ကြောင့် စေတီတော်၏ မြောက်ဘက်မှာ်သည် မတက်ပဲ ရှိနေသနည်း"ဟု မေးတော်မူလေ၏။ လူများက "ရွှေမလောက် သောကြောင့်ပါဘုရား"ဟု လျှောက်ထားကြလေသော် ရဟန္တာ မထေရ်မြတ်သည် "ငါသည် မြို့တွင်းသို့သွား၍ လူများကို ရွှေ လှူဒါန်းရန် ဆောက်တည်စေအံ့၊ သင်တို့သည် ရှိသေသဖြင့် အလုပ်ကို လုပ်ဆောင်ကြလော့"ဟု မိန့်ဆိုအားပေးစကား ပြော ကြားခဲ့၍ မြို့တွင်းသို့ ဝင်ပြီးလျှင်"အမိတို့....အမောင်တို့....သင်တို့၏ စေတီတော်အတွက် မြောက်ဘက်မှာ်၌ ရွှေမလောက်ပဲ ဖြစ်နေ သည်၊ ရွှေကို သိကြကုန်လော့"ဟု လူများအပေါင်းကို ဆောက် တည်စေလျက် ရွှေပန်းထိမ်သည်အိမ်သို့ ရောက်တော်မူလေ၏။

ထိုအချိန်၌ ရွှေပန်းထိမ်သည်သည် ဇနီးဖြစ်သူနှင့် ခိုက်ရန်မှု ပြုကာ ထိုင်နေဆဲဖြစ်၏။ ထို့နောက် မထေရ်သည် ရွှေပန်းထိမ် သည်ကို "ဒါယကာ....စေတီတော်ကြီးမှာ သင်တို့ တာဝန်ယူကြ

WWW.DHAMMARANSI.COM



သည့် မြောက်ဘက်မုခ်အတွက် ရွှေမလောက်ပဲ ဖြစ်နေသည်၊ သို့ရကား ရွှေကို သိမှ သင့်တော်မည်"ဟု မိန့်ဆိုလေ၏။ ရွှေပန်းထိမ်သည်သည် ဇနီးဖြစ်သူအား အမျက်ထွက်သဖြင့် (စိတ်ဆိုးဆိုးနှင့်) "သင်၏ဘုရားကို ရေထဲပစ်ချ၍သာ သွားပေတော့"ဟု ရိုင်းပြစွာ ပြောဆိုလိုက်လေ၏။ ထိုအခါ ဇနီးဖြစ်သူသည် ရွှေပန်းထိမ်သည်ကို "ရှင်သည် အလွန်ကြမ်းကြုတ်သည့် မကောင်းမှုကို ပြုအပ်မိလေပြီ၊ ကျွန်တော်မအား ရှင်အမျက်ထွက်လျှင် ကျွန်တော်မကိုသာ ဆဲရေးလိုမူ ဆဲရေးသင့်၏, ရိုက်နှက်လိုမူ ရိုက်နှက်သင့်၏၊ အဘယ့်ကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဘုရားရှင်တို့အပေါ်၌ ရန်လိုမူ ပြုဘိသနည်း"ဟု အပြစ်ပြစကား ပြောကြားလေ၏။

ရွှေပန်းထိမ်သည်သည် ထိုခဏမှာပင် သံဝေဂကြီးစွာ ရ၍ "အရှင်ဘုရား......တပည့်တော်အား သည်းခံတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်လေ၏။ ရဟန္တာမထေရ်မြတ်က "အမောင်....သင်က ငါ့ကို တစုံတရာ ပြစ်မှားပြောဆိုအပ်သည် မဟုတ်=ဘုရားရှင်ကိုသာ ပြစ်မှားပြောဆိုအပ်ခဲ့လေပြီ၊ ထို့ကြောင့် မြတ်စွာဘုရားကိုသာ ကန်တော့လော့"ဟု မိန့်တော်မူလေလျှင် ရွှေပန်းထိမ်သည်သည် "အရှင်ဘုရား....အဘယ်သို့ပြု၍ ကန်တော့ရပါမည်နည်း"ဟု မေးလျှောက်လေ၏။ ထိုအခါ ရဟန္တာမထေရ်မြတ်သည် "ရွှေပန်းအိုးသုံးလုံး ပြုလုပ်ပြီးလျှင် ဓာတ်တော်တိုက်အတွင်း၌ ဌာပနာသွင်းထည့်၍ စိုသောအဝတ်,စိုသောဆံရှိလျက် ကန်တော့လေလော့ အမောင်...."ဟု နည်းညွှန်းစကား မိန့်ကြားတော်မူလေ၏။

ရွှေပန်းထိမ်သည်သည် "ကောင်းပါပြီ အရှင်ဘုရား...."ဟု လျှောက်ထားပြီးလျှင် ရွှေပန်းများ ပြုလုပ်သည်ရှိသော် မိမိ၏ သားသုံးယောက်တို့အနက် သားကြီးကို အခေါ်ခိုင်း၍ "လာလော့ ချစ်သား....ငါသည် မြတ်စွာဘုရားကို ရန်စကား ပြောမှားမိခဲ့လေပြီ၊ ထို့ကြောင့် ဤရွှေပန်း သုံးခိုင်တို့ကို ပြုလုပ်ပြီးလျှင် ဓာတ်တော်ဌာပနာတိုက်၌ ထည့်၍ ကန်တော့ရပေမည်၊ ချစ်သား

WWW.DHAMMARANSI.COM



သည်လည်း ငါ၏အဖော်သဟဲ ဖြစ်ပါလော့” ဟု ပြောလေ၏။ သားကြီးသည် “အဖေ့ကို ကျွန်တော်သည် ရန်စကား အပြော မခိုင်းအပ်ပါ၊ (အဖေ့အလိုအလျောက် ပြောခြင်းဖြစ်သည်)၊ ထို့ကြောင့် အဖေသာလျှင် ပြုလုပ်လေလော့”ဟု ဆို၍ ရွှေပန်းခိုင်ကို ကူညီ၍ မလုပ်လိုခဲ့ချေ။ သားအလတ်ကိုခေါ်၍ ထိုအတူပင် ပြောပြန်လေ၏၊ သားလတ်သည်လည်း ထို(သားကြီး) နည်းတူပင် ဆို၍ မလုပ်လိုပဲ ရှိခဲ့၏။ သားငယ်ကိုခေါ်၍ ထိုအတူ ပြောသော အခါ သားငယ်သည် “ဖခင်အတွက် ဖြစ်ပေါ်လာသောကိစ္စ အဝဝသည် သား၏ တာဝန်ဖြစ်၏”ဟု ပြောဆိုကာ အဘ၏ အဖော်သဟဲဖြစ်၍ ရွှေပန်းခိုင်တို့ကို ကူညီလုပ်ဆောင်၍ ပေးလေ၏။

ရွှေပန်းထိမ်သည်သည် တထွာခန့်စီရှိသော ရွှေသားပန်းစိုက် အိုး သုံးလုံးတို့ကို (ပန်းခိုင်ပါ) ပြီးအောင်ပြုလုပ်၍ ခေတ်တော် ဌာပနာတိုက်၌ ထည့်သွင်းလျက် (ရဟန္တာမထေရ်မြတ် ညွှန်ကြား အပ်သည့်အတိုင်း) စိုသောအစေး စိုသောဆံ ရှိလျက် မြတ်စွာ ဘုရားကို တောင်းပန်ကန်တော့လေ၏။ (ဤကား ဇဋိလသူဌေး ၏ ရှေးကံအကြောင်းတည်း)။

### နောက်ဆုံးဘဝ ဇဋိလသူဌေးဖြစ်ခြင်း

ထိုရွှေပန်းထိမ်သည်သည် ရှေးဖော်ပြရာပါ ဝစီကံဒုစရိုက် ကြောင့် ခုနစ်ကြိမ် (=ခုနစ်ဘဝ) တိုင်တိုင် ရေ၌ အမျှောခံခဲ့ရ လေသည်။ ဤ နောက်ဆုံး ပစ္ဆိမဘဝ၌ကား ဗာရာဏသီသူဌေး သမီး၏သား ဖြစ်လာလေသည်။ ချဲ့ဦးအံ့–အကျွန်ုပ်တို့၏ ဘုရား မြတ်စွာ လက်ထက်တော်အခါဝယ် ဗာရာဏသီပြည်၌ အလွန် အဆင်းလှသည့် သူဌေးသမီးတယောက် ရှိလေသည်၊ ထိုသူဌေး သမီးကို အသက် ဆယ့်ငါးနှစ်, ဆယ့်ခြောက်နှစ်အရွယ်ရှိသော အခါ မိဘတို့သည် စောင့်ရှောက်ရန်ကျွန်မတယောက်ကိုပေးအပ် ၍ ဘုံခုနစ်ဆင့် (ခုနစ်ထပ်) ရှိသော ပြာသာဒ်၏ အထက်ဆုံး အထပ်ဝယ် ကျက်သရေတိုက်ခန်း၌ နေထိုင်စေကြလေသည်။

WWW.DHAMMARANSI.COM



တနေ့သ၌ လေသာပြူတင်းကို ဖွင့်၍ အပြင်သို့ ကြည့်နေသော ထိုသူဌေးသမီးကို ကောင်းကင်ခရီးဖြင့် သွားသော ဝိဇ္ဇာဓိုရ်တယောက်သည် မြင်၍ အချစ်စိတ်ပြင်းထန်စွာ လေသာပြူတင်းပေါက်ဖြင့် ဝင်လာပြီးလျှင် သူဌေးသမီးနှင့် ချစ်တင်းမိတ်ဖွဲ့မှု ပြုလေ၏။

သူဌေးသမီးသည် ထိုဝိဇ္ဇာဓိုရ်နှင့် ဆက်ဆံပေါင်းသင်းမှုကို အစွဲပြု၍ မကြာမီပင် ကိုယ်ဝန်ကို ရလေ၏။ ထိုအခါ သူဌေးသမီးကို ကျွန်မက မြင်၍ "အမိ…ဤအရာသည် အဘယ်နည်း = ဒါ ဘာဖြစ်တာလဲ" ဟု မေး၍ သူဌေးသမီးက "ရှိပါစေ၊ တဦးတယောက်အားမျှ မပြောကြားပါလင့်" ဟု နှုတ်ပိတ်စကား ပြောကြားအပ်ရကား ကျွန်မသည် ကြောက်သဖြင့် ဆိတ်ဆိတ်နေရလေ၏။ သူဌေးသမီးသည် ဆယ်လမြောက်၌ သားကို ဖွားမြင်၍ အိုးသစ်တလုံးကို ယူဆောင်ခဲ့စေပြီးလျှင် ထိုအိုး၌ သူငယ်ကိုသိပ်၍ အဖုံးဖြင့်ပိတ်ကာ ထို၏အထက်၌ ပန်းဆိုင်း ပန်းကုံးများကို တင်ထားပြီးသော် "ဤအိုးကို ဦးခေါင်းဖြင့် ရွက်ယူသွားကာ ဂင်္ဂါမြစ်ကြော၌ မျှောလိုက်လေလော့၊ 'ဤအရာကား အဘယ်နည်း (= ဘာနည်း)' ဟု တဦးဦးက မေးအပ်လျှင် 'ကျွန်တော်မ၏ သခင်မအတွက် ဗလိပူဇော်မှု' ဟု ပြောလေ" ဟု ဆိုကာ ကျွန်မကို စေခိုင်းလိုက်လေ၏။ ကျွန်မသည်လည်း သူဌေးသမီးစေခိုင်းသည့်အတိုင်း ပြုလုပ်လေ၏။

ထိုအချိန်၌ ဂင်္ဂါမြစ်၏အောက်(ရေစုန်)ဝယ် မိန်းမနှစ်ယောက်တို့သည် ရေချိုးကြယင်းက ရေဖြင့်မျောလာသော ထိုအိုးကို မြင်ကြ၍ တယောက်က "ထိုအိုးသည် ငါ့ အိုးတည်း" ဟု ပြောလေ၏၊ တယောက်က "ထိုအိုး၏အတွင်းဝယ် ပါလာသောပစ္စည်းသည် ငါ့ပစ္စည်းတည်း" ဟု ပြောလေ၏။ ထိုသို့ပြောကြ၍ မိမိတို့အနီးသို့ ထိုအိုးရောက်လာလတ်သော် ဆယ်ယူ၍ ကုန်း၌ထားကာ ဖွင့်ကြည့်ကြလေလျှင် သူငယ်ကို တွေ့မြင်ကြ၍ တယောက်က "ငါ့အိုးဟု ပြောဆိုအပ်လေသောကြောင့် သူငယ်သည် ငါ့ဥစ္စာဖြစ်သည်" ဟု ပြောဆိုလေ၏။ တယောက်ကလည်း "အိုးအတွင်းဝယ် ပါလာ

WWW.DHAMMARANSI.COM



သောပစ္စည်းသည် ငါ့ပစ္စည်းတည်းဟု ငါပြောဆိုအပ်လေသော ကြောင့် သူငယ်သည် ငါ၏ သူငယ်ဖြစ်သည်”ဟု ပြောဆိုလေ၏၊ ထိုမိန်းမ နှစ်ယောက်တို့သည် ငြင်းခုံကြလျက် တရားဆုံးဖြတ်ရာ လွှတ်ရုံးသို့ သွားရောက်ကြ၍ ထိုအကြောင်းကို ပြောကြားကြလေ ကုန်၏။ တရားဆုံးဖြတ်သော အမတ်တို့ အဆုံးအဖြတ်မပေးနိုင် ကြသည်ရှိသော် မင်းထံသို့ သွားရောက်ကြလေကုန်၏။ မင်းသည် ထိုမိန်းမ နှစ်ယောက်တို့၏ စကားကို ကြားသိပြီးလျှင် ဒုတိယ မိန်းမကို “သင်သည် သူငယ်ကို ပိုင်စေ”ဟု၎င်း, ပဉ္စမမိန်းမကို “သင်သည် အိုးကိုပိုင်စေ”ဟု၎င်း အဆုံးအဖြတ်စကား မိန့်ကြား လေ၏။

ထိုမိန်းမ နှစ်ယောက်တို့အနက် သူငယ်ကိုရသော မိန်းမသည် တား အရှင်မဟာကစ္စည်းမထေရ်၏ အလုပ်အကျွေး ရင်းနှီးသူ ဒါယိကာမ ဖြစ်လေသည်၊ ထို့ကြောင့် ထိုမိန်းမသည် “ဤသူငယ် ကို မထေရ်၏ အထံ၌ ရှင်ပြုစေမည်” ဟု ကြံရွယ်ကာ သူငယ်ကို မွေးမြူလေ၏။ ထိုသူငယ်၏အဖို့ရာ မီးရှူးသန့်စင် ဖွားမြင်သော နေ့၌ ကိုယ်ဝန်အညစ်အကြေးကို ဆေးကြောဖယ်ရှားမှုမပြုရသော ကြောင့် ဆံပင်များမှာ ဆံကျစ်ပမာ ရှုပ်ထွေးလျက် တည်နေ ကုန်၏၊ ထို့ကြောင့် ထိုသူငယ်၏အမည်ကို“ဇဋိလ”ဟူ၍ မှည့်ခေါ် ကြလေ၏။

ထိုဇဋိလသူငယ် ခြေဖြင့် တောက်တောက် သွားနိုင်လောက် သောအခါ၌ အရှင်မဟာကစ္စည်းမထေရ်သည် ထိုအိမ်သို့ဆွမ်းခံ ကြွဝင်တော်မူလာလေ၏။ ဒါယိကာမသည် မထေရ်မြတ်ကို နေရာ ထိုင်ခင်း ပေးလှူပြီးလျှင် ဆွမ်းအာဟာရကို ဆက်ကပ်လှူဒါန်း လေ၏။ မထေရ်မြတ်သည် ဇဋိလ သူငယ်ကို မြင်တော်မူ၍ “ဒါယိကာမကြီး........ ဘယ့်နှယ်လဲ၊ သင်သည် သူငယ်ကို ရအပ် သလော”ဟု မေးတော်မူလေ၏။ ထိုအခါ ဒါယိကာမကြီးသည် “ရအပ်ပါသည် အရှင်ဘုရား....၊ ဤသူငယ်ကို တပည့်တော်မသည် အရှင်ဘုရားတို့အထံ၌ ရှင်ပြုစေမည်ဟူသော ရည်ရွယ်ချက်ဖြင့်

WWW.DHAMMARANSI.COM



မွေးမြူခဲ့ပါသည်၊ ထိုသူငယ်ကို ရှင်ပြုပေးတော်မူကြပါဘုရား”ဟု လျှောက်ထား၍ မထေရ်မြတ်အား လှူလေ၏။

အရှင်မဟာကဿပမထေရ်သည် “ကောင်းပြီ”ဟု လက်ခံကာ ထိုသူငယ်ကို ခေါ်ဆောင်၍ သွားတော်မူယင်းပင် “ဤသူငယ်၏ အဖို့ရာ လူ့စည်းစိမ်ကို ခံစံဖို့ရန် ကောင်းမှုကံ ရှိလေသလော”ဟု ဉာဏ်တော်ဖြင့် ကြည့်ရှုတော်မူလတ်သော် “ဘုန်းကြီးသော သတ္တဝါတဦးဖြစ်၍ ကြီးစွာသော စည်းစိမ်ကို ခံစားသုံးဆောင်ရလိမ့်ဦးမည်၊ ဤသူငယ်သည် ယခု ငယ်သေး၏၊ သူ၏ ဉာဏ်ပညာသည်လည်း မရင့်ကျက်သေး”ဟု ကြံစည် ဆင်ခြင် သိမြင်တော်မူသောကြောင့် ထိုဇဋိလသူငယ်ကို ခေါ်ဆောင်ကာ တက္ကသိုလ်ပြည်ဝယ် ဒါယကာရင်း တယောက်၏ အိမ်သို့ ကြွရောက်တော်မူလေ၏။

ဒါယကာသည် မထေရ်ကိုရှိခိုးပြီး ရပ်တည်ယင်းကပင် သူငယ်ကိုမြင်၍ “အရှင်ဘုရား....အရှင်ဘုရားတို့သည် သူငယ်ကို ရအပ်ခဲ့ပါသလော”ဟု မေးလျှောက်လေ၏။ အရှင် မဟာကဿပ မထေရ်က “အိမ်း....ရအပ်ခဲ့ပေသည် ဒါယကာ....၊ဤသူငယ်ကား ရှင်ရဟန်းပြုပေလိမ့်မည်၊ ယခု ငယ်သေး၏၊ သင်၏ အထံ၌ပင် နေပါစေ”ဟု အရှင် ကဿပမထေရ်က မိန့်ကြားတော်မူလေလျှင် ဒါယကာသည် “ကောင်းပါပြီ အရှင်ဘုရား....”ဟု လက်ခံ၍ ထိုသူငယ်ကို သားအရာ၌ ထားပြီးလျှင် မြတ်နိုးစွာ မွေးမြူလေ၏။

ထိုဒါယကာကား ကုန်သည် ဖြစ်လေသည်၊ အထူးအားဖြင့် သူ၏အိမ်မှာ ဆယ့်နှစ်နှစ်ကြာ မရောင်းရသေးသည့်(=ရောင်း၍ မကုန်သေးသည့်)ရောင်းကုန် ဘဏ္ဍာတို့သည် များလှစွာ၏။ တနေ့သ၌ ထိုကုန်သည်ဒါယကာသည် ရွာတပါးသို့ ခရီးသွားအံ့ဆဲဖြစ်လတ်သော် ထိုရောင်း၍ မကုန်သော ကုန်ဘဏ္ဍာအားလုံးကို ဈေးဆိုင်သို့ ပို့ဆောင်၍ သူငယ်(ဇဋိလ)ကို ဆိုင်ထိုင်ခိုင်းကာ ထိုထို ရောင်းကုန်ဘဏ္ဍာ၏ တန်ဖိုးများကို ပြောပြ၍ “ဤမည်,

WWW.DHAMMARANSI.COM



ဤမည်သော ရောင်းကုန်ပစ္စည်းကို ဤမျှ, ဤမျှသော ဥစ္စာကို ရယူ၍ ပေးလော့”ဟု မှာထားခဲ့၍ ခရီးထွက်သွားလေ၏။

## ၁၂-နှစ်ကြာ ရောင်း၍မကုန်သောကုန်များ တရက်တည်းဖြင့် ရောင်း၍ ကုန်ခြင်း

ထိုနေ့၌ မြို့စောင့်နတ်တို့သည် အယုတ်သဖြင့် ဝရုတ်, ဇီရာမျှကိုပင် ဝယ်ယူလိုကြသော ဈေးဝယ်များကိုသော်လည်း ထိုဇဋိလသူဌေး ဆိုင်ထိုင် ရောင်းနေသည့် ဆိုင်သို့ ရှေးရှုလာကြအောင် ပြုလုပ်ကြလေကုန်၏။ ဇဋိလသူဌေးသည် ၁၂-နှစ်ကြာအောင် ရောင်း၍မကုန် စုပုံနေသော ရောင်းကုန်များကို တရက်တည်းဖြင့်ပင် ရောင်းချလိုက်ရလေသည်။ အိမ်ရှင်ဈေးသည် သူကြွယ်သည် ပြန်လာ၍ ဈေးဆိုင်၌ အနည်းငယ်မျှသော ရောင်းရန် ကုန်ကိုမျှ မတွေ့ရလေလျှင် “ချစ်သား....သင်သည် အလုံးစုံသော ရောင်းကုန်ဘဏ္ဍာများကို ဖျက်ဆီးပစ်လိုက်လေသလော” ဟု မေး၍ ဇဋိလသူဌေးက “ကျွန်တော် မဖျက်ဆီးပါ၊ အားလုံးရောင်းကုန်များကို အဖေတို့ ပြောဆိုမှာထားအပ်သည့် နည်းအတိုင်း ရောင်းပြီးပါပြီ၊ဤငွေကား ဤမည်သောကုန်ဘဏ္ဍာ၏ အဖိုးဖြစ်ပါသည်, ဤငွေကား ဤမည်သော ကုန်ဘဏ္ဍာ၏ အဖိုးဖြစ်ပါသည်”ဟု ပြောဆိုကာ စာရင်းအတိအကျ အပ်နှံလေလျှင် သူကြွယ်သည် အလွန်ကျေနပ်၍ “အဖိုးမပြတ်နိုင်အောင် ထိုက်တန်သည့် ယောကျာ်းပါပေ၊ မည်သည့်နေရာ မည်သည့်အလုပ်အကိုင်မှာမဆို ချမ်းချမ်းသာသာ အသက်ရှင်နိုင်မည့်သူ ဖြစ်သည်” ဟု ကြံစည်၍ မိမိအိမ်၌ အရွယ်သို့ရောက်ပြီး အသင့်ရှိနေသောသမီးကို ဇဋိလလုလင်အား ပေးထိမ်းမြားပြီးလျှင် မိမိ၏ လူများကို “ဤ ဇဋိလလုလင်အတွက် အိမ်ကြီးတဆောင် ဆောက်လုပ်ကြကုန်လော့”ဟု စေခိုင်း၍ ထိုအိမ်ကြီး ဆောက်လုပ် ပြီးပြေလတ်သော် “သားတို့....သမီးတို့....သွားကြလော့၊ သင်တို့သည် မိမိ၏အိမ်၌ ချမ်းသာစွာ နေထိုင်ကြကုန်လော့” ဟု ပြောဆိုအပ်နှင်းလေတော့၏။

WWW.DHAMMARANSI.COM



## ရွှေတောင်ပိုင် ဇဋိလသူဌေးဖြစ်ခြင်း

ထိုနောက် ဇဋိလလုလင်၏အဖို့ရာ အိမ်တက်မင်္ဂလာ ပြုလုပ်သောအခါ၌ ခြေတဖက် တံခါးခုံကို နင်းမိလျှင်ပင် အိမ်၏နောက်ပိုင်း၌ မြေကို ဖောက်ထွင်း၍ အတောင် ရှစ်ဆယ်ခန့်မြင့်သော ရွှေတောင်ကြီး ပေါက်၍လာလေ၏။ မင်းကြီးသည် "ဇဋိလသတို့သား၏အိမ်၌ မြေကို ဖောက်ထွင်း၍ ရွှေတောင်ကြီး ပေါက်သတဲ့"ဟူသော သတင်းစကားကို ကြားသိရလျှင်ပင် ထိုဇဋိလလုလင်အထံသို့ သူဌေးထီးဖြူကို ပို့စေ၍ သူဌေးတို့ အဆောင်အယောင် အခမ်းအနားများကို ချီးမြှောက်ကာ သူဌေးကြီးရာထူး၌ ခန့်အပ်လေ၏။ ထိုအခါမှစ၍ သူသည် "ဇဋိလသူဌေးကြီး"ဟူ၍ အမည်ထင်ရှား ကျော်ကြားလာလေ၏။

## ဇမ္ဗူဒိပ်တခွင် လှည့်လည် စုံစမ်းစေခြင်း

ဇဋိလသူဌေးကြီးမှာ သား သုံးယောက်တို့ ရှိကြလေသည်၊ သူဌေးကြီးသည် ထိုသားများ အရွယ်သို့ ရောက်ကြသောအခါ၌ ရဟန်းပြုရန် စိတ်ညွတ်လာ၍ "အကယ်၍ ငါတို့နှင့် စည်းစိမ်တူသော သူဌေးမျိုးရှိခဲ့လျှင် မင်းကြီးတို့သည် ငါ့အား ရဟန်းပြုရန် အခွင့်ပေးကြလိမ့်မည်၊ မရှိလျှင် ပေးကြလိမ့်မည် မဟုတ်၊ ဇမ္ဗူဒိပ်ကျွန်းဝယ် ငါတို့နှင့် စည်းစိမ်တူသော သူဌေးမျိုး=သူဌေးအိမ်များ ရှိလေသလား"ဟု စုံစမ်းဖို့ရန် ရွှေသား အုပ်ချပ်, ရွှေသားနှင်တံ, ရွှေသားခြေနင်းတို့ကို သွန်းလုပ်စေပြီးလျှင် မိမိ၏လူယုံများလက်၌ ပေးအပ်၍ "အမောင်တို့....သွားကြကုန်၊ ဤပစ္စည်းတို့ကို ယူဆောင်သွားကြ၍ တစုံတရာကို ကြည့်ရှုကြကုန်သကဲ့သို့ ဇမ္ဗူဒိပ်တခွင်၌ လှည့်လည်ကြပြီးလျှင် ငါတို့နှင့် စည်းစိမ်တူသော သူဌေးမျိုး ရှိ, မရှိကို သိအောင် စုံစမ်းပြီးမှ ပြန်ခဲ့ကြလော့"ဟု ပြောဆိုမှာထား စေလွှတ်လိုက်လေ၏။

ထိုလူယုံတို့သည် ဒေသစာရီ လှည့်လည်ကြလေလျှင် ဘဒ္ဒိယမြို့သို့ ရောက်ကြလေကုန်၏။ ထိုအခါ ထိုလူများကို မေဏ္ဍကသူဌေးကြီး မြင်၍ "အမောင်တို့....အဘယ်အမှု ပြုလိုကြကုန်သည်

WWW.DHAMMARANSI.COM



ဖြစ်၍ လှည့်လည်ကြသနည်း”ဟု မေးလေသော် “ကျွန်တော်များသည် ပစ္စည်းဝတ္ထုတခု ကြည့်ရှုလိုကြ၍ လှည့်လည်ကြပါသည်”ဟု ဖြေကြားကြသဖြင့် မေဏ္ဍကသူဌေးကြီးသည် “ဤလူများအဖို့ရာ ဤ ရွှေအုတ်, ရွှေနှင်တံ, ရွှေခြေနင်းတို့ကို ယူဆောင်၍ တစုံတရာ ကြည့်ရှုဖို့ရန် လှည့်လည်ဖွယ်ကိစ္စ မရှိ၊ တိုင်းနိုင်ငံကို စုံစမ်းလိုကြ၍ လှည့်လည်ကြလေသည်”ဟု သိရှိရိပ်မိကာ “အမောင်တို့....ငါတို့ အိမ်နောက်ပိုင်းသို့ ဝင်၍ ကြည့်ရှုကြကုန်လော့”ဟု ပြောဆိုလေ၏။

ထိုလူများသည် မေဏ္ဍကသူဌေးကြီး၏ အိမ်နောက်ပိုင်း၌ ရှစ်မင်းပယ်မျှ ကျယ်ဝန်းသော မြေအရပ်ဝယ် ရှေးမဖော်ပြရာပါ ဆင်, မြင်း, ဥသဘ, ပမာဏ ရှိသည့် ရွှေဆိတ်ရုပ်ကြီးများ ကျောက်ကုန်းချင်း ယှဉ်ခတ် ဆက်စပ်လျက် မြေကို ဖောက်ထွင်းကာ တက်ပေါ်နေသည်တို့ကို မြင်ကြရ၍ ထိုရွှေဆိတ်ရုပ်ကြီးများ၏ အကြားအကြားမှ လှည့်လည်ကာ ပြန်ထွက်၍ လာကြလေကုန်၏။ ထိုအခါ ထိုလူများကို မေဏ္ဍကသူဌေးကြီးသည် “အမောင်တို့...အမောင်တို့ - တွေ့မြင်ရန် လှည့်လည် ရှာကြံအပ်သော ပစ္စည်းကို တွေ့မြင်အပ်ပြီလော”ဟု မေး၍ ထိုလူများက “တွေ့မြင်ကြရပါကုန်၏ အရှင်သူဌေးကြီး....”ဟု ဆိုကြလေလျှင် “ထိုသို့ဖြစ်က အမောင်တို့သည် အလိုရှိရာသို့ သွားကြလော့”ဟု ပြောဆိုလွှတ်လိုက်လေ၏။

ဇဋိလသူဌေးကြီး၏လူများသည် ဘဒ္ဒိယမြို့မှပင် မိမိတို့ သူဌေးထံ ပြန်ခဲ့ကြ၍ ဇဋိလသူဌေးကြီးက “အမောင်တို့....အမောင်တို့သည် ငါတို့နှင့် စည်းစိမ်တူ သူဌေးမျိုးကို တွေ့မြင်အပ်ခဲ့ပြီလော”ဟု မေးလေသော် “အရှင်သူဌေးမင်း...အရှင် သူဌေးမင်းတို့၏ စည်းစိမ်သည် အဘယ်ရှိ၍နည်း၊ ဘဒ္ဒိယမြို့ဝယ် မေဏ္ဍကသူဌေးကြီး၏စည်းစိမ်သည် ဤသို့,ဤသို့ သဘောရှိ၏”ဟု စကားပလ္လင်ခံကာ မိမိတို့ တွေ့မြင်ခဲ့ရသည့် အကြောင်းဥဿုံ အလုံးစုံကို အကုန် ပြန်ကြား ပြောဆိုကြလေ၏။ ထိုစကားကိုကြား၍ ဇဋိလသူဌေးကြီးသည် နှစ်သက်အားရ စိတ်တိုင်းကျဖြစ်ပြီးလျှင်“သူဌေးမျိုး တမျိုးကိုကား ရအပ်ပေပြီ၊ အခြားသူဌေးမျိုးလည်း ရှိကြောင်း

WWW.DHAMMARANSI.COM



ရှိဦးမည်လော”ဟု စဉ်းစားဆင်ခြင်မိ၍ အဖိုးတသိန်းထိုက်သော ကမ္ဗလာကို ပေးအပ်ပြီးလျှင် ထိုလုလင်တို့အား “အမောင်တို့... သွားကြကုန်ဦးလော့၊ အခြားသူဌေးမျိုးကိုလည်း စုံစမ်းကြကုန် ဦးလော့”ဟု ပြောဆိုမှာထား၍ လွှတ်လိုက်ပြန်လေ၏။

ထိုလူများသည် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ကြ၍ ဇောတိက သူဌေးကြီး၏ ပြာသာဒ်အိမ်မှ မနီးမဝေး၌ ထင်းများကို စုပုံကာ မီးမိုကြလျက် ရပ်တည်နေကြကုန်လေ၏။ လူအများက “ဤအမှု သည် အဘယ်နည်း=ဘာလုပ်နေကြသနည်း”ဟု မေးအပ်သော အခါ၌ ထိုဇင်္ဃလသူဌေး၏ လူများသည် “ကျွန်ုပ်တို့၏ အဖိုးရာ အဖိုးများစွာ ထိုက်တန်သော ကမ္ဗလာ တထည်ကို ရောင်းချကြ လေရာ ဝယ်ယူနိုင်မည့်သူ မရှိ ဖြစ်၍နေပါသည်၊ ယူဆောင်၍ ကျွန်ုပ်တို့မြို့အရောက် သွားကြရမည်ကလည်း လူဆိုး သူဆိုးဘေးမှ ကြောက်ကြရပါသည်၊ ထို့ကြောင့် ထိုကမ္ဗလာကို မီးရှို့၍သွားကြ ပါမည်”ဟု အကဲစမ်းစကား ပြောကြားကြလေ၏။

ထိုအခါ ထိုလူများကို ဇောတိကသူဌေးကြီး မြင်လတ်သော် “ဤသူတို့သည် အဘယ်အမှု ပြုကြကုန်သနည်း=ဒီလူတွေဘာလုပ် နေကြသနည်း”ဟု မေး၍ ထိုအကြောင်းကို ကြားသိရလေလျှင် ထိုလူများကို အခေါ်ခိုင်း၍ “အမောင်တို့၏ ကမ္ဗလာသည် အဘယ်မျှ အဖိုးထိုက်သနည်း”ဟု မေးမြန်းလေ၏။ ထိုလူများက “အဖိုးတသိန်း ထိုက်တန်ပါသည် အရှင်သူဌေးကြီး....”ဟု ဖြေ ကြားအပ်လေသော် ဇောတိကသူဌေးကြီးသည် မိမိလူများကို ထို သူများအား အသပြာတသိန်း အပေးခိုင်းပြီးနောက် “အမောင် တို့....ငါ၏ တံခါးမုခ်ကို တံမြက်လှည်း၍ အမှိုက် စွန့်သွန်သော ကျွန်မအား ဤကမ္ဗလာကို ပေးလိုက်ကြပါလေ့”ဟု ပြောဆို မှာကြားကာ ဇင်္ဃလသူဌေး၏ လူများလက်၌ပင် အပ်နှံ၍ အပို့ ခိုင်းလိုက်လေ၏။

ဇောတိကသူဌေးကြီး၏ ကျွန်မသည် ကမ္ဗလာကို ယူခဲ့၍ (ထို လူများ မျက်မှောက်မှာပင်) ငိုကြွေးလျက် မိမိ၏အရှင်ဇောတိက သူဌေးကြီးအထံသို့ သွားရောက်ပြီးလျှင် “အရှင်သူဌေးမင်း...

WWW.DHAMMARANSI.COM



အသို့နည်း=ဘယ့်နှာလဲ ကျွန်တော်မကို အပြစ်ရှိလျှင် ရိုက်နှက်ဖို့ရန် မသင့်ဘူးလော (=ရိုက်နှက်သင့်ပါသည်ဟု ဆိုလို၏)၊ အဘယ့်ကြောင့် ဤသို့စင် ကြမ်းတမ်းသော ကမ္ဗလာကို ကျွန်တော်မ၏ထံသို့ ပို့စေတော်မူဘိသနည်း၊ ကျွန်တော်မသည် ဘယ်လိုနည်းဖြင့် ဤ ကမ္ဗလာ အကြမ်းကြီးကို ဝတ်နိုင်, ခြုံနိုင်လိမ့်မည်နည်း(=မဝတ်နိုင်, မခြုံနိုင်ပါ)”ဟု မကျေမချမ်း စကားတိုင်ကြား ပြောဆိုလေ၏။ ထိုအခါ ဇောတိကသူဌေးကြီးက “အမိ....ငါသည် ဤသို့ ဝတ်ရန်, ခြုံရန်အတွက် သင့်ထံသို့ အပို့ခိုင်းလိုက်သည် မဟုတ်ပါ။ စင်စစ်သော်ကား ဤကမ္ဗလာကို လိပ်၍ သင့်အိပ်ရာခြေရင်း၌ ထားပြီးလျှင် သင်အိပ်ချိန်ရောက်သောအခါ နံ့သာရေဖြင့် ဆေးကြောပြီးသော သင့်ခြေများကို ပွတ်သုတ်ရန် အလို့ငှါ သင့်ထံသို့ ငါ အပို့လွှတ်လိုက်မိသည်၊ အသို့နည်း=ဘယ့်နှယ်လဲ သင်သည် ဤသို့(=ခြေသုတ်မှုကို)ပင် ပြုလုပ်ခြင်းငှါ မစွမ်းနိုင်ဘူးလော=ခြေသုတ်ရုံမျှပင်သော်မှ သင်က မသုတ်နိုင်ဘူးလော”ဟု ဖြေရှင်းပြောကြားတော့မှ ကျွန်မသည် စိတ်ကျေနပ်ကာ “ဤခြေသုတ်ရန်အမှုကိုတော့ ပြုနိုင်ပါလိမ့်မည်”ဟု ပြောဆိုကာ ထိုကမ္ဗလာကို ယူ၍ သွားလေ၏။

ဇဋိလသူဌေးကြီး၏လူယုံတော်များသည်လည်း ထိုအကြောင်းကို ကိုယ်တွေ့ မြင်ခဲ့ကြ၍ မိမိတို့၏ သူဌေးကြီးထံသို့ ပြန်လည်ရောက်ရှိကြသည့်တွင် ဇဋိလသူဌေးကြီးက “အမောင်တို့.... အမောင်တို့သည် ငါတို့နှင့် စည်းစိမ်တူ သူဌေးမျိုးကို တွေ့မြင်အပ်ခဲ့ပြီလော”ဟု မေးအပ်လေလျှင် “အရှင်သူဌေးမင်း....အရှင်သူဌေးမင်းတို့၏ စည်းစိမ်သည် အဘယ်မှာရှိ၍နည်း၊ ရာဇဂြိုဟ်ပြည်၌ဝယ် ဇောတိကသူဌေးကြီး၏ စည်းစိမ်သည် ဤသို့,ဤသို့ သဘောရှိ၏”ဟု စကားပလ္လင်ခံကာ ဇောတိကသူဌေးကြီး၏ ပြာသာဒ်ကြီး အသရေ, စည်းစိမ်ကိုလုံ ပြည့်စုံပုံကို ပြောကြားပြီးလျှင် မိမိတို့ ကိုယ်တွေ့ မြင်ခဲ့ကြရသည့် ထိုကျွန်မနှင့် ကမ္ဗလာအကြောင်းကို ပြန်ပြောင်း ပြောဆိုကြလေကုန်၏။

WWW.DHAMMARANSI.COM



## ဇဋိလသူဌေးကြီး သားသုံးယောက်၏ဘုန်းကံကို စုံစမ်းခြင်း

ဇဋိလသူဌေးကြီးသည် ထိုလူယုံတော်များ၏ စကားကို ကြားရလေလျှင် နှစ်သက်အားရမ်း ဝမ်းမြောက်သော စိတ်ရှိလျက် "ငါသည် ယခုအခါ ရဟန်းပြုရန် အခွင့်ကို ရပေတော့မည်"ဟု ကြံစည် ဆင်ခြင်၍ မင်းကြီးထံသို့ သွားရောက်ပြီးလျှင် "အရှင်မင်းကြီး....အကျွန်ုပ်သည် ရဟန်းပြုလိုပါ၏"ဟု လျှောက်ထားလေ၏။

(ဤ၌။ ။မည်သည့်မင်းဟု အဋ္ဌကထာ၌ တိုက်ရိုက်မဖော်ပြအပ်သော်လည်း "ဗိမ္ဗိသာရရညော ပန ဝိဇိတေ ပဉ္စ အမိတဘောဂါ နာမ အဟေသုံ ဇောတိကော, ဇဋိလော, မေဏ္ဍကော, ပုဏ္ဏကော, ကာဠ-ဝဠိယောတိ။ =အထူးအားဖြင့် ဗိမ္ဗိသာရမင်းကြီး၏ အာဏာပြန့်နှံ့ရာ နိုင်ငံတော်၌ ဇောတိက, ဇဋိလ, မေဏ္ဍက, ပုဏ္ဏက, ကာဠဝဠိယဟူ၍ အမိတဘောဂသူဌေးကြီး ၅-ဦးတို့ ရှိကြ၏"ဟု ဝိသာခါဝတ္ထု ဓမ္မပဒ အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၂၄၃-၌ ဖွင့်ပြအပ်သောကြောင့် ဗိမ္ဗိသာရမင်းကြီးဟူ၍ မှတ်ယူရာ၏)။

မင်းကြီးကလည်း "ကောင်းပြီ သူဌေးကြီး....သင် အလိုရှိတိုင်း ရဟန်းပြုလော့"ဟု ကြည်သာစွာ ခွင့်ပြုလေ၏။ ဇဋိလသူဌေးကြီးသည် မိမိအိမ်သို့ ပြန်ခဲ့၍ သားသုံးယောက်တို့ကို အခေါ်ခိုင်းပြီးလျှင် ရွှေအရိုးတပ်သည့် စိန်ပေါက်ချွန်းကို သားအကြီး၏ လက်၌ အပ်နှင်းပေးထား၍ "ချစ်သား...အိမ်၏နောက်ဘက်ဝယ် ရွှေတောင်မှ ရွှေစိုင်တခဲကို ထုတ်ဆောင် တူးယူခဲ့လော့"ဟု ဆို၍ လွှတ်လိုက်လေ၏။ သားအကြီးသည် စိန်ချွန်းကို ယူဆောင်ကာ သွားရောက်၍ ရွှေတောင်ကို တအားခပေါက်လေ၏၊ ကျောက်ဖျာကြီး၌ ပေါက်အပ်သောအခါကဲ့သို့ ဖြစ်လေ၏။ ဇဋိလသူဌေးကြီးသည် သားအကြီးလက်မှ စိန်ချွန်းကိုယူ၍ သားအလတ်လက်၌ အပ်နှင်းကာ ရှေးနည်းအတူ လွှတ်လိုက်ပြန်လေ၏။ ထိုသားအလတ်၏အဖို့ရာလည်း ရွှေတောင်ကို စိန်ချွန်းဖြင့် ပေါက်လေလျှင် ကျောက်ဖျာ၌ ပေါက်အပ်သကဲ့သို့ပင် ဖြစ်လေ၏။

ထို့နောင်မှ စိန်ချွန်းကို သားအငယ်၏ လက်၌ ပေးအပ်၍ အပေါက်လွှတ်လိုက်ပြန်လေ၏၊ ထိုသားအငယ်၏အဖို့ရာ စိန်ချွန်း

WWW.DHAMMARANSI.COM



ကို ယူသွား၍ ရွှေဟောင်ကို ပေါက်သည့်ရှိသော် အမှုန့်ထောင်း ထုကာ စုပုံ၍ထားအပ်သော မြေညက်၌ ပေါက်အပ်သောအခါ ကဲ့သို့ အလွှာလိုက်, အစုလိုက် အလွယ်တကူ ရွှေများ ထွက်၍ ကျလာလေ၏။ ထိုအခါ သားအငယ်ကို ဇဋိလသူဌေးကြီးသည် "လာလော့ ချစ်သား...ဤမျှလောက်ဖြင့် တော်သင့်ပြီ"ဟု ဆို၍ သားအလတ်နှင့် သားအကြီးတို့ကို "ချစ်သားတို့...ဤရွှေတောင် သည် ချစ်သားတို့၏ ဘုန်းကံကြောင့် ဖြစ်လာသည်မဟုတ်၊ ငါနှင့် သင်တို့ညီငယ်၏ ဘုန်းကံကြောင့် ဖြစ်လာလေသည်၊ သို့ရကား ဤညီငယ်နှင့် တစိတ်တည်း တပေါင်းတည်း ဖြစ်ကြကာ သင်တို့ စားသုံးကြလော့"ဟု ပြောဆိုလေ၏။

(ဤ၌။ ။ရှေးဖော်ပြရာပါ ဇဋိလသူဌေး၏ ရွှေပန်းထိမ်သည် ဘဝက ဖြစ်ရပ်ကို ပြန်လည်ဆင်ခြင်ရာ၏၊ ထိုရွှေပန်းထိမ်သည် ဘဝက "အင်၏ ဘုရားကို ရေထဲ ပစ်ချ၍သာ သွားပေတော့"ဟု ရိုင်းပြစွာ ရဟန္တာအရှင်မြတ်အား ပြောကြားခဲ့သည့် အကုသိုလ် ဝစီကံကြောင့် ခုနစ်ဘဝတိုင်တိုင် မွေးဖွားပြီးသောအခါ ရေအမျှောခံခဲ့ရပုံမှာ မကာ ဤယခုနောက်ဆုံး ပစ္ဆိမဘဝမှာလည်း ထိုအကုသိုလ်ဝစီကံကြောင့်ပင် ဖွားပြီးလျှင်ပြီးခြင်း ရေအမျှော ခံရလေသည်။

ကဿပမြတ်စွာဘုရား၏ ဓာတုစေတီတော်ကြီးအား ပူဇော်၍ တောင်းပန်ဝန်ချရန် ရွှေပန်းများပြုလုပ်သောအခါ သားအငယ်ကသာ အဖော်သဟဲဖြစ်ခဲ့သောကြောင့် ဤယခု ရွှေတောင်ကြီးသည် ဇဋိလ သူဌေးနှင့် သားအငယ်တို့အတွက် ဖြစ်ပေါ်လာရလေသည်)။

ဤသို့လျှင် ဇဋိလသူဌေးကြီးသည် သားတို့ကို ဆုံးမှာထား ပြီးလျှင် မြတ်စွာဘုရားအထံတော်သို့ သွားရောက်၍ ရဟန်းပြုပြီး နောက် ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်သဖြင့် နှစ်ရက်, သုံးရက်အတွင်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေ၏ = ရဟန္တာဖြစ်လေ၏။

မြတ်စွာဘုရားသည် နောက်အခါဝယ် ရဟန်းငါးရာတို့နှင့် အတူတကွ ဆွမ်းခံလှည့်လည်တော်မူလတ်သည်ရှိသော် ဇဋိလ

WWW.DHAMMARANSI.COM



သူဌေး၏ သားသုံးယောက်တို့နေရာ အိမ်တံခါးဝသို့ ကြွရောက်တော်မူလေ၏။ ထိုသားသုံးယောက်တို့သည် မြတ်စွာဘုရား အမှူးရှိသော ရဟန်းသံဃာအား လ-ဝက် (=၁၅-ရက်) ပတ်လုံး ဆွမ်းအလှူဒါနကို ပေးလှူကြလေကုန်၏။

ရဟန်းတို့သည် တရားခန်းမဆောင်=ဓမ္မသဘာဝယ် "ငါ့ရှင်ဇမ္ဗုလ....ယနေ့လည်း သင့်အဖို့ရာ အယောင်ရှစ်သယ် မြင့်သော ရွှေတောင်ကြီးနှင့်သားသုံးယောက်အပေါ်၌ တွယ်တာတပ်မက်မှု ရှိသေးသလော" ဟု အမေးစကား ဖြစ်ပွါးစေကြလေကုန်၏။ အရှင်ဇမ္ဗုလ ရဟန္တာမထေရ်မြတ်က "ငါ့ရှင်တို့...ငါ့အဖို့ရာ ထို ရွှေတောင်နှင့် သားတို့၌ တပ်မက်ခြင်း, မြတ်နိုးခြင်း အလျှင်း မရှိတော့" ဟု ပြောကြားလေလျှင် ရဟန်းတို့သည် "ဤဇမ္ဗုလ ထေရ်ကား မဟုတ်မမှန် ပြောကြား၍ အရဟတ္တဖိုလ်ကို ဝန်ခံ ပြောဆိုဘိ၏" ဟု အပြစ်တင်စကား ပြောကြားကြလေကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ စကားကို ကြားသိတော်မူ၍ "ရဟန်းတို့...ငါ့သားတော် ဇမ္ဗုလရဟန်း၏ သန္တာန်မှာ ထိုရွှေ တောင်နှင့် သားတို့၌ တပ်မက်ခြင်း, မြတ်နိုးခြင်း အလျှင်းပင် မရှိတော့ချေ" ဟု မိန့်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော တရား ဂါထာကို ဟောကြားတော်မူလေ၏။

ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

(ဤဂါထာအနက်ကို အောက်ဇောတိကသူဌေးဝတ္ထု၌ ရေးသားခဲ့ပြီ)။

ဒေသနာနိဂုံး ဆုံးလတ်သောအခါ များစွာသောသူတို့သည် သောတာပတ္တိဖိုလ်-စသည်တို့သို့ ဆိုက်ရောက်ကြလေကုန်၏။ ။ (ဓမ္မပဒ ၄ ၂၊ စာမျက်နှာ ၄၄၁-မှ စ၍ ထုတ်နုတ်ရေးသား သည်)။

ဤကား ဇမ္ဗုလသူဌေး အကြောင်းတည်း။

WWW.DHAMMARANSI.COM



## ကာဠဝဠိယ သူဋ္ဌေးအကြောင်း

ဤ ကာဠဝဠိယသူဋ္ဌေးအကြောင်းကား ဥပရိပဏ္ဏာသ အဋ္ဌကထာ ၁-ဒေဝဒဟသုတ်အဖွင့် စာမျက်နှာ (၄) ၌ အကျဉ်းချုပ် လာရှိ၏၊ လာရှိပုံကား—

မြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် ရာဇဂြိုဟ်ပြည်၌ ကာဠဝဠိယ အမည်ရှိသော ဆင်းရဲသားတယောက် ရှိလေသည်။ တနေ့သ၌ ကာဠဝဠိယ၏ဇနီးသည် စားသုံးရန်အတွက် ဟင်းရွက်နှင့်ရောသော ယာဂုချဉ်ကို ပြုတ်၍ထားအံ့၏။ (အလွန်ဆင်းရဲသောကြောင့် ထမင်းချက်၍ မစားနိုင်ဘဲ ယာဂုကိုပင် ဟင်းရွက်နှင့်ရော၍ ကျိုရခြင်းဖြစ်သည်)။ ထိုနေ့၌ အရှင်မဟာကဿပမထေရ်သည် နိရောဓသမာပတ်မှ ထတော်မူ၍ ငါသည် အဘယ်သူအား ချီးမြှောက်မှု ပြုရပါမည်နည်း” ဟု ဆင်ခြင်ကြည့်ရှုတော်မူလေလျှင် ကာဠဝဠိယဆင်းရဲသားကို ဉာဏ်၌မြင်၍ သူ၏ အိမ်တံခါးဝသို့ ကြွရောက် ဆွမ်းရပ်တော်မူလေ၏။

ကာဠဝဠိယ၏ဇနီးသည် မထေရ်၏လက်မှ သပိတ်ကိုတောင်းယူ၍ ကျိုပြီးအသင့်ရှိနေသော ဟင်းရွက်နှင့်ရောသည့် ယာဂုချဉ်အားလုံးကို သပိတ်၌ လောင်းထည့်၍ မထေရ်အား ဆက်ကပ်လှူဒါန်းလေ၏။ (ဤအလှူမျိုးကို “နိရဝသေသဒါန = ကိုယ်ဖို့ မချန်သောလှူခြင်း” ဟူ၍ ခေါ်ဆိုလေသည်)။ အရှင်မဟာကဿပမထေရ်သည် ကျောင်းတော်သို့ သွားရောက်၍ ထိုယာဂုကို မြတ်စွာဘုရားအား ဆက်ကပ်လေ၏၊ မြတ်စွာဘုရားသည် ကိုယ်တော်မြတ် မျှတတော်မူရုံသာ ခံတော်မူ၏။ ကျန်သောယာဂုသည် ရဟန်းငါးရာတို့အား လောက်ငပေ၏။ ကာဠဝဠိယဆင်းရဲသားသည်လည်း ဆွမ်းကြွင်းဆွမ်းကျန် တောင်းခံရန်အတွက် ထိုနေရာသို့ (ယာဂုဝေသောနေရာသို့) ရောက်လာလျက် စားသုံးရန် ယာဂုအနည်းငယ်ကို ရရှိလေ၏။

အရှင်မဟာကဿပမထေရ်သည် မြတ်စွာဘုရားရှင်ကို ယာဂုဒါယကာ ကာဠဝဠိယအတွက် ရရှိမည့်အကျိုးကို မေးလျှောက်

WWW.DHAMMARANSI.COM



လေ၏။ မြတ်စွာဘုရားရှင်သည် "ဤမဥ္စမှ နောက် ခုနစ်ရက်မြောက်၌ ကာဠဝဠိယသည် ဘုရွေးထီးဖြူကို ရလိမ့်မည် = သူဌေး ဖြစ်လိမ့်မည်" ဟု မိန့်ကြားတော်မူလေ၏။ ကာဠဝဠိယဆင်းရဲသားသည် မြတ်စွာဘုရား မိန့်ကြားတော်မူအပ်သည့် ထိုစကားကို နားဆတ်ဆတ်ကြားရ၍ အိမ်သို့ ပြန်လာပြီးလျှင် ဇနီးသည်အား ထိုအကြောင်းကို ပြန်ကြားပြောဆိုလေ၏။

ထိုအခါ၌ မိမ္ဗိသာရမင်းတရားသည် မြို့ကို လှည့်လည်သည်ရှိသော် အရှင်လတ်လတ် ကားစင်တင်ထားရာတံကျင်း၌ နေရသူ ရာဇဝတ်သား ယောက်ျားကို မြင်တော်မူလေ၏။ ရာဇဝတ်သားသည် မင်းကြီးကို မြင်ရလျှင် "အရှင်မင်းကြီး.... အရှင်မင်းကြီးတို့ ပွဲတော်စားအည်သည့် ထမင်းကို ပို့သတော်မူကြစေချင်ပါသည်" ဟု အရဲစွန့်ကာ ကျယ်လောင်စွာသော အသံဖြင့် ဟစ်အော်ပြောဆိုလေ၏။ "မင်းကြီးသည် အိမ်း....ကောင်းပြီ ပို့စေလိုက်မည်" ဟု ပြောဆိုခဲ့၍ ညချမ်းပွဲတော်စာ ဆက်သလာသောအခါ၌ ထိုရာဇဝတ်သား တောင်းခံလိုက်သည့်စကားကို အမှတ်ရတော်မူ၍ "ဤစားတော်ထမင်းပွဲကို မြို့အပြင် ကားစင်တံကျင်းသို့ ရောက်အောင် ပို့ဆောင်နိုင်မည့်သူကို စုံစမ်းကြလော့" ဟု ဆိုင်ရာဝန်တို့ကို မိန့်ဆိုလေ၏။

ရာဇဗြိုဟ်ပြည်၏ ပတ်ဝန်းကျင် မြို့ဥပစာအရပ်မှာ အလွန်ကြမ်းကြုတ်သည့်ဘီလူးများ လှည့်လည်ကျက်စားရာဌာနဖြစ်သောကြောင့် ညဉ့်အချိန်၌ အလွယ်တကူ မည်သူမျှ မြို့အပြင်သို့ မထွက်ဝံ့သောကြောင့် ဆိုင်ရာဝန်တို့သည် အသပြာ ထောင်ထုပ်ကို မြို့တွင်း၌ လှည့်လည်စေကြလေကုန်၏၊ (= မြို့အပြင် ကားစင်တံကျင်းသို့ ထမင်းသွားရောက် ပို့ဝံ့သောသူသည် ဤအသပြာထောင်ထုပ်ကို ယူစေ-ဟု မြို့တွင်း၌ လှည့်လည်ကျေညာစေလေသည်)။ ပဌမအကြိမ်, ဒုတိယအကြိမ် လှည့်လည်စေရာ၌ အသပြာထောင်ထုပ်ကို ယူဝံ့မည့်သူ မပေါ်ထွက်ပဲ တတိယအကြိမ် လှည့်လည်စေသောအခါမှ ကာဠဝဠိယ၏ ဇနီးသည် ထိုအသပြာ

WWW.DHAMMARANSI.COM



ယောင်ယုပ်ကို မင်းချင်းတို့လက်မှ ယူလိုက်လေ၏ (ကြောက်လျှင် လွှဲ့ ရဲလျှင် သူကောင်းဖြစ်သည့် သဘောမျိုးတည်း)။

သူမကို မင်းချင်းတို့သည် မင်းကြီးအား ပြသကြလေကုန်၏။ သူမသည် ယောက်ျား၏အသွင်ကို ယူပြီးလျှင် (= ယောက်ျားတို့ အဝတ်အထည်များကို ဝတ်ဆင်ပြီးလျှင်) ကိုယ်၌ လက်နက် ငါးပါးကိုဖွဲ့ချည်လျက် ထမင်းပွဲတော်ကိုယူဆောင်ကာ ရဲရဲရင့်ရင့် မြို့မှထွက်ခဲ့လေ၏။ မြို့ပြင်သို့ရောက်လျှင် ထန်းပင်၌ စိုးအုပ်နေထိုင်သည့် "ဒီဃတာလ" မည်သော နတ်ဘီလူးသည် ထန်းပင်အနီးမှ သွားသောသူမကို မြင်လေလျှင် "ရပ်လော့, ရပ်လော့၊ သင်သည် ငါ့အစာ ဖြစ်လေပြီ" ဟု ခြိမ်းခြောက်စကား ပြောကြားလေ၏။ ထိုအခါ ဘီလူးနှင့်သူမတို့ အပြန်အလှန်ပြောဆိုကြသည်မှာ—

(သူမ) ငါသည် သင့်အစာမဟုတ်၊ ငါကား မင်းကြီး၏ တမန်တော် ဖြစ်သည်။

(ဘီလူး) ယခု အဘယ်သို့ သွားမည်နည်း။

(သူမ) အရှင်လတ်လတ် ကားစင်တင်သော တံကျင်၌ နေသော ရာဇဝတ်သားအထံသို့ ငါ သွားမလို့။

(ဘီလူး) ငါ၏ သတင်းစကားတခုကိုလည်း ဆောင် သွားခြင်းငှါ သင် စွမ်းနိုင်ပါမည်လော။

(သူမ) အိမ်း....စွမ်းနိုင်ပေ၏။

(ဘီလူး) ထိုသို့ဖြစ်လျှင် "သုမန နတ်မင်းကြီး၏သမီး ဒီဃတာလဘီလူး၏ဇနီး ကာဠီမည်သော နတ်သမီးသည် သားယောက်ျားလေးကို ဖွားလေပြီ" ဟု လမ်းတလျှောက်၌ ဟစ်အော် ကြွေးကြော် ပြောကြားပါလော၊ ဤထန်းပင်ခြေ၌ ရွှေအိုး ခုနစ်လုံးတို့ ရှိကြပါကုန်၏၊ ထိုရွှေအိုးများကို သတင်း ကြွေးကြော်ခအနေ့ သင်ယူပါလော။

WWW.DHAMMARANSI.COM



သူမသည် "သုမနနတ်မင်းကြီး၏သမီး ဒီဃတာလ ဘီလူး၏ ဇနီး ကာဠီမည်သော နတ်သမီးသည် သားကိုမွေးဖွားလေပြီ"ဟု လမ်းတလျှောက်၌ ဟစ်အော် ကြွေးကြော်၍ သွားလေ၏။ သုမန နတ်မင်းကြီးသည် နတ်ဘီလူးတို့ အစည်းအဝေး၌ နေထိုင်ယင်းက ထိုအသံကို ကြားရ၍ "လူသားတယောက်သည် ငါတို့အတွက် အလွန်နှစ်သက်ဖွယ်သော သတင်းကို ဆောင်ယူလာ၏၊ ထိုလူ သားကို ခေါ်လိုက်ကြလော့"ဟု ပြောဆိုခေါ်ငင်စေကာ သတင်း စကားကို ကြားသိရ၍ သဒ္ဒါကြည်ညိုဖြစ်ရှိလျက် "ဤသစ်ပင်၏ ဘေးပတ်လည် အဝန်းအရိပ် ပြန့်နှံ့ရာအရပ်၌ ရွှေအိုးများ ရှိကြ သည်၊ ထိုရွှေအိုးများကို သင့်အား ငါပေး၏"ဟု ပြောဆိုလေ၏။

သူမသည် ကားစင် တံကျင်ရှိရာသို့ သွား၍ ရာဇဝတ်သားကို ထမင်းခွံ့၍ ကျွေးလေ၏။ ရာဇဝတ်သားသည် ထမင်းစားပြီး နောက် ခံတွင်းကို သူမ၏လက်ဖြင့် သုတ်၍ပေးသောအခါ မိန်းမ အတွေ့မှန်း သိ၍ သူမ၏) ဆံထုံး၌ တအားကိုက်၍ ထားလေ၏။ သတ္တိကောင်းသော သူမသည် သန်လျက်ဖြင့် မိမိဆံထုံးကို ဖြတ် ထားခဲ့၍ မင်းကြီးထံသို့သာလျှင် ပြန်သွားလေ၏။

ထိုအခါ မင်းကြီးက "မယ်မင်း ထမင်းကျွေးပြီးခဲ့ကြောင်းကို အဘယ်သို့သော အခြင်းအရာ အမှတ်အသားဖြင့် ငါသိရမည် နည်း"ဟု မေးတော်မူလေလျှင် သူမသည် "ကျွန်တော်မျိုးမ၏ ဆံထုံးအမှတ်အသားဖြင့် သိတော်မူနိုင်ပါသည်"ဟု ပြောဆိုကာ မင်းကြီးအား မိမိ တွေ့ကြုံခဲ့ရသမျှသော ဖြစ်ရပ် အားလုံးကို ပြန်ကြားလျှောက်ထား၍ ထိုရွှေအိုးများကို ဆောင်ယူစေလေ၏။ မင်းကြီးသည် ထိုရွှေအိုးများကိုဆောင်ယူစေပြီးလျှင် မှူးမတ်တို့ကို "အခြားတပါးသောသူ၏အဖို့ရာ ဤမျှ များပြားသော ဥစ္စာမည် သည် ရှိသလော"ဟု မေးတော်မူ၍ မှူးမတ်တို့က "မရှိပါ အရှင် မင်းကြီး...."ဟု ပြန်ကြားလျှောက်ထားကြလေလျှင် မင်းကြီးသည်

WWW.DHAMMARANSI.COM



သူမ၏အိမ်၌ရှင် ကာဠုဝဠိယကို ရာဇဗြိုဟ်ပြည်၌ အဆောင် အယောင် အခမ်းအနား နေရာများပေါ် ပေးအပ်ကာ "မနုဿ" ဘွဲ့တံဆိပ်တပ်သည့် သူဌေးကြီး ရာထူး၌ ခန့်အပ် မြှောက်စား တင်ထားလေသတည်း။

ဤကား ကာဠုဝဠိယသူဌေး အကြောင်းတည်း။

အမိတဘောဂ သူဌေးကြီးများအကြောင်း ပြီး၏။

## ဤတွင်ရွေ့ကား မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲတည်း။

၁၃၃၁-ခု၊ ပဌမဝါဆိုလပြည့်ကျော် (၁၃)ရက်နေ့
နံနက် (၁၁) နာရီအချိန်တွင် ပြီးသည်။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ

ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး။

WWW.DHAMMARANSI.COM

# ကျမ်းပြီးနိဂုံးဆုတောင်း ၉-ဂါထာ

## ပါဠိ၊ အနက်

(၁) တိသတေကသဟဿမှိ၊
သာကေ’ကတ္တိံသတာဓိကေ။
အဍ္ဎတေယျသဟဿမှိ၊
ဇိနစက္ကေ တု တေရသေ။

(၂) ပဌမာသာဠှမာသဿ၊
ကာဠေ တေရသမေ ဒိနေ။
သောရိဝါရမှိ ပုဗ္ဗဏှေ၊
ဧကာဒသဃဋိက္ခဏေ။

ဧကတ္တိံသတာဓိကေ = သုံးဆယ့်တခု အလွန်ရှိသော၊ တိသတေကသဟဿမှိ သာကေ = တထောင့်သုံးရာ ကောဇာယိုနှစ် သက္ကရာဇ်၌။ ဝါ၊ ဧကတ္တိံသတာဓိကေ တိသတေကသဟဿမှိ သာကေ = ကောဇာသက္ကရာဇ် (၁၃၃၁) တထောင့် သုံးရာ့ သုံးဆယ့်တစ် ခုနှစ်၌၊ ဇိန-စက္ကေ တု = ဘုရားမြတ်စွာ သာသနာနှစ်သော်ကား၊ တေရသေ=တဆယ့်သုံးနှစ် အလွန်ရှိသော၊ အဍ္ဎတေယျ-သဟဿမှိ = နှစ်ထောင့်ငါးရာ သာသနာနှစ်၌။ ဝါ၊ တေရသေ အဍ္ဎတေယျသဟဿမှိ = နှစ်ထောင့်ငါးရာ ဆွန်းလာတဆယ် သုံးနှစ်ကယ်သား ဘုန်းကြွယ်မြတ်စွာ သာသနာနှစ်၌။

ပဌမာသာဠှမာသဿ=ပဋ္ဌင်းခံ၍ ဖြိမ့်ဖြိမ့်သဲ့လျက် မြိုင်ထဲ စုံနက် ရဂုံချက်ဝယ် ပုန်းညက်မာလီ သော်တာရိုတို့ ညှာဓိ ပွင့်ကြ ပဌမဝါဆိုလ၏။ ကာဠေ တေရသမေ ဒိနေ = ပုဏ္ဏမီကျော်တက် တဆယ့်သုံးရက်နေ့ဖြစ်သော၊ သောရိ-ဝါရမှိ = နဂါးပျော်မွေ့ စနေနေ့၌၊ ပုဗ္ဗဏှေ ဧကာဒသ-

WWW.DHAMMARANSI.COM



ဃဋိကာရေန=ဖလ်ရဝိန်စက် လျှို့ရှိန့်တက်သား နံနက်ဃဋီ ဆယ့်တနာရီအချိန်၌။

(၃) သိဒ္ဓိပတ္တော မဟာဗုဒ္ဓ-
ဝံသော ဗုဒ္ဓဋ္ဌဒီပကော။
ဆဘာဂေဟိ သုခံ ဆဋ္ဌ-
သံဂီတိသဟာဇာတကော။

ဗုဒ္ဓဋ္ဌဒီပကော = ဗုဒ္ဓမြတ်စွာ ကြောင်းအရာကို ပါဠိအယဉ် ဝါတော်စဉ်ဖြင့် နှိုင်းယှဉ်ထွန်းပ အများဆုံးညွှန်းပြသော။ ဆဋ္ဌသံဂီတိသဟာဇာတကော = နိုင်ငံတော်ဗုဒ္ဓသာသနာ၏ ရင်မှပေါက်ဖွား သားပြုရသ ဆိုသင့်လှသား ဆဋ္ဌယင်လာ သင်္ဂါယနာနှင့် ယှဉ်ကာထွန်းပေါ် ဖွားဘက်တော်သမိုက် ခေါ်ဆိုထိုက်သော။ မဟာဗုဒ္ဓဝံသော = မှတ်ဖွယ်ပုံယင် ပြည့်စုံလင်သား မဟာဗုဒ္ဓဝင် မည်တွင်ခေါ်မှန်း စာတော်ကျမ်းသည်။ ဆဘာဂေဟိ = စိတ်ဖြာဝေခွဲ ဆဋ္ဌမတိုင်အောင်သော ခြောက်တွဲတို့ဖြင့်။ သုခံ = မပင်မပန်း ချမ်းသာစွာ။ သိဒ္ဓိပတ္တော = ဗုဒ္ဓဝါဒီ စာအညီဖြင့် ဝသီဖြိုးစင်း လူခပင်းအား အလင်းပညာ ဖြန့်ဝိမ့်ငှါဟု မင်္ဂလာနှင့် အနှုတ်ပြည့်လျက် သိဒ္ဓိပြီးမြောက် အဆုံးသို့ ရောက်ခဲ့လေပြီ။

(၄) ပဉ္စတာလီသဝဿာနိ၊
ဌတွာ လောကံ သဒေဝကံ။
ဥဋ္ဌာရေသိ မဟာဝီရော၊
ဓမ္မနာဝါယ ယော ဇိနော။

မဟာဝီရော=ဗုဒ္ဓကိစ္စ ငါးဌာနကို နေ့ညမပြတ် ပြီးစေလတ်သား သမ္မပ္ပဓာန်လုံ့လ ကြီးမြတ်သော ဝီရိယရှိတော်မူသော။ ယော ဇိနော = ငါးမာရ်အောင်မြင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်သည်။ ပဉ္စတာလီသဝဿာနိ = လေးဆယ့်ငါးဝါ အခါကာလတို့ ပတ်လုံး။ ဌတွာ =

WWW.DHAMMARANSI.COM



ရွှေတောင်နှုန်းတူ တည်တော်မူ၍။ သဒေဝကံ လောကံ= မြဟ္မာ, နတ်နှင့်တကွ လောကလူသား သတ္တဝါများကို။ (ဝါ) သဒေဝကံ လောကံ = မြဟ္မာ, နတ်, လူ သုံးတိုသူ ကို။ ဓမ္မနာဝါယ = မဂ္ဂင်ရှစ်ဖော် တရားတည်းဟူသော လှေဖောင်တော်ဖြင့်။ ဥတ္တာရေသိ = နိဗ္ဗူသာဌမ်း မှာရပ် ကမ်းသို့ ကူးသန်းရောက်အောင် လုတ်ဆောင်ကယ်ယူ ဆယ်တင်တော်မူခဲ့လေပြီ။

(၅) တံ ဇိနံ ပဥ္စတာလီသ။
ခဏ္ဍေန ပူဇယာမဟံ။
သက္ကစ္စံ ဗုဒ္ဓဝံသေန၊
ဂန္ထေနေဟ သဂဏ္ဌိနာ။

အဟံ = ပညာသံဝဏ္ဏနိက ရှေးပုညကြောင့် ယခုက ခုထိ စာမျက်စိဖြင့် သတိမကွာ နေခွင့်ကို ရခဲ့ပါသော မဟာ, ဝိသိဋ္ဌ တိပိဋကမိုရ် ထေရ်ပုဂ္ဂိုလ်သမုတ် အကျွန်ုပ် သည်။ ဣဟ = မျက်မှောက်ကြီမ်လာ ဤဘုရားသာသနာ ၌။ ပဥ္စတာလီသံခဏ္ဍေန = ဗုဒ္ဓမြတ်စွာ ရှင်ပင့်ဝါကို သင်္ခါ မျှော်မှန်း လေးဆယ့် ငါးခဏ်းရှိသော။ သဂဏ္ဌိနာ = အနုဒီပနီ့တလိကွင်းသတ် ဂဏ္ဌိ = အဆုံးအဖြတ်နှင့်တကွ သော။ ဗုဒ္ဓဝံသေန ဂန္ထေန = မဟာဗုဒ္ဓဝင် မည်တွင် ခေါ်မှန်း စာတော်ကျမ်းဖြင့်။ တံ ဇိနံ = ငါးမာရ်အောင်မြင် ထိုဘုရားရှင် ကိုယ်တော်မြတ်ကို။ သက္ကစ္စံ ပူဇယာမိ = ကိုယ်မကြော့ကြွမ်း နှုတ်မသွမ်းပဲ စိတ်ဝမ်းနှိုကျိုး မာနံကို ချိုး၍ မြတ်နိုးကော်ရော် ရှိခိုးပူဇော်ပါ၏ဘုရား။

(၆) ယံ ပတ္တံ ကုသလံ တသ္မာ၊
အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊
ဉတ္ဝာ ဓမ္မံ သုခါဝဟံ။

မယာ = တိပိဋကမိုရ် ထေရ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုသမုတ် အကျွန်ုပ်သည်။ ယံ ကုသလံ = မဟာဗုဒ္ဓဝင် မည်တွင်

WWW.DHAMMARANSI.COM



ခေါ်မှန်း စာတော်ကျမ်းကို ကြိုးပမ်းပြုရ ဝီရိယနှင့် ဉာဏ်, သဒ္ဓါယှဉ်ဘက်ပါသော မဟာခေါ်ဆို မြွားမြောက်လှသော အကြွင်ကုသိုလ်ကို။ ပတ္တံ = ယောနိသော ပဓာန် အကြောင်းခံ၍ ကေန် ဆတ်ဆတ် ရောက်အပ် ရအပ်လေပြီ။ တဿ ကုသလဿ = ကျမ်းပြုပါရ ဝီရိယနှင့် ဉာဏ်, သဒ္ဓါယှဉ်ဘက်ပါသော မဟာခေါ်ဆို မြွားမြောက်လှသော ထိုကုသိုလ်၏။ အာနုဘာဝေန = အမွှေခံရိုးကံတန်ခိုးဟု ဖန်ပျိုးရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေ = ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ပါဏိနော = ဇီဝိတိန္ဒြေထိန်းစောင့်ချေ၍ ရှည်ဝေ့ခုထိ တည်နေဘိသား သက်ရှိများစွာ သတ္တဝါတို့သည်။ သဒ္ဓမ္မရာဇဿ = ပါရမီ,စာဂ ဝီရိယနှင့် ဘုရားကျေးဇူး တရားထူးတို့ဖြင့် ပွါးလူးများစွာ သတ္တဝါတို့ကို သဒ္ဓါရွှန်းဝေ နှစ်သက်စေသည့် ပရမေ မှန်ကင်း ဟရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ = လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာ စက်ကို လက်ရောက်ရအောင် ရွက်ဆောင်ပေတတ်ထသော။ ဓမ္မံ = ဟောဖော်မိန့်ညွှန်း တရားကောင်းကို ဉတွာ = သုတ, စိန္တာ ဘာဝနာဟု ပညာ သုံးဆိုင်း မြင်းလျှင်စိုင်းသို့ ပြိုင်းပြိုင်းထင်ထင် အမှန်အတိုင်း သိမြင်ကြ၍—

(၄) ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောကမနုပါယာသံ၊ နိဗ္ဗာနသုခမုတ္တမံ။

ဝိသုဒ္ဓါယ = ကာမသုခလ္လိက,အတ္တကိလမထာ နှစ်ဖြာသော အယုတ်တရားတို့မှ ဝေးခြားကင်းကွယ် သန့်ရှင်းစင်ကြယ်သော။ သုခါယ = မဂ်ဖိုလ်၏ အဟန့်အတား နီဝရဏတရားတို့ကို ပယ်ရှားနိုင်ငါ လွယ်ကူ ချမ်းသာစွာသော။ ပဋိပတ္တိယာ = အဋ္ဌင်္ဂိက ဖြစ်လှသား မဇ္ဈိမ-ပဋိပတ် အကျင့်မြတ်ဖြင့်၊ အသောကံ = ဗျသန ၅-မျိုး တရားဆိုးတို့ကြောင့် စိုးရိမ်ပူဆွေးရခြင်း အလျှင်းမရှိ

WWW.DHAMMARANSI.COM



သော။ အနုပါယာသံ = ရင်ဝမ်းမလင်း ပင်ပန်းပြင်း၍ အတွင်းကြိတ်ဟူ မဖိတ်ဆူပဲ စိတ်ပူလိုက်ခွေး ဥပါယာသ = အလောင်အမြိုက်ဓာတ်လည်း မရှိထသော။ ဥတ္တမံ = ဆိုခဲ့ပြီးလတ် ဂုဏ်သကတ်ကြောင့် မြင့်မြတ်ကဲချွန် သာလွန်စွာထသော။ နိဗ္ဗာနသုခံ = ဘဝကြီးငယ် အသွယ်သွယ်ကို မြေးတွယ်ချုပ်စပ် တဏှာငတ်မှ ကျွတ်ရာ, လွတ်ရာ နိဗ္ဗာန်တည်းဟူသော ချမ်းသာသို့။ ပါပုဏာန္တု = ခိပ္ပါဘိညာ ဒသဝိပဿနာ ပညာကွန်းပြောက် သွန်းသွန်းဆောက်၍ ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

(၈) စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊
သမ္မာ ဒေဝေါ ပဝဿတု။

သဒ္ဓမ္မော = ပရိယတ်, ပဋိပတ်, ပဋိဝေဓ-ဟု သဒ္ဓမ္မတွင်ခေါ် သာသနာတော်သုံးရပ်သည်။ စိရံ = အနှစ်ငါးထောင် မြားမြောင်ရှည်ကြာ အခါကာလပတ်လုံး။ တိဋ္ဌတု = ဝိတဏ္ဍာဝါဒီ ရန်မသီပဲ လျှံခြည်ဝေရွှန်း နေဝက်ဝန်းသို့ တည်လျှန်းတောက်ပပါစေသတည်း။ သဗ္ဗေပိ = ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ သတ္တာ = လူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည်။ ဓမ္မေ = ရှင်တော်ဘုရား ဟောကြားမြွက်ဖော် တရားတော်၌။ သဂါရဝါ ဟောန္တု = ကိုးကွယ်ရာစစ် ကောန်ဖြစ်ဟု နစ်နစ်ကာကာ ယုံကြည်စွာဖြင့် ပညာဆိမ်း ထွန်းညှိသိး၍ ကျောက်ထိးအတူ အလေးမူကြပါစေကုန်သတည်း။ ဒေဝေါ = လူသူအပေါင်း ပွါးစည်သြောင်းအောင် ကြောင်းရင်းမှန်တို့ ကျေးဇူးပိုံသား ပဇ္ဇုန်ခေါ်လျှင်း မိုးနတ်မင်းသည်။ ကာလေန = ရွာချိန်သင့်ရာ ညဉ့်အခါ၌။ (ဝါ) ကာလေန = မြေညှိရာ အရပ်၌ - ငါးရက်တကြိမ်, မြေအလတ်စားအရပ်၌ - ဆယ်ရက်တကြိမ်, မြေကောင်းရာအရပ်၌ -

WWW.DHAMMARANSI.COM



တဆယ့်ငါးရက် = တပက္ခတကြိမ် ရွာချိန်သင့်ရာ ညဉ့်အခါ၌။ သမ္မာ ပဝဿတု = အရည်ထန်စွာ မြိုးမြည်ရွာတို့ သာယာတင့်မော စည်ပင်ပြောအောင် ဖြောဖြောဝှန်ဝှန် ရွာဖြိုးသွန်းပါစေသတည်း။

(၉) ယထာ ရက္ခိံသု ပေါရာဏာ၊
သုရာဇာနော **တ**ထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊
အတ္တနောဝ ပဇံ ပဇံ။

ပေါရာဏာ=ရှေးအထက်ကျော် အခါသော်က တောဖော်ထွန်းသစ် ဘုန်းရောင်လှစ်ကြကုန်သော။ သုရာဇာနော = မဟာသမ္မတ ဤသို့စသည့် ဘုရားအလောင်း ရှေးမင်းကောင်းတို့သည်။ ပဇံ=တိုင်းသားပြည်သူ မိုလ် လူအပေါင်းကို။ ဓမ္မေန = ရာဇဓမ္မံဆယ်ပါး မင်းကျင့်တရားဖြင့်။ ရက္ခိံသု ယထာ = မိဘအရာတည်နေကာဖြင့် ဖြစ်ဆာမလိမ်း ရန်မာရင်ငြိမ်းအောင် ထိန်းသိမ်းစောင့်ရှောက်ကုန်သကဲ့သို့။ တထေဝ = ထို ဘုရားအလောင်း ရှေးမင်းကောင်းတို့ အတူသာလျှင်။ ရာဇာ = နှလုံးညှာရည် လက်ရုံးရည်ဖြင့် မြန်ပြည်ထောင်စု စိုးမိုးပြုသား သမ္မုတိနတ် တို့မင်းမြတ်သည်။ ဣမံ ပဇံ = မေတ္တာချည်နှောင် ညီနှင့်နောင်ဟု ပြည်ထောင်စုသား ဤလူများကို။ ဓမ္မေန = ရာဇဓမ္မံဆယ်ပါး မင်းကျင့်တရားဖြင့်။ အတ္တနောဝ ပဇံ ဣဝ=ရင်မှပေါက်ဖွား မိမိ၏သားကိုကဲ့သို့။ ရက္ခတု= မေတ္တာ, ကရုဏာ ဖြန့်ချိကာဖြင့် သဒ္ဒါဆော်နှိုး ဖြူဟွ စိုရ်မိုးကို ခွေဖြိုးသွန်းကာ တိုင်းရပ်သာအောင် ပညာဝှန် တောက် တံခွန်ဆောက်၍ စောင့်ရှောက်ချီးပင့်နိုင်ပါစေ သတည်း။

(အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာတော်သည် အဘိဓမ္မာ ပိဋကအဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ, ပဉ္စပကရဏအဋ္ဌကထာကျမ်းကြီး

WWW.DHAMMARANSI.COM



များအဆုံး နိဂုံး၌ "ယံ ပတ္တံ ကုသလံ တဿ" အစရှိသော လေးဂါထာတို့ဖြင့် ဆုတောင်းအာသီသ ပြုတော်မူခဲ့ပါသည်။

အကျွန်ုပ်တို့သည်လည်း ထိုအရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာတော်၏ ဆုတောင်းအာသီသဂါထာတို့ဖြင့်ပင် အလွန်ကြည်ညိုစွာ ဆုတောင်းအာသီသမှု ပြုကြပါသည်၊ ထိုသို့ ပြုခြင်းဖြင့်—

"သတ္တံ ပုနပိ သန္တိဋ္ဌ၊ ဘုဇမုက္ခိပ္ပ ဝုစ္စတေ။
သကတ္ထော နတ္ထိ နတ္ထေ၀၊ ပရဿတ္ထ'မကုဗ္ဗတောတိ—

ဝစ္စနတော ပရတ္ထော၀ သပ္ပုရိသေဟိ ကတ္တဗ္ဗော၊ ပရတ္ထေ သမ္မာဒိဋ္ဌေ ပန သကတ္ထော သမ္ဘဝေ နာမ။

ပရဿ=သူတပါး၏။ အတ္ထံ=အကျိုးကို။ အကုဗ္ဗတော=မပြုသောသူ၏(အဖို့မှာ)။ သကတ္ထော=မိမိအကျိုးသည်။ နတ္ထိ=မရှိနိုင်၊ နတ္ထေ၀=တကယ့်ကို မရှိနိုင်။ (ဣဒံ=ဤစကားသည်)၊ သတ္တံ=မှန်၏။ ပုနပိ=တဖန်လည်း။ သတ္တံ=မှန်၏။ ဣတိ=ဤသို့။ ဘုဇံ=လက်ရုံးကို။ ဥက္ခိပ္ပ=ချီမြှောက်၍။ ဝုစ္စတေ=ဆိုအပ်၏။ (ဝါ=ဆိုလော့)—

ဣတိ=ဤသို့။ ဝစနတော=ကာဝိထိုထို ပုဂ္ဂိုလ်ဂိုလ်တို့ မိန့်ဆိုတော်မူကြခြင်းကြောင့်။ သပ္ပုရိသေဟိ=သူတော်ကောင်းမှန်သမျှတို့သည်။ ပရတ္ထော၀=သူတပါး၏အကျိုးကိုသာလျှင်။ ကတ္တဗ္ဗော=အဦးထားကာ ပြုလိုက်စွာ၏။ ပရတ္ထေ=သူတပါး၏ အကျိုးကို။ သမ္မာဒိဋ္ဌေ ပန=ပြည့်စုံစေအပ်သည် ရှိသော်ကား။ သကတ္ထော=မိမိ အကျိုးသည်။ သမ္ဘဝေ၀ နာမ=ပြည့်စုံသည်သာလျှင် မည်၏။"—

ဟူသော "သာရတ္ထဒီပနီ"= ပဋ္ဌာနဋီကာကျမ်းလာ အရှင်သံဃရက္ခိတမဟာသာမိမထေရ်၏ အမှာစကားရပ်နှင့် တထပ်တည်း ညီညွတ်စေကြပါ သတည်း)။

# ဤတွင်ရွေ့ မဟာဗုဒ္ဓဝင်ကျမ်း
# အလုံးစုံ ပြီး၏။

(ပ, ဒ, အာ-နှင့် ပြည့်စုံရပါလိမ့်။)

WWW.DHAMMARANSI.COM

# ဓမ္မာဝမုဒ္ဒဝင် ဆဋ္ဌမတဲ့ (ဒုတိယပိုင်း)

## မှတ်သားဖွယ် အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အကာလိကဂုဏ်တော်အစိပ္ပါယ် | ၁၉၆ |
| အကျွမ်းတဝင် ပြောဆိုခြင်း အကြောင်း မှတ်ဖွယ် | ၂၃၂ |
| အကြားကာလ ဘဝများ | ၁၄၇ |
| အကြောင်းခေါင်းအထောင်ပြ၍ ဆုံးမ-မရသူ | ၁၀၉ |
| အင်ကြင်းပွင့် အဆင်းရှိသော ခဲဖွယ် | ၂၀၅ |
| အစာစသည် တာဝန်ယူ၍ ဘုရားဖူး ခေါ်ခြင်း | ၁၇၅ |
| အစွဲ သုံးပါးနှင့် စပ်၍ မှတ်သား ဖွယ် | ၁၅၉ |
| အဆင်တန်ဆာတို့ အရောင်အဝါ လွှတ်၍ ဖွားလာသူ | ၃၆၄ |
| အဆင့်ကြားဖြင့် ဘုရားကို ကြည်ညိုသူ ကာဠီ | ၃၄၉ |
| အဆင်းကို လှူသည် မည်သော အလှူ | ၃၃၆ |
| အဆင်းလှစေသောဆွမ်းအလှူ | ၃၃၆ |
| အဆန်း တကြွယ် ပန်းမိုးရွာ၍ စိတ္တသတို့သားမည်ခြင်း | ၁၃၄ |
| အဇာတသတ် မင်းသားငယ်၏ အကြံ | ၃၇၁ |
| အဋ္ဌလိကရဏီယ-အစိပ္ပါယ် | ၁၉၇ |
| အဋ္ဌမီ ဥပုသ်နေ့၌ နိဗ္ဗာန်ဆော် ကြေးကြော်ခြင်း | ၃၅၄ |
| [ အ ] | |
| အကွင်းအာယတန ၆-ပါး | ၁၇၅ |
| အထွတ် အထိပ် ရောက်နိုင်သည့် ပစ္စုပ္ပန် အကြောင်း | ၃၂၁ |
| အတ္တစရိယာသင်္ဂဟ-အစိပ္ပါယ် | ၁၉၉ |
| အဒိဋ္ဌသဟာယ ဖြစ်သော ဣသိ ဒတ္တထေရ် | ၁၇၉ |
| အနတ္တဟု ရှုသဖြင့် ကင်းပြတ် သော တရား | ၁၅၉ |
| အနာဂါမ် အဖြစ်သို့ ဥဂ္ဂသူဌေး ရောက်ခြင်း | ၂၀၄ |
| အနာဂါမ်တည်ပြီး၍ ဘုရားဖူးရန် ကြံခြင်း | ၁၇၅ |
| အနာဂါမ် ဖြစ်သော ဝိသာခ သူဌေး၏ ဣန္ဒြေ | ၇၄ |
| အနာထပိဏ် အမည်တွင်ခြင်း | ၁၅၃ |
| အနာထပိဏ္ဍိကနတ်သား ဘုရား ထံ လာခြင်းအကြောင်း | ၁၆၇ |
| အနာထပိဏ္ဍိက နတ်သား လျှောက်သော ၄-ဂါထာ | ၁၆၇ |
| အနာထပိဏ္ဍိကောဝါဒသုတ္တန် | ၁၅၆ |
| အနာထပိဏ် နောက်ဆုံးဘဝ သူဌေးဖြစ်ခြင်း | ၁၅၃ |
| အနာထပိဏ်သူဌေးအကြောင်း | ၁၅၃ |
| အနာထပိဏ်သူဌေး အလှူ ရှစ် သက်သည့် သုတ္တန် | ၁၅၆ |

| အကြွရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အနာထပိဏ် သူဌေး၏ ရှေးဆုတောင်း | ၁၅၃ |
| အနာထပိဏ်သူဌေးကြီး တုသိတာ နတ်သားဖြစ်ခြင်း | ၁၆၆ |
| အနာထပိဏ်သူဌေး ဒါယကာ တေဒဂ် ရခြင်း | ၁၅၆ |
| အနာထပိဏ်သူဌေး သောတာပန်တည်ခြင်း | ၁၅၄ |
| အနားရစ်လေးရစ်ရှိသော ဘုရားသပိတ် | ၁၅၀ |
| အနိစ္စဟုရှုသဖြင့် ကင်းပြတ်သော တရား | ၁၅၉ |
| အနုတ္တရ ပုညက္ခေတ္တံ လောကဿ-အဓိပ္ပါယ် | ၁၉၇ |
| အနုတ္တရော ပုရိသ ဒမ္မ သာရထိ အဓိပ္ပါယ် | ၁၉၅ |
| အနုမာနညာဏ်စွမ်း ထင်ရှားစေလိုကြောင်း မှတ်ဖွယ် | ၁၇၁ |
| အနုသာဝပ္ပသန္နတေဒဂ် ကာဠီ ရခြင်း | ၃၄၉ |
| အနုဿဝပ္ပသန္နတေဒဂ်ရ အဖြစ်ဆုတောင်းခြင်း | ၃၄၇ |
| အနှစ်တသောင်းကြာ သာသနာ၌ နေခြင်း | ၂၀ |
| အပရာဇိတ သူကြွယ် လူများကို ချီးမြှောက်ရန် ပြုခြင်း | ၃၆၁ |
| အပ်လှူခြင်းကြောင့် ပညာကြီးသူ ဖြစ်ရခြင်း | ၃၁၄ |
| အပြင်အာယတန ၆-ပါး | ၁၇၅ |
| အပြင်မီး အိမ်တွင်း မသွင်းရ—အဓိပ္ပါယ် | ၂၆၀ |
| အဘယ မင်း၏ မွေးစားသား ဇီဝက | ၂၂၉ |
| အဘိညာဏ် ၆-ပါးတို့ဖြင့် ခေမာထေရီ ရဟန္တာဖြစ်ခြင်း | ၃၃ |
| အဘိဓမ္မာဥ္စလိမ္မာသူ ခေမာထေရီ | ၃၄ |
| အဘိရူပနန္ဒာဟုလည်းခေါ်သော နန္ဒာမင်းသမီး | ၉၆ |
| အဘိသိက်သွန်းကာ ဖခင်စိတ်ကို ရယူခြင်း | ၅၂ |
| အမ္ဗာဋ္ဌကဒါယကာနှင့် ဇေတဝန်ဒါယကာ | ၁၇၆ |
| အမိတသောဂ သူဌေးကြီး ၅-ဦး | ၂၄၀ |
| အမိတသောဂ သူဌေးကြီးများ အကြောင်း | ၃၅၀ |
| အမျိုးသမီး ခေါင်းဆောင်ကြီး၏ ဆောင်ရွက်ပုံများ | ၅ |
| အမျိုးသမီးတို့တွင် ဦးစွာ သောတာပန်ဖြစ်သူ | ၃၄၀ |
| အမျိုးသမီးများလည်း ပညာရှိ ဖြစ်နိုင်ပုံ | ၁၁၆ |
| အမြိုက်ရေချမ်း အဆွတ်ဖျန်း ခံရခြင်း | ၇၄ |
| အမွေ ခံထိုက်သော သားနှင့် အမွေ မခံထိုက်သော သားများ | ၄၀၇ |
| အမွေပေးပြီးနောက်၌ သားသမီး အလှမ်းမိုး ခံရခြင်း | ၉၉ |
| အရဟံ—အဓိပ္ပါယ် | ၁၉၅ |
| အရဟတ္တဖိုလ် အထွတ်တပ်ကာ သုညတကို ဟောခြင်း | ၁၆၃ |
| အရာမ်စောင့်နတ်များ စိတ္တသူကြွယ့်ထံလာခြင်း | ၁၉၃ |

WWW.DHAMMARANSI.COM




အကွာရာစဉ် စာမျက်နှာ

[ အ ]

အရိန္ဒပုရပြည်ဝယ် ဥမ္မာဒန္တီဖြစ်ခြင်း ၄၆
အရိယမဂ်၏ ဂုဏ်ကို ချီးကျူးသော ဂါထာ ၁၆၈
အရှုပရှောန် ၄-ပါးကို အစွဲကင်းရန် ဟောခြင်း ၁၆၂
အရှုပရှောန် ၄-ပါး၌ နိကန္တိတဏှာကင်းရန် ဟောခြင်း ၁၆၂
အရေးအခင်းရှင်းလင်းပွဲ ၂၆၅
အရည်အချင်း, အဆင်းအသံ ပြည့်သူ ဝိသာခါ ၂၅၄
အရှယ်သုံးပါးကို ခြေ ဆေးရေ သုံးတန်ဖြင့် ရှုခြင်း ၇၉
အရှင် အနုရုဒ္ဓါ၏ နေခင်တော် မဟာနာမ မင်းသား ၂၀၀
အရှင် အာနန္ဒာ အနုမာနညာဏ်ဖြင့် လျှောက်ပုံ ၁၇၁
အရှင်အာနန္ဒာထံ တရားစာပေ သင်ယူကြခြင်း ၃၁၄
အရှင်ဗလသိဒတ္တနှင့် စိတ္တသူကြွယ် အမေးအဖြေ ၁၇၇
အရှင် မဟာက တန်ခိုးဖန်ဆင်းခြင်း ၁၈၂
အရှင်မောဂ္ဂလာန် ကြိုးကြပ်၍ ပုဗ္ဗာရုံ ဆောက်ခြင်း ၂၀၄
အရှင်သာရိပုတ္တရာ၏ ဂုဏ်ကို ချီးကျူးသော ဂါထာ ၁၇၀
အရှင်သာရိပုတ္တရာ၏ ပြုမြဲ ဝတ်များ ၁၁၉
အရှင်သာရိပုတ္တရာ ကုဏ္ဍလကေသာကို ခုံးမခြင်း ၁၁၉

အကွာရာစဉ် စာမျက်နှာ

[ အ ]

အရှင်သာရိပုတ္တရာနှင့် ကုဏ္ဍလကေသာ ၁၂၁
အရှင်သိဝလိ၏ မယ်တော် သုပ္ပဝါသာ ၃၃၆
အရှင်သုဓမ္မမထေရ် အကြောင်းအကျဉ်း ၁၈၄
အလှူအတန်း၌ မေ့လျော့သော တေဒဂ် ဆုယူခြင်း ၂၄၃
အလှူပေး တရားနာရန် အခွင့်ရကြခြင်း ၃၁၄
အလှူရှင်များ မြင်စေရန် ပစ္စေကဗုဒ္ဓါ အဓိဋ္ဌာန်ခြင်း ၃၉၀
အလိုအတိုင်း ပြည့်၏လော ဟူသော အမေးနှင့် စပ်၍ မှတ်ဖွယ် ၂၁၀
အလိုရှိရာသို့ သွားနေသည်-ဟူရာ၌ ရှင်းချက် ၂၆၆
အဝန္တီတိုင်းသား အဘိဋ္ဌသဟာယ ကူသိဒတ္တ ၁၇၉
အဝေစ္စပသာဒ တေဒဂ်ရအဖြစ် ဆုတောင်းခြင်း ၂၂၃
အဝေစ္စပသာဒ တေဒဂ် သူရမ္ဗဋ္ဌ သူဌေး ရခြင်း ၂၂၀
အဝေစ္စပ္ပသန္န တေဒဂ် ကာတိယာနီ ရခြင်း ၃၄၅
အဝေစ္စပ္ပသန္န တေဒဂ် အဖြစ် ဆုတောင်းခြင်း ၃၄၂
အဝတ်အထည် ငါးရာ ရခြင်းနှင့် စပ်၍ မှတ်ဖွယ် ၃၁၄
အဝတ်ကြမ်းကို လဲလှယ်၍ သင်္ကန်းချော လုပ်ခြင်း ၅

WWW.DHAMMARANSI.COM




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အဝတ်မီးစာတို့ဖြင့် ထမင်းချက်ကြခြင်း | ၂၅၈ |
| အဿပြာ ထောင်ထုပ်ဖြင့် စည်လည်စေခြင်း | ၅၄ |
| အဿချေ နတ်၌ ဖြစ်သော ကြံဆလှူရှင်များ | ၃၂၄ |
| အသိတဥ္စန မြို့တံခါးဝ၌ သံဃတော်စေတီတည်ခြင်း | ၁၂၁ |
| အသိတဥ္စန မြို့သား တပုဿ, ဘလ္လိက | ၁၄၈ |
| အသုဘသညာကို ပွါးစေခြင်း | ၂၄ |
| အသက်ကို လှူအည် မည်သော အလှူ | ၃၃၆ |
| အသက် ၁၂၀ ရှည်သောဝိသာခါ | ၂၄၈ |
| အသက်ထက်ဆုံး ဆေးဖြင့် ဖိတ်သည်ကို ခွင့်ပြုတော်မူခြင်း | ၂၀၂ |
| အသက်ရှင်ဇသး၍ ဇီဝက မည်ခြင်း | ၂၂၉ |
| အသက်ရှည်စေသော ဆွမ်းအလှူ | ၃၃၆ |
| အဟောင်းကို စားသူ-ဟူရာ၌ ရှင်းချက် | ၂၆၅ |
| **[ အာ ]** | |
| အာဂန္တုက ဆွမ်းငါးရာ နေ့စဉ်လှူခြင်း | ၁၅၅ |
| အာနန္ဒာကို မျက်ရည်သိမ်းတရားဟောခြင်း | ၁၃ |
| အာနန္ဒာနှင့် အနာထပိဏ်တို့၏အတူ့အလှယ် စကားများ | ၁၆၃ |
| အာယတနကို စီးဖြန်း၍ မဂ်ဖိုလ်ရသည်ဟု ဆိုသင့်ခြင်း | ၁၄၅ |
| အာယတန ဟာဆယ့်နှစ်ပါး | ၁၄၅ |
| အာရဒ္ဓဝီရိယ ဧတဒဂ်ရအဖြစ်ဆုတောင်းခြင်း | ၉၉ |
| အာရဒ္ဓဝီရိယ ဧတဒဂ် သောဏာထေရ် ရခြင်း | ၁၀၃ |
| အာရဒ္ဓဝီရိယ သောဏာထေရ်ဟုထင်ရှားခြင်း | ၁၀၀ |
| အာရုံ ၆-ပါးကို အဆွဲကင်းရန်ဟောခြင်း | ၁၆၀ |
| အာရုံ ၆-ပါး၌ နိကန္တိ ကင်းရန်ဟောခြင်း | ၁၆၀ |
| အာဟုနေယျ ဂုဏ်တော် အဓိပ္ပါယ် | ၁၉၄ |
| အာဠဝကမင်းသား နောက်ဆုံးဘဝ ဖြစ်လာခြင်း | ၁၉၈ |
| **[ ဣ ]** | |
| ဣတိဝုတ္တကပါဠိတော် မည်ရခြင်းအကြောင်း | ၃၁၉ |
| ဣဒ္ဓိမန္တိဧတဒဂ် ဥပ္ပလဝဏ္ဏာရခြင်း | ၆၆ |
| ဣန္ဒြေရစွာ အလှူမဏ္ဍပ်၌ရပ်တည်ခြင်း | ၂၉၄ |
| အိပ်ခန်း အဆောက်များဖြင့်ရန်တိုက်ခြင်း | ၃၀၉ |
| အိမ်တွင်း နတ်တို့ကို ရှိခိုးရမည်ဟူရာ၌ အဓိပ္ပါယ် | ၂၄၀ |
| အိမ်တွင်းမီး အပြင်မထုတ်ရအဓိပ္ပါယ် | ၂၆၄ |
| အိမ်သားစု အားလုံး၏ ထူးကဲသော စေတနာ | ၃၈၈ |
| အိမ့်ရှင်မအတွက် သြဝါဒ ၁၀-ချက် | ၂၅၈ |

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဠ ] | |
| ဠရိယာပုထ်တိုင်း တင့်တယ်သူ ဝိသာခါ | ၂၇၈ |
| ဠသိဒတ္တ မထေရ်အား ပြဿနာ ဖြေရန် ခွင့်ပြုခြင်း | ၁၇၇ |
| ဠသိပတန မိဂဒါဝုန်ကျောင်း၌ ဘုရား သီတင်းသုံးခြင်း | ၃၃၈ |
| [ ဥ ] | |
| ဥဂ္ဂတဲ့သူဌေးအကြောင်း | ၂၁၁ |
| ဥဂ္ဂတသူဌေးအနာဂါမ်ဖြစ်ခြင်း | ၂၁၂ |
| ဥဂ္ဂတသူဌေးအလောင်း ဗျာဒိတ် ခံရခြင်း | ၂၁၁ |
| ဥဂ္ဂတသူဌေး၏ အံ့ဖွယ်ရှစ်ပါး | ၂၁၉ |
| ဥဂ္ဂတသူဌေး နောက်ဆုံး ဘဝ ဖြစ်ခြင်း | ၂၁၂ |
| ဥဂ္ဂတသူဌေး သံဃုပဋ္ဌာက တောဒဂ်ရခြင်း | ၂၁၃ |
| ဥဂ္ဂမြဟ္မာကို ဟောသော တရား ဂါထာ | ၂၁၀ |
| ဥဂ္ဂသူဌေးအကြောင်း | ၂၀၃ |
| ဥဂ္ဂသူဌေး အလောင်း ဗျာဒိတ် ခံရခြင်း | ၂၀၃ |
| ဥဂ္ဂသူဌေး၏ ရှေးကောင်းမှု | ၂၁၁ |
| ဥဂ္ဂသူဌေး၏ အံ့ဖွယ်ရှစ်ပါး | ၂၁၄ |
| ဥဂ္ဂသူဌေး၏ ဘဝအလား | ၂၀၉ |
| ဥဂ္ဂသူဌေး၏ ရှေးကောင်းမှု | ၂၀၃ |
| ဥဂ္ဂသူဌေး မနာပဒါန တောဒဂ် ရခြင်း | ၂၀၉ |
| ဥဂ္ဂသူဌေးဟု အမည်တွင်ပုံ | ၂၀၄ |
| ဥစ္စာ အမွေ ပေးပြီး သားသမီး လွှမ်းမိုးခံရခြင်း | ၉၉ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဉ ] | |
| ဥဇ္ဇိတ ဥဇ္ဇိတ ညီနောင်တို့ ဆွမ်း ဦး လှူခြင်း | ၁၄၈ |
| ဥဇုပ္ပဋိပန္နဂုဏ်တော် အဓိပ္ပါယ် | ၁၉၆ |
| ဥတ္တရကုရုကျွန်းသူကို ဇောတိက ထံ ပို့ခြင်း | ၃၆၈ |
| ဥတ္တရာ၏ကြီးစွာသောသဒ္ဓါသန္တ | ၃၃၀ |
| ဥတ္တရာ၏ ရှေးကောင်းမှု | ၃၂၀ |
| ဥတ္တရာ တရားတဆင့် ပြန်ဟောသူ ဖြစ်ခြင်း | ၃၀၇ |
| ဥတ္တရာ နန္ဒမာတာ ဥပါသိကာ အကြောင်း | ၃၂၀ |
| ဥဒေနခင်း၏ ရာဇပရိယာယ် | ၃၁၅ |
| ဥဒေန မင်းကြီးအား သြဒိဿက မေတ္တာ ဖြန့်ကြခြင်း | ၃၁၃ |
| ဥဒေနမင်းကြီး တောင်းပန်ဝန်ချ ခြင်း | ၃၁၃ |
| ဥပနိဿယ အကြောင်းနှင့် စပ်၍ မှတ်ဖွယ် | ၃၂၁ |
| ဥပနိဿယကို မြင်၍ သုံးဆယ့် နှစ်ကောဋ္ဌာသ ဟောခြင်း | ၁၇၃ |
| ဥပနိသိန္န ကထာကို ခုဇ္ဇုတ္တရာ သင်ယူခြင်း | ၃၀၅ |
| ဥပ္ပလနတ်ဘိလုး ဒုတိယ တံခါး မုခ်၌ စောင့်ခြင်း | ၃၆၇ |
| ဥပ္ပလဝဏ္ဏာအလောင်း ဗျာဒိတ် ခံရခြင်း | ၄၅ |
| ဥပ္ပလဝဏ္ဏာအလောင်း သူဌေး သမီးဘဝ | ၄၅ |
| ဥပ္ပလဝဏ္ဏာ တန်ခိုး အသာဆုံး တောဒဂ်ရခြင်း | ၆၇ |
| ဥပ္ပလဝဏ္ဏာထေရီအကြောင်း | ၄၅ |

WWW.DHAMMARANSI.COM




အကြောင်းအရာ — စာမျက်နှာ

[ ဥ ]

ဥပ္ပလဝဏ္ဏာ ထေရီမ၏ ရွှေးဆု တောင်း ၄၅
ဥပ္ပလဝဏ္ဏာ နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း ၆၅
ဥပါယဒကာသာလ္လဉာဏ် ဖြစ်ခြင်း အကြောင်း ၁၁၅
ဥပါယ်ကောင်းကြောင့် ရွှေ ငွေ များ ရရှိခြင်း ၁၃၄
ဥပါသကာ ငါးရာတို့ ခြံရံလျက် သွားလာသူ ၁၉၂
ဥပါသိကာ၏ ရွှေးကောင်းမှု ၃၄၂
ဥပုသ် စောင့်ခွင့်ရရန် ဥတ္တရာ သိရိမာကို ငှါးခြင်း ၃၃၁
ဥပုသ်နေ့များ၌ ဆံတော်စေတီမှ ရောင်ခြည်ထွက်ခြင်း ၁၅၁
ဥမ္မာဒန္တီဝတ္ထု ၄၆

[ ဦ ]

ဦးခေါင်းကို သုံးသပ်၍ ရဟန်း ဆသွင် ဖြစ်ခြင်း ၆၂
ဦးခေါင်း၌ လောင်းသော ဆီပူ မေတ္တာကြောင့် အေးခြင်း ၃၃၂
ဦးစွာ သရဏဂုံတည်သော တေဒဂ် ဆုတောင်းခြင်း ၂၃၈

[ ဧ ]

ဧကတောဥပသမ္ပန္နဘိက္ခုနီမများ ၉
ဟေိပဿိကဂုဏ်တော် အမိပ္ပါယ် ၁၉၆
ဧည့်သည်လာသမျှကို မြောက် ကျွန်း ဆန်ဖြင့် ကျွေးခြင်း ၃၆၉

[ ဩ ]

ဩဇာကို ရဟန်းများ ကိုယ်၌ ထည့်လိုခြင်း ၂၀၁
ဩဒိဿက မေတ္တာ ဖြန့်ကြရန် အချက်ပေးခြင်း ၃၁၂
ဩပနေယျိက ဂုဏ်တော် အဓိပ္ပါယ် ၁၉၆
ဩဘာသ တရားဖြင့် သောဏာ ရဟန္တာဖြစ်ခြင်း ၁၀၂
ဩရမ္ဘာဂိယ သံယောဇဉ်ကို ပယ် ပြီးသူ ၂၁၈
ဩဝါဒ ဆယ်ပါးကို အဓိပ္ပါယ် ရှင်းပြခြင်း ၂၆၇

[ က ]

ကင္ခတ္တနက်ဘီလူး ဆင္ခတံခါးမုခ်၌ စောင့်ခြင်း ၃၆၈
ကတည္ဆူ ပုဂ္ဂိုလ် ဖြစ်၍ သမီးကို ပို့စေခြင်း ၃၂၉
ကထာဝတ္ထု ၁၀-ပါး၌ ရဲရင့်သူ ခေမာထေရီ ၃၄
ကပ္ပိယဘူမိကျောင်း၌ လှူဖွယ် များ ထား၍ လှူခြင်း ၁၈၉
ကမ္မဋ္ဌာန်းဖြင့် အနှစ်တသောင်း နေခြင်း ၂၀
ကသကန္ဓနက်ဘီလူး ပဌမတံခါး မုခ်၌ စောင့်ခြင်း ၃၆၇
ကဿပဘုရားလက်ထက် နွားနို့ ဆွမ်း လှူဒါန်းခြင်း ၁၄၈
ကာတိယာနီ အဝေဏ္ဏပ္ပသန္န တေဒဂ်ရခြင်း ၃၄၆
ကာတိယာနီ ဥပါသိကာ အကြောင်း ၃၄၂
ကာတိယာနီ သူဌေးမ၏ အစလ သဒ္ဓါတရား ၃၄၃

WWW.DHAMMARANSI.COM



အက္ခရာစဉ် စာမျက်နှာ

[ က ]


ကာတိယာနီ သောတာပန်ဖြစ်ခြင်း ၃၄၅
ကာဠဝဠိယ သူဌေးအကြောင်း ၄၀၉
ကာဠီ အနုဿဝပ္ပသန္တ ဖောဖက်ရခြင်း ၃၄၉
ကာဠီဥပါသိကာ၏ ရှေးကောင်းမှု ၃၄၇
ကာဠီနတ်သမီး သားကို ဖွားကြောင်း သတင်းပေးခြင်း ၅၁၂
ကာဠီနှင့် အတူ ကာတိယာနီ တရားနာခြင်း ၃၄၃
ကာဠီ သူဌေးသမီး နောက်ဆုံးဘဝ ဖြစ်ခြင်း ၃၄၇
ကိကီမင်းကြီး၏သမီးတော် ခုနစ်ယောက် ၂၁
ကိကီမင်းကြီး၏ သမီးတော်ဘဝ ၄၆
ကိကီမင်းကြီး၏ သမီးငယ်ဘဝ ၂၄၄
ကိလေသာနည်းသူတို့အား တရားဟောရန် လျှောက်ခြင်း ၁၆၅
ကိသာဂေါတမီအလောင်း ဗျာဒိတ်ခံရခြင်း ၁၃၁
ကိသာဂေါတမီ ဆီမီးဖြင့် တရားယူပုံ ၁၄၁
ကိသာဂေါတမီ ထေရီ အကြောင်း ၁၃၀
ကိသာဂေါတမီထေရီ အပဒါန် အလို ပြဆိုခြင်း ၁၃၉
ကိသာဂေါတမီ ထေရီမ၏ ရှေးဆုတောင်း ၁၃၀
ကိသာဂေါတမီထေရီ ရဟန္တာ ဖြစ်ခြင်း ၁၄၁


အက္ခရာစဉ် စာမျက်နှာ

[ က ]


ကိသာဂေါတမီ နောက်ဆုံးဘဝ ရဟန်းမ-ပြုခြင်း ၁၃၁
ကိသာဂေါတမီ ရဟန္တာဖြစ်သော တရားဂါထာ ၁၄၁
ကိသာဂေါတမီ ရဟန်းမ ပြုခြင်း ၁၄၀
ကိသာဂေါတမီ လူ့စတိဝရစရ တောဒက်ရခြင်း ၁၄၃
ကိသာဂေါတမီ သူဌေးချွေးမ ဖြစ်လေပြီ ၁၃၄
